
**Steve Jobs** by Walter Isaacson



# နည်းပညာတစ်ဖက်

# အနုပညာတစ်ဖက်နှင့် လူသား

## နိုင်ရဲကျော်

“ကမ္ဘာကြီးကို

ပြောင်းလဲပစ်နိုင်တယ်လို့

တွေးရဲလောက်တဲ့အထိ

ရူးတဲ့သူတွေကပဲ

ကမ္ဘာကြီးကို

တကယ်ပြောင်းလဲပစ်ခဲ့တဲ့သူတွေ

ဖြစ်လာကြတာပဲ”

----------------------------------------------------------

၁၉၉၇၊ Apple ကုမ္ပဏီ၏ ကြော်ငြာတစ်ခုမှစာသား

# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေကာလ

ပထမအကြိမ် ၂၀၁၀ ဇွန်

အုပ်ရေ

၅၀၀ အုပ်

မျက်နှာဖုံး

ငြိမ်းချမ်းသာ

စာစီ

မန်းချောင်းစာပေ

အတွင်းဖလင်

ကိုဦးနှင့်ညီများ

ထုတ်ဝေသူ

ဒေါ်ခင်မာချို၊ ပန်းဝေဝေစာအုပ်တိုက်

ပုံနှိပ်

ရွှေမြို့တော်

မွမ်းမံဖန်တီးမှု

ငြိမ်းချမ်းသာ၊ ဟန်ထူးပိုင်

တန်ဖိုး

၄၀၀၀ ကျပ်

## ဘာသာပြန်သူ၏အမှာ

စတီဗ်ဂျော့တဲ့။ ဒီနာမည်ကို ကြားတာနဲ့ သူ့အကြောင်းကို သိထားသူတွေရဲ့ ရင်ထဲမှာ ထက်မြက်ခြင်း၊ တော်လှန်ခြင်း၊ ဆန်းသစ်သလောက် ရိုးရှင်းခြင်း၊ ဟစ်ပီဆန်ခြင်း၊ လွတ်လပ်သစ်လွင်ခြင်း၊ သိနားလည်ရခက်ခြင်း စတဲ့ အဓိပ္ပာယ်တွေ လှုပ်ခတ်ဖြတ် ပြေးသွားစေမယ့် နာမည်တစ်ခုပါပဲ။ အမှန်တော့ Apple ဆိုတဲ့ ကမ္ဘာကျော် နည်းပညာကုမ္ပဏီကြီးနဲ့ သူ့ကို မွေးဖွားပေးခဲ့တဲ့ စတီဗ်ဂျော့ ဆိုတဲ့ CEO တစ်ယောက်အကြောင်းဟာ ထူးခြားပြီး ဘာမှဆန်းလှတာတော့ မဟုတ်ပါဘူး။ IBM, Intel, Microsoft, HP စတဲ့ တခြား ကော်ပိုရေးရှင်းကြီးတွေလိုပဲ စူပါပါဝါနိုင်ငံကြီးတွေမှာ တည်ရှိတဲ့ ဆင်စွယ်နန်းထက်က စီးပွားရေ ပါဝါကြီးတွေနဲ့ သူတို့ကို ကြိုးကိုင်မောင်းနှင်နေတဲ့ နက်ကတိုင်နဲ့ သူဌေးကြီးတွေ။ ဒီလိုပဲ သူဟာ အမေရိက ကုမ္ပဏီအကြီးကြီးကို ဦးဆောင်တဲ့ စူပါသူဌေးတစ်ယောက်။ သူ့ရဲ့ဇာတ်ကြောင်းဟာလည်း သူဘယ်လို သူဌေးဖြစ်လာသလဲ ဆိုတာလောက်ပဲ ဆိုရင်တော့ စတီဗ်ဂျော့ဆိုတဲ့ ပုဂ္ဂိုလ်ကြီးဟာ ကျွန်တော့်ကို ဘယ်တုန်းကမှ ဖမ်းစားနိုင်ခဲ့မှာ မဟုတ်ပါဘူး။ ရိုးရိုးလေးကြည့်ရင်တော့ သူဟာ သာမန် မိဘမဲ့ လူငယ်လေးတစ်ဦး ဘဝကနေ Apple ကုမ္ပဏီကို တည်ထောင်တဲ့ သူဌေးကြီးတစ်ဦး ဖြစ်သွားခဲ့တယ်ပေါ့။ ဒီလောက်နဲ့တော့ ဘာမှ မဆန်းပါဘူး။ အောက်ခြေလူတန်းစားကနေ သူဌေးကြီးဖြစ်သွားသူတွေက နည်းမှ မနည်းတာ။

စတီဗ်ဂျော့ရဲ့ အတွေးအခေါ်၊ စတီဗ်ဂျော့ရဲ့ ဉာဏ်ပညာနဲ့ ပတ်သက်တဲ့ ဖြတ်သန်းမှု၊ စတီဗ်ဂျော့ရဲ့ ခေတ်ကို တုန့်ပြန်ပုံတွေကသာ ပြန်မပြောဘဲ နေလို့မရတဲ့ အကြောင်းအရာတွေလို့ ဆိုချင်ပါတယ်။ ဂျင်းဘောင်းဘီဝတ်တဲ့ CEO၊ ဇင်ဗုဒ္ဓဘာသာနဲ့ ဉာဏ်အလင်းကို ရှာခဲ့သူ၊ ဆီလီကွန်တောင်ကြားက တော်လှန်ရေးသမားတစ်ဦး၊ ဘယ်နေရာကိုရောက်ရောက် ပွင့်လင်းပြီး အရိုင်းဆန်တဲ့စိတ်ကို ဖျောက်မရသူ... ဒီအချက်တွေကြောင့်ပဲ သူ့အကြောင်းကို ဖတ်ဖြစ်၊ ရေးဖြစ်ခဲ့တာပါပဲ။ အားလုံးထဲမှာ အပေါ်လွင်ဆုံး စိတ်အဝင်စားဆုံး အချက်ကတော့ သူဟာ သေသည်အထိ စစ်မှန်တဲ့ အနုပညာသမားတစ်ယောက်ရဲ့ နေပုံမျိုးနဲ့ နေသွား သေသွားခဲ့တဲ့သူ။ သူဟာ အနုပညာ အလုပ်သာ မလုပ်ခဲ့ပေမယ့် တကယ့် ပန်းချီဆရာစစ်စစ် တစ်ယောက်လို တီထွင် ဖန်တီးနေဖို့ကိုပဲ အရူးအမူး တပ်မက်ခဲ့သူ ဖြစ်ပါတယ်။ တချို့ အနုပညာသမားတွေ ထက်တောင် အနုပညာရှင် ပိုပီသတယ်လို့ U2 အဖွဲ့က ဘိုနိုကိုယ်တိုင် မှတ်ချက်ပြုခဲ့ရသူပါ။ စတီဗ်ဂျော့ဟာ ဉာဏ်ပညာကြီးသလောက် လူငယ်ဆန်လွန်းသူ။ ဖန်တီးတီထွင်ဖို့ကို အပြင်းအထန် တပ်မက် သလောက် ငွေကြေးအပေါ်မှာ ခပ်တန်းတန်း သဘောထားလွန်းသူ။ ဘယ်သူဘာပြောပြော ကိုယ်တကယ် မယုံကြည်လို့ကတော့ ဘာအလုပ်မှ မလုပ်သူ။ ပြောရရင်တော့ စတီဗ်ဂျော့ဟာ ကျွန်တော့်အတွက် ဂျင်းဘောင်းဘီဝတ် ရော့ခ်ကာတစ်ဦးပါပဲ။

ကျော်ကြားမှုအရ ကြည့်မယ်ဆိုရင်တော့ ဘီလ်ဂိတ်အကြောင်းကိုပဲ စာမျက်နှာပေါ် တင်ကြရပါလိမ့်မယ်။ ဒါပေမယ့် ကျော်ကြားမှု နောက်ကွယ်က တန်ဖိုးတွေကို ကြည့်မိတဲ့အခါမှာတော့ ကျွန်တော် ရွေးချယ်မိသူက စတိဗ်ဂျော့ပဲ ဖြစ်နေပါတယ်။

ဒီစာအုပ်ကတော့ မူရင်းစာရေးသူ ဝေါလ်တာအိုင်ဆက်ဆန်က ၂ နှစ်အတွင်းမှာ စတိဗ်ဂျော့နဲ့ အကြိမ်ပေါင်းများစွာ တွေ့ဆုံပြီးကာမှ အချိန်ယူ ရေးသားထားတဲ့ အတ္ထုပ္ပတ္တိ လက်ရာတစ်ခုပါ။ မှန်တာပြောရရင် မူရင်းစာရေးသူရဲ့ အရေးအသား၊ လေယူလေသိမ်းက ကျွန်တော်အကြိုက်ဆုံး ပုံစံမျိုး မဖြစ်ပေမယ့် စတိဗ်ဂျော့ရဲ့ အကြောင်းကို အခုလောက် ပြည့်ပြည့်စုံစုံ ထဲထဲဝင်ဝင်နဲ့ ရေးခွင့်ရတဲ့သူက ဝေါလ်တာအိုက်ဆက်တန် ဖြစ်နေတဲ့အတွက်ပါပဲ။ သူ့ရဲ့ မူရင်းအာဘော်နဲ့ တင်ဆက်ပုံအတိုင်း ကြိုးစားဘာသာပြန်ထားပြီး တချို့ နေရာတွေမှာ စာနယ်ဇင်းအရေးအသား ဆန်ဆန်နဲ့ အသေးစိတ်ရေးထားတဲ့ နည်းပညာနဲ့ ပတ်သက်တဲ့ အကြောင်းအရာတချို့ကိုတော့ စာဖတ်သူ ငြီးငွေ့နေမှာစိုးတဲ့အတွက် ဖြုတ်ချထားခဲ့ကြောင်း ကြိုတင်ဝန်ခံလိုပါတယ်။ ဒီအချက် တစ်ချက်ကလွဲပြီး အခြား အရင်းအမြစ်တွေကရတဲ့ အချက်အလက်တွေ ထပ်မံဖြည့်စွက်ထားခြင်း မရှိဘဲ မူရင်းအတိုင်းသာ ပြန်ဆိုထားခြင်း ဖြစ်ပါတယ်။

ဘာသာပြန်အရေးအသား ချို့ယွင်းချက်များ ရှိခဲ့ရင်တော့ ကျွန်တော့်ရဲ့ တာဝန်သာပါ။ Apple ဆိုတဲ့ ကော်ပိုရေးရှင်းကြီးတစ်ခုက နာမည်ကျော် CEO တစ်ယောက်ဆိုတဲ့ ပုံရိပ်ထက် စတိဗ်ဂျော့ရဲ့ လူသားဆန်တဲ့ စာမျက်နှာတွေကို ကြိုးစားဖွင့်လှစ်ထားခြင်းပဲ ဖြစ်ပါတယ်။

**နိုင်ရဲကျော် (၂၉-၅-၂၀၁၂)**

## နိဒါန်း

စတိပ်ဂျော့နဲ့ ကျွန်တော်နဲ့က ပြတ်တောင်း ပြတ်တောင်း ဆက်ဆံရေးမျိုးနဲ့ ခင်မင်လာခဲ့တာ နှစ်အတော်ကြာပါပြီ။ သူ့ကုမ္ပဏီက ပစ္စည်းတစ်ခု ထုတ်တော့မယ်အခါမျိုး တိုင်းမ်မဂ္ဂဇင်းအဖုံးမှာ အဲဒီအကြောင်း ပါစေချင်ပြီ ဆိုတဲ့ အခါမျိုးဆိုရင် သူ ပေါ်လာတတ်ပါတယ်။ ကျွန်တော်က တိုင်းမ်မဂ္ဂဇင်းနဲ့ CNN ရုပ်သံမှာ နှစ်အတော်ကြာကြာ လုပ်ခဲ့ပြီး အခု ဒီအလုပ်တွေကနေ ထွက်လိုက်ပြီဆိုတော့ စတိပ်လည်း ကျွန်တော့်ဆီ အလာကျဲနေတာ တော်တော်ကြာပါပြီ။ ၂၀၀၄၊ နွေရာသီတစ်ရက်မှာတော့ အဲဒီ ထူးဆန်းတဲ့ပုဂ္ဂိုလ်ဆီက ဖုန်းဝင်လာတယ်။ ကော်လိုရာဒိုက နွေရာသီကောလိပ်တစ်ခုမှာ လာရောက်ဟောပြောဖို့ ကျွန်တော်က ဖိတ်လိုက်တော့ သူ လက်ခံလိုက်ပေမယ့် စင်ပေါ်မှာတော့ မပြောချင်ဘူးလို့ ငြင်းတယ်။ စတိပ်ဂျော့မှာ ထူးခြားလေးနက်တဲ့ အကြောင်းအရာတွေကို စင်ပေါ်ကနေပြောတာထက် အေးအေးလူလူ လမ်းလျှောက်ရင်း ပြောရတာကို ပိုနှစ်သက်တဲ့ အကျင့်တစ်ခု ရှိတာကို သိလိုက်ရတယ်။

သူနဲ့ကျွန်တော် လမ်းလျှောက်ရင်း၊ စကားပြောရင်း သူ့အကြောင်းကို စာအုပ်တစ်အုပ် ရေးပေးစေချင်တယ်လို့ ဂျော့က ကျွန်တော့်ကို ကမ်းလှမ်းတဲ့အချိန်မှာ ကျွန်တော်က ဘင်ဂျမင် ဖရန်ကလင်ရဲ့အကြောင်း အတ္ထုပ္ပတ္တိစာအုပ်ကို ရေးပြီးခါစ။ အိုင်းစတိုင်း အတ္ထုပ္ပတ္တိကို ရေးနေတဲ့ အချိန်ဆိုတော့ ဒီလူက သူ့ကိုယ်သူများ အိုင်းစတိုင်းတို့၊ ဘန်ဂျမင် ဖရန်ကလင် တို့လို ကြီးကျယ်ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးတွေစာရင်းထဲ ထည့်ချင်နေတာလားဆိုပြီး စိတ်ထဲမှာတောင် ကျိတ်ပြုံးမိသေးတယ်။ ကျွန်တော် ထင်တာကတော့ စတိပ်ဂျော့ဟာ လမ်းခုလတ်မှာပဲ ရှိပါသေးတယ်။ အနိမ့် အမြင့်၊ အတက် အကျတွေ အများကြီး ကြုံရဦးမယ့် လုပ်ငန်းကြီးတစ်ခုရဲ့ အထွတ်အထိပ်ကိုလည်း မရောက်သေးပါဘူး။ ဒါနဲ့ လောလောဆယ်တော့ ကျွန်တော် မရေးချင်သေးဘူးလို့ပဲ ငြင်းလိုက်ရတော့တာပေါ့။ နောက် ဆယ်နှစ်၊ အနှစ် နှစ်ဆယ် ခင်ပျားအနားယူ သွားပြီးတဲ့အခါကျမှ ပေါ့လို့ပဲ ပြောပြီး မေ့မေ့ပျောက်ပျောက်ပဲ ထားလိုက်ပါတယ်။

ဒီလူဟာ သူလိုချင်တာ တစ်ခုခုရှိပြီဆိုရင် သူ့ရဲ့ ဆွဲဆောင်နိုင်စွမ်းတွေ၊ လွှမ်းမိုးနိုင်တဲ့ ဓာတ်တွေက ဘယ်ကနေ ဘယ်လိုမှန်းမသိ ထွက်ကျလာတတ်တယ်။ သူ့ ကိုယ်ရေးအတ္ထုပ္ပတ္တိ စာအုပ်ကို ကျွန်တော်ရေးဖို့ ငြင်းလိုက်ပြီးတဲ့နောက်မှာ သူ ကျွန်တော့်ကို ဖုန်း မကြာမကြာ ဆက်တော့တာပဲ။ တစ်ရက်မှာ ကျွန်တော့်သမီးက အပြင်က သူကြားလာတာတစ်ခုကို ကျွန်တော့်ကို လာပြောပြတယ်။ Apple ကုမ္ပဏီရဲ့ လိုဂိုအမှတ်အသားဖြစ်တဲ့ ကိုက်ရာပါတဲ့ တစ်ခြမ်းပဲ့ ပန်းသီးပုံလေးဟာ စစ်အတွင်းက ဂျာမန်တွေရဲ့ စစ်ဖက်ဆိုင်ရာ လျှို့ဝှက်ကုဒ်တွေကို ဖော်ပေးသွားပြီး ကိုယ့်ကိုယ်ကို

သတ်သေသွားတဲ့ အင်္ဂလန်က ကွန်ပျူတာရှေ့ပြေး တီထွင်သူတစ်ဦးဖြစ်တဲ့ အလန်တားရင်းကို ဂုဏ်ပြုတဲ့အနေနဲ့ သုံးထားတာဆိုပဲ။ ဒါနဲ့ ဟုတ် မဟုတ် သိရအောင် ကျွန်တော်လည်း စတိပ်ဂျော့ဆီကို အီးမေးလ်ပို့ပြီး လှမ်းမေးလိုက်တယ်။ အလန်တားရင်းက အဆိပ်ရည်သုတ်ထားတဲ့ ပန်းသီးကို စားပြီး သတ်သေသွားတယ်ဆိုတာ မှန်ပေမယ့် ဂျော့ကတော့ ဒီအကြောင်း ဘာမှ မသိခဲ့ဘူးဆိုပဲ။

ဒီလိုနဲ့ ကျွန်တော့်ရဲ့ အိုင်းစတိုင်း အတ္ထုပ္ပတ္တိစာအုပ် ထွက်တဲ့နေ့က ပါလိုအယ်တိုမှာ သူနဲ့ကျွန်တော် ပြန်ဆုံကြပြီး စကားတွေ ပြောဖြစ်ကြတော့ သူ့အကြောင်းကိုသာ စာအုပ်ရေးရင် တကယ်ကောင်းတဲ့ စာအုပ်တစ်အုပ် ဖြစ်လာမှာ အသေအချာပဲဆိုပြီး ကျွန်တော့်ကို ထပ်တိုက်တွန်းပြန်ပါတယ်။ စတိပ်ဂျော့ဆိုတာ ကိုယ်ရေးကိုယ်တာကိစ္စတွေကို အစွမ်းကုန် လျှို့ဝှက်ထားတတ်ရုံတင် မကဘဲ ကျွန်တော်ရေးတဲ့ စာအုပ်တွေကို သူ ဖတ်လိမ့်မယ်လို့လည်း မျှော်လင့်စရာအကြောင်းက သိပ်မရှိပါဘူး။ သူက ဇွဲကောင်းကောင်းနဲ့ တွယ်ကပ်ပြောနေတော့ ကျွန်တော်လည်း နဝေတိမ်တောင် ဖြစ်ချင်သလိုလို ဖြစ်လာပါပြီ။ ၂၀၀၄ လောက်ရောက်တော့ ဂျော့ရဲ့ဇနီး လော်ရင်းပေါ်ဝဲလ်က ဖုန်းဆက်ပြီး ‘ရှင် သူ့ရဲ့ အတ္ထုပ္ပတ္တိကို ရေးဦးမှာဆိုရင်လည်း အခုပဲ စရေးသင့်ပြီ ထင်တယ်’ လို့ ပြောလာပါတယ်။ ဒီတော့မှပဲ စတိပ်ဂျော့ဟာ ဒုတိယအကြိမ် ဆေးရုံတက်ဖို့အတွက် ခွင့်ယူထားရတယ်ဆိုတာ ကျွန်တော် သိလိုက်ရတယ်။ အမှန်တော့ သူ့ဘဝဇာတ်ကြောင်း စာအုပ်ရေးဖို့ ကျွန်တော့်ကို ပထမဆုံးအကြိမ် တိုက်တွန်းခဲ့တုန်း ကတည်းက ဂျော့ရဲ့ ကျန်းမာရေးက ဖောက်နေပါပြီ။ ဒါကို ကျွန်တော် မသိသလို ဘယ်သူမှလည်း မသိခဲ့ပါဘူး။ ကင်ဆာရောဂါကြောင့် ခွဲစိတ်ခန်းဝင်ခါနီး မိနစ်ပိုင်းအလိုမှာပဲ ဂျော့က ကျွန်တော့်ဆီ ဖုန်းဆက်ပြီး စာအုပ်အကြောင်း ထပ်ပြောလာတဲ့အခါမှာတော့ သူ့အကြောင်းကို စာအုပ်ရေးဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါတော့တယ်။

သူ့အကြောင်းကို စာအုပ်ရေးဖို့ ဆုံးဖြတ်လိုက်ပြီလို့ ဂျော့ကို ကျွန်တော် လှမ်းပြောတော့ ချက်ခြင်းပဲ “အေးဗျာ… ခင်ဗျား ဘာတွေရေးလဲ ဆိုတာကိုလည်း ကျွန်တော် ဖတ်မကြည့်ပါဘူး။ ဒါ ခင်ဗျားရေးတဲ့ စာအုပ်ပဲလေ။ မထုတ်ခင် ဖတ်ကြည့်တာတွေ၊ ပြန်ပြင်ခိုင်းတာတွေလည်း ကျွန်တော် မလုပ်ပါဘူး” လို့ အံ့သြဖွယ် တုန့်ပြန်တတ်တဲ့ လူစားမျိုးပါပဲ။ နောက်ပိုင်းမှာတော့ စာအုပ်ရေးဖို့ အတွက် လိုအပ်တဲ့ အချက်အလက်တွေ ရဖို့ ဂျော့ကိုယ်တိုင် ပူးပေါင်း ကူညီပေးခဲ့ပေမယ့် ကျန်းမာရေးက ပြန်ဖောက်လာတဲ့အတွက် ကျွန်တော်လည်း ရေးလက်စတွေ အားလုံးကို ရပ်ထား ခဲ့ရပါတယ်။

၂၀၀၉ ရဲ့ နယူရီးယား ညမှာတော့ မထင်မှတ်ပဲ ကျွန်တော့ဆီကို ဖုန်းခေါ်လာတာနဲ့ ပါလိုအယ်တိုက သူ့အိမ်မှာ တွေ့ဖြစ်ကြပြီး စတိဗ်ဂျော့ဟာ သူ ဆယ့်နှစ်နှစ်သားလောက်တုန်းက ဖရီကွမ်ဆီကောင်တာ တစ်ခု တီထွင်ချင်ခဲ့ကြောင်း၊ HP ကုမ္ပဏီကို တည်ထောင်ခဲ့တဲ့ ဘီလ်ဟျူးလတ်ကို အထင်ကြီး လေးစားခဲ့ကြောင်း၊ ဟျူးလတ်တို့၊ သူ့ သူငယ်ချင်း ဒေးဗစ်ပတ်ခါတို့ လုပ်ခဲ့သလို အရှည်တင်ကျန်ခဲ့မယ့် တီထွင်ဖန်တီးမှု စွမ်းအားတွေနဲ့ ပြုံလွှမ်းထားတဲ့ ကိုယ်ပိုင် ကုမ္ပဏီတစ်ခု ထောင်ဖို့ အိမ်မက်ခဲ့ကြောင်း စတာတွေကို တစ်နာရီကျော်လောက် မရပ်မနား ပြောပါတော့တယ်။ "လူသားဆန်တဲ့ ချာတီတ်တစ်ယောက် အနေနဲ့ပဲ ကိုယ့်ကိုယ်ကို မြင်ပေမယ့် လျှပ်စစ်ပစ္စည်းတွေကိုလည်း ကျွန်တော်က ကြိုက်တတ်တာပဲ။ နောက်တော့ ကျွန်တော့်ရဲ့ ဟီရိုးဖြစ်ခဲ့တဲ့ Edwin Land of Polariod ဆိုတဲ့ စာအုပ်ထဲမှာ လူသားဆန်ခြင်းနဲ့ သိပ္ပံပညာကြားက စပ်ကူးမပ်ကူးနယ်မြေမှာ ရပ်တည်နိုင်သူတွေရဲ့ အရေးပါတဲ့ အခန်းကဏ္ဍဆိုတာမျိုးတွေ ဖတ်မိပြီးတဲ့ နောက်မှာတော့ ငါဖြစ်ချင်တာ ဒါမျိုးပဲဆိုတာ သေချာသွားတာပေါ့" ဆိုပြီး ဂျော့က ကောက်ချက်ချ ပါတယ်။

ခင်ဗျား ဘဝဇာတ်ကြောင်းကို ကျွန်တော့်ကို ဘာလို့ ရေးစေချင်တာလဲလို့ စတိဗ်ဂျော့ကို မေးတော့ "ခင်းဗျားက လူတွေကို စကားပြောလာအောင် လုပ်တဲ့နေရာမှာ တော်လို့" တဲ့။ ဒါဟာ ဘယ်လိုမှ မျှော်မှန်းမထားတဲ့ အဖြေပဲ။ ဒီစာအုပ် ရေးမယ်ဆိုတော့ ကျွန်တော်က စတိဗ်ဂျော့ အလုပ်ဖြုတ်ခဲ့တဲ့သူတွေ၊ စွန့်ပစ်ခဲ့တဲ့သူတွေ၊ ဆဲဆိုရန်ဖြစ်ဖူးတဲ့ လူတွေ အကုန်လုံးနဲ့ လိုက်တွေ့ပြီး သူတို့ ၊ အားလုံးကို စကားပြောထွက်ဖို့ အသည်းအသန် စည်းရုံးခဲ့ရတာဆိုတော့ ဒီလူတွေဆီက သူ့အကြောင်းတွေ အစ်အောက် ထုတ်နေတာကို ဂျော့ ဘယ်လိုများ သဘောထားမလဲရယ်လို့ ခပ်လန့်လန့်ပဲ။ ဂျော့ကတော့ အစပိုင်းမှာ ဒီလူတွေဆီက အသံတွေပြန်ကြားရတော့ ဇဝေါတော့တော့ လုပ်တတ်ပေမယ့် နောက်တော့ ရန်သူဟောင်းတွေနဲ့ ရည်းစားဟောင်းတွေကိုပါ ကျွန်တော့်ဆီ စကားပြောဖို့ သူကိုယ်တိုင် တိုက်တွန်း အားပေးပါတယ်။

"ကျွန်တော့် ဘဝမှာ ဂုဏ်ယူစရာမကောင်းတဲ့ ကိစ္စမျိုးတွေ လုပ်ခဲ့ဖူးပါတယ်။ ကျွန်တော် အသက် နှစ်ဆယ့်သုံးလောက်က ကျွန်တော်ကြောင့် ကျွန်တော့ရည်းစား ကိုယ်ဝန်ရစေခဲ့ပြီး အဲဒီအပေါ် ကျွန်တော် တုံ့ပြန်ပြုမူခဲ့ပုံမျိုးတွေပေါ့။ ဒါပေမယ့် လူကြားထဲ ထုတ်မပြောရဲလောက်အောင် အရှက်သိက္ခာမဲ့စေမယ့် ဇာတ်လမ်းမျိုးတော့ ကျွန်တော့်ဘဝမှာ လုံးဝမရှိခဲ့ဘူး" ဆိုတဲ့ စတိဗ်ဂျော့ဟာ ကျွန်တော်ရေးနေတဲ့ သူ့ အကြောင်းတွေမှာ ဘာတစ်ခုမှ ဝင်မစွက်ခဲ့ပါဘူး။

ဒီစာအုပ်နဲ့ ပက်သက်လို သူ ဝင်စွက်ဖက်ခဲ့တာဆိုလို့ မျက်နှာဖုံးဒီဇိုင်း ထွက်လာတော့ ထုတ်ဝေသူ

ဖက်က ရွေးထားတဲ့ မျက်နှာဖုံးဒီဇိုင်းကို သူ မကြိုက်တာနဲ့ အသစ်ပြန်ပြင်ပေးဖို့ တောင်းဆိုတာ တစ်ခုပဲ ရှိပါလိမ့်မယ်။ ကျွန်တော်လဲ စိတ်လိုလက်ရနဲ့ပဲ သူကြိုက်တဲ့ ဒီဇိုင်းရအောင် ပြင်ပေးခဲ့ပါတယ်။

ဒီစာအုပ်ကို ရေးဖို့အတွက် ကျွန်တော်နဲ့ စတိပ်ဂျော့ သူ့အိမ်မှာ ထိုင်ရင်း၊ ကားမောင်းရင်း၊ လမ်းလျှောက်ထွက်ရင်း ၂ နှစ်အတွင်း သူနဲ့ ဆွေးနွေးတဲ့ အင်တာဗျူး အကြိမ် လေးဆယ်လောက် လုပ်ပြီးတဲ့နောက်မှာတော့ သူဟာ တဖြည်းဖြည်းနဲ့ ပြောစရာရှိတာတွေကို ပိုထုတ်ပြောလာပြီး ကျွန်တော်နဲ့လည်း ပိုတရင်းတနှီး ဖြစ်လာတာကို သတိထားမိခဲ့တယ်။ ဒီကာလတွေအတွင်းမှာ Apple က စတိပ်ဂျော့ရဲ့ လုပ်ဖော်ကိုင်ဖက်ဟောင်းတွေ နာမည်ပေးထားတဲ့ 'အရှိတရားကို ပုံဖျက်တဲ့ စက်ကွင်း' လို့ ခေါ်တဲ့ အရာတစ်ခုဟာ ဂျော့ဆီမှာ တစ်ကယ် ကိန်အောင်းနေတယ် ဆိုတာကိုလည်း သတိပြုမိခဲ့တယ်။ သူ့ရဲ့ ဇာတ်ကြောင်းတွေကို ပိုမိုပြည့်စုံလာအောင် ဒီစာအုပ်မရေးခင်မှာ ဂျော့ရဲ့ သူငယ်ချင်း မိတ်ဆွေတွေ၊ ဆွေမျိုးတွေ၊ လုပ်ငန်းပြိုင်ဘက်တွေ၊ လုပ်ဖော်ကိုင်ဖက်တွေ နဲ့သာမက ဂျော့ရဲ့ ရန်သူတွေပါ အပါအဝင် အယောက် တစ်ရာကျော်လောက်ကို အင်တာဗျူးခဲ့ပါတယ်။

ဂျော့ရဲ့ ဇနီးဖြစ်သူကလည်း ဒီစာအုပ်နဲ့ ပက်သက်ပြီး တောင်းဆိုတာ၊ တားမြစ်ထိန်းချုပ်တာမျိုး လုံဝမရှိဘဲ ကျွန်တော်ဘာတွေ ရေးထုတ်မယ်ဆိုတာကို ကြိုတင်ဖတ်ခွင့်တောင် မတောင်းပါဘူး။ ဒါ့အပြင် ဂျော့ရဲ့ အကြောင်းကိုရေးရာမှာ သူ့ရဲ့ အားသာချက်နဲ့ ကောင်းကွက်တွေအပြင် သူ့ရဲ့ ရှုံးနိမ့်မှုတွေ၊ အမှောင်ဘက်ခြမ်းတွေကိုပါ ရိုးရိုးသားသားနဲ့ ထည့်ရေးဖို့ ကျွန်တော့ကို သေသေချာချာ တွန်းအားပေးခဲ့ပါသေးတယ်။ သူမ ပြောတဲ့အတိုင်းဆိုရင်တော့ "ဂျော့ရဲ့ ဘဝနဲ့ သူ့ရဲ့ ကိုယ်ရည် ကိုယ်သွေးဆိုင်ရာ ကိစ္စတွေမှာ အကြီးအကျယ် ရှုပ်ထွေးတဲ့ ကိစ္စတွေလည်းရှိပါတယ်။ ဒါအမှန်တရားပါ။" တဲ့။ သူမ တောင်းဆိုသလိုပဲ ဂျော့နဲ့ ပက်သက်သမျှ ဘယ်လို အနုတ်သဘော ဆောင်တဲ့ ဖြစ်ရပ်မျိုးကိုမဆို ဖော့မရေးပဲ အရာအားလုံးကို အရှိတရားအတိုင်းသာ ဒီစာအုပ်ထဲမှာ တွေ့ရပါလိမ့်မယ်။ ကျွန်တော့်ရဲ့ ကြိုးပမ်းမှုဟာ ဘယ်လောက်အထိ အောင်မြင်တယ် ဆိုတာကိုတော့ စာဖတ်သူတွေ အကဲဖြတ်ကြဖို့ပဲ ထားလိုက်ပါမယ်။

ဒီစာအုပ်ထဲမှာ ပါဝင်နေတဲ့ အဖြစ်အပျက် ဇာတ်လမ်းတွေနဲ့ ပတ်သက်ပြီး ပါဝင်ပတ်သက်ခဲ့ကြ သူတွေထဲမှာ မတူညီတဲ့ စွဲလန်းမှုတွေ၊ အမြင်တွေနဲ့ ဒီအကြောင်းအရာတွေကို ရှုမြင်ကြသူတွေ ရှိမယ်ဆိုတာရယ်၊ တစ်ခါတစ်ရံမှာ ဂျော့ရဲ့ ' ပုံဖျက်နိုင်စွမ်းရှိတဲ့ ထောင်ချောက်' ထဲ ကျွန်တော် ကိုယ်တိုင် ပိတ်မိသွားတာမျိုးတွေတော့ ရှိမယ်ဆိုတာ သေချာပါတယ်။ ဟန်နရီကစ်ဆင်းဂျားရဲ့ အကြောင်းကို ရေးတုန်းကလည်း ဒီလိုပါပဲ။ လူတွေက သူ့ကို အကောင်းမြင် နှစ်သက်ကြသူတွေ ရှိသလို မနှစ်မြို့မှုနဲ့ တုံ့ပြန်သူတွေလည်း အများကြီးပါ။ ဟန်နရီကစ်ဆင်းဂျား အကြောင်းကို

စာအုပ်ရေးခဲ့တာဟာ စတိဗ်ဂျော့ရဲ့ အကြောင်းကို ရေးနိုင်ဖို့ လေ့ကျင့်ပြင်ဆင် ထားပြီးသားတောင် ဖြစ်စေသလိုပါပဲ။ စတိဗ်ဂျော့ကိုလည်း အပြုသဘောနဲ့ မြင်သူတွေရှိသလို အပျက်သဘောနဲ့ မလိုလားသူတွေ ရှိတာပါပဲ။ မတူညီတဲ့ အမြင်ဆိုင်ရာ တိုးတက်မှုတွေ ရှိနိုင်တဲ့ကြားက တတ်နိုင်သရွေ့ ပွင့်လင်းမြင်သာပြီး အရှိတရားနဲ့ အနီးဆုံးဖြစ်အောင် ကြိုးစားရေးသားထားပါတယ်။


ဒီစာအုပ်ဟာ တစ်ကိုယ်ရည်သုံး ကွန်ပျူတာလောက၊ နည်းပညာလှည့်ကွက်သုံးတဲ့ ရုပ်ရှင်ဇာတ်ကားလောက၊ ဂီတလောကနဲ့ တယ်လီဖုန်းဈေးကွက်၊ တက်ဘလက် နည်းပညာလောက၊ ဒစ်ဂျစ်တယ်ကမ္ဘာ စတဲ့နယ်ပယ်ခြောက်ခုကို အားကောင်းတဲ့ အရှိန်အဟုန်နဲ့ တော်လှန်ပစ်ခဲ့တဲ့၊ ပြီးပြည့်စုံခြင်းကို စွဲလန်းတပ်မက်တဲ့၊ အနိမ့်အမြင့်၊ အတက်အကျ ကြမ်းတဲ့ဘဝမှာ ဖန်တီးနိုင်စွမ်းရှိတဲ့ စွန့်ဦးတီထွင်သူတစ်ယောက်ရဲ့ တင်းမာထင်ရှားတဲ့ ကိုယ်ရည်ကိုယ်သွေးမျိုးကို ပိုင်ဆိုင်တဲ့ လူတစ်ယောက်ရဲ့ အကြောင်းပဲ ဖြစ်ပါတယ်။ သူဟာ သူ့ရဲ့ကုမ္ပဏီကို သူ့မွေးစားမိဘတွေ နေအိမ်က ကားဂိုဒေါင်ထဲမှာ စထောင်ခဲ့တယ် ဆိုပေမယ့် Apple လို့ နာမည်ပေးထားတဲ့ ဒီကုမ္ပဏီလေးဟာ ၂၀၁၁၊ ဩဂုတ်လမှာ ကုမ္ပဏီရဲ့ CEO အဖြစ်က သူ မနုတ်ထွက်ခင်မှာပဲ ကမ္ဘာ့ တန်ဖိုးအကြီးဆုံး ကုမ္ပဏီကြီးတစ်ခု ဖြစ်လာခဲ့ပါပြီ။

ဒါပေမယ့် သူဟာ အများတကာ စံပြုအဖြစ် အတုယူရလောက်တဲ့ သူဌေးတစ်ဦးလည်း မဟုတ်သလို အားလုံးအတွက် စံပြု လူသားတစ်ဦးလည်း မဟုတ်ပါဘူး။ နတ်ဆိုးတွေရဲ့ စိတ်တန်ခိုးတွေ ပူးကပ်စေစား ခံနေရတဲ့ သူဟာ သူ့အနီးအပါးက လူတွေကို ဒေါသထွက်စေတယ်၊ စိတ်ကုန်စေပါတယ်။ ဒါပေမယ့် ဒီအပြုအမူတွေရှိတဲ့ သူ့ရဲ့ ကိုယ်ရည်ကိုယ်သွေးရယ်၊ သူ့ရဲ့ တပ်မက် ခြင်းစိတ်ဇောတွေရယ်နဲ့ သူ ဖန်တီးလိုက်တဲ့ ထုတ်ကုန်တွေဟာ Apple ကုမ္ပဏီက ထုတ်လိုက်တဲ့ Hardware နဲ့ Software တွေလိုပဲ ဘယ်လိုမှ ခွဲထုတ်လို့ မရအောင် အပြန်အလှန် ပက်သက်နေကြပါတယ်။ သူ့အကြောင်းကို ရေးထားတဲ့ ဇာတ်လမ်းတစ်ခုလုံးဟာ အကြံပေး တပ်လှန့်တဲ့ သဘောပါသလို ဝင်ရောက်စွက်ဖက်တယ် ဆိုတဲ့ အငွေ့အသက်တွေကိုပါ ပေးပါလိမ့်မယ်။ သူ့ရဲ့ ဇာတ်လမ်းဟာ ကိုယ်ကျင့်သိက္ခာ၊ နှုန်းစံတန်ဖိုး၊ ခေါင်းဆောင်မှုစွမ်းရည်၊ တီထွင်ဖန်တီးခြင်း စတဲ့ အကြောင်းအရာတွေနဲ့ ပက်သက်တဲ့ သင်ခန်းစာတွေနဲ့ ပြည့်နေတာကို တွေ့ရပါလိမ့်မယ်။

**ဝေါလ်တာအိုက်စက်ဇန်**

# အခန်း (၁)

## စွန့်ပစ်ခံ မိုးသားတစ်ခက်ရဲ့အစ



ဂျွန်နေးစကီးဘဲလ် (Joanne Schieble) ဟာ ၁၉၅၀ တစ်ဝိုက်မှာ မြို့ပြရဲ့ အငွေ့အသက်တွေနဲ့ ကင်းဝေးတဲ့ကျေးလက်က ဂျာမန်ရွာလေး တစ်ရွာကနေ သူမရဲ့ အဖေနဲ့အတူ Green Bay ရဲ့ ဆင်ခြေဖုံး ရပ်ကွက်တစ်ခုကို ပြောင်းရွှေ့ အခြေချလာခဲ့တယ်။ အဲဒီ ဆင်ခြေဖုံးမှာပဲ စကီးဘဲလ်တို့ မိသားစုဟာ သိုးမွေးခြံတွေ၊ အိမ်ခြံမြေ လုပ်ငန်းတွေနဲ့ တစ်စတစ်စ စီးပွားတက်လာခဲ့တယ်။

သူမရဲ့ အဖေဖြစ်သူကတော့ စည်းကမ်းတင်းကျပ်တဲ့ ကက်သလစ်ဘာသာဝင် အဖေတစ်ယောက် အဖြစ်က မပြောင်းလဲပါဘူး။ စကီးဘဲလ်ရဲ့အပေါ်မှာ တော်တော်တင်းကျပ်တဲ့စည်းကမ်းတွေနဲ့ ထိန်းချုပ်ခဲ့တဲ့ အဖေတစ်ယောက်ပါပဲ။ ကက်သလစ်မဟုတ်တဲ့ အနုပညာသမားတစ်ယောက်နဲ့ စကီးဘဲလ်တစ်ယောက် ပထမဆုံးအကြိမ်အဖြစ် မေတ္တာမျှခဲ့ကြတော့လည်း သူမရဲ့ရည်းစားဟာ ကက်သလစ်ဘာသာဝင် မဟုတ်ခြင်း၊ အနုပညာသမား တစ်ယောက် ဖြစ်နေခြင်း စတဲ့ အကြောင်းတွေ

ကြောင့် ဖခင်ဖြစ်သူရဲ့ တူးတူးခါးခါး ကန့်ကွက်တာကို ခံခဲ့ရပြန်ပါတယ်။ ဝစ္စကွန်ဆင်တက္ကသိုလ်မှာ ဂျွန်နေးစကီးဘဲလ်တစ်ယောက် ပထမနှစ်ကျောင်းသူအဖြစ် စတက်တဲ့အချိန်မှာ ဆီးရီးယားကလာတဲ့ အက်ဘဒူဖတဂျန်ဂျန်ဒါလီး ဆိုတဲ့ လက်ထောက်ဆရာတစ်ဦးနဲ့ ချစ်ကြိုက်မိပြန်ပါတယ်။ ဂျန်ဒါလီးဟာ ဆီးရီးယားမှာ အတော်လေးပြည့်စုံပြီး ထင်ရှားတဲ့မိသားစုက လာတဲ့သူတစ်ဦးပါ။ သူ့ဖခင်ဟာ ဆီးရီးယားမှာ ရေနံတွင်းတွေ အမြောက်အမြား ပိုင်ဆိုင်သူပါ။ ဒမားစကပ်နဲ့ ဟွန်းမ်မြို့တွေမှာလည်း တခြားစီးပွားရေးလုပ်ငန်းတွေ အတော်များများကို ပိုင်ဆိုင်သူတစ်ဦးဖြစ်ပြီး ဒေသတွင်းက ဂျုံဈေးကွက်ကိုတောင် ထိန်းချုပ်ထားနိုင်သူတစ်ဦးပါ။

ဒါပေမဲ့ ဂျန်ဒါလီးတို့ တစ်မိသားစုလုံးဟာ မွတ်စလင်ဘာသာဝင်တွေ ဖြစ်နေတာကတော့ သူတို့နှစ်ဦးအတွက် ပြဿနာအကြီးကြီး ဖြစ်ပြီး ဂျွန်နေးရဲ့ ရှေးရိုးစွဲ အဖေဖြစ်သူက ဂျန်ဒါလီးနဲ့ ဆက်တွဲနေရင် သမီးအဖြစ်က အပြီးတိုင် စွန့်လွှတ်မယ်လို့ ရာဇသံပေးတဲ့အထိ ဖြစ်လာတာလည်း သိပ်မထူးဆန်းလှပါဘူး။ ၁၉၅၄ မှာတော့ ဂျွန်နေးဟာ ဂျန်ဒါလီးနဲ့အတူ ဆီးရီးယားကို လိုက်သွားပြီး အချစ်ရဲ့စေစားမှုအောက်မှာ မိန်းမောနေတဲ့ချစ်သူ နှစ်ဦးဟာ နှစ်လတိတိ တဝကြီးပျော်ပြီး ပြန်လာခဲ့ကြပါတယ်။ အမေရိကကို ပြန်ရောက်ပြီးနောက်မှာ ဂျွန်နေး သိလိုက်ရတာကတော့ သူမမှာ ကိုယ်ဝန်ရှိလာပြီ ဆိုတာပါပဲ။ သူတို့နှစ်ယောက်လုံးဟာ အဲဒီအချိန်မှာ အသက် ၂၃ နှစ်အရွယ် တွေပါ။ ဂျွန်နေးရဲ့အဖေဟာလည်း အဲဒီအချိန်မှာ သေလုမြောပါးနဲ့ အိပ်ရာထဲ လဲနေပြီး ဂျန်ဒါလီးနဲ့ ဂျွန်နေးလက်ထပ်ရင် အမွေပြတ် စွန့်လွှတ်မယ်လို့လည်း ခြိမ်းခြောက်နေတဲ့အတွက် လက်ထပ်မယ့် ကိစ္စကို နှစ်ဦးလုံးက ငြင်းပယ်ခဲ့ပါတယ်။ ဒါပေမဲ့ တင်းကျပ်တဲ့ ၁၉၅၀ တစ်ဝိုက်က ကက်သလစ် အသိုက်အဝန်းထဲမှာ ကိုယ်ဝန်ဖျက်ချတဲ့ ကိစ္စဆိုတာ ရွေးချယ်ခွင့်ရှိတဲ့ အထဲမှာ မပါ,ပါဘူး။

နောက်ဆုံးတော့ ၁၉၅၅ နှစ်ဦးပိုင်းမှာ ဂျွန်နေးတစ်ယောက် ဆန်ဖရန်စ္စကို ကို ထွက်လာခဲ့ပါတယ်။ အဲဒီမှာက လင်ယောကျ်ားမရှိဘဲ ကိုယ်ဝန်ရလာတဲ့ အမျိုးသမီးတွေကို နေရာထိုင်ခင်း စီစဥ်ပေး၊ ကလေးမွေးဖွားပေးပြီး မွေးလာတဲ့ကလေးတွေကို မွေးစားချင်တဲ့ လူတွေလက်ထဲကို အပြီးအပိုင် တိတ်တိတ်လေး လွှဲပြောင်းပေးနေတဲ့ ဆရာဝန်တစ်ယောက်ရဲ့ အကူအညီကိုယူဖို့ပါ။ ကလေးကို မွေးစားမယ့် လူတွေလက်ထဲကို လွှဲပြောင်း ပေးရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဂျွန်နေးဘက်က တစ်ခုပဲ တောင်းဆိုထားပါတယ်။ မွေးစားမယ့်သူတွေဟာ ဘွဲ့ရပညာတတ်တွေ ဖြစ်ရမယ် ဆိုတဲ့ အချက်ပါ။

## ၁၉၅၅ ဖေဖော်ဝါရီလ ၂၄ ရက်။

မွေးမွေးချင်းမှာပဲ မိခင်ရဲ့ စွန့်ပစ်ခြင်းကို ခံရပြီး သူစိမ်းတွေရဲ့လက်ထဲကို ရောက်ရမယ့် ကလေးငယ်တစ်ဦးဟာ လောကထဲကို စတင်ရောက်ရှိလာပါပြီ။

မိခင်ရဲ့ ငြင်းပယ်ခြင်းကို ခံရပြီးတဲ့နောက်မှာ မွေးစားဖို့လျာထားတဲ့ ပညာတတ်ဇနီးမောင်နှံနှစ်ယောက်ကလည်း သမီးမိန်းကလေးသာ မွေးစားချင်တာ ဖြစ်တဲ့အတွက် ယောကျ်ားလေးဖြစ်တဲ့ ဒီကလေးငယ်ကို မွေးစားဖို့ ငြင်းပယ်လိုက်ကြပြန်တယ်။ ဒီလိုနဲ့ ယောကျ်ားလုပ်သူက စက်ပြင်ဆရာလုပ်ပြီး မိန်းမဖြစ်သူက စာအုပ်အရောင်းဆိုင်မှာ အလုပ်လုပ်တဲ့ လင်မယားနှစ်ဦးက ဒီကလေးကို မွေးစားဖို့ ဖြစ်လာပါတယ်။ ပေါလ်ဂျော့ (Paul Jobs) နဲ့ ကလာရာ (Clara) ဆိုတဲ့ ဒီ လင်မယားနှစ်ယောက်ဟာ အထက်တန်းကျောင်းတောင် ပြီးသူတွေမဟုတ်ပါဘူး။ ပေါလ်နဲ့ ကလာရာဟာ သူတို့ရဲ့ မွေးစားသား ပေါက်စလေးကို စတီဗင်ပေါလ်ဂျော့ (Steven Paul Jobs) လို့ အမည် ပေးလိုက်ပါတယ်။

သူ့ရဲ့ကလေးကို ဘွဲ့ရပညာတတ်ဖြစ်ဖို့ နေနေသာသာ အထက်တန်းကျောင်းတောင် မပြီးတဲ့ လင်မယားနှစ်ယောက်လက်ထဲ ထည့်လိုက်တာကို ဂျွန်နေး သိသွားတဲ့အခါမှာ မွေးစားတဲ့ကိစ္စ အပြီးသတ်ဖို့ လိုအပ်တဲ့ တရားဝင် စာချုပ်စာတမ်းတွေကို လက်မှတ်ထိုးပေးဖို့ ငြင်းဆန်ပါတော့တယ်။ ကလေးက ဂျော့တို့လင်မယားအိမ်ကို ရောက်နေပြီးပေမယ့် ဒီကိစ္စ လိပ်ခဲတည်းလည်းပါပဲ။ ရက်သတ္တပေါင်း တော်တော်ကြာပြီးတဲ့နောက်မှ ဂျွန်နေး ဘက်က တစ်ထစ်လျှော့လိုက်ပါတယ်။ မွေးစားမယ့်မိဘတွေက ဘွဲ့မရရှင်နေပါစေ။ ကလေးကို ဘွဲ့ရတဲ့အထိ မဖြစ်မနေ ကျောင်းထားပေးဖို့ ကတိပြုကြောင်း စာချုပ်မှာတရားဝင် လက်မှတ်ရေးထိုးပေးရင် လုံလောက်ပြီလို့ လျှော့ပေးလိုက်ပြီး ပေါလ်ဂျော့နဲ့ ကလာရာတို့ နှစ်ဦးကလည်း သဘောတူတဲ့အတွက် မွေးစားတဲ့ကိစ္စက ဒီမှာတင် အားလုံးပြီးပြတ်သွားပါတယ်။ မွေးကင်းစကလေးငယ်ဟာ ဂျော့မိသားစုဝင်တစ်ဦး ဖြစ်သွားပါပြီ။

ဂျွန်နေးရဲ့ အဖေ အာသာစကီးဘဲလ် (Arthur Schieble) ဟာ ၁၉၅၅ ဩဂုတ်လမှာပဲ ကွယ်လွန်သွားပါတယ်။ အဖေဖြစ်သူ ကွယ်လွန်သွားရင် ဂျန်ဒါလီးနဲ့ လက်ထပ်ပြီး သူမရဲ့ကလေးကို ပြန်ခေါ်မယ် လို့ စိတ်ကူးထားတဲ့ ဂျွန်နေးရဲ့ အိမ်မက်ကလည်း နှောင်းသွားခဲ့ပါပြီ။ ဖခင်ဖြစ်သူ ကွယ်လွန်သွားပြီးတဲ့အချိန်မှာ သူမရဲ့ကလေးကိုလည်း တရားဝင်စာချုပ်စာတမ်းနဲ့ အပြီးအပိုင် လွှဲပြောင်းပေးပြီးသား ဖြစ်နေတဲ့အတွက်ပါ။ နောင်တစ်ချိန်မှာ သူမရဲ့ မိသားစုဝင်တွေကို ဒီအကြောင်းတွေနဲ့ ပတ်သက်ပြီး ကြေကွဲတသစွာ ပြန်ပြောပြရင်း မျက်ရည်လည်ရွှဲနဲ့ ငိုကြွေးရတဲ့ ဘဝကို ရင်ဆိုင်ရုံအပြင် တခြားဘာမှ မတတ်နိုင်တော့ပါဘူး။

## ပေါလ်ဂျော့ နဲ့ ကလာရာ

စတိဗ်ဂျော့ရဲ့ မွေးစားအဖေ ပေါလ်ဂျော့ဟာ ဝစ္စကွန်ဆင်ဆိုတဲ့ ဂျာမန်ရွာလေးတစ်ရွာက မွေးမြူရေးခြံထဲမှာ ကြီးပြင်းလာခဲ့တဲ့ သာမန်လူငယ်တစ်ဦးပါပဲ။ သားသမီးတွေကို စိတ်မထင်ရင် ရိုက်နှက်တတ်တဲ့ အရက်သမားဖခင်ကြီးရဲ့ လက်အောက်မှာ ကြီးပြင်းလာခဲ့ရပေမယ့် ပေါလ်ဂျော့ဟာ သူ့ရဲ့ သားရေထည်လို မာကျောတဲ့ အပြင်ပန်းအသွင်အပြင်ရဲ့ အောက်မှာ နူးညံ့သိမ်မွေ့ပြီး တည်ငြိမ်တဲ့ စရိုက်ကိုတော့ အပွန်းအပဲ့မခံခဲ့ပါဘူး။ ပေါလ်ဟာ အထက်တန်းကျောင်းက ထွက်ပြီး နောက် အနောက်အလယ်ပိုင်းတစ်ခွင်မှာ လှည့်လည်သွားလာရင်း စက်ပြင်သမားတစ်ယောက် အဖြစ် အသက်မွေးခဲ့ပြီး ဒုတိယကမ္ဘာစစ်ပြီးတဲ့နောက် ပေါလ်အသက် ဆယ့်ကိုးနှစ် အရွယ်မှာတော့ ကမ်းခြေစောင့်တပ်ထဲ ရောက်သွားပါတယ်။ စစ်ပွဲရှိတဲ့ကာလတွေမှာ သင်္ဘောတစ်စင်းနဲ့ စစ်သားတွေ ကိုအမေရိကကနေ အီတလီကို ပို့ပေးရတဲ့တာဝန်ကို နှစ်အကြာကြီး ထမ်းဆောင်ရင်း ဆန်ဖရန်စစ္စကို ဆိပ်ကမ်းကို ပြန်ကပ်တဲ့ တစ်ခေါက်မှာတော့ ပေါလ်ဂျော့ဟာ သူ့သင်္ဘောသား လုပ်ဖော်ကိုင်ဖက်တွေနဲ့ အလောင်းအစားတစ်ခု စိန်ခေါ်လိုက်ပါတယ်။ နှစ်ပတ်အတွင်း မိန်းမတစ်ယောက် ရအောင်ယူပြမယ်ဆို တဲ့ လောင်းကြေးပါပဲ။

ပေါလ်ဂျော့ဟာအမှန်တော့ အရပ် ၆ ပေရှည်ပြီး ကျစ်လျစ်တဲ့ အသားအရည်ပေါ်မှာ တက်တူး တွေထိုးထားပြီး၊ အမှတ်တမဲ့ကြည့်ရင် ဂျိမ်းစ်ဒင်းနဲ့ တူသယောင်ရှိတဲ့ စက်ပြင်ဆရာ လူငယ်တစ် ယောက်ပါ။ ဒါပေမဲ့ ကလာရာဆိုတဲ့ အာမေးနီးယားသူလေးရဲ့ အချစ်ကို ရခဲ့တာကတော့ ဒီအရည် အသွေးကြောင့် မဟုတ်ပါဘူး။ ကလာရာနဲ့ ချိန်းတဲ့ညနေက ပေါလ်မှာ ကားပါလာတဲ့အတွက် မိန်းကလေးရဲ့ စိတ်ဝင်စားမှုကိုရပြီး အဆင်ပြေသွားကြတာပါပဲ။ ကလာရာရဲ့ မိဘတွေဟာ တူရကီ တွေရဲ့ရန်ကြောင့် အာမေးနီးယားကနေ အမေရိကဘက်ကို ထွက်ပြေးလာခဲ့ကြပြီး ကလာရာကို နယူးဂျာစီမှာ မွေးဖွားခဲ့ပါတယ်။ ကလာရာဟာ အရင်ကလက်ထပ်ခဲ့ဖူးသူ ဖြစ်ပေမယ့် သူမရဲ့ အရင် တစ်ယောက်ကတော့ စစ်ပွဲအတွင်းမှာပဲ ကျဆုံးသွားပါတယ်။

ပေါလ်နဲ့တွေ့ပြီးတဲ့ နောက်မှာတော့ နှစ်ယောက်လုံးဟာ စစ်ပွဲတွေကို ကျော်ဖြတ်လာခဲ့ရသူတွေ ဖြစ်တဲ့အတိုင်းပဲ စစ်ပွဲပြီးတဲ့နောက်မှာတော့ အဖြစ်အပျက်၊ အရှုပ်အထွေးတွေ နည်းနိုင်သမျှနည်းပြီး ရိုးရှင်းအေးချမ်းတဲ့ ဘဝလေးတစ်ခုမှာပဲ အခြေချပြီး မိသားစုတစ်စုကို ပျိုးထောင်ရင်း ဘဝကို တိတ်တိတ်ဆိတ်ဆိတ် ဖြတ်သန်းသွားဖို့ကသာ အဓိကလိုလားတောင့်တ တဲ့အရာပါ။ ဒါပေမဲ့ ကလာရာဟာ အမျိုးသမီးတချို့မှာ ဖြစ်တတ်တဲ့ သားဥဟာ သားအိမ်ထဲမှာမကျဘဲ သားအိမ်ပြွန် ထဲမှာပဲ ကပ်နေတဲ့ချို့ယွင်းချက် ရှိတာကြောင့် ကလေးရနိုင်တဲ့ အခြေအနေမှာ မရှိပါဘူး။

လင်ကိုယ်မယား နှစ်ယောက်တည်း ၉ နှစ်ကြာ နေလာခဲ့ပြီးတဲ့နောက်တော့ ကလေးတစ်ယောက် ကို မွေးစားဖို့လိုလာပြီလို့ နှစ်ဦးလုံးက ခံစားလာရပါတယ်။ ဆန်ဖရန်စစ္စကို ကို ပြန်ပြောင်းလာပြီး ကုမ္ပဏီတစ်ခုမှာ ကားအဟောင်းတွေကို ပြန်သိမ်း၊ ပြင်ဆင်ပြုပြင်ပေးပြီး ကုမ္ပဏီကိုပြန်အပ်ရတဲ့ ဝန်ထမ်းတစ်ဦးအဖြစ် အလုပ်လုပ်ရင်း နောင်တစ်ချိန်မှာ စတိဗ်ဂျော့ရယ်လို့ ဖြစ်လာမယ့် အပယ်ခံ ကလေးလေးတစ်ယောက်ကို ပေါလ်ဂျော့တို့ လင်မယားနှစ်ယောက် ရှာတွေ့ခဲ့ကြတာဟာ ပုံပြင် ဇာတ်လမ်းဆန်တဲ့ ဖြစ်ရပ်အရှည်ကြီးတစ်ခုရဲ့ အစပါပဲ။

"ကျွန်တော့်မိဘတွေဟာ မွေးစားထားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်းပဲ အသိပေးခဲ့တယ်ဗျ"

လို့ ပြန်ပြောပြနေတဲ့ စတိဗ်ဂျော့ရဲ့အတွေးထဲမှာ ငယ်စဉ်က သူ့မွေးစားမိဘတွေအိမ်ရဲ့ မြက်ခင်း ပြင်ပေါ်မှာ ထိုင်ရင်း ကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေဟာ မနေ့တစ်နေ့ကလို ထင်ထင်ရှားရှားပါပဲ။ သူ့အသက် ၆ နှစ်၊ ၇ နှစ် လောက်မှာပေါ့။ "မင်းက မွေးစားခံထားရတာဆိုတော့ မင်းရဲ့မိဘအရင်း တွေက မင်းကို မလိုချင်လို့ပေါ့နော်" လို့ ဘေးအိမ်က ကောင်မလေးက မေးတဲ့အခါမှာ ဖြစ်ပျက်ခဲ့ပုံကို ဂျော့ကပြန်ပြောပြပါတယ်။

"ကျွန်တော့်ခေါင်းထဲမှာ လျှပ်စီးတွေဖြာထွက်ကုန်တယ်။ ကျွန်တော်ငိုပြီးတော့ အိမ်ထဲကိုပြေးဝင် သွားတာကို မှတ်မိသေးတယ်။ အဲဒီအခါ ကျွန်တော့်မိဘတွေက ကျွန်တော့်ရဲ့မျက်လုံးတွေထဲကို လေးလေးနက်နက်စိုက်ကြည့်ရင်း ဘာပြောသလဲဆိုတော့

'မဟုတ်သေးဘူး သား။ မင်းနားလည်ထားရမှာက ငါတို့က မင်းကိုအသေအချာ ရွေးချယ်ခဲ့တာ' ဆိုပြီး ဒီစကားကိုပဲ ကျွန်တော့်မိဘနှစ်ယောက်လုံးက ခပ်ဖြည်းဖြည်းနဲ့ အကြိမ်များစွာ ထပ်ခါထပ်ခါ နားဝင် သွားအောင်ပြောတယ်။ ပြီးတော့ ဒီလိုပြောတိုင်းမှာ စကားလုံးတိုင်းကို ရှင်းနေပြတ်နေအောင် သေချာ ထပ်ခါတလဲလဲ ပြောကြတယ်"

စွန့်ပယ်ခံရခြင်း၊ တစ်ချိန်တည်းမှာပဲ အများတကာထဲကမှ ထူးထူးခြားခြား ရွေးချယ်ခံရခြင်းဆိုတဲ့ အတွေးအမြင်မျိုးက ဂျော့ရဲ့ ဘဝတစ်စိတ်တစ်ဒေသကို ပြဋ္ဌာန်းဖို့ဖြစ်လာပြီး တစ်ချိန်တည်းမှာပဲ သူဟာ စွန့်ပစ်ခံထားရသူ၊ ဒါပေမဲ့ သူများတကာတွေထဲကမှ ထူးထူးကဲကဲရွေးချယ် အသိအမှတ်ပြု ခံရသူအဖြစ် ကိုယ့်ကိုယ်ကိုယ် မြင်လာပါတယ်။ စတိဗ်ဂျော့နဲ့ အရင်းနှီးဆုံး သူငယ်ချင်းတွေကတော့ မွေးမွေးချင်းမှာပဲ စွန့်ပစ်ခံလိုက်ရတယ်ဆိုတဲ့ အသိကြီးဟာ စတိဗ်ဂျော့အတွက် စိတ်အမာရွတ်တွေ ထင်ကျန်နေစေခဲ့တယ်လို့ ယူဆကြတာပဲ။ သူနဲ့ ရေရှည်လက်တွဲလာတဲ့ လုပ်ဖော်ကိုင်ဖက်

တစ်ဦးဖြစ်တဲ့ ဒယ်ယိုကမ်ကတော့ “သူလုပ်သမျှအရာတိုင်းမှာ အပြည့်အ၀ထိန်းချုပ်ထား ချင်တဲ့ စတိဗ်ရဲ့အကျင့်ဟာ သူ့ရဲ့ပင်ကို ကိုယ်ရည်ကိုယ်သွေးရယ်၊ စွန့်ပစ်ခံထားရတယ်ဆိုတဲ့ အသိရယ်ကနေ တိုက်ရိုက်မွေးဖွားပေးလိုက်တဲ့ အကျင့်တစ်ခုလို့ထင်တယ်” ဆိုပြီး သူ့အမြင်ကို ပြောဖူးပါတယ်။

“စတိဗ်ဟာ သူ့ပတ်ဝန်းကျင်ကို ထိန်းချုပ်ထားချင်တယ်။ သူ့ရဲ့ ထုတ်ကုန်တွေကိုလည်း သူ့အတ္တရဲ့ မြစ်လက်တက်တွေလို့ပဲ မြင်တတ်တယ်။ တက္ကသိုလ်မှာတုန်းက မိဘတွေရဲ့ စွန့်ပစ်ခံရတဲ့ အကြောင်းတွေရယ်၊ အဲဒါဟာ ဘယ်လောက်အထိ ထိခိုက်နာကျင်ရလဲဆိုတာတွေကို စတိဗ် ကျွန်တော့်ကိုခဏ ခဏပြောဖူးတယ်။ ဒီအဖြစ်အပျက်တွေကြောင့်ပဲ သူဟာ ကိုယ့်အားကိုယ်ကိုးချင်တဲ့ လူတစ်ယောက်ဖြစ်လာပြီး မတူညီတဲ့ဘဝကပေးတဲ့ မတူညီတဲ့ စည်းချက်တွေနောက်ကို လိုက်ရင်း သူများထက်ထူးခြားတဲ့ သူတစ်ယောက် ဖြစ်လာတယ်လို့ ထင်တာပဲ” …လို့

စတိဗ်ဂျော့နဲ့ ကောလိပ်ကျောင်းသားဘဝ ကတည်းက ရင်းနှီးခဲ့တဲ့ ဂရက်ကယ်ဟွန်း (Greg Calhoun) ရဲ့အမြင်ကလည်း စတိဗ်ရဲ့အကြောင်းကို တစ်စွန်းတစ်စ လှစ်ဟပြနေပါတယ်။

လူတွေသိပ်ကြိုက်မှာ မဟုတ်ပေမယ့် အမှန်တရားတစ်ခုကတော့ စတိဗ်ဂျော့ ကိုယ်တိုင်လည်း ကြီးပြင်းလာတဲ့အခါမှာ သူနဲ့ရတဲ့ သမီးတစ်ယောက်ကို စွန့်ပစ်တဲ့လူတစ်ယောက်ဖြစ်လာတာပါပဲ။ ဂျော့ဟာ ခရစ်ဆန် ဘရန်နန် (Chrisann Brennan) ဆိုတဲ့ အမျိုးသမီးတစ်ယောက်နဲ့ ငြိစွန်းခဲ့ပြီး အဲဒီအမျိုးသမီးဟာ ကိုယ်ဝန်ရလာပါတယ်။ ကိုယ်ဝန်ဖျက်ချဖို့ကို သဘောမတူဘဲ သမီးမိန်းကလေး တစ်ယောက် မွေးဖွားလာတဲ့အခါမှာတော့ ဂျော့က ဒီကလေးရဲ့ဖခင်အဖြစ် မခံယူဘဲနဲ့ စွန့်ပစ်ခဲ့ပါ တယ်။

“ကိုယ်ဝန်ဖျက်ချဖို့ကို ကျွန်မကငြင်းဆန်တိုင်းမှာ ဂျော့က ဖန်ခွက်တွေ၊ ပုလင်းတွေ ရိုက်ခွဲမိတဲ့အထိ ပြဿနာတွေ တက်ခဲ့ရတယ်။ ဒါက ဂျော့ရဲ့ အကျင့်စရိုက်တွေကို ဖော်ပြနေတာပါပဲ။ စွန့်ပစ်ခံရဖူးတဲ့ သူဟာ ကိုယ်တိုင်လည်း စွန့်ပစ်သူတစ်ယောက် ဖြစ်လာတာပါပဲ” လို့ ဘရန်နန်က ရင်ဖွင့်ပါတယ်။ စတိဗ်ဟာ ဒီလိုတချို့လူတွေအပေါ်မှာ တန်ပြန်တဲ့သဘောနဲ့ မညှာတာတဲ့၊ ရက်စက်တဲ့ အပြုအမူတွေ ဘာကြောင့်ပြုမူခဲ့လဲ။ ကိုယ့်ကိုယ် ကိုယ် ဘာကြောင့် မထိန်းချုပ်နိုင်ခဲ့လဲဆိုတဲ့ မေးခွန်းကို မေးမယ်ဆိုရင် မွေးစကတည်းက စွန့်ပစ်ခံရခြင်းဆိုတဲ့ အတိတ်ရဲ့ အရိပ်မည်းကြီးက သူ့ရဲ့ဘဝမှာ အမြဲတမ်း ကိန်းဝပ်နေတာကြောင့် လို့ပဲ ဆိုရမလိုပါ။

ဂျော့ကတော့ ဒီအချက်ကိုလက်မခံပါဘူး။ “မွေးကတည်းက စွန့်ပစ်ခံထားရတဲ့အတွက် ကျွန်တော့်မိဘအရင်းတွေက ကျွန်တော့်ကို ပြန်ခေါ်ချင်အောင် အလုပ်တွေကြိုးစားပြီး လုပ်ပြခဲ့တယ်

လို့ ပြောတဲ့ စကားတွေဟာ တကယ့်ကို အဓိပ္ပါယ်မဲ့ပြီး ကိုရို့ကားယားနိုင်တဲ့ အမြင်တွေပါ။ အမှန်တော့ ကိုယ်ဟာ မွေးစားသားတစ်ယောက်ပါလားလို့ သိလိုက်ရတာဟာ အမှီခိုကင်းပြီး လွတ်လပ်တယ်ဆိုတဲ့ ခံစားချက်မျိုး ပိုဖြစ်စေပါတယ်။ ဘယ်တုန်း ကမှလည်း ကျွန်တော်ဟာ စွန့်ပစ်ခံထားရတဲ့ သူပါလားလို့ မခံစားခဲ့ရပါဘူး။ ကျွန်တော်ဟာ အများထက်တမူထူးတဲ့ လူတစ်ယောက်လို့ပဲ ခံစားရတယ်။ ဒါဟာ ကျွန်တော့် မွေးစားမိဘတွေ ကျေးဇူးကြောင့်ပဲ ” လို့ ဂျော့က ပြန်ချေပပါတယ်။

ဂျော့ဟာ သူစွန့်ပစ်ခဲ့တဲ့ သမီးလေးကိုလည်း တစ်ချိန်မှာပြန်တာဝန်ယူပြီး ကြည့်ရှုစောင့်ရှောက်ခဲ့ပါတယ်။ နောက်ပိုင်းမှာ လူတွေက ပေါလ်ဂျော့နဲ့ ကလာရာတို့ဟာ သူ့ရဲ့မိဘအရင်းတွေ မဟုတ်ဘူးဆိုတဲ့ လေသံမျိုးနဲ့ ပြောလာတဲ့အခါတိုင်းမှာ ဂျော့ ပြန်ပြောလေ့ရှိတာကတော့ “သူတို့ဟာ ငါ့အတွက် စစ်မှန်တဲ့မိဘတွေဆိုတာ ၁၀၀၀ ရာခိုင်နှုန်းသေချာတယ်” ဆိုတဲ့ စကားပါပဲ။

သူ့မိဘအရင်းတွေနဲ့ ပတ်သက်လာရင်တော့ “သူတို့က ကျွန်တော့်ရဲ့ သားဥအိမ်နဲ့ သုက်ပိုးတွေပါပဲ။ ဒီလိုပြောလို့ ရက်စက်ရာမကျပါဘူး။ သုက်ပိုးသိုလှောင်တဲ့ ဘဏ်တစ်ခုလောက်ပဲလေ။ ဒီထက် ဘာမှမပိုပါဘူး………” လို့ တုံ့ပြန်လေ့ရှိပါတယ်။

## ဆီလီကွန်တောင်ကြားက ခြေရာများ

၁၉၅၀ နှောင်းပိုင်းကာလတွေမှာ စတိဗ်ဂျော့အငယ်စားလေး အတွက် ပေါလ်နဲ့ကလာရာ ဖန်တီးပေးခဲ့တဲ့ ငယ်ဘဝပုံရိပ်တွေဟာ အရောင်အသွေး စုံလှပါတယ်။ စတိဗ်ဂျော့ရဲ့ မွေးစားဖခင် ပေါလ်ဟာ ပယ်လိုအယ်တိုမြို့ကို အလုပ်ကိစ္စနဲ့ ပြောင်းလာခဲ့ရပေမယ့် စရိတ်စကတွေကြီးတာကြောင့် စရိတ်ပိုသက်သာတဲ့ တောင်ဘက်က မောင်တိန်းဗျူးဆိုတဲ့ မြို့ငယ်လေးကို ပြန်ပြောင်းလာခဲ့ရတယ်။ အဲဒီမှာ ပေါလ်ဟာ သူ့ရဲ့ စက်ပစ္စည်းနဲ့ ကားတွေကို ချစ်တတ်တဲ့အမွေကို လက်ဆင့်ကမ်းဖို့ ကြိုးစားတော့တာပါပဲ။ ကားဂိုဒေါင်ထဲက သူအလုပ်လုပ်တဲ့ စားပွဲခုံတစ်ခြမ်းကို အမှတ်အသား လုပ်ပေးပြီး “စတိဗ်ရေ .. အခုဒီနေရာက မင်းအတွက် အလုပ်စားပွဲပဲ” ဆိုပြီး သူ အလုပ်လုပ်နေတဲ့အချိန်တွေမှာ စတိဗ်ဂျော့ပေါက်စလေးကို အနားမှာ ခေါ်ထားလေ့ရှိပါတယ်။ စတိဗ်ဟာ သူ့အဖေရဲ့ လက်မှုပညာအပေါ်မှာရှိတဲ့ အာရုံဝင်စားမှုတွေကို အခုထိ အမှတ်ရတုန်းပါပဲ။ “ကျွန်တော့်အဖေဟာ ဒီဇိုင်းနဲ့ပတ်သက်ပြီး အရမ်း ကောင်းတဲ့ အာရုံခံစားမှုမျိုးရှိတယ်လို့ ထင်တယ်ဗျ။ ဘာလို့လဲဆိုတော့ ဘာကိုမဆို သူလုပ်တတ်တယ်။ ဗီရိုတစ်လုံးလောက် လိုနေပြီဆိုလည်း သူလုပ်ပေးလိုက်တာပဲ။ ခြံစည်းရိုးကာဖို့ လိုနေပြီဆိုရင်လည်း ကျွန်တော့်ကိုပါ သူနဲ့အတူ အလုပ်လုပ်နိုင်ဖို့ တူတစ်လက်ပေးပြီး ကိုယ်တိုင်လုပ်ကြတော့တာပဲ” လို့ စတိဗ်က ပြန်ပြောင်းပြောပြပါတယ်။

နှစ်ပေါင်း ၅၀ လောက်ကြာပြီးတဲ့ အခုချိန်ထိလည်း အဲဒီခြံစည်းရိုးဟာ မောင်တီန်းဖျူးက သူတို့ရဲ့အိမ်လေးမှာ ကာရံလျက်သားရှိနေတုန်းပါပဲ။ ဂျော့နဲ့ ကျွန်တော်နဲ့ အဲဒီအိမ်ကိုရောက်သွားတော့ သူတို့ လုပ်ခဲ့တဲ့ ခြံစည်းရိုးပုလေးကို လက်နဲ့ပွတ်သပ်ရင်း သူ့ရင်ထဲမှာ စွဲစွဲမြဲမြဲကျန်ရစ်နေအောင် သူ့အဖေပေးသွားခဲ့တဲ့ သင်ခန်းစာတစ်ခုကို ခပ်ကြွားကြွားလေသံနဲ့ ပြန်ပြောပြနေပါတယ်။ "ဗီရိုတစ်ခုရဲ့ နောက်ခြမ်းတို့၊ ခြံစည်းရိုးတို့ဆိုတာ လူတွေသေချာမမြင်ရတဲ့ နေရာတွေဆိုပေမယ့် သူတို့ကိုဂရုတစိုက် လုပ်ယူရတယ်" ဆိုတဲ့ အတွေးအခေါ်ပါ။ စတီဗ်ဂျော့ ပြန်ပြောတဲ့အတိုင်းဆိုရင် သူ့အဖေပေါလ်ဂျော့ဟာ လူမြင်ကွင်းမှာမရှိတဲ့ အစိတ်အပိုင်းတွေကိုတောင် နမော်နမဲ့ သဘောမထားဘဲ ဂရုတစိုက်လုပ်တတ်သူ တစ်ဦးပါ။ ဒီလိုနဲ့ ကားဟောင်းတွေကို ပြုပြင်ပြီး ပြန်အပ်၊ ပြန်ရောင်းတဲ့အလုပ်နဲ့ပဲ မွေ့လျော်နေတဲ့ ပေါလ်ဟာ အလုပ်လုပ်တိုင်း ဂိုဒေါင်ထဲကို စတီဗ်ဂျော့ ပေါက်စလေးကို ခေါ်လာလိုက်၊ ဂိုဒေါင် ထဲမှာ သူ့စိတ်ကြိုက်ကားဓါတ်ပုံတွေမျိုးစုံနဲ့ ဒီဇိုင်းဆင်လိုက်နဲ့ သားအဖနှစ်ဦးဟာတတွဲတွဲပါ။ နံရံမှာချိတ်ထားတဲ့ ကားပုံတွေထဲက လိုင်းတွေ၊ လေပေါက်တွေ၊ သံမဏိတန်းတွေ၊ ထိုင်ခုံအနားစ နေရာတွေ စတဲ့ ဒီဇိုင်းတစ်ခုရဲ့ အသေးစိတ် အစိတ်အပိုင်းတွေကို တစ်ခုချင်းစီထောက်ပြသင်ကြားပေးရင်းပေါ့။

စတီဗ်ဂျော့ရဲ့ ယယ်ဘဝနဲ့ပတ်သက်ပြီး ပေါလ်ဟာ တစ်ခါက ကျွန်တော့်ကို ပြောပြဖူးတယ်။ "ဒီကောင့်ကို စက်ပစ္စည်းတွေပြုပြင်တဲ့ အစွမ်းအစလေးတွေ များ ပြလာမလားလို့ နည်းလမ်းရှာကြည့်ခဲ့သေးတယ်။ ဒါပေမဲ့ ဒီကောင်က သူ့လက်တွေ ညစ်ပတ်ရမယ့်ကိစ္စမှာ သိပ်စိတ်မဝင်စားလှဘူး။ မက်ကနစ်ကယ်နဲ့ ပတ်သက်တာတွေကို ဘယ်တုန်းကမှ သူ သိပ်စိတ်ဝင်စားခဲ့တာ မဟုတ်ဘူး" လို့ ဆိုပါတယ်။ ဂျော့ကလည်း ဒီအချက်ကို ဝန်ခံ ပါတယ်။ "ကျွန်တော်က ကားပြင်ရတဲ့ကိစ္စမှာ ဒီလောက်စိတ်ဝင်စားလို့ မဟုတ်ဘူး။ဗျ။ ကျွန်တော့်အဖေနားနေပြီး သူ့နောက် ကပ်လိုက်ချင်တာ အဓိကပဲ" လို့ ဂျော့က ပြန်ပြောင်းပြောပြပါတယ်။ တဖြည်းဖြည်းနဲ့ အရွယ်ရောက်လာပြီး မွေးစားခံထားရတဲ့အကြောင်းကို ပိုနားလည်လာလေလေ သူ့ရဲ့မွေးစားအဖေကို ပိုပြီးတော့ သံယောဇဉ် တွယ်လာလေလေပါပဲ။

အီလက်ထရောနစ်နဲ့ ပတ်သက်တဲ့ ထိတွေ့ခွင်ကို စတီဗ်ဂျော့ စရခဲ့တာကတော့ ဂိုဒေါင်ထဲက သူ့အဖေ နှိုက်ချွတ်နေတဲ့ ကားအဟောင်းတွေကနေပဲပေါ့။ "ကျွန်တော့် အဖေက အီလက်ထရောနစ်နဲ့ ပတ်သက်ရင် နက်နက်နဲနဲသိတာမျိုး မရှိပါဘူး။ ဒါပေမဲ့ သူ ပြင်နေတဲ့ ကားထဲမှာပါတဲ့ လျှပ်စစ်ပိုင်းဆိုင်ရာ ကိစ္စတွေတို့၊ တခြားသူ ပြင်ရမယ့်ပစ္စည်းတွေ ထဲမှာပါတဲ့ အီလက်ထရောနစ်ပိုင်းဆိုင်ရာတွေတို့ ဆိုရင်တော့ သူ ကောင်းကောင်း နှိုက်တတ်တယ်။ အီလက်ထရောနစ်ကို ကျွန်တော်

အရမ်းစိတ်ဝင်စားသွားတာလည်း အဖေက အခြေခံသဘောတရားတွေကို ပြပေးရာကနေစတာပဲ။ ဒီထက်ပို စိတ်ဝင်စားစရာ ကောင်းတာကတော့ လိုအပ်တဲ့ အစိတ်အပိုင်းတွေရဖို့ ကားသချိုင်းလို နေရာမျိုးမှာ သွားပြီးမွှေနှောက်ရတဲ့ ခရီးစဥ်တွေပဲဗျ။ စနေနေ့ရောက်တိုင်း အမှိုက်ပုံမွှေနှောက်ရေး ခရီးစဥ်ရှိတယ်။ အဲဒီမှာ ဂျန်နရေတာတွေ၊ ကာဘရိုက်တာတွေ လိုအပ်တဲ့ အစိတ်အပိုင်းမျိုးစုံပေါ့။ သားအဖနှစ်ယောက် ရှာကြတော့တာပဲ။ လိုချင်တဲ့အစိတ်အပိုင်းကို ရှာတွေ့ပြီးကောင်တာမှာ ဈေးဆစ်ကြပြီဆိုရင် အဖေဟာတကယ့်ကို ဈေးဆစ်တော်တဲ့သူတစ်ယောက်ပဲ။ ဘာလို့လဲဆိုတော့ ဒီပစ္စည်းဟောင်းတွေ ဘယ်လောက် တန်တယ်ဆိုတာ ကောင်တာကလူထက် အဖေက အများကြီးပိုသိနေလို့ပဲ” လို့ စတိဗ်ဂျော့က ပြန်ပြောပြပါတယ်။ ဒီနည်းနဲ့ပဲ မွေးစားစာချုပ်ထဲမှာပါတဲ့ ကတိကဝတ်အတိုင်း စတိဗ်ဂျော့ကို တက္ကသိုလ်ရောက်တဲ့အထိ ကျောင်းစရိတ်ထောက်ပံ့ပေးနိုင်ခဲ့တာပါ။ “ဖော့ဒ်ဖယ်လ်ကွန် ကားဟောင်းတစ်စီးကို အဖေက ဒေါ်လာ ၅၀ လောက်နဲ့ သယ်မယ်။ ဘယ်လိုမှသုံးမရတော့တဲ့ ကားမျိုးတွေပေါ့။ ပြီးရင် တနင်္ဂနွေ လေး၊ ငါးပတ်လောက် အချိန်ယူပြီးပြန်ပြင်မယ်။ နောက် တခြားဝယ်မယ့်သူ တစ်ယောက်ဆီကို ဒေါ်လာ ၂၅၀ လောက်နဲ့ ပြန်ရောင်းမယ်။ ဒီလိုနဲ့ ကျွန်တော့် ကျောင်းစရိတ် ရအောင်ရှာခဲ့တာပဲ။

ဂျော့ရဲ့ ငယ်ဘဝပုံရိပ်တွေကို လွှမ်းမိုးခဲ့တဲ့ပုဂ္ဂိုလ်တွေထဲမှာ ဂျိုးဇက်အစ်ချလာဆိုတဲ့ အိမ်ခြံမြေ လုပ်ငန်းရှင် တစ်ဦးလည်း ပါပါတယ်။ အစ်ချလာရဲ့ ကုမ္ပဏီဟာ ၁၉၅၀ ကနေ ၁၉၇၄ အတောအတွင်း ကာလီဖိုးနီးယားပြည်နယ်တစ်ဝိုက်မှာ အိမ်အလုံးပေါင်း ၁၁၀၀၀ ကျော် ဆောက်လုပ်ခဲ့တဲ့ နာမည်ကြီး ကုမ္ပဏီတစ်ခုပါ။ အမေရိကရဲ့ အခြေခံလူတန်းစား အားလုံးအတွက် ရိုးရှင်းပြီး ခေတ်မီတဲ့အိမ်တွေ ပေါ်ပေါက်လာစေရမယ် ဆိုတဲ့ ဦးတည်ချက်နဲ့ အစ်ချလာဟာ ကြမ်းပြင်ကနေ မျက်နှာကျက်အထိ မှန်တွေတပ်ထားပြီး ကြမ်းပြင်မှာ ကွန်ကရစ်လောင်းထားတဲ့၊ ရှင်းလင်းမြင်သာတဲ့ တိုင်နဲ့ ထုပ်တန်းတွေရယ်၊ မှန်ကာထားတဲ့ လျှောတံခါးတွေပါတဲ့ ခေတ်မီတန်ဖိုးနည်း အိမ်ရာများစွာကို ဆောက်လုပ်ခဲ့သူပါ။ “အစ်ချလာဟာ တကယ့်ကို ကြီးကျယ်တဲ့ လုပ်ရပ်တွေကို လုပ်နိုင်ခဲ့တဲ့သူပဲ။ သူ ဆောက်ခဲ့တဲ့အိမ်တွေက စမတ်ကျတယ်။ ဈေးပေါပြီး ကောင်းလည်း ကောင်းတယ်။ အစ်ချလာဟာ ဝင်ငွေနိမ့်ပါးတဲ့ သူတွေအတွက် သန့်ရှင်းသပ်ရပ်တဲ့ဒီဇိုင်းနဲ့ ရိုးရှင်းတဲ့ အရသာတစ်မျိုးပါတဲ့ အိမ်တွေကို ဖန်တီးပေးခဲ့တယ်။ ကြမ်းပြင်မှာ အပူပေးစနစ်တွေ ဘာတွေတောင် ပါလိုက်သေး တယ်။ ခင်ဗျားက ကော်ဇောလေးခင်းထားလိုက်ရုံပဲ။ ကျွန်တော်တို့ ကလေးဘဝမှာ တကယ်ကောင်းတဲ့ ကြမ်းခင်းနဲ့ နေခဲ့ရတယ်ဗျ” လို့ ဂျော့က ဆိုပါတယ်။

အစ်ချလာကြောင့်ပဲ ဒီဇိုင်းကောင်းကောင်းနဲ့ ဈေးသိပ်မကြီးတဲ့ပစ္စည်းတွေကို လူတန်းစားအစုံပါတဲ့

ဈေးကွက်အကြီးကြီးတစ်ခုအတွက် ထုတ်လုပ်ပေးချင်တဲ့ ရမ္မက်ဆန္ဒ ဟာ စတိပ်ဂျော့ဆီမှာ စတင် အမြစ်တွယ်လာတယ်ဆိုရင် မမှားပါဘူး။

"ဈေးသိပ်မကြီးဘဲနဲ့ ရိုးရှင်းတဲ့ စွမ်းဆောင်ရည်နဲ့ ဒီဇိုင်းကောင်းကောင်း ပစ္စည်းတစ်ခုကို လူတစ်ယောက်က ဖန်တီးလိုက်ပြီဆိုရင် ကျွန်တော် အရမ်းသဘောကျတယ်" လို့ သပ်ရပ်ကျော့ရှင်းနေတဲ့ သူ့ရဲ့ အိမ်ကို လက်ညှိုးထိုးပြရင်း စတိပ်ဂျော့က ကျွန်တော့်ကိုပြောပါတယ်။ "ဒါဟာ Apple ရဲ့ မူလအရင်းခံ ဦးတည်ချက်ပဲ။ ပထမဆုံး Mac ကိုထုတ်တော့ ကျွန်တော်တို့ကြိုးစားခဲ့ကြတာ ဒီခံယူချက်အမြင်မျိုးပဲ။ iPod နဲ့ပတ်သက်ပြီး ကျွန်တော်တို့ ကြိုးစားခဲ့ကြတာ ဒီခံယူချက်အမြင်မျိုးပဲ။ iPod နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ကြိုးပမ်းထားခဲ့ တာလည်း ဒီ vision မျိုးနဲ့ပဲ" လို့ ဆိုပါတယ်။

ဂျော့တို့အိမ်နဲ့ ကပ်လျက်က လမ်းထဲမှာ ကံကောင်းပြီး အိမ်ခြံမြေ အကျိုးဆောင်အလုပ်နဲ့ အဆင်ပြေနေတဲ့ လူတစ်ယောက်ရှိပါတယ်။ ဂျော့ မူလတန်း တက်နေတဲ့အချိန် မှာ ဂျော့ရဲ့ အဖေဟာ အဲဒီလူကို အားကျပြီး အိမ်ခြံမြေ အကျိုးဆောင်အလုပ်ကို ပြောင်းလုပ်ရာကနေ ဂျော့တို့ တစ်မိသားစုလုံး ငွေရေးကြေးရေး အခက်အခဲနဲ့ တစ်နှစ်ပတ်လုံး ရင်ဆိုင် ခဲ့ရပါတယ်။ ဒီအလုပ်နဲ့ ဂျော့အဖေနဲ့ အဆင်မပြေခဲ့ပါဘူး။ ဒါပေမဲ့ ပေါလ်ဟာ မလိုအပ် ဘဲ အလွန်အကျွံကျိုးနွံပြီး ဟန်ဆောင်မှုတွေနဲ့ သိပ်သဘောကောင်းတဲ့ ပုံစံမျိုးဖမ်းပြရင် ထူးချွန်တဲ့ အရောင်းသမားကောင်း တစ်ယောက် ဖြစ်လာမှာသိပေမယ့် ဒီပုံစံမျိုးကို ဘယ်တော့မှ မကျင့်သုံးခဲ့တဲ့အတွက် ဒီကိစ္စဟာ စတိပ်ဂျော့ အတွက်တော့ အမြဲဂုဏ်ယူနေရမယ့် ကိစ္စပါပဲ။ "လူတွေကို ဖော်လံဖားပြီး လိုက်အောက်ကျို့နေရင် အိမ်တွေအများကြီး ရောင်းထွက်တာပေ့ါဗျာ။ ဒါပေမဲ့ အဖေကတော့ ဒီလိုမျက်နှာချိုသွေး သွားဖြီးပြရတဲ့ကိစ္စမျိုးမှာ မကျွမ်းကျင်ဘူး။ ဒါ သူ့ပင်ကိုသဘာဝနဲ့လည်း မအပ်စပ်ခဲ့ဘူး။ ဒီအတွက် အဖေ့ကို ကျွန်တော် အရမ်းလေးစားတယ်" လို့ ဂျော့ကဆိုပါတယ်။ ဒါဟာ စတိပ်ဂျော့ရဲ့ သူ့အဖေပေါ်မှာရှိခဲ့တဲ့ အထင်ကြီးလေးစား မှုပါ။ နောက်ဆုံးတော့ ပေါလ်လည်း နဂိုအလုပ် ဖြစ်တဲ့ ကားပြင်တဲ့အလုပ်ဆီကိုပဲ ပြန်ရောက်သွားပါတယ်။ တကယ်တော့ ပေါလ်ဟာသိမ်မွေ့ပြီး တည်ငြိမ်အေးဆေးတဲ့ လူမျိုးပါ။ ဒါပေမဲ့ တင်းမာပြတ်သားဖို့ လိုအပ်လာရင်လည်း တင်းမာပြတ်သားတတ်ပါတယ်။ တစ်ခါက ဂျော့တို့ အိမ်ဘေးမှာ အရက်မူးပြီး ပြန်ပြန်လာတိုင်း မိန်းမကိုရိုက်တတ်တဲ့ လင်မယားစုံတွဲ တစ်တွဲနေကြတယ်။ တစ်ရက်မှာ ယောကျ်ားလုပ်သူ အရက်မူးပြီးပြန်လာတော့ မိန်းမက အရိုက်ခံရမှာကြောက်ပြီး ပေါလ်တို့အိမ်မှာ လာရှောင်နေတယ်။ အမူးသမားက ဒါကိုသိသွားတော့ ပေါလ်ဆီကိုရောက်လာပြီး သူ့မိန်းမကို ပြန်လာခေါ်ဖို့လုပ်တဲ့အခါ ပေါလ်က အပေါက်ဝမှာပိတ်ရပ်ပြီး "မင်းမိန်းမ ဒီမှာရှိတယ်။ ဒါပေမဲ့

မင်းကိုတော့ ဝင်ခွင့်မပေးနိုင်ဘူး” လို့ ခပ်မာမာပြောပြီး အပေါက်ဝမှာ မဖယ်ဘဲရပ်နေခဲ့တယ်။ အမူးသမားလည်း လှည့်ပြန်သွားခဲ့ရတာပေါ့။ ဂျော့ရဲ့ အဖေဟာ အဲလိုလူစားမျိုး။

ဂျော့ရဲ့ပတ်ဝန်းကျင်မှာ အပြောင်းအလဲတွေက စနေပါပြီ။ အမေရိကရဲ့ ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းတွေ နိုးထလာခြင်းအားဖြင့် နည်းပညာအခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေလည်း တစ်ရှိန်ထိုး ပွင့်လန်းလာခဲ့တဲ့ အချိန်ပေါ့။ ၁၉၃၈ မှာ ဒေးဗစ်ပက်ခါ့ဒ် ဆိုတဲ့ အင်ဂျင်နီယာတစ်ယောက် ဒီရပ်ကွက်ထဲကို ပြောင်းလာခဲ့ပြီး သူ့ရဲ့သူငယ် ချင်းဖြစ်သူ ဘေဟျူးလတ်နဲ့အတူ ကားဂိုဒေါင်တစ်ခု ထဲမှာ အလုပ်လုပ်ကြရင်း အသံလှိုင်းထုတ် ကိရိ ယာကို စတင်ဖန်တီး လိုက်နိုင် တာဟာ ဒီဒေသက နည်းပညာလုပ်ငန်းတွေ အရှိန်အဟုန်နဲ့ အပြိုင်းအရိုင်း ပေါ်ထွက်လာစေဖို့ အစပေါ့။ ပိုကောင်းတာက ဒီဒေသတစ်ဝိုက်မှာပဲ ကားဂိုဒေါင်တွေထဲကနေ ပေါ်ထွက်လာမယ့် စွန့်ဦးတီထွင် အင်ဂျင်နီယာတွေ အတွက် နေရာတစ်ခုရှိခဲ့တာပဲ။ ဒီဒေသက အိမ်တိုင်းလိုလိုမှာ ကားဂိုဒေါင်တွေရှိကြပြီး ကားဂိုဒေါင် တွေဟာ ဒီဒေသရဲ့ ပြယုဂ်တစ်ခု ဖြစ်သလို စွန့်ဦးတီထွင် သမားတွေအတွက်လည်း တကယ် အသုံးဝင်တဲ့ နေရာတွေပေါ့။

စတန်းဖို့ဒ်တက္ကသိုလ်ရဲ့ မဟာဌာနမှူးတစ်ယောက်ဖြစ်တဲ့ ဖရက်ဒရစ်တာမန်း (Frederick Terman) ဆိုတဲ့ လူကစပြီး သူ့ရဲ့စက်မှုကျောင်းသားတွေရဲ့ အိုင်ဒီယာတွေကို ပြင်ပစီးပွားရေး ကုမ္ပဏီတွေနဲ့ ပေါင်းပြီး ဈေးကွက်ဝင်တဲ့ လက်တွေ့ဖန်တီးမှုတွေ ဖော်ထုတ်နိုင်ဖို့အတွက် ဧက ၇၀၀ လောက်ကျယ်တဲ့ ကျောင်းပိုင်ပရိဝုဏ်ကြီးကို စက်မှုဇုန်တစ်ခုအဖြစ် အသွင်ပြောင်းပစ်လိုက်တဲ့ လုပ်ဆောင်မှုဟာ ဒီဒေသရဲ့ နည်းပညာ တော်လှန်ရေးကြီးကို တပ်လှန့်လိုက်တဲ့ ပထမဆုံး တံပိုးခရာသံလို့ ပြောရပါမယ်။ စတိဗ်ဂျော့ ကတော့ ဆယ်နှစ်သားအရွယ်ပေါ့။ အဲဒီအချိန်မှာ ဒေးဗစ်ပက်ခါ့ဒ်နဲ့ ဘီလ်ဟျူးလတ်တို့ တည်ထောင်ထားတဲ့ HP (Hewlett Packard) ဆိုတဲ့ ကုမ္ပဏီက ဝန်ထမ်းပေါင်း ၉၀၀၀ ကျော် နဲ့ လည်ပတ်နေပြီး ဝင်ငွေကောင်းကောင်းရချင်တဲ့ အင်ဂျင်နီယာတိုင်း အလုအယက် ဝင်တိုးနေတဲ့ အဆင့်မြင့် နည်းပညာကုမ္ပဏီကြီးတစ်ခု ဖြစ်နေပါပြီ။

ဒီဒေသရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ အတွက် အရေးပါဆုံး နည်းပညာဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှု ကတော့ ဆီမီးကွန်ဒက်တာလို့ ခေါ်တဲ့ တစ်ပိုင်းလျှပ်ကူးပစ္စည်းတစ်မျိုးကို တီထွင်နိုင်ခဲ့ခြင်းပါပဲ။ ထရန်စစ်စတာတွေ ထုတ်လုပ်ရောင်းချတဲ့ လုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံသူတစ်ဦးဖြစ်တဲ့ ဝီလီယံရှော့ခ်ကလေ ဟာလည်း ၁၉၅၆ မှာ မောင်တိန်ဗျူးကို ပြောင်းလာခဲ့ပြီး ကုမ္ပဏီအသစ်တစ်ခု တည်ထောင်လိုက်ပါတယ်။ ရှော့ခ်ကလေဟာ ထရန်စစ်စတာ ပြုလုပ်ရာမှာ အဲဒီအချိန်က အဓိကအသုံးပြုနေတဲ့ ဈေးကြီးတဲ့ ဂျာမန်နီးယန်းဆိုတဲ့ သတ္တုဒြပ်တစ်မျိုး ကိုမသုံးဘဲ ဈေးပိုပေါတဲ့

ဆီလီကွန်နဲ့ အစားထိုး ထုတ်လုပ်နိုင်ဖို့ ကြိုးစားခဲ့ပေမယ့် အဆင့်တွေ ကျော်ပြီးလုပ်ခဲ့တဲ့ အတွက် ထင်သလောက် မပေါက်ဖြစ်ပြီး စီမံကိန်းကို လက်လျှော့လိုက် ရပါတယ်။ အကျိုးဆက်အနေနဲ့ကတော့ ရောဘတ်နွိုက်စ် (Robert Noyce) နဲ့ ဂေါ်ဒွန်မိုး (Gordon Moore) တို့အပါအဝင် အင်ဂျင်နီယာ ရှစ်ယောက် ဟာ ရှော့ခ်ကလေနဲ့ လမ်းခွဲ လိုက်ပြီး Fairchild Semiconductor ဆိုတဲ့ ကုမ္ပဏီကို တည်ထောင်လိုက်ကြတာပါပဲ။ ဒီကုမ္ပဏီဟာ ဝန်ထမ်းပေါင်း ၁၂၀၀၀ ကျော်ပါဝင်တဲ့ ကုမ္ပဏီ အကြီးစားကြီး တစ်ခုအဖြစ် အောင်မြင်လာခဲ့ပေမယ့် ၁၉၆၈မှာ ရောဘတ်နွိုက်စ်ဟာ CEO နေရာ ရဖို့ ကြိုးပမ်းမှု မအောင်မြင်ခဲ့ရာကနေ ကုမ္ပဏီလည်း ပြိုကွဲသွားခဲ့ပါတယ်။ ဒါနဲ့ပဲ ရောဘတ်နွိုက်စ်ဟာ ဂေါ်ဒွန်မိုးကိုခေါ်ပြီး Intergrated Electronics Corporation လို့ခေါ်တဲ့ အတိုကောက်အားဖြင့် Intel လို့ ကမ္ဘာကျော်လာမယ့် ကုမ္ပဏီတစ်ခုကို တည်ထောင်လိုက်ပါတော့တယ်။

မကြာခင်မှာပဲ Intel ကို အန်ဒရူးဂရုဗ်ရောက်လာပြီး သူဟာ မမ်မိုရီချစ်ပ်တွေ ထုတ်လုပ်ဖို့ကိုပဲ အာရုံစိုက်ထားတဲ့ Intel ရဲ့လားရာလမ်းကြောင်းကို မိုက်ခရိုပရိုဆက်ဆာတွေ ထုတ်လုပ်ရောင်းချတဲ့ ဘက် ကို ရွှေ့အောင်ကြိုးပမ်းပြီး Intel ကို အကြီးအကျယ် အောင်မြင်စေခဲ့သူ ဖြစ်လာပါတယ်။ ၁၉၇၁ အရောက်မှာတော့ Intel ဟာ Central Processing Unit (CPU) လို့ခေါ်တဲ့ ယူနစ်တစ်ခုကို အချပ်အပြားလေးတစ်ခုကို ပထမဆုံးစတင်နိုင် ခဲ့ပါတယ်။ ဒီဒေသဟာလည်း အပတ်စဉ်ထုတ် ဂျာနယ်တစ်စောင်ဖြစ်တဲ့ Electronic News ဆိုတဲ့စာစောင်မှာ ဒွန်ဟိုဖလာ (Don Hoefler) ဆိုတဲ့ ကော်လံဆောင်းပါးရေးသူတစ်ယောက်က “Silicon Valley USA” ဆိုတဲ့ ခေါင်းစဉ်နဲ့ အပတ်စဉ်ဆောင်း ပါးတွေ ရေးခဲ့ရာကနေ ဆီလီကွန်တောင်ကြားရယ်လို့ အမည်တွင်လာပါတယ်။

စတိဗ်ဂျော့ လူလားမြောက်လာတဲ့ တစ်လျှောက်လုံးမှာ ဒီ ဆီလီကွန်တောင် ကြားမှာပဲ ကြီးပြင်းခဲ့ပြီး ဒီဒေသရဲ့ကြီးကျယ်တဲ့ နည်းပညာဆိုင်ရာ တိုးတက်မှုတွေရဲ့ ဖမ်းစားခြင်းကို ခံခဲ့ရပါတယ်။ ဆီလီကွန် တောင်ကြားရဲ့ နည်းပညာမှော်ရုံတောကြီးဟာ မြီးကောင်ပေါက် စတိဗ်ဂျော့ရဲ့အာရုံကို အကြီးအကျယ် လှုံ့ဆော်ရိုက်ခတ်ပေးခဲ့တဲ့ နေရာတစ်ခုလို့ ဆိုရပါမယ်။ “ဒီဒေသရဲ့ နောက်ခံ သမိုင်းဇာတ်ကြောင်းတွေထဲမှာ ပျော်ဝင်ရင်း ကျွန်တော် ကြီးပြင်းခဲ့ရတာပါ။ ကျွန်တော့်ပတ်ဝန်းကျင်မှာရှိတဲ့ အဖေ တိုင်းဟာ ဘက်ထရီတို့၊ ရေဒါတို့လို အရမ်းသားနားတဲ့ ပစ္စည်းတွေ လုပ်နိုင်ကြတဲ့ သူချည်းပဲ။ ဒီပစ္စည်းတွေကို သဘောအကျကြီးကျပြီး ဟိုလူ့မေး၊ ဒီလူ့မေးနဲ့ ကျွန်တော်လူလား မြောက်ခဲ့ရတာပေါ့” လို့ ဂျော့ကပြန်ပြောပါတယ်။ “အိမ်နီးချင်းတွေ ထဲမှာမှ ကျွန်တော့်အတွက် အရေးအပါဆုံးပုဂ္ဂိုလ်ကတော့ ခုနစ်အိမ်ကျော်မှာနေတဲ့ လာရီလန်း ( Larry Lang ) ဆိုတဲ့လူပဲ။ HP ရဲ့ တကယ့်အင်ဂျင်နီယာရင့်မကြီး တစ်ယောက်အနေနဲ့ ဒီလူဟာစံပြပဲ။

ကျွန်တော့်အတွက် ကစားစရာပစ္စည်းလေး တွေလည်း ယူယူလာတတ်တယ်” လို့ ဆိုပါတယ်။

“တစ်ရက်ကျတော့ လာရီလန်းက ကာဖွန်မိုက်ခရိုဖုန်းတစ်ခုရယ်၊ ဘက်ထရီ ရယ်၊ စပီကာ တစ်ခုရယ်ယူပြီး ကျွန်တော့်ဆီရောက်လာတယ်။ ကျွန်တော့်ကို ကာဖွန် မိုက်ခရိုဖုန်းကို ကိုင်ပြီး စကားပြောခိုင်း လိုက်တော့ အသံက စပီကာထဲကနေ ဟိန်းထွက် လာတယ်။ ဘာ အမ်ပလီဖိုင်ယာမှ မပါဘူး”

အမှန်က ဂျော့အဖေက မိုက်ခရိုဖုန်း ဆိုတာ အသံထွက်ဖို့အတွက် အမ်ပလီဖိုင်ယာ အမြဲပါရတယ် လို့ ဂျော့ကို သင်ပေးထား တာကိုး။ ဂျော့က ဆက်ပြောပါတယ်။ “ဒါနဲ့ ကျွန်တော်လည်း အိမ်ကို အမြန်ပြေးပြီး အဖေပြောတာတော့ မှားပြီဆိုပြီး ကျွန်တော့်အဖေကို သွားပြောတာပေါ့။ အဖေကလည်း “မဟုတ်ဘူး ငါ့သား။ မိုက်ခရိုဖုန်းဆိုတာ အမ်ပလီဖိုင်ယာပါမှ အသံထွက်တာ” ဆိုပြီး ပြန်ငြင်းနေသေး တယ်။ ကျွန်တော်ကလည်း ပြန်ချေပတာပေါ့။ ဒီတော့ အဖေက “ဘယ်မိုက်ခရိုဖုန်းမှ အမ်ပလီဖိုင်ယာ မပါရင် အသံမထွက်ဘူး။ မင်းတော့ အညာခံရပြီ” ဆိုပြီး ဇွတ်ပြောနေတော့ ကျွန်တော်လည်း သူ့ကို ကိုယ်တိုင် လိုက်ကြည့်ဖို့ မရမက ခေါ်ရတော့တာပေါ့။ နောက်ဆုံး အဖေလိုက်လာပြီး သူကိုယ်တိုင် မျက်စိနဲ့ မြင်သွားတော့ မှ “ငါတော့ မနည်းမီအောင်လိုက်ရ တော့မယ်ဟေ့” ဆိုပြီး ဖြစ်သွားကြောင်း ဂျော့ကပြန် ပြောပြပါတယ်။

ဒီအဖြစ်အပျက်လေးတွေဟာ ဂျော့ရဲ့စိတ်ထဲမှာ မနေ့တစ်နေ့ကလိုပဲ ထင်ထင် ရှားရှားကြီး စွဲကျန်နေဆဲပါ။ ဒါဟာ သူ့အဖေဟာလည်း အရာအားလုံးကို သိနေတဲ့လူ မဟုတ်ပါလားလို့ ပထမဆုံးအကြိမ် စရောက်လာပါတယ်။ သူဟာ သူ့မိဘတွေထက် ပိုတော်တယ်ဆိုတာကို သိလိုက်ရတဲ့အချက်ပါ။ ဂျော့ဟာ သူ့အဖေရဲ့ ကျွမ်းကျင်ပါးနပ်မှု နဲ့ လက်တွေ့ကျကျသိမြင်နိုင်တဲ့ အရည်အချင်းတွေကို အမြဲအားကျအထင်ကြီးလာတဲ့ ကလေး တစ်ယောက်ပါ။ “အဖေက ပညာတတ် တစ်ယောက်တော့ မဟုတ်ဘူးဗျ။ ဒါပေမဲ့ သူဟာ တော်တော်ကိုတော်တဲ့ လူတစ်ယောက်ပဲလို့ ကျွန်တော်အမြဲတမ်းတွေး ထားခဲ့တာ။ အဖေက စာလည်းသိပ်ဖတ်လှတာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူလုပ်တတ်တာ တွေက အများကြီးပဲဗျ။ စက်ပစ္စည်းပိုင်းဆိုင်ရာနဲ့ ပတ်သက်လို့ကတော့ ကြုံက်တာလာ ခဲ့ဗျာ။ သူ မလုပ်တတ်တာမရှိဘူး။ ဒါပေမဲ့ ကာဖွန်မိုက်ကရိုဖုန်း ကိစ္စမှာတော့ ကျွန်တော် ဟာ ကျွန်တော့်အဖေထက် တုံ့ပြန်မှုမြန်ပြီး ပိုတော်တယ်ဆိုတာကို ပထမဆုံးအကြိမ် စရိပ်မိလိုက်တယ်။” အဖေတစ်ယောက်ကို အရမ်းကြီးကျယ်တဲ့ သူရဲကောင်းကြီး တစ်ယောက်လို့ ထင်ထားပြီး ပထမဆုံးအနေနဲ့ ကိုယ်ထင်သလိုမဟုတ်ပါလားဆိုတာ ကို သိလိုက်ရတဲ့ ကလေး တစ်ယောက်ရဲ့ အတွေ့အကြုံကို ဂျော့ကပြန်ပြောပြနေတာ ပါ။

"အဲဒီ ခဏလေးဟာ ကျွန်တော့်ခေါင်းထဲကို တမြည့်မြည့်နဲ့ ဝင်လာတဲ့ တကယ် ကြီးကျယ်တဲ့ အခိုက်အတန့် တစ်ခုပါ။ ကျွန်တော်ဟာ ကျွန်တော့်မိဘတွေထက် ပိုတော်နေပါလားလို့ တွေးမိလိုက်တဲ့ အချိန်မှာ အဲလိုတွေးမိတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် အကြီးအကျယ် ပြန်ရှက်မိတယ်။ အဲဒီအခိုက်အတန့်မှာ ခံစားခဲ့ရတာကိုတော့ ကျွန်တော် ဘယ်တော့မှ မေ့တော့မှာမဟုတ်ဘူး။"

မကြာခင်မှာပဲ ဂျော့မိဘတွေကိုယ်တိုင်ကလည်း ဂျော့ကိုယ်တိုင်က သူတို့ထက် ပိုတော်တဲ့ သားတစ်ယောက်လို့ သဘောပေါက်ထားပြီးသားဖြစ်တဲ့ ပေါလ်နဲ့ ကလာရာ ဟာ စိတ်ဆန္ဒတွေ ပြင်းပြပြီး သူတို့ ထက်ပိုတော်တဲ့ သားတစ်ယောက်နဲ့ အဆင်ပြေ အောင် အထာကျအောင် သူတို့ရဲ့ နေပုံ၊ ထိုင်ပုံတွေကို လိုက်ညှိပြီးနေပေးချင်ကြတဲ့ ချစ်စရာမိဘနှစ်ပါးပါ။ ဂျော့အတွက် လိုလေသေး မရှိအောင် သူတို့ဟာအစွမ်းကုန် ကြိုးစားခဲ့ကြပါတယ်။ မကြာခင်မှာပဲ ဂျော့လည်းဒီအချက်ကို ရိပ်မိလာပါတယ်။ "ကျွန်တော့်မိဘနှစ်ယောက်လုံးက ကျွန်တော့်အကြောင်းကို ကောင်းကောင်းသိခဲ့ကြတယ်။ ကျွန်တော်ဟာ ထူးခြားတဲ့ကလေးဆိုတာ ရိပ်မိတဲ့အချိန်ကစပြီး ကျွန်တော် ဖြစ်မြောက်လာဖို့ သူတို့မှာ တာဝန်တွေအများကြီးရှိတယ်လို့ သူတို့ ခံစားခဲ့ကြရတယ်။ ကျွန်တော် သိသင့်တဲ့ အကြောင်းအရာတွေ ကျွန်တော့်ခေါင်းထဲမှာ ဖြည့်ပေးဖို့ရယ်၊ ပိုကောင်းတဲ့ ကျောင်းတစ်ကျောင်းမှာ ထားပေးနိုင်ဖို့ရယ် သူတို့အစွမ်းကုန် နည်းလမ်းရှာ ကြိုးစားခဲ့ကြတယ်။ ကျွန်တော် လိုအပ်တာ မှန်သမျှကို လိုက်လျောပေးဖို့ သူတို့ကအမြဲ တမ်း အဆင်သင့်ပဲ" လို့ ဆိုပါတယ်။

ဒီလိုနဲ့ ဂျော့ကြီးပြင်းလာလို့ သူ့ရဲ့ ကိုယ်ရည်ကိုယ်သွေးတွေ ပုံပေါ်လာတဲ့အခါ မှာ သူဟာ တစ်ချိန်က အစွန့်ပစ်ခံ မွေးစားသားတစ်ယောက် ဖြစ်ခဲ့တယ်ဆိုတဲ့အသိတင် မကဘဲ သူဟာ အများထက် ထူးခြားတဲ့သူတစ်ယောက်ဆိုတဲ့ အသိတစ်ခုကပါ အမြဲတမ်း ကပ်ပါနေသေးတယ်။ ဒီအချက်ကပဲ စတိဗ်ဂျော့ရယ်လို့ ပီပီပြင်ပြင် ဖြစ်စေခဲ့တယ်လို့ ဆိုရပါလိမ့်မယ်။

## ကျောင်းတော်ဆီသို့ ခြေလှမ်းများ

ဂျော့ မူလတန်း စ မတက်ခင် ကတည်းက ဂျော့အမေက သင်ပေးထားလို့ စာက ဖတ်တတ်နေပြီ။ ဒီတော့ ကျောင်းစတက်ရတာနဲ့ ပြဿနာက စတော့တာပါပဲ။ "စာဖတ်တတ်ပြီးသားဆိုတော့ အစောပိုင်း နှစ်တွေမှာ ကျောင်းတက်ရတာက ကျွန်တော့်အတွက် တော်တော်ငြီးငွေ့ဖို့ ကောင်းတယ်ဗျ။ ဒါနဲ့ ကျွန်တော်လည်း ဗရုတ် သုတ်ခတွေလုပ်၊ ပြဿနာ မီးခွက်ထွန်းရှာပြီးတော့ပဲ မပျင်းအောင်နေရတာပေါ့" လို့ ဂျော့က ဆိုပါတယ်။ မကြာခင်မှာပဲ ဂျော့ဆိုတဲ့ကလေးဟာ အာဏာနဲ့ ဖိနှိပ်တဲ့နည်းကို သဘာဝအရရော၊ အတွေ့အကြုံအရပါ ဘယ်လိုမှ လက်သင့်မခံတဲ့ ကလေးဆိုတာ အားလုံး သဘောပေါက်လာကြပါတယ်။ "ကျောင်းမှာ ကျွန်တော်တစ်ခါမှ မကြုံဖူးသေး တဲ့ ဖိနှိပ်တင်းကြပ်မှုတစ်မျိုးကို ကြုံခဲ့ရတယ်။ ကျွန်တော်အဲဒါကို လုံးဝမကြိုက်ခဲ့ဘူး။ သူတို့လိုချင်တဲ့ ပုံစံအတိုင်း ဖြစ်လုနီးပါးပါပဲ" လို့ ဂျော့က သူ့ရဲ့ပထမဆုံးကျောင်းတက် ရတဲ့ အတွေ့အကြုံတွေကို ပြန်ပြောပြပါတယ်။

ဂျော့တက်နေတဲ့ မွန်တာလိုမာ မူလတန်းကျောင်းဟာ ဂျော့အိမ်ကနေဆိုရင် လေးလမ်းလောက်ပဲ ခြားတာပါ။ ကျောင်းမှာ ဂျော့ရဲ့ပျင်းရိမှုကို ဖြေဖျောက်နည်းကတော့ အပြောင်အပျက်ချောက်ချတဲ့ နည်းတွေထွင်တဲ့ နည်းလမ်းပေါ့။ ရစ်ခ်ဖာရန်တီနီဆိုတဲ့ ဆိုးဖော်ဆိုးဖက်သူငယ်ချင်းကောင်းလေး တစ်ယောက်လည်း ရ,ထားတော့ နှစ်ယောက် ပေါင်းပြီး လောင်းကျော်ကြတော့တာပဲ။ "ကျွန်တော်တို့ နှစ်ယောက် ဘာလုပ်လဲဆိုတော့ 'သင်၏ အိမ်မွေးတိရစ္ဆာန်များအား ကျောင်းသို့ ယူလာပါရန်' ဆိုတဲ့စာကို ကြော်ငြာ သင်ပုန်းမှာ သွားကပ်ထားတာမျိုးပေါ့။ နောက်နေ့ လည်းရောက်ရော ကြောင်တွေရော၊ ခွေးတွေရော ကျောင်းထဲမှာပြည့်လို့။ ခွေးတွေကို ကြောင်တွေကို လိုက်ဆွဲနဲ့ တစ်ကျောင်းလုံး ဝရုန်းသုန်းကားပဲ။ ဆရာ၊ ဆရာမတွေလည်း ဘာမှမတတ်နိုင်တော့ဘူး။ ဘေးမှာ ဒီအတိုင်း ရပ်ကြည့်နေရတော့တာပဲ။ နောက်တစ်ခါကျတော့ စက်ဘီးယူလာတဲ့ ကျောင်းသားတွေ ဆီက သူတို့စက်ဘီးသော့ဖွင့်တဲ့ ကုဒ်နံပါတ်ကို ယုံအောင်ပြော တောင်းပြီး ရှိသမျှသော့တွေ အကုန်လုံးကို နံပါတ်တွေ ပြောင်းထားလိုက်တယ်။ ပြီးလည်း ပြီးရော ဒီကောင်တွေ ကိုယ့်စက်ဘီးသော့ကို ဘယ်သူမှ ဖွင့်လို့မရတော့ဘူး။ ညမိုးချုပ်တဲ့ အထိ ကြိုးစား ဖွင့်မှပဲ အဆင်ပြေသွားတော့တယ်" လို့ ရှေးဟောင်းနှောင်းဖြစ်တွေကို ဂျော့က အားတက်သရောနဲ့ ပြောခဲ့ပါတယ်။ နောက်တစ်ချိန်မှာ Apple ကုမ္ပဏီရဲ့ CEO ပုဂ္ဂိုလ်ကြီးဖြစ်လာမယ့် စတိဗ်ဂျော့ ပေါက်စရဲ့ လက်စွမ်းပြမှုတွေပါ။ ဂျော့က သူတို့ရဲ့ နောက်ထပ်အပျင်းဖြေနည်း တစ်ခုအကြောင်း ထပ်ပြောပြပါတယ်။ "နောက်တစ်ခါ ကျတော့ ဆရာမကြီး 'မစ္စသာမန်း' ရဲ့ ထိုင်ခုံအောက်မှာ ယမ်းတွေကိုပေါက်ကွဲအောင် ဆင်ထားခဲ့တယ်။ ဆရာမကြီးထိုင်နေတုန်း ထလည်း ပေါက်ရော။

ဆရာမကြီးလည်း ကြောက်လန့်ပြီး အကြောတွေဘာတွေ ဆွဲကုန်တော့တာပေါ့” လို့ ပြန်ပြောပြပါတယ်။ တတိယတန်းမပြီးခင်မှာပဲ နှစ်ခါ၊ သုံးခါလောက် အိမ်ပြန်အပို့ခံခဲ့ရတယ် ဆိုတာလည်း အံ့သြစရာတော့ မရှိပါဘူး။

အဲဒီအချိန်လောက်မှပဲ ဂျော့ရဲ့အဖေဟာ သူ့သားကိုထူးခြားမယ့် ကလေးတစ် ယောက်အဖြစ် သူဂရုတစိုက်ဆက်ဆံသလို ကျောင်းကတာဝန်ရှိသူတွေအနေနဲ့လည်း သူ့သားကိုဒီအတိုင်းပဲ ဆက်ဆံစေ ချင်တယ်ဆိုတာကို သူ့ရဲ့တည်ငြိမ်ပေမယ့် နောက်မ ဆုတ်တတ်တဲ့ အကျင့်အတိုင်းတောင်းဆိုပါတယ်။ သူ့သားပြဿနာတစ်ခုခုတက်လာလို့ ကျောင်းကိုလိုက်ရတိုင်း သူပြောလေ့ရှိတာကတော့ “ဒီမယ် .. ဒါ သူ့အမှားမဟုတ်ဘူးဗျ။ ကလေးကို စိတ်ဝင်စားလာအောင် မစည်းရုံးနိုင်တာကမှ ခင်ဗျားတို့အမှားဗျ” ပါတဲ့။ ကျောင်းမှာ ဘာပဲဖြစ်လာဖြစ်လာ ဂျော့ကို အပြစ်ပေးရိုးထုံးစံမရှိဘဲ သူ့ဘက်ကသာ ရပ်တည် ပေးခဲ့တဲ့ မိဘတွေအကြောင်းကို ဂျော့ကစိတ်ပါလက်ပါ ပြောပြနေပါတယ်။

“ကျွန်တော့်အဖေရဲ့ အဖေကအရက်သမားကြီးဗျ။ အဖေ့ကိုလည်း မူးလာရင်ခါးပတ် ချွတ်ပြီး ရိုက်တတ်တယ်။ ဒါပေမဲ့ ကျွန်တော့်အဖေကတော့ ကျွန်တော့်ကိုလက်ဖဝါးနဲ့ ဖင်ကို တစ်ချက်ရိုက်ဖူး တယ်တောင် မရှိဘူး ထင်တာပဲ” လို့ ဆိုပါတယ်။

ပြီးတော့ ဂျော့ကို လှုံ့ဆော်နှိုးဆွပေးရမယ့်အစား ဘာမှမဟုတ်တဲ့ အကြောင်းအရာတွေကို ဖွတ်အတင်း အလွတ်ကျက်ခိုင်းနေတာဟာ ကျောင်းက တာဝန်ရှိသူတွေရဲ့ အမှားလို့ ဂျော့ရဲ့မိဘ နှစ်ယောက်စလုံးက နားလည်ထားကြသူတွေပါ။ အဲဒီအချိန်မှာ ဂျော့ဟာ ထိလွယ်ရှလွယ်ဖြစ်မှုနဲ့ မထုံတတ်သေးနိုင်တဲ့ စရိုက်တွေပေါင်းစပ်ထားတဲ့ကလေးတစ်ယောက်။ ဒါ့အပြင် ကျွတ်ဆတ်မာကျော မှုနဲ့ ပေလျကန်နိုင်တဲ့စရိုက်တွေ ပေါင်းစပ်ထား တဲ့ ကလေးတစ်ယောက်ဖြစ်ကြောင်း ဇာတိက ပြနေပါပြီ။ လေးတန်းနှစ်အရောက်မှာ တော့ ကျောင်းကတာဝန်ရှိသူတွေက ဂျော့နဲ့ ဖာရန်တီနိုတို့ နှစ်ယောက်ကို သီးသန့် စာသင်ခန်းထဲ ပို့လိုက်ရပါတယ်။

ဒါပေမဲ့ ဒီနှစ်မှာတွေ့ခဲ့ရတဲ့ အီမိုဂျင်းဟေးလ် ဆိုတဲ့ ဆရာမတစ်ယောက်က တော့ ဂျော့ရဲ့ မြင့်မြတ်တဲ့ပုဂ္ဂိုလ်လို့ သတ်မှတ်ခံထားရသူတွေထဲက တစ်ယောက် ဖြစ်လာ ပါတယ်။ အီမိုဂျင်းဟေးလ် ဆိုတဲ့ ဆရာမဟာ ရက်သတ္တပတ်အချို့ စောင့်ကြည့်ပြီးတဲ့ အချိန်မှာတော့ ဂျော့ကို ကိုင်တွယ်ရမယ့် နည်းကတော့ အပေးအယူလုပ်တဲ့ နည်းပဲဆိုတာ သဘောပေါက်လာပါတယ်။ တစ်နေ့ ကျောင်းအဆင်း မှာ သင်္ချာပုစ္ဆာတွေပါတဲ့ လေ့ကျင့် ခန်း စာအုပ်ကိုယူလာပြီး ဂျော့ကိုပေးရင်း ဒီစာအုပ်ယူသွားပြီး အိမ်မှာတွက်ခဲ့လို့ပြော တော့ ဂျော့ရဲ့စိတ်ထဲမှာက ဒီဆရာမကြောင်သွားပြီလား ဆိုတဲ့ အတွေးမျိုးနဲ့

ပေါ့။ ဒီအချိန်မှာပဲ အဲဒီဆရာမက "ဒီလေ့ကျင့်ခန်းတွေ လုပ်ပြီးပြီဆိုတာနဲ့ အများစုလည်း မှန်တယ်ဆိုရင် မင်းကို ဟောဒီတုတ်ချောင်းချိုချဉ် အပြင် ငါးဒေါ်လာပေးမယ်" ဆိုပြီး ရောမ တုတ်ချောင်း ချိုချဉ်ကြီးတစ်ခုကို ထုတ်ပြပါလေရော။ ဒီတော့မှ အားလုံး အဆင် ပြေသွားပြီး လေ့ကျင့်ခန်းစာအုပ်ကိုလည်း နှစ်ရက်အတွင်း အပြီးတွက်ပြီး ပြန်အပ်နိုင် ခဲ့ပါတယ်။ လအနည်းငယ် ကြာပြီးတဲ့ နောက်မှာတော့ ချိုချဉ်အကြီးကြီးတစ်ခုနဲ့ ငါးဒေါ် လာလည်း မက်လုံး ပေးစရာ မလိုတော့ပါဘူး။ ဂျော့ဟာ သင်္ချာပုစ္ဆာတွေတွက်ရတာကို တကယ်စိတ်ဝင်စားလာပြီး ဆရာမကို စိတ်ကျေနပ်အောင် လုပ်ပေးရတာကိုလည်း ပျော် လာပါတယ်။

"ဒီဆရာမနဲ့သာ မတွေ့ရင် ကျွန်တော်တော့ ထောင်ထဲရောက်နေမှာပဲ" လို့ ဆရာမရဲ့ကျေးဇူးကို ဂျော့က ပြန်ပြောပြပါတယ်။ "အတန်းထဲမှာ ဆရာမ ဂရုစိုက်တာ ဆိုလို့ ကျွန်တော်တစ်ယောက်ပဲ ရှိတယ်။ ဆရာမက ကျွန်တော်ဟာ တစ်ခုခုထူးခြားတဲ့ ကလေးဆိုတာကို ရိပ်မိခဲ့တယ်" လို့ဆိုပါတယ်။

အမှန်တော့ ဂျော့ဟာဉာဏ်ကောင်းထက်မြက်တဲ့ ကလေးတစ်ယောက်ဆိုတာ ထက်ကို ပိုထူးခြား တယ်ဆိုတာကို ဆရာမအီမိုဂျင်းကရိပ်မိခဲ့ပါတယ်။ နောက်နှစ်ပေါင်း အတော်ကြာတဲ့အခါမှာ ဆရာမအီမို ဂျင်းက ကျွန်တော့်ကိုဂျော့ပုံပါတဲ့ ဓါတ်ပုံတစ်ပုံကို ထုတ်ပြပြီးကြွားပါတယ်။ ဟာဝိုင်အီ အထိမ်းအမှတ်နေ့အတွက် ဂျော့တို့ လေးတန်း ကျောင်းသားတွေ စုရိုက်ထားတဲ့ပုံပါ။ အဲဒီနေ့က ကျောင်းသားတိုင်း ဟာဝိုင်အီရှပ်အင်္ကျီ တွေ ဝတ်လာရ မယ်လို့ အမိန့်ထုတ်ထားပါတယ်။ ဂျော့ကတော့ ဟာဝိုင်အီ တီရှပ်မပါဘဲ ကျောင်းကိုရောက်လာခဲ့ပါတယ်။ ဒါပေမဲ့ဓါတ်ပုံထဲမှာတော့ ရှေ့တန်းအလယ်တည့်တည့်မှာ ထိုင်နေတဲ့ စတီဗ်ဂျော့ပေါက်စဟာ ဟာဝိုင်အီရှပ်ကြီးဝတ်လို့ မိန့်မိန့်ကြီးပါ။ သူဟာ အဲဒီအရွယ်ကတည်းက တခြားကျောင်းသားတစ် ယောက်ဆီကနေ သူလိုချင်တဲ့ ဟာဝိုင်အီရှပ်အင်္ကျီကို ရအောင်ပြောယူနိုင်တဲ့ အရည်အချင်းကို ပိုင်ဆိုင်နေပါပြီ။

လေးတန်းအောင်ပြီးသွားတဲ့နောက်မှာတော့ ဒီကလေးဟာထူးကဲတဲ့ အသိ ဉာဏ်ဆိုင်ရာစွမ်းရည် တွေ ရှိတယ်ဆိုတာကို ကျောင်းကဆရာ၊ ဆရာမတွေပါ ရိပ်မိ လာတော့ ဂျော့ကိုနှစ်ဆင့်ကျော်ပြီး ခုနစ်တန်းအထိ တန်းတင်ပေးလိုက်တော့တာပါပဲ။ ဒီကလေးကို မပြတ်လှုံ့ဆော်ပေးနိုင်တဲ့ စိန်ခေါ်မှု တွေ ဖန်တီးပေးထားနိုင်ဖို့က ခုနစ် တန်းလောက် တင်ပေးထားမှကွက်တိပဲလေ။ ဒါပေမဲ့ အမြော်အမြင်ရှိတဲ့ ဂျော့ရဲ့မိဘ နှစ်ယောက် ကတော့ သူ့ကိုခြောက်တန်းအထိပဲ တန်းကျော်တင်ပေးဖို့ ကျောင်းက တာဝန်ရှိသူတွေကို တောင်းဆိုလိုက်ပါတယ်။

(ကိုယ့်ကလေးကို အတန်းကျော် တင်ပေးလို့ဆိုပြီး စွတ်ဂုဏ်ယူမနေဘဲ ချင့်ချင့်ချိန်ချိန်နဲ့ တစ်တန်းပဲကျော်တင်ပေးဖို့ တောင်းဆိုတတ်တဲ့ မိဘမျိုးတွေရဲ့ လက်အောက်မှာကြီးပြင်းခဲ့ရတာဟာ

ဂျော့ အတွက်တော့ အကြီးအကျယ် ကံကောင်းတာပါပဲ။)

ခြောက်တန်းကို ကျော်တက်လိုက်ရတဲ့ အကူးအပြောင်းကာလတွေကတော့ ဂျော့အတွက် ဝမ်းနည်းစရာပါပဲ။ ကိုယ့်ထက်အသက်ပိုကြီးတဲ့ အတန်းဖော်တွေကြားမှာ အသားမကျရတဲ့ကြားထဲ ပိုဆိုးတာက ခရစ်တန်ဒန်မစ်ဒယ်ဆိုတဲ့ အလယ်တန်း ကျောင်းအသစ်တစ်ခုကို ပြောင်းလိုက်ရတာ ပါပဲ။ ဒီကျောင်းဟာ အရင်တက်ခဲ့တဲ့ မွန်တာလိုမာမူလတန်းကျောင်းနဲ့ ရှစ်ဘလောက်စာလောက်ပဲ ဝေးတယ်ဆိုပေမယ့် ကျောင်းရဲ့ပတ်ဝန်းကျင်က တိုင်းရင်းသားလူဆိုးအဖွဲ့တွေ ကျက်စားတဲ့ နယ်မြေဖြစ်နေ ပါတယ်။ "ထိုးပွဲ ကြိတ်ပွဲတွေ၊ ရေချိုးခန်းထဲမှာ လိုက်ရှာပြီးချကြတာတွေကတော့ နေ့စဥ် နဲ့အမျှပဲ။ ကျောင်းသွားရင် ဓားမြှောင်ကိုအမြဲဆောင်ထားရတယ်" လို့ ဂျာနယ်လစ် တစ်ဦးက လေ့လာရေးသားခဲ့တဲ့နယ်မြေကို စတိဗ်ဂျော့ရောက်သွားတာပါပဲ။ ဒီကျောင်း ကို ဂျော့ရောက်လာတဲ့ အချိန်ဟာ သေနတ်နဲ့ရမ်းကားလို့ ကျောင်းသားတစ်စုအဖမ်းခံ ထားရပြီး နပမ်းပြိုင်ပွဲတစ်ခုမှာ ခရစ်တန်ဒန်ကျောင်းကို အနိုင်ချခဲ့လို့ဆို ပြီး ခရစ်တန်ဒန် ကျောင်းသားတွေက တခြားကျောင်းတစ်ခုရဲ့ အဆောက်အအုံတွေကို သွားဖြိုချထားပြီးစ အချိန်ပေါ့။

ခရစ်တန်ဒန်ကျောင်းမှာ ဂျော့ဟာ မကြာခဏလည်း အနိုင်ကျင့်ခံရတော့ ခုနစ် တန်းအရောက်မှာ ကျောင်းပြောင်းပေးဖို့ သူ့မိဘတွေကိုရာဇသံပေးပါတော့တယ်။ ဒီတောင်းဆိုမှုဟာ အကြွေးမတင် အောင် ခြိုးခြံသုံးစွဲနေရတဲ့ သူ့မိဘတွေအတွက်တော့ ခက်ခဲတဲ့ကိစ္စပါပဲ။ ဒါပေမဲ့ ဒီအချက်မှာတော့ ဂျော့ရဲ့မိဘတွေဟာ နောက်ဆုံးမှာ သူ တောင်းဆိုတဲ့အတိုင်း ရအောင်ဖြည့်ဆည်းပေးကြမယ်ဆိုတာ ယုံမှားစရာမရှိပါဘူး။ ဂျော့ကလည်း ခရစ် တန်ဒန်ကိုသာပြန်ပို့ရင် ဘာကျောင်းမှဆက်မတက် တော့ဘူးလို့ ခြိမ်းခြောက်ထားတာကိုး။ နောက်ဆုံးမှာတော့ ပေါလ်တို့လင်မယားနှစ်ယောက်ဟာ အဆင်ပြေဆုံး၊ အကောင်းဆုံးဖြစ်မယ့်ကျောင်း ဘယ်နားမှာရှိမယ်ဆိုတာကို စုံစမ်း လေ့လာပြီးတဲ့ နောက် ရှိသမျှလေးတွေ ခြစ်ကုတ်ပြီးတခြားမြို့တစ်မြို့မှာ အိမ်တစ်လုံး ကိုဒေါ်လာ ၂၁,၀၀၀ ပေးပြီးဝယ်လိုက်ရတော့တာပါပဲ။

သူတို့ အသစ်ပြောင်းလိုက်တဲ့ နေရာလေးက သစ်သီးခြံတွေနဲ့ တော်တော် လေး လုံခြုံအေးချမ်း တဲ့ နေရာတစ်ခုပါ။ ပေါလ်တို့လင်မယားဟာ ယုံကြည်မှုကိစ္စနဲ့ ပတ်သက်လာရင် ခေါင်းမာအစွဲကြီး ကြသူ တွေမဟုတ်ပေမယ့် ဂျော့ကိုတော့ ဘာသာ ရေးဆိုင်ရာ အသိအမြင်တွေ ရစေချင်တဲ့အတွက် လူသာရမ် ဘုရားရှိခိုးကျောင်းကို တနင်္ဂနွေ နေ့တိုင်း ခေါ်ခေါ်သွားတဲ့အကျင့်ကို စလုပ်ကြည့်ပါတယ်။ ဒါပေမဲ့ ဂျော့အသက် ဆယ့်သုံးနှစ်မှာတော့ ဘုရားကျောင်းသွားတဲ့ကိစ္စလည်း ဆုံးခန်းတိုင်သွားပါ တော့တယ်။ ဖြစ်ပုံက ၁၉၆၈၊ ဇူလိုင်လထုတ် Life မဂ္ဂဇင်းရဲ့ မျက်နှာဖုံးမှာ ဘီရာဖရာ (Biafra) က

အစာရေစာပြတ်လပ်နေတဲ့ ကလေးနှစ်ယောက်ရဲ့ပုံကို တင်ထားတာ ဂျော့တွေ့သွား ပါတယ်။ ဒီမဂ္ဂဇင်းကို ဘုရားကျောင်းကိုယူသွားပြီး ကျောင်းကတရားဟောဆရာနဲ့ ထိပ်တိုက်ရင်ဆိုင်ပါလေရော။ တရားဟောဆရာနဲ့ မျက်နှာချင်းဆိုင်အတွေ့မှာ ဂျော့က ဘာမေးလဲဆိုတော့ “ကျွန်တော့်လက်ချောင်း တစ်ချောင်း ချောင်းကို ထောင်ပြမယ်ဆိုပါ တော့။ ကျွန်တော်မထောင်ခင်မှာ ဘယ်လက်ချောင်းကို ထောင်မယ်ဆိုတာ ဘုရား သခင်က ကြိုသိနိုင်လား” တဲ့။ “သိတာပေါ့ ငါ့သားရယ် ... ဘုရားသခင်က အားလုံးကို သိတာပေါ့” လို့ သင်းအုပ်ဆရာက ပြန်ဖြေတော့ ဂျော့ကသူယူလာတဲ့ Life မဂ္ဂဇင်းကို ထုတ်ပြလိုက်ပြီး မေးခွန်းတစ်ခုထပ်မေးလိုက်ပါတယ်။ “ကောင်းပြီလေ။ ဒီအကြောင်းကို ရော ဘုရားသခင်သိလား။ ဒီကလေးတွေ ဘာတွေဆက်ဖြစ်ကြမယ်ဆိုတာကိုရော ဘုရားသခင် သိလား။” ဆိုတော့ သင်းအုပ်ဆရာက “စတိဗ် .. မင်း နားမလည်သေး ပါဘူး။ ဒါပေမဲ့ ဟုတ်တယ်။ ဘုရားသခင်က ဒီအကြောင်းတွေကို သိတယ်” ဆိုပြီး အိုးနင်းခွက်နင်းတွေ ဖြစ်ကုန်ပါတယ်။ ဒါဆို ဒီလိုဘုရားသခင်မျိုးဆီမှာ လာပြီး ဆုတောင်းနေရတဲ့အလုပ်နဲ့ ကျွန်တော်နဲ့ဘာမှ ပတ်သက်စရာ မရှိတော့ဘူးလို့ အားလုံး ကိုအသိပေးပြီး အဲဒီနောက်ကစလို့ ချာ့ချ်ကျောင်းထဲကို ဂျော့ဟာတစ်ခါမှ ခြေဦးပြန် မလှည့်တော့ပါဘူး။

အဲဒီအစား ဂျော့ဟာ ဇင်ဗုဒ္ဓဘာသာကိုပဲ လေ့လာလိုက်စားရင်း နှစ်ပေါင်း များစွာလေ့ကျင့်ခဲ့ပါတယ်။ ဘာသာတရားတစ်ခုဆိုတာ တရားသေအဆုံးအမတွေကို မျက်စိမှိတ် ခံယူခိုင်းနေတာထက် စာရင် စိတ်ပိုင်းဆိုင်ရာ အတွေ့အကြုံ နယ်ပယ်တွေ ဘက်ကိုပဲ အဓိကထား အသားပေးတဲ့ ဘာသာရေးမျိုး ကသာ အကောင်းဆုံးဖြစ်တယ် ဆိုတဲ့ အယူအဆဟာ ဂျော့ရဲ့ဘာသာရေးအပေါ်မှာ ထားတဲ့ အသိဉာဏ်ပိုင်းဆိုင်ရာ ခံစားမှုတစ်ခုပါ။

“ဂျီးဇက်ခရိုက်စ်နေခဲ့သလို မနေဘဲ ကမ္ဘာကြီးကို ဂျီးဇက်ခရိုက်စ် ကြည့်မြင် ခဲ့သလို ကြည့်မြင်နိုင်ဖို့ မကြိုးစားဘဲ ‘ယုံကြည်မှု’ ဆိုတာကိုပဲ နင်းကန်ရှေ့တန်းတင် လိုက်တဲ့ အချိန်ကစပြီး ခရစ်ယာန်ဘာသာ ရဲ့ အဆီအနှစ်တွေ စတင်ခန်းခြောက်သွား တော့တာပဲ...” လို့ ဂျော့က မှတ်သားဖွယ်ရာ ပြောခဲ့ဖူးပါတယ်။

ဘာသာတရားတွေဆိုတာ တူညီတဲ့အိမ်တစ်ခုတည်းကိုပဲ ဝင်ရောက်သွားနိုင်တဲ့ မတူညီတဲ့ တံခါးပေါက်တွေလို့ ဂျော့ကခံယူသူပါ။ “ဒါပေမဲ့ တစ်ခါတစ်ရံမှာ ကျွန်တော်တို့ ဦးတည်သွားနေတဲ့ အိမ်ဆိုတဲ့ အရာဟာ အမှန်တကယ်ရှိနေတယ်လို့ ယုံကြည်ပေမယ့် တစ်ခါတလေကျတော့လည်း တကယ်ရှိ မရှိကို မဝေခွဲနိုင်ပါဘူး။ ဒီကိစ္စဟာ တကယ့်ကို နက်နဲဆန်းပြားတဲ့ ကိစ္စကြီးပါ” လို့ ဆိုပါတယ်။

နွေရာသီကျောင်းပိတ်ရက်တစ်ရက်မှာ ဂျော့ရဲ့အဖေ ပေါလ်က ဂျော့ကို စစ်စ်ကွန်ဆင်ဆိုတဲ့ ကျေးလက်က မိသားစုပိုင်မွေးမြူရေးခြံကို အလည်ခေါ်သွားပါတယ်။ ကျေးလက်ရဲ့အငွေ့အသက် တွေက ဂျော့ကို ဘာမှမဆွဲဆောင်နိုင်ခဲ့ပေမယ့် အဲဒီမှာ မြင်ခဲ့ရတဲ့ မြင်ကွင်းတစ်ခုကတော့ စတီဗ်ဂျော့ရဲ့စိတ်ထဲမှာ ကပ်ငြိပါလာတယ်။ နွား ပေါက်လေးတစ်ကောင်မွေးတာကို ကြည့်ခဲ့ရတဲ့ မြင်ကွင်းပေါ့။ အမိဝမ်းတွင်းက ကျွတ်ကျွတ်ချင်းမှာပဲ နွားပေါက်စလေးက ရုန်းကန်ကုန်းထပြီး ဒယီးဒယိုင်နဲ့ လမ်း,စ လျှောက် တော့တာပဲ။ ဒီမြင်ကွင်းနဲ့ပတ်သက်လို့ စတီဗ်က

"အဲလိုလုပ်နိုင်တာဟာ နွားပေါက်လေး က သင်ပေးထားလို့မှ မဟုတ်ဘဲ။ ဒါပေမဲ့ ဒီလိုလုပ်ဖို့က သူ့ခေါင်းထဲမှာ စွဲဝင်နေပြီးသား ကိစ္စလိုပဲ။ လူဆိုရင်တော့ ဘယ်လိုမှ ဒီလိုမလုပ်နိုင်ဘူးလေ။ ဘယ်သူမှ တော့ ဒီကိစ္စကို အံ့မခန်းကိစ္စကြီးလို့ မထင်ကြဘူးပေါ့ဗျာ။ ကျွန်တော့်အတွက်တော့ တကယ့်ကို ထူးခြား တဲ့ကိစ္စလို့ထင်တယ်" လို့ မှတ်ချက်ချပါတယ်။

ဂျော့ ကိုးတန်းနှစ်အရောက်မှာ ဟုမ်းစတက်အထက်တန်းကျောင်းကို ပြောင်း လာပြီးတဲ့ နောက်မှာတော့ ၁၉၆၀ နှောင်းပိုင်းကာလတွေရဲ့ ယဉ်ကျေးမှုတန်ပြန် တော်လှန်ရေး အယူအဆ တွေထဲမှာ ပျော်ဝင်နေကြတဲ့ စီနီယာကျောင်းသားတွေနဲ့ သူငယ်ချင်းတွေဖြစ်သွားကြ ပါတယ်။ လူထူးလူဆန်းတွေနဲ့ ဟစ်ပီတို့ရဲ့ ခုန်ပျံကျော်လွှား ခေတ်ကြီးရဲ့ အစပေါ့။ ယဉ်ကျေးမှုဆိုင်ရာ ပုန်ကန်ရေးချီတက်ပွဲတွေ၊ မူးယစ်ဆေးနဲ့ နည်းပညာ အသစ်တွေကို နှစ်သက်ကြတဲ့ ကျောင်းသား လူငယ်တွေကြားမှာ စတီဗ် ဂျော့ရဲ့ နောက်လုံးပြောင်လုံးတွေကလည်း အီလက်ထရောနစ် နည်းပညာရဲ့ အကူအညီ နဲ့ တစ်ဆင့်တက်ပါလေရော။ စတီဗ်ဂျော့ ဗရုတ်ကျခဲ့တဲ့ အကွက်တစ်ကွက် ကတော့ စပီကာတွေကို မိုက်ခရိုဖုန်းအဖြစ်လည်း သုံးလို့ရတယ်ဆိုတာ သိထားတော့ သူ့ရဲ့အိမ် အနံ့မှာ စပီကာတွေတပ်လိုက်ပြီး သူ့အိပ်ခန်းထဲမှာ ထိန်းချုပ်ရေးစင်တာတစ်ခု ဖန်တီး လိုက်တယ်။ ပြီးတော့မှ ထိန်းချုပ်ရေးအခန်းထဲကနေ တခြားအခန်းတွေမှာ စကားပြော နေတဲ့အသံတွေကို လိုက်နားထောင်တဲ့ ကစားနည်းပေါ့။ တစ်ညကျတော့ နားကျပ်တပ် ပြီး သူ့အဖေ၊ အမေအိပ်ခန်းထဲက အသံတွေကို ခိုးနားထောင်နေတော့ စတီဗ်ဂျော့ ရဲ့ အဖေ ဒေါ်ကြီးမောကြီးနဲ့ ရောက်လာပြီး တပ်ထားသမျှတွေ အကုန်ပြန်ဖြုတ်ခိုင်းတော့ တာပဲ။

တစ်ချိန်တည်းမှာပဲ ဂျော့ဟာ လယ်ရီလန်းရဲ့ကျေးဇူးနဲ့ ဟျူးလက်ပ့်ခါတ်ဒ် စူးစမ်းလေ့လာသူများ အသင်းရဲ့ အဖွဲ့ဝင်ဖြစ်လာပြီး စိတ်တူကိုယ်တူ လူငယ်ကျောင်း သားတွေနဲ့ တစ်ပတ်တစ်ရက်တွေ့ဆုံ နီးနှောကြပြီး အကြိုက်တွေ့နေပါတော့တယ်။ ဒါပေမဲ့ ဂျော့ရဲ့အာရုံကို တကယ်ဖမ်းစားနိုင်ခဲ့တဲ့ ဖြစ်ရပ်ကတော့ အဲဒီမှာ ကမ္ဘာ့ပထမဆုံးမျိုးဆက်ကွန်ပျူတာဆိုတဲ့ ပစ္စည်းကြီးကို သူ စတွေ့ဖူးသွား

တာပဲ။ “ပထမဆုံး ဒက်စတော့ကွန်ပျူ တာတစ်လုံးကို အဲဒီမှာ စတွေ့ဖူးလိုက်တာပဲ။ 9100 A လို့ခေါ်တဲ့ စက်ပေါ့။ အမှန်တော့ ထည်ထည်ဝါဝါဖြစ်အောင်လုပ်ပေးထားတဲ့ ဂဏန်းပေါင်းစက် အကြီးစားကြီးလို့ ပြောလို့ရပေမယ့် တကယ့်ကွန်ပျူတာလည်း ကွန်ပျူတာအစစ်ပါပဲ။ တော်တော် လည်းကြီးတယ်ဗျ။ ပေါင် ၄၀ လောက်တောင်ရှိလိမ့်မယ်။ ဒါပေမဲ့ အရမ်းလှပတဲ့ ပစ္စည်း တစ်ခုပါပဲ။ မြင်မြင်ချင်းပဲ ကျွန်တော်လည်းကြွေသွားတာပေါ့” လို့ စတိဗ်ဂျော့ က စားမြုံ့ပြန်ပါတယ်။

တစ်ညကျတော့ စမ်းသပ်ဖို့ပစ္စည်းတစ်ခုလိုနေတာ ဘယ်မှာမှရှာမရတာနဲ့ HP ကုမ္ပဏီရဲ့ တည်ထောင်သူ ဘီလ်ဟျူးလတ်ရဲ့ ဖုန်းနံပါတ်ကိုရှာပြီး ဖုန်းဆက်အကူအညီ တောင်းတော့တာပါပဲ။ HP ကုမ္ပဏီရဲ့ တည်ထောင်သူပုဂ္ဂိုလ်ကြီးတစ်ယောက်ဆီ ကိုးတန်းကျောင်းသားလေးတစ်ယောက်က လိုချင်တဲ့ပစ္စည်းလှမ်းမှာပြီး အကူအညီ တောင်းဖို့ဆိုတာ တော်ရုံလူငယ်တစ်ယောက် မစဉ်းစားမယ့် ကိစ္စမျိုးပါ။ ဂျော့ကျမှပဲ ဟျူးလတ် ကိုယ်တိုင်ဖုန်းလာကိုင်ပြီး မိနစ်နှစ်ဆယ် လောက်တောင် စကားလက်ဆုံကျ သွားပါသေးတယ်။ ဒါတင်မကပါဘူး။ နောက်နေ့မနက်မှာ လိုချင်တဲ့ အစိတ်အပိုင်း တစ်ခု ကို ရလိုက်ရုံတင်မကဘဲ ဟျူးဘတ်ရဲ့စက်ရုံတစ်ခုမှာ အလုပ်တောင် ရလိုက်ပါသေးတယ်။ ဂျော့ဟာ နွေရာသီမှာ ဟျူးလတ်ရဲ့ဖရီကွင်စီကောင်တာတွေထုတ်တဲ့ စက်ရုံမှာ အလုပ်လုပ်ရင်း အားတဲ့အချိန်တွေမှာ သတင်းစာပို့ရင်း တက္ကသိုလ်ပထမနှစ်ကို ကျော်ဖြတ်လာခဲ့ပါတယ်။

ဂျော့ အသက် ၁၅နှစ်အရွယ်မှာ ပထမဆုံးကိုယ်ပိုင်ကားတစ်စီး စရပါတယ်။ MG အင်ဂျင်ထည့်ပြီး သူ့အဖေ အသစ်ပြန်ရှိုင်းပေးထားတဲ့ နက်ရှ်မက်ထရိုပိုလီတန်ဆိုတဲ့ နှစ်တန်လောက် လေးတဲ့ ကားအဟောင်းတစ်စီးပါ။ “ကားအဟောင်း တွေကို ဖက်ရှင်လုပ်ပြီး ပြန်စီးနေတဲ့ ခေတ်မှာတော့ ဒီကားကတော်တော်လေးကို ထူးထူး ဆန်းဆန်းနဲ့ မိုက်တဲ့ကားဖြစ်မှာ ပေါ့ဗျာ။ ဒါပေမဲ့ အဲဒီခေတ်တုန်းက နက်ရှ်မက်ထရိုပိုလီတန်ဆိုတာ ကမ္ဘာပေါ်မှာမမိုက်ဆုံးကားပါပဲ။ ဒါပေမဲ့ ကားတော့ကားပဲဆိုတော့ မဆိုးဘူး ပြောရမှာပေါ့” လို့ ဂျော့က သူ့ပထမဆုံးကားနဲ့ ပတ်သက်ပြီး မှတ်ချက်ပေးပါတယ်။ ဒါပေမဲ့ တစ်နှစ်အတွင်းမှာပဲ ဂျော့ဟာသူလုပ်နေတဲ့ အလုပ်မျိုးစုံကရတဲ့ ပိုက်ဆံတွေကို စုထားပြီး Abarth အင်ဂျင်ပါတဲ့ ဖီးယက်-၈၅၀ မော်ဒယ်လ်ကားအကောင်းစားတစ်စီးနဲ့ အလဲအထပ်လုပ်နိုင်ခဲ့ပါတယ်။ ထုံးစံအတိုင်း သူ့အဖေက လိုက်စစ်ဆေးပေးတာပေါ့။

ဂျော့ ၁၅ နှစ်အရွယ် ဟုမ်းစတက်ရဲ့ ဂျူနီယာကျောင်းသားဘဝမှာ ဆေးခြောက် စရှုပါတော့ တယ်။ တစ်ရက်မှာတော့ ဂျော့ရဲ့ဖီးယက်ကားထဲမှာ ဆေးခြောက်ထုပ်ကို ဂျော့အဖေ တွေ့သွားပါ တယ်။ ဒါဘာလဲလို့ သူ့အဖေကမေးတော့ ဂျော့က အေးအေး ဆေးဆေးပါပဲ။ ဒါ ဆေးခြောက်လေဗျာ တဲ့။ အဲဒီနေ့က အဖြစ်အပျက်ကို ဂျော့ပြန်ပြော တာကတော့ “ကျွန်တော့်ဘဝမှာ ရှားရှားပါးပါးအဖေ

ဒေါသထွက်တာကို ကြုံရဖူးတဲ့ အကြိမ်တွေထဲမှာ ဒီတစ်ကြိမ်ကတော့ တော်တော်ဆိုးတယ်။ ဒီတစ်ခေါက်က အဖေနဲ့ တကယ်စကားများရတဲ့ တစ်ကြိမ်တည်းသော အခေါက်ပါပဲ။ နောက်ဆုံး အဖေက စိတ်လျှော့ပြီး ဆေးခြောက်ဘယ်တော့မှ ထပ်မရှူတော့ပါဘူးလို့ ကတိပေးခိုင်းတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ ကတိမပေးခဲ့ပါဘူး” ဆိုပဲ။ အမှန်တော့ ဂျော့ဟာကတိမပေးတဲ့ အပြင် စိတ်ကြွဆေးတွေကိုပါသုံးပြီး လုံးဝမအိပ်တော့ဘဲ စိတ်တွေလွတ်ပြီး ကြောင်တဲ့ အဆင့်ကိုတောင် ရောက်နေပါပြီ။

အထက်တန်းကျောင်းရဲ့ နောက်ဆုံးနှစ်တွေမှာ ဂျော့ဟာ အသိဉာဏ်ဆိုင်ရာ ပွင့်လန်းမှုတွေရပြီး လျှပ်စစ်နည်းပညာထဲမှာ အရှုံးအမှူးပျော်ဝင်နစ်မြုပ်နေတဲ့ အခြေ အနေနဲ့ တစ်ဖက်မှာလည်း လူငယ်အများစုပျော်ဝင်နေကြတဲ့ စာပေနဲ့ အနုပညာဖန်တီး မှုဆိုတဲ့ လမ်းဆုံလမ်းခွမှာရောက်နေတဲ့ အချိန်ပေါ့။ “ကျွန်တော်ဂီတကို အစအဆုံး စ နားထောင်တော့တာပဲ။ ပြီးတော့ သိပ္ပံနဲ့ နည်းပညာ နယ်ပယ်ရဲ့အပြင်က စာအုပ်တွေ လည်း အများကြီးဖတ်ပစ်လိုက်တယ်။ ရှိတ်စပီးယားတို့၊ ပလေတို တို့ပေါ့။ ကျွန်တော် King Lear ဆိုတဲ့စာအုပ်ကို အရမ်းကြိုက်တယ်။ Moby Dick တို့ ဒိုင်လန်သောမတ်စ် ရဲ့ ကဗျာတွေလည်း တော်တော်ကြိုက်တယ်” လို့ ဆိုပါတယ်။

ဒီနှစ်တွေအတွင်းမှာ ဂျော့လုပ်နေတဲ့ ပရောဂျက်တွေက ဘာအထူးအဆန်းမှ မပါ ပါဘူး။ အထက်တန်းကျောင်းသားတိုင်း လုပ်တတ်တဲ့ လျှပ်စစ်ပစ္စည်းမျိုးတွေပေါ့။ ဆရာမက်ခါကောလန်းရဲ့ အီလက်ထရောနစ်သင်တန်းကို သွားတက်နေတာတစ်ခုပါပဲ။ ဒါပေမဲ့လည်း သုံးနှစ်တက်ရမယ့် ဒီသင်တန်းမှာ တစ်နှစ်ပဲတက်ပြီး ထွက်လာခဲ့လိုက်တာ ကတော့ အထူးအဆန်းပေါ့။

# အခန်း (၂)

## စတီဗ်နှစ်ယောက်



ဆရာမက်ခ်ကောလန်းရဲ့အတန်းမှာ တစ်နှစ်လောက်တက်ခဲ့တာ အကျိုးတော့ မယုတ်ပါဘူး။ ဂျော့အတွက် အရေးပါတဲ့သူငယ်ချင်းအသစ်တစ်ယောက် ထပ်ရလိုက် ပါတယ်။ သူ့ရဲ့နာမည်မှာလည်း စတီဗင်ပါတာပဲ။ စတီဗင် ဝေါ့ဇ်နီးယက်ခ်ဟာ ဘွဲ့ရအင်ဂျင်နီယာတစ်ယောက်ဖြစ်ပြီး ဂျော့ထက် ငါးနှစ်လောက်ကြီးပါတယ်။ အီလက်ထရောနစ်နဲ့ပတ်သက်ရင် ဂျော့ထက်အများကြီးပိုသိပြီး တစ်ကျောင်းလုံးမှာလည်း နာမည်ကြီးတစ်ယောက်ဖြစ်ပေမယ့် ဝေါ့ဇ်နီးယက်ခ်ဟာစိတ်နေစိတ်ထားနဲ့ လူမှုရေး ကျွမ်းကျင်မှုအပိုင်းမှာတော့ အထက်တန်းကျောင်းသားသာသာပါပဲ။ ဝေါ့ဇ်နီးယက်ခ်ဟာ အိမ်ထဲမှာပဲ သူ့အဖေရဲ့စာအုပ်တွေ တကုပ်ကုပ်ထိုင်ဖတ်ပြီး အီလက်ထရောနစ်နဲ့ ပတ်သက်တဲ့ လေ့လာမှုတွေကိုပဲ ရူးသွပ်ခုံမင်တဲ့သူ ဖြစ်တဲ့အလျောက် မိန်းကလေးတွေနဲ့ အပြင်ထွက် လည်တာ၊ ပါတီပွဲတွေတက်ပြီး ကဲကြတာမျိုးက သူ့အတွက်တော့ ဆားကစ် ပြားတစ်ခု ဒီဇိုင်းအသစ် ထွင်ရတာထက် ပိုရှုပ်ထွေးခက်ခဲတဲ့ ကိစ္စမျိုးတွေလို့ ခံစားနေရ သူပါ။

"အီလက်ထရောနစ်နည်းပညာနဲ့ ပတ်သက်ပြီး ကျွန်တော့်ထက်ပိုသိတဲ့ ကျောင်းသား တစ်ယောက်ကို ပထမဆုံးတွေ့ဖူးလိုက်တယ်။ အဲဒါ ဝေါ့ဇ်ပဲ" လို့ ဂျော့ကပြန်ပြော ပြပါတယ်။

ဝေါ့ဇ်ကလည်း စတီဗ်ဂျော့နဲ့ ပထမဆုံးစတွေ့ခဲ့တဲ့အကြောင်းကို "စတီဗ်နဲ့ ကျွန်တော်နဲ့ ဘီလ်ရဲ့အိမ်ရှေ့ကပလက်ဖောင်းပေါ်မှာထိုင်ပြီး အကြာကြီးစကားတွေ ပြောခဲ့ကြတယ်။ တကယ့်ကို အကြာကြီးပဲ။ တစ်ယောက်အတွေ့အကြုံတွေ တစ် ယောက်ပြန်ပြောနေကြတာပေါ့။ အများအားဖြင့်

တော့ ကျောင်းမှာဘယ်လိုရယ်စရာ ပရုတ်သုတ်ခတွေ လုပ်ခဲ့ကြတယ်ဆိုတာတွေပေါ့" လို့ ပြန်ပြောပြပါတယ်။ ပြီးတော့ "စတိပ်နဲ့ ကျွန်တော်နဲ့မှာ တူတဲ့အချက်တွေအများကြီးရှိတယ်ဗျ။ အများအားဖြင့် ကျွန်တော်ဘယ်လိုဒီဇိုင်းအသစ်တွေ ထွင်နေတယ်ဆိုတာကို ဘယ်သူ့မှရှင်းပြလို့ နားမ လည်ကြဘူး။ စတိပ်ကတော့ တန်းပြီးသဘောပေါက်သွားတာပဲ။ ကျွန်တော် သူ့ကို သဘောကျသွားတယ်" လို့ ဆိုပါတယ်။ ဂျော့ကလည်း ဝေါ့ဇ်ဆိုတဲ့သူငယ်ချင်းအသစ်နဲ့ ပတ်သက်ပြီး "ဝေါ့ဇ်နဲ့ စတွေ့တွေ့ချင်းမှာပဲ ကျွန်တော်သူ့ကို သဘောကျသွားတယ်။ အဲဒီအချိန်မှာ ကျွန်တော်ကကိုယ့်အသက်အရွက်ထက် နည်းနည်းပိုရင့်ကျက်တဲ့ အနေ အထားမှာ ဝေါ့ဇ်က သူ့အသက်အရွယ်ထက် ပိုပြီးလူငယ်ဆန်နေတော့ ကျွန်တော်တို့ နှစ်ယောက်ကွက်တိပဲလေ။ ဝေါ့ဇ်က ဉာဏ်အရမ်းကောင်းတယ်ဗျာ။ ဒါပေမဲ့ စိတ်ခံစားမှုအပိုင်းမှာတော့ ကျွန်တော်နဲ့ရွယ်တူလို့ ထင်ရလောက်အောင် လူငယ်ဆန်တယ်" လို့ ဆိုပါတယ်။

စတိပ်ဂျော့နဲ့ ဝေါ့ဇ်ဟာ ကွန်ပျူတာနဲ့ ချစ်ကျွမ်းဝင်နေကြတဲ့နေရာမှာ တူသလို ဂီတကို ရူးသွပ်ကြပုံချင်းမှာလည်း သွားတူနေပါတယ်။ "ဘီသိုဗင်နဲ့ မိုးဇက်တို့ရဲ့ခေတ်မှာ နေနေရသလိုပဲဗျာ။ ဂီတတွေတကယ်ကို ပွင့်လန်းနေတဲ့ အချိန်ကောင်းပေါ့။ ဝေါ့ဇ်နဲ့ ကျွန်တော်နဲ့လည်း ဂီတထဲမှာ နက်နက်ရှိုင်းရှိုင်းစီးမျောခဲ့ကြတာပေါ့" လို့ ဂျော့က ဆိုပါတယ်။ အမှန်တော့ ဂျော့ဟာ ဘော့ဘ်ဒိုင်လန်ကို အရမ်းကြိုက်သွားတာလည်း ဝေါ့ဇ်ရဲ့လက်ချက်ပါပဲ။ နှစ်ယောက်ပေါင်းပြီး ဘော့ဘ်ဒိုင်လန်ခွေတွေ ရနိုင်သမျှလိုက် ဝယ်ကြပါတယ်။ ပြီးရင် ဘော့ဘ်ဒိုင်လန်ရဲ့ စာသားတွေကို ကြည့်ရင်း မိုးလင်းပေါက်ထိုင် ပြီး ကိုယ်နားလည်သလို ဘာသာပြန်ကြည့် ကြတော့တယ်။ "ဘော့ဘ်ဒိုင်လန်ရဲ့ စာသား တွေဟာ တီထွင်ဖန်တီးမှုပါတဲ့ အတွေးအခေါ်တွေကို လှုံ့ဆော်ပေးနိုင်တယ်။ ကျွန်တော့်ဆီမှာ ဘော့ဘ်ဒိုင်လန်သီချင်းတွေ စုစုပေါင်း နာရီပေါင်း ၁၀၀ ကျော်စာရှိတယ်" လို့ ဂျော့ကဆိုပါတယ်။

ဟုမ်းစတက် အထက်တန်းကျောင်းသားဘဝမှာပဲ ဂျော့က ဘာ့ခ်ဖရိုင်းကလပ် (Buck Fry Club) ဆိုတဲ့ အသင်းတစ်သင်းကိုတည်ထောင် လိုက်ပါတယ်။ ဝေါ့ဇ်နဲ့ သူ့ သူငယ်ချင်းတွေကလည်း ဘွဲ့ရပြီးသားတွေဖြစ်ပေမယ့် ဂျော့ရဲ့ကလပ်မှာ အဖွဲ့ဝင်တွေ လုပ်ခဲ့ကြတယ်။ ဒီကလပ်ရဲ့ ရည်ရွယ်ချက်ကတော့ ဂီတနဲ့ပတ်သက်ပြီး ခံစားကြဖို့နဲ့ အပြောင်အပျက်စ,နည်း၊ နောက်နည်းတွေနဲ့ ကစားကြဖို့ပေါ့။ ဂျော့ရဲ့ ဂျူနီယာတန်း ပြီးခါနီးမှာ စီနီယာကျောင်းသားတွေကို နှုတ်ဆက်ပွဲလုပ်ပါလေရော။ အဲဒီမှာ ဂျော့ရယ်၊ ဝေါ့ဇ်နီးယက်ခ်ရယ်၊ ဘမ်ဆိုတဲ့ ကျောင်းသားတစ်ယောက်ရယ် ပေါင်းပြီး ပရုတ်ကျကြ တော့တာပဲ။ အိပ်ရာခင်းခပ်ကြီးကြီးတစ်ခုကိုယူပြီး ကျောင်းရဲ့အရောင်ဖြစ်တဲ့ အဖြူနဲ့အစိမ်းကို နောက်ခံအဖြစ်သုတ်လိုက်တယ်။ အိပ်ရာခင်းရဲ့ အလယ်တည့်တည့်မှာ လက်ခလယ်

ထောင်ပြနေတဲ့ လက်တစ်ဖက်ပုံအကြီးကြီးကို ထင်းနေအောင်ဆွဲပြီး စီနီယာ ကျောင်းသားတွေ စီတန်းလှည့်လည်ရင်း ဖြတ်သွားရမယ့် ကျောင်းဆောင်တစ်ခုရဲ့ ဝရန်တာမှာ တွဲလောင်းချိတ်ပြီးရင် ကြိုးတွေနဲ့ချိတ်ပြီး စီနီယာကျောင်းသားအဖွဲ့ အဲဒီ ရှေ့က ဖြတ်လျှောက်ပြီဆိုတာနဲ့ လက်ခလယ် ထောင်ပြထားတဲ့ ပိတ်စကြီးက ဝရန်တာ ကနေ အောက်ကို တဖြည်းဖြည်း ကျလာအောင်ပေါ့။ ဒီပုံကိုဆွဲတဲ့အခါမှာ ဘမ်ရဲ့ အမေကတောင် ပိုသရုပ်ပါအောင်ဆိုပြီး ကူဆွဲပေးခဲ့သေးတယ်။ ဂျော့တို့လုပ်ထားတဲ့ အစီအစဉ်က အောင်မြင်ပါတယ်။ ဂျော့လည်း နောက်တစ်ကြိမ် အိမ်ပြန်ပို့ ခံလိုက်ရတာပေါ့။

နောက်တစ်ခါကျတော့ တီဗီတွေမှာ ရီမုဒ်ကွန်ထရိုးသုံးလို့ရတဲ့ ပစ္စည်းတစ်ခုကို ဝေါ့ဇ်က ထွင်လာတယ်။ ပြီးတော့ ဂျော့ရယ်၊ ဝေါ့ဇ်နီးယက်ခ်ရယ် နှစ်ယောက်ကျောင်း သားတွေစုပြီး တီဗီကြည့်နေတဲ့ အခန်းထဲကိုသွားပြီး နောက်တန်းကနေ အိတ်ထောင်ထဲ ဝှက်ယူလာတဲ့ လျှို့ဝှက် ခလုတ်ကို နှိပ်လိုက်တော့ ရှေ့မှာပြနေတဲ့ တီဗီကလည်း အရုပ် တွေပျောက်ပြီး ရှီးရှီးရှဲရှဲအသံတွေ မြည်ကုန်တာပေါ့။ တစ်ယောက်ယောက်က ထပြီး လိုင်းတွေပြန်ချိန်ပြီဆိုရင် ဝေါ့ဇ်က ခလုတ်ကို ပြန်လွှတ်ပေးလိုက်တော့ လိုင်းကပြန် ကောင်းသွားပြန်ရော။ နှစ်ခါသုံးခါလောက် စမ်းလုပ်ကြည့်ပြီးလို့ ဘယ်သူမှလည်း သံသယဖြစ်မနေဘူးဆိုတာလည်း သေချာရော ဝေါ့ဇ်က အစွမ်းတွေ ပိုပြတော့တာပဲ။ တစ်ယောက်ယောက်က အင်တင်နာတိုင်ကို မထိလိုက်မချင်း အရုပ်တွေကြည့်မယ်လို့ ထင်အောင် လုပ်တာတို့နဲ့ ပညာပေးပါလေရော။ နောက်တစ်ဆင့်တက်ပြီး ခြေတစ်ပေါင်ကျိုးရပ်ပြီး လက်တစ်ဖက် က အင်တင်နာကိုမလွှတ်တမ်း ကိုင်ထားရတော့တဲ့ အခြေအနေတွေ ဖြစ်ကုန်တော့ တာပဲ" လို့ ဂျော့က အူလှိုက်သည်းလှိုက် ရယ်ရင်း ပြန်ပြောပြပါတယ်။

## ဘလူးဘောက်စ်

အပြောင်အပြက် ဆော့ကစားနည်းတွေနဲ့ အီလက်ထရောနစ်နည်းပညာကို နောက်ဆုံး အန္တိမ ပေါင်းစပ်ခြင်းရယ်၊ Apple ဆိုတဲ့ ကုမ္ပဏီကြီးတစ်ခု ဖြစ်ပေါ်လာဖို့ အတွက် အစပျိုးမှု တစ်ခုရယ်ဟာ ၁၉၇၁ ခု၊ စက်တင်ဘာလရဲ့ နေ့လည်ခင်းတစ်ခုမှာ အစပြုခဲ့ပါတယ်။ အဲဒီနေ့က Esquire ဂျာနယ်ထဲမှာပါတဲ့ AT & T တယ်လီဖုန်းကွန်ရက် စနစ်ထဲမှာပါတဲ့ ဂဏန်းနှိပ်ရင် မြည်တဲ့အသံ (Tone) တွေကို မူရင်းအတိုင်းပွားပြီး ပြန်ထည့်သုံးတဲ့နည်းနဲ့ နယ်ဝေးခေါ်ဆိုမှုတွေကို ဘီလ်လုံးဝမတက်အောင် ဘယ်လို လုပ်လို့ရတယ်ဆိုတာကို ရေးထားတဲ့ ဆောင်းပါးရှင် ရှီဆန်ဘန်းရဲ့ ဆောင်းပါးကို ဝေါ့ဇ်က ဖတ်မိသွားပါလေရော။ ဆောင်းပါးတစ်ဝက်လောက်ပဲ ရှိသေးတယ်။ ဝေါ့ဇ်ဟာ သူ့ရဲ့ အချစ်ဆုံး

သူငယ်ချင်း ဂျော့ကိုလှမ်းပြောမှဖြစ်တော့မယ်လို့ သဘောပေါက်လာတယ်။ ဒါနဲ့ ဂျော့ဆီကိုဖုန်းခေါ်ပြီး ဂျာနယ်မှာပါတဲ့ ဆောင်းပါးအစအဆုံးကို ဖုန်းထဲကနေ ဖတ်ပြ ပါတော့တယ်။ ဒီလိုစိတ်လှုပ်ရှားစရာ ကိစ္စကြီးကို သူနဲ့မျှဝေခံစားပေးနိုင်တဲ့လူက ဂျော့ပဲ မဟုတ်လား။

ကပ္ပတိန်ခရန့်ချ်လို့ နာမည်ဝှက်သုံးထားတဲ့ ဂျွန်ဒရက်ပါ ဆိုတဲ့ တယ်လီဖုန်း ဟက်ကာ တစ်ယောက် ဟာလည်း ဟီးရိုးပါပဲ။ ဂျွန်ဒရက်ပါဟာ အရုပ်ကလေးတွေက ထွက်တဲ့ လေချွန်သံဟာ တယ်လီဖုန်းကွန်ရက်စနစ်ရဲ့ ဖုန်းခေါ်တဲ့မြည်သံခလုတ်တွေမှာ ပါတဲ့အသံ (Tone) နဲ့ 2600Hz ရှိတာချင်း အတူတူပဲဆိုတာကို ရှာဖွေတွေ့ရှိခဲ့တဲ့ သူပါ။ ဒီနည်းနဲ့ တယ်လီဖုန်း ဆက်သွယ်ရေး ကွန်ရက်စနစ်ကို ကြောင်သွားအောင်လုပ်ပြီး နယ်ဝေးခေါ်ဆိုမှုတွေကို ပိုက်ဆံအပို ထပ်ပေးစရာမလိုဘဲ ခေါ်လို့ရနိုင်တယ်လေ။ ဒီတော့ AT & T က လူတွေလည်း ဒီဆောင်းပါးပါတဲ့ ဂျာနယ်တွေကို အကုန်လုံးလိုက် ပိတ်ခိုင်းရတော့တာပေါ့။ ဒီထက်ပိုအသေးစိတ် သိချင်သေးရင် Bell System နည်းပညာ ဂျာနယ်မှာ ရှာပြီးဖတ်ပါလို့တောင် ဒီဆောင်းပါးက ထပ်ညွှန်းထားလိုက် သေးတယ်။ ဒီသတင်းကို ကြားကြားချင်း ဂျော့လည်း မိနစ်ပိုင်းအတွင်းမှာ ဝေါ့ဇ်နီးယက်ခ်ဆီ ပေါက်ချလာတော့တာ ပေါ့။

"ဝေါ့ဇ်နဲ့ ကျွန်တော်နဲ့ ချက်ချင်းပဲ SLAC (Standford Liner Accelerator Centre) မှာရှိတဲ့ စာကြည့်တိုက်ကိုသွားပြီး အဲဒီနည်းပညာဂျာနယ်ကို ပိုက်စိပ်တိုက် ရှာကြတော့တာပေါ့။ အမှန်က အဲဒီနေ့က တနင်္ဂနွေနေ့ဆိုတော့ စာကြည့်တိုက်က ပိတ် ထားတာဗျ။ ဒါပေမဲ့ ဂျက်ချပြီးပိတ်လေ့မရှိတဲ့ တံခါးပေါက်တစ်ခုရှိတာ ကျွန်တော်တို့ သိတယ်လေ။ အဲဒီကနေပဲ ခိုးဝင်ကြတာပေါ့။ ရှိသမျှ စင်တွေပေါ်မှာ သဲကြီးမဲကြီး ရှာကြ တော့တာပဲ။ နောက်တော့ ဖရီကွမ်ဆီနံပါတ်တွေ အတိအကျပါတဲ့ ဒီစာစောင်ကို ဝေါ့ဇ် ကပဲ ရှာတွေ့သွားတာပေါ့။ ဟာ .. သောက်ကျိုးနဲလို့ အော်ပြီး နှစ်ယောက်သားစာအုပ် ကိုဖွင့်ကြတော့တာပဲ။ အဲဒီမှာပါတဲ့ တုန်း(Tone) တွေ၊ ဖရီကွမ်ဆီတွေ ကိုဖတ်ရင်း "ဟား ... သောက်ကျိုးနဲ။ ဟာ .. တကယ်ပဲဟေ့" ဆိုပြီး တတွတ်တွတ်ရွတ်နေကြတော့တာ ပေါ့။ သူတို့ရဲ့ ရှာဖွေတွေ့ရှိမှုကို ဂျော့ကပြန်ပြောပြပါတယ်။

အဲဒီညနေမှာပဲ ဝေါ့ဇ်က ဆန်နီးဗေးလ်ဆိုတဲ့ လျှပ်စစ်ပစ္စည်းဆိုင်ကိုသွားပြီး Tone ဂျန်နရေတာနဲ့ ဂျော့ရဲ့ဖရီကွမ်ဆီကောင်တာနဲ့ ပေါင်းပြီး လိုချင်တဲ့ဖုန်းလိုင်းအသံ တွေရအောင် ဖန်တီးကြတော့ တာပါပဲ။ ဖုန်းခလုတ်နှိပ်ရင်း မြည်တဲ့အသံကို တိပ်, ရီ ကော်ဒါနဲ့ အသံဖမ်းပြီးမှ အဲဒီအသံကို တယ်လီဖုန်းစနစ်ထဲကိုပြန်ထည့်ပြီး ထိန်းချုပ်ရေး စနစ်ကို လှည့်ဖြားဖို့ပေါ့။ ညသန်းခေါင်လောက်မှာ သူတို့ရဲ့စမ်းသပ်မှုကိုစဖို့ အဆင်သင့် ဖြစ်နေပါပြီ။ ကံဆိုးချင်တော့ ဂျော့လုပ်ထားတဲ့ အသံလှိုင်း

ထုတ်ကိရိယာက ဖုန်း အော်ပရေတာစနစ်ကို အရှုံးလုပ်နိုင်လောက်အောင် တည်ငြိမ် တိကျတဲ့ အသံလှိုင်းကို မထုတ်ပေးနိုင်ဘူး ဖြစ်နေပါလေရော။ မအောင်မြင်တဲ့ စမ်းသပ်မှု တစ်ခုဖြစ်သွားတယ် ဆိုကြပါစို့။ ဝေါ့ဇ်ကလည်း နောက်နေ့မနက်မှာပဲ နောက်ထပ်ဘွဲ့ တစ်ခုယူဖို့ ဘာကလေ တက္ကသိုလ်ကြီးဆီ သွားရတော့မယ်။ ဒါနဲ့ ဘာကလေ ရောက်ပြီးရင် ဝေါ့ဇ်က ဒစ်ဂျစ်တယ် အသံလှိုင်းထုတ် ကိရိယာတစ်ခု သင်လာဖို့၊ ပြီးမှ ပြန်စမ်းသပ်ကြဖို့ နှစ်ဦးသဘောတူ သတ်မှတ် လိုက်ကြတယ်။

ဘယ်သူကမှ အသံလှိုင်းထုတ်ကိရိယာကို ဒစ်ဂျစ်တယ်ဟားရှင်းနဲ့ မလုပ်ဖူးသေး ပါဘူး။ ဒါပေမဲ့ ဝေါ့ဇ်ကတော့ လိုအပ်တဲ့အသံအနိမ့်၊ အမြင့် (Pitch) အတိအကျရ အောင်လို့ ဂီတသမား တစ်ယောက်ရဲ့ အကူအညီကိုယူပြီး ကျေးဇူးတော်နေ့မတိုင်မီမှာပဲ ဒီစက်ကိုရအောင် လုပ်နိုင်ခဲ့သူပါ။ “ကျွန်တော့်ဘဝမှာ ဒီထက် ပိုဂုဏ်ယူစရာကောင်းတဲ့ တီထွင်မှုမျိုး ရှိခဲ့မယ် မထင်ပါဘူးဗျာ။ အခုချိန်ထိက ဒါဟာ အရမ်းပြောင်မြောက်တဲ့ လက်ရာလို့ ခံစားနေရတုန်းပဲ” လို့ ဝေါ့ဇ်က သူ့ရဲ့ငယ်ဘဝ တီထွင်မှုအပေါ်မှာ ဂုဏ်ယူစွာနဲ့ ပြောပါတယ်။

တစ်ညမှာတော့ ဝေါ့ဇ်ဟာ ဘာကလေကနေ ဂျော့ဆီကို ကားမောင်းပြီးထွက် လာခဲ့လိုက်တယ်။ တယ်လီဖုန်းအစီအစဉ်ကို ပြန်စဖို့ပေ့ါ။ သူတို့နှစ်ယောက်ဟာ လော့စ် အိန်ဂျလိစ်မှာနေတဲ့ ဝေါ့ဇ်ရဲ့ဦးလေးဆီကို ဖုန်းခေါ်ဖို့ကြိုးစားပေမယ့် ဖုန်းကလိုင်းများ ဝင်သွားတယ်။ ဒါပေမဲ့ ပြဿနာမရှိပါဘူး။ သူတို့ရဲ့စမ်းသပ်မှုက အောင်မြင်သွားပြီလေ။ ဖုန်းခေါ်ပြီးတော့ ဝေါ့ဇ်က “ဟိုင်း.. ကျွန်တော်တို့ ခင်ဗျားဆီကိုဖရီးခေါ်နေတာဗျ၊ ဖရီး ခေါ်နေတာ” ဆိုပြီး ဝမ်းသာအားရအော်ပြောတော့ ဂျော့ကလည်းဘေးက ဝင်ဖြည့်ပါ တယ်။ “ကျုပ်တို့အခု ကယ်လီဖိုးနီးယားကနေ ခေါ်နေတာ။ ကာလီဖိုးနီးယားကနေ ခေါ်နေတာဗျို့” ဆိုပြီး ဝင်အော်တာပေ့ါ။ တစ်ဖက်ကဖုန်းမှာ ဆက်ခံနေရတဲ့ လူကတော့ တော်တော်စိတ်ရှုပ်ပြီး အချဉ်ပေါက်နေပါပြီ။ ဂျော့က ကာလီဖိုးနီးယားက ဆက်နေတာဗျ လို့ ဝင်အော်တော့ ဟိုလူပိုစိတ်ရှုပ်ကုန်မှာပေ့ါ။ သူကလည်း ကာလီဖိုးနီးယားကပဲလေ။

ပထမတော့ ဖုန်းခိုးဆက်လို့ရတဲ့ ဒီပစ္စည်းကို အပြောင်အပျက်တွေ လုပ်ဖို့ သက်သက်ပဲ။ နောက်တော့တစ်ဆင့် တက်လာပါတယ်။ ဝေါ့ဇ်က သူ့ကိုယ်သူ ဟန်နရီ ကစ်ဆင်းဂျားပါဆိုပြီး “ကျုပ်တို့ အခု မော်စကိုကလျှို့ဝှက်ထိပ်သီး ဆွေးနွေးပွဲကို ရောက်နေတယ်။ ပုပ်ရဟန်းမင်းကြီးနဲ့ စကားပြောဖို့ လွှဲပေးပါ” ဆိုပြီး ဗာတီကန်က ပုပ်ရဟန်းမင်းကြီးဆီ လှမ်းဆက်ပါတော့တယ်။ ဟင်နရီကစ်ဆင်းဂျားလေသံနဲ့ တူအောင်လည်း အသံကဖျက်ပြောလိုက်သေးတယ်။ ဆက်တဲ့အချိန် လည်း ကြည့်ဦး။ မနက် ၅ နာရီခွဲကြီးမှာ။ ပုပ်ရဟန်းမင်းကြီးက အိပ်ကောင်းတုန်းပေ့ါ။

ပုပ်ရဟန်းမင်းကြီး က အိပ်တုန်းဆိုတော့ နောက်တစ်ခါထပ်ဖုန်းခေါ်တဲ့အခါ စကားပြန်လို့ထင်ရတဲ့ ဘီးရှော့ တစ်ယောက်နဲ့ပဲ တွေ့လိုက်ရတယ်။ ပုပ်ရဟန်းမင်းကြီးနဲ့လည်း တကယ်စကားမပြော လိုက်ရပါဘူး။ "ဝေါ့ဇ်ဟာ ဟင်နရီကစ်ဆင်းဂျားမဟုတ်မှန်း သူတို့ရိပ်မိသွားတယ်။ ကျွန်တော်တို့က လမ်းဘေးဖုန်းရုံကနေ ဆက်နေတာ" လို့ ဂျော့က ပြောပါတယ်။

ဒီအဖြစ်အပျက်တွေ ပြီးတဲ့နောက်မှာတော့ ဂျော့တို့နှစ်ယောက်ရဲ့ကြားမှာ ဆက်ဆံရေးပုံစံသစ် တစ်ခုကို အစပျိုး ဖြစ်ပေါ်လာစေမယ့် အရေးပါတဲ့ အချိန်ကို ရောက်လာပြီလို့ ဆိုရပါမယ်။ ဘလူးဘောက်ဇ်လို့ ခေါ်တဲ့ ဒီအသံလှိုင်းထုတ်ပစ္စည်းလေးဟာ အပျင်းပြေဆော့စရာတစ်ခု ဆိုတာထက် စီးပွားဖြစ်ထုတ်ရောင်းလို့ ရနိုင်တယ်လို့ဂျော့က စတွေးမိသွားပါတယ်။ ကျန်တဲ့ ပါဝါအုံ၊ ခလုတ် စတဲ့ လိုအပ်တဲ့ အစိတ်အပိုင်းတွေကိုပါ အားလုံးပေါင်းလိုက်ပြီး ဒီပစ္စည်းတစ်ခုကို ဘယ်လောက်တောင်းရင် ကောင်းမလဲလို့ ဂျော့တို့ သူငယ်ချင်းနှစ်ယောက် တွက်ချက် ကြတော့တာပေါ့။ ဒါဟာ Apple ကုမ္ပဏီရယ်လို့ ဖြစ်လာပြီးတဲ့နောက်မှာ ဂျော့ပါဝင်ပတ်သက်မယ့် အခန်းကဏ္ဍရဲ့ အစလို့ ပြောနိုင်ပါတယ်။ အပြီးသတ်တပ်ဆင်ပြီးသား ဘလူးဘောက်စ်တစ်ခုရဲ့ ကုန်ကျစရိတ် ကို တွက်ကြည့်လိုက်တော့ ဒေါ်လာ ၄၀ ပါ။ ဂျော့က တစ်ခုကိုဒေါ်လာ ၁၅၀ နဲ့ ရောင်းမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

ကပ္ပတိန်ဖရန့်ချ်တို့လို တယ်လီဖုန်းဟက်ကာတွေ နာမည်ဝှက်ပေးတာကို အတုယူပြီး ဝေါ့ဇ်က သူ့ကိုယ်သူ "ဘာကလေ ဘလူး" ဂျော့က သူ့ကိုယ်သူ "အော့ဖ်တို ဘာ့ခ်" ဆိုပြီး နာမည်ဝှက်ကိုယ်စီ ပေးလိုက်ကြပါတယ်။ နောက်တော့ တက္ကသိုလ်က အဆောင်ကိုယူသွားပြီး တယ်လီဖုန်းတစ်လုံးနဲ့ လက်တွေ့စမ်းသပ်ပြပါတယ်။ ဂျော့နဲ့ ဝေါ့ဇ်နီးယက်ခ်ပေါင်းပြီး ဘလူးဘောက်စ် အခု ၁၀၀ ကျော်လောက် ထုတ်လုပ်ခဲ့ပြီး အဲဒါ တွေ အကုန်လုံး ရောင်းထွက်သွားတာပါပဲ။

ဒါပေမယ့် ရနေတဲ့အမြက်ငွေတွေနဲ့ ပျော်စရာတွေအားလုံးလည်း ဆန်နီးပေးလ် ပီဇာဆိုင်မှာ ကြုံလိုက်ရတဲ့ အဖြစ်အပျက်ကြောင့် ပျောက်ကွယ်သွားပါတော့တယ်။ ဂျော့က ပိုက်ဆံလိုနေတဲ့ အတွက် လောလောလတ်လတ်လုပ်ပြီးစ ဘလူးဘောက်စ်တစ် ခုကို ပီဇာဆိုင်မှာထိုင်နေရင်း ဘေးခုံကလူတွေကို သွားစပ်ရာကစတာပါပဲ။ ဘေးခုံကလူ တွေက တော်တော်စိတ်ဝင်စားသွား ကြတယ်။ ဒါနဲ့ ဂျော့လည်း လမ်းဘေးဖုန်းရုံတစ်ခု ဆီသွားပြီး သူ့ဖန်တီးမှုကို လက်တွေ့စမ်းသပ် ပြတော့တာပေါ့။ အဲဒီမှာ လူတစ်စုက စိတ်ဝင်စားသွားပြီး ဝယ်မယ်။ ဒါပေမဲ့ ကားထဲမှာပိုက်ဆံ သွားယူဦးမယ်ဆိုပြီး ထွက်သွား တော့ ဂျော့တို့နှစ်ယောက်လည်း သူတို့နဲ့ကပ်လိုက်လာခဲ့ကြတယ်။ ကားနားကိုရောက် တော့ လူတစ်ယောက်က ကားထဲကိုဝင်ပြီးတစ်ခုခုနှိုက်လိုက်တယ်။ ပြန်ထွက်

လာတော့ သေနတ်တစ်လက်နဲ့ ဂျော့တို့ကိုချိန်ပြီးသားဖြစ်နေပြီ။ သေနတ်ဆိုတာကို ဒီလောက် နီးနီးကပ်ကပ်တစ်ခါမှ မတွေ့ဖူးတော့ ဂျော့ခမျာ တော်တော်တုန်လှုပ်သွားတာပေါ့။ "ဒီလူက ကျွန်တော့်ပိုက်တည့်တည့်ကို သေနတ်နဲ့ချိန်ထားတာဗျ။ ပြီးလည်း ပြီးရော 'ညီလေး.. မင်းလက်ထဲက ဟာလေး ပေးစမ်းကွာ' ဆိုတော့ ကျွန်တော်လည်း ဘာလုပ် ရမလဲလို့ အသည်းအသန်စဉ်းစား ရတာပေါ့။ ကားတံခါးက ကျွန်တော့်လက်တစ်ကမ်း မှာ။ ဒီတံခါးနဲ့ ဒီကောင့်ခြေထောက်ကို ဆောင့်ပိတ်ပစ်လိုက်ပြီး ကျွန်တော်တို့နှစ် ယောက် ထွက်ပြေးရင်ကောင်းမလားပေါ့။ ဒါပေမဲ့ သူ ကျွန်တော့်ကိုအရင်ပစ်ထည့်လိုက် ဖို့က ဖြစ်နိုင်ချေများနေတော့ ဘလူးဘောက်စ်ကိုပဲ သူ့ဆီ ခပ်ဖြည်းဖြည်း လှမ်းပေးလိုက် ရတော့တာပေါ့" လို့ ဂျော့က သူ့ရဲ့စိတ်လှုပ်ရှားဖွယ် အတွေ့အကြုံကို ပြန်ဖောက်သည် ချပါတယ်။

ဒါဟာ တကယ့်ကိုထူးဆန်းတဲ့ ခါးပြတိုက်မှုပါပဲ။ သေနတ်နဲ့ထောက်ပြီး ဘလူးဘောက်စ် ယူသွားတဲ့လူက ဂျော့ကိုသူ့ရဲ့ဖုန်းနံပါတ်ပေးသွားပြီး ဒီပစ္စည်းတကယ် အလုပ်လုပ်တယ်ဆိုရင် ကျသင့်တဲ့ပိုက်ဆံ ငါပေးနိုင်ဖို့ကြိုးစားမယ်လို့ ပြောသွားသတဲ့ ဗျာ။ နောက်ရက်အနည်းငယ်အကြာမှာ ဒီလူပေးသွားတဲ့နံပါတ်ကို ဖုန်းခေါ်ကြည့်တော့ ဒီပစ္စည်းကို ဘယ်လိုသုံးရမလဲ မသိဘူးဖြစ်နေတယ်လို့ ဆိုပါတယ်။ ဂျော့က သူ့ရဲ့ နားဝင်အောင်ပြောနိုင်တဲ့အစွမ်းကိုသုံးပြီး လူမြင်ကွင်းတစ်နေရာမှာ သူတို့နှစ်ယောက်ကို လာတွေ့ဖို့ သေနတ်သမားကို ချိန်းလိုက်ပါသေးတယ်။ ဒါပေမဲ့ နောက်တော့ ဒေါ်လာ ၁၅၀ တန်ပစ္စည်းကို ပြန်ရတာအသာထား၊ ဘာမှန်းမသိတဲ့ သေနတ်သမားနဲ့ နောက် တစ်ကြိမ်ထပ် မတွေ့တော့တာပဲကောင်းပါတယ်လို့ ဆုံးဖြတ်ပြီး မသွားဖြစ်ခဲ့ပါဘူး။


ဂျော့နဲ့ ဝေါ့ဇ်တို့နှစ်ယောက်ရဲ့ကြားက ဆက်သွယ်မှုကလည်း ပိုမိုကြီးမားတဲ့ စွန့်စားခန်းတွေ ဆက်လုပ်ကြဖို့ကို လမ်းကြောင်းပေးနေသလိုပါပဲ။ "ဘလူးဘောက်စ် ကိစ္စသာ မလုပ်ဖြစ်ခဲ့ရင် Apple ဆိုတာလည်း ဖြစ်လာမှာမဟုတ်ဘူး။ ဒါ ရာနှုန်းပြည့် သေချာပါတယ်။ ကျွန်တော်နဲ့ ဝေါ့ဇ်နဲ့က နှစ်ယောက်တွဲပြီး ဘယ်လိုအလုပ်လုပ်ကြမလဲ ဆိုတဲ့နည်းလမ်းရှာတွေ့ခဲ့ကြတယ်။ ပြီးတော့ နည်းပညာဆိုင်ရာပုစ္ဆာတွေကို အဖြေရှာ ပြီး တစ်ခုခုကို ကျွန်တော်တို့ထုတ်လုပ်နိုင်တယ်လို့လည်း ယုံကြည်မှုတွေရလာကြ တယ်" လို့ ဂျော့ကဆိုပါတယ်။ ဝေါ့ဇ်ကလည်း တစ်လေသံတည်းပါပဲ။ "ဘလူးဘောက်စ် တွေထုတ်ပြီး ရောင်းတာဟာတကယ်တော့ ပြဿနာတက်မယ့်စိတ်ကူးမျိုး ဖြစ်ကောင်း ဖြစ်ခဲ့မယ်။ ဒါပေမဲ့ ဒီလိုလုပ်ခဲ့ရာကနေပဲ ကျွန်တော့်ရဲ့အင်ဂျင်နီယာပိုင်းမှာ ကျွမ်းကျင်မှု နဲ့ ဂျော့ရဲ့စိတ်ကူးအမြင် နှစ်ခုပေါင်းစပ်ပြီး ဘာတွေလုပ်နိုင်တယ်ဆိုတာကို ခံစားမိလာ ကြတာပဲလေ" လို့ ဆိုပါတယ်၊ တကယ်တော့ သူတို့နှစ်ယောက်ဟာ ဒေါ်လာဘီလီယံ သန်းပေါင်းများစွာတန်တဲ့ အခြေခံ

စီးပွားရေးအဆောက်အဦတစ်ခုလုံးကို ထိန်းချုပ်နိုင်မယ့် ဆားကစ်ပြားသေးသေးလေးသာ ပါတဲ့ အံ့ဖွယ်ပစ္စည်းတစ်ခုကို တီထွင်နိုင်ခဲ့ကြတာပါ။

ဘလူးဘောက်စ် စွန့်စားခန်းဟာ ဂျော့တို့နှစ်ယောက်ကြားမှာ မကြာမီ မွေးဖွားလာမယ့် လုပ်ဖော်ကိုင်ဖက် ပုံစံတစ်မျိုးကို အုတ်မြစ်ချပေးခဲ့တယ်လို့ ဆိုရင် မမှားပါဘူး။ သူ လုပ်ထားသမျှ အရမ်းသားနားတဲ့ တီထွင်မှုတွေကို လိုချင်ယူသွားဆိုပြီး ပျော်ပျော် ကြီးပေးပစ်တတ်တဲ့ ဝေါ့ဇ်ဆိုတဲ့ အင်ဂျင်နီယာကဝေ တစ်ယောက်ရယ်၊ ဖန်တီးလို့ရလာတဲ့ ပစ္စည်းကို သုံးစွဲသူနဲ့ တစ်သားတည်း ကျအောင် ပြုပြင်၊ ပါကင်လှလှလေးထုပ်၊ ပြီးရင်ဈေးကွက်တင်ပြီး အိတ်ထဲကို ငွေတွေဘယ်လို ရောက်လာအောင် လုပ်ရမလဲ ဆိုတာကို နည်းလမ်းရှာတတ်တဲ့ စတိဗ်ဂျော့ဆိုတဲ့ ချာတိတ် တစ်ယောက် ... သူတို့နှစ်ဦး ရဲ့ လုပ်ဖော်ကိုင်ဖက် ဇာတ်လမ်းအစပေ့ါ။

# အခန်း (၃)

## ၁၉၇၂ နွေဦး



နှင်းခဲတွေအရည်ပျော်ချိန်။ ဒီအချိန်ဟာ ကျောင်းတွေပိတ်တဲ့ လွမ်းမောဖွယ် ကာလတစ်ခုပေါ့။ ဂျော့တစ်ယောက်ကတော့ အပျော်ကြီးပျော်နေပါတယ်၊ အညိုရောင် ခပ်ဖျော့ဖျော့ဆံပင်တွေရယ်၊ စိမ်းဖန့်ဖန့်မျက်ဝန်းတစ်စုံရယ်၊ ထိလွယ်ရှလွယ်တဲ့ အသွေး အရောင်နဲ့ ဆွဲဆောင်မှုတွေအပြည့်ရှိတဲ့ ခရစ်ဆန်ဘရန်နန်ဆိုတဲ့ မိန်းမချောလေးရဲ့ အစွမ်းကြောင့်ပေါ့။ ကွာရှင်းပြတ်စဲထားတဲ့ မိဘနှစ်ယောက်ကြားမှာ ကြီးပြင်းလာရတဲ့ ခရစ်ဆန်ဘရန်နန်ဆိုတဲ့ မိန်းကလေးဟာ ဂျော့ရဲ့ပထမဆုံး တရားဝင်ရည်းစားလို့လည်း ပြောလို့ရပါတယ်။ သူတို့နှစ်ယောက်ဟာ အထူးပြုလုပ်ချက်တွေနဲ့ ပြုလုပ်ထားတဲ့ ရုပ်ရှင် ရိုက်ကူးရေးတစ်ခုမှာ အလုပ်အတူတူလုပ်ရင်း တကယ့်သမီးရည်းစားရယ်လို့ ပီပီပြင် ပြင်ဖြစ်တဲ့ အဆင့်ကိုရောက်သွားခဲ့ကြတာပါပဲ။ “စတိဗ်ဟာ နည်းနည်းခပ်ကြောင် ကြောင်ပဲ။ ဒါကြောင့်လည်း ကျွန်မသူ့ကိုသဘောကျသွားတာပေါ့” လို့ ခရစ်ဆန်ဘရန် နန်က ဆိုပါတယ်။

ဂျော့ရဲ့ အူကြောင်ကြောင်နိုင်မှုဆိုတာ ပရမ်းပတာတော့မဟုတ်ပါဘူး။ တစ်စုံ တစ်ရာအဓိပ္ပါယ်ရှိတဲ့ ကိစ္စတွေကနေပေါက်ဖွားလာတယ်လို့ ဆိုရပါမယ်။ ဂျော့ တစ်သက်လုံးစွဲစွဲမြဲမြဲလုပ်လာတဲ့ သားသတ်လွတ်စားတဲ့အကျင့်ကို အဲဒီမှာစလုပ်နေပါ ပြီ။ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးကလွဲပြီး တခြားဘာမှမစားတာမျိုးပေါ့။ အဲဒီအချိန်တုန်းက ဂျော့ဟာ ဝှစ်ပတ်ခွေးလေးတစ်ကောင်လို တကယ့်ကို ကျစ်ကျစ်လစ်လစ် ပိန်ပိန်ပါး ပါးရယ်ပါ။ ပြီးတော့ လူတစ်ယောက်ကို မျက်တောင်မခတ်ဘဲ

စိုက်ကြည့်နိုင်အောင် လေ့ကျင့်ထားတာမျိုးတို့၊ အချိန်အကြာကြီး ငြိမ်သက်တိတ်ဆိတ်နေပြီးမှ ပြုန်းဆို စကားတွေကို လျှာခလုတ်တိုက်မတတ် ထပြောတာမျိုးတို့ဟာ ဂျော့ရဲ့ကြောင်ကွက် တွေထဲက တစ်ချို့ပေါ့။ ဆံပင်ရှည်ဖားလျားနဲ့ ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေးဗရဗျစ်နဲ့ဆိုတော့ ခပ်ကြောင်ကြောင် နတ်ဆရာတစ်ယောက်ပုံစံလည်း ပေါက်နေတာပေါ့။ ဩဇာအာဏာ သက်ရောက်တဲ့ အသွင်အပြင်မှာ ကြက်သီးထဖွယ် စေစားမှုမျိုးကိုပေါင်းစပ်ထားတဲ့ သဘောဆိုပါစို့။

ဂျော့က ဆေးလည်းစသုံးနေပါပြီ။ သူ့ရည်းစား ခရစ်ဆန်ကိုတောင် ပေးသုံးပါ သေးတယ်။ သူ့ရဲ့အတွေ့အကြုံကို ဂျော့ကပြန်ပြောတာကတော့ “အဲဒါက အရမ်းမိုက်တယ်ဗျာ။ ဂျုံခင်းတစ်ခုထဲမှာ သွားပြီးချတုန်းကပေါ့။ အဲဒီအချိန်မှာ ဘတ်ခ် (Bach) ရဲ့ တေးသွားတွေကို နားထောင်နေတာဗျ။ အဲဒီမှာ ချက်ချင်းပဲဂျုံခင်းကြီးက ထပြီးတော့ ဘတ်ခ်ရဲ့တေးသွားတွေကို တီးပါလေရော။ အဲဒီအနေအထားဟာ ကျွန်တော့်ဘဝမှာ ခံစားဖူးသမျှထဲမှာ အထူးကဲဆုံးခံစားချက် တစ်မျိုးပဲဗျာ။ ဂျုံပင်တွေကြားထဲကနေ ဘတ်ခ် (Bach)က ထွက်လာပြီး ကျွန်တော်က ဒီဂျုံခင်း ဆင်ဖိုနီအဖွဲ့ကြီးရဲ့ အလယ်တည့်တည့် မှာ ဂီတမှူးလုပ်နေရတဲ့အတိုင်းပါပဲ” တဲ့။

အထက်တန်းကျောင်းဆင်းပွဲပြီးတော့ ဂျော့နဲ့ ဘရန်နန်တို့ သမီးရည်းစားနှစ် ယောက်ဟာ တောင်ပေါ်ကသစ်လုံးအိမ်လေးတစ်ခုဆီ ပြောင်းနေခဲ့ကြတယ်။ ကျွန်တော် ခရစ်ဆန်နဲ့အတူ တောင်ပေါ်ကသစ်လုံးအိမ်လေးဆီ ပြောင်းနေတော့မယ်လို့ ဂျော့က သူ့မိဘတွေကို အသိပေး လိုက်တော့ ဂျော့ရဲ့အဖေဟာ ဒေါသတွေအကြီးအ ကျယ်ထွက်ပါလေရော။ “မင်း မသွားရဘူး၊ ငါသေမှပဲရလိမ့်မယ်” ဆိုပြီး တားပါသေးတယ်။ သားအဖနှစ်ယောက်ဟာ မကြာသေး ခင်ကပဲ ဆေးခြောက်ကိစ္စနဲ့ စကားများထားကြတာမလား။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ ဂျော့ပဲ အသာစီးရသွား ပါတယ်။ ဂွတ်ဘိုင်လို့ပြောပြီး အိမ်ပေါ်ကဆင်းချလာတော့တာပဲ။

တောင်ကုန်းပေါ်ကသစ်လုံးအိမ်လေးမှာ ဘရန်နန်က ပန်းချီကားတွေဆွဲလိုက်၊ ဂျော့က ကဗျာတွေရေးလိုက်၊ ဂစ်တာတီးလိုက်နဲ့ အချိန်ဖြုန်းခဲ့ကြပါတယ်။ ဘရန်နန်က ဂျော့ပုံတူရုပ်ပြောင် ပန်းချီကားတစ်ချပ်တောင် ဆွဲပေးခဲ့ပြီး အဲဒီပုံဟာ ဂျော့ရဲ့အိမ်က နံရံ ပေါ်မှာ ချိန်လျက်သား ရှိပါသေးတယ်။ ဂျော့ဟာ တစ်ခါတစ်လေမှာ ဘရန်နန်အပေါ် ရိုင်းပျပြီးမညှာမတာ အေးတိအေးစက်နဲ့ ဆက်ဆံခဲ့တဲ့အခါတွေလည်း ရှိခဲ့ဖူးပေမယ့် တစ်ချိန်တည်းမှာပဲ ဂျော့ဟာ ကိုယ့်ဆန္ဒကိုတစ်ဖက်လူ လိုက်လျောအောင်လုပ်နိုင်တဲ့ ညှို့ဓါတ်တစ်မျိုးကိုလည်း ပိုင်ဆိုင်ထားပါတယ်။ ဘရန်နန်ရဲ့ မှတ်ချက်တစ်ခုကတော့ “သူ ဟာ ဉာဏ်ပညာကြီးကျယ်ပြီး ရက်စက်တတ်တဲ့လူစားတစ်မျိုးပါ။ ထူးဆန်းတဲ့အရာနှစ်ခု ပေါင်းစပ်ထားတဲ့သူပေါ့” လို့ ဆိုပါတယ်။

တစ်ရက်မှာ ဂျော့ဟာ သူ့ရဲ့ဖီးယက်ကားအနီရောင်ပေါ်မှာ မောင်းလာတုန်း ကားက မီးထလောင်လို့ အသက်ဘေးနဲ့ကြုံလုဆဲဆဲ ဖြစ်သွားပါသေးတယ်။ လူက အသက်မသေဘဲ လွတ်လာခဲ့ပေမယ့် ကားကတော့မောင်းမရတော့အောင် ပျက်စီးသွား ပါတယ်။ ဒါနဲ့ ကားအသစ်တစ်စီးဝယ်ဖို့ ပိုက်ဆံလိုလာတော့ ဂျော့နဲ့ ဝေါ့ဇ်နီးယက်ခ်တို့ နှစ်ယောက် ဒီအန်းဇက် ကောလိပ်ရဲ့ ကြော်ငြာသင်ပုန်းမှာသွားပြီး အလုပ်ရှာကြတာပေါ့။ ရှော့ပင်းစင်တာတစ်ခုမှာ လေထိုးရုပ်ကြီးတွေထဲ ဝင်ပြီး ကလေးတွေကိုဖျော်ဖြေရတဲ့ အလုပ်ကို တစ်နာရီသုံးဒေါ်လာနဲ့ ရသွားကြတယ်။ ကလေးချစ်တတ်တဲ့ ဝေါ့ဇ်အတွက် ကတော့ ဒီအလုပ်ဟာ ပျော်စရာ စွန့်စားခန်းတစ်ခုလိုပဲ အဆင်ပြေပါတယ်။ ဒါပေမဲ့ ဂျော့ ကတော့ "ဝတ်စုံထဲမှာ အရမ်းပူတယ်ဗျ။ ဝတ်စုံက လေးလည်းလေး သေးတယ်။ ခဏလောက်လည်းနေရော ဒီကလေးတွေထဲက တစ်ယောက်ယောက်ကို ကိုင်ပေါက် ချင်စိတ် တွေပေါက်လာတော့တာပဲ" ဆိုတဲ့ လူစားမျိုးပါ။ စိတ်ရှည်သည်းခံခြင်းဆိုတာ ဘယ်တုန်းကမှ ဂျော့အတွက်အားသာစေတဲ့ အချက်တစ်ခုမဖြစ်ခဲ့ပါဘူး။

## ရိဒ်ကောလိပ်ဆီသို့

ဂျော့ရဲ့မိဘတွေကသာ သူတို့ပေးထားတဲ့ ကတိကဝတ်အတိုင်း ဂျော့ကို တက္ကသိုလ်ပို့နိုင်အောင် ကြိုးစားရုန်းကန်နေရပေမယ့် ဂျော့ကတော့တက္ကသိုလ်မတက်ဘူး၊ ဘာညာဆိုပြီး ပြဿနာရှာနေပါသေးတယ်။ တကယ်လို့များ သူဟာတက္ကသိုလ် ဆက်မတက်ဖြစ်ခဲ့ရင် နယူးယောက်ကို ရောက်နေမယ်ဆိုပဲ။ နောက်ဆုံးမိဘတွေက ဇွတ်ပြောလို့ တက္ကသိုလ်တက်ဖို့ လက်ခံလိုက်တော့လည်း ဂျော့ကပြဿနာတစ်ခု ထပ်သယ်လာပြန်ပါတယ်။ ဘာကလေတို့၊ စတန်းဖို့ဒ်တို့လို ပြည်နယ်အတွင်းက တက္ကသိုလ် တွေဆို မစဥ်းစားဘူးလို့ အကျပ်ကိုင်ပါတယ်။ စတန်းဖို့ဒ် တက္ကသိုလ်ဆိုတာ ဂျော့တို့အိမ် နဲ့ တစ်လမ်းကျော်လောက်ပဲကွာပြီး စကောလားရှစ် လျှောက်မယ် ဆိုလည်း ရနိုင်ခြေရှိတဲ့ တက္ကသိုလ်ထဲမှာ ပါ,ပါတယ်။ ဒါပေမဲ့ ဂျော့ကတော့ "စတန်းဖို့ဒ်ကို သွားတဲ့ကောင်တွေ က ကိုယ်ဘာလုပ်ချင်ဆိုတာ သိပြီးသားကောင်တွေဗျ။ ဒီကောင်တွေက ဘာမှ အနုပညာ မဆန်ပါဘူးဗျာ။ ကျွန်တော်လိုချင်တာက ဒီထက်ပိုအနုပညာဆန်ပြီး စိတ်ဝင်စားစရာ ကောင်းတဲ့အရာမျိုးဗျ" လို့ဆိုပါတယ်။

အောရီဂွန်ပြည်နယ်မှာရှိတဲ့ ပုဂ္ဂလိကပိုင် အနုပညာကျောင်း တစ်ကျောင်းဖြစ်တဲ့ ရိဒ်ကောလိပ်မှာ ပဲတက်မယ်လို့ တင်းခံနေပါတယ်။ ရိဒ်ကောလိပ်ဆိုတာ အမေရိကရဲ့ စရိတ်စက အကြီးဆုံး အနုပညာကျောင်းတစ်ခုပါ။ ဂျော့ဟာ ဘာကလေမှာရှိတဲ့ ဝေါ့ဇ်ဆီ သွားလည်နေတုန်း ရိဒ်ကောလိပ်က

လက်ခံတဲ့စာကျလာပါတယ်။ ဂျော့ရဲ့အဖေ၊ အမေ နှစ်ယောက်လုံးက ရိဒ်ကောလိပ်ဆိုတာ သူတို့ဘယ်လိုမှမတတ်နိုင်တဲ့ နေရာတစ်ခုမို့ အဲဒီကိုမသွားဖို့ ဂျော့ကိုနားချကြပါသေးတယ်။ ဒါပေမဲ့ ဂျော့ကတော့ ရိဒ်ကိုမှမသွားရရင် ဘယ်တက္ကသိုလ်မှမတက်ဘူးဆိုတဲ့ ရာဇသံနဲ့တုံ့ပြန်တာပေါ့။ ထုံးစံအတိုင်းပါပဲ။ နောက် ဆုံးတော့ ဂျော့ရဲ့အလိုကိုလိုက်လျောလိုက်ရပါတယ်။

ရိဒ်မှာကျောင်းသားအားလုံးပေါင်း တစ်ထောင်တိတိပဲလက်ခံပါတယ်။ စိတ်လွတ်ကိုယ်လွတ်နဲ့ ဟစ်ပီစတိုင်ရှိတဲ့ ကျောင်းသားတွေရယ်၊ တင်းကျပ်တဲ့အဆင့်မြင့် ပညာရေးစံချိန်စံညွှန်းတွေရယ် ပေါင်းစပ်ထားမှုကြောင့် နာမည်ကြီးတဲ့ကျောင်းတစ်ခုပါ။ ရိဒ်က ကျောင်းသားအများစု စွဲကိုင်ထားတဲ့ ဆောင်ပုဒ်ကတော့ “နှိုးဆွပါ။ ကြိုးညှိပါ။ ပြီးရင် ထွက်သွားပါ” တဲ့။ ဆောင်ပုဒ်ကတော့ ခပ်တိုတိုပါပဲ။ ၁၉၇၀ တစ်ဝိုက်မှာ နှစ်စဥ် ရိဒ်ကောလိပ်ရဲ့ကျောင်းသား သုံးပုံတစ်ပုံဟာ ကျောင်းမပြီးသေးဘဲနဲ့ ထွက်သွားကြပါ တယ်။

၁၉၇၂ မှာ ရိဒ်ကောလိပ်ကို စတက်ရတော့ မိဘနှစ်ယောက်က ကိုယ်တိုင်ကား မောင်းပြီး လိုက်ပို့တုန်းက အဖြစ်အပျက်ကို ဂျော့က အခုလိုပြန်ပြောပြပါတယ်။

“ကျွန်တော်ဘဝမှာ တကယ့်ကို ရှက်စရာကောင်းတဲ့ ကိစ္စပါပဲ။ လိုက်ပို့တဲ့ ကျွန်တော် မိဘနှစ်ယောက်လုံးကို နှုတ်ဆက်စကားလည်းမပြော၊ ကျေးဇူးတင်ပါတယ်လို့ လည်းမပြောခဲ့တဲ့အပြင် သူတို့ကိုနာကျင်အောင် လုပ်ခဲ့မိတယ်။ ကျောင်းဝင်းထဲထိ သူတို့ကလိုက်ပို့ချင်တာကို ကျွန်တော်က ခွင့်မပြုခဲ့ဘူး။ ကျွန်တော်ဒီလိုမလုပ်ခဲ့သင့်ဘူး။ ကျွန်တော် ဒီနေရာကိုရောက်အောင် သူတို့တွေ အများကြီး ရုန်းကန်ကြိုးစားခဲ့ရတာ။ ဒါပေမဲ့ ကျွန်တော်က သူတို့ ကျောင်းဝင်းထဲလိုက်မှာကိုတောင် မလိုလားခဲ့ဘူး။ ကျွန်တော့်မှာ မိဘဆိုတာ ရှိတယ်လို့လည်း ဘယ်သူမှမသိစေချင်ခဲ့ဘူး။ ဘာဘက်ဂရောင်းမှမရှိ၊ ဘာအဆက်အသွယ်မှမရှိ၊ ဘာအခြေအမြစ်မှမရှိဘဲ ရထားတွဲတွေပေါ် လျှောက်သွားနေတဲ့ မိဘမဲ့ကလေးတစ်ယောက်က ဘယ်ဆီကနေမှန်းမသိ ပေါက်ချလာတဲ့ပုံစံမျိုး ဖြစ်ချင်ခဲ့တာ” လို့ရင်ဖွင့်ပါတယ်။

၁၉၇၂ ကုန်ခါနီးလောက်ရောက်တော့ အမေရိကရဲ့တက္ကသိုလ် အသိုင်းအဝိုင်းထဲမှ အခြေခံကျတဲ့ အပြောင်းအလဲတစ်ခု စပေါ်ပေါက်နေပါပြီ။ ဗီယက်နမ်စစ်ပွဲမှာ ဝင်တိုက်နေတဲ့ အမေရိကရဲ့ စစ်အရှိန်လျှော့သွားပြီး တက္ကသိုလ်ကျောင်းသားအများစုရဲ့ စကားဝိုင်းတွေမှာလည်း လူတစ်ဦးချင်းစီရဲ့ ကိုယ်ပိုင်ပုဂ္ဂလဘဝကို စိတ်ကြိုက်ပြဋ္ဌာန်းခွင့်ဆိုတဲ့ အကြောင်းအရာက ကြီးစိုးလာပါတယ်။ ဂျော့ဟာလည်း စိတ်ပိုင်းဆိုင်ရာ၊ ဉာဏ်ပညာအလင်းပွင့်မှုဆိုင်ရာ အကြောင်းတွေကို ရေးသားထားတဲ့ စာအုပ်တွေရဲ့ လွှမ်းမိုးမှုအောက်ကို ရောက်လာပါတယ်။ အတိအကျပြောရမယ်ဆိုရင် ဘာသာရမ် -

ဒတ်စ်ရဲ့ တရားကျင့်နည်းလမ်းညွှန်နဲ့ စိတ်ကုထုံးဆိုင်ရာ စာအုပ်တစ်အုပ်ဖြစ်တဲ့ ‘Be Here Now’ လို စာအုပ်မျိုးပေါ့။ ဂျော့အပါအဝင် တခြားဂျော့ရဲ့သူငယ်ချင်းများစွာအပေါ်မှာလည်း အများကြီး သက်ရောက် လွှမ်းမိုးခဲ့တဲ့ စာအုပ်လို့ဆိုပါတယ်။ ဂျော့နဲ့ ဂျော့ရဲ့ သူငယ်ချင်းတစ်တွေဟာ ဇင်ဗုဒ္ဓဘာသာကျင့်စဉ်တွေပေါ်မှာ အလေးအနက်ထား စိတ်ဝင်စားလာခဲ့ကြတယ်။

ဇင်ဗုဒ္ဓဘာသာအပေါ်မှာ ဂျော့ ပါဝင်ပတ်သက်ခဲ့တာဟာ အထူးအဆန်းကို သဘောကျတတ်တဲ့ သာမန်လူငယ်တစ်ယောက်ရဲ့ ခဏတာစိတ်ဝင်စားခဲ့တဲ့ပုံစံမျိုး မဟုတ်ပါဘူး။ တကယ့်ကို လေးနက် တင်းကျပ်တဲ့ စိတ်သဘောထားမျိုးနဲ့ ချဉ်းကပ်ခဲ့တယ်လို့ ဆိုရပါမယ်။ ဂျော့ဟာ တကယ့်ကို ဇင်ကျင့်စဉ်တွေထဲမှာ သူ့ကိုယ်သူ နှစ်မြှုပ်ထားပြီး မမိုတ်မသုန် အာရုံစူးစိုက်မှုမျိုးတွေ၊ အရှိအရှိ အတိုင်း ဖွင့်ချနေထိုင်တဲ့ ပုံစံတွေနဲ့ အနည်းဆုံးဝါဒကို ကိုင်စွဲတဲ့ လူငယ်တစ်ဦး ဖြစ်လာခဲ့တယ်လို့ ဂျော့ရဲ့ကျောင်းနေဖက် သူငယ်ချင်းတစ်ဦးဖြစ်တဲ့ ဒန်နီရယ်ကော့ကီက ပြန်ပြောပါတယ်။ ဗုဒ္ဓဘာသာတရားဟာ မွေးရာပါ ထိုးထွင်းသိမြင်နိုင်တဲ့ စိတ်အပေါ်မှာအဓိက အခြေခံတယ်ဆိုတဲ့ တွေ့ရှိမှုတစ် ခုကလည်း ဂျော့အပေါ်မှာ အများကြီးလွှမ်းမိုးခဲ့ပါတယ်။ “မွေးရာပါ ထိုးထွင်းသိမြင်နိုင်တဲ့ စိတ်အာရုံရယ်၊ လူ့ရဲ့အသိတရားရယ်ဟာ တမင်လုပ်ယူထားတဲ့ တွေးခေါ်စဥ်းစားနည်းနဲ့ ကျိုးကြောင်း ယုတ္တိနဲ့ သရုပ်ခွဲ တွေးခေါ်နည်းတွေထက် အများကြီးအရေးပါတယ်လို့ ကျွန်တော် သိမြင်လာတယ်” လို့ ဂျော့ကဆိုပါတယ်။ ဒါပေမဲ့ ဂျော့ရဲ့တင်းမာလေးနက် လွန်းတဲ့စရိုက်ကြောင့် စိတ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းမှုကို ရဖို့တော့ ခက်ခဲနေခဲ့ပါတယ်။ ဇင်ကပေးတဲ့ သတိသမ္ပဇဥ်တရားက တည်ငြိမ်မှု၊ စိတ်အေးချမ်းမှုနဲ့ ငြိမ်းချမ်းမှုတွေကိုတော့ ဂျော့အတွက် မဆောင်ကြဉ်းပေးနိုင်ခဲ့ဘူးလို့ ဆိုရပါမယ်။

ဂျော့အပေါ် လွှမ်းမိုးခဲ့တဲ့ နောက်ထပ် စာအုပ်တစ်အုပ်ကတော့ ဖရန့်ဆက် မောလတ်ပီရဲ့ ကိုယ်ကိုယ်တိုင်နဲ့ ကမ္ဘာကြီးရဲ့ကောင်းကျိုးအတွက် သက်သတ်လွတ်ဝါဒ ဟာ အရေးကြီးတဲ့ အကြောင်း တင်ပြထားတဲ့ ‘Diet for A Small Planet’ ဆိုတဲ့ စာအုပ် ပါပဲ။ အဲဒီစာအုပ်ဖတ်ပြီးတဲ့နောက်မှာ ဂျော့ဟာ အသားစားခြင်းကို အပြီးတိုင်စွန့်လွှတ်လိုက်ပါတော့တယ်။ ဒါပေမဲ့ နဂိုကမှ အလွန်အကျူး အစားအသောက်ရှောင်ကြဉ်တဲ့ အကျင့်မျိုးကိုတိမ်းညွှတ်နေတဲ့ ဂျော့ကို ဒီစာအုပ်က အဆင်းဘီးတပ်ပေးသလို ဖြစ်သွားပါတယ်။ ဂျော့ဟာ နောက်ပိုင်းမှာ ဥပုသ်စောင့်တာ၊ ဘာအစာမှမစားဘဲနေတာ ဒါမှမဟုတ် အသီးနှစ်မျိုးလောက်ကလွဲပြီး တခြားဟာတွေ လုံးဝမစားဘဲနေတာတို့ လုပ်လာပါတယ်။ ဈေးဝယ်ထွက်ရင် မုန်လာဥနီတွေချည်း ဝယ်လာပြီး မုန်လာဥနီကိုပဲ ဖျော်ရည်လုပ်သောက်လိုက်၊ သုပ်စားလိုက်နဲ့ ရက်ပေါင်းများစွာ နေ့နေတတ်ပါတယ်။ နောက်ဆုံးမှာ မုန်လာဥနီတွေချည်းပဲ အကြာကြီးစားလာတဲ့အတွက် ဂျော့ရဲ့အသားအရေဟာ

လိမ္မော်သီးတစ်လုံးလိုပဲ အဝါရောင် ပြောင်းသွားခဲ့ဖူးတယ်လို့ ဂျော့ရဲ့ကျောင်းနေဖက်တွေက ပြန်ပြော ဖူးပါတယ်။ ဒါဟာ တကယ်ဖြစ်ခဲ့တာပါ။

သစ်သီးနဲ့ ဟင်းသီးဟင်းရွက်တွေကိုပဲ စားရင် ခန္ဓာကိုယ်ထဲက အကျိ၊ အချွဲနဲ့ သလိပ်တွေကို ရှင်းထုတ်ပေးနိုင်တယ်လို့ ယုံကြည်လာတဲ့ ဂျော့ဟာ သစ်သီးနဲ့ဟင်းရွက်ကလွဲလို့ တခြားဘာမှ မစားတော့ပါဘူး။ ခန္ဓာကိုယ်ထဲက အညစ်အကြေးတွေ သန့်စင်တဲ့ သဘောနဲ့ ရက်အကြာကြီး ဘာအစာမှ မစားဘဲနေတာမျိုးလည်း လုပ်လာပါတယ်။ တစ်ပတ်လောက်အထိ ဘာအစာမှမစားဘဲ နေနေတတ်ပါတယ်။ "တစ်ပတ်လောက် နေပြီးရင် နေရတာအရမ်းကောင်းလာလိမ့်မယ်။ ခန္ဓာကိုယ်က လုံးဝအစာချက်စရာမလို တော့တဲ့အတွက် အသက်ပါပြီးတက်ကြွတဲ့ ခံစားမှုမျိုးကို ခင်ဗျားအပြည့်အဝ ခံစား လာရမယ်။ ဆန်ဖရန်စစ္စကိုလို နေရာမျိုးကို အချိန်မရွေးထပြီး လမ်းလျှောက်သွားမယ်ဆို တောင်သွားနိုင်တယ်လို့ ခံစားခဲ့ရတယ်" လို့ ဂျော့က သူ့ရဲ့ ဥပုသ်စောင့်ရတဲ့ အတွေ့အကြုံကို ပြန်ပြောပြပါတယ်။

သက်သတ်လွတ်ဝါဒ၊ ဇင်ဗုဒ္ဓဘာသာ၊ တရားကျင့်စဥ်၊ စိတ်ဝိဉာဉ်ပိုင်းဆိုင်ရာ ကိစ္စ၊ မူးယစ်ဆေး၊ ရော့ခ်ဂီတစတဲ့ ခေါင်းစဥ်တွေအောက်မှာ ဂျော့ဟာပျော်ပျော်ကြီး စုန်ဆန်ကူးခတ်နေခဲ့တာပေ့ါ။ ဒီပုံစံဟာ အဲဒီခေတ်ကာလ အမေရိကရဲ့ ပုံရိပ်တစ်စိတ် တစ်ဒေသဖြစ်တဲ့ အသိဉာဏ်တရားကို ရှာဖွေနေကြတဲ့ တက္ကသိုလ်ကျောင်းသား လောကရဲ့ သင်္ကေတတစ်ခု ဆိုရင်လည်း မမှားပါဘူး။ ရိဒ်မှာ ဖြတ်သန်းနေတဲ့ ကာလ အတွင်း ဂျော့ရဲ့ အီလက်ထရောနစ်ပညာကို ချစ်တဲ့စိတ်က ရှေ့ထွက်မလာ ခဲ့ပေမယ့် တစ်နေ့မှာ ဒီဖြတ်သန်းမှုတွေနဲ့ ပေါင်းစပ်ပေါ်ထွက်လာမယ့် အီလက်ထရောနစ် နည်းပညာ အပေါ် ရှုံးသွပ်တဲ့ဗီဇဟာ ဂျော့ရဲ့ ဝိဉာဥ်တစ်နေရာမှာ ပုန်းအောင်း စောင့်ဆိုင်းနေခဲ့ ပါတယ်။

## ကျောင်းထဲက ဂုရုတစ်ပါး

တစ်နေ့မှာပိုက်ဆံလိုလာတဲ့အတွက် သူ့ရဲ့ IBM လက်နှိပ်စက်ကို ထုတ်ရောင်းဖို့ ဖြစ်လာပါတယ်။ ကျောင်းသားတစ်ယောက်က ဝယ်မယ်ဆိုလို့ လက်နှိပ် စက်လေးပိုက်ပြီး အဲဒီကျောင်းသားအခန်းထဲ ဝင်သွားတဲ့အခါ အဆိုပါကျောင်းသားက ခုတင်ပေါ်မှာ သူ့ရည်းစားနဲ့ ချစ်တင်းနှောနေလျက်တန်းလန်းကြီး ပက်ပင်းသွားတွေ့ပါတယ်။ ဂျော့က ပြန်ထွက်မယ်လို့လုပ်တော့ အဆိုပါကျောင်းသားက အထဲဝင်ခဲ့ဖို့ ဖိတ်ခေါ်ပြီး သူတို့ကိစ္စ ပြီးတဲ့အထိ ခဏထိုင်စောင့်ပါလို့ပြောပြီး ဂျော့ကိုဘေးမှာထားရင်း သူ့ရည်းစားနဲ့ ဆက်စခန်းသွားပါတယ်။ ဒီကျောင်းသားရဲ့နာမည်ကတော့ ရောဘတ်ဖရိုက်ဒ်လန့်ဒ် ပါတဲ့။ ဒီလိုနဲ့ ဂျော့နဲ့ ရောဘတ်တို့ရဲ့ ခင်မင်မှုအစပြုခဲ့ပြီး ရောဘတ်ဟာ ဂျော့ရဲ့ဘဝမှာ ဂျော့ကို မင်သက်စေအောင် လုပ်နိုင်စွမ်းတဲ့ ရှားရှားပါးပါး သူငယ်ချင်းတွေထဲက

တစ်ယောက်ဖြစ် လာပါတယ်။ ဂျော့ဟာ ရောဘတ်ရဲ့ သူများအပေါ် ဩဇာလွှမ်းမိုးတတ်တဲ့ ဉာဥ်မျိုးကိုတောင် အားကျအတုယူခဲ့ပြီး ရောဘတ်လည်း ဘာမှမဟုတ်တဲ့ သူလိုငါလိုပါပဲလား ဆိုတာ မသိခင်အချိန်ထိ ရောဘတ်ကို ဂုရုတစ်ပါးလောက် သဘောထားပြီး အထင်တကြီးနဲ့ ဆက်ဆံခဲ့ ပါတယ်။

ရောဘတ်ဟာ ဂျော့ထက်လေးနှစ်လောက်ကြီးပေမယ့် ဘွဲ့မရသေးပါဘူး။ သူဟာ မိန်းက အနုပညာကျောင်းတစ်ခုမှာ ကျောင်းတက်ခဲ့ပေမယ့် ပထမနှစ်လောက်မှာပဲ စိတ်ကြွဆေးအပြား ၂၄၀၀၀ လောက်နဲ့ အတူဖမ်းမိလို့ ထောင် ၂ နှစ်ကျသွားပြီး ၁၉၇၂ မှာ ထောင်က လွတ်လာပြီးတဲ့ နောက် ရိဒ်ကောလိပ်ကို ရောက်လာခဲ့ပြီး ဘယ်ကနေဘယ်လိုမှန်းမသိ ကောက်ကာ ငင်ကာကြီး ရိဒ်ကျောင်းသားသမဂ္ဂအဖွဲ့ရဲ့ ဥက္ကဋ္ဌ တက်ဖြစ်နေခဲ့သူပါ။ ရောဘတ်ဟာ Be Here Now စာအုပ်ရေးသား ဘာဘာရမ်ဒတ်စ်ရဲ့ ဟောပြောပွဲကို နားထောင်ပြီး အိန္ဒိယကနေ ပြန်လာပြီးတဲ့နောက် ဂမ္ဘီရနာမည် တစ်ခုကို ခံယူလိုက် ပြီး ခြေညှပ်ဖိနပ်နဲ့ အိန္ဒိယက ဂုရုတွေဝတ်တဲ့ ခြုံထည်သက်န်းကြီးကို ဝတ်ပြီးလျှောက် သွားနေတတ်ပါတယ်။ ရောဘတ်ဟာ ကျောင်းအပြင်က ကားဂိုဒေါင်တစ်ခုရဲ့ အပေါ်မှာ အခန်းတစ်ခုစီစဥ်ထားပြီး ဂျော့ဟာ အဲဒီကို မကြာမကြာ ရောက်သွားတတ်ပါတယ်။ မြင့်မြတ်တဲ့ အသိဉာဏ်ဆိုတာ တကယ်တည်ရှိတဲ့အရာဖြစ်ပြီး ကျင့်ယူရင် ရနိုင်တယ်ဆိုပြီး မာန်နဲ့ထန်နဲ့ ပြောတတ်တဲ့ ရောဘတ်ရဲ့ အပြောတွေကြားမှာ ဂျော့ဟာ မျောနေခဲ့ ပါတယ်။

"သူဟာ ကျွန်တော့်ရဲ့အသိကို နောက်တစ်ဆင့်မြှင့်ပေးခဲ့တယ်" လို့ ရောဘတ် နဲ့ ပတ်သက်တဲ့ သူ့အမြင်ကို ဂျော့က ပြောပါတယ်။ ရောဘတ်ဖရိုက်လန့်ဒ် ကလည်း ဂျော့ကို သဘောကျခဲ့တာပါပဲ။ "ဂျော့ဟာ ဖိနပ်မပါဘဲ သွားချင်ရာ လျှောက်သွားနေတတ်တယ်။ ကျွန်တော့်ကို ဆွဲဆောင်တာ ကတော့ သူ့ရဲ့ပြင်းထန်တဲ့စိတ်ပဲ။ ဂျော့ဟာတစ်ခုခု ကို စိတ်ဝင်စားလိုက်ပြီဆိုတာနဲ့ အဲဒီကိစ္စကို အတိုင်းအဆမရှိ အဆုံးစွန်ထိ ဆက်လုပ်တော့တာပဲ" ရောဘတ်က မှတ်ချက်ပြုပါတယ်။ ရောဘတ်နဲ့ ပေါင်းခဲ့တဲ့အတွက် ရောဘတ်ရဲ့ အခြေအနေတစ်ခုကို ကိုယ့်ဆန္ဒအတိုင်းဖြစ်အောင် လွှမ်းမိုး ကြိုးစားချင်တဲ့ ဗီဇ၊ ကိုယ့်ကိုယ်ကိုယ် သေချာပေါက် တွက်လွန်းတဲ့ အကျင့်၊ စိတ်အပြောင်းအလဲမြန်ပြီး အာဏာရှင်ဆန်ချင်တဲ့ စရိုက်စတဲ့ အကျင့်စရိုက်တွေဟာ ဂျော့ဆီကို အနည်းနဲ့အများ ကူးစက်လာတယ်လို့ဆိုရင် မမှားပါဘူး။ "အမှန်ဆို ဂျော့ဟာ ကျောင်းကိုရောက်စက ရှက်ကြောက် တတ်ပြီး ခပ်ကုပ်ကုပ်လေး နေတတ်တဲ့သူတစ်ဦးပါ။ ရောဘတ်နဲ့တွဲပြီးတဲ့ နောက်ပိုင်းမှ ဒီပုံစံပြောင်းလာတာ" လို့ ဂျော့ရဲ့ ကျောင်းနေဖက် ကော့ကီက ဆိုပါတယ်။

ဂျော့ဟာ ရောဘတ်နဲ့အတူ တနင်္ဂနွေတိုင်း ဟာရီကရစ်ရှနားဘုရားကျောင်းကို ပါသွားလေ့

ရှိတယ်။ ကော့ကီနဲ့ ဟုမ်းစ်လည်း တစ်ခါတစ်လေပါလာတတ် တယ်။ ဘုရား ကျောင်းရောက်တော့ အဆုတ်တွေပေါက်ထွက်လုမတတ် သီချင်းတွေအော်ဆိုကြ၊ ကကြတာပေါ့။ ရောဘတ်ကတော့ အရူးတစ်ယောက်လိုကွေးနေအောင် ကတတ်ပြီး ဂျော့ကတော့ စိတ်တွေလွှတ်ပစ်ရမှာကို ရှက်နေတဲ့ပုံနဲ့ မချင့်မရဲဖြစ်နေတတ်တယ်လို့ ဟုမ်းစ်က ပြန်ဖောက်သည်ချပါတယ်။ ကခုန်ကြပြီးရင်တော့ စက္ကူပေါ်မှာပုံထားတဲ့ သက်သတ်လွတ် ထမင်း၊ ဟင်းတွေစားကြတဲ့ အစီအစဥ်ပေါ့။ နောက်တော့ ရောဘတ်ဟာ ပေါ့တ်လန့်ဒ်အနားက သူ့ဦးလေးပိုင်တဲ့ စပျစ်ခြံတစ်ခုကို လူမှုရေးဂေဟာတစ်ခုအဖြစ် ဖန်တီးလိုက်တဲ့အခါ ဟုမ်းစ်တို့၊ ကော့ကီတို့ပ၊ ဂျော့တို့ စိတ်တူကိုယ်တူ သူငယ်ချင်းတစ်ဖွဲ့လည်း အဲဒီမှာလာလာပြီး အချိန်ဖြုန်းကြပါတော့တယ်။ ဥယျာဥ်တွေပျိုးကြ၊ သစ်သီးပင်တွေ စိုက်ကြနဲ့ပေါ့။

နောက်ပိုင်းမှာ ဟာရီကရစ်ရှနားက ဘုန်းကြီးနဲ့ တပည့်တွေလည်း သက်သတ်လွတ်စားပွဲသောက်ပွဲတွေ ကျင်းပကြပါတော့တာပါပဲ။ ဂျော့က ဗိုက်ဆာဆာနဲ့ ရောက်လာပြီး သက်သတ်လွတ် ထမင်းတွေ တစ်ဝကြီးစားလိုက်၊ ပြန်ပြီး ဥပုသ်စောင့်လိုက်နဲ့ပေါ့။ ဟုမ်းစ်ကတော့ ဒီလိုဒုက္ခခံပြီး သက်သတ်လွတ် စားပွဲသောက်ပွဲတွေကို မနေနိုင်မထိုင် နိုင် လုပ်နေတဲ့ဘဝကို စိတ်ပျက်လာပါပြီ။ ဂျော့လည်း ရောဘတ်ရဲ့ ဘာသာရေးခေါင်း ဆောင်ဆန်ဆန် စတိုင်လ်မျိုးကို လိုက်ပြီး သင်အံ လေ့ကျက်နေရတာကို စိတ်ကုန်စပြု လာပါပြီ။ ရောဘတ်ရဲ့ဟန်တွေ သူ့ထဲမှာသိပ်များနေပြီလို့ ဂျော့က မြင်လာတာကြောင့် လည်း ဖြစ်ကောင်းဖြစ်မယ်လို့ ကော့ကီက ဆိုပါတယ်။ ဒီဂေဟာလေးဟာ ရုပ်ဝတ္ထု ပစ္စည်းတွေကနေ ဝေးရာ အပန်းဖြေစရာနေရာလေးတစ်ခု ဖြစ်ရမှာဖြစ်ပေမယ့် ရောဘတ်ရဲ့ လုပ်ရပ်တွေကတော့ စီးပွားရေးစီမံကိန်းတစ်ခုကို ပုံဖော်နေတဲ့ပုံစံ ဖြစ်လာပါတယ်။ သူ့နောက်လိုက်တချို့ကို ခြံထဲကထင်းတွေခုတ်ပြီး ထင်းရောင်းခိုင်းတာတို့၊ ပန်းသီးခြွေတဲ့စက်တို့၊ သစ်သားမီးဖိုတို့ လုပ်ရောင်းတာမျိုးတို့ လုပ်လာပြီး ဘယ်သူ့မှလည်း ပိုက်ဆံခွဲမပေးပါဘူး။ “လူတွေဟာ ရောဘတ်အတွက် အလုပ်လုပ်ပေးနေရတယ် ဆိုတာကိုလည်း သဘောပေါက်လာရော အလျှိုလျှိုလစ်ကုန်ကြတယ်။ ကျွန်တော်လည်း အတော်လေးစိတ်ပျက် သွားတယ်” လို့ ဂျော့က ပြန်ပြောပြပါတယ်။

## အတောင်တွေမစုံခင်မှာပဲ

ချက်ချင်းကြီးဆိုသလို ဂျော့ဟာ ကောလိပ်တက်ရတာကို ငြီးငွေ့လာပါတယ်။ အမှန်တော့ သူဟာရိဒ်မှာနေရတာကိုပဲ ပျော်တာပါ။ ရိဒ်ကကလပ်စ်တွေကို လိုက်တက် နေရတာကို ကြိုက်လွန်းလို့ မဟုတ်ပါဘူး။ ရိဒ်ဟာ ဟစ်ပီအသွေးအရောင်ရှိတဲ့ ကောလိပ်တစ်ခုဆိုပေမယ့် ဒီအပြင်ပန်းရဲ့ နောက်ကွယ်မှာ တင်းကျပ်တဲ့ သင်ရိုးညွှန်းတမ်းတွေ ရှိနေတယ်ဆိုတာကို သဘောပေါက်သွားတာကြောင့်လည်း ပါပါတယ်။ ဂျော့ဟာ နဂိုကျောင်းလျှောက်တုန်းက သတ်မှတ်ထားတဲ့ အတန်းတွေကို တစ်ခုမှလိုက်မတက်ဘဲ ကောင်မလေးတွေကိုလည်းတွေ့နိုင်ပြီး အနုပညာဖန်တီးမှုတွေလည်းပါတဲ့ အကသင်တန်းလို ကလပ်စ်တွေပဲ လိုက်တက်ရင်း အချိန်ဖြုန်းနေခဲ့လိုက်ပါတယ်။

သူ့အတွက် မက်လောက်စရာမရှိတဲ့ ပညာရေးမျိုးသာ ပေးနိုင်တဲ့ ကျောင်းမျိုးကို ရောက်ဖို့ သူ့မိဘတွေရဲ့ ချွေးနဲ့စာတွေ ကိုဖြုန်းပစ်နေသလို ဖြစ်တဲ့အတွက်လည်း ဂျော့ ဟာ နောင်တရစပြုလာပါပြီ။ "ကျွန်တော့်ရဲ့ အခြေခံလူတန်းစားမိဘနှစ်ပါးက ရှာထားသမျှတွေ အားလုံးဟာ ကျွန်တော့်ကောလိပ်ကျူရှင်ကြေးနဲ့ ပြောင်တာပါပဲ။ ကျွန်တော်ဟာ ဘာဖြစ်ချင်မှန်းလည်း မသိခဲ့ဘူး။ ကိုယ်ဘာဖြစ်ချင်သလဲဆိုတာကို အဖြေရှာနိုင်ဖို့ အတွက် ကောလိပ်ကျောင်းက ဘယ်လောက်အထိ ကူညီပေးနိုင်ပါ့မလဲဆိုတာကိုလည်း မသိခဲ့ဘူး။ ကျွန်တော့်မိဘတွေ တစ်ဘဝလုံး ခြစ်ကုပ်စုလာရတဲ့ ပိုက်ဆံတွေကို ကျွန်တော်က ဒီမှာ ထိုင်ဖြုန်းပစ်နေတယ်။ ဒါနဲ့ ကျွန်တော်လည်း ကျောင်းထွက်ပစ်လိုက်ဖို့ ဆုံးဖြတ်လိုက်ပြီး အားလုံးအဆင်ပြေသွားပါလိမ့်မယ်လို့ပဲ ဇွတ်မှိတ်ယုံကြည် ပစ်လိုက်တော့တယ်" လို့ နောင်နှစ်ပေါင်း အတော်ကြာကြာမှာ စတန်းဖို့ဒ်တက္ကသိုလ်ရဲ့ ဟောပြောပွဲ တစ်ခုမှာ ဂျော့ကရင်ဖွင့်ခဲ့ဖူးပါတယ်။

အမှန်တော့ ဂျော့က ကျောင်းကနေ ခွာချင်တာမဟုတ်ပါဘူး။ အတန်းတွေ ဆက်မတက်ချင်တာရယ်၊ ဈေးကြီးတဲ့ ကျူရှင်ခတွေဆက်မပေးချင်တော့တာ ရယ်ပါ။ ဂျော့ရဲ့ ဖြစ်ရပ်ကတော့ အံ့ဖွယ်သူရဲပဲလို့ ပြောရပါလိမ့်မယ်။ ဂျော့က ကျောင်းကထွက်ပြီး ကျူရှင်ကြေးတွေလည်း ထပ်မပေးတော့ပေမယ့် ရိဒ်ရဲ့ မော်ကွန်းထိန်း ဂျက်ဒက်မန်း (Jack Dudman) က ဂျော့ကို အတန်းထဲမှာ လိုက်ထိုင်ခွင့်ပေးထားသလို ကျောင်းသားအဆောင်မှာလည်း ဆက်နေဖို့ ခွင့်ပြုပေးခဲ့ပါတယ်။ ကျောင်းကထွက်ပြီးပြီဆိုတာနဲ့ မဖြစ် မနေတက်ရမယ့် အတန်းရယ်လို့မရှိတော့တဲ့ အခါ ဂျော့ဟာသူ့စိတ်ကြိုက်အတန်းတွေကို လိုက်တက်တော့တာပါပဲ။ အတန်းအားလုံးထဲမှာ ဂျော့ စိတ်အဝင်စားဆုံးကတော့ လက်ရေးလှသင်တန်းပဲဖြစ်ပါတယ်။ "အတွန့်၊ အခက်တွေနဲ့ ရေးရတဲ့ အလှစာလုံးပညာကို ကျွန်တော်သင်ခဲ့ရတယ်။ စာလုံးတစ်ခုနဲ့ တစ်ခုကြားက အကွာအဝေးတွေ၊

ပေါင်းစပ်မှုတွေနဲ့ အတိအကျပေါ့။ ဒါဟာတကယ့်ကို သမိုင်းတင်လောက်အောင် လှပသိမ်မွေ့ပြီး အနုပညာဆန်တဲ့ သိပ္ပံပညာပြင်ပကပညာတစ်ခုပဲ။ ကျွန်တော်အရမ်းသဘောကျတယ်” လို့ ဆိုပါတယ်။ဒါဟာ ဂျော့တစ်ယောက် နည်းပညာနဲ့အနုပညာဆိုတဲ့ နယ်ပယ်နှစ်ခုရဲ့ကြား နယ်နိမိတ် အစပ်ကို ရောက်နေတဲ့အချိန်တွေပါပဲ။ သူ့ရဲ့ ဒီဖြတ်သန်းမှုတွေကြောင့်ပဲ ဂျော့ဖန်တီးခဲ့သမျှ အဆင့်မြင့် နည်းပညာပစ္စည်းတိုင်းဟာ လူသားဆန်တဲ့ ရင်ခုန်တက်မက်မှု အပြည့်နဲ့ ခမ်းနားတဲ့ ဒီဇိုင်းတွေကို နည်းပညာနဲ့ ဂဟေဆက်ပေးနိုင်ခဲ့တာလို့ ပြော နိုင်ပါတယ်။ ဒီလက်ရေးလှ သင်တန်းကို တက်ခဲ့လို့သာ သူတီထွင်ခဲ့တဲ့ Mac မှာ စုံလင် တဲ့စာလုံးဒီဇိုင်းတွေ ထည့်နိုင်ခဲ့တာလို့ ဂျော့ကဆိုပါတယ်။ အမှန်ဆိုရင် အခုလက်ရှိ ကွန်ပျူတာတွေမှာ သုံးနေတဲ့ Window စနစ်တွေဟာလည်း Mac ကိုပဲ အခြေခံပြီး ဆင့်ပွားလာတာမို့ Mac မှာ ဒီစနစ်မရှိခဲ့ရင် Window စနစ်မှာလည်း လှပသပ်ရပ်တဲ့ စာလုံးဒီဇိုင်းတွေကို တွေ့ရတော့မှာမဟုတ်ပါဘူး။

တစ်ချိန်တည်းမှာပဲ ဂျော့ဟာ ရိဒ်မှာဘိုဟီးမီးယန်း တစ်ယောက်လို နေထိုင်ရတဲ့ အရသာကို ရသလောက် ဆက်လက်ခံစားနေခဲ့ပြီး ဖိနပ်မပါဘဲ ကျောင်းဝင်းထဲလျှောက် သွားလိုသွား၊ နှင်းတွေ တဖွဲဖွဲကျနေတဲ့အချိန်လည်း ခြေညှပ်ဖိနပ်နဲ့ပဲ အပြင်ထွက်လိုထွက်နဲ့ လွင့်ချင်တိုင်း လွင့်နေပါတယ်။ ဂျော့ဟာ ဂိုဒေါင်တစ်ခုကိုလည်း တစ်လ ဒေါ်လာ ၂၀ ပေး ငှားရမ်းထားခဲ့ပြီး ပိုက်ဆံလိုတဲ့အခါမျိုးမှာ စိတ်ပညာဌာနရဲ့ ဓါတ်ခွဲခန်းထဲမှာ တိရစ္ဆာန်ရဲ့အမူအကျင့်တွေကို စမ်းသပ်လေ့လာတဲ့ အီလက်ထရောနစ် ကိရိယာတွေကို ပြုပြင်ထိန်းသိမ်းပေးရတဲ့ အလုပ်မျိုးဝင်လုပ်ရင်း ဝင်ငွေရှာလေ့ ရှိပါတယ်။

“မော်ဆန်တဲ့ ကာလမျိုးမှာ ကျွန်တော် ကြီးပြင်းလာတာပါ။ ကျွန်တော်တို့ရဲ့ အသိတရားတွေဟာ ဇင်ကျင့်စဉ်နဲ့ စိတ်ကြွဆေးတွေကြောင့် တစ်ဆင့်မြင့်လာခဲ့ပါတယ်။ ဒီဆေးတွေသုံးရတာဟာ တကယ့်ကို မနည်းမနော အတွေ့အကြုံကြီး တစ်ခုပဲပျ။ ကျွန်တော့်ဘဝရဲ့ အရေးအကြီးဆုံး အကြောင်းအရာ စာရင်းထဲမှာ ဒါလည်းပါတယ်။ မူးယစ်ဆေးက ကမ္ဘာကြီးကို တခြားနောက်တစ်နည်း နဲ့လည်း ကြည့်လို့ရပါသေးလားလို့ ပြပေးတယ်။ အရှိန်ပြယ်သွားပြီဆိုရင်တော့ ဒီလိုမကြည့်၊ မမြင်နိုင်တော့ဘူးပေါ့။ ဒါပေမဲ့ ဒါကိုတော့သိသွားတယ်။ တကယ်အရေးကြီးတာက ဘာလဲဆိုတာကို သိလာအောင်လည်း အားဖြည့်ပေးတယ်။ ဘဝမှာ ပိုက်ဆံရှာရတဲ့အလုပ်ထက် ကြီးကျယ်တဲ့လက်ရာ တစ်ခုခုကို ဖန်တီးခဲ့တာမျိုးပေါ့။ အကြောင်းအရာတွေကို လက်ရှိနေရာကနေ လူ့ဆင်ခြင်တုံတရားနဲ့ သမိုင်းရဲ့ စီးကြောင်းတွေထဲကို ပြန်ပို့နိုင်အောင် ကျွန်တော်တတ်နိုင်သရွေ့ ကြိုးစားခဲ့တော့တာပါပဲ” လို့ ဂျော့က ရှင်းပြခဲ့ပါတယ်။

# အခန်း (၄)

## Atari နဲ့ အိန္ဒိယ



ရိဒ်ကောလိပ်ကနေ ထွက်လာပြီးတဲ့နောက် ၁၉၇၄၊ ဖေဖော်ဝါရီမှာ ဂျော့ဟာ သူ့မိဘတွေရှိရာ လော့အယ်လ်တို့စ်မှာ ပြန်နေပြီး အလုပ်တစ်ခုရှာဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ၁၉၇၀ လို ခေတ်ကောင်းနေတဲ့ ကာလမျိုးမှာ အလုပ်တစ်ခုရဖို့က မခဲယဉ်းပါဘူး။ ‘ပျော်ပျော်ပါးပါး ပိုက်ဆံရှာရအောင်’ ဆိုတဲ့ ခေါင်းစဉ်နဲ့ အလုပ်ကြော်ငြာတစ်ခု ဟာ ဂျော့ကို ဖမ်းစားခဲ့ပါတယ်။ နည်းပညာဆိုင်ရာ ပစ္စည်းတွေ ထုတ်လုပ်ရောင်းချတဲ့ Atari ဆိုတဲ့ ကုမ္ပဏီရဲ့ ကြော်ငြာပါ။ Atari က အဓိက ထုတ်လုပ်တာကတော့ ဗီဒီယိုဂိမ်း တွေပဲဖြစ်ပါတယ်။ ကြော်ငြာဖတ်ရတဲ့နေ့မှာပဲ ဂျော့ဟာ Atari ကုမ္ပဏီရဲ့ ရုံးခန်းထဲဝင်သွားပြီး အဲဒီကဝန်ထမ်းရေးရာ ညွှန်ကြားရေးမှူးကို သွားပြီး ဒီအလုပ်မရရင် ဒီနေရာက မပြန်ဘူးလို့ သွားပြောတဲ့အခါ ဂျော့ရဲ့ဖရိုဖရဲအဝတ်အစားနဲ့ ဆံပင်ပုံစံကို ကြည့်ပြီး ညွှန်ကြားရေးမှူးပုဂ္ဂိုလ်လည်း ခြေမကိုင်မိ လက်မကိုင်မိတွေ ဖြစ်ကုန်တော့တာပါပဲ။

အိန္ဒိယယောဂီအဝတ်ကြီးခြုံပြီး ကုမ္ပဏီဧည့်ခန်းထဲမှာ ရောက်နေတဲ့ ဆံရှည်ချာတိတ်က သူ့ကို အလုပ်မခန့်ရင် ဒီနေရာကမခွာဘူးလို့ ပြောလာတော့ ရဲခေါ်ရမလိုလို၊ ဘာလိုလိုတွေ ဖြစ်ကုန်ပေမယ့် နောက်ဆုံးမှာ အင်ဂျင်နီယာဌာနအကြီးအကဲ အယ်လ်အယ်လ်ကွန်က ဒီချာတိတ်ကို ဝင်ခွင့်ပေးလိုက်ပါတယ်။ စာဖတ်သူမှန်းထားတဲ့ အတိုင်းပါပဲ။ ဂျော့ အလုပ်ရသွားပါတယ်။ ကျောင်းတုန်းက

ရောဘတ်ဆီက လှမ်းမိုးနိုင်စွမ်းတွေကို ခါတ်ကူးခဲ့တဲ့ ဂျော့ပဲလေ။ Atari ရဲ့တည်ထောင်သူ နိုလန်ဘွတ်ရှ်နဲလ် (Nolan Bushnell) ဟာလည်း ဩဇာခါတ်အပြည့်ပါတဲ့ အမြင်မျိုးနဲ့ လူတိုင်း သဘောကျသွားလောက်အောင် ပြောဆိုနိုင်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့အလျောက် တစ်ချိန်မှာ ဂျော့ လေးစားအားကျတဲ့ ပုဂ္ဂိုလ်စာရင်းထဲ ရောက်လာမယ်ဆိုတာ ကြိုပြောထားချင် ပါတယ်။

ဂျော့ဟာ Atari မှာ တစ်နာရီကို ၅ ဒေါ်လာရပါတယ်။ ဂျော့ရဲ့ အထက်အရာရှိ အင်ဂျင်နီယာ ကတော့ အယ်လ်အယ်လ်ကွန် (Al Alcom) ဖြစ်လာပြီး "ရိဒ်ကနေ ကျောင်းထွက်လာတဲ့သူတွေကို အလုပ်ခန့်ရိုးထုံးစံမရှိပါဘူး။ ဒါပေမယ့် ဒီကောင်ဟာ ထူးခြားတဲ့ လူငယ်တစ်ယောက်ဆိုတာ ကျွန်တော်ခံစားမိခဲ့တယ်။ ဂျော့ဟာ တကယ့်ကို အသိဉာဏ်လည်းထက်၊ ဆန္ဒတွေလည်းပြင်းထန်ပြီး နည်းပညာအပေါ်မှာလည်း တကယ်ရူးသွပ်တဲ့ သူတစ်ယောက်ပါပဲ" လို့ အယ်လ်ကွန် နောက်ကြောင်း ပြန်ပါတယ်။ ဒါပေမယ့် ဂျော့နဲ့အတူတွဲလုပ်ခဲ့တဲ့ ဒွန်းလန်းဆိုတဲ့ လုပ်ဖော်ကိုင်ဖက်နဲ့ တချို့ကတော့ အူကြောင်ကြောင်ဂျော့ဟာ ချဉ်ဖတ်နံ့လည်းနံတယ်ဆိုပြီး ဝိုင်းပယ်ထားကြတဲ့အတွက် ဂျော့ကို ညဆိုင်းပြောင်းပေးလိုက်ရပါတယ်။ ဒီလုပ်ဖော်ကိုင်ဖက်တွေကို ဂျော့က ကင်ပွန်းတပ်ပေးထားတာ ကတော့ 'ဦးနှောက်မရှိတဲ့ ချီးထုတ်တွေ' တဲ့။ "ဒီလို လူညံ့တွေများလွန်းလို့လည်း ကျွန်တော်က ပိုပြီးထင်ထင်ပေါ်ပေါ် ဖြစ်လာတာပေါ့ဗျာ" လို့ ဂျော့ကဆိုပါတယ်။

ဒီလိုထောင်လွှားတတ်တဲ့ အကျင့်မျိုးရှိပေမယ့် ဒီအကျင့်ကြောင့်ကို ဂျော့နဲ့ Atari က သူဌေးနဲ့ အဆင်ပြေပြေ ဖြစ်သွားတာလို့တောင် ပြောနိုင်ပါတယ်။ ဂျော့နဲ့ပတ်သက်ပြီး သူ့အမြင်ကို ကျွန်တော် အင်တာသွားဗျူးတဲ့အခါ "သူက တခြားလူတွေထက် ပိုပြီးအတွေးအခေါ် ပိုဆန်တယ်။ ကျွန်တော်တို့နှစ်ယောက် လွတ်လပ်စွာတွေး ခေါ်နေထိုင်ခြင်းနဲ့ အပြဋ္ဌာန်း ခံဝါဒအကြောင်း ဆွေးနွေးလေ့ရှိကြတယ်။ ကျွန်တော်က အကြောင်းအရာတွေဟာ ချည်ပြီးတုပ်ပြီးသားသဘော ပိုဖြစ်လာပြီး ကျွန်တော်တို့တွေဟာ ပိုပြီး ဘောင်ခတ်ခံလာရတယ်လို့ တွေးချင်တယ်။ ပြီးပြည့်စုံတဲ့ သတင်းအချက်အလက်တွေသာ ရလို့ကတော့ လူတွေဘယ်အချိန် ဘာလုပ်မယ်ဆိုတာ ကြိုတင် ဟောနိုင်တယ်လို့ ကျွန်တော်ကယုံကြည်တယ်။ ဒါပေမယ့် ဂျော့ကတော့ ဆန့်ကျင်ဘက်ပဲ" လို့ Atari ရဲ့ သူဌေး ဘွတ်ရှ်နဲလ်ကဆိုပါတယ်။

Atari မှာ ဂျော့နဲ့ အဆင်ပြေတဲ့ ဝန်ထမ်းတစ်ယောက်လည်း ရှိပါသေးတယ်။ သူကတော့ ရွန်ဝိန်း (Ron Wayne) ပါ။ ပုံကြမ်းရေးဆရာ ရွန်ဝိန်းဟာ အရင်ကကိုယ်ပိုင် ကုမ္ပဏီတစ်ခု ထောင်ခဲ့ဖူးသူဖြစ်ပေမယ့် နောက်ပိုင်းမှာအရှုံးပေါ်လာလို့ ရပ်လိုက်ရပါတယ်။ ဒါပေမယ့် ဒါကိုသိလာတဲ့ ဂျော့ဟာ ကိုယ်ပိုင်ကုမ္ပဏီထောင်နိုင်ခဲ့တဲ့ ရွန်ဝိန်းကို သဘောအကျကြီး ကျသွားပါတယ်။ ဒါနဲ့

ဂျော့လည်း နှစ်ယောက်ပေါင်းပြီး ကိုယ်ပိုင်ကုမ္ပဏီတစ်ခုထောင်ရအောင်လို့ ရွှန်ဝိန်းကို စည်းရုံးရေး ဆင်းပါတော့တယ်။ သူ့မှာ ဒေါ်လာ ၅၀၀၀၀ လောက် ချေးလို့ရတဲ့ နည်းလမ်း တစ်ခုရှိကြောင်း ပြောပြီး နှစ်ယောက်ပေါင်းပြီး ရွှန်ဝိန်းအရင်ကလုပ်ခဲ့တဲ့ အကြွေစေ့ ထည့်ရတဲ့ စျေးရောင်းစက်မျိုး ထုတ်ပြီးရောင်းဖို့ ရွှန်ဝိန်းကို တိုက်တွန်းပါတယ်။ ဒါပေမယ့် တစ်ခါခဲမှန်ထားဖူးတဲ့ ရွှန်ဝိန်းကတော့ ဒီလိုလုပ်တာဟာ ဒေါ်လာ ၅၀၀၀၀ ကို အမြန်ဆုံးပြောင်သွားစေနိုင်တဲ့ နည်းတစ်ခုပဲဆိုပြီး ဂျော့ရဲ့ကမ်းလှမ်းမှုကို ငြင်းခဲ့ပါတယ်။

တစ်ရက်မှာ ရွှန်ဝိန်းရဲ့ တိုက်ခန်းကို သွားပြီး ခါတိုင်းလိုပဲ အတွေးအခေါ်အကြောင်းတွေ ဆွေးနွေးနေတုန်း ရွှန်ဝိန်းက ဂျော့ကို ပြောစရာတစ်ခုရှိတယ်လို့ ဖွင့်ဟလာပါတယ်။ ဂျော့ကတော့ သိနေပြီးသားမို့ "ခင်ဗျား ဂေးဖြစ်ကြောင်း ကျွန်တော့်ကိုဝန်ခံမလို့မဟုတ်လား" လို့ တည့်တည့်ပဲ မေးချလိုက်တော့ ရွှန်ဝိန်းကလည်း ဝန်ခံပါတယ်။ ရွှန်ဝိန်းဟာ ဂျော့အတွက် မိန်းမလျာတွေနဲ့ ပတ်သက်ပြီး မှုမှုတတသဘောထားနိုင်အောင် လမ်းစပေးခဲ့သူ တစ်ယောက်ပါပဲ။ ရွှန်ဝိန်းကို "ကောင်မလေးချောချော လေးတစ်ယောက်ကိုမြင်ရင် ခင်ဗျားဘယ်လိုခံစားရလဲ" လို့ ဂျော့က မေးတော့ " ဒါက မင်း အရမ်းလှတဲ့ မြင်းတစ်ကောင်ကိုတွေ့ရင် ဖြစ်သလိုပဲပေါ့။ လှတယ်လို့ အသိအမှတ်ပြုတာပဲရှိမယ်။ သူနဲ့တော့ အတူတူအိပ်ချင်စိတ် မဖြစ်ဘူးမလား။ ငါလည်း ဒီလိုပဲ" လို့ ပြန်ပြောပါတယ်။ ဂျော့နဲ့ ရွှန်ဝိန်းတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးဟာလည်း ဒီကိစ္စနဲ့ ပတ်သက်လို့ ဘာမှ အပြောင်းအလဲမရှိခဲ့ပါဘူး။

## အိန္ဒိယသို့ ဂန္ဓာရီခရီး

ဂျော့ ပိုက်ဆံရှာချင်တာဟာ အိန္ဒိယကို ဂန္ဓာရီခရီးလှည့်လည်ချင်တာ ကြောင့်လည်း တစ်ကြောင်း ပါ ပါတယ်။ ရောဘတ်က မြှောက်ပေးထားတယ်လေ။ အိန္ဒိယက ရောဘတ်ရဲ့ ဂုရုတစ်ပါးဖြစ်တဲ့ နီးမ်ကာရိုအလီဘာဘာ ဆိုသူဆီမှာပဲ နည်းနာခံဖို့ ဆုံးဖြတ်ထားတဲ့ ဂျော့ဟာ အိန္ဒိယခရီးစဉ်ကို အပျော်တမ်း စွန့်စားခန်းလေးတစ်ခုလောက် သဘောထားခဲ့တာတော့ မဟုတ်ပါဘူး။ "ကျွန်တော့် အတွက်တော့ ဒါဟာ တကယ် အရေးပါတဲ့ ရှာဖွေမှုတစ်ခုကို လုပ်ဖို့ပါ။ ကျွန်တော်ဟာ နက်နဲတဲ့ ဉာဏ်ပညာဆိုတဲ့ ကိစ္စအပေါ်မှာ ငြိတွယ်နေပြီး ကျွန်တော်ဘယ်လိုလူလဲ၊ ဘယ်အရာတွေနဲ့ ကျွန်တော် တသားတည်းကျနိုင်မလဲဆိုတာကို အဖြေရှာဖို့ ကြိုးစားနေခဲ့တာ" လို့ ဂျော့ကဆိုပါ တယ်။ ဂျော့ဟာ အိန္ဒိယခရီးစဉ်အတွက် ဒန်နီယယ်ကော့ကီကို သူနဲ့အတူလိုက်ဖို့ မဲဆွယ်ခဲ့ပြန်ပါတယ်။ ဂျော့ဟာ သူ့ရဲ့မိဘအရင်းတွေ ဘယ်သူလဲဆိုတာ သိခွင့်မရခဲ့တဲ့ စိတ်ရဲ့စေ့ဆော်မှုကြောင့် တခြားအရာတွေကို

ပိုပြီး စူးစမ်းလိုစိတ်တွေ ဖြစ်နေပြီး သူ့ရင်ထဲမှာ လစ်ဟာနေတဲ့ ကွက်လပ်တစ်ခုရဲ့ နေရာမှာ တခြားအကြောင်းအရာတွေနဲ့ ဖြည့်ဖို့ ကြိုးပမ်းနေခဲ့တာဖြစ်မယ် လို့ ကော့ကီက မှတ်ချက်ချပါတယ်။

အလုပ်ထွက်ပြီး အိန္ဒိယကို သွားတော့မယ်လို့ အင်ဂျင်နီယာချုပ် အယ်လ်ကွန်ကို အသိပေးလိုက်တဲ့အခါ အယ်လ်ကွန်လည်း သဘောကျသွားပါတယ်။ အိန္ဒိယမှာ ဂုရုတစ်ပါးကို သွားရှာတော့မယ်လို့ ဂျော့ကပြောတဲ့အခါ အယ်လ်ကွန်က " ဟာ.. ဒါ သောက်ပြဿနာမှ မဟုတ်ဘဲ။ အရမ်းကောင်းတယ်။ ဟိုရောက်ရင် ငါ့ဆီစာရေးကွာ" လို့ ပြောပါတယ်။ ဒါဆို ဒီခရီးစဥ်အတွက် သူ့ကို ခရီးစရိတ်ပေးလို့ ဂျော့ကပြောတဲ့ အခါကျတော့ အယ်လ်ကွန်က "ငါ့လခွီး" လို့ ဖြစ်သွားပါတယ်။ ဒါပေမယ့် အယ်လ်ကွန် က ဂျော့ရဲ့ခရီးစရိတ်အတွက် တခြားနည်းနဲ့ ဖြေရှင်းခိုင်းလိုက်ပါတယ်။ ဥရောပကနေမှ တစ်ဆင့် အိန္ဒိယကိုကူးရင် စားစရိတ်တွေ အများကြီး သက်သာသွားပြီလေ။ ဂျော့ကလည်း သဘောတူ လိုက်ပါတယ်

Atari ရဲ့ ပြဿနာတွေကိုရှင်းပေးဖို့ ဂျော့ဟာ ဂျာမနီမှာ ရက်အနည်းငယ် နေခဲ့တဲ့အတွင်း ဂျာမနီက ကုမ္ပဏီမန်နေဂျာတွေကို စိတ်ပျက်စေခဲ့ပါ တယ်။ ဂျော့ဟာ ဖြစ်သလိုဝတ်စားထားပြီး အနံ့အသက် လည်းဆိုးသလို အလုပ်ထက် အခြားအရာတွေကို ပိုစိတ်ဝင်စားပုံရကြောင်း၊ ရိုင်းကလည်း ရိုင်းကြောင်း အယ်လ်ကွန်ဆီ လှမ်းတိုင်ခံရပါ တယ်။ အယ်လ်ကွန်က "ခင်ဗျားတို့ ပြဿနာတွေကို သူ ပြီးအောင်ရှင်းပေးခဲ့လား" လို့ ဂျာမနီက မန်နေဂျာကိုမေးတဲ့အခါ ပြဿနာတော့ ပြီးအောင်ရှင်းသွားတယ်လို့ ဆိုပါ တယ်။ ဒါနဲ့ အယ်လ်ကွန်က "ဒါဆို နောက်ထပ်အခက်အခဲလေးတွေ ရှိသေးရင်လည်း ပြောပါ။ ကျွန်တော့်မှာ ခင်ဗျားတို့ဆီ ထပ်လွှတ်ပေးဖို့ စတိဗ်ဂျော့လိုလူမျိုးတွေ အများကြီးရှိသေးတယ် " လို့ ဆိုတဲ့အခါကျမှ "ရတယ်၊ ရတယ်။ မလွှတ်နဲ့တော့။ နောက်တစ်ခါ ဆို ကိုယ့်ဘာသာပဲ ဖြေရှင်းတော့မယ်" ဆိုပြီး လက်လန်သွားတော့တာပါပဲ။ အမှန်က တော့ ဂျာမနီကလူတွေက ဂျော့ကို အမဲသားနဲ့ အာလူးချည်းနေ့တိုင်းကျွေးဖို့ ကြိုးစားနေလို့ ဂျော့ကလည်း သူတို့ကိုဒေါပွနေခဲ့တာပါပဲ။ ဒီဂျာမန်ကောင်တွေမှာ 'သက်သက် လွတ်' ဆိုတဲ့စကားလုံးတောင် မရှိဘူးလို့ ဂျော့က ဆိုပါတယ်။ အမှန်တော့ ဂျာမန်တွေ မှာလည်း ဒီစကားလုံး ရှိပါတယ်။

ဂျော့ဟာ ဂျာမဏီက အလုပ်ကိစ္စတွေ ပြတ်တဲ့အချိန်မှာ ဆွစ်ဇာလန်မှာရှိတဲ့ ရောဘတ်ရဲ့ ဦးလေးဆီသွားလည်ပြီးမှ အိန္ဒိယကို လေယာဥ်နဲ့ ထွက်ခွာလာခဲ့ပါတယ်။ အိန္ဒိယဟာ ပူလောင် အိုက်စပ်တဲ့ ဧပြီလ ရာသီဥတုနဲ့ ဂျော့ကိုဆီးကြိုနေပြီး ဟိုတယ် တစ်ခုမှာ အခန်းတစ်ခန်း ငှားပြီးတဲ့နောက် သောက်ရေတွေဟာ စစ်ထားရဲ့လားလို့ ဟိုတယ်ပိုင်ရှင်ကို ဂျော့က မေးတဲ့အခါ "အင်း" ပါတဲ့။ ဂျော့ကလည်း ယုံတာပါပဲ။ မကြာပါဘူး။ ဝမ်းတွေလျှောပြီး ဂျော့ အကြီးအကျယ်

ဖျားပါတော့တယ်။ ကိုယ်အလေးချိန်လည်း ကျသွားလိုက်တာ ရက်ပိုင်းအတွင်းမှာ ပေါင် ၁၆၀ က ၁၂၀ ပဲ ကျန်တော့တဲ့ အထိပါပဲ။ လှုပ်လှုပ်ရှားရှား ပြန်လုပ်နိုင်ပြီဆိုရင်ပဲ ဂျော့ဟာ နယူးဒေလီက ခွာမှဖြစ်တော့မယ်လို့ ဆုံးဖြတ်ပြီး ဟာရီဒွါဆိုတဲ့ အနောက်ကမြို့ငယ်လေးတစ်မြို့ကို ပြောင်းသွားပါတယ်။ လူဦးရေ တစ်သိန်းဝန်းကျင်ပဲ နေထိုင်တဲ့ ဒီမြို့ငယ်လေးမှာ ကမ်ဘ်မီလာဆိုတဲ့ ဘာသာရေးပွဲကျင်းပချိန်နဲ့ ကြုံတော့ မြို့ထဲမှာ လူဆယ်သိန်း လောက်လာပြီး ပြည့်သိပ်နေတာနဲ့ သွားကြုံနေပြန်ပါလေရော။ တပည့်တပန်းတွေ စုစု စုစုနဲ့ ဟိုတစ်ပြန့် ဒီတစ်ပြန့် တရားဟောနေတဲ့ ဘာသာရေးဆရာတွေ၊ ဆင်စီးပြီး လျှောက်သွားနေကြသူတွေကြား ထဲမှာ ဂျော့ဟာ ရက်အနည်းငယ် နေပြီးနောက် ဒီမြို့ကိုလည်း စွန့်ခွာဖို့ဖြစ်လာတော့တာ ပါပဲ။

နောက်ထပ် ဦးလှည့်ခဲ့တဲ့နေရာကတော့ ဟိမဝန္တာတောင်ခြေက နိုင်နီတယ်လ် ဆိုတဲ့ ရွာငယ်လေးတစ်ခုပေါ့။ တခြားတော့မဟုတ်ပါဘူး။ နီးမ်ကာရိုလင်းဘာဘာ နေထိုင်တဲ့ရွာပါ။ ဒါပေမဲ့ ကံဆိုးချင်တော့ ဂျော့လည်းရောက်ရော နီးမ်ဘာဘာက ဆုံးသွားပါပြီ။ ဂျော့လည်း မွေ့ယာအခင်းပါတဲ့ အခန်းတစ်ခန်းကိုငှားပြီး အိန္ဒိယမိသားစု တစ်စုချက်ကျွေးတဲ့ သက်သတ်လွတ်ဟင်းတွေစားရင်း အရင်ခရီးသွားတစ်ယောက် မေ့ကျန်ခဲ့တဲ့ Autobiography of a Yogi ဆိုတဲ့စာအုပ်ကို အခေါက်ခေါက်အခါခါ ဖတ်ရင်း ရွာရိုးကိုးပေါက် လျှောက်ပတ်ရင်းနဲ့ပဲ အချိန်ဖြုန်းနေလိုက်ပါတယ်။ အဲဒီမှာ ဂျော့ဟာ နောင်တစ်ချိန်မှာ ဂူဂဲလ် (Google)ရဲ့ လူမှုကူညီရေးအသင်းဖြစ်တဲ့ Skoll Foundation ကို ဦးစီးသူဖြစ်လာမယ့် ကူးစက်ရောဂါပညာရှင် လာရီဘရီးလီးယန့်ဟာ အိန္ဒိယကရွာကလေးတစ်ရွာမှာ ဝက်သက်ရောဂါတိုက်ဖျက်ရေးတွေ လုပ်နေတဲ့သူဖြစ်ပြီး ဂျော့နဲ့ ထာဝရမိတ်ဆွေတစ်ဦးအဖြစ် ခင်မင်သွားခဲ့ပါတယ်။

တစ်ရက်မှာတော့ ဟိမဝန္တာဘက်ခြမ်းမှာ တပည့်တွေနဲ့ ဆုတောင်းပွဲလုပ်နေတဲ့ ခပ်ငယ်ငယ်ဂုရုတစ်ပါးနဲ့ သွားတွေ့ပါတယ်။ ဆုတောင်းပွဲလုပ်နေတဲ့ဘေးက ဂျော့ ဖြတ်လျှောက်သွားတဲ့အခါ ဟင်းနံ့ရလာတော့ ဗိုက်ဆာနေတဲ့ ဂျော့လည်း ဒီအဖွဲ့ ထဲဝင်ရောပြီး ထမင်းတွေ အားရပါးရ ထိုင်စားပါတော့တယ်။ ဂျော့တစ်ယောက် ခေါင်း မဖော်စတမ်း စားနေစဥ်မှာပဲ အဖွဲ့ရဲ့ ဂုရုဆရာက သတိထားမိသွားပြီး ဂျော့ကို လူအုပ် ထဲကဆွဲထုတ်ပြီး အနားက တောင်ကုန်းလေးတစ်ခုအပေါ် ခေါ်သွားပါလေရော။ ပြီးတော့ ဘာမပြော ညာမပြောနဲ့ ချွန်မြနေတဲ့ သင်တုန်းဓားကို သူ့အိတ်ထဲက ဆွဲထုတ်လိုက်ပါတယ်။ ဒီပုဂ္ဂိုလ်အကဲ ကြည့်ရတာ သိပ်မဟန်လေတော့ ဂျော့လည်းစိုးရိမ်စပြုလာပါပြီ။ ဒါပေမယ့် ဂုရုဆရာက ဆပ်ပြာခဲတစ်ခဲကိုပါ ထပ်ထုတ်လိုက်ပြီး ဆံပင်ရှည်ဖားလျားနဲ့ ဂျော့ကို ကတုံးရိတ်ပေးလိုက်ပါတော့တယ်။ ဒါဟာ ဂျော့ကျန်းမာရေးအတွက်လို့ ဆိုပါတယ်။

ဂျော့ရဲ့ သူငယ်ချင်း ဒန်နီယလ်ကော့ကီဟာ နွေရာသီရောက်မှ အိန္ဒိယကို လိုက်လာပါတယ်။ ဂျော့လည်း သူငယ်ချင်းနဲ့အတူနေဖို့ နယူးဒေလီကို ပြန်ရောက် သွားတဲ့အခါ အဲဒီမှာ သူငယ်ချင်း နှစ်ယောက် လွှင့်ချင်တိုင်း လွှင့်လို့ရသွားပြီလေ။ အခု အခြေအနေမှာတော့ ဂျော့ဟာ ဉာဏ်ပညာကို ပေးနိုင်မယ့် ဂုရုတစ်ယောက်ကိုမှ မရှာတော့ပါဘူး။ အဲဒီအစား ထူးကဲတဲ့ အတွေ့အကြုံတွေ၊ ဒုလ္လဘကျင့်စဥ်တွေနဲ့ ရိုးရှင်းစွာ နေထိုင်ခြင်းအားဖြင့်ပဲ မြင့်မြတ်တဲ့အသိဉာဏ်ကို ရှာဖွေနေပါတော့တယ်။ ဒါပေမယ့် ဂျော့ဟာ စိတ်အတွင်းပိုင်းရဲ့ ငြိမ်သက်အေးချမ်းမှုကိုတော့ ရှာမတွေ့နိုင်ခဲ့ပါဘူး။ တစ်ရက်က ဈေးထဲမှာ နွားနို့သွားဝယ်တော့ နွားနို့သည်မိန်းမက နွားနို့ထဲ ရေရောနေတာ ဂျော့က တွေ့သွားပါတယ်။ အဲဒီမှာ ဂျော့ဟာ ဒေါသတွေပေါက်ကွဲပြီး နွားနို့သည် ကုလားမနဲ့ အော်ကြီးဟစ်ကျယ် စကားများခဲ့တဲ့အဖြစ်မျိုးက ဂျော့မှာ စိတ်ရဲ့တည်ငြိမ်အေးမြမှုကို မတည်ဆောက်နိုင်သေးဘူးဆိုတာ သက်သေပြနေတာပဲ မဟုတ်လား။

မကြာမီမှာပဲ ကတုံးကြီးနဲ့ အိန္ဒိယယောဂီခြုံထည်ကြီး ဝတ်ထားတဲ့ အသားအရေ မွဲခြောက်ခြောက်နဲ့ လူတစ်ယောက်ဟာ အမေရိကန်ရဲ့ အုတ်ကလန်နဲ့ဒ် လေဆိပ်မှာ ရောက်နေ ပါတော့တယ်။

## အမှန်တရားအား ရှာဖွေခြင်း

အရှေ့တိုင်းရဲ့ ဇင်ဗုဒ္ဓဘာသာနဲ့ ဟိန္ဒူအယူဝါဒတွေကို စတိပ်ဂျော့တစ်ယောက် စိတ်ဝင်စားတာဟာ အပေါ်ယံသက်သက် မဟုတ်ဘူးဆိုတာတော့ သေချာပါတယ်။ သူ့ရဲ့ဘဝ တစ်လျှောက်လုံးမှာ အရှေ့တိုင်းက ဘာသာတရားရဲ့ အခြေခံ သဘောတရားတွေကို လေ့လာ လိုက်စားခဲ့သူပါ။ ပါလိုအယ်လ်တိုက သူ့အိမ်ရဲ့ ပန်းခြံထဲမှာပဲထိုင်ရင်း သူအိန္ဒိယကို သွားစဥ်တုန်းက ရခဲ့တဲ့ အတွေ့အကြုံတွေရဲ့ ရောင်ပြန်ဟပ်မှုကို ဂျော့က အခုလိုရှင်းပြခဲ့ပါတယ်။

အိန္ဒိယကိုသွားတုန်းကတောင် ယဥ်ကျေးမှုမတူတဲ့အတွက် စိတ်အနှောင့်အယှက် ဖြစ်ရတယ်ဆိုတာ မျိုးသိပ်မရှိခဲ့ဘဲ အမေရိကန်ကိုပြန်လာမှပဲ အဲလိုအဖြစ်မျိုးနဲ့ ကြုံရတော့တာပဲ။ အိန္ဒိယကျေးလက်ကလူတွေက ကျွန်တော်တို့လို ယုတ္တိဗေဒ အဓိကမထားဘဲ အလိုလိုခံစားသိစိတ် တစ်မျိုးအပေါ်မှာပဲ အားကိုးကြတယ်။ ကမ္ဘာပေါ်မှာ အိန္ဒိယကလူတွေရဲ့ အလိုလိုသိစိတ်က အဖွံ့ဖြိုးဆုံး ဖြစ်မယ် ထင်ပါတယ်။ ဒီစိတ်ဟာ ယုတ္တိဆင်ခြင်တွေးတတ်တဲ့ ဉာဏ်မျိုးထက် ပိုစွမ်းအားကြီးတယ်လို့ ထင်တယ်။

အနောက်တိုင်းရဲ့ ကျိုးကြောင်းဆက် တွေးခေါ်မှုပညာကတော့ မွေးရာပါလူသား စရိုက်လက္ခဏာ တစ်ခုမဟုတ်ပါဘူး။ သင်ယူလေ့လာပြီးမှ ရခဲ့တဲ့ ဒီတွေးခေါ်မှု နည်းလမ်းဟာ အနောက်တိုင်း လူ့အဖွဲ့အစည်းရဲ့ ကြီးမားတဲ့ရရှိအောင်မြင်မှုကြီး တစ်ခုလို့တော့ ပြောလို့ရနိုင်ပါတယ်။ အိန္ဒိယ ကျေးရွာက လူတွေကတော့ ဒါမျိုးကိုဘယ်တုန်းကမှ သင်ခဲ့ကြတာမဟုတ်ဘူး။ သူ့နည်း သူ့ဟန်နဲ့ တစ်ထောင့်တစ်နေရာက တစ်ဖိုးရှိတဲ့ အခြားအရာတစ်ခုကိုပဲ သူတို့သင်ယူခဲ့ကြတယ်ဆိုပါစို့။ ဒါဟာ အတွေ့အကြုံကရတဲ့ အသိဉာဏ်နဲ့ သန္ဓေပါ ထိုးထွင်းသိမြင်စိတ်ရဲ့ တန်ခိုးစွမ်းအားပါပဲ တဲ့။

ဂျော့က ဆက်ပြောတာကတော့…

အိန္ဒိယမှာ ခုနစ်လလောက်နေပြီး ပြန်လာတော့ အနောက်ကမ္ဘာရဲ့ ရူးနှမ်းမှုတွေကိုလည်း မြင်မိသလို သူတို့ရဲ့ ကျိုးကြောင်းဆင်ခြင်နိုင်စွမ်းရှိမှုကိုလည်း သတိပြုမိခဲ့ပါတယ်။ သေချာ ထိုင်ပြီးတော့သာ စောင့်ကြည့်နေခဲ့မယ်ဆိုရင် ခင်ဗျားရဲ့စိတ်ဟာ ဘယ်လောက် အရပ်အနားမရှိ ပြေးလွှားနေလဲ ဆိုတာကို တွေ့လာလိမ့်မယ်။ ကိုယ်ကသွားပြီး ငြိမ်အောင်ကြိုးစားတဲ့အခါ သူက ပိုဆိုးလာမယ်။ ဒါပေမဲ့ ဆက်ပြီး ကြိုးစားရင်တော့ စိတ်ဟာတဖြည်းဖြည်းနဲ့ ငြိမ်သက်အေးချမ်းမှု ဘက်ကို ရောက်သွားပါလိမ့်မယ်။ အဲဒီအခါကျ ရင်တော့ ပိုပြီးသိမ်မွေ့ညင်သာတဲ့အရာတွေကို ခင်ဗျားမြင်နိုင်စွမ်းရှိလာမယ်။ ဒါဟာကိုယ့်ရဲ့ နဂိုပါ ထိုးထွင်းသိမြင်နိုင်တဲ့စိတ်လေး ပွင့်လန်းလာပြီး ပစ္စုပ္ပန်တည့်တည့်မှာ ပိုပြီးရှင်းရှင်းလင်းလင်း၊ ပြတ်ပြတ်သားသား မြင်နိုင်စွမ်းရှိလာတဲ့ အခိုက်အတန့် မျိုးပေါ့။ စိတ်ရဲ့အရှိန်ဟာ နှေးကျသွားမယ်။ ပြီးရင် အရင်ကခဏလေးလို့ ထင်ရတဲ့အခိုက် အတန့်တွေကို သေချာကြည့်နိုင်လာပြီး ပုံမှန်အခြေအနေမှာ မမြင်နိုင်တဲ့အရာတွေကို မြင်နိုင်စွမ်း ရှိလာမယ်။ ဒါဟာ သူ့ရဲ့ မူဘောင်ပဲ။ လေ့ကျင့်ယူရတယ်။

အဲဒီအချိန်ကစပြီး ဇင်ဟာ ကျွန်တော့်ဘဝအပေါ်မှာ တောက်လျှောက် လွှမ်းမိုးလာခဲ့ပါတယ်။ တစ်ခါက ကျွန်တော် အီဟိုက်ဂျိဘုန်းကြီးကျောင်းကို သွားဖို့အတွက် ဂျပန်ကို သွားမယ် လုပ်သေး တယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့တရားပြဆရာ ကိုဘမ်က “မင်းအတွက် ဒီမှာမရှိတဲ့အရာတွေက ဟိုမှာလည်း ရှိမှာမဟုတ်ဘူး” ဆိုပြီး အကြံပေးခဲ့တဲ့ အတွက် မသွားဖြစ်ခဲ့ပါဘူး။ သူပြောတဲ့စကားဟာ သိပ်မှန်ပါတယ်။ “တရားပြဆရာတစ်ယောက် ရဖို့အတွက် ကမ္ဘာပတ်ပြီးရှာမယ်လို့ လုပ်နေလည်း အဲဒီတရားပြဆရာက ကိုယ့်ရဲ့ဘေးအိမ်ကနေ ရောက်လာတတ်တယ်” ဆိုတဲ့ ဇင်ဆိုရိုးစကားဟာ တကယ်မှန်ကြောင်း ကျွန်တော် သဘောပေါက်လာတယ် ” လို့ပဲ ဖြစ်ပါတယ်။

ဂျော့ဟာ သူ့အတွက် တရားပြဆရာကို သူ့အိမ်နီးချင်းတွေထဲမှာတင် ရှာတွေ့ခဲ့ပါတယ်။ ဂျော့နဲ့ သူ့ရဲ့တရားပြဆရာကိုဘမ်နဲ့ မတွေ့ဖြစ်တဲ့နေ့ရယ်လို့ မရှိသလောက်ပါပဲ။ နောက် ၁၇ နှစ် အကြာမှာ

ဂျော့ရဲ့ လက်ထပ်ပွဲကို ကိုဘမ်ကပဲ စီစဉ်ပေးခဲ့ တဲ့အထိ သူတို့နှစ်ယောက်ရဲ့ဆက်ဆံရေးဟာ အရှည်တည်တံ့သွားပါတော့တယ်။ ဒီကာလတစ်ဝိုက်မှာပဲ ဘာဘာဂျန်နော့ဗ်ဆိုတဲ့ နည်းပြဆရာ တစ်ယောက်ရဲ့ အသံကုန်ထုတ်ဖွင့် အော်ဟစ်တဲ့နည်းလမ်း ပေါ်ပေါက်လာပြီး ဒီသင်တန်းမျိုး တွေလည်း ခေတ်စား လာပါတယ်။ သင်တန်းကြေးကတော့ ၁၉၇၄ လို ကာလမျိုးမှာတောင် သုံးလစာ ကို ဒေါ်လာ ၁၀၀၀ ပေးရပါတယ်။ ဂျော့ကတော့ ဒီသင်တန်းကိုလည်း အလွတ်မပေးပါဘူး။ သူဟာ မိဘအရင်းတွေရဲ့ စွန့်ပစ်ခံခဲ့ရတယ်ဆိုတဲ့အသိရဲ့ နာကျင်မှုကိုအမြဲခံစားခဲ့ရပြီး မိဘအရင်းတွေ ဟာ ဘယ်သူဘယ်ဝါတွေရယ်လို့တောင် သိခွင့်မရခဲ့တာကလည်း ဂျော့ကို ကြီးမားတဲ့ စိတ်ဒဏ်ရာတွေ ဖြစ်စေခဲ့တယ် မဟုတ်ပါလား။

၁၉၇၀ လောက်တုန်းက နာမည်ကျော်ဘီတဲလ်အဖွဲ့သား ဂျွန်လင်နွန်လည်း ဒီအော်ဟစ် စိတ်ဖြေတဲ့သင်တန်းကို လာတက်ခဲ့ဖူးပြီး သင်တန်းအပြီးမှာ ‘Mother’ ဆိုတဲ့သီချင်းကို ရေးဖွဲ့ဖြစ်ခဲ့ပါတယ်။ ဂျွန်လင်နွန်ဟာလည်း ဖခင်ရဲ့စွန့်ပစ်ခြင်းကိုခံခဲ့ရပြီး ဂျွန်ဆယ်ကျော်သက် အရွယ်မှာပဲ ဂျွန်ရဲ့မိခင်ဖြစ်သူ အသတ်ခံလိုက်ရတဲ့ အဖြစ်ဆိုးတွေကို ကျော်ဖြတ်ခဲ့ရသူတစ်ဦးပါပဲ။ ဂျော့ဟာ ဂျွန်လင်နွန်ရဲ့ ‘Mother’ ဆိုတဲ့သီချင်းကို မကြာမကြာဆိုနေတတ်ပါတယ်။

## နေရာဟောင်းဆီသို့

၁၉၇၅ နှစ်စပိုင်းရဲ့ နေ့တစ်နေ့မှာ အယ်လ်အယ်လ်ကွန်ဟာ Atari ကုမ္ပဏီက သူ့ရုံးခန်းထဲမှာ ထိုင်နေတုန်း “ ဟေး ... စတိဗ် ပြန်လာပြီ” ဆိုပြီး ရှန်ဝိန်းရဲ့ ဝမ်းသာအားရအော်သံကို ကြားလိုက်ရပါတယ်။ ရွှေဝါရောင်သင်္ကန်းကြီးဝတ်ထားတဲ့ ဂျော့ဟာ Be Here Now ဆိုတဲ့စာအုပ်ကို ကိုင်ထားပြီး ခြေတုံးလုံးနဲ့ ရုံးခန်းထဲကို ရောက်လာပါတော့တယ်။ စာအုပ်ကို အယ်လ်ကွန်ရဲ့ လက်ထဲကိုပေးပြီး ဖတ်ဖြစ်အောင်ဖြစတ်ဖို့ တိုက်တွန်းရင်း ကျွန်တော်အလုပ်ပြန်ရနိုင်မလားလို့ ဆိုလာပါတယ်။ ဟာရီကစ်ရှနား ဂိုဏ်းတော်သားတစ်ဦး ပုံစံပေါက်နေတဲ့ ဂျော့ကို အယ်လ်ကွန် ကလည်း ဝမ်းသာအားရနဲ့ အလုပ်ပြန် ခန့်လိုက်ပါတယ်။ ထုံးစံအတိုင်း ညဆိုင်းပေါ့။ ဂျော့ Atari ကို ပြန်ရောက်လာတော့ မလှမ်းမကမ်းက HP ကုမ္ပဏီမှာ အလုပ်လုပ်နေတဲ့ ဝေါ့ဇ်နီယက်ခ် တစ်ယောက်တည်း ညတိုင်းလိုလို ဂိမ်းဆော့ဖို့ ရောက်ရောက်လာတော့ တာပါပဲ။

တစ်ရက်မှာတော့ Atari ရဲ့ သူဌေး နိုလန်ဘွတ်ရှ်နဲလ်က ဟိုဘက်ဒီဘက် နှစ်ယောက်ရိုက် လို့ရတဲ့ စားပွဲတင်တင်းနစ်ဂိမ်းအစား ကစားသူတစ်ယောက်တည်း ကပဲ နံရံဆီကိုရိုက်ရပြီး နံရံကိုဘောလုံးထိ တဲ့နေရာတိုင်း အုတ်ချပ်လေးတွေ ကွာကျသွားတဲ့ ပုံစံမျိုးနဲ့ ဂိမ်းတစ်ခုကို

ထွင်ဖို့စိတ်ကူးရလာပါတယ်။ ဘွတ်ရှ်နဲလ်ဟာ ဂျော့ကိုခေါ်လိုက် ပြီး သူ့အိုင်ဒီယာကို ကျောက်သင်ပုန်း ပေါ်မှာ ပုံကြမ်းဆွဲပြပြီး ဂျော့ကိုဒီဇိုင်းဆွဲဖို့ တာဝန်ပေးလိုက်ပါတယ်။ ဒီဇိုင်းဆွဲတဲ့ အခါမှာ မမ်မိုရီချစ်ပ်ပြား ၅၀ ထက် တစ်ခုလျော့တိုင်း ဘောနပ်စ်လည်းပေးမယ်လို့ ပြောလိုက်ပါတယ်။ စတိဗ်ဟာ ဒီလောက်တော်တဲ့ အင်ဂျင်နီယာတစ်ယောက်မဟုတ်မှန်း ဘွတ်ရှ်နဲလ်က ကြိုသိပြီးသား ဖြစ်သလို စတိဗ်ဟာ ဝေါ့ဇ်ကိုစစ်ကူခေါ်တော့မယ်လို့လည်း ကြိုတွက်ထားတဲ့ ဘွတ်ရှ်နဲလ်ရဲ့ တွက်ကိန်းဟာလည်း ကွက်တိပါပဲ။ စတိဗ်နဲ့ ဝေါ့ဇ်ဟာ နှစ်ယောက်ပေါင်းလိုက်ရင် တစ်ခုခုတော့ဖြစ် တယ်ဆိုတာ ဘွတ်ရှ်နဲလ်က မြင်ထားပြီးသားပဲလေ။

ရလာတဲ့ပိုက်ဆံကို တစ်ယောက်တစ်ဝက်ခွဲယူပြီး ဒီအလုပ်ကိုလက်ခံရအောင်လို့ ဂျော့ကဝေါ့ဇ် ဆီ လာပြောတဲ့အခါ ဝေါ့ဇ်တစ်ယောက် အရမ်းစိတ်လှုပ်ရှားသွားပါတယ်။ "လူတွေ တကယ်ဆော့ကြမယ့် ဂိမ်းတစ်ခုကို ဒီဇိုင်းထွင်ပေးဖို့ လာကမ်းလှမ်း ခံရတဲ့ကိစ္စဟာကျွန်တော့ဘဝမှာ တကယ့်ကိုခမ်းနား ကြီးကျယ်တဲ့ ကိစ္စပါပဲ" လို့ ဝေါ့ဇ်ကဆိုပါတယ်။ ဒါပေမဲ့ သူများတကာအင်ဂျင်နီယာတွေအဖို့ လများစွာကြာနိုင်တဲ့ အလုပ်အတွက် ဝေါ့ဇ်ရတဲ့အချိန်ကလေးရက်ပဲဆိုတော့ စိန်ခေါ်မှုကတော့ ခပ်ကြီးကြီးပါ။ ဆားကစ်ပြားကလည်း နည်းနိုင်သမျှအနည်းဆုံးဖြစ်ရဦးမယ်လေ။ "ပုံမှန်ဆိုရင် အလုပ်ကလအနည်းငယ်အချိန်ပေးရတဲ့ အလုပ်မျိုးဗျ။ လေးရက်အတွင်းတော့ ကျွန်တော်လည်း ဘယ်လိုမှမပြီးနိုင်ဘူးလို့ ယူဆခဲ့တာပဲ။ ဒါပေမယ့် ဂျော့က ကျွန်တော့ကို သေချာစေခဲ့တယ်" လို့ ဝေါ့ဇ်က ပြန်ပြောပြပါတယ်။

ဝေါ့ဇ်ဟာ လေးညဆက်တိုက် လုံးဝမအိပ်ဘဲ ဂိမ်းဒီဇိုင်းကိုပြီးအောင် တီထွင်နိုင်ခဲ့ပါတယ်။ နေ့ခင်းဘက် HP မှာအလုပ်လုပ်ရင်း ဂိမ်းအတွက် ဒီဇိုင်းကြမ်းကိုဆွဲပြီး အလုပ်ပြီးတဲ့အချိန် တစ်ခုခုအမြန်ဝင်စားပြီး Atari ကိုတန်းလာပြီး ညလုံးပေါက်အလုပ်လုပ်ခဲ့ရပါတယ်။ တကယ့်ကို အံ့ဩစရာပါ။ သူတို့နှစ်ယောက်ဟာ ဒီဂိမ်းအသစ် ရဲ့ ဒီဇိုင်းကိုလေးရက်အတွင်း တကယ်ပြီးအောင် လုပ်နိုင်ခဲ့တဲ့အပြင် မမ်မိုရီချစ်ပ်ပြား ၄၅ ခုနဲ့ ရအောင် လုပ်ပြလိုက်နိုင်ပါတယ်။ ဝေါ့ဇ်ရဲ့ အင်ဂျင်နီယာအစွမ်း ကတော့ အံ့မခန်းပါပဲ။ ဒါပေမဲ့ ဂျော့ကတော့ လုပ်အားခရဲ့တစ်ဝက်တိတိကိုပဲ ပြောထားတဲ့အတိုင်း ခွဲပေးခဲ့ပါတယ်။ သတ်မှတ်အရေအတွက်ထက် ဆားကစ်ပြားလျော့အောင် လုပ်နိုင်လို့ရ တဲ့ ဘောနပ်စ်ကိုတော့ ဝေါ့ဇ်ကို ဘာမှမပေးတဲ့အပြင် အသိတောင်မပေးခဲ့ပါဘူး။ ဒီအကြောင်းကို နောင် ၁၀ နှစ်လောက်ကြာမှပဲ ဝေါ့ဇ် သိခွင့်ရခဲ့တာပါ။ "အဲဒီတုန်းက စတိဗ် ပိုက်ဆံတော်တော်လိုနေတယ် ထင်တယ်။ သူ ကျွန်တော့်ကို အမှန်အတိုင်းမပြောခဲ့ဘူး။ အဖြစ်အပျက် တွေ ကတော့ ကြာခဲ့ပါပြီ။ ဒါပေမဲ့ ရင်ထဲမှာတော့ အောင့်တာပေါ့ဗျာ။ ဂျော့သာ ရိုးရိုးသားသား


ပြောခဲ့ရင် ဘယ်လောက်ကောင်းမလဲ။ သူ ပိုက်ဆံလိုနေတယ်လို့ပြောရင် ကျွန်တော်ကလည်း အဲဒီပိုက်ဆံတွေ သူ့ပဲပေးလိုက်မယ်ဆိုတာ စတိဗ် နားလည်ခဲ့သင့်တယ်။ ကျွန်တော်တို့က ဆိုးတူကောင်းဖက် သူငယ်ချင်းတွေလေဗျာ ” လို့ ဒီအဖြစ်အပျက်တွေရဲ့ နောင်နှစ်ပေါင်းများစွာ အကြာမှာ ဝေါ့ဇ်က ပြန်ပြောခဲ့ပါတယ်။

ဒီအကြောင်းတွေ လူသိရှင်ကြားဖြစ်သွားတော့ ဂျော့က ဝေါ့ဇ်ဆီကိုဖုန်းခေါ်ပြီး သူဒီလိုလုပ်ခဲ့တယ်ဆိုတာ မမှတ်မိတော့ဘူးလို့ ‘ဘူး’ ခံပါတယ်။ သူ မမှတ်မိတော့ဘူးဆိုတော့ သူမလုပ်ခဲ့လို့လည်း ဖြစ်နိုင်ပါတယ်လို့ ဂျော့က ငြင်းနေတုန်းပါ။ ကျွန်တော်က တည့်တိုးပဲ ဖွင့်ပြောလိုက်တဲ့အခါမှာတော့ ဂျော့ဟာ မကြုံဖူးလောက်တဲ့ တွေဝေမှုမျိုးနဲ့ ငြိမ်ကျသွားပါတော့တယ်။ ဂျော့က “ဒီစွပ်စွဲချက်က ဘယ်ကဘယ်လိုဖြစ်လာမှန်း မသိဘူးဗျာ။ ကျွန်တော် ရလာသမျှပိုက်ဆံကို သူ့ကို အမြဲတစ်ဝက် ခွဲပေးခဲ့တာပဲ။ ဝေါ့ဇ်က ၁၉၇၈ ကစပြီး ဘာအလုပ်မှ မလုပ်တော့ဘူး။ တကယ့်ကို ဘာတစ်ခုမှ ဝင်မလုပ်တော့တာ။ ဒါပေမဲ့ Apple ကနေ ကျွန်တော်ရနေတဲ့အတိုင်း အတိအကျပဲ သူ ဆက်ရနေသေးတာပဲ” လို့ ဂျော့က ဖြေပါတယ်။ အမှန်ကတော့ ဘောနပ်စ်ကိစ္စကို ဂျော့ကို ကမ်းလှမ်း ခဲ့တဲ့ Atari ရဲ့ သူဌေး နိုလန်ဘွတ်ရှ်နဲလ် ကိုယ်တိုင် ဝေါ့ဇ်ကို ဖွင့်ပြောခဲ့တာဖြစ်ပြီး ဝေါ့ဇ်ဟာ တော်တော် စိတ်မချမ်းမသာ ဖြစ်ခဲ့ရပါတယ်။

ဘာပဲဖြစ်ဖြစ် ဒါတွေဟာ ချီးခြောက်ရေနှုးလို့ ကောင်းတဲ့အရာတွေ မဟုတ်ဘူးလို့ပဲ ဝေါ့ဇ်ကတော့ သဘောထားပါသတဲ့။ စတိဗ်ဂျော့မှာ ဒီလိုညစ်ကျယ်ကျယ်လုပ်ပြီး ကြိုးကိုင်ချင်တဲ့ ဉာဥ်လေးကရှိတယ် မဟုတ်လား။ ဒီဉာဥ်ကြောင့်ပဲ အောင်မြင်လာတယ်လို့လည်း ပြောမယ်ဆို ပြောနိုင်တာပဲလေ။ ဝေါ့ဇ်ဆိုရင်တော့ ဒီလိုလုပ်ရပ်မျိုး လုံးဝလုပ်မှာမဟုတ်သလို Apple ကိုလည်း ဘယ်တော့မှ တည်ထောင်နိုင်ခဲ့မှာ မဟုတ်တဲ့အပြင် ဒီကိစ္စလေးတစ်ခုတည်းနဲ့လည်း ဂျော့ဟာ ဘယ်လိုလူပါလို့ ယတိပြတ် မသတ် မှတ်သင့်ဘူးလို့ ဝေါ့ဇ်ကတော့ ယူဆပါတယ်။

# အခန်း (၅)

## Apple 1 ကွန်ပျူတာအားမွေးဖွားခြင်း



၁၉၆၀ တစ်ဝိုက်က ဆန်ဖရန်စစ္စကိုနဲ့ ဆန်တာကလာရာ တောင်ကြားဒေသ တွေမှာ ယဉ်ကျေးမှု အသစ်တွေဟာ ပုံစံမျိုးစုံနဲ့ စီးဆင်းခဲ့တဲ့အချိန်ပေါ့။ စစ်တပ်နဲ့ စာချုပ် အလုပ်လုပ်တဲ့ အီလက်ထရောနစ် ကုမ္ပဏီတွေအပါအဝင် မိုက်ခရိုက်ချစ်ပ်ပြားထုတ်တဲ့ ကုမ္ပဏီ၊ ဗီဒီယိုဂိမ်းတီထွင်သူ၊ ကွန်ပျူတာကုမ္ပဏီစတဲ့ အဖွဲ့အစည်းတွေကြားထဲမှာ နည်းပညာ တော်လှန်ရေးကြီးတစ်ရပ် စတင် အသက်ဝင်ခဲ့တဲ့ ကာလလို့ ဆိုပါစို့။ အစပိုင်း မှာတော့ ဟစ်ပီယဉ်ကျေးမှုထဲမှာ ပျော်ဝင်နေတဲ့ လူငယ်တွေနဲ့ နည်းပညာဟာ ပလဲနံပ သိပ်သင့်ခဲ့တာ မဟုတ်ပါဘူး။ လူးဝစ်မမ်းဖော့ဒ် ဆိုတဲ့ သမိုင်းပညာရှင်တစ်ယောက်က ဘာပြောခဲ့ဖူးသလဲဆိုရင် “ကွန်ပျူတာဟာ လူတွေရဲ့လွတ်လပ်မှု တွေကို စုပ်ယူပစ်နေပြီး ဘဝကိုမြှင့်တင်ပေးနိုင်မယ့် တန်ဖိုးတွေကို ဖျက်ဆီးပစ်နေတာပဲ” တဲ့။ ဒီလိုလူမျိုးတွေလည်း ရှိခဲ့တာပါပဲ။

ဒါပေမဲ့ ၁၉၇၀ ခုနှစ်များရဲ့ အစောပိုင်းကာလတွေ အရောက်မှာတော့ ကွန်ပျူတာဆိုတာ ဗျူရိုကရေစီဆန်တဲ့ ထိန်းချုပ်မှုတွေရဲ့ လက်နက်တစ်ခုပဲဆိုတဲ့ အမြင်မျိုးကို လွှင့်ပစ်လိုက်ကြပြီး တစ်ကိုယ်ရေ ထုတ်ဖော်နိုင်စွမ်းနဲ့ လွတ်လပ်ခြင်းရဲ့ အမှတ်လက္ခဏာတစ်ခု အဖြစ် ပွေ့ဖက်ကြိုဆို ကြတဲ့ အရွေ့တစ်ခု အခြေတည်လာပါပြီ။ ဆေးခြောက်ရှူပြီး ယောဂီဝတ်ရုံကြီးတွေနဲ့ ခြေသည်းပဲ့ဖိနပ် စီးတတ်ကြတဲ့ အနောက်ပိုင်းသား လူငယ်တွေဟာ ၂၁ ရာစုရဲ့တီထွင်မှု ဥသျှောင်ကြီးတွေ ဖြစ်လာကြတယ်လို့ ပြောရင် မလွန်လောက်ပါဘူး။ ဂျာနယ်တွေမှာလည်း "နည်းပညာဟာ ကျုပ်တို့မိတ်ဆွေဖြစ်တယ်။ နည်းပညာနဲ့ ရင်းနှီးသူတွေရဲ့လောကမှာ တစ်ကိုယ်တော် စွမ်းအားတွေ ဖွံ့ဖြိုးလာပြီ။ လူတွေရဲ့ ကိုယ့်ပညာရေးကို ထိတွေ့ခွင့်ရဖို့ ကိုယ့်အာရုံတိမ်းညွှတ်ရာ ကိုယ်ရှာဖွေနိုင်ဖို့ ကိုယ့်ပတ်ဝန်းကျင်ကို ပုံဖော်ဖို့ တူညီရာတူညီရာတွေနဲ့အတူ ရင်ခုန်စရာတွေ မျှဝေနိုင်ဖို့ စွမ်းအင်တွေ ဟာ ကျယ်ပြန့်လို့လာနေပြီ" ဆိုတာမျိုးတွေ ရေးလာကြတဲ့ အချိန် ပေါ့။

၁၉၇၅ ဇန်နဝါရီလထုတ် Popular mechanics မဂ္ဂဇင်းရဲ့ မျက်နှာဖုံးကို မြင်လိုက်ရတဲ့အချိန်မှာ ဂျော့တို့တစ်တွေ အားတက်ကုန်ကြပါတယ်။ မဂ္ဂဇင်းရဲ့ မျက်နှာဖုံးရှင်က 'ပထမဆုံး' ကွန်ပျူတာ တစ်စုံရဲ့ ပုံပေါ့။ အမှန်တော့ Altair လို့ နာမည်ပေးထားတဲ့ ဒီပထမဆုံး မျိုးဆက် ကွန်ပျူတာကြီးဟာ ၁၉၇၅ မှာ ၄၉၅ ဒေါ်လာပေးခဲ့ရပြီး အစိတ်အပိုင်းများစွာ ပေါင်းစပ်ထားပြီး အလုပ်နည်းနည်းလေးသာ လုပ်နိုင်တဲ့ ပစ္စည်းကြီး တစ်ခုထက်မပိုပါဘူး။ ဒါပေမဲ့ နည်းပညာဂျပိုးတွေနဲ့ ဟက်ကာတွေအတွက် ကတော့ ခေတ်သစ်တစ်ခုရဲ့ အရုဏ်ဦးကို ရောက်သွားကြသလိုပဲ ခံစားခဲ့ကြရတာပေါ့။ အဲဒီအချိန် မှာ ဘီလ်ဂိတ် (Bill Gates) နဲ့ ပေါလ်အယ်လန် (Paul Allen) တို့ နှစ်ယောက်ပေါင်းပြီး BASIC ဆိုတဲ့ ကွန်ပျူတာတစ်မျိုး တီထွင်ဖို့ စမ်းသပ်နေကြပြီ ဆိုတာ ဂျော့နဲ့ ဝေါ့ဇ်တို့ သူငယ်ချင်းနှစ်ယောက်လည်း သတိထားမိခဲ့ကြပါတယ်။

The Homebrew Computer Club လို့ခေါ်တဲ့ အဖွဲ့ရဲ့ ကွန်ပျူတာစိတ်ဝင်စား သူ အင်ဂျင်နီယာများ တွေ့ဆုံပွဲတစ်ခုမှာ ဝေါ့ဇ်ဟာ ကွန်ပျူတာတစ်ခုဖန်တီးခြင်း သရုပ် ပြတင်ဆက်မှုနဲ့ မိုက်ခရိုက်ပရိုဆက်ဆာ တစ်ခုရဲ့ အသေးစိတ်အချက်အလက်တွေပါတဲ့ စာရွက်တွေကို ကြည့်ခွင့် ရခဲ့ပါတယ်။ ဝေါ့ဇ်ဟာ ကီးဘုတ်နဲ့ မော်နီတာပါပြီး အဝေးက ကွန်ပျူတာအငယ်စားတစ်ခုနဲ့ ချိတ်ဆက်နိုင်မယ့် တာမင်နယ် (ပင်မကွန်ပျူတာကြီးမှ ပွားပြီး သုံးနိုင်သည့် ကီးဘုတ် x မော်နီတာပါ အစိတ်အပိုင်း) တစ်ခုကို တီထွင်ခဲ့ပါတယ်။ မိုက်ခရိုပရိုဆက်ဆာတစ်ခုကို သုံးခြင်းအားဖြင့် ကွန်ပျူတာ အသေးတစ်ခုကို တာမင်နယ်ရဲ့ အစိတ်အပိုင်း တစ်ခုအဖြစ် ထည့်သုံးနိုင်တဲ့အတွက် အခုဆိုရင် ကိုယ်ပိုင်ရပ် တည် အလုပ်လုပ်နိုင်တဲ့ ဒက်စတော့ (Desktop) ကွန်ပျူတာ ခပ်သေးသေး

တစ်ခုအဆင့်ကို ရောက်လာပါပြီ။ "ဒါဟာ ကျွန်တော့် ခေါင်းထဲကိုဝင်လာတဲ့ တစ်ကိုယ်ရေသုံး ကွန်ပျူတာတစ်စုံရဲ့ ပုံစံပေါ့။ Apple ရယ်လို့ ဖြစ်လာမယ့် ကွန်ပျူတာဒီဇိုင်းကို အဲဒီညမှာပဲ ကျွန်တော် စာရွက်ပေါ်မှာ အပြီးချဆွဲလိုက်တော့တယ်" လို့ ဝေါ့ဇ်က ပြန်ပြောပြပါတယ်။

ထုံးစံအတိုင်းပဲ ဝေါ့ဇ်ဟာ သူ့ရဲ့ကွန်ပျူတာ အတွက် မအိပ်မနေ အလုပ်လုပ်ပါ တော့တယ်။ အမာထည်ပစ္စည်းတွေ အကုန်လုံးကို စိတ်တိုင်းကျ တပ်ဆင်ပြီးသွားတဲ့အခါမှာ မိုက်ခရိုပရိုဆက်ဆာ ကနေမှ တစ်ဆင့် ဆက်သွယ်ထားတဲ့ ဖန်သားပြင်မှာ ပုံရိပ်တွေပေါ်စေမယ့် ဆော့ဖ်ဝဲကို စရေးပါတယ်။ ကိုယ်ခိုင်းချင်တာ ခိုင်းနိုင်ဖို့ သူ့ကိုမှတ်ဉာဏ် ထည့်ပေးရမယ် မဟုတ်လား။ ဝေါ့ဇ်ဟာ စက်နဲ့ရိုက်နေဖို့ အချိန်မပေးနိုင်လို့ လိုအပ်တဲ့ ကုဒ်နံပါတ်တွေကို လက်ရေးနဲ့ပဲ ရေးခဲ့ရပါတယ်။ ၁၉၇၅၊ ဇွန်လ ၂၉ ရက် တနင်္ဂနွေနေ့ပါ။ အားလုံးအပြီးသတ် တပ်ဆင်ပြီးသွားချိန်မှာ ဝေါ့ဇ်ဟာ ကီးဘုတ်ပေါ်က ခလုတ်တချို့ ကို ရိုက်ထည့်လိုက်တဲ့အခါ စာလုံးတွေဟာ ဖန်သားပြင်ထက်မှာ ပေါ်လာပါတယ်။ တကယ့်ကို တစ်ကိုယ်ရေသုံး ကွန်ပျူတာတွေရဲ့ မှတ်တိုင် တစ်ခုပါ။ သမိုင်းမှာလည်း ပထမဆုံးပါ။ ကီးဘုတ်ပေါ် က ကိုယ်ရိုက်ချင်တဲ့ ခလုတ်တစ်ခုကို ရိုက်လိုက်တာနဲ့ ဖန်သားပြင်မှာ စာသားတွေ ပေါ်လာတာကို လူတိုင်း မြင်တွေ့နိုင်ပြီလေ။

ဂျော့ အရမ်းကြွေသွားပြီး 'ကွန်ပျူတာတွေ တစ်လုံးနဲ့တစ်လုံး ချိတ်လို့မရဘူး လား။ မမ်မိုရီတွေမှတ်ထားနိုင်တဲ့ ကတ်တစ်ခုခု ထည့်လို့ မရနိုင်ဘူးလား' ဆိုတဲ့ မေးခွန်း တွေနဲ့ ဝေါ့ဇ်ကို တရစပ်ပစ်ပေါက် ပါတော့တယ်။ ဂျော့ဟာ ဝေါ့ဇ်အတွက် လိုအပ်တဲ့ အစိတ်အပိုင်းတွေကို ရအောင်ရှာပေးခဲ့ပြီး တချို့ကို Intel ကနေ အလကားရအောင် တောင်းနိုင်ခဲ့တဲ့သူပါ။ "စတိဗ်ကတော့ သိတဲ့အတိုင်းပဲ။ အရောင်းကိုယ်စားလှယ် တစ်ယောက်ကို ကြွေသွားအောင် ကောင်းကောင်း ပြောတတ်တယ်။ ကျွန်တော်သာ ဆိုရင်တော့ ဘယ်တော့မှ ဒါမျိုးရမှာမဟုတ်ဘူး။ ကျွန်တော်က ရှက်တတ်တယ်ဗျ" လို့ ဝေါ့ဇ်က ဆိုပါတယ်။ ဆွေးနွေးပွဲတွေ၊ နည်းပညာဖလှယ်ပွဲတွေသာ တက်နေပေမယ့် ဝေါ့ဇ်ဟာ စကားပြောရမှာကို တော်တော်ရှက်တဲ့ လူစားမျိုးပါ။ ဒါပေမဲ့ နောက်ဆုံး တော့ ဝေါ့ဇ်ယူလာတဲ့ ပစ္စည်းတစ်ခုခုနားမှာပဲ လူတွေဝိုင်းအုံလာကြပြီး အဲဒီအခါကျရင် ဝေါ့ဇ် ဟာ သူဖန်တီးထားတဲ့လက်ရာကို ဂုဏ်ယူဝင့်ကြွားစွာနဲ့ ပြတော့တာပါပဲ။ ဒါ့အပြင် Apple 1 ဆိုတဲ့ ကွန်ပျူတာကို ပင်ပန်းတကြီး ဒီဇိုင်းထုတ် ဖန်တီးခဲ့တာဟာလည်း အခြားလူတွေကို အလကားပေးပစ်ဖို့ ထွင်ခဲ့တာပါဆိုတဲ့ လူစားမျိုးပေါ့။

ဒီလိုအမြင်မျိုး ဂျော့မှာလည်း မရှိသလို ဘီလ်ဂိတ်မှာလည်း မရှိခဲ့ပါဘူး။ ဘီလ်ဂိတ်ကဆိုရင် Homebrew နည်းပညာကလပ်က လူတွေက သူ့ရဲ့ BASIC ကွန်ပျူ တာစနစ်ကို ပုံတူတွေ

ပွားလုပ်နေကြပြီး သူ့ကိုတော့ ပိုက်ဆံတစ်ပြားမှ မပေးလို့ဆိုပြီး Homebrew အဖွဲ့ဆီ စာတစ်စောင်လှမ်းပို့ဖူးပါတယ်။ စာထဲမှာ 'ဝါသနာရှင်အများစု သိကြတဲ့အတိုင်းပဲ ဒီကလပ်က လူတွေက ကျွန်တော့်ဆော့ဖ်ဝဲလ်တွေ ခိုးသုံးနေကြတယ်။ ဒါဟာတရားရဲ့လား။ ခင်ဗျားတို့ လုပ်ပေါက်က ဆော့ဖ်ဝဲလ်ကောင်းတွေ ထွက်မလာအောင် တားသလိုဖြစ်နေပြီ။ ပိုက်ဆံတစ်ပြားမှ မရဘဲ ပရော်ဖက်ရှင်နယ်အဆင့် လုပ်ရတဲ့ ဆော့ဖ်ဝဲလ်တွေကို ဘယ်သူကများ လုပ်ပေးနိုင်မှာလဲ။ ပိုက်ဆံပေးလို့ရတဲ့ ဘယ်သူ့ကိုမဆို ကျွန်တော့်အနေနဲ့ ကျေးဇူးတင်ပါတယ်။

စတီဗ်ဂျော့တစ်ယောက်လည်း ဒီအတိုင်းပါပဲ။ ကိုယ်ဖန်တီးလို့ရတာတွေကို အလကားပေးပစ်မယ် ဆိုတဲ့ အမြင်မျိုးကို လက်မခံပါဘူး။ ဒီအတွက် တီထွင်ထားတဲ့ ကွန်ပျူတာနည်းပညာတွေကို အလကား ပေးမပစ်ဖို့ ဝေါ့ဇ်ကို ဂျော့က နားချနိုင်ခဲ့ ပါတယ်။ "ကျွန်တော်က ဒီဇိုင်းအသစ်တစ်ခု ထွင်နိုင်လိုက်တိုင်း စတီဗ်က ကျွန်တော် တို့နှစ်ယောက်အတွက် ပိုက်ဆံရနိုင်မယ့် နည်းလမ်းတစ်ခု စဉ်းစားနိုင်ခဲ့တာချည်းပဲ။ ကွန်ပျူတာကို ရောင်းစားဖို့ ဆိုတာ ကျွန်တော့်ဘာသာဆို ဘယ်လိုမှ စိတ်ကူးမိမှာ မဟုတ်ဘူး။ စတီဗ်ကပဲ စပြီးလုပ်ခဲ့တာပဲ" လို့ ဝေါ့ဇ်က သူ့အမြင်ကို ပြောပါတယ်။ ဂျော့ဟာ Atari က လူတစ်ယောက်ကို လိုအပ်တဲ့ ဆားကစ်ဘုတ်ကို ဒီဇိုင်းဆွဲခိုင်းပြီး အခု ၅၀ လောက် မှာလိုက်ပါတယ်။ အပြီးအစီး ဒေါ်လာ ၁၀၀၀ ဖိုးဆိုပါစို့။ ပြီးရင် ဂျော့က တစ်ခု ကို ဒေါ်လာ ၄၀ လောက်နဲ့ ပြန်ရောင်းရင် အားလုံးကုန်တဲ့အခါ လက်ထဲမှာ ၇၀၀ လောက် ကျန်နေမယ်လို့ တွက်ပေမယ့် ဝေါ့ဇ်ကတော့ ရင်းလိုက်တဲ့ပိုက်ဆံတွေ ပြန်ရစရာနည်းလမ်း မရှိတော့ဘူးလို့တွက်ပြီး ရင်တုန်ပန်းတုန် ဖြစ်နေတော့တာပါပဲ။ ဝေါ့ဇ်ရဲ့ အိမ်ရှင်ကလည်း အိမ်လခကို ချက်လက်မှတ်နဲ့ပေးတာ လက်မခံတော့တဲ့ အတွက် ငွေသားနဲ့ပဲ ပေးချေရမှာဆိုတော့ ပိုဆိုးတာပေါ့။

ဂျော့ကတော့ ဝေါ့ဇ်ကို ရအောင် ထိန်းထားပါတယ်။ ပိုက်ဆံတွေအားလုံး သေချာပေါက် ပြန်ရမှာပေါ့လို့လည်း ခံမငြင်းဘဲ ရောင်းမထွက်ခဲ့ဘူးဆိုရင်လည်း ငါတို့ သူငယ်ချင်းနှစ်ယောက် ကိုယ်ပိုင်ကုမ္ပဏီတစ်ခု ထောင်လိုက်ရုံပေါ့ကွာလို့ ဝေါ့ဇ်ကို နားချ ထားပါတယ်။ ဂျော့ဟာ ကားမောင်းနေရင်း ဝေါ့ဇ်ကို ဒီအကြံဉာဏ်ကိုပြောပြတဲ့အခါ ဝေါ့ဇ်ဟာ မထင်မှတ်ထားတဲ့စကားကြောင့် အရမ်း စိတ်လှုပ်ရှားသွားပါတယ်။ ကုမ္ပဏီ။ ကိုယ်ပိုင်ကုမ္ပဏီ။ "ကျွန်တော်တို့နှစ်ယောက်ပေါင်းပြီး ကုမ္ပဏီထောင်မယ်ဆိုတာကို စိတ်ကူးကြည့်လိုက်တာနဲ့တင် တကယ်စိတ်လှုပ်ရှားစရာပဲ။ အချစ်ဆုံး သူငယ်ချင်း နှစ်ယောက်ပေါင်းပြီး ကုမ္ပဏီတစ်ခုထောင်ဖို့ဆိုတာ .. ဝိုး .. စဉ်းစားကြည့်လိုက်စမ်းဗျာ။ လုပ်ဖြစ်အောင် လုပ်မယ်ဆိုတဲ့စိတ်မျိုး ချက်ချင်းဖြစ်လာတယ်။ ဒါမျိုးမလုပ်ဘဲ ဘယ်လို လုပ်နေနိုင်ပါ့မလဲဗျာ" လို့ ဝေါ့ဇ်က သူ့ရဲ့စိတ်လှုပ်ရှားမှုကို ပြန်ပြောခဲ့ပါတယ်။

စိတ်ကူးနဲ့ပဲ လေထဲတိုက်အိမ်ဆောက်ရင်း ဝေါ့ဇ်က သူ့ရဲ့ဂဏန်းတွက်စက်ကို ဒေါ်လာ ၅၀၀ နဲ့ ရောင်းလိုက်ပြီး ဂျော့က သူစီးနေတဲ့ ဘော့ဖောက်စ်ဝယ်ဂွန်ကားလေး ကို ဒေါ်လာ ၁၅၀၀ နဲ့ ရောင်းလိုက်ပါတယ်။ ဒါပေမဲ့ ဂျော့ရဲ့ကားကို ဝယ်သွားသူက နှစ်ပတ်လောက်နေတော့ ဂျော့ဆီ ပြန်ရောက်လာပါတယ်။ အင်ဂျင်က အလုပ်မလုပ် တော့တဲ့အတွက် ဝပ်ရှော့အပ်ရမှာဖြစ်ပြီး ဂျော့က ပြင်ဆင်ခရဲ့ တစ်ဝက်ကို ပြန်စိုက်ပေး လိုက်မှ အဆင်ပြေသွားပါတော့တယ်။ ဝပ်ရှော့ဖိုး တစ်ဝက် ပြန်စိုက်ပေးလိုက်ပြီးနောက် နှစ်ယောက်ပေါင်းလက်ထဲမှာ ကျန်တဲ့ငွေကို တွက်ကြည့်လိုက်တဲ့ အခါ ဒေါ်လာ ၁၃၀၀ ကျန်နေပါသေးတယ်။ ဒါဟာ သူတို့နှစ်ယောက် ကုမ္ပဏီစထောင်ဖို့ အတွက် အရင်းအနှီးပေါ့။ ဒေါ်လာ ၁၃၀၀ ကို လက်ထဲမှာကိုင်ပြီး သူတို့ထုတ်မယ့်ပစ္စည်းအတွက် ဒီဇိုင်းတွေ ပြင်ဆင်ပြီး အစီအစဥ်တွေ လုပ်ကြတော့တာပါပဲ။ ကိုယ်ပိုင်ကွန်ပျူတာကုမ္ပဏီတစ်ခု တကယ် စထောင်ကြတော့မယ်လေ။

## Apple ကုမ္ပဏီအား မွေးဖွားခြင်း

ကိုယ်ပိုင်ကုမ္ပဏီအတွက် နာမည်ကောင်းကောင်းလေးတစ်ခု ပေးဖို့တော့ လိုလာပါပြီ။ ဂျော့နဲ့ ဝေါ့ဇ်တို့နှစ်ယောက် ရောဘတ်တို့ခြံကို အသွားလမ်းမှာ ကားမောင်းရင်း နာမည်ရွေးဖို့ကိစ္စကို အပြန်အလှန် ခေါင်းစားနေကြတော့တာပါပဲ။ ပထမဆုံးစပြီး စဥ်းစားကြတဲ့အခါမှာ Matrix လို နည်းပညာဆန်ဆန်နာမည်မျိုး၊ Executek လို ထွင်ထားတဲ့ ခပ်ဆန်းဆန်းစကားလုံးမျိုး အပြင် Personal Computer Inc. ဆိုတဲ့ နာမည်မျိုးလို အင်မတန်ရိုးပြီး တုံးတဲ့နာမည်တွေပဲ ထွက်လာပါတယ်။ နောက်နေ့မှာ လိုအပ်တဲ့ စာရွက်စာတမ်းတွေ အကုန်ဖြည့်ရမှာဆိုတော့ စိတ်ကြိုက် နာမည်တစ်ခုကို အမြန်ဆုံးရဖို့က အရေးကြီးနေပါပြီ။ နောက်ဆုံးမှာ ပန်းသီးချည်းပဲစားပြီး သက်သတ်လွတ် ကျင့်စဥ်တစ်ခုကို ကျင့်နေတဲ့ဂျော့က ရောဘတ်ရဲ့ ပန်းသီးခြံကို အသွား လမ်းပေါ်မှာပဲ ကုမ္ပဏီနာမည်ကိုပန်းသီး (Apple) လို့ ရွေးလိုက်ပါတော့တယ်။ “ဒီနာမည် လေးက ပျော်စရာလည်းကောင်း၊ စိတ်တက်ကြွဖွယ်ရာလည်း ကောင်းတဲ့အပြင် ဟိတ်ကြီးဟန်ကြီးလည်း မနိုင်ဘူးလေ။ ဒါနဲ့ Apple နောက်မှာ ကွန်ပျူတာလေးပေါင်း ထည့်ပေးလိုက်ပြီး Apple ကွန်ပျူတာရယ်လို့ ဖြစ်သွားတာပေါ့။ ဒါ့အပြင် ဖုန်းစာအုပ်လိုနေရာမျိုးမှာ အက္ခရာလိုက် နာမည် စဥ်မယ်ဆိုလည်း ကျွန်တော်တို့ ကုမ္ပဏီက ထိပ်မှာ ရောက်နေမယ်လေ” လို့ ဂျော့က သူ့ရဲ့ ကမ္ဘာကျော် ကုမ္ပဏီကြီးရဲ့ နာမည်ကို စပေးဖြစ်လိုက်ပုံကို ရှင်းပြပါတယ်။

'Apple' ဆိုတဲ့ ရိုးရှင်းပြီး တရင်းတနှီးရှိတဲ့ စကားလုံးလေးကို ပေးဖြစ်သွားတာဟာ မှန်ကန်တဲ့ ရွေးချယ်မှုတစ်ခုပါပဲ။ တန်ပြန်ယဥ်ကျေးမှုပုံစံတွေနဲ့ သဘာဝတရားရဲ့ မြေကြီးဆန်မှုဆီ ပြန်တီမ်းညွတ်နေတဲ့ ဒီလိုနေရာမျိုးမှာ ဒီထက်ပိုပြီး အမေရိကန်ဆန်တဲ့ နာမည်မျိုး မရှိနိုင်တော့ဘူးလို့ ဆိုရပါမယ်။ ပြီးတော့ Apple နောက်ကနေ Computer ဆိုတဲ့ စကားလုံးကိုပါ ထပ်ထည့်ပေးလိုက်တော့ သဘာဝချင်းဆန့်ကျင်နေ တဲ့ စကားလုံးနှစ်ခု တွဲလျက် ဖြစ်သွားပါတော့တယ်။ Apple Computer ပါတဲ့။ ဂျော့တို့ ကုမ္ပဏီမှာ ပထမဆုံး ဥက္ကဋ္ဌဖြစ်လာသူ မိုက်မာကူလာ (Mike Markkula) က ဘယ်လို မှတ်ချက်ချလဲဆိုရင် "သိပ်တော့ အဓိပ္ပါယ်မရှိလှဘူးဗျ။ ပန်းသီးနဲ့ ကွန်ပျူတာဆိုတာ။ ပန်းသီး ကွန်ပျူတာတဲ့။ ဘယ်လိုမှ အစပ်အဟပ်မရှိတဲ့ နှစ်ခုပဲ။ ဒါကြောင့်မို့ပဲ လူတွေရဲ့ အာရုံကို ဖမ်းစားနိုင်ခဲ့တာပါပဲ" လို့ ဆိုပါတယ်။

ဝေါ့ဇ်နီးယက်ခ်က HP မှာလည်း အလုပ်ဝင်နေတုန်းပဲဆိုတော့ ကုမ္ပဏီအသစ် မှာ အချိန်ပြည့် အာရုံစိုက်နိုင်ဖို့ အဆင်သင့်မဖြစ်သေးပါဘူး။ ဂျော့ကလည်း ဒါကိုရိပ်မိတဲ့ အခါကျတော့ ဝေါ့ဇ်ကို သူတို့ရဲ့ ကုမ္ပဏီမှာပဲ အာရုံမပြောင်းစတမ်း ထိန်းထားနိုင်ဖို့ရယ် တကယ်လို့ သဘောထား ကွဲလွဲတာတွေ ဖြစ်လာခဲ့ရင် ကြားဝင်ဆုံးဖြတ်ပေးနိုင်ဖို့အတွက် Atari ကုမ္ပဏီက သူ့မိတ်ဆွေရွန်ဝိန်း (Ron Wayne) ကိုပါ အဖွဲ့ထဲခေါ်ထည့်လိုက်ပါ တယ်။ ရွန်ဝိန်းက အရင်က သူ့ကိုယ်ပိုင် ကုမ္ပဏီထောင်ခဲ့ဖူးတဲ့ အတွေ့အကြုံလည်း ရှိတယ်မဟုတ်လား။ ရွန်ဝိန်းကတော့ ဝေါ့ဇ်တီထွင်မယ့် ဒီဇိုင်းတွေ Apple ကုမ္ပဏီရဲ့ ပိုင်ဆိုင်မှုအောက်မှာပဲ ရှိသင့်တယ်ဆိုတာ ဝေါ့ဇ်ကိုယ်တိုင် လက်ခံဖို့ကသာ အရေးကြီး ပြီး ဝေါ့ဇ် HPက ထွက် မထွက်က အဓိကမကျဘူးလို့ပဲ မြင်ပါတယ်။ ဂျော့ဟာ သူထွင် ထားတဲ့ ဆားကစ်တွေကို HP လည်း သုံးချင်ယူသုံးပါစေဆိုတဲ့ သဘောထားမျိုးရှိပြီး ဂျော့နဲ့ ရွန်ဝိန်းတို့ကတော့ ဝေါ့ဇ်ရဲ့ လက်ရာ ဆားကစ်ပြားတွေဟာ Apple ကုမ္ပဏီ အတွက် အသက်ပဲလို့ နားလည်ထားကြပါတယ်။ ဒါနဲ့ ရွန်ဝိန်းရဲ့တိုက်ခန်းမှာ ဒီကိစ္စကို နှစ်နာရီလောက် ကြာအောင် ခေါင်းချင်းရိုက် အကြေအလည်ဆွေးနွေးပြီးတဲ့ အခါကျတော့ ဝေါ့ဇ်လည်း ဂျော့ တို့ရဲ့အမြင်ကိုလက်ခံသွားပါတယ်။ ရွန်ဝိန်းထောက်ပြတဲ့ အချက်ကတော့ ကြီးကျယ်တဲ့ အင်ဂျင်နီယာ ကောင်းတစ်ယောက် ဟာ လက်တွဲစရာ ဈေးကွက်ကျွမ်းကျင်သူရှိမှသာ သူ့နာမည် တင်ကျန်ခဲ့နိုင်မယ် ဆိုတဲ့ အချက်ပဲဖြစ်ပြီး ဒီအချက်နဲ့ ဝေါ့ဇ်ကို နားချနိုင်ခဲ့တာပါပဲ။ ဂျော့လည်း ရွန်ဝိန်းရဲ့အစွမ်းကို သဘော ကျသွားပြီး သူနဲ့ ဝေါ့ဇ်ကြားမှာ သဘောထားကွဲလွဲတာတွေရှိရင် ဖြန်ဖြေရေးလုပ်ဖို့ဆိုပြီး ရွန်ဝိန်းကို အမြတ်ငွေရဲ့ ၁၀ ရာခိုင်နှုန်းပေးခေါ်ထားရကျိုးနပ်ပြီဆိုပြီး အကျေနပ်ကြီး ကျေနပ်နေတော့ တာပေါ့။

ဂျော့တို့နှစ်ယောက်အဖွဲ့ဟာ မတူညီတဲ့စရိုက်တွေနဲ့ လူနှစ်ယောက်ပေါင်းထားတဲ့ စွမ်းအားကြီးတဲ့ အသင်းတစ်သင်းပေါ့လို့ ရွန်ဝိန်းကဆိုပါတယ်။ အဲဒီအချိန်က ဂျော့ ဟာ နတ်ဆိုးတွေရဲ့စေစားမှုကို ခံနေရသူတစ်ဦးနဲ့ တူပြီး ဝေါ့ဇ်ကတော့ သဘောကောင်း တဲ့ မှင်စာလေးတစ်ကောင်လိုပါပဲ။ ဂျော့ဟာ အများအားဖြင့် လူတွေကိုကြိုးကိုင်လိုပြီး သူလိုချင်တာတွေ ဖြစ်လာအောင် တွန်းအားတွေ ဖန်တီးပေးနိုင်တဲ့ ရဲတင်းဝံ့ကြွားတဲ့ စိတ်တစ်မျိုးတည်း ကိုလည်း ပိုင်ဆိုင်ထားသူပါ။ ဩဇာသက်ရောက် နိုင်တဲ့ အစွမ်းနဲ့ ညှို့ဓါတ် ပြင်းသူတစ်ယောက်လည်း ဖြစ်သလို သွေးအေးပြီးရက်စက်တတ်တဲ့ သူလို့လည်းပြော လို့ရနိုင်ပါတယ်။ ဝေါ့ဇ်ကတော့ ဆန့်ကျင်ဘက်ပါပဲ။ ရှက်တတ်တယ်။ အူကြောင်ကြောင် နိုင်တယ်ဆိုတာတွေအပြင် ကလေးကြီးတစ်ယောက်လိုလည်း သဘောကောင်း တတ် ပါသေးတယ်။ ဝေါ့ဇ်ဟာ သူ့နယ်ပယ်မှာတော့ အင်မတန်ဉာဏ်ကောင်းပေမယ့် မသိတဲ့ လူတွေနဲ့ စကားပြောရမယ့် ကိစ္စမှာ တော့ ဘယ်တုန်းကမှ လူတောမတိုးတဲ့သူ တစ်မျိုး ပါ။ "ကျွန်တော်က ဘယ်တုန်းကမှ လူတွေနဲ့ ဆက်ဆံချင်ခဲ့တာမဟုတ်ဘူး။ ဂျော့ကတော့ သူမသိတဲ့လူတွေဆီလည်း ဖုန်းကောက်ဆက်လို ဆက်ပြီး သူလိုတာတွေ ရအောင်လုပ်ခိုင်းနိုင် တဲ့ လူစားမျိုး" လို့ ဝေါ့ဇ်က မှတ်ချက်ပြုပါတယ်။

"ဂျော့ဟာ အရည်အချင်းမရှိဘူးလို့ သူထင်တဲ့သူတွေအပေါ်မှာ ကြမ်းကြမ်း တမ်းတမ်း ဆက်ဆံ တတ်ပေမယ့် ကျွန်တော့်အပေါ်မှာတော့ ဘယ်တုန်းကမှ ရိုင်းရိုင်း စိုင်းစိုင်းဆက်ဆံခဲ့တယ်ရယ်လို့ မရှိခဲ့ ဘူး။ သူအောင်မြင်လာပြီးတဲ့နောက်ပိုင်း မေးခွန်း တစ်ခုကို သူ ဖြေစေချင်သလို မဖြေခဲ့တဲ့အခါမျိုးမှာ တောင်မှပေါ့" လို့ ဝေါ့ဇ်ကပြောပါ တယ်။ ဝေါ့ဇ်ဟာ သူထွင်ထားတဲ့ ကွန်ပျူတာဒီဇိုင်းကို Apple ရဲ့ ပိုင်ဆိုင်မှုအောက်မှာပဲ ရှိသင့်တယ် ဆိုတာကို နားဝင်လာပြီဆိုရပေမယ့် သူ့အနေနဲ့ အရင်ဆုံး HP ကို အရင် ပေးဖို့လိုတယ်လို့ ပြောလာပါတယ်။ သူဟာ လက်ရှိ HP ကုမ္ပဏီရဲ့ ဝန်ထမ်းတစ် ယောက်ဆိုတော့ သူထွင်ထားတဲ့ ဒီဇိုင်းကို HPကို အရင်ပြဖို့ သူ့မှာတာဝန်ရှိပြီး ဒါမှသာ ကျင့်ဝတ်သိက္ခာနဲ့ ညီမယ်လို့ ဝေါ့ဇ်ကခံယူပါတယ်။ ၁၉၇၆ နွေဦးရာသီရဲ့ တစ်ရက်မှာ ဝေါ့ဇ်ဟာ HPကုမ္ပဏီရဲ့ ရုံးခန်းထဲမှာ သက်ဆိုင်ရာမန်နေဂျာတွေကို သူ့ရဲ့ကွန်ပျူတာ ဒီဇိုင်းအကြောင်း သရုပ်ပြနေပါတယ်။ HP ရဲ့ အကြီးအကဲ က ဝေါ့ဇ်ရဲ့လက်ရာကို သဘောကျသွားပေမယ့် သူတို့ အဆင့်မြှင့်တင်ဖို့ ရည်ရွယ်ထားတဲ့ပုံစံနဲ့ သိပ်မကိုက် ညီဘူးလို့ ထုတ်ပြောလိုက်ပါတယ်။ ဒါဟာ အရှုံးအမှုံးဖြစ်နေတဲ့ ဝါသနာရှင်တစ်ယောက် ရဲ့ အံ့မခန်းလက်ရာတစ်ခုသာဖြစ်ပြီး စီးပွားရေးအရ တည်ထောင်ထားတဲ့ ကုမ္ပဏီတစ်ခု ရဲ့ အရည်အသွေးမြင့် ဈေးကွက်ဝင် ပစ္စည်းတစ်ခုဖြစ်လာဖို့ မကိုက်ညီဘူးဆိုတဲ့သဘော ပဲ ဆိုပါစို့။ ဝေါ့ဇ်ဟာ တော်တော်လေးစိတ်ပျက်သွားပါတယ်။ ဒါပေမဲ့ Apple အတွက် စိတ်ကြိုက် အသုံးပြုခွင့်တော့ရသွားပြီလေ။

၁၉၇၅၊ ဧပြီ ၁ ရက်နေ့မှာ စတိပ်ဂျော့၊ ဝေါ့ဇ်နီးယက်ခ်နဲ့ ရွန်ဝိန်းတို့သုံးယောက်ဟာ အကျိုးတူ ပူးပေါင်းမှုဆိုင်ရာ စာချုပ်တစ်ခုကိုရေးဆွဲနေကြပါတယ်။ အရင်က စာချုပ်စာတမ်းတွေ ရေးဖူးတယ် ဆိုတဲ့ ရွန်ဝိန်းက ဦးဆောင်ရေးသားသူပေါ့။ စာမျက်နှာသုံးမျက်နှာပါတဲ့ သဘောတူညီမှုစာချုပ်မှာ ရွန်ဝိန်းရဲ့ ဥပဒေဆန်တဲ့ ဟိတ်ကြီးဟန်ကြီး အရေးအသားတွေနဲ့ ဘယ်လိုပဲအစွမ်းပြထားပြထား အခြေခံသတ်မှတ်ချက်ကတော့ ရှင်းရှင်းလေးရယ်ပါ။ အမြတ်ငွေကို စတိပ်ဂျော့ ၄၅ ရာခိုင်နှုန်း၊ ဝေါ့ဇ်က ၄၅ ရာခိုင်နှုန်း နဲ့ ရွန်ဝိန်းက ၁၀ ရာခိုင်နှုန်းဆိုပြီး ခွဲဝေယူကြဖို့ပါပဲ။ ဒေါ်လာ ၁၀၀ ထက်ပိုတဲ့ ပစ္စည်းတစ်ခုခုကို ဝယ်မယ်ဆိုရင် အနည်းဆုံး နှစ်ဦးသဘောတူမှ ဝယ်ခွင့်ရှိမယ်လို့လည်း သတ်မှတ်လိုက်ကြပြီး တာဝန်တွေကိုလည်း အသီးသီး ခွဲဝေလိုက်ကြတာပေါ့။ ရွန်ဝိန်းရဲ့ အရေးအသားပုံစံအတိုင်း ပြန်ရေးပြရမယ်ဆိုရင် "ဝေါ့ဇ်နီးယက်ခ်သည် အီလက်ထရောနစ် အင်ဂျင်နီယာလုပ်ငန်းပိုင်းဆိုင်ရာ လုပ်ဆောင်ချက်မှန်သမျှနှင့် ပတ်သက်သည့် တာဝန်ကြီးယယ် ဟူသမျှအား ဆောင်ရွက်ပေးရမည်ဖြစ်ပြီး စတိပ်ဂျော့သည် အီလက်ထရစ်အင်ဂျင်နီယာ ကဏ္ဍနှင့် ပတ်သက်သည့် အထွေထွေတာဝန်များနှင့် ကုန်စည်အား စျေးကွက်တင်ခြင်းအပိုင်း၌ တာဝန်ယူ ရမည်။ ရွန်ဝိုန်းသည် စက်ပိုင်းဆိုင်ရာ အင်ဂျင်နီယာကဏ္ဍများနှင့် စာရွက်စာတမ်းဆိုင်ရာ ကိစ္စများအား တာဝန်ယူရမည်" လို့ ရေးသားထားပါတယ်။

ကုမ္ပဏီ စလည်ပတ်တဲ့အချိန်မှာ ဂျော့က ပိုက်ဆံထပ်ချေးပြီး ပိုရင်းနီးမတည်ဖို့ လုပ်လာတော့ တစ်ခါအရင်းပြုတ်ထားဖူးတဲ့ ရွန်ဝိန်းတစ်ယောက် ခေါင်းနပန်းတွေ ကြီးလာပါတယ်။ ဘာကြောင့်လဲ ဆိုတော့ တစ်ခုခုဆိုရင် ဂျော့နဲ့ဝေါ့ဇ်နီးယက်ခ်တို့မှာက ဘာမှပိုင်ဆိုင်တာမရှိပေမယ့် ရွန်ဝိန်းမှာတော့ မွေ့ယာထဲမြှုပ်ဖွက်ထားတဲ့ ရွှေဒင်္ဂါးပြားတွေ ရှိနေတယ်လေ။ ပါတနာလုပ်ငန်းသဘောမျိုး စာချုပ် ထားတာဆိုတော့ တစ်ခုခုကိုဆိုရင် သုံးယောက်ထဲက ဘယ်သူ့ကိုမဆိုတရားစွဲ၊ လျော်ကြေး တောင်းလို့ ရနိုင်တယ် ဆိုတာ သိတယ်မလား။ ကြားထဲက သူစိုက်မလျော်နိုင်ဘူးလေ။ ဒါနဲ့ပဲ ရွန်ဝိန်းဟာ စာချုပ်ချုပ်ပြီးလို့ ဆယ့်တစ်ရက်မြောက်နေ့မှာပဲ ခရိုင်ရုံးကိုပြန်သွားပြီး အကျိုးတူအဖွဲ့ ကနေ သူနုတ်ထွက်ကြောင်း စာရွက်စာတမ်းတွေနဲ့ တရားဝင်ဖြစ်အောင်သွားလုပ်ပြီး ဂျော့တို့နဲ့ လမ်းခွဲလိုက်ပါတော့တယ်။ ရွန်ဝိန်းရဲ့ အမြတ်ဝေစု ၁၀ ရာခိုင်နှုန်းအဖြစ် ဒေါ်လာ ၈၀၀ လက်ခံရရှိခဲ့ပြီး မကြာမီမှာပဲ ဒေါ်လာ ၁၅၀၀ ဆက်လက်ရရှိပြီး တစ်ခန်း ရပ်သွားပါတော့တယ်။ ရွန်ဝိန်းသာ ၂၀၁၀ အထိ အကျိုးအမြတ် ၁၀ ရာခိုင်နှုန်းပိုင်သူ အဖွဲ့ဝင်အဖြစ်ဆက်ရှိနေခဲ့မယ်ဆိုရင် သူရလာမယ့် အမြတ်ငွေပေါင်းဟာ ဒေါ်လာ ၂.၆ ဘီလီယံထိ ပိုင်ဆိုင်နေမှာပါ။ ဒါပေမဲ့ အခုတော့ရွန်ဝိန်းဟာ နီဗာဒါပြည်နယ်က မြို့ ကလေးတစ်မြို့က အိမ်ခပ်သေးသေးလေးတစ်လုံးမှာပဲ သူ့ရဲ့ငွေအကြွေစေ့ ထည့်ရတဲ့ စက်လေးတွေနဲ့ ကစားရင်း လူမှုလုံခြုံရေး အထောက်အပံ့ငွေနဲ့ပဲ ရပ်တည်ရှင်သန်

နေရပါတယ်။ ဒါပေမဲ့ ရွန်ဝိန်းကတော့ ဒီအတွက်နောင်တမရပါဘူး။ “အဲဒီအချိန်က အကောင်းဆုံး ဆုံးဖြတ်ချက်ကို ချခဲ့တာပဲ။ ဒီ ဂျော့နဲ့ ဝေါ့ဇ်နှစ်ကောင်လုံး က လေပွေတွေလိုပဲ။ ဘာမှ အစိုးရတဲ့ကောင်တွေမဟုတ်ဘူး။ ကျွန်တော့်မသိစိတ်ထဲမှာ ခံစားနေတာကလည်း ဒီလိုရမ်းဖို့ အဆင်သင့်မဖြစ်သေးဘူးဆိုတာပဲ” လို့ ရွန်ဝိန်းက ပြန်ပြောပြခဲ့ပါ တယ်။

ဂျော့နဲ့ ဝေါ့ဇ် ကုမ္ပဏီပိုင်ရှင်ကြီးနှစ်ယောက်ဟာ Homebrew ကွန်ပျူတာ အသင်းရဲ့ တွေ့ဆုံပွဲမှာ စင်ပေါ်တက်ပြီးသူတို့ရဲ့ Apple ကွန်ပျူတာအသစ်စက် စက် ရဲ့အကြောင်းကို ကြော်ငြာနေကြပါတယ်။ သူတို့ရဲ့ မှတ်ဉာဏ် ၈ မဂ္ဂါဘိုက်ဆံ့တဲ့ ကီးဘုတ်တွေပါတဲ့ ကွန်ပျူတာကို ညွှန်ပြရင်း “မီးလုံးတွေ၊ ခလုတ်တွေနဲ့ ရှေ့မှာ ရှုပ်ယှက်ခတ်နေတဲ့ အူကြောင်ကြား ပစ္စည်းမျိုးမဟုတ်ဘူးနော်။ လူကိုယ်တိုင်ရိုက်လို့ရ တဲ့ကီးဘုတ်နဲ့ တွဲထားတာ” လို့ ဝေါ့ဇ်က ကြွေးကြော်ပါတယ်။ ဂျော့ကလည်း ဆားကစ်ဘုတ်တစ်ခုတည်းတင် မဟုတ်ဘဲ ကီးဘုတ်တွေ၊ မော်နီတာတွေနဲ့ အကုန်အပြီးသတ် ဆင်ထားပြီးသား သူတို့လက်ရာပစ္စည်းကိုထိုးပြပြီး “ဒီလိုအံ့သြဖွယ်ရာ ပစ္စည်းမျိုး အတွက် လူတွေ ပိုက်ဆံဘယ်လောက် ပေးနိုင်မယ်လို့ ထင်ကြလဲ” ဆိုပြီး စကားခေါ် ပေမယ့် ပရိသတ်တွေ ကတော့ သိပ်စိတ်ဝင်စားပုံ မပြပါဘူး။ ဒါပေမဲ့ ပေါလ်တာရဲလ် (Paul Terrell) ဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကတော့ လူတွေရဲ့ နောက်နား တစ်နေရာ ကနေ ရပ်နားထောင်နေပါတယ်။ ပေါလ်တာရဲလ်ဆိုတာ လက်ရှိမှာ ကွန်ပျူတာနဲ့ စပ်ဆက်ပစ္စည်း အရောင်းဆိုင် သုံးဆိုင်တိတိ ပိုင်ဆိုင်ထားပြီး တစ်နိုင်ငံလုံးအနှံ့ ဆိုင်ခွဲတွေ ဖွင့်ဖို့ ကြံစည်နေသူ တစ်ဦးပေါ့။ ဂျော့ဟာ စိတ်လှုပ်ရှားစွာနဲ့ ပေါလ်ကိုသီးသန့်ခေါ်လာပြီး သူ့ရဲ့ကွန်ပျူတာအကြောင်းကို သေချာရှင်းပြပါတယ်။ ဂျော့ရဲ့ ကြိုးပမ်းမှုအောင်မြင် သွားပါတယ်။ ပေါလ်တာရဲလ်ဟာ မပြန်ခင်မှာ သူ့လိပ်စာကတ်ကို ထုတ်ပေး သွားပြီး “ ဆက်သွယ်လိုက်ကွာ” လို့ ပြောသွားခဲ့တာပေါ့။

ဂျော့ဟာ နောက်နေ့မှာ ပေါလ်တာရဲလ်ရဲ့ ဆိုင်ထဲကိုခြေတိုးလုံးနဲ့ ဝင်သွားပြီး တာရဲလ်နဲ့ အတွေ့မှာ “အခုလာဆက်သွယ်တာပဲလေ” လို့ ပြောလိုက်ပါတယ်။ ဂျော့ အလုပ်ဖြစ်သွားပါတယ်။ တာရဲလ်က ကွန်ပျူတာအလုံး ၅၀ တိတိမှာလိုက်ပါတယ်။ ဒါပေမဲ့ တစ်ခုရှိတာက တာရဲလ်အနေနဲ့ လိုချင်တာက လာဝယ်တဲ့သူတွေကိုယ်တိုင် ပြန်ဆင်နေရမယ့် ဒေါ်လာ ၅၀ တန် ဆားကစ်တုံး ကြီးတွေချည်း မဟုတ်ဘဲ အစအဆုံး အသင့်ဆင်ပြီး သား တကယ့်ကွန်ပျူတာ အစုံလိုက်ကိုပဲ လိုချင်တယ်လို့ ဆိုလာပါတယ်။ သူ လိုချင်တဲ့ပုံစံအတိုင်းသာရမယ်ဆိုရင် ကွန်ပျူတာ တစ်စုံကို ဒေါ်လာ ၅၀၀ နှုန်းနဲ့ လက်ငင်းငွေသား ပေးချေမယ်လို့ ပြောလိုက်ပါတယ်။

ဂျော့ဟာ အူလျားဖားလျားနဲ့ ဝေါ့ဇ်ဆီ ချက်ချင်း ဖုန်းလှမ်းဆက်တော့တာပါပဲ။ “ဝေါ့ဇ်ရေ .. ခင်ဗျား ထိုင်နေတာလား” လို့ မေးတော့ ဝေါ့ဇ်က မဟုတ်ဘူးလို့ပြောပါ တယ်။ ဘာပဲပြောပြော ဂျော့က ဝမ်းသာစရာသတင်းကို ပြောလိုက်တဲ့အခါ ဝေါ့ဇ် တစ်ယောက်အကြီးအကျယ် အံ့အားသင့် သွားပါတော့တယ်။ “ ကျွန်တော် တော်တော် ကိုရင်တုန်ပန်းတုန် ဖြစ်သွားတာဗျ။ တကယ့်ကို ရှော့ခ်ပဲ။ အဲဒီအခိုက်အတန့်ကိုတော့ ဘယ်တော့မှမေ့မှာ မဟုတ်တော့ဘူး” လို့ ဝေါ့ဇ်က ပြန်ပြောပြပါတယ်။ အော်ဒါမှာတဲ့ အရေအတွက်ကို ထုတ်နိုင်ဖို့အတွက် ဒေါ်လာ ၁၅၀၀၀ လောက် လိုလာတဲ့အခါ ဟုမ်းစတက်အထက်တန်းကျောင်း တုန်းက သူငယ်ချင်း အယ်လန်ဘမ်းနဲ့ သူ့အဖေက ဒေါ်လာ ၅၀၀၀ ထုတ်ချေးပေးခဲ့ပါတယ်။ ဂျော့ဟာ လိုနေသေးတဲ့ပိုက်ဆံအတွက် လော့အယ်လ်တို့စ်က ဘဏ်တစ်ခုမှာ ငွေသွားချေးခဲ့ပေမယ့် ဘဏ်မန်နေဂျာက ဂျော့ရဲ့ ပုံစံကိုကြည့်ပြီး ငြင်းလိုက်သလို ဟဲလ်တက်ခ် ထောက်ပံ့ရေးဆီကနေ လိုအပ်တဲ့ အစိတ်အပိုင်းတွေရဖို့ သွားကြိုးစားတဲ့ အခါမှာလည်း ပိုင်ရှင်က ဂျော့တို့နှစ်ယောက်ကို ကြည့်ပြီး ကပျစ်ကညစ်ပုံစံနဲ့ ဂေါက်ကြောင်နှစ်ယောက်ဆိုပြီး ငြင်းလွှတ် လိုက်ပြန်ပါတယ်။ နောက်ဆုံးတော့ Cramer လျှပ်စစ်ကုမ္ပဏီက မန်နေဂျာဆီသွားပြီး ပေါ်တာရဲလ်က ပစ္စည်းတွေ ဒေါ်လာ ၂၅၀၀၀ ဖိုး မှာထားကြောင်း တကယ်ယုံကြည်အောင် ပေါလ်တာရဲလ်နဲ့ တိုက်ရိုက်ဖုန်းပြောခိုင်းပြီး Cramer ကုမ္ပဏီဆီကနေ လိုအပ်တဲ့ အစိတ်အပိုင်းတွေကို အကြွေးနဲ့ ဝယ်နိုင်လိုက်ပါတယ်။

## ဂိုဒေါင်ထဲက ကုမ္ပဏီ

လော့စ်အယ်လ်တို့စ်မှာရှိတဲ့ ဂျော့အိမ်က ကားဂိုဒေါင်ဟာ တာရဲလ်ဆီကို တစ်လအတွင်း အပြီးပေးရမယ့် Apple 1 ကွန်ပျူတာအတွက် လိုအပ်တဲ့ဆားကစ်တွေ ထုတ်လုပ်ရတဲ့ ကုမ္ပဏီ အလုပ်ခန်း တစ်ခုဖြစ်လာပါတယ်။ ဂျော့ရယ်၊ ဝေါ့ဇ်နီးယက်ခ် ရယ်အပြင် ဒန်နီယယ်ကော့ကီတို့၊ အဲလီဘေတတ်ဟုမ်းတို့၊ ဂျော့ရဲ့ညီမ ပတ်တီတို့ကပါ တစ်တပ်တစ်အား ဝိုင်းကူညီခဲ့ကြတာပေါ့။ လွတ်နေတဲ့ ပတ်တီရဲ့အခန်းနဲ့ ကားဂိုဒေါင် အပါအဝင် မီးဖိုချောင်ထဲက ထမင်းစားပွဲပါ အလုပ်အတွက် အတင်းအကျပ် သိမ်းယူခံ လိုက်ရပါတယ်။ ကျောက်မျက်သင်တန်း တက်နေတဲ့ ဟုမ်းက ဆားကစ်ပြားတွေ ဂဟေ ဆော်ပေးရတဲ့အခါ တချို့တလေ ဂဟေလောင်ကုန်တဲ့အတွက် စာရွက်စာတမ်းတွေ ကိုင်တွယ်ပြီးစာရင်းသွင်းရတဲ့ မီးဖိုချောင်စားပွဲဆီ အပို့ခံလိုက်ရပါသေးတယ်။ နောက် တော့ ဂျော့ကိုယ်တိုင် ဂဟေဝင်ဆော်ပြီး ဂဟေဆော်ပြီးသွားတဲ့ ဆားကစ်ပြားတွေကို ဝေါ့ဇ်ဆီပို့၊ ဝေါ့ဇ်ကနေမှ ဆားကစ်ဘုတ်တွေကို မော်နီတာစက်နဲ့ ကီးဘုတ်မှာပြန်ဆင်။

ဆားကစ်ပြားတွေ အကုန်တပ်ပြီးသွားရင် အလုပ် လုပ်,မလုပ် သေချာအောင် စမ်းသပ်။ ကောင်းကောင်း အလုပ်မလုပ်ရင် ပြန်ဆင်နဲ့ တစ်ယောက်မှ မအားနိုင်အောင်ပါပဲ။

ဂျော့ရဲ့အဖေ ပေါလ်လည်း သူအလုပ်လုပ်တဲ့ဂိုဒေါင်ထဲကနေရာကို ဂျော့တို့ အတွက် ဖယ်ပေးလိုက်ရပါတယ်။ ဂျော့တို့ဆင်ထားတဲ့ တီဗီကိုယူပြီး ပေါလ်က ဘောလုံးပွဲပြီးအောင် ထိုင်ကြည့်နေတတ်ပါ တယ်။ ဒီလိုခဏနားကြတဲ့အချိန်မျိုးမှာ ဂျော့ နဲ့ ကော့ကီနှစ်ယောက်ကတော့ အပြင်ထွက်ပြီး ဂစ်တာတီးကြတော့တာပါပဲ။ ဂျော့ရဲ့ အမေ ကလာရာဟာ တစ်အိမ်လုံးရှုပ်ပွပြီး လူတွေနဲ့ပြည့်နေတာကို သည်းခံနိုင်ပေမယ့် ဂျော့ရဲ့တစ်မူထူးလာတဲ့ သက်သတ်လွတ်အစီအစဥ်တွေ ကိုတော့ စိတ်ပျက်လက်ပျက် ဖြစ်လာပါတယ်။ "လရောင်ရဲ့အောက်မှာ အပျိုစစ်စစ်တစ်ယောက်က ခူးပေးတဲ့သစ်သီး တွေကိုပဲ စားတော့မယ်" ဆိုတာမျိုး ခပ်ကြောင်ကြောင်တွေကိုလည်း ဂျော့က ပြောလာ တာကိုး။ မားသားဘုတ် ၁၂ လုံးလောက်ပြီးတဲ့အခါမှာ ထည့်စရာပုံးလည်း မပါ။ ပါဝါ ဆပ်ပလိုင်းတို့၊ ကီးဘုတ်၊ မော်နီတာတို့လည်းမပါဘဲ မားသားဘုတ်တွေချည်းပဲ တာရဲလ် ဆီကို သွားပို့ထားလိုက်ကြပါတယ်။ တာရဲလ်က အစပိုင်းမှာ ဒီအတိုင်းလက်ခံထားဖို့ ငြင်းနေသေးပေမယ့် ဂျော့ရဲ့စက်ကွင်းနဲ့တွေ့သွားတော့ လက်ခံထားလိုက်ပြီး ငွေလည်း ချေပေးလိုက်ပါတယ်။

ဂျော့က လိုအပ်တဲ့အစိတ်အပိုင်းတွေ မှာတုန်းက ဈေးဆစ်နိုင်ခဲ့တဲ့အတွက် မားသားဘုတ် ဆင်ရာမှာ ထင်ထားတာထက် ကုန်ကျစရိတ်ပိုနည်းခဲ့ပြီး တစ်လလောက်အရောက်မှာ ဂျော့တို့ရဲ့ Apple ကွန်ပျူ တာကုမ္ပဏီဟာ အရင်းကြေပြီးအမြတ်ပေါ်တဲ့ အနေအထား ရောက်လာ ခဲ့ပါပြီ။ တာရဲလ်ဆီကို ကွန်ပျူတာ အလုံး ၅၀ လောက် ရောင်းလို့ရလိုက်တဲ့ အမြတ်က နောက်ထပ် ကွန်ပျူတာအစုံ ၁၀၀ လောက်ထပ်ဆင်လို့ရတဲ့ ပမာဏလောက် ရှိပါတယ်။ ဒီလိုဆိုတော့ နောက်ထပ်ကွန်ပျူတာ အလုံး ၅၀ ကို ရောင်းလို့ရသမျှက အသားတင် အမြတ်တွေချည်းပဲလေ။ အဲလီဘောတ်ဟုမ်းက ဂျော့ရဲ့ ချက်စာအုပ်ကို လယ်ဂျာစာရင်းသွင်းပြီး Apple ကို တကယ့်ကုမ္ပဏီ တစ်ခုနဲ့ တူအောင်ဆိုပြီး စုံစမ်းလာသူတွေကို ပြန်ဖြေပေးမယ့် ဝန်ဆောင်မှု တစ်ခုကိုလည်း ဂျော့ကငှားလိုက်ပါတယ်။ ရွန်ဝိန်းကလည်း သစ်ပင်တစ်ပင်ရဲ့အောက်မှာ နယူတန်ထိုင်နေတဲ့ပုံပါတဲ့ လိုဂိုတစ်ခု ဒီဇိုင်းဆွဲပေးခဲ့ပါသေးတယ်။ သူတို့တစ်တွေဟာ ပျော်ရွှင်စွာနဲ့ပဲ သမိုင်းရဲ့ အကြီးမားဆုံး နည်းပညာ တော်လှန်ရေးကြီးထဲမှာ ပါဝင်ဆင်နွှဲနေခဲ့ကြတယ်လို့ ဆိုရပါ မယ်။


ဝေါ့ဇ်ဟာ နောက်ထပ် ပုံစံအသစ်တစ်မျိုး ထပ်ထုတ်ဖို့ စတင်နေပါပြီ။ ပုံစံသစ်နဲ့ ထုတ်မယ့် ကွန်ပျူတာကို ရောင်းဖို့အတွက် သူငယ်ချင်းနှစ်ယောက် ကာမီနိုရီးရဲယ်တစ်ဝိုက်မှာ အရောင်းဆိုင်တွေ လိုက်ရှာခဲ့ကြပါတယ်။ အရင်ကွန်ပျူတာတွေ ရောင်းလို့ ရတဲ့ အမြတ်ငွေတွေကနေ နောက်ထပ်

ကွန်ပျူတာ အလုံး ၁၀၀ ကိုလည်း စလုပ်နေကြပြီလေ။ ဈေးနှုန်းသတ်မှတ်တဲ့အခါကျတော့ ထုံးစံအတိုင်းပဲ သဘောထားက မတူကြပြန်ဘူး။ ဝေါ့ဇ်က တော့ ကုန်ကျစရိတ်သာသာလောက်နဲ့ပဲ ရောင်းချင်ပေမယ့် ဂျော့ ကတော့ အမြတ်ကြီးကြီးမားမားယူဖို့ စဉ်းစားထားပါတယ်။ နောက်ဆုံး မှာတော့ ဂျော့ပဲ နိုင်သွားပါတယ်။ ကွန်ပျူတာအသစ်တစ်စုံအတွက် ၆၆၆.၆၆ ဒေါ်လာနဲ့ ရောင်းမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒီဈေးဟာ တာရဲလ်ဆီကို ရောင်းခဲ့တဲ့နှုန်းထက် ၃၃ ရာခိုင်နှုန်းပိုများပြီး တကယ်ကုန်ကျစရိတ်ထက် ၃ ဆ ပိုများတဲ့ ပမာဏပါ။

၁၉၇၆၊ ဇူလိုင်လထုတ် Interface ဆိုတဲ့ မဂ္ဂဇင်းထဲမှာ ဂျော့တို့ရဲ့ ကွန်ပျူတာအသစ်နဲ့ Apple ကုမ္ပဏီရဲ့အကြောင်း ဆောင်းပါး ပါလာပါတယ်။ စတိဗ်ဂျော့နဲ့ သူငယ်ချင်းတစ်သိုက်ဟာ အဲဒီကွန်ပျူတာတွေကို အိမ်မှာပဲ ကိုယ်တိုင် လက်နဲ့လုပ်ခဲ့ကြတာ ဖြစ်ပေမယ့် ဒီမဂ္ဂဇင်းရဲ့ ဆောင်းပါး ထဲမှာတော့ ဂျော့ကို မားကက်တင်းဒါရိုက်တာလို့ သုံးထားတဲ့အပြင် Atari ကုမ္ပဏီရဲ့ အတိုင်ပင်ခံ အကြံပေးအရာရှိဟောင်းတစ်ယောက် အဖြစ်လည်း ညွှန်းထားလိုက်တဲ့အခါ Apple ဟာ တကယ့်ကို စမတ်ကျကျဖွဲ့စည်းထားတဲ့ ကုမ္ပဏီတစ်ခုပုံစံ ပေါက်သွားပါတယ်။

# အခန်း (၆)

## The Apple II: ခေတ်သစ်တစ်ခုရဲ့ အရှက်ဦး



တစ်ကိုယ်ရေသုံး ကွန်ပျူတာပွဲတော်ရဲ့ပြခန်းထဲမှာ ဟိုဒီလျှောက်ရင်း ကွန်ပျူတာကို ရောင်းချင်ရင် အဆင်သင့်ထုပ်ပိုး တပ်ဆင်ပြီးသား ဖြစ်သင့်တယ်ဆိုတဲ့ ပေါလ်တာရဲလ်ရဲ့ စကားမှန်ကြောင်း ဂျော့သဘောပေါက်လာပါတယ်။ ဝါသနာရှင်လူငယ်နှစ်ယောက်ရဲ့ ကိုယ်တိုင် တီထွင်ထားတဲ့ အိမ်တွင်းဖြစ်လက်ရာပုံစံမျိုး ပေါက်နေမှာကို အဖြစ်မခံတော့ဘဲ နောက်ထုတ်မယ့် Apple ရဲ့ ကွန်ပျူတာအသစ်မှန်သမျှဟာ ပါဝါ အုံကစပြီး ဆော့ဖ်ဝဲအထိ အစအဆုံး တပ်ဆင်ပြီးသား ဖြစ်စေရမယ်လို့ ဂျော့ကဆုံးဖြတ် လိုက်ပါတယ်။ ၁၉၇၆ ရဲ့ အလုပ်သမားနေ့ရုံးပိတ်ရက်မှာ ဝေါ့ဇ်တစ်ယောက်ကတော့ Apple ll ကွန်ပျူတာအသစ်အတွက် အလုပ်တွေရှုပ်နေပါတယ်။ Apple ll ကို အစအဆုံးတပ်ဆင်၊ ထုပ်ပိုးပြီးသား ပုံစံနဲ့ ထုတ်ဖို့ဆိုရင် ငွေအရင်းအနှီးအများကြီးလိုမှာ ဖြစ်တဲ့အတွက် Apple ll အတွက် ထုတ်လုပ်ခွင့်ကို တခြားကုမ္ပဏီအကြီးစားတစ်ခုဆီ ရောင်းဖို့ပဲ စဉ်းစားနေရပါတော့တယ်။

တခြားကုမ္ပဏီတစ်ခုဆီ ထုတ်လုပ်ခွင့်ကို ရောင်းမယ်ဆိုတော့ ဂျော့ ပထမဆုံး သတိရ လိုက်သူကတော့ Atari က မစ္စတာအယ်လ်ကွန်ပါပဲ။ ဒီအကြောင်း ကို အယ်လ်ကွန့်ကိုရှင်းပြတော့ အယ်လ်ကွန်က Atari ရဲ့ဥက္ကဋ္ဌဂျိုးကီနန်ဆီ ဂျော့ကိုခေါ်သွားပြီး ဂျော့ကိုကိုယ်တိုင် စကားပြော ကြည့်ခိုင်းလိုက်ပေမယ့် ဂျိုးကီနန်ဆိုတာ အယ်လ်ကွန်တို့ ဘွတ်ရှ်နဲလ်တို့ထက် အများကြီး ပိုပြီး

ရွေးရိုးဆန်သူမို့ ဂျော့နဲ့အဆင်ပြေ ဖို့ဖြစ်နိုင်ခြေက မရှိသလောက်ပါပဲ။ ထင်တဲ့အတိုင်းပါပဲ။ ဂျော့က ဂျိုးကီနန်ကိုစည်းရုံးဖို့ စည်းရုံးဖို့ကြိုးစားခဲ့ပေမယ့် ဂျိုးကီနန်ကတော့ ဂျော့ရဲ့ပုံစံကို သည်းမခံနိုင်လောက်အောင် ဖြစ်သွားတော့တာပါပဲ။ ဂျော့ကထုံးစံအတိုင်းပဲ ခြေတုံးလုံးနဲ့ ဝင်သွားတဲ့ အပြင်ကီနန်ရဲ့စားပွဲပေါ်တင်ပြီး ပြောနေတဲ့အခါကျတော့ ကီနန်က "မင်းရဲ့ဒီပစ္စည်းကြီးကို လည်းငါတို့မဝယ်ဘူး။ မင်းခြေထောက်ကြီးကိုလည်း ငါ့စားပွဲပေါ်ကဖယ်လိုက်" လို့ ပြောရတဲ့အခြေ အနေနဲ့ပဲ အဆုံးသတ်သွားရတော့တာပေါ့။

ဒီကြားထဲမှာ Commodore ကွန်ပျူတာကုမ္ပဏီက ချက်ပက် ဒယ်ဆိုတဲ့လူတစ်ယောက် ဂျော့တို့ရဲ့ကားဂိုဒေါင်ထဲထိလာပြီး Apple ll ကိုကြည့်သွားခဲ့ပေ မယ့် ရလဒ်ကဘာမှမထူးခြားခဲ့ပါဘူး။ နောက် ၉ လအကြာမှာတော့ Commodore ကနေ PET ဆိုတဲ့ ကွန်ပျူတာတစ်မျိုးကို ထုတ်လုပ်နိုင်ခဲ့တဲ့အခါမှာတော့ ဝေါ့ဇ်တစ်ယောက် တော်တော်ဒေါဖောင်းသွားတယ်။ Commodore က Apple ll ရဲ့နည်းပညာကို ယူသုံးခဲ့တယလို့ပဲ ဝေါ့ဇ်ကမှတ်ယူထားပါတယ်။ ဒီအဖြစ်အပျက်ကြောင့် ဂျော့နဲ့ ဝေါ့ဇ်နီးယက်ခ်နဲ့ စကားများခဲ့ရပြီး ဝေါ့ဇ်ရဲ့အဖေကပါ ဝင်ပါလာပါတယ်။ အင်ဂျင်နီယာပညာကိုပဲ တခြားအရာတွေထက် ပိုတန်ဖိုးထားကိုးကွယ်တတ်တဲ့ ဝေါ့ဇ်ရဲ့အဖေက Apple ရဲ့ဝင်ငွေအများစုဟာ သူ့သားဝေါ့ဇ်နီးယက်ခ်ပဲ ရသင့်တယ်လို့ ယုံကြည်နေသူ ဆိုတော့ တစ်ရက်ဂျော့နဲ့အတွေ့မှာ "ဂျော့ .. မင်းက ဘာနဲ့မှထိုက်တန်တဲ့ကောင်မဟုတ်ဘူး။ မင်းဘာမှလည်း တီထွင်တာလည်းမရှိဘူး" လို့ တည့်တိုးကြီးပြောချလိုက် တဲ့အခါမှာ ဂျော့ဟာငိုတော့တာပါပဲ။ ခံစားချက်ကို ထိန်းချုပ်ထားတဲ့ နေရာမှာ ဘယ်တော့မှမကျွမ်းကျင်ခဲ့တဲ့၊ ဘယ်တော့မှလည်း ကျွမ်းကျင်လာမှာမဟုတ်တဲ့ ဂျော့ငိုတာကို မြင်ရတာအရမ်းအဆန်းတကြယ်ကိစ္စကြီးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဝေါ့ဇ်က သူ့အဖေထက် ဂျော့ရဲ့တန်ဖိုးနဲ့အခန်းကဏ္ဍကို ပိုပြီးနားလည်ထားသူပါ။ နောက်နေ့ သူငယ်ချင်းနှစ်ယောက်တွေ့ကြတဲ့အခါမှာ ဂျော့ကလမ်းခွဲကြဖို့ပြောပေမယ့် ဝေါ့ဇ်ကတော့ လက်မခံခဲ့ပါဘူး။

Apple ll ကွန်ပျူတာကို ဒီဇိုင်းကောင်းကောင်းနဲ့ သားသားနားနား ဖြစ်အောင် တပ်ဆင်ရတဲ့အလုပ်ဟာ ဆားကစ်ပြားတွေထွင်ရတဲ့ ဝေါ့ဇ်ရဲ့ ပြောင်မြောက်တဲ့တီထွင်မှုထက်ကိုပိုပြီး ပညာသားပါပါလုပ်ရတဲ့ အလုပ်တစ်ခုဖြစ်ပြီး ဒီတာဝန်ကို ဂျော့ က ယူထားရတာမဟုတ်လား။ ဂျော့ဟာ Apple ll ကို သပ်သပ်ရပ်ရပ်ပြင်ဆင်နိုင်ဖို့ အတွက် လိုအပ်တဲ့ဒီဇိုင်းကို သူတို့ရဲ့မိတ်ဆွေကြီး ရွန်ဝိန်းဆီကိုအပ်လိုက်ပါတယ်။ ရွန်ဝိန်းက စက်ရဲ့အပေါ်ကဆွဲဖွင့်ရတဲ့ တံခါးပေါက်ပါပြီး အောက်ဘက်မှာ လျှောတံခါးနဲ့ ကီးကုတ်တပ်ထားတဲ့ ဒီဇိုင်းတစ်ခုကို ထွင်ပေးလိုက်ပေမယ့် ဂျော့အကြိုက်နဲ့တိုက်ဆိုင်တဲ့ ပုံစံမဟုတ်ပါဘူး။ ဂျော့လိုချင်တာက ရိုးရိုးရှင်းရှင်းနဲ့ သားနားပြီး

တခြားကုမ္ပဏီတွေက ထုတ်လိုက်တဲ့ ကွန်ပျူတာတွေနဲ့ ပုံစံလုံးဝကွဲပြားမယ့် ဒီဇိုင်းမျိုးပါ။ ဂျော့လိုချင်တဲ့ ဒီဇိုင်းဟာ ဂျယ်ရီမန်းနော့ခ် (Jerry Manock) နဲ့ တွေ့မှပဲ အဆင်ပြေ သွားပါတော့တယ်။

နောက်တစ်ခုက ပါဝါဆပ်ပလိုင်းကိစ္စပါ။ ဒစ်ဂျင်တယ်ပညာရှင် အင်ဂျင် နီယာတစ်ဦးဖြစ်တဲ့ ဝေါ့ဇ်ကတော့ ဒီလိုဘာမှမဟုတ်တဲ့ ပါဝါအုံတစ်ခုလောက်ကို သိပ်စိတ်မဝင်စားပေမယ့် ဂျော့ကတော့ ဒါဟာအဓိကကျတဲ့ အစိတ်အပိုင်းတစ်ခုလို့ မှတ်ယူထားသူပါ။ ကွန်ပျူတာစက်ရဲ့အတွင်းမှာ ပန်ကာထည့်ထားရတာ ဇင် သိပ်မဆန် ဘူးလို့ ယူဆတတ်တဲ့ ဂျော့အဖို့ ပါဝါဆပ်ပလိုင်းကိစ္စကို စဉ်းစားတဲ့အခါမှာလည်း ပန်ကာတပ်စရာမလိုတဲ့စနစ်ကို ဘယ်လိုရအောင်လုပ်ရမလဲဆိုတာက အဓိကပေါ့။ ဒီ အတွက် အယ်လ်ကွန်နဲ့ သွားတိုင်ပင်တဲ့အခါ အယ်လ်ကွန်က ရော့ဒ်ဟော့တ် (Rod Holt) ဆိုတဲ့ မာ့က်စ်ဝါဒီ အင်ဂျင်နီယာတစ်ယောက်နဲ့ မိတ်ဆက်ပေးလိုက်ပါတယ်။ ရော့ခ်ဟော့တ် ဆိုတဲ့ အင်ဂျင်နီယာဟာ ပိုက်ဆံအတောင်းကြမ်းသလောက် တကယ့်ကို ထူးချွန်သူ တစ်ယောက် ဆိုတာ တစ်စက္ကန့်ကို အကြိမ်ခြောက်ဆယ်လောက်ပဲ လျှပ်စစ် ပါဝါကို အဖွင့်အပိတ် လုပ်ပေးနိုင်တဲ့ သုံးနေကျပါဝါအုံမျိုးမဟုတ်ဘဲ တစ်စက္ကန့်မှာအကြိမ် ထောင်ချီပြီး ပါဝါကိုဖွင့်လိုက် ပိတ်လိုက် လုပ်ပေးနိုင်တဲ့ ပါဝါဆပ်ပလိုင်းစနစ်စကို တီထွင် ပေးပြီး သက်သေပြလိုက် ပါတယ်။ တစ်စက္ကန့် အတွင်းမှာ အကြိမ်ထောင်ချီပြီး ပါဝါကို ဖွင့်လိုက်ပိတ်လိုက် လုပ်ပေးနိုင်ရင် စက်အတွင်းက အပူချိန်ကို အများကြီး လျော့ကျစေနိုင်တယ်လေ။ ဒါဆို ဂျော့ မျက်စိနောက်နေတဲ့ ပန်ကာလည်း ထည့်စရာ မလိုတော့ဘူးပေါ့။

အဲဒီနောက်မှာတော့ ရော့ဒ်ဟော့တ်ဟာ Apple ရဲ့ အချိန်ပြည့် အင်ဂျင်နီယာဝန်ထမ်း တစ်ယောက် ဖြစ်လာတော့တာပါပဲ။ “Apple ll ကွန်ပျူတာဟာ တကယ့် နည်းပညာ တော်လှန်ရေး တစ်ခုဖြစ်သလို ရော့ဒ်ရဲ့ ပါဝါဆပ်ပလိုင်းကလည်း တကယ့် တော်လှန်ပြောင်းလဲမှု တစ်ခုပါပဲ။ သမိုင်းမှတ်တမ်းတွေထဲမှာ ရော့ဒ်ရဲ့ ဒီဖန်တီးမှုအတွက် ဘာမှထုတ်ဖော်ချီးကျူးထားတာမျိုး မရှိခဲ့ပေမယ့် ရော့ဒ်ဟာအမှတ်တရချီးကျူး ခံသင့်တဲ့ လူတွေထဲမှာပါပါတယ်။ အခုခေတ်မှာသုံးနေတဲ့ ကွန်ပျူတာသုံးသူမှန်သမျှဟာ ရော့ဒ်ရဲ့ ဒီ ပိတ်လိုက်ဖွင့်လိုက်လုပ်ပေးတဲ့ ပါဝါဆပ်ပလိုင်း နည်းပညာ အကြောင်းကို ဂဃနဏ သိသူမဟုတ်ပါဘူး။ စတီဗ်ဂျော့ဟာ လူတွေလည်းမမြင်ရ၊ အဓိကအသုံးပြုတဲ့ အစိတ်အပိုင်းလည်း မဟုတ်တဲ့နေရာတွေဖြစ်ပါစေ အကောင်းဆုံးဖြစ်အောင်လုပ်မှ ပြီးပြည့်စုံ ကျေနပ်မှုကို ရမယ်ဆိုတဲ့ သူ့မွေးစားအဖေပေါလ်ရဲ့ ဝါဒအတိုင်းပဲ Apple ll အတွက် သုံးမယ့်ထဲက အနားကွပ်တွေမညီမညာဖြစ်နေတဲ့ ဆားကစ်ဘုတ်တွေအားလုံးကို ဖယ်ပစ်လိုက်ပါတယ်။

ဂျော့ကကွန်ပျူတာပုံးခွံကို ပလတ်စတစ်တစ်မျိုးနဲ့ လုပ်ဖို့ပြင်ဆင်နေပြီး ကုန်ကျစရိတ် အကြမ်းဖျင်းကို တွက်ကြည့်လိုက်တဲ့အခါ ပလတ်စတစ်ပုံးခွံတွေ ထုတ်ဖို့ချည်း ဒေါ်လာ ၁၀၀,၀၀၀ လောက် ကျမှာဖြစ်ပြီး အားလုံးတပ်ဆင်ပြီးသား ဖြစ်ဖို့ဆိုရင် ဒေါ်လာ၂၀၀,၀၀၀ လောက်ကုန်မယ့် အနေအထားဖြစ်နေပါတယ်။ ဒါနဲ့ ဂျော့ဟာ နိုလန် ဘွတ်ရှ်နဲလ်ဆီကိုသွားပြီး ဒေါ်လာ ၅၀,၀၀၀ ထည့်ဝင်မယ်ဆိုရင် ကုမ္ပဏီရဲ့အကျိုး အမြတ် သုံးပုံတစ်ပုံကိုပေးမယ်လို့ သွားစည်းရုံးပေမယ့် လူလည်ကြီးဘွတ်ရှ်နဲလ်ကတော့ ဟင့်အင်းလို့ပြောပြီး ဒွန်ဗယ်လန်တိုင်း (Don Valentine) ဆိုတဲ့ Sequoia Capital ငွေကြေးအဖွဲ့အစည်းရဲ့ တည်ထောင်သူဆီသွားဖို့ ဘော်လီဘော ပုတ်လွှတ်လိုက်ပါတယ်။

မကြာမီမှာပဲ ဒွန်ဗယ်လန်တိုင်းဟာ အပြာရောင်ဝတ်စုံကိုဝတ်ပြီး မာစီဒီးကားနက်ကြီးနဲ့ ဂျော့ရဲ့ ကားဂိုဒေါင်အလုပ်ရုံကို ရောက်လာပါတယ်။ အဲဒီအချိန် တုန်းကဂျော့ကို ပထမဆုံးစတွေ့ဖူးသူတွေ ဖြစ်သွားတတ်တဲ့ ထုံးစံအတိုင်းပဲ ပိန်ပိန်ကပ်ကပ်၊ မုတ်ဆိတ်မွေး ဗရပျစ်နဲ့ ဟိုချီမင်းနဲ့တောင် တူသလိုလိုဖြစ်နေတဲ့ ဂျော့ကို ကြည့်ပြီး ဒွန်ဗယ်လန်တိုင်း တစ်ယောက်လည်း စိတ်ပျက်သွားပါတယ်။ ဒါပေမဲ့ ဒွန်ဗယ် လန်တိုင်းဆိုတာလည်း အပေါ်ယံအသွင်အပြင်လေးတွေပဲကြည့်ပြီး အလုပ်လုပ်ရင်း ဆီလီကွန်ဗယ်လီရဲ့ထိပ်ပိုင်းက ရင်းနှီးမြှုပ်နှံသူတစ်ယောက် ဖြစ်လာသူမှမဟုတ်ဘဲ။ အတွင်းပိုင်းက အရာတွေကိုလည်း သူမြင်အောင်ကြည့်နိုင်ပါတယ်။ ဒါပေမဲ့ ဒွန်ဗယ်လန်တိုင်း ပိုစိတ်ပျက်တဲ့ ကိစ္စကတော့ ဂျော့ဟာ မာကက်တင်းပညာနဲ့ ဖြန့်ချိရေးကိစ္စတွေမှာ ဘာမှတကယ်နားလည်တဲ့သူ မဟုတ်ဘဲ ကိုယ့်ပစ္စည်းကိုယ် တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်လှည့်ရောင်းဖို့ လောက်သာ အားသန်နေတဲ့ ကိစ္စပါပဲ။ “မင်းမှာ စီးပွားရေး လုပ်ငန်းအစီအစဉ်ရေးဆွဲတတ်ပြီး မားကက်တင်းနဲ့ ဖြန့်ချိရေးကိစ္စကို ကောင်းကောင်း နားလည်တဲ့လူတစ်ယောက်လိုတယ်။ မင်း ငါ့ကို ငွေကြေးထောက်ပံ့ ပေးစေချင်တယ် ဆိုရင်ပေါ့” လို့ အကြံပေးတဲ့အခါ ဂျော့ဟာ ပုံမှန်အားဖြင့် ကိုယ့်ထက်အသက်ကြီးတဲ့ သူတစ်ယောက်က သူ့ကို အကြံဉာဏ်ပေးလာပြီဆိုရင် ကျွပ်ဆတ်ဆတ်နဲ့ ပြန်ပြောချင်ပြော၊ ဒါမှမဟုတ် လိုလိုချင်ချင် လက်ခံချင်လက်ခံဆိုတဲ့ နှစ်နည်းနဲ့ပဲ တုံ့ပြန်လေ့ရှိပေမယ့် ဒွန်ဗယ်လန်တိုင်း ရဲ့ အကြံကိုတော့ လိုလိုချင်ချင်ပဲ လက်ခံလိုက်ပါတယ်။ သူက ငွေလိုနေတယ်လေ။

ဂျော့နဲ့ လက်တွဲဖို့သင့်တော်မယ့် လူသုံးယောက်ရဲ့ နာမည်တွေကို ဒွန်ဗယ်လန်တိုင်းက ရေးပေးခဲ့ပြီး ဂျော့က သူတို့တစ်ယောက်ချင်းစီနဲ့ လိုက်တွေ့ကာ နောက်ဆုံးမှာ မိုက်မာကူလာ (Mike Markkula) ဆိုသူနဲ့ လက်တွဲဖို့ ဆုံးဖြတ်လိုက်ပါ တယ်။ မိုက်မာကူလာဟာ နောင်နှစ် ၂၀ ကျော်လောက်အထိ Apple မှာ အရေးကြီးတဲ့ အခန်းကဏ္ဍတွေကို တာဝန်ယူလက်တွဲခဲ့တဲ့

လုပ်ဖော်ကိုင်ဖက်ကောင်းတစ်ယောက် ဖြစ်လာခဲ့တာမို့ ဂျော့ရဲ့ရွေးချယ်မှု မှန်ခဲ့တယ်လို့ ဆိုရပါမယ်။ ဂျော့ဟာ မိုက်မာကူလာကို တွေ့တွေ့ချင်းမှာပဲ သဘောကျသွားတဲ့အကြောင်းကို "မိုက် ဟာ အရပ်ခပ်ပုပုနဲ့ Intel ကုမ္ပဏီရဲ့ ထိပ်ပိုင်းမားကက်တင်းရာထူးကနေ ထွက်လာခဲ့သူပေါ့။ သူ့ကို ကျွန်တော် တွေ့တွေ့ချင်းမှာပဲ သဘောကျသွားတယ်" လို့ ပြောပြပါတယ်။ မိုက်မာကူလာကလည်း ဂျော့နဲ့ပတ်သက်ပြီး "သူက ခင်ဗျားကို အရူးလုပ်လို့ရတဲ့ အနေအထားမျိုးနဲ့ အသာစီးရ နေရင် ခင်ဗျားကို ဘာမှလုပ်မှာမဟုတ်ဘူး။ သူ့စိတ်ထဲမှာ ကိုယ်ကျင့်တရားနဲ့ ပတ်သက်တဲ့ အသိတရား တစ်ခုရှိတယ်" လို့ ချီးမွမ်းသလို ဝေါ့ဇ်နီးယက်ခ်ကလည်း မိုက်မာကူလာ နဲ့ ပတ်သက်ပြီး "ကျွန်တော်တွေ့ဖူးသမျှတွေထဲမှာ သဘောအကောင်းဆုံး လူတစ် ယောက်ပါပဲ။ ပိုပြီးကောင်း စေတာက သူက ကျွန်တော်တို့ဖန်တီးထားတဲ့ပစ္စည်းကို သဘောကျတဲ့သူဖြစ်နေတာကြောင့်ပဲ" လို့ ဆိုပါတယ်။

မာကူလာ ပထမဆုံးစလုပ်ရတဲ့ အလုပ်ကတော့ လုပ်ငန်းအစီအစဥ် တစ်ခုကို အတူတကွချရေးဖို့ ဂျော့ကိုတိုက်တွန်းအရေးဆိုရတဲ့ အလုပ်ပါပဲ။ ဒီလိုချရေး လို့ အဆင်ပြေပြေထွက်လာရင် လိုအပ်တဲ့ပိုက်ဆံကို သူ့အနေနဲ့ရင်းနှီးမြှုပ်နှံပြီး ဂျော့တို့ နဲ့ လက်တွဲမယ်။ လုပ်ငန်းအစီအစဥ်တစ်ခု ပီပီပြင်ပြင်ထွက်မလာဘူးဆိုရင်လည်း ဂျော့ တို့အတွက် အချိန်တွေ အလကားပေးလိုက်ရတယ် လို့ပဲဆိုတဲ့ သဘောမျိုးနဲ့ပေါ့။ ဒါနဲ့ ဂျော့ဟာ မာကူလာရဲ့အိမ်ကို ညနေတိုင်းသွားပြီး အိမ်သုံး ကွန်ပျူတာကို တကယ်သုံး ချင်တဲ့လူ ဘယ်နှစ်ယောက်လောက်ရှိနိုင်မလဲ စတဲ့ ခန့်မှန်းချက်တွေ လုပ်ရင်း အစီအစဥ် တွေချမှတ်ရတော့တာပါပဲ။ မနက် ၄ နာရီလောက်အထိ ရောက်သွားတဲ့ နေ့တွေလည်း ရှိခဲ့တာပေါ့။ လုပ်ငန်းအစီအစဥ်ရဲ့ အစိတ်အပိုင်းတော်တော်များများကို မာကူလာကပဲ ပြီးအောင်ရေးပေးခဲ့ပါတယ်။

"မာကူလာရဲ့အမြင်နဲ့ ဦးတည်ချက်က ကွန်ပျူတာဆိုတဲ့ လူသိမများ သေးတဲ့ပစ္စည်းကို ရောင်းတဲ့အခါမှာ ကွန်ပျူတာဝါသနာအိုးတွေပဲ လက်လှမ်းမီမယ့် ဈေးကွက်မျိုးရဲ့အပြင်ကို ပေါက်ထွက်နိုင်ဖို့ပါပဲ။ မာကူလာပြောတာက ကျွန်တော်တို့ရဲ့ ကွန်ပျူတာကို သာမာန်အိမ်တွေမှာ နေတဲ့ သာမာန်လူတန်းစားတွေနဲ့ ထိတွေ့ပေးပြီး ဒါဟာ ကိုယ့်အိမ်အတွက် ဟင်းချက်နည်းတို့၊ နေ့စဥ်အသုံးစရိတ်တို့ကို စာရင်းလုပ်သိမ်း ထားနိုင်မယ့်ပစ္စည်းတစ်ခုအဖြစ် မိတ်ဆက်ပေးဖို့ပေါ့" လို့ ဝေါ့ဇ်ကပြန်ပြောပြပါတယ်။ မာကူလာက Apple ရဲ့ အမြတ်ငွေ သုံးပုံတစ်ပုံခံစားခွင့်ရှိတဲ့ ရှယ်ယာရှင်တစ်ယောက် ဖြစ်ဖို့ ဒေါ်လာ ၂၅၀,၀၀၀ အထိ ထည့်ဝင်ပေးဖို့ သဘောတူလိုက်ပြီး ရလာတဲ့အမြတ်ငွေ တွေကို ဂျော့ ၂၆ ရာခိုင်နှုန်းခွဲယူပြီး ကျန်တဲ့ငွေကို လုပ်ငန်းမှာပြန်သုံးဖို့အတွက်

ဖယ်ထားဖို့သဘောတူလိုက်ကြပါတယ်။ "မာကူလာဟာ သူ့ရဲ့ငွေ ဒေါ်လာ ၂၅၀,၀၀၀ ကို ပြန်မြင်ရဖို့တော့ သိပ်မရှိတော့ဘူးလို့ ထင်ခဲ့ပေမယ့် ဒီလိုစွန့်စားလုပ်ရဲတဲ့ စိတ်ဆန္ဒကိုတော့ ကျွန်တော်တော်တော်ကြိုက်သွားတယ်" လို့ ဂျော့ကဆိုပါတယ်။

လိုချင်တဲ့အရင်းအနှီးလည်း ထပ်ရှာလို့ အဆင်ပြေသွားပြီဆိုတဲ့အခါမှာ နောက်ထပ်ကိုင်တွယ် ရမယ့် ကိစ္စကတော့ ဝေါ့ဇ်ကို HP ကနေထွက်ခိုင်းပြီး Apple မှာ အ ချိန်ပြည့်အာရုံစိုက်လာအောင် ပြောရမယ့်ကိစ္စပါ။ ဝေါ့ဇ်ကတော့ HP မှာပဲ အာမခံရှိတဲ့ အလုပ်အဖြစ်ဆက်လုပ်ပြီး Apple ကိုတော့ အချိန်ပိုင်းအဖြစ် တွဲလုပ်မယ်လို့ပဲ ပြောနေ ပါတယ်။ မက်ကူလာက ဒီလိုလုပ်လို့အဆင်ပြေမှာ မဟုတ်ဘဲ ရက်ပိုင်းအတွင်းတစ်ခုခု ကို ဆုံးဖြတ်ချက်ချဖို့ ဝေါ့ဇ်ကိုပြောလိုက်ပါတယ်။ "ကုမ္ပဏီတစ်ခု ထောင်ပြီး လူတွေကို လိုက်ထိန်းချုပ်၊ ဝန်ထမ်းတွေကို လိုက်တွန်းအားပေးရတဲ့ အလုပ်မျိုးကိုလုပ်ဖို့ ကျွန်တော် တော်တော်ကိုဝန်လေးတယ်ဗျာ။ ကျွန်တော်က အမိန့်နဲ့အာဏာနဲ့ ခိုင်းစေတဲ့လူတစ် ယောက်ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူးလို့ ကိုယ့်ကိုယ်ကိုယ် ဟိုတုန်းကတည်းက ဆုံးဖြတ်ထားပြီး သားလေဗျာ" လို့ ဝေါ့ဇ်ကဆိုပါတယ်။ ဒီတော့ သူလည်း HP ကနေ မထွက်နိုင်ဘူးလို့ မာကူလာကိုအကြောင်းပြန်လိုက်တော့တာပေါ့။

မာကူလာအဖို့ကတော့ ပခုံးလေးတွန့်ပြီး 'အိုကေလေ' လို့ ပြောရုံပဲ ဆိုပေမယ့် ဂျော့ကတော့ အကြီးအကျယ် စိတ်ပျက်သွားပါတယ်။ ဂျော့က ဝေါ့ဇ်ကို HP ကထွက်အောင် မြှောက်ပင့်ပြောတယ်။ အော်ဟောက်ပြောတယ်။ တခြားသူငယ်ချင်း တွေကတစ်ဆင့်ပြောခိုင်းတယ်။ နောက်ဆုံးမရတော့ လက်သီးနဲ့နှစ်ချက်လောက် ပိတ် ထိုးပစ်တဲ့ နည်းမျိုးစုံကိုသုံးတဲ့အပြင် ဝေါ့ဇ်ရဲ့မိဘတွေဆီသွားပြီး ငိုယိုပြောတဲ့အထိပါပဲ။ ဝေါ့ဇ်ကတော့ ခေါင်းမာလျက်ပါ။ ဒါပေမဲ့ ဝေါ့ဇ်ရဲ့အဖေကတော့ Apple မှာ တကယ့် အခွင့်အလမ်းကောင်းတွေ ပွင့်လန်းလာတော့မယ်ဆိုတာ မြင်တော့ ဝေါ့ဇ်ရဲ့ကိုယ်စား ဂျော့အတွက် အလုပ်တွေကူလုပ်ပေးခဲ့ပါတယ်။ ဝေါ့ဇ် HP မှာ နေ့ခင်းဘက် အလုပ်လုပ် နေတဲ့အချိန်တွေမှာ မိဘတွေ၊ ဆွေမျိုးတွေနဲ့ သူငယ်ချင်း အပေါင်းအသင်းတွေဆီကနေ ဖုန်းတဂွမ်ဂွမ်ဆက်ပြီး ဝေါ့ဇ်ကိုဝိုင်းနားချနေကြတော့တာပါပဲ။ ဒါပေမဲ့ ဝေါ့ဇ်က ဒီအတိုင်း ပါပဲ။ တစ်ရက်မှာတော့ သူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ အယ်လန်ဘမ်းဆီကနေ ဖုန်းဝင် လာပြီး အယ်လန်ဘမ်းက " ဝေါ့ဇ် .. မင်း Apple ကိုပဲ ဆက်လုပ်သင့်တယ်။ မင်း Apple မှာ အချိန်ပြည့်လုပ်လိုက်လို့လည်း စီမံခန့်ခွဲရေးကိစ္စတွေထဲ ဝင်ပါစရာမလိုဘူးလေ။ အင်ဂျင်နီယာ ဘဝကိုလည်း စွန့်လွှတ်စရာမလိုဘူး။ မင်းလုပ်ချင်တာဆက်လုပ်ရုံပဲ မဟုတ်လား" လို့ ဖျောင်းဖျ လိုက်တော့မှ ဝေါ့ဇ်အရည်ပျော်သွားတော့တာပါပဲ။ "ကျွန် တော်ကြားချင်တာ ဒီလိုစကားမျိုးပဲဗျ။

Apple ရဲ့ ဖွဲ့စည်းပုံဇယားမှာ ကျွန်တော်က အင်ဂျင်နီယာတစ်ယောက် အဖြစ်နဲ့ အောက်ခြေလောက်မှာ ရောက်နေလည်းဖြစ်တယ်” လို့ ဝေါ့ဇ်က ဆိုပါတယ်။ စတိဗ်ဂျော့ တစ်ယောက်တည်း အခုမှ သက်ပြင်းချနိုင်ပါတော့တယ်။

၁၉၇၇ ဇန်နဝါရီ ၃ ရက်နေ့မှာတော့ စတိဗ်ဂျော့နဲ့ ဝေါ့ဇ်တို့ နှစ်ယောက် ပေါင်းတည်ထားတဲ့ Apple ကို အကျိုးတူပုံစံကနေ ကော်ပိုရေးရှင်း တစ်ခုအဖြစ် အသွင်ပြောင်းလိုက်ပါတယ်။ တစ်လတည်းမှာပဲ ဟုမ်းဘရူးအဖွဲ့ကလုပ်တဲ့ စစ်တမ်းတစ်ခုအရ တစ်ကိုယ်ရေသုံးကွန်ပျူတာ အသုံးပြုတဲ့သူ ၁၈၁ ယောက်ရှိတဲ့ အထဲမှာ Apple ကုမ္ပဏီက ကွန်ပျူတာကိုသုံးတဲ့သူကတော့ ၆ ဦးပဲ ရှိတယ်ဆိုပေမယ့် ဂျော့ကတော့ Apple ll က ဒီနှုန်းထားတွေကို ပြောင်းလဲပစ်လိမ့်မယ်လို့ ယုံကြည်နေပါတယ်။

လက်တွဲ အလုပ်လုပ်ကြတဲ့အခါမှာ မာကူလာဟာ ဂျော့အတွက် အဖေ တစ်ယောက်လို ဖြစ်လာပါတယ်။ မာကူလာဟာ ဂျော့ကို အရောင်းနဲ့ ဈေးကွက်မြှင့်တင်ရေး ပညာတွေ သင်တန်းပေးရင်း သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးပုံစံဟာ သားအဖ တွေလို ဖြစ်လာတော့တာပါပဲ။ “မိုက်က ကျွန်တော့်ကို တကယ့်ကို သင်ကြားပြသခဲ့ပါတယ်။ သူ တန်ဖိုးထားတဲ့ အရာတွေကလည်း ကျွန်တော်နဲ့ တစ်ထပ်တည်းပဲ။ သူက ဘာကိုအလေးပေးသလဲဆိုရင် လူတစ်ယောက်ဟာ ချမ်းသာချင်တဲ့ ဦးတည်ချက်တစ်ခုတည်းနဲ့တော့ ကုမ္ပဏီမထောင်လေနဲ့။ ကိုယ်ယုံကြည်တဲ့ အရာတစ်ခုခုကို ဖန်တီးနေပြီး ဒါကိုလည်းအရှည်တည်တံ့အောင် ထိန်းသိမ်းမယ်ဆိုတဲ့ ဦးတည်ချက်မျိုးရှိမှ ကုမ္ပဏီထောင်သင့်တယ် ဆိုတာမျိုးပေါ့” လို့ ဂျော့ကပြန်ပြောပြပါတယ်။

မာကူလာက သူ့ရဲ့လမ်းစဉ်နဲ့ မူဝါဒတွေကို စာရွက်တစ်ရွက်စာ အပြည့်ချရေးထားပါတယ်။ ‘Apple ရဲ့ဈေးကွက်မြှင့်တင်ခြင်းဆိုင်ရာ ခံယူချက်အတွေးအခေါ်’ လို့ ခေါင်းစဉ်ပေးထားတဲ့ သူ့ရဲ့လမ်းစဉ်မှာ အချက်သုံးချက်ကို အဓိကဖေါ်ဆောင်ထား ပြီး နံပါတ်တစ်အချက်ကတော့ ‘မျှဝေခံစားခြင်း’ ပါတဲ့။ ကိုယ့်ဖောက်သည်တွေရဲ့ ခံစားမှု လိုအင်ဆန္ဒတွေအားလုံးကို Apple က အတူတကွမျှဝေခံစားမယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ့။ “ကျွန်တော်တို့ဟာ ဖောက်သည်စားသုံးသူတွေရဲ့ လိုအပ်ချက်တွေကို တခြားဘယ် ကုမ္ပဏီထက်မဆို ပိုပြီးမှန်ကန်စွာနားလည် သဘောပေါက်စေရမယ်” လို့လည်း ရေးထားပါတယ်။ နံပါတ်နှစ်ကတော့ ‘အာရုံစူးစိုက်မှု’ လုပ်မယ်လို့ဆုံးဖြတ်ထားတဲ့ ကောင်းမွန်တဲ့ကိစ္စတွေကို တကယ်လုပ်နိုင်ဖို့ ကျွန်တော်တို့ဟာ အရေးမပါတဲ့ အခွင့် အလမ်းအသေးလေးတွေကို ဖယ်ရှားရှင်းလင်းပစ်ရမယ်လို့ ဆိုလိုပါတယ်။ နံပါတ်သုံးကတော့ မဆီမဆိုင်‘သက်ဆိုင်မှု’ ပါတဲ့။ ကုမ္ပဏီတစ်ခု ဒါမှမဟုတ် ထုတ်ကုန်တစ်ခုကပေးတဲ့ အချက်ပြမှု

အပေါ်မှာမူတည်ပြီး လူတွေဟာ သူတို့ရဲ့သဘောထားအမြင်တွေကို တည်ဆောက်လေ့ ရှိတယ်ဆိုတဲ့ အချက်ကိုပြောချင်တာပါ။ ဆိုလိုတာက လူတွေဟာ စာအုပ်တစ်အုပ် ကောင်း,မကောင်း ကို မျက်နှာဖုံးအရင်ကြည့်ပြီး ဆုံးဖြတ်တတ်တယ် ဆိုတဲ့ မက်ဆေ့ချ်မျိုးပေါ့။ တကယ့်ကို အသုံးတည့်မယ့် ပစ္စည်းတစ်ခုကို ဘယ်လောက်ပဲ အရည်အသွေးကောင်းအောင် ထုတ်ထားထုတ်ထား စားသုံးသူ ရှေ့မှောက်ချပြတဲ့အခါ ကရော်ကမယ် ပြင်ဆင်မှုမျိုးနဲ့ဆိုရင်တော့ စားသုံးသူကလည်း ကပျက်ကချော် ပဲ သဘောထားသွားမှာပဲ ဆိုတဲ့ ဖလော်ဆော်ဖီမျိုးပေါ့။

အဲဒီကစပြီး ဂျော့ရဲ့ လုပ်သက်တစ်လျှောက်လုံးမှာ ဂျော့ဟာ စားသုံးသူတွေရဲ့ ဆန္ဒနဲ့ လိုအပ်ချက်ကို တခြားစီးပွားရေးခေါင်းဆောင်တွေထက် ပိုသိတဲ့သူတစ်ဦး ဖြစ်လာပြီး အမျိုးအစား ခပ်နည်းနည်း ထုတ်ကုန်တွေအပေါ်မှာပဲ အပြည့်အဝ အာရုံစူးစိုက်ပြီး ကုန်ပစ္စည်းရဲ့ ပုံရိပ်နဲ့ ဈေးကွက်ရှာဖွေရေး ကိစ္စမျိုးတင်မကဘဲ ပါကင်ထုပ်ပိုးတဲ့ အဆင့်အထိကို အသေးစိတ်နဲ့ ဂရုတစိုက် ထားတတ်သူတစ်ဦးလည်း ဖြစ်လာပါတယ်။

## ရီးဂျစ်မက်ခ်ကန်နာ

လုပ်ငန်းအစီအစဥ်တွေနဲ့ မူဝါဒဦးတည်ချက်တွေလည်း ချမှတ်ပြီးသွား ပြီဆိုရင်တော့ နောက်တစ်ဆင့်အနေနဲ့ ဝယ်ယူမယ့်သူတွေကြားထဲ ကိုယ့်ကုမ္ပဏီရဲ့ နာမည် ပျံ့နှံ့အောင် လုပ်ပေးနိုင်မယ့် နာမည်ကြီးပက်ဘလစ်ရှာတစ်ဦးဖြစ်သူ ရီးဂျစ်မက်ခ်ကန်နာဆီကို ချဥ်းကပ်ကြ ပါတယ်။ ကုမ္ပဏီတွေကို လူသိများအောင်ဖွပေးတဲ့နေရာမှာ မက်ခ်ကန်နာရဲ့ စိတ်ကြိုက် နည်းနှစ်မျိုးကတော့ သူ့ဆီအလုပ်လာအပ်တဲ့ ကုမ္ပဏီကို သူ အထူးပျိုးထောင်ထားတဲ့ ဂျာနယ်သမား တွေနဲ့ ပေးတွေ့ပြီး အင်တာဗျူး လုပ်ပေးတာရယ်၊ နောက်တစ်ခုက လူတွေရဲ့စိတ်ထဲမှာ စွဲသွားမယ့် ကြော်ငြာလှုပ်ရှားမှု ကမ်ပိန်းတွေလုပ်ပြီး ကိုယ့်ကုန်အမှတ်တံဆိပ်ကို သတိပြုမိသွားအောင် လုပ်တဲ့ နည်းနှစ်ခု ဆိုပါစို့။ မက်ခ်ကန်နာဆီ အလုပ်အပ်နိုင်ဖို့က လွယ်တော့မလွယ်ပါဘူး။ ဂျော့တစ်ယောက် နေ့တိုင်းလိုလို ဖုန်းတဂွမ်ဂွမ်ဆက်နေလို့သာ မက်ခ်ကန်နာရဲ့ စာရင်းကိုင် တစ်ယောက်နဲ့ အရင်တွေ့ပြီးမှ မက်ခ်ကန်နာနဲ့ တွေ့ဖို့ချိန်းနိုင်ခဲ့ပါတယ်။

ဂျော့နဲ့ ဝေါ့ဇ်နီးယက်ခ်တို့ နှစ်ယောက် မက်ခ်ကန်နာရဲ့ ရုံးခန်းမှာ သွားတွေ့ကြပါတယ်။ ဒီတစ်ခါတော့ အမြဲလိုလို ရှက်ရွံ့နေတတ်တဲ့ ဝေါ့ဇ်တစ်ယောက် မနေနိုင်မထိုင်နိုင်နဲ့ လိုက်လာပါတယ်။ Apple ရဲ့အကြောင်း ဝေါ့ဇ်ထိုင်ရေးနေ တဲ့ ဆောင်းပါးကို မက်ခ်ကန်နာကဖတ်ကြည့်ရင်း အရမ်းကို နည်းပညာဆန်ပြီး လေး လွန်းတဲ့အတွက် ဖတ်လို့ကောင်းအောင်ပြန်ပြင်ရမယ်လို့ ပြောတဲ့အခါ ဝေါ့ဇ်က

"ခင်ဗျား တို့ ပက်ဘာလစ်ရှာကုမ္ပဏီကလူတွေ ကျုပ်ဆောင်းပါးကို တစ်ယောက်မှလာထိစရာမလိုဘူး" လို့ ရုတ်တရက်ပြောချလိုက်တော့တာပါပဲ။ ဒီတော့ဘာဖြစ်ရဦးမလဲ။ မက်ခ်ကန်နာ က "ခင်ဗျားတို့ နှစ်ယောက်လုံး ကျုပ်ရုံးခန်းထဲက ထွက်သွားဖို့သင့်ပြီ" လို့ ခပ်ပြတ်ပြတ် ပြောလိုက်တော့ ဂျော့တို့နှစ်ယောက်လည်း ခပ်ကုပ်ကုပ်လေးပြန်ထွက်လာခဲ့ရတော့တာ ပေါ့။ "ဒါပေမဲ့ စတီဗ် က ချက်ချင်းပဲ ကျွန်တော့်ဆီဖုန်းပြန်ခေါ်ပြီး သူ ကျွန်တော်နဲ့ပြန်တွေ့ ချင်သေးတယ်ဆိုပြီး ပြောလာတယ်။ နောက်တစ်ခါတော့ သူ ဝေါ့ဇ်ကိုခေါ်မလာတော့ဘဲ သူတစ်ယောက်တည်း ရောက်လာပြီး ကျွန်တော်နဲ့အလုပ်ကိစ္စလည်း အဆင်ပြေသွားပါတယ်" လို့ မက်ခ်ကန်နာက သူနဲ့ဂျော့နဲ့ စတွေ့ပုံကို ပြောပြပါတယ်။

မက်ခ်ကန်နာနဲ့ အဆင်ပြေသွားပြီဆိုတော့ Apple ll အတွက် လက်ကမ်းစာစောင်တွေ ထုတ်ဖို့အတွက် ရှန်ဝိန်း လုပ်ပေးထားတဲ့ ဗစ်တိုးရီးယားခေတ် လက်ရာ Apple လိုဂိုကို အသစ်ပြန်ဆွဲဖို့ ပထမဆုံးစလုပ်ကြရပါတယ်။ ရော့ဘ်ဂျန်းနော့ဖ် (Rob Janoff) ဆိုတဲ့ ဒီဇိုင်းဆရာတစ်ယောက်ကို Apple လိုဂိုအမှတ်တံဆိပ်အသစ်ဆွဲပေးဖို့ အပ်လိုက်တဲ့အခါ ဂျော့က "ချစ်စရာကောင်းတဲ့ပုံမျိုး မလိုချင်ဘူးနော်" လို့ မှာဖြစ်အောင် မှာလိုက်ပါသေးတယ်။ သိတယ်မလား။ ဂျော့က ရိုးရိုးရှင်းရှင်း၊ သားသားနားနားပဲ ကြိုက် တဲ့လူဆိုတော့။ ဂျန်းနော့ဖ်က ဒီဇိုင်းနှစ်ခု ဆွဲပေးလိုက်ပါတယ်။ ပထမတစ်ခုက ရိုးရိုးပန်း သီးပုံတစ်ခုနဲ့ ဒုတိယကကိုက်ရာပါတဲ့ ပန်းသီးပုံတစ်ခု။ ဂျော့က ဒုတိယဒီဇိုင်းကို ရွေးလိုက်ပါတယ်။ ကိုက်ထားတဲ့ အပဲ့လေးနဲ့ပန်းသီးပုံ လိုဂိုပါတဲ့ လက်ကမ်းစာစောင်ရဲ့ ထိပ်မှာ မက်ခ်ကန်နာက ကမ္ဘာကျော်ပန်းချီဆရာကြီး လီယိုနာဒိုဒါဗင်ချီရဲ့ ဆိုရိုးတစ်ခု ဖြစ်တဲ့ 'အရိုးရှင်းဆုံးဟာ အဆုံးစွန်ဆုံး ဆန်းပြားမှုပဲ' ဆိုတဲ့ ဆောင်ပုဒ်ကို ထပ်ဖြည့်လိုက်ပါတယ်။

၁၉၇၇ ဧပြီမှာ ဂျော့တို့ရဲ့ Apple ll ကွန်ပျူတာအတွက် ဆန်ဖရန်စစ္စကို မှာ ကုန်ပစ္စည်းမိတ်ဆက်ပွဲလုပ်တော့ 'အနောက်ဘက်ကမ်းရိုးတန်း ကွန်ပျူတာပြပွဲ' နဲ့ သွားတိုက်ဆိုင် နေတဲ့အခါ ဂျော့က ကွန်ပျူတာပြပွဲမှာ ဒေါ်လာ ၅,၀၀၀ ပေးပြီး အခန်း တစ်ခန်းယူလိုက်ပါတယ်။ ဝေါ့ဇ်ကတော့ ပြပွဲအခန်းတစ်ခန်းအတွက် ဒေါ်လာ ၅၀၀၀ သုံးပစ်လိုက်တဲ့ ဂျော့ကို မျက်လုံးပြူးသွားတာပေါ့။ မက်ကူလာကလည်း ပြပွဲနေ့မှာ ဂျော့နဲ့ ဝေါ့ဇ်နှစ်ယောက် အတွက် ဝတ်စုံအပြည့် ချုပ်ခိုင်းလိုက်ပြီး ပြပွဲနေ့ကျရင် ဘယ်လို သားသားနားနားဝတ်လာရမလဲ၊ ဘယ်လိုပုံစံ ဖြစ်အောင်နေပြီး ဘယ်လိုပြုမူပြောဆိုရ မယ် ဆိုတာတွေ အားလုံး သင်ပေးတော့တာပါပဲ။ အားလုံးပြင်ဆင်ပေးဆပ်ရကျိုး နပ်ပါ တယ်။ ပြပွဲနေ့တစ်နေ့တည်းမှာပဲ ဂျော့တို့ဟာ ကွန်ပျူတာအလုံး

၃၀၀ ကျော် အမှာ လက်ခံရရှိခဲ့ပြီး Apple ရဲ့ ပထမဆုံး ဂျပန်ကိုယ်စားလှယ် ဖြစ်လာမယ့် မစ်ဆူရှိတာ ဆာတိုရှီနဲ့ ဂျော့နဲ့ စသိကျွမ်းခွင့်ရခဲ့ပါတယ်။

## မိုက်ခ်စကော့ ရောက်လာခြင်း

Apple ဟာ အခုဆိုရင် ဝန်ထမ်း ၁၂ ယောက်ခန့်ထားပြီး နေ့စဉ် နေ့စဉ် ဝယ်ယူသူတွေ၊ ပစ္စည်းသွင်းသူတွေနဲ့ သူတို့ပြဿနာတွေကိုမအားလပ်အောင် ဖြေရှင်း ဆောင်ရွက်ပေးနေရတဲ့ တကယ့်ကုမ္ပဏီကြီးတစ်ခုအသွင် ပီပီပြင်ပြင်ဖြစ်လာပါပြီ။ ကုမ္ပဏီနေရာကိုလည်း ဂျော့တို့အိမ်ရဲ့ ကားဂိုဒေါင်ထဲကနေ ကူပါတီနိုရပ်ကွက်က စတီဗင်ခရိစ်ဆိုတဲ့လမ်းထဲမှာ ရွှေ့လိုက်ပါတယ်။ လုပ်ငန်းတွေအရှိန်ရလာတဲ့အချိန်မှာ ဂျော့ရဲ့တာဝန်ကလည်း ပိုမိုကြီးမားလာပေမယ့် ဂျော့ဟာ ပေါက်ကွဲလွယ်ပြီး သူ့ရဲ့ ခပ်ပေပေနိုင်တဲ့အကျင့်ကိုတော့ မဖျောက်ပါဘူး။ Atari မှာလုပ်တုန်းက ဝန်ထမ်းတွေနဲ့ အဆင်မပြေတဲ့အခါ ညဆိုင်းပြောင်းလို့ရတယ်ဆိုပေမယ့် ဒီမှာကျမဖြစ်နိုင်တော့ဘူး မဟုတ်လား။ ဂျော့ဟာ ဝန်ထမ်းတစ်ယောက်လုပ်ထားတဲ့ဒီဇိုင်းတစ်ခုကို ကောက်ကာ ငင်ကာ ယူကြည့်ပြီး "ဒီဇိုင်းကတော့ သောက်အလကားလက်ရာပဲ"လို့ ရင့်ရင့်သီးသီးဝေ ဖန်တာမျိုးတွေ လုပ်လာပြီး အာဏာရှင်ဆန်ချင်လာပါတယ်။ နောက်တစ်ခုက သူ့ရဲ့ တစ်ကိုယ်ရေသန့်ရှင်းရေးကိစ္စပါ။ သူက သက်သတ်လွတ်ပဲစားသူဆိုတော့ ရေလည်းပုံမှန်ချိုးဖို့မလို၊ အနံ့ပျောက်ဆေးတွေ ဘာတွေလည်း သုံးစရာမလိုဘူးလို့ တစ်ထစ်ချ မှတ်ယူထားတာဆိုတော့ မက်ကူလာတို့က ပြောင်ပြောင်ပဲ သူ့ကိုတံခါးအပြင်တွန်းထုတ်ပြီး ရေချိုးခိုင်းရတဲ့အထိဖြစ်လာတော့တာပါပဲ။ တစ်ခါတလေ ဆိုရင် ဂျော့ဟာဖိစီးမှုတွေ ဖြေလျှော့ဖို့ဆိုပြီး အိမ်သာထဲကို သူ့ခြေထောက်တွေ နှစ်ပြီးရေစိမ်ထားတတ်တဲ့အကျင့် ကလည်းရှိပါသေးသတဲ့။

မက်ကူလာက ထိပ်တိုက်ဖြေရှင်းနည်းမျိုးကို မကျင့်သုံးတဲ့လူဆိုတော့ ဂျော့ရဲ့ ပြဿနာကို ဖြေရှင်းဖို့ ဥက္ကဋ္ဌရာထူးပေးပြီး ဝန်ထမ်းတစ်ယောက်ထပ်ငှားလိုက်ရ ပါတယ်။ သူကတော့ မိုက်စကော့တ် (Mike Scott) ပါ။ မိုက်ရဲ့အဓိကတာဝန်ကတော့ စတီပ်ဂျော့ကို ကြီးကြပ်ထိန်းချုပ်ဖို့ပါပဲ။ မိုက်ဟာ လျှောက်လွှာထဲမှာတော့ မဆိုးဘူးထင် ရပေမယ့် အပြင်မှာတော့ အဝလွန်ရောဂါရယ်၊ မျက်နှာအကြောဆွဲတဲ့ရောဂါရယ် ခံစားနေရသူတစ်ယောက်ဖြစ်ပြီး လမ်းလျှောက်ရင် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားပြီးမှ လျှောက်တတ်တဲ့အပြင် အငြင်းသန်သူတစ်ယောက်လည်း ဖြစ်နေပါ သေးတယ်။ အငြင်းသန်တဲ့လူတစ်ယောက် ဂျော့နဲ့ ဆက်ဆံရပြီဆိုရင် အဆင်ပြေချင်လည်း ပြေသွား၊ မပြေချင်လည်း အလွန်ဆိုးသွားနိုင်တယ် ဆိုတာ သိတဲ့အတိုင်းပဲ။

"ကျွန်တော့်အသက်က အဲဒီတုန်းကမှ ၂၂ နှစ်ပဲရှိသေးပြီး တကယ့် ကုမ္ပဏီကြီးတစ်ခုကို

ဦးစီးနိုင်ဖို့ ကျွန်တော်အဆင်သင့်မဖြစ်သေးဘူး ဆိုတာလည်းသိပါ တယ်။ ဒါပေမဲ့ Apple ဆိုတာ ကျွန်တော့်ရဲ့သားသမီးတစ်ဦးလိုပဲလေ။ သူ့ကိုတော့ ကျွန်တော်လုံးဝမစွန့်လွှတ်နိုင်ဘူး” လို့ ဂျော့ကဒီအဖြစ်အပျက်တွေနဲ့ ပတ်သက်ပြီး ရင်ဖွင့်ပါတယ်။ Apple မှာ ချုပ်ကိုင်နိုင်စွမ်း နည်းနည်းလောက်လျော့သွားတာဟာ ဂျော့အတွက်တော့ အင်မတန်ကိုစိတ်မချမ်းမြေ့စရာကောင်းတဲ့ ကိစ္စကြီးတစ်ခုပါပဲ။ နောက်ဆုံးမှာတော့ ဂျော့ကိုစီမံခန့်ခွဲပေးရမယ့်တာဝန်နဲ့ မိုက်စကော့တ်ဟာ Apple ကို ရောက်လာပါပြီ။ မိုက်ပထမဆုံးလုပ်တာကတော့ ဂျော့ကိုရေမှန်မှန်ချိုးဖို့ တိုက်တွန်းရတဲ့ အလုပ်ပါ။ ဂျော့ကလည်း အပြန်အလှန်အားဖြင့် သူ့ရဲ့သက်သတ်လွတ်စားနေသရွေ့ တစ်ပတ်ကိုတစ်ခါလောက် ရေချိုးရင်ရပြီလို့ ယုံကြည်နေတာဗျ” လို့ မိုက်စကော့တ်က အင်တာဗျူးတစ်ခုမှာပြန်ပြောပြပါတယ်။

ဂျော့ရဲ့ သူများအပေါ်မှာ ထိန်းချုပ်ချင်တဲ့စိတ်ရယ်၊ သူ့အပေါ်အာဏာ လာထားတာကို မုန်းတီးတဲ့စိတ်ရယ်ဟာ သူ့ကိုရင်ခွင်ပိုက်ကလေးလို အုပ်ချုပ်မယ့်သူ တစ်ယောက် ရောက်လာတဲ့ အခါမှာတော့ ပြဿနာတက်ဖို့ဖြစ်လာပါတော့တယ်။ “စတိဗ်နဲ့ ကျွန်တော့်ကြားမှာမေးရမယ့် မေးခွန်းကဘယ်သူပိုခေါင်းမာနိုင်သလဲဆိုတဲ့ မေးခွန်းပဲ။ ကျွန်တော်ကလည်း ခေါင်းမာတဲ့နေရာမှာ နှစ်ယောက်မရှိသလို စတိဗ်က လည်း တစ်ယောက်ယောက်တက်ဖိပေးထားမှ ငြိမ်မယ့် ကောင်စားမျိုး ဗျ။ ပြီးတော့ သူ့အပေါ်က ဖိမှာကိုလည်းနည်းနည်းမှ ကြိုက်တာမဟုတ်ဘူး” လို့ မိုက်စကော့တ်က ဆိုပါတယ်။

အစပိုင်းမှာ အကြိတ်အနယ်တိုက်ရတဲ့ ပွဲတစ်ပွဲက ဝန်ထမ်းရင်ထိုးမှာ တပ်မယ့် နံပါတ်ရွေးတဲ့ နေ့မှာ စတာပါပဲ။ မိုက်က ဝေါ့ဇ်ကို နံပါတ်တစ် ပေးပြီးတော့၊ ဂျော့ကိုတော့ နံပါတ်နှစ်ပေးလိုက်ပါတယ်။ ဂျော့က နံပါတ်တစ် သူ့ကိုပေးဖို့တောင်းတော့ မိုက်ကဂျော့ကို နံပါတ်တစ် နေရာ ပေးလိုက်ရင် ပိုပြီးဂြိုဟ်ထောင်မှာစိုးလို့ဆိုပြီး နံပါတ်နှစ် ပဲ ပေးတဲ့အခါ ဂျော့က စိတ်ကောက်တော့တာပါပဲ။ စိတ်ကောက်ရုံတင်မကဘူး၊ ငို တောင်ငိုပါတယ်။ နောက်ဆုံးမှာ ဂျော့ကသူ့ရဲ့ဝန်ထမ်းကတ်နံပါတ်ကို ‘နှစ်’ အစား သုည (၀) လို့ပဲ ထားမယ်ဆိုပြီး လုပ်လာပါတယ်။ ဒါပေမဲ့ အမေရိကန်ဘဏ်ကို ဝန်ထမ်းလစာ တွေအတွက် စာရင်းသွင်းရတဲ့အခါမှာတော့ ဝန်ထမ်းနံပါတ်အဖြစ် သုညဂဏန်းကို ဘဏ်ကလက်မခံတဲ့အတွက် ဂျော့ခမျာ နံပါတ်နှစ်နဲ့ပဲ ကျေနပ်လိုက်ရပါတော့တယ်။ အမှန်တော့ တစ်ယောက်နဲ့တစ်ယောက် စရိုက်ချင်းမတူလို့ စိတ်ဆိုး စိတ်ကောက်နေကြ တာထက်ပိုပြီး အခြေခံကျတဲ့ကွဲလွဲမှုကြီးတစ်ခုက ရှိနေပါတယ်။ အဲဒါကတော့ ဂျော့က သူထုတ်လုပ်နေတဲ့ ပစ္စည်းအပေါ်မှာထားတဲ့ ပြင်းထန်တဲ့တပ်မက်မှုရယ်၊ စင်းလုံးချော ဖြစ်ချင်တဲ့စိတ်ရယ်ရှိပြီး မိုက်စကော့တ်က ဂျော့ရဲ့ စင်းလုံးချောဖြစ်ချင်တဲ့ဝါဒကို ဘယ်တော့မှ လက်တွေ့အလုပ်ဖြစ်နိုင်တဲ့

ဘောင်ကိုအကျော်မခံတဲ့ ပြဿနာပါပဲ။

Apple ll အတွက် အခြားကုမ္ပဏီတစ်ခုခုမှာ ပုံးခွံဒီဇိုင်း အပ်တဲ့အခါ ရွေးစရာ အရောင်အမျိုးအစား ၂၀၀၀ ကျော်ရှိပါလျက်နဲ့ ဂျော့က တခြားရှိတ်ပါတဲ့ အရောင်တစ်ခုကို ကိုယ်တိုင်ထွင်မယ်လို့လုပ်တော့ မိုက်ကခွင့်မပြုတာတို့၊ ပုံးခွံတွေ ရောက်လာတဲ့အခါ ဂျော့က ပုံးတွေရဲ့ဒေါင့်စွန်းတွေက အရမ်းချွန်နေတယ်ဆိုပြီး ပြန်ပြင် ခိုင်းချင်တာကို မိုက်ကတားတာတို့ဖြစ်လာပြီး အလုပ်စားပွဲအသစ်ဝယ်တဲ့ကိစ္စလောက် အထိ ဂျော့နဲ့ မိုက်စကော့တ်နဲ့ဟာ ညှိနှိုင်းလို့မရလောက်အောင် ပြဒါးတစ်လမ်း၊ သံတစ် လမ်းဖြစ်လာပါတယ်။ မကြာမီမှာပဲ အကြိတ်အနယ်တစ်ပွဲ ထပ်ဖြစ်ပြန်ပါတယ်။ အဝယ် အော်ဒါစာရင်းကို ဘယ်သူလက်မှတ်ထိုးမလဲဆိုတဲ့ ကိစ္စ။ မက်ကူလာက စကော့တ်ရဲ့ ဘက်က ထောက်ခံတယ်။ ဂျော့က Apple ဟာ ဖောက်သည်တွေကို သူများနဲ့မတူတဲ့ ဝန်ဆောင်မှုမျိုးနဲ့ ဆက်ဆံသင့်တယ်လို့ဆိုပြီး Apple ll ကွန်ပျူတာတွေကို ပုံမှန်သုံးလ အစား တစ်နှစ်အာမခံပေးချင်တယ်။ စကော့တ်ကလက်မခံတော့ ဒီကိစ္စအတွက် အကြီးအကျယ်စကားများကြရင်း ဂျော့ကမျက်ရည်ပါကျတဲ့အထိဖြစ်လာတော့ စိတ်ပြေသွား အောင် ကားပါကင်ဘက်ဆီလမ်းလျှောက်ခေါ်သွားပြီး နောက်ဆုံးမှာစကော့တ်ဘက်က အလျှော့ပေးလိုက်ပါတယ်။

ဂျော့ဖြစ်နေတဲ့ပုံစံတွေနဲ့ ပတ်သက်ပြီး ဝေါ့ဇ်က “စတိဗ်က သူများတွေ ကို ဆက်ဆံတာတင်းမာလွန်းတယ်။ "ကျွန်တော်က ဒီကုမ္ပဏီကိုဘာပဲလုပ်လုပ် ပျော်ပျော်ရွှင်ရွှင်နဲ့ ဝေမျှခံစားကြတဲ့ မိသားစုလေးတစ်စုလို ဖြစ်စေချင်တာ” လို့ ပြောသလို စတိဗ်ဂျော့ကလည်း ဝေါ့ဇ်ကို “သူကတကယ့်ကို ကလေးကြီးလိုလုပ်နေတာ။ BASIC လို ကွန်ပျူတာမျိုးထွင်တာတော့ ထွင်ပါရဲ့။ ဒါပေမဲ့ဘာမှဂရုတစိုက်နဲ့ ရေးမှတ်ထားတာ မျိုးမရှိတော့ နောက်ဆုံးမှာ Microsoft နဲ့ ဆက်သွယ်ရတဲ့အခြေအနေတွေ ရောက်ကုန် တာပေ့ါ။ ဒီလူကအာရုံကို ပြန့်လွန်းပါတယ်” လို့ ဝေဖန်ပါတယ်။ ဘာပဲဖြစ်ဖြစ် လောလောဆယ်တော့ စရိုက်မတူတဲ့ပြဿနာလေးတွေက ကုမ္ပဏီအလုပ်ဖြစ်သေးတော့ ကိုင်တွယ်ဖြေရှင်းလို့ ရနေပါသေးတယ်။ Apple အနေနဲ့ ရင်နှီးမြှုပ်နှံသူအသစ်တွေကို လည်း ဆွဲဆောင်နိုင်တဲ့ အနေအထားကိုရောက်လာပါတယ်။ စွန့်ဦးတီထွင် ရင်းနှီးမြှုပ်နှံသူတစ်ဦးဖြစ်တဲ့ အာသာရော့ခ် (Arthur Rock) လို လူမျိုးအတွက်ပေ့ါ။ ပထမဆုံး ဂျော့က လာပြီး Apple ll ကွန်ပျူတာကိုအသေးစိတ် ဖွင့်ကြည့်ပြီးတဲ့နောက်မှာတော့ Apple ရဲ့ ဘုတ်အဖွဲ့ဝင်တစ်ယောက် ဖြစ်လာပါတယ်။

Apple ll ဟာ မော်ဒယ်အမျိုးမျိုးပြောင်းပြီးနောက် ၁၆ နှစ်ကြာကာလ အထိမှာ အလုံးရေ ခြောက်သန်းကျော် ရောင်းရတဲ့အထိ အောင်မြင်ခဲ့ပါတယ်။ ဒီလို ကွန်ပျူတာမျိုးကို တီထွင်နိုင်ခဲ့တဲ့ အတွက် ဝေါ့ဇ်နီးယက်ခ်ကို ချီးကျူးရမှာဖြစ်သလို ဝေါ့ဇ် ရဲ့ ဆားကစ်ပြားတွေကို လှပသပ်ရပ်တဲ့ တပ်ဆင်ထုပ်ပိုးမှုမျိုးနဲ့ ပါဝါအုံကစပြီး ပါကင် အိတ်အထိတာဝန်ယူဖန်တီးခဲ့သလို ဝေါ့ဇ်ရဲ့အင်ဂျင်နီယာ ပညာကို လူရာဝင်စေမယ့် ကုမ္ပဏီတစ်ခုကိုလည်း စတင်ဖန်တီးပေးခဲ့တဲ့ ဂျော့ဟာလည်း အသိအမှတ်ပြုခံရသင့်သူ ပဲ မဟုတ်ပါလား။ "ဝေါ့ဇ်က စက်ကိုထွင်ခဲ့တာမှန်တယ်။ ဒါပေမဲ့ စတိဗ်ဂျော့နဲ့သာ မတွေ့ရင် ဝေါ့ဇ်လည်း ဘာမှလုပ်နိုင်မှာမဟုတ်ဘူး။ ငုတ်တုပ်ထိုင် နေရုံရှိမှာပဲ" လို့ပဲမြင် နေကြပါတယ်။ ဒီအချက်ကပဲကိုယ်ပိုင်ဖန်တီးမှုလို့ ဝင့်ကြွားလို့ရမယ့် နောက်တစ်ဆင့်မြင့်တဲ့ ဖန်တီးမှုကိုလုပ်ဖြစ်ဖို့ ဂျော့ကိုတွန်းအားပေးသလို ဖြစ်ခဲ့ပါတော့တယ်။

# အခန်း (၇)

# ဇာရောစ် နဲ့ လီဆာ



Apple ကုမ္ပဏီကို ဂျော့တို့ရဲ့ ကားဂိုဒေါင်ထဲကနေ နည်းပညာစက်မှုဇုန် ရဲ့ အထွတ်အထိပ်ကို Apple ll ကွန်ပျူတာက တွန်းတင်ပေးခဲ့တာ ဆိုရင် မမှားပါဘူး။ Apple ll ကွန်ပျူတာဟာ ၁၉၇၇ မှာ အလုံးရေ ၂၅၀၀ လောက် ရောင်းရတဲ့အခြေအနေ ကနေ ၁၉၈၁ မှာတော့ အလုံးရေ ၂၁၀,၀၀၀ လောက် ရောင်းအားကို တရှိန်ထိုး ခုန် တက်သွားပါတယ်။ ဒါပေမဲ့ Apple ll ဟာ ဝေါ့ဇ်ရဲ့ လက်ရာသာဖြစ်ပြီး Apple ll ဟာ အမြဲတမ်း ဒီရောင်းအားအတိုင်း ရောင်းနေရမှာ မဟုတ်ဘူး ဆိုတာကိုလည်း သဘောပေါက်ထားတဲ့ ဂျော့ဟာ အသစ်တစ်ခုကို စဖို့ကြံနေပါပြီ။ သူ့လက်ရာလို့ အပြည့်အဝပြောလို့ရမယ့် ကွန်ပျူတာတစ်လုံးလောက်လည်း တည်ဆောက်ပြဖို့ လိုနေပြီလေ။ စာလုံးအကြီး အသေးလည်း ရိုက်လို့ရပြီး မမ်မိုရီလည်းပိုများတဲ့အပြင် မော်နီတာမှာ စာလုံးရေ ၄၀ အစား၊ စာလုံးရေ ၈၀ အထိပေါ်နိုင်တဲ့ Apple lll ကို ဘယ်သူ့အကူ အညီမှမယူဘဲ ဂျော့တစ်ယောက်တည်း စလုပ်ပါတယ်။

ကွန်ပျူတာပုံးရဲ့အရွယ်အစားကို သေးနိုင်သမျှသေးလိုက်ပြီး သူ့ကိုယ် ပိုင်လက်ရာ Apple lll မှာ အင်ဂျင်နီယာကော်မတီအဖွဲ့က လူတွေကိုတောင် ဆားကစ် ပြားလေးတစ်ပြားတောင် ထပ်ထည့်ခွင့် မပေးဘဲ တစ်ယောက်တည်း စိတ်ကြိုက်လုပ် တော့တာပါပဲ။ နောက်ဆုံးရလဒ် အနေနဲ့ကတော့ ပါဝါအုံနဲ့ ချိတ်ဆက်တဲ့ ဆားကစ်ဘုတ် တွေက လျော့တိလျော့ရဲဖြစ်ပြီး ခဏခဏပါဝါ ပျက်ပျက်ကျနေတဲ့အဖြစ်နဲ့ တိုးတော့ တာပါပဲ။ ၁၉၈၀ မေလမှာ Apple lll ကို စဖြန့်တော့ ရလဒ်က မစွံပါဘူး။ အဲဒီတုန်းက Apple မှာလုပ်နေတဲ့ အင်ဂျင်နီယာ ဝန်ထမ်းတစ်ယောက် ပြောတဲ့အတိုင်း ဆိုရင် Apple lll ဟာ ယောက်ျားတွေအများကြီးနဲ့ လိင်ဆက်ဆံရာကနေ ရလာတဲ့ ကလေးတစ် ယောက်လိုပဲ။ အကုန်လုံးကို ခေါင်းကိုက်စေပြီး လူတိုင်းက မွေးလာတဲ့ကလေးကို ကြည့် ပြီး “ဒါ ကျွန်တော့်ဟာမဟုတ်ဘူး” လို့ ဝိုင်းလက်ရှောင် ခံခဲ့ရတဲ့အဖြစ်မျိုး ဖြစ်နေပါတယ်။

အဲဒီနောက်ပိုင်းမှာတော့ ဂျော့ဟာ Apple lll ဘက် သိပ်မလှည့်တော့ ဘဲ တကယ့်လက်တွေ့ကျကျ ကွဲကွဲပြားပြားဖြစ်မယ့် တစ်ခုခုလုပ်ဖို့ပဲ ကြံစည်နေပါတယ်။ တပ်ချ်စခရင် (touchscreen) ပါတဲ့ ကွန်ပျူတာထုတ်ဖို့ စကြံကြည့်သေးပေးမယ့် ကိုယ့် ဘာသာကိုယ် စိတ်ပျက်သွားပြန်ပါတယ်။ ဘယ်လိုမှမဖြစ်တဲ့အဆုံး အသစ်ထုတ်မယ့် ကွန်ပျူတာအတွက် HP က အင်ဂျင်နီယာ နှစ်ယောက်ကို ငှားလိုက်ပြီး ကွန်ပျူတာ နာမည်ကို လီဆာ (Lisa) လို့ အုံ့အားသင့်ဖွယ် မှည့်လိုက်ပါတယ်။ လီဆာဆိုတာ ဘယ်သူ ရှိဦးမလဲ။ ခရစ်ဆန်ဘရန်နန်နဲ့ ရပြီး ဂျော့က သူ့ကလေးမဟုတ်ပါဘူးလို့ ငြင်းခဲ့တဲ့ဂျော့ရဲ့ သမီးလေးနာမည်ပေါ့။ ခရစ်ဆန်ဘရန်နန်နဲ့ ဂျော့တို့ ဇာတ်လမ်းကို ပြောဖို့မေ့သွားပါ တယ်။ ခရစ်ဆန်ဘရန်နန်ဟာ ဂျော့နဲ့ ကျောင်းနေဖက် သူငယ်ချင်းဖြစ်ပြီး ၁၉၇၂ ရဲ့ နွေ ရာသီမှာ တောင်ပေါ်က သစ်လုံးအိမ်လေးထဲမှာ သမီးရည်းစားတွေ အဖြစ် အတူတူနေခဲ့ ကြတဲ့အကြောင်း ရှေ့မှာရေးခဲ့တာ မှတ်မိကြဦးမယ် ထင်ပါတယ်။ အမှန်တော့ ခရစ်ဆန် ဘရန်နန်နဲ့ ဂျော့ဟာ သမီးရည်းစားတွေဆိုပေမယ့် ပျက်လိုက် ပြန်တွဲလိုက်နဲ့ ပူးတုံခွာတုံ ပါပဲ။

၁၉၇၅ လောက်မှာ ဂျော့နဲ့ခဏအဆက်ဖြတ်ထားတဲ့အချိန်မှာ ဘရန် နန်ဟာ ဂရက်ဆိုတဲ့ ဂျော့ရဲ့ သူငယ်ချင်းတစ်ယောက်နဲ့ တွဲလိုက်ပါသေးတယ်။ အဲဒီအ ချိန်မှာ Apple ကြောင့် ဝင်ငွေကောင်းစ ပြုလာပြီဖြစ်တဲ့ ဂျော့ဟာ မိဘတွေနဲ့ အတူမနေ တော့ဘဲ သူငယ်ချင်းဖြစ်သူ ဒန်နီရယ်ကော့တ်တီနဲ့ ပေါင်းပြီး တစ်လ ဒေါ်လာ ၆၀၀ လောက်ပေးရတဲ့ အိမ်ကောင်းကောင်းတစ်လုံး ငှားနေကြတဲ့ အချိန်ပေါ့။ ၁၉၇၇ မှာ ဘရန်နန်ဟာ အိန္ဒိယကနေ ပြန်လာပြီး (ဂရက်နဲ့လည်း အဆက်ပြတ်သွားတဲ့ နောက်) ဂျော့နဲ့ အတူလာနေပါတယ်။ တစ်ယောက်တစ်ခန်းစီ သပ်သပ်နေကြတယ်ဆိုပေမယ့်

သူတို့နှစ်ယောက် ပြန်ငြိသွားကြတာပါပဲ။ ဂျော့နဲ့ ဘရန်နန်ဟာ အတူတူအဆင်ပြေအောင် ဘယ်လိုနေရမလဲဆိုတာ မသိခဲ့ကြသလို ခပ်ကင်းကင်းဖြစ်အောင် ဘယ်လို နေရမလဲဆိုတာလည်း မသိခဲ့ကြပါဘူး။ ဒီလိုနဲ့ လိုရင်းပြောရရင် ဘရန်နန်မှာကိုယ်ဝန် ရလာတယ်လို့ ဆိုပါစို့။

အဲဒီအချိန်မှာ ဂျော့အသက် ၂၃ နှစ်ပါ။ ဘရန်နန်နဲ့ သူနဲ့သမီးရည်းစား တွေလို နေခဲ့ကြတယ် ဆိုပေမယ့် ဒီကိုယ်ဝန်ဟာတခြားလူနဲ့ ရတာလည်းဖြစ်နိုင်တာပဲလို့ ဂျော့က ငြင်းမြဲပါပဲ။ ကိုယ်ဝန်ဖျက်ချမယ်ဆိုရင် သူ့ဘက်က မကန့်ကွက်ကြောင်း ဂျော့က ပြောပေမယ့် ဘရန်နန်က လုံးဝလက်မခံပါဘူး။ ဂျော့ကလည်း လက်ထပ်ဖို့ကိုငြင်းနေပြီး ဘရန်နန်အနေနဲ့လည်း ဘာဆက်လုပ် ရမလဲ အဖြေရှာရင်း ကိုယ်ဝန်ကနေ့စေ့လစေ့ ဖြစ် လာတော့ ရောဘတ်ရဲ့ ပန်းသီးခြံမှာ သွားပြီး မွေးလိုက်ရပါတော့တယ်။ ဂျော့အပါအဝင် သူငယ်ချင်းတွေ ဝိုင်းပြီး မွေးလာတဲ့ သမီး မိန်းကလေးကို 'လီဆာနစ်ကိုး ဘရန်နန်' လို့ ဂျော့ရဲ့ မျိုးရိုးနာမည်ကိုမယူဘဲ ပေးလိုက်ကြပါတယ်။ ဂျော့ဟာ ကလေးအဖေအဖြစ် ခံယူမလား၊ ကလေးကိုစွန့်လွှတ်ပြီး သူဖြစ်ချင်တဲ့အနာဂတ်အတွက်ပဲ အသက်ရှင်မလား လို့ ရွေးချယ်ရတဲ့အခါမှာ သူ့အနာဂတ်ကိုပဲ သူရွေးလိုက်ပါတယ်။ နောက်ဆုံး ရုံးရောက်၊ ဂတ်ရောက်တွေအထိ ဖြစ်လာပြီး တရားရုံးက ဂျော့ကို ကလေးအဖေအဖြစ် သတ်မှတ်လိုက်ပြီး တစ်လကလေးစရိတ် ၃၈၅ ဒေါ်လာပေးဆောင်ရမယ်လို့ အမိန့်ချမှတ်လိုက်တဲ့ အချိန်အထိ ဒီကလေးဟာ တခြားတစ်ယောက်နဲ့ရတဲ့ ကလေးလည်း ဖြစ်နိုင်တာပဲလို့ ပြောနေတုန်းပါပဲ။ DNA စစ်တဲ့အခါမှာ ဂျော့ဟာ ကလေးအဖေဖြစ်ဖို့ ၉၄.၄၁ ရာခိုင်နှုန်း သေချာကြောင်း အဖြေထွက်လာတဲ့ အထိ ဂျော့ဟာအမှန်တရားကို မျက်ကွယ်ပြုရင်း ကိုယ့်အတွေးထဲမှာတင် အရှိတရားကို ပုံဖျက်ဖို့ ကြိုးစားနေဆဲပါ။

ဒါပေမဲ့ ဂျော့ဟာ ကလေးစရိတ်မှန်မှန်ပေးတဲ့အပြင် ဘရန်နန်အတွက်ပါ ထိုက်သင့်သလောက် ထောက်ပံ့ပေးခဲ့ပြီးနောက်ပိုင်းမှာ လီဆာနစ်ကိုးဘရန်နန်ကို သမီး တစ်ယောက်အဖြစ် လက်ခံပြီး ကြည့်ရှုစောင့်ရှောက်ခဲ့ပါတယ်။ ဒီအဖြစ်အပျက်တွေနဲ့ ပတ်သက်ပြီး ပြန်ပြောကြတဲ့အခါ "လုပ်သင့်တာတစ်ခုကိုတော့ ကျွန်တော် လုပ်ပေးပြီး သွားပြီ။ ဒီထက်ပိုကောင်းတဲ့အလုပ်ကို ဆက်လုပ်ရဦးမယ်" လို့ဆိုပါတယ်။ ဒီလောက်နဲ့ ပဲ သမီးလေး လီဆာအကြောင်းကို နားပြီး ကွန်ပျူတာလီဆာအကြောင်းကို ဆက်ရအောင်။ ဂျော့က HP က အင်ဂျင်နီယာနစ်ယောက်ကို ငှားပြီး ကွန်ပျူတာအသစ် 'လီဆာ' နဲ့ အလုပ်ရှုပ်နေချိန်မှာ ဝေါ့ဇ်က Apple ll အတွက်ပဲ အာရုံနှစ်လို့ ကောင်းတုန်းပါ။ ဂျော့က သူအသစ်စီစဉ်နေတဲ့ ကွန်ပျူတာအသစ် လီဆာကို ဒေါ်လာ ၂၀၀၀ လောက် တန်ပြီး မမ်မိုရီ ၁၆ မဂ္ဂါဘိုက်ပါတဲ့ အပျံစားကွန်ပျူတာတစ်လုံးအဖြစ် စိတ်ကူးနေပေမယ့် မော်ဆန်တဲ့ဝေါ့ဇ်ရဲ့ အကူအညီ

မပါဘဲလုပ်နေရတဲ့ HP က အင်ဂျင်နီယာနစ်ယောက်ရဲ့ လက်ရာကတော့ သမားရိုးကျ စာလုံး ဒီဇိုင်းတွေနဲ့ပဲ အင်မတန်ရိုးပြီး ဘာမှစိတ်မဝင်စား စရာ၊ စိတ်လှုပ်ရှားစရာမပါတဲ့ မိုက်ခရိုပရိုဆက်ဆာ တွေပဲ ထွက်လာပါတယ်။

ဒီလူတွေနဲ့ အလုပ်မဖြစ်တော့ဘူးဆိုတာ သဘောပေါက်လာတဲ့ ဂျော့ ဟာ ဘီလ်အတ်ကင်ဆန် (Bill Atkinson) ဆိုတဲ့ ကွန်ပျူတာပရိုဂရမ်မာတစ်ယောက်ကို ရအောင် စည်းရုံးဖို့ကြံပါတယ်။ ဒါပေမဲ့ ဦးနှောက်နဲ့ အာရုံကြောပါရဂူဘွဲ့ယူဖို့လုပ်နေတဲ့ အတ်ကင်ဆန်က Apple ရဲ့ကမ်းလှမ်းမှုကို ပယ်ချလိုက်ပါတယ်။ လွယ်လွယ်နဲ့ လက်မ လျှော့တတ်တဲ့ဂျော့ဟာ အတ်ကင်ဆန်ဆီကို ပြန်အမ်းလို့မရတဲ့ အသွားအပြန်လေယာဉ် လက်မှတ်တစ်စောင် လှမ်းပို့ပေးလိုက်တော့ အတ်ကင်ဆန် လည်း အနည်းဆုံးတော့ တွေ့ကြည့်တာ အကျိုးမယုတ်ပါဘူးလေလို့ သဘောထားပြီး ဂျော့နဲ့ စကားပြောကြည့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ Apple ကို ရောက်ပြီး ဂျော့နဲ့သုံးနာရီကြာအောင် စကားပြောပြီး တဲ့နောက်မှာတော့ “ကျွန်တော်တို့က အနာဂတ်ကိုဖန်တီးနေကြတာဗျ။ လှိုင်းလုံးကြီး တစ်ခုရဲ့ရှေ့ဖျားမှာတက်ပြီး စီးရတာ ဘယ်လောက်ငြိမ့်လိုက်သလဲ၊ စဉ်းစားကြည့်စမ်း ဗျာ။ လှိုင်းလုံးရဲ့နောက်က ကပ်မျှော်ပြီး ယက်ကန်ယက်ကန်နဲ့ ခွေးကူး ကူးနေရတဲ့ အရသာမျိုးနဲ့တော့ အကွာကြီးပဲမဟုတ်လား။ ဒီကိုလာပြီး စကြဝဠာကြီးတစ်ခုလုံး တုန်ခါသွားအောင် လုပ်ပစ်စမ်းပါဗျာ” ဆိုတဲ့ ဂျော့ရဲ့ စကားလုံးတွေ ခေါ်ရာနောက်ကို အတ်ကင်ဆန်တစ်ယောက် မျောပါသွားပါတော့တယ်။

၁၉၇၉ အရောက်မှာ Apple ကုမ္ပဏီဟာ Apple ll ကွန်ပျူတာကိုကျော်နိုင်မယ့် ဖန်တီးမှုအသစ်ကို စတင်ခြေလှမ်းနေပါတယ်။ ရုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ရတဲ့ Apple lll စီမံကိန်းနဲ့ ဂျော့ကို စိတ်ပျက်စေခဲ့တဲ့ လီဆာကွန်ပျူတာပရောဂျက် အတွက် အစားထိုးစရာလိုနေပြီလေ။ ဘီလ်အတ်ကင်ဆန်ရဲ့ ဆရာဖြစ်ခဲ့ဖူးတဲ့ ဂျက်ပ်ရက်ဆန်ရဲ့ ကြီးမားတဲ့ဈေးကွက်ထဲက လူတိုင်း သုံးနိုင်တဲ့ တန်ဖိုးနည်းကွန်ပျူတာတွေကို အရေအတွက် များများနဲ့ ထုတ်ရောင်းဖို့ဆိုတဲ့ အိုင်ဒီယာက ဂျော့ရဲ့ ရေဒါမှာလာမိနေပါတယ်။ ဂျော့က Apple က ဝန်ထမ်းတွေအများကြီးကို ပါလိုအယ်တိုက စရိတ်လျှော့ချရေး သုတေသနလုပ်တဲ့ခန်းမထဲကို ဦးလှည့်ပေးလိုက်ပါတော့တယ်။ Xerox PARC လို့ခေါ်တဲ့ နည်းပညာဆိုင်ရာ သုတေသန စင်တာတစ်ခုပေါ့။

## Xerox PARC

Xerox PARC လို့ လူသိများတဲ့ Xerox ပါလိုအယ်တိုသုတေသန စင်တာကို ၁၉၇၀ မှာ စတင်တည်ထောင်ခဲ့ပြီး စင်တာရဲ့ မူဝါဒချမှတ်သူ ဦးဆောင် ပုဂ္ဂိုလ်တွေထဲမှာ အလန်ကေး (Alan Kay) ဆိုတဲ့ သိပ္ပံပညာရှင်ဟာလည်း တစ်ယောက်အပါအဝင်ပေါ့။ "အနာဂတ်ကို ကြိုဟောတဲ့နေရာမှာ အကောင်းဆုံးနည်းကတော့ အနာဂတ်ကို ကိုယ်တိုင်ဖန်တီးတဲ့နည်း" ဆိုတာရယ်၊ "ဆော့ဖ်ဝဲတွေဟာ အရေးကြီးတယ်လို့မှတ်ယူရင် ဟာ့ဒ်ဝဲကိုလည်း ကိုယ်တိုင်ထွင်သင့်တယ်" ဆိုတဲ့ အလန်ကေးရဲ့ ဆောင်ပုဒ်နှစ်ခုဟာ စတီပ်ဂျော့ရဲ့ လက်စွဲဖြစ်လာပါတယ်။

ဂျက်ဖ်ရက်စ်စတင်းက ဘီလ်အတ်ကင်ဆန်ရဲ့ စစ်ကူကိုယူပြီး Xerox သုတေသနဌာနမှာ လုပ်နေတာတွေကို ဂျော့ စိတ်ဝင်စားလာအောင် ကြိုးပမ်းနေတဲ့ အချိန်မှာ ဂျော့ကလည်း သူ့အကြံနဲ့သူရှိနေပါတယ်။ ရက်စတင်းမသိတဲ့အချက်က ဘာလဲဆိုတော့ Xerox ဟာ နောင်လာမယ့် ဘဏ္ဍာရေးနှစ်အတွက် Apple ရဲ့ အစုရှယ်ယာတွေကို ဝယ်ချင်နေတဲ့ အချက်ပါ။ Xerox နဲ့ ဂျော့နဲ့ ရှယ်ယာကိစ္စညှိနှိုင်းကြတဲ့အခါ ဂျော့က "ခင်ဗျားတို့ ဥထားတဲ့ လျှို့ဝှက်ချက်လေးတွေ ကျုပ်တို့ကိုပြပေးရင် ယူနစ်တစ်ခုကို ၁၀ ဒေါ်လာနှုန်းနဲ့ ရှယ်ယာတစ်သန်းဖိုး ရောင်းပေးမယ်" လို့ ကမ်းလှမ်းတော့ အပေးအယူ တည့်သွားကြပါတယ်။ Xerox ကိုရောင်းပေးလိုက်တဲ့ ဒေါ်လာတစ်သန်းဖိုး ရှယ်ယာတွေဟာ နောက်နှစ်မှာ ဒေါ်လာ ၁၇.၆ သန်းတန်တဲ့အထိ စျေးတွေ တက်သွား လို့ Xerox လည်း တော်တော်လေးပွသွားတယ်လို့ဆိုနိုင်ပေမယ့် ဂျော့ရခဲ့တာနဲ့ ယှဉ်ရင်တော့ မပြောပလောက်တဲ့ ပမာဏလို့ဆိုရပါမယ်။

၁၉၇၉ မှာ Xerox က နည်းပညာတွေကို လေ့လာဖို့ ဂျော့နဲ့ Apple က အဖွဲ့သားတွေ Xerox ရုံးခန်းထဲကို တစ်ခေါက်ရောက်ခဲ့ကြပေမယ့် သူတို့ရှာတွေ့ ထားသလောက် အကုန်ချမပြဘူးဆိုတာကို ရိပ်မိခဲ့တဲ့ဂျော့ဟာ နောက်နေ့မှာ ဒီထက်ပိုပြည့်စုံတဲ့ သရုပ်ပြရှင်းလင်းပွဲလုပ်ပေးဖို့ ထပ်တောင်းဆိုလိုက်ပါတယ်။ နောက်နေ့မှာလည်း Xerox က အင်ဂျင်နီယာတွေက ဂျော့တို့အဖွဲ့ကို ပင်မခန်းမဆောင်ကြီးထဲကိုခေါ်သွားပြီး ကွန်ပျူတာတွေအကျအနနဲ့ ပြင်ဆင်ထားပေမယ့် တကယ့်တမ်းရှင်းပြတဲ့အခါ အကြမ်းဖျင်း အပေါ်ယံလောက်နဲ့ ပြီးသွားပြန်ပါတယ်။ ဂျော့တို့လိုချင်တာ မရသေးပါဘူး။ ဒါနဲ့ဂျော့လည်း Xerox ဌာနချုပ်ကိုဖုန်းဆက်ပြီး ဒီထက်ပိုအသေးစိတ်ချပြဖို့ တောင်းဆိုရပြန်ပါတယ်။

နောက်ရက်အနည်းငယ်အကြာမှာ Xerox က ဂျော့တို့ကိုထပ်မံဖိတ်ခေါ်ပါတယ်။ ဒီတစ်ခါတော့ ဂျော့က ဘီလ်အတ်ကင်ဆန်နဲ့ ဘရုစ်မွန်းတို့ကိုပါခေါ်ပြီး လူစုံတက်စုံ ချီတက်လာပါတယ်။ သူတို့က

ဘယ်အချက်ကို ရအောင်ယူမလဲဆိုတာ ကောင်းကောင်းသိတဲ့သူတွေလေ။ ဂျော့တို့လူစု အစည်းအဝေးခန်းမထဲကိုရောက်တဲ့ အခါမှာ Xeroxက အင်ဂျင်နီယာတွေက စကားလုံး အခင်းအကျင်း၊ အလုအပတွေလုပ်တဲ့ ပရိုဂရမ်တွေပဲထိုးပြပြီး ဂျော့တို့ကို အာရုံလွှဲထားဖို့လုပ်ပေမယ့် သရုပ်ပြနေတဲ့တစ်ချိန်လုံး ဂျော့က "ဒီ သောက်သုံးမကျတဲ့ဟာကြီးတွေ တော်တော့ဗျာ" လို့ မနားတမ်းအော် နေတဲ့အတွက် သူတို့ရဲ့လျှို့ဝှက်ချက်တွေကို မပြချင်ပြချင်နဲ့ နည်းနည်းတော့ ဖွင့်ပြလိုက်ရပါတော့တယ်။ ဒါပေမဲ့ အကုန်မဟုတ်ပါဘူး။ Smalltalk လို့ခေါ်တဲ့ ဘာသာစကားထည့်တဲ့ ပရိုဂရမ်တစ်ခုလောက်ကိုပဲပြတာပါ။ ဒါကိုပဲအဟုတ်ထင်ပြီး ဂျော့တို့ ပြန်သွားကြလိမ့်မယ်လို့ထင်ပေမယ့် မရပါဘူး။ Xerox က ထုတ်သမ္မစာတမ်းတွေကို အကုန်ဖတ်ထားပြီးသား ဂျော့တို့အဖွဲ့က သူတို့ချန်ထားတဲ့ အချက်အလက်တွေ အများကြီးရှိသေး တယ်ဆိုတာ ကောင်းကောင်းကြီးသိတာပေါ့။ ဒါနဲ့ ဂျော့လည်း Xerox အဖွဲ့အကြီးအကဲ ကို ဖုန်းဆက်ပြီး ရန်တွေ့တဲ့အခါမှ ကုမ္ပဏီအကြီးအကဲဆီကနေ တစ်ခုမှချန်မထားဘဲ သိစရာရှိတာ အကုန်ပေးသိလိုက်ပါ လို့ ညွှန်ကြားချက်ရောက်လာတော့ Xerox က အင်ဂျင်နီယာတွေ ယမ်းပုံမီးကျ ဖြစ်ကုန်တော့တာပါပဲ။ ဒီတစ်ခါတော့ ဘာမှမတတ်နိုင်တော့ပါဘူး။

သူတို့ရှာဖွေတွေ့ရှိထားတဲ့ လျှို့ဝှက်ချက်အစစ်အမှန်တွေကို ဂျော့တို့ကို ချပြလိုက်တဲ့အချိန်မှာ Apple အဖွဲ့သားတွေအားလုံး အကြီးအကျယ်အံ့အား သင့်ကုန် ကြတော့တာပါပဲ။ အတ်တီဆန်က ကွန်ပျူတာဖန်သားပြင်ကို ပါးစပ်အဟောင်းသားနဲ့ ငေးကြည့်ရင်းမှင်သက်နေသလို ဂျော့က အခန်းထဲမှာ ပတ်ပြီးခုန်ပေါက်ရင်း လက်သီး လက်မောင်းတွေတန်းတဲ့အထိ ဖြစ်ကုန်ပါတယ်။ "ဂျော့က အခန်းကိုပတ်ပြီး အူလျားဖားလျားနဲ့ ခုန်ဆွခုန်ဆွလုပ်နေတာ။ ကျွန်တော်တို့ကွန်ပျူတာမှာ သရုပ်ပြနေတာတွေကို ဘယ်လိုများမြင်အောင်ကြည့်လည်းတော့ မသိဘူး။ ဒါပေမဲ့ သူ သေချာတော့တွေ့သွားပါတယ်။ ကျွန်တော်ကတစ်ဆင့်ပြလိုက်တိုင်း ဂျော့ကအံ့ဩတကြီးနဲ့ ထထအော်ပြီး ပြီးလည်းပြီးရော မေးခွန်းတွေတရစပ်မေးတော့တာပဲ" လို့ အဲဒီနေ့က ဂျော့တို့အဖွဲ့ကိုသရုပ်ပြပေးခဲ့တဲ့ အင်ဂျင်နီယာ တက်စ်လာ(Tesler) က ပြန်ပြောပြပါတယ်။ ဒီလိုနည်း ပညာကိုရှာတွေ့ထားပြီး Xerox ကလူတွေ ဈေးကွက်မတင်သေးတဲ့ အတွက် အံ့ဩတဲ့အကြောင်း ဂျော့က ထပ်တလဲလဲပြောနေတော့တာပါပဲ။ "ခင်ဗျားတို့ရွှေတွင်းကြီးဖင်ခု ထိုင်နေကြတာဗျ၊ သိရဲ့လား။ ဒီလောက်ကောင်းတဲ့ အခွင့်အလမ်းကြီးကို ဘာလို့ဘာမှမလုပ်ဘဲ ထားရတာလဲ" ဆိုတဲ့ စကားပဲထပ်တလဲလဲ ပြောလို့မပြီးနိုင်အောင် ဖြစ်နေပါတော့တယ်။

အဲဒီနေ့က Xerox က ဖွင့်ချပြလိုက်တဲ့ လျှို့ဝှက်ချက်အဓိကသုံးခုထဲမှာ ပထမတစ်ခုက

ကွန်ပျူတာတွေတစ်လုံးနဲ့တစ်လုံး ဘယ်လိုကွန်ရက်ချိတ်ဆက်မလဲဆိုတဲ့ နည်းပညာရယ်၊ ဒုတိယတစ်ခုက ရုပ်ထွက်နဲ့ဆိုင်တဲ့ပရိုဂရမ်မင်း နည်းပညာမျိုးပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ တတိယ လျှို့ဝှက်ချက်ဖြစ်တဲ့ ဂရပ်ဖစ်အင်တာဖေ့စ်နည်းပညာက ဂျော့တို့တစ်ဖွဲ့လုံးကို အကြီးအကျယ် မှင်သက်စေခဲ့တဲ့အတွက် ကျန်တာတွေကိုတောင် သိပ်စိတ်မဝင်စားကြတော့ပါဘူး။ "ကျွန်တော့် မျက်လုံးရှေ့ကနေ ဇာပဝါတစ်ခုကိုဖယ်ပြီး ပြလိုက်ပသလိုပဲ။ ကွန်ပျူတာပညာရဲ့ အနာဂတ်ဟာ ဘာတွေဖြစ်လာတော့မယ်ဆိုတာ ကျွန်တော်တွေ့လိုက်ရတယ်" လို့ ဂျော့ကဆိုပါတယ်။ Apple ကိုပြန်လာတဲ့ လမ်းတစ်လျှောက်မှာလည်း ကားမောင်းရင်း အားတက်သရောနဲ့ အော်ဟစ်နေတော့ တာပါပဲ။ ဂျော့ လိုချင်တာကို ရှာတွေ့ခဲ့ပြီလေ။ လုပသပ်ရပ်ပြီး စျေးမကြီးတဲ့ဒီဇိုင်းနဲ့ သာမန်လူထုကြီး အတွက် မီးဖိုချောင်သုံးပစ္စည်းတစ်ခုလို အသုံးပြုရလွယ်ကူတဲ့ ကွန်ပျူတာ မျိုးဆက်သစ်တစ်ခုအတွက် အရုဏ်ဦးရဲ့အလင်းရောင်တွေ စပေါ်လာခဲ့ပါပြီ။

## ကြီးကျယ်ခမ်းနားတဲ့ အနုပညာရှင်ဆိုတာ

Apple က ဂျော့တို့လူစု Xerox ကိုဝင်မွှေတဲ့ကိစ္စဟာ နည်းပညာလောကရဲ့ သမိုင်းမှာ အကြီးကျယ်ဆုံး နည်းပညာခိုးယူမှုကြီးတစ်ခုလို့ ပြောကြပါတယ်။ ဒါပေမဲ့ ဂျော့ကတော့ "ပီကာဆိုပြောခဲ့တဲ့စကားတစ်ခုရှိတယ်ဗျ။ သာမန်တော်တဲ့အနုပညာရှင် ကပုံတူကူးချပြီး ကြီးကျယ် ခမ်းနားတဲ့အနုပညာရှင်တွေကတော့ ကိုယ်ပိုင်ဟန်ဖြစ်အောင် လုပ်ယူတတ်တယ်" လို့ ဂျော့က ဝင့်ကြွားတဲ့လေသံနဲ့ မကြာ မကြာပြောလေ့ရှိပါတယ်။ "ဒီလိုပဲ။ ကျွန်တော်တို့က အိုင်ဒီယာ ကောင်းတွေကို ခိုးပြီးကိုယ်ပိုင်လုပ်ယူဖို့ ဘယ်တော့မှ ဝန်လေးတာမဟုတ်ဘူး" လို့ ဆိုပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ဂျော့ရဲ့ နောက်ရှုမြင်ပုံတစ်မျိုးကတော့ ဖြစ်ခဲ့တာ က Apple က ခိုးချတယ်ဆိုတာထက် Xerox ကလူတွေကသာ နဝေတိမ်တောင်နဲ့ ဘာမှမလုပ်တတ်တာကြောင့် လို့ပြောရင် ပိုမှန်ပါလိမ့်မယ်တဲ့။ "သူတို့က မိတ္တူပွားတတ်တဲ့ ခေါင်းမျိုးပဲရှိပြီး ကွန်ပျူတာတစ်လုံးက ဘာတွေလုပ်နိုင်တယ်ဆိုတာမျိုး နကန်းတစ်လုံးမှ သိတာမဟုတ်ဘူး" လို့ Xerox ရဲ့စီမံခန့်ခွဲမှု အပိုင်းကို ဝေဖန်လည်းဝေဖန်လိုက်ပါသေးတယ်။ ဂျော့ရဲ့ ဒီတင်ပြပုံနှစ်ခုလုံးကလည်း မှားတယ် လို့တော့ပြောလို့မရပါဘူး။ စာရေးဆရာကြီး တီအက်စ်အီးလီယော့တ် (T.S Eliot) ပြောခဲ့သလိုပေါ့။ "စိတ်ကူးစိတ်သန်းနဲ့ ဖန်တီးခြင်းရဲ့ကြားမှာ အရိပ်တစ်ခုခြားနေပါတယ်။ တီထွင်ဖန်တီးမှုရဲ့ သမိုင်းတစ်လျှောက်ကိုကြည့်ရင် အိုင်ဒီယာအသစ်ဆိုတာ ဖော်မြူလာတစ်ခုရဲ့ အစိတ်အပိုင်းမျှသာ ပါပဲ။ ကျွမ်းကျင်မှု ဆိုတာလည်းအရေးကြီးတာပဲ" ဆိုသလိုပေါ့။

Xerox ကရလာတဲ့ အသစ်တွေ့ရှိချက်တွေကိုအခြေခံပြီး ရှိရင်းစွဲထက်အများကြီးသာတဲ့ အဆင့်မြှင့်တင်မှုတွေကို ဂျော့နဲ့သူ့ရဲ့အင်ဂျင်နီယာတွေ လုပ်ဆောင်ခဲ့ကြပါတယ်။ Xerox က လူတွေဘယ်တော့မှလုပ်နိုင်ခဲ့မှာမဟုတ်တဲ့ အလုပ်မျိုးတွေပေါ့။ ဥပမာဆိုရင် Xerox က ထုတ်တဲ့မောက်စ်က ခလုတ်သုံးခုပါတဲ့အတွက် ရှုပ်ထွေးပြီး ကောင်းကောင်းလည်းရွှေ့လို့မရတဲ့အပြင် တစ်ခုကိုဒေါ်လာ ၃၀၀ ပေးရပါတယ်။ ဂျော့က ဒါကိုဘယ်လို အခြေအနေရောက်အောင် ထပ်ဆင့်ဖန်တီးခဲ့လဲဆိုရင် Xerox ကို ဒုတိယတစ်ခေါက်ရောက်ပြီးတဲ့နောက် စက်မှုလုပ်ငန်းဆိုင်ရာ ဒီဇိုင်းကုမ္ပဏီ တစ်ခုဖြစ်တဲ့ IDEO ကို သွားပြီး သူလိုချင်တဲ့မောက်စ်ပုံစံကို သွားမှာလိုက်ပါတယ်။ IDEO တည်ထောင်သူတစ်ယောက်ဖြစ်တဲ့ ဒီးဟိုမီဆီသွားပြီး “ရိုးရိုးရှင်းရှင်းနဲ့ ခလုတ်တစ်ခုတည်းပါပြီး ၁၅ ဒေါ်လာပဲကျမယ့် မောက်စ်တစ်မျိုးလိုချင်တယ်။ ဂျင်းဘောင်းဘီ တစ်ထည်ပေါ်မှာပဲတင်သုံးသုံး၊ ဖော်မီကာပြားပေါ်မှာပဲ တင်သုံးသုံး ကောင်းကောင်းသုံးလို့ ရ,ရမယ်” လို့ ပြောလိုက်ပြီး ဒီးဟိုမီ ကလည်း ဂျော့ရဲ့စိတ်ကြိုက်ရအောင် လုပ်ပေးနိုင် ခဲ့ပါတယ်။ Xerox ရဲ့မောက်စ်က ကွန်ပျူတာမှာ drag ဆွဲပြီးမှတ်လို့မရတာကို ဂျော့က drag ဆွဲပြီးမှတ်လို့ရတဲ့အပြင် ဖိုင်တွေကိုလိုသလို နေရာရွှေ့ပြောင်းခိုင်းစေနိုင်တဲ့ မောက်စ်မျိုးဖြစ်အောင် ပြုပြင်လိုက်ရုံသာမက ဖိုင်တစ်ခုခုကိုဖွင့်ချင်ရင် double click နှိပ်ပြီးဖွင့်လို့ရတဲ့စနစ်ကိုလည်း ဂျော့ကပဲစတင်ခဲ့ပါတယ်။

Xerox က အင်ဂျင်နီယာတွေက သူတို့ရဲ့ဖန်တီးမှုတွေကို ဈေးကွက်တင်ရကောင်းမှန်း မသိခဲ့လို့တော့ မဟုတ်ပါဘူး။ သူတို့ဟာ ဂျော့ရဲ့လီဆာကွန်ပျူတာ အသစ်မထွက်လာခင်ကတည်းက သူတို့ရထားတဲ့ နည်းပညာအသစ်တွေကို Xerox Star ဆိုတဲ့ ကွန်ပျူတာကိုဖန်တီးပြီး ဈေးကွက်တင်ခဲ့သေးပေမယ့် ဒီကြိုးပမ်းမှုဟာ အဆုံးသတ်ကျွမ်းကျင်မှု ဘာကြောင့်လိုအပ်ရသလဲ ဆိုတာ သက်သေပြပေးလိုက်သလို ဖြစ်သွားပါတယ်။ ရှုပ်ယှက်ခတ်နေပြီး ဖိုင်တစ်ခုကိုသိမ်းဖို့ မိနစ်တော်တော်ကြာအချိန်ယူရတဲ့ Xerox Star ဆိုတဲ့ကွန်ပျူတာတစ်စုံရဲ့ တန်ဖိုးကဒေါ်လာ ၁၆၅၉၅ ဒေါ်လာကျပါတယ်။ သာမန်လူတန်းစားနဲ့ မိသားစုတွေအတွက် ဘယ်လိုမှလက်လှမ်းမမီနိုင်တဲ့ ဈေးပါ။

ဂျော့ရဲ့ အင်ဂျင်နီယာ အကျော်အမော်ဖြစ်တဲ့ အတ်ကင်ဆန်ကလည်း ကွန်ပျူတာဒက်စတော့ ပေါ်မှာ ဖိုင်နှစ်ခုကို အတူတူဖွင့်ထားရင် ပထမဖွင့်လိုက်တဲ့ဖိုင်က ဒုတိယဖိုင်ရဲ့ နောက်မှာ ကွယ်နေတဲ့ပုံစံကို ရအောင် တီထွင်ပေးနိုင်ခဲ့တဲ့သူပါ။ အရင်ကမောက်စ်တွေက scroll နဲ့ အချက်အလက်တွေကို ကျော်ကြည့်ရင် တစ်ချက်ချင်းပဲကျတာကို Apple က အင်ဂျင်နီယာတွေက တစ်ထစ်ချင်းမဖြစ်ဘဲ လိုက်ကာပင့်တင်သလို၊ ဖြန့်ချသလိုလျှောခနဲ ရွှေ့နိုင်အောင်လုပ်ခဲ့တဲ့အပြင် အရင်ကမောက်စ်တွေက အပေါ်အောက်တည့်တည့်နဲ့ ဘေးတိုက်တည့်တည့်ပဲ ရွှေ့လို့ရတဲ့အခြေအနေ

ကနေ အရပ်ရှစ်မျက်နှာလုံးမှာ လိုသလိုရွှေ့လို့လှည့်လို့ရမယ့် မောက်စ်ကို ထပ်ဆင့်တီထွင်ခဲ့ကြပြန်ပါတယ်။ အရင်ကသုံးတဲ့ မောက်စ်တွေမှာက ဘီးလုံးနှစ်လုံးတပ်တဲ့ နည်းကိုသုံးပါတယ်။ အရပ်မျက်နှာအားလုံးကို လိုသလိုရွှေ့လို့ရနိုင်ဖို့ဆိုရင် ဘီးလုံးတွေအစား ဘောလုံးလို အလုံးသေးသေး တစ်ခုကိုအစားထိုးမှ ဖြစ်နိုင်မှာဖြစ်ပါတယ်။ ဒီလိုမောက်စ်ကို ဘောလုံးထည့်ပြီး ရွှေ့လို့ရအောင် လုပ်တဲ့ကိစ္စက အလုပ်မဖြစ်နိုင်ဘူးလို့ပြောမိလို့ အင်ဂျင်နီယာ တစ်ယောက်ကို ဂျော့က အလုပ်ထုတ်ပစ်လိုက်ပါသေးတယ်။

နည်းပညာသစ်တွေ ဆင့်ပွားဖန်တီးပြီး အောင်မြင်နေပေမယ့် Apple မှာ အုပ်စုကနှစ်ခြမ်းကွဲလာပါတယ်။ လူများစုကြီးအတွက် တန်ဖိုးနည်းကွန်ပျူတာတွေ အုံနဲ့ကျင်းနဲ့ထုတ်ရောင်းချင်တဲ့ ဂျော့နဲ့စိတ်တူကိုယ်တူ အင်ဂျင်နီယာတစ်ချို့ရယ် ကော်ပိုရေးရှင်းကြီးတွေသာဝယ်နိုင်မယ့် တန်ဖိုးကြီး ကွန်ပျူတာတွေကို အမြတ်များများနဲ့ရောင်းချင်တဲ့ ဂျွန်ကော့ချ်တို့အဖွဲ့ရယ်ဆိုပြီး ကွဲပြားနေခဲ့ပါတယ်။ ဒီအချိန်မှာ စတိဗ်ဂျော့ရဲ့ အပြုအမူတွေကိုစိုးရိမ်မကင်းဖြစ်လာတဲ့ မိုက်စကော့တ်နဲ့ မိုက်မက်ကူလာတို့ နှစ်ယောက်ကလည်း Apple မှာ ပိုပြီးထိန်းချုပ်နိုင်ဖို့ ကြိုးစားလာကြပါတယ်။ ၁၉၈၀ စက်တင်ဘာမှာတော့ မိုက်စကော့တ်နဲ့ မက်ကူလာတို့ကျိတ်ပြီးကြံစည်ထားတဲ့ ဖွဲ့စည်းပုံပြောင်းလဲရေးအစီအစဥ်ကို အကွက်ကျကျနဲ့ အကောင်အထည်ဖော်လိုက်ပါတော့တယ်။ ဂျွန်ကော့ချ်ကို လီဆာကွန်ပျူတာဌာနခွဲရဲ့ အပြည့်အဝထိန်းချုပ်ပိုင်ခွင့်ရှိတဲ့ မန်နေဂျာ အဖြစ်ခန့်အပ်လိုက်ပြီး စတိဗ်ဂျော့ဟာ သူ့သမီးနာမည်ပေးထားတဲ့ ကွန်ပျူတာနဲ့ပတ်သက်တဲ့ကိစ္စမှန်သမျှ ဘာမှဝင်ပါခွင့်မရှိတော့တဲ့ အခြေအနေဆိုက်သွားပါတယ်။ ဒါ့အပြင် စတိဗ်ဂျော့ကိုသုတေသနနဲ့ ဖွံ့ဖြိုးရေးဌာနရဲ့ ဒုဥက္ကဋ္ဌရာထူးကနေဖယ်ထုတ်လိုက်ပြီး ဘာစီမံခန့်ခွဲမှုမှဝင်လုပ်ခွင့်မရှိတဲ့ ဘုတ်အဖွဲ့ရဲ့ဥက္ကဋ္ဌအဖြစ် ခန့်အပ်လိုက်ပါတယ်။ ဒီရာထူးအရ ဂျော့ဟာလူတွေအမြင်မှာ Apple ရဲ့ ရှေ့ထွက်ပုဂ္ဂိုလ်အဖြစ် ဆက်ရှိနေပေမယ့် လုပ်ငန်းကိစ္စတွေမှာတော့ ဘာမှဝင်စွက်ဖက်လို့မရတော့တဲ့ အနေအထားကို ရောက်သွားပါတော့တယ်။ နာကျင်စရာကောင်းတဲ့ကိစ္စပါပဲ။

# အခန်း (၈)

## Apple အား အသွင်ပြောင်းခြင်း




**စတိဗ်ဂျော့ နှင့် မိုက်မာကူလာ**

၁၉၇၇ ဇန်နဝါရီလမှာ ဂျော့နဲ့ ဝေါ့ဇ်နီးယက်ခ်ဆီကို မိုက်မက်ကူလာ စရောက်လာတော့ Apple ကုမ္ပဏီရဲ့တန်ဖိုးက ဒေါ်လာ ၅၃၀၉ ဒေါ်လာပဲရှိပေမယ့် နောက်သုံးနှစ်အကြာ ၁၉၈၀ ဒီဇင်ဘာမှာ Apple ရဲ့ အစုရှယ်ယာတွေကို စရောင်းတဲ့အချိန်မှာ ကုမ္ပဏီရဲ့တန်ဖိုးက ဒေါ်လာ ၁.၇၉ ဘီလီယံတန်တဲ့ ကုမ္ပဏီတစ်ခုဖြစ်နေပါပြီ။ သန်းပေါင်း ၁၇၉၀ ကျော်တန်တဲ့ကုမ္ပဏီပါ။ Apple ရဲ့အစုရှယ်ယာတွေကနေ လူအယောက် ၃၀၀ကျော်ကို သန်းကြွယ်သူဌေးတွေ ဖြစ်စေခဲ့ပါတယ်။ ဒါပေမဲ့ ဒီထဲမှာဂျော့ရဲ့အချစ်ဆုံးသူငယ်ချင်း ဒန်နီရယ်ကော့တ်ကီ တစ်ယောက်တော့ မပါပါဘူး။ ကော့တ်ကီဟာ ကောလိပ်မှာရော၊ အိန္ဒိယခရီးစဉ်တစ်လျှောက်လုံးမှာရော အနီးကပ်ဆုံးဆိုး တူကောင်းဖက် သူငယ်ချင်းတစ်ယောက်ဖြစ်ခဲ့တဲ့အပြင် ရောဘတ်ရဲ့ပန်းသီးခြံမှာနေစဉ်နဲ့ ဒေါ်လာ ၆၀၀ တန်အိမ်မှာ ငှားနေတဲ့ တစ်လျှောက်လုံးမှာလည်း ဂျော့နဲ့မခွဲတမ်းနေလာခဲ့သူတစ်ယောက်ပါ။ ဂျော့ကားဂိုဒေါင်ထဲမှာ Apple ကိုစထောင်တော့လည်းကော့တ်ကီပါခဲ့ပြီး လက်ရှိအချိန်အထိလည်း Apple မှာ အချိန်ပိုင်း ဝင်လုပ်ပေးနေတုန်းပါပဲ။ ဒါပေမယ့် တရားဝင်ရှယ်ယာတွေရောင်းတော့မယ့် အချိန်မှာ ရာခိုင်နှုန်းတွေခွဲတော့ ကော့တ်ကီမပါခဲ့ပါဘူး။ ကော့တ်ကီကတော့ "ကျွန်တော်ကစတိဗ်ကို ခွင်းချက်မရှိယုံခဲ့တယ်။ ကျွန်တော် သူ့အပေါ်မှာကောင်းခဲ့သလို သူလည်းကျွန်တော့်အတွက်

ငဲ့ကြည့်မှာပဲလို့တွက်ထားခဲ့တာဆိုတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်ဘာတွန်းအားမှမပေးခဲ့ဘူး” လို့ကော့တ်ကီကပြောပြပါတယ်။ အဓိကတရားဝင်အကြောင်းပြချက်ကတော့ အချိန်ပိုင်းပဲပါဝင်ခဲ့တဲ့ သူတစ်ယောက်ဖြစ်တဲ့အတွက်လို့ဆိုပါတယ်။

ဒီကိစ္စကို ဂျော့နဲ့တွေ့ပြီး ပြောမယ်လုပ်ပေမယ့် တကယ်တမ်း တွေ့ကြ ပြီဆိုတဲ့အခါတိုင်းမှာ ကော့တ်ကီပြောမယ်လို့ စိတ်ကူးထားတာတွေက ပြောမထွက်ခဲ့ပါဘူး။ “ခက်တာက စတီဗ်က ကျွန်တော့်ကို ရှယ်ယာရှင်ဖြစ်ဖို့ မသင့်တော်ဘူးလို့လည်း တစ်ခါမှပြောတာမဟုတ်ဘူး။ သူငယ်ချင်း တစ်ယောက်အနေနဲ့ ကျွန်တော့်ကျေးဇူးတွေ ရှိတယ်လို့ သူသတ်မှတ်ထားတယ်။ ဒါပေမဲ့ စတော့အကြောင်း ကျွန်တော်ပြောတဲ့အခါကျတော့ မင်းဌာနက မန်နေဂျာနဲ့ပဲ ပြောမှဖြစ်မှာပေါ့လို့ပဲ ပြောတယ်” လို့ကော့တ်ကီကဆိုပါတယ်။ ရှယ်ယာတွေရောင်းပြီးလို့ ခြောက်လလောက် အကြာမှာ တော့ ကော့တ်ကီဟာ ဒီကိစ္စတော့ပြောမှဖြစ်တော့မယ်လို့ အားတင်းပြီး ဂျော့ရဲ့ ရုံးခန်းထဲ ဝင်သွားပါတယ်။

ဒါပေမယ့် ဂျော့နဲ့ တကယ်တမ်းတွေ့တဲ့အခါ ပြောမယ့်စကားတွေက အပြင်မထွက်ဘဲ လည်ချောင်းထဲမှာပဲတစ်ဆို့ပြီး ဘာစကားမှ ပြောမထွက်တော့ ကော့တ်ကီဟာ ငိုချလိုက်ပါတော့တယ်။ ဂျော့ကိုလည်း ဘာစကားမှ ဆက်ပြောလို့မရတော့ပါဘူး။ သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးဟာ အဲဒီနေရာမှာပဲ ဝမ်းနည်းဖွယ်ရာ ဆုံးခန်းတိုင်သွားပါတော့တယ်။

Apple ကွန်ပျူတာတွေအတွက် ပါဝါဆပ်ပလိုင်းတွေလုပ်ပေးခဲ့တဲ့ ရော့ဒ်ဟော့ကို မှတ်မိကြဦးမယ်ထင်ပါတယ်။ ရော့ဒ်ဟော့ဟာ ကော့တ်ကီအတွက် တစ်ခုခုလုပ်ပေးဖို့ ဂျော့ကို စည်းရုံးကြည့်ပါသေးတယ်။ “ခင်ဗျားဘော်ဒါကြီးကော့တ်ကီအတွက် ကျွန်တော်တို့ တစ်ခုခုလုပ်ပေးမှ ဖြစ်မယ်ဗျ။ ခင်ဗျားရှယ်ယာထဲကရော၊ ကျွန်တော့်ရှယ်ယာထဲကပါ နည်းနည်းစီခွဲပေးသင့်တယ် ထင်တယ်။ ခင်ဗျားပေးသလောက်ပဲ ကျွန်တော်လည်းလိုက်ပေးမယ်ဗျာ။ ကော့တ်ကီအတွက်ခင်ဗျား ဘယ်လောက်ပေးမလဲ” လို့ ရော့ဒ်ဟော့ကပြောတော့ ဂျော့ပြန်ဖြေတာကတော့ “ငါ ဒီကောင့်အတွက် တစ်ပြားမှမပေးဘူး” ဆိုတဲ့စကားပါပဲ။

သိကြတဲ့အတိုင်း ဝေါ့ဇ်နီးယက်ခ်ကတော့ ဂျော့နဲ့လုံးဝဆန့်ကျင်ဘက်ပေါ့။ ရှယ်ယာတွေတရားဝင် ထုတ်မရောင်းခင်မှာ ဝေါ့ဇ်ကသူ့ရဲ့ ရှယ်ယာယူနစ် ၂၀၀၀ ကျော်ကို ဝင်ငွေနည်းတဲ့ဝန်ထမ်းအယောက် ၄၀ ကို အလကားနီးပါးဈေးနဲ့ ခွဲရောင်းပေးလိုက်ပါတယ်။ ဝေါ့ဇ်ရှယ်ယာတွေ ရောင်းပေးလိုက်တဲ့ ဝန်ထမ်းအားလုံးဟာ အိမ်တစ် လုံးစီလောက်ဝယ်နိုင်တဲ့ ပမာဏမျိုးတွေရသွားကြပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဂျော့ရဲ့မှတ်ချက်ကတော့ “ဝေါ့ဇ်ဟာ အလွန်ကလေးဆန်ပြီး ရိုးအတဲ့လူ” ပါတဲ့။

၁၉၈၀ ဒီဇင်ဘာ ၁၂ ရက်နေ့မှာ Apple ရဲ့ ရှယ်ယာတွေကို တစ်ယူနစ် ၂၂ ဒေါ်လာဈေးနဲ့ ပြည်သူလူထုဆီ တရားဝင်စရောင်းချခဲ့ပြီး ပထမဆုံးနေ့မှာပဲ တစ်ယူနစ် ၂၉ ဒေါ်လာထိ ဈေးတက်သွားခဲ့ပါတယ်။ အသက် ၂၅ နှစ်ပဲရှိသေးတဲ့ ဂျော့လည်း ၂၅၆ သန်းလောက်ချမ်းသာတဲ့ လုပ်ငန်းရှင်ပေါက်စတစ်ဦး ဖြစ်သွားပါတော့တယ်။

## ချမ်းသာတဲ့ စတိဗ်၊ ဆင်းရဲတဲ့ စတိဗ်

ချမ်းသာပြီးတဲ့ နောက်မှာပဲဖြစ်ဖြစ်၊ ဘာမှမရှိခင်တုန်းကပဲဖြစ်ဖြစ် ငွေကြေးဥစ္စာအပေါ်မှာ ထားတဲ့ ဂျော့ရဲ့ သဘောထားဟာ ရှုပ်ထွေးနေတယ်လို့ ပြောရပါ မယ်။ သူဟာရုပ်ဝတ္ထုပစ္စည်းကမ္ဘာကို ဆန့်ကျင်တဲ့ ဟစ်ပီတစ်ယောက်ဆိုပေမယ့် သူငယ်ချင်း အင်ဂျင်နီယာတစ်ယောက်ရဲ့ လက်ရာတွေကို ငွေဖြစ်အောင် ပြောင်းပေးခဲ့တဲ့ စီးပွားရေးသမားတစ်ယောက်လည်း ဖြစ်နေပါတယ်။ အိန္ဒိယကိုတောင် ဂန္ဓာရီခရီးလှည့်လည်ခဲ့တဲ့ ဇင် ဗုဒ္ဓဘာသာဝင် တစ်ယောက်လည်း ဖြစ်ပေမယ့် တစ်သက်လုံးဖောက်ချ လုပ်ခဲ့တာကျတော့ စီးပွားရေးဖြစ်နေပြန်ပါတယ်။ သားသားနားနား ပစ္စည်းကောင်းတွေကိုလည်း အလွန်ပဲခုံမင်တတ်သူပါ။ ပေါ်ရှေး၊ မာစီးဒီးကား၊ BMW မော်တော်ဆိုင်ကယ်၊ ဗိုဆန်ဒေါ်ဖာစန္ဒယား စတာတွေဟာ ဂျော့ရဲ့ အကြိုက်တွေပါ။ ဒါပေမဲ့ သူ့အိမ်ကိုသွားကြည့်လိုက်ရင်တော့ ဘာတန်ဖိုးကြီးပစ္စည်းတွေမှ အလှဆင်ထားတာမရှိဘဲ ပြောင်သလင်းခါနေတာပဲ တွေ့ရပါလိမ့်မယ်။ ဒါ့အပြင် အခြံအရံတွေနဲ့ခရီးသွားတာတို့၊ ကိုယ်ရေးအရာရှိထားတာတို့မပြောနဲ့ လုံခြုံရေးဝန်ထမ်းတောင် ငှားမထားပါဘူး။ ဒါရိုက်ဘာလည်း မထားဘဲ ကားကိုလည်း ကိုယ်တိုင်မောင်းသူပါ။ ဂျော့ပြောခဲ့တဲ့အတိုင်း ပြန်ပြောရမယ်ဆိုရင် "ငွေနဲ့ပတ်သက်ပြီး ဘယ်တုန်းကမှ မပူပန်ခဲ့ဖူးဘူး။ လူလတ်တန်းစားမိသားစုထဲမှာ ကြီးလာတာဆိုတော့ ထမင်းငတ်လိမ့်မယ်ဆိုတဲ့ အတွေးမျိုးလည်း မရှိခဲ့ဘူးလေ။ Atari မှာလည်း အင်ဂျင်နီယာတစ်ယောက်အဖြစ် အဆင်ပြေပြေ လုပ်ပြနိုင်ခဲ့တာ ဆိုတော့ အနည်းဆုံး ဘယ်လိုဘဝမျိုးနဲ့ နေနိုင်လဲဆိုတာကိုလည်း သိနေပြီပဲ။ ကျွန်တော် ကောလိပ်တက်တုန်းနဲ့ အိန္ဒိယမှာနေတုန်းကဆို တမင်တကာကို ဆင်းဆင်းရဲရဲနေပစ်ခဲ့တာ။ အလုပ်ရှိနေတဲ့အချိန်မှာလည်း ရိုးရိုးရှင်းရှင်းဘဝပဲနေချင်တယ်။ မဆိုစလောက်လေး ဆင်းရဲရတာက မိုက်တယ်လေဗျာ။ အဲလိုအခြေအနေကလာတာဆိုတော့ ချမ်းသာတဲ့အချိန်မှာလည်း မပူဘူး။ ဆင်းရဲတဲ့အချိန်တုန်းကလည်း မပူခဲ့ဘူး။"

Apple က လူတချို့ကိုကျွန်တော်ကြည့်နေတာ။ ပိုက်ဆံတွေအများကြီး ရနေကြတော့ သူများထက်ထူးအောင် နေပြမှဖြစ်မယ်လို့ ထင်နေကြတာ။ ဒီလူတွေထဲက တချို့ဆိုရင် ရိုးရိုက်စ်

တစ်စီးနဲ့ အိမ်တွေတစ်မျိုးပြီးတစ်မျိုးဝယ်မယ်။ ပြီးရင်အိမ်တစ်လုံးစီအတွက် ခန့်ခွဲဖို့ မန်နေဂျာတွေ တစ်ယောက်စီထားပြီး အဲဒီမန်နေဂျာတွေကို ပြန်ခန့်ခွဲဖို့အတွက်မန်နေဂျာထပ်ငှားမယ်။ သူတို့မိန်းမ တွေက ပလတ်စတစ်ဆာဂျရီနည်းနဲ့ အမျိုးမျိုးပြုပြင်ကြပြီး နောက်ဆုံးပုံဆိုး ပန်းဆိုးကြီး တွေထွက်လာ မယ်။ ဒီလိုဘဝမျိုးမှာတော့ အသက်မရှင်ချင်ဘူးဗျ။ စိတ်ပျက်စရာပဲ။ ငွေဟာ ကျွန်တော့်ဘဝကို ဖျက်ဆီးတဲ့တရားခံ ဘယ်တော့မှမဖြစ်စေရဘူးလို့ ကိုယ့်ကိုယ်ကိုယ် ကတိပေးထား တယ်” လို့ ဆိုပါတယ်။


ကိုယ်တိုင် ငွေမဖြုန်းသလို ဂျော့ဟာလူမှုကူညီရေးလုပ်ငန်းတွေကိုလည်း သိပ်စိတ်ဝင်စားလှသူ မဟုတ်ဘူး။ ဖောင်ဒေးရှင်းတစ်ခုအဖြစ် ထူထောင်ခဲ့ဖူးပေ မယ့် ငွေပင်ငွေရင်းမြှုပ်နှံပြီးလုပ်တဲ့ ပရဟိတလုပ်ငန်းအကြောင်းနဲ့ အလှူငွေလယ်လိုရှာရမလဲဆိုတဲ့အကြောင်းတွေပဲ အက်ကြောင်းထပ် အောင်ပြောနေတဲ့လူတွေနဲ့ အဆင်မပြေတာနဲ့ ရပ်ပစ်လိုက်ပါတယ်။ ဂျော့ရဲ့ဆွေမျိုး၊ မိဘတွေကို ကူညီထောက်ပံ့ပေးဖူးတဲ့ ထဲမှာ သူ့မိဘတွေကိုပေးခဲ့တဲ့ ဒေါ်လာ ၇၅၀၀၀၀ က အများဆုံးပါပဲ။ ဂျော့ပေးတဲ့ ဒီပိုက်ဆံနဲ့ အိမ်အဟောင်းရဲ့အကြွေးကျေတဲ့အပြင် အိမ်သစ်တစ်လုံးလောက်ပါ ထပ်ဝယ် လို့ ရပေမယ့် ဂျော့အဖေနဲ့အမေကတော့ သူတို့အတွက် သုခဘုံလေးဖြစ်တဲ့ လော့စ်ဘယ်လ်တို့စ်က အိမ်လေးကမခွာပါဘူး။ သူတို့ရဲ့ အမြင့်မားဆုံး တောင့်တမှုက တစ်နှစ်တစ်ခါ ပနားမားတူးမြောင်းကို ဖြတ်ပြီးမောင်းတဲ့ သင်္ဘောခရီးစဉ်လိုက်ရဖို့ တစ်ခုလောက်ပဲရှိတာပါ။

၁၉၈၂ ဖေဖော်ဝါရီလထုတ် တိုင်းမ်မဂ္ဂဇင်းမျက်နှာဖုံးမှာ ဂျော့ရဲ့ပုံတူ ပန်းချီနဲ့ အတွင်းစာသားမှာ Apple အကြောင်းဆောင်းပါးတစ်ပုဒ် ပါလာပါတယ်။ ဂျော့ဟာ ပိုက်ဆံတွေချမ်းသာပြီး ကျော်ကြားသူ တစ်ယောက် ဖြစ်လာပေမယ့်လည်း တန်ပြန်ယဉ်ကျေးမှုတွေထဲက ချာတိတ် တစ်ယောက် အဖြစ်သာ သူ့ကိုယ်သူ သဘောထားချင်သူပါ။

၁၉၈၂ မှာ စတန်းဖို့ဒ်တက္ကသိုလ်မှာ ဟောပြောပွဲလုပ်တော့ ဖိနပ်ချွတ်ပြီးစာသင်ခုံပေါ်တင် ပလ္လင်ခွေတက်ထိုင်ပြီး ဟောခဲ့တဲ့ ဂျော့ပါ။ ကျောင်းသားတွေက အလုပ်အကြောင်း၊ စီးပွားရေးလုပ်ငန်း အကြောင်းတွေမေးတာကိုလည်း တစ်ခုမှပြန်မဖြေဘဲ သူပြောချင်တာတွေပဲပြောသွားပြီး သူမဖြေ ချင်တဲ့နေရာရောက်ရင် ကျောင်းသားတွေကို “မင်းတို့ထဲမှာ လူပျို၊ အပျိုစစ်သေးတဲ့သူ ဘယ်နယောက်ပါလဲတို့၊ ဘယ်သူတွေ ဆေးချဘူးလဲ” တို့ စတဲ့ မဆိုင်တဲ့မေးခွန်းတွေ ပြန်မေးပြီး လမ်းကြောင်းလွှဲပစ်တတ်ပါတယ်။ ပြီးတော့ အခုခေတ်လူငယ်တွေဟာ သူတို့တုန်းကထက် ပိုရုပ်ဝါဒ ဆန်လာပြီး လုပ်စားသဘောတွေ များလာတယ်လို့လည်း မှတ်ချက်ချလိုက်ပါသေးတယ်။

# အခန်း (၉)

# တော်လှန်ပြောင်းလဲရေးရဲ့အလံကို တလူလူလွှင့်လို့



Apple ll အတွက်လက်စွဲစာအုပ်ရေးပေးဖို့ ဂျော့အလုပ်အပ်ခဲ့တဲ့ ဂျက်ဖ်ရက်စကင်း (Jet Raskin) ဟာ ၁၉၇၉ မှာ Annie လို့ခေါ်တဲ့ ကွန်ပျူတာအသစ် ထုတ်လုပ်ရေးအဖွဲ့ရဲ့ တာဝန်ခံတစ်ယောက်ဖြစ်လာပါတယ်။ ဒါပေမဲ့ ရက်စကင်းက ကွန်ပျူတာတွေကိုမိန်းမနာမည်တွေချည်းမှည့်တောဟာ လိင်ခွဲခြားတဲ့သဘော သက်ရောက်တယ်ဆိုပြီး အသစ်စမ်းသပ်နေတဲ့ ကွန်ပျူတာရဲ့နာမည်ကို Annie အစား သူအကြိုက်ဆုံးပန်းသီးအမျိုးအစားနာမည်ဖြစ်တဲ့ မက်ကင်းတော့ရှ် (Mclntosh) လို့ ပေးဖို့ဆုံးဖြတ်လိုက်ပါတယ်။ ဒါပေမဲ့ Mclntosh Laboratory ဆိုတဲ့ ကုမ္ပဏီတစ်ခုရဲ့ နာမည်တူဖြစ်နေတဲ့အတွက် Macintosh လို့ ပြန်ပြောင်းလိုက်ရပါတယ်။ ဒီကွန်ပျူတာ အသစ်အတွက် Motorola 6809 ဆိုတဲ့ဈေးပေါတဲ့ မိုက်ခရိုပရိုဆက်ဆာတစ်မျိုးကိုသုံးထားပြီး သန်းနဲ့ချီတဲ့လူထုကြီးအတွက် ဈေးပေါတဲ့ကွန်ပျူတာတွေထုတ်နိုင်ရမယ်လို့ ခံယူချက်ရှိတဲ့ ရက်စတင်းဟာ Macintosh ကွန်ပျူတာတစ်စုံကို ဒေါ်လာ ၁၀၀၀ ဈေး လောက်နဲ့ ရောင်းနိုင်အောင်ကြိုးစားနေခဲ့ပြီး ဘာရယ်စမစ် (Burrell Smith) ဆိုတဲ့ အလားအလာကောင်းတဲ့ အင်ဂျင်နီယာတစ်ယောက်ကိုလည်း သူ့အဖွဲ့ထဲခေါ်ထည့်နိုင်ပြီးတဲ့နောက်မှာတော့ သူဦးစီးနေရတဲ့ ပရောဂျက်အသစ်ဟာ အရာရာအဆင်ပြေလို့နေပါတော့တယ်။ ဒီပရောဂျက်ကို ဂျော့ ဝင်မစွက်ဖက်ခင် အထိ ဆိုပါတော့။

လူသန်းပေါင်းများစွာအတွက် ကွန်ပျူတာအစုလိုက်၊ အပြုံလိုက်ထုတ် လုပ်ရေးဆိုတဲ့ ရက်စကင်းရဲ့အမြင်ကို ဂျော့ကသဘောကျသွားပေမယ့် ဈေးနှုန်းကိုပါလျှော့ချင်တဲ့အမြင်ကိုတော့ သိပ်ခံတွင်းမတွေ့လှပါဘူး။ ၁၉၈၀ စက်တင်ဘာမှာ ဂျော့ဟာ လီဆာကွန်ပျူတာပရောဂျက်ကနေ ဖယ်ထုတ်ခံလိုက်ရပြီးတဲ့နောက်မှာတော့ ဂျော့နဲ့ရက်စကင်းတို့ပြဿနာစတက်ဖို့ ဖြစ်လာတော့တာပါပဲ။ ဘယ်ဌာနမှာမှဘာတာဝန် တစ်ခုမှယူစာမရှိတော့တဲ့ ဂျော့တစ်ယောက်သူဝင်ပါလို့ရမယ့်နေရာတွေကို လိုက်ရှာတဲ့အခါမှာ Macintosh ပရောဂျက်ဟာ ဂျော့အတွက်မျက်စိကျချင်စရာ နေရာတစ်ခု ဖြစ်နေတော့ တာပါပဲ။ ဂျော့ရဲ့မြှားဦးကတော့ ရက်စကင်းတို့ရဲ့ မက်ကင်းတော့ရှ် ဌာနဘက်ကို လှည့်လာခဲ့ပါပြီ။ ဒီနေရာမှာ ရက်စကင်းဆက်ရှိနေဖို့ နေ့ရက်တွေ မရေမရာဖြစ်လာပြီ ဆိုတာလည်း အမှန်ပါပဲ။

ပထမဆုံး စငြိကြတဲ့ကိစ္စကတော့ Motorala 6809 ဆိုတဲ့ မိုက်ခရိုပရိုဆက်ဆာကိစ္စပါ။ မက်ကင်းတော့ရှ်ကွန်ပျူတာအတွက် ရက်စကင်းကဈေးပေါတဲ့ Motorala 6809 ကိုပဲသုံးချင်ပေမယ့် ဂျော့ကတော့ဈေးပိုကြီးပြီး ပါဝါလည်းပိုကောင်းတဲ့ Motorala 68000 အမျိုးအစားကိုပဲသုံးဖို့ သန္နိဋ္ဌာန်ချထားပါတယ်။ တစ်ရက်မှာတော့ ရက်စကင်းကိုအသိမပေးဘဲ ရက်စကင်းရဲ့ လက်အောက်က အင်ဂျင်နီယာဘာရယ်စမစ်ကို ပိုစွမ်းအားကောင်းတဲ့ ပရိုတိုတိုက်ပ်တွေတီထွင်ဖို့ ဂျော့ကညွှန်ကြားခဲ့ပြီး နောက်ဆုံး မှာတော့ ဂျော့ပဲအနိုင်ရသွားပါတယ်။ ဂျော့လိုချင်တဲ့ Motorala 68000 မိုက်ခရိုပရိုဆက်ဆာတွေပဲ သုံးရဖို့ဖြစ်လာတဲ့အခါ ရက်စကင်းလည်းဘာမှမတတ်နိုင်တော့ဘဲ မက်ကင်းတော့ရှ် ကွန်ပျူတာအတွက် ဈေးနှုန်းအသစ်ကိုပဲပြန်တွက်ပေးလိုက်ရပါတော့တယ်။ ရက်စကင်းရဲ့တပည့်ဟောင်းတစ်ယောက်ဖြစ်တဲ့ ဘီလ်အတ်ကင်ဆန်ကလည်း ဂျော့ ဘက်က ဝင်ထောက်ခံပါတယ်။ "စတိပ်အနေနဲ့ ရက်စကင်းဆီကနေ ဒီပရောဂျက်ကို ရအောင်ယူရမယ့် အခြေအနေဖြစ်လာတယ်။ ရက်စကင်းကလည်းတော်တော်ကို မဆုတ် မနစ်တမ်းခေါင်းမာတတ်တဲ့ လူစားမျိုးပါ။ စတိပ်ဒီလိုရအောင်ယူနိုင်ခဲ့တာ မှန်တယ်လို့ပဲ ပြောရမှာပဲ။ ကမ္ဘာကြီးအတွက် ပိုကောင်းတဲ့ရလဒ်တွေထွက်လာခဲ့တယ်လေ" လို့ ဘီလ်အတ်ကင်ဆန်ကဆိုပါတယ်။

အမှန်တော့ ဒီပဋိပက္ခဟာ အတွေးအခေါ်ကွဲလွဲမှုကြောင့် ဖြစ်ရတယ် ဆိုတာထက် ကိုယ်ရည် ကိုယ်သွေးဆိုင်ရာ ပဋိပက္ခသဘောမျိုးဖြစ်နေပါတယ်။ နောက် ပိုင်းမှာ ရက်စကင်းနဲ့ အင်တာဗျူးတဲ့ အခါမှာ ရက်စကင်းကစတိပ်ဂျော့နဲ့ ပတ်သက်ပြီး "သူက ခုန်ချလိုက်လို့ပြောရင် လူတွေက လိုက်ခုန်ချမှ ကြိုက်တဲ့လူမျိုးဗျ။ ဒီလူက ယုံကြည်ထိုက်တဲ့လူတစ်ယောက်လို့လည်း ကျွန်တော် မထင်ဘူး။ လူတွေကို လိုလိုချင်ချင်ဖြစ်လာအောင် ကြင်ကြင်နာနာနဲ့ လုပ်ယူတတ်တဲ့ လူစားမျိုးလည်း

မဟုတ်ဘူး။ သူ့ ခေါင်းထက်မှာ ရောင်စဉ်စက်ဝိုင်းတွေဖြာထွက်နေတယ်လို့ မမြင်ကြတဲ့လူတွေကို လည်း သူ သိပ်သဘောကျပုံမပေါ်ဘူး” လို့ သူ့အမြင်ကိုထုတ်ပြောသလို ရက်စကင်းအပေါ်မှာ လည်း ဂျော့ကအကောင်းသိပ်မမြင်ခဲ့ပါဘူး။ ရက်စကင်းနဲ့ပတ်သက်ပြီး “သူက တွေဝေထိုင်းမှိုင်းတတ်တဲ့ လူစားမျိုးဗျ။ ကွန်ပျူတာရဲ့ကြားခံဆက်သွယ်ပေးတဲ့စနစ်နဲ့ ပတ်သက်လို့ လည်း ဘာမှများများစားစား သိတာမဟုတ်ဘူး။ ဒါကြောင့် သူထွင်မယ့်ကွန်ပျူတာတွေလို အစုတ်ပလုပ်တွေမဖြစ်ရအောင် သူ့လူတွေထဲက အတ်ကင်ဆန်လိုမျိုးတွေကို ရွေးပြီး ကျွန်တော် လိုချင်တဲ့ ပုံစံမျိုးတွေ လုပ်အောင်ပြောခဲ့ရတာပေါ့” လို့ ဂျော့ကမှတ်ချက်ချပါတယ်။ ရက်စကင်းအတွက် အင်ဂျင်နီယာ တစ်ယောက်က အမှတ်တရပေးတဲ့စာထဲမှာလည်း “ကျွန်တော်ဂျော့နဲ့ စကားပြော ရတာကို သဘောကျသလို သူ့ရဲ့အိုင်ဒီယာတွေ၊ လက်တွေ့ကျတဲ့အမြင်တွေနဲ့ သူ့ရဲ့စွမ်းပကား တွေကိုလည်း အထင်ကြီးလေးစားခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အတွက် လိုအပ်တဲ့ သက်သောင့် သက်သာဖြစ်ပြီး ယုံကြည်ရတဲ့၊ ပံ့ပိုးမှုအားကောင်းကောင်းရှိတဲ့ ပတ်ဝန်းကျင်မျိုးကိုတော့ ဂျော့ ဖန်တီးပေးနိုင်ခဲ့တယ်လို့ ခံစားလို့မရဘူး” လို့ ရေးထားပါတယ်။

ဒါပေမဲ့ ဒီလိုမှတ်ချက်တွေနဲ့ ဘယ်လိုပဲကြုံခဲ့ရသည်ဖြစ်စေဂျော့မှာ လွှမ်းမိုးနိုင်စွမ်းရှိတဲ့ သြဇာ တစ်မျိုးရှိနေတယ်ဆိုတာကိုတော့ ဘယ်သူမှမျက်ကွယ်ပြုလို့ မရပါဘူး။ ယှဉ်ပြိုင်မှုနဲ့ ရင်ဆိုင်ရတိုင်း အားအင်တွေဖြည့်ပေးသလိုခံစားရတတ်တဲ့ ဂျော့ဟာ လီဆာကွန်ပျူတာမထွက်ခင် သူဦးဆောင်နေတဲ့ မက်ကင်းတော့ရှ်ကွန်ပျူတာ အရင်ထွက်စေရမယ်ဆိုပြီး ဂျွန်ကော့ချ်နဲ့ ဒေါ်လာ ၅၀၀၀ ကြေး အလောင်းအစားတောင် လုပ်လိုက်ပါသေးတယ်။ ဂျော့ရဲ့အပြုအမူတွေကို သည်းမခံနိုင်တော့တဲ့ အဆုံးမှာ ရက်စကင်းဟာ မိုက်စကော့တ်ဆီကို ပြင်းထန်တဲ့အစီရင်ခံစာတစ်ခု ရေးပို့လိုက်ပါတယ်။ စာထဲမှာပါတာကတော့ “စတီဗ်ဂျော့ဟာ အလွန်ဆိုးဝါးတဲ့ မန်နေဂျာတစ်ယောက် ဖြစ်ပါတယ်။ သူ့ကိုကျွန်တော် အမြဲသဘောကျခဲ့ပေမယ့် သူ့အတွက် အလုပ်လုပ်ပေးဖို့ဆိုတာတော့ မဖြစ်နိုင်တော့ဘူးလို့ပဲဆိုချင်ပါတယ်။ စတီဗ်ဟာချိန်းထားပြီးရင်လည်း ရောက်လာလေ့မရှိပါဘူး။ ဒါဟာလည်း ဝန်ထမ်းတွေကြားထဲမှာ ရေပန်းစားနေတဲ့ဟာသ တစ်ခုလိုတောင်ဖြစ်နေပြီမို့ သိပ်မထူး ဆန်းတော့ပါဘူး။ စတီဗ်ဟာဆိုးဝါးတဲ့ အကဲဖြတ်မှုတွေနဲ့ မဆင်မခြင်လုပ်တတ်ပါတယ်။ ဆုလာဘ်အနေနဲ့ ပေးဖို့သင့်တဲ့အချိန်တွေမှာလည်း ပေးရကောင်းမှန်း မသိသူတစ်ယောက်ပါ။ မကြာခဏဆိုသလိုပဲ အကြံဉာဏ်ကောင်း အသစ်တစ်ခုကို သူ့ကို သွားပြောလိုက်တာနဲ့ ချက်ချင်းပဲ အဲဒီအကြံဉာဏ်ကို ဘာမှသုံးစားလို့မရတဲ့ အရာတစ်ခုအဖြစ် တိုက်ခိုက်ပြောဆိုတတ်ပြီး ဒီအကြံ ဉာဏ်တိုင်းလိုက်လုပ်နေတာဟာ သက်သက်အချိန်ဖြုန်းတာပဲ လို့ ပြောလေ့ရှိသူတစ်ဦးပါပဲ။ ဒီလောက်နဲ့တင်ကို တော်တော်ညံ့ဖျင်းတဲ့ စီမံခန့်ခွဲမှုဖြစ်နေပါပြီ။ ဒါပေမဲ့ ဒီထက်ပိုဆိုးတာကတော့

တကယ်လို့များ ပေးတဲ့အကြံဉာဏ်ကကောင်းနေခဲ့ရင်တော့ အဲဒါဟာသူ့ရဲ့ ကိုယ်ပိုင်အိုင်ဒီယာတစ်ခုလိုပုံစံမျိုးနဲ့ လူတွေကိုလိုက်ပြောတော့တာပါပဲ” လို့ ရေးထားပါတယ်။

နောက်ဆုံး ရက်စကင်းနဲ့ဂျော့ရဲ့ပြဿနာကို မက်ခ်ကူလာနဲ့ မိုက်စကော့တ်တို့ရဲ့ရှေ့မှာ မျက်နှာစုံညီ ရှင်းကြတဲ့အခါ ရက်စကင်းကိုခွင့်ရက်ရှည် အနားယူ ခွင့်ပေးလိုက်ပြီး ဂျော့ကိုတော့ မက်ကင်းတော့ရှ် ဌာနခွဲကိုဦးစီးဖို့ ပို့လိုက်ပါတယ်။ အမှန်တော့ ဒီအဖြေဟာရက်စကင်းအတွက် တရားမျှတတဲ့ အဖြေတစ်ခုမဟုတ်ပေမယ့် လူတိုင်းနဲ့ ပြဿနာတွေတက်ပြီး ဘယ်သူမှမထိန်းနိုင်တော့တဲ့ ဂျော့ကို ရုံးချုပ်နဲ့ခပ်ဝေးဝေးက မက်ကင်းတော့ရှ်ဌာနအလုပ်ရုံထဲကို ပို့ထားလိုက်တာကပဲ အားလုံးအတွက် ဘေးအကင်းဆုံးမဟုတ်လား။ ဂျော့အတွက်ကတော့ Apple စထောင်တုန်းက လုပ်ခဲ့တဲ့ အိမ်ကကားဂိုဒေါင်အလုပ်ရုံထဲကို ပြန်ရောက်သွားသလိုပါပဲ။ သူ့ရဲ့ကိုယ်ပိုင်အင်ဂျင်နီယာအဖွဲ့နဲ့ သူ့ခြေသူ့လက် လုပ်ခွင့်ရသွားပြီလေ။ “သူတို့က ကျွန်တော့်ကိုချော့တဲ့သဘောနဲ့ အလုပ်ကောင်းကောင်းတစ်ခု လုပ်စရာပေးထားချင်ကြတဲ့သဘောပါ” လို့ ဂျော့ကဆိုပါတယ်။

မကြာမီမှာပဲ ရက်စကင်းဟာ Cannon ကုမ္ပဏီကိုရောက်သွားပြီး သူ့ စိတ်ကြိုက်ကွန်ပျူတာကို ဖန်တီးခွင့်ရခဲ့ပါတယ်။ Cannon Cat လို့ နာမည်ပေးထားတဲ့ ရက်စကင်းရဲ့ ကွန်ပျူတာအသစ်ကို ဈေးကွက်ထဲစဖြန့်တဲ့အချိန်မှာတော့ ဂျော့က မက်ကင်းတော့ရှ်ဟာ လီဆာကွန်ပျူတာကိုကျစ်ကျစ်လျစ်လျစ် ပြန်ပြင်ထားတဲ့ပုံစံနဲ့ ဈေးကွက်ထဲကို ဖြန့်လိုက်တဲ့အခါမှာတော့ သာမန်လူသုံးကုန်လျှပ်စစ်ပစ္စည်းတစ်ခုဆိုတာထက် ကွန်ပျူတာလောကရဲ့ လမ်းကြောင်းသစ်တစ်ခုထဲကို ရောက်သွားတော့တာပါပဲ” လို့ အတ်ကင်ဆန်ကပြန်ပြောပါတယ်။

ရက်စကင်းထွက်သွားပြီး မကြာခင်မှာပဲ ဂျော့က သူ့ရဲ့မက်ကင်းတော့ရှ် ပရောဂျက်အတွက် တခြားဌာနက အင်ဂျင်နီယာတွေကို လိုက်စုပြီး အင်အားစဖြည့်ပါတော့တယ်။ အဲဒီထဲမှာ Apple ll ဌာနခွဲမှာလုပ်နေတဲ့ အင်ဂျင်နီယာ အန်ဒီဟာ့ဇ်ဖဲလ် တစ်ယောက်လည်း အပါအဝင်ပေါ့။ Apple ll အတွက်လုပ်စရာတွေ တန်းလန်းရှိနေတဲ့ ဟာ့ဇ်ဖဲလ်ကို ဂျော့က သူ့အဖွဲ့ထဲမှာ ဇွတ်ခေါ်သွင်းလိုက်တဲ့အပြင် “Apple ll ဟုတ်လား။ Apple ll ကို ဘယ်သူက ဂရုစိုက်ချင်နေသေးတာလဲ။ Apple ll က နောက်တစ်နှစ်၊ နှစ်နှစ်ဆိုရင် ကျဆုံးခန်းရောက်တော့မှာ။ မက်ကင်းတော့ရှ်ကသာ Apple ကုမ္ပဏီရဲ့ အနာဂတ်ပဲ။ မင်းအခုပဲ မက်ကင်းတော့ရှ်အတွက် အလုပ်စလုပ်ရမယ်” လို့ ပြောခဲ့ပါသေးတယ်။

ဂျော့ရဲ့ လူသစ်စုဆောင်းတဲ့အခါမှာ သုံးတဲ့ အကဲဖြတ်နည်းကတော့ ကုန်ပစ္စည်းအပေါ်မှာ ဘယ်လောက်ထိပြင်းပြတဲ့ တပ်မက်စိတ်ရှိလဲဆိုတာနဲ့အကဲဖြတ်တဲ့နည်းပါ။ ဂျော့ဟာ မက်ကင်းတော့ရှ်

(Mac) အတွက်သုံးမယ့် ပရိုတိုတိုက်တစ်ခုကို အဝတ်နဲ့အုပ်ထားတဲ့ အခန်းတစ်ခု ထဲကို အင်ဂျင်နီယာတစ်ယောက်ကိုခေါ်လာပြီး ဖုံး ထားတဲ့အဝတ်ကိုဖွင့်ပြလိုက်မယ်။ အဲဒီပစ္စည်းကို မြင်လိုက်တာနဲ့တစ်ပြိုင်နက် မျက်လုံးတွေအရောင်တလက်လက်တောက်သွားပြီး မောက်စ်ကို တစ်ခါတည်း တန်းကိုင်ကြည့်ရင်း ဟိုထောက် ဒီထောက်နဲ့ နှိပ်ကြည့်တတ်တဲ့ အင်ဂျင်နီယာ ဆိုရင်တော့ အဲဒီလူကို ဂျော့ သေချာပေါက်ငှားတော့တာပါပဲ။ ဂျော့ဟာ ဝေါ့ဇ်ကိုတီထွင်ဖန်တီးမှုတွေ ပြန်လုပ်ဖို့ စည်းရုံးခဲ့သေးပေမယ့် ကားအက်ဆီးဒင့်တစ်ခုကြောင့် ဆေးရုံအတော်ကြာကြာတက် လိုက်ရတဲ့ ဝေါ့ဇ်ဟာ ဆေးရုံကပြန်ဆင်းလာပြီးတဲ့နောက် Apple က ခဏထွက်ပြီး ဘာကလေ တက္ကသိုလ်မှာ မပြီးသေးတဲ့ဘွဲ့ကိုယူဖို့ ဆုံးဖြတ်လိုက်တဲ့အတွက် ဂျော့ရဲ့ အကြံကိုလည်း လက်လျှော့ လိုက်ရပါတယ်။

ဂျော့ဟာရက်စကင်းပေးခဲ့တဲ့ မက်ကင်းတော့ရှ်ဆိုတဲ့ နာမည်အစား Bicycle computer လို့ နာမည်ပြောင်းမယ်ဆိုပြီး အဆန်းထွင်လာပေမယ့် ဒီအကြံကို ဘာရဲလ်နဲ့ ဟာ့ဇ်ဖဲလ်တို့က အမိုက်မဲဆုံး အိုင်ဒီယာဆိုပြီး ပယ်ချလိုက်တဲ့အတွက် တစ်လ လောက်အကြာမှာတော့ ဒီကိစ္စလည်းတစ်စခန်း ရပ်သွားပါတယ်။ ရက်စကင်းနဲ့ တိုက်ရ တဲ့ ဂျော့ရဲ့တိုက်ပွဲဟာ အပြည့်အဝအောင်မြင်ခဲ့တယ်လို့ ဆိုရပါမယ်။ မက်ကင်းတော့ရှ် ဌာနခွဲကို ဂျော့စကိုင်ခွင့်ရပြီးမကြာမီမှာပဲ အထက်စီးဆန်လာပြီး နိုင့်ထက်စီးနင်းပိုလုပ်လာတဲ့ မိုက်စကော့တ်ကို မာကူလာ၊ ဂျွန်ကော့ချ်တို့ရဲ့ ထောက်ခံချက်နဲ့အတူ Apple ရဲ့ ဥက္ကဋ္ဌရာထူးက ဖယ်ရှားပစ်လိုက်နိုင်တဲ့အတွက် မာကူလာကဥက္ကဋ္ဌဖြစ်လာပြီး ဂျော့လည်း မက်ကင်းတော့ရှ်ဌာနကို အပြည့်အဝ ကြိုးကိုင်ခွင့်ရသွားပါတော့တယ်။

## အရှိတရားကိုပုံဖျက်တတ်တဲ့ ညွှတ်ကွင်း

အန်ဒီဟာ့ဇ်ဖဲလ် မက်ကင်းတော့ရှ်အဖွဲ့ထဲကို စရောက်လာတော့ စီမံကိန်းကို အပြီးလုပ်ဖို့ ဂျော့သတ်မှတ်ထားတဲ့ကာလက မဖြစ်နိုင်ဘူးလို့ပြောတဲ့အခါ ဘတ်ထရစ်ဘယ်ဆိုတဲ့ အင်ဂျင်နီယာ တစ်ယောက်က ဂျော့ဟာဆန့်ကျင်ဝေဖန်တဲ့ မှတ်ချက်တွေကိုလုံးဝလက်ခံမှာ မဟုတ်ဘူးလို့ သတိပေးခဲ့ရပါတယ်။ ဂျော့ရဲ့အခြေအနေကို ပြောင်းပြန်လှန်ပစ်တတ်တဲ့အစွမ်းကို 'အရှိတရားကို ပုံဖျက်တတ်တဲ့ ညွှတ်ကွင်း' လို့ စ နာမည်ပေးခဲ့တာလည်း ထရစ်ဘယ်ပါပဲ။ ဂျော့ရဲ့ဒီညွှတ်ကွင်းထဲမှာ မိသွားလို့ကတော့ မဖြစ်နိုင်ဘူးလို့ ထင်ထားတာတွေလည်း တကယ်ဖြစ်လာတော့တာပဲလို့ ဆိုပါတယ်။ အံ့သြဖို့ကောင်းတာက ဒီညွှတ်ကွင်းကိုမြင်နေ၊ တွေ့နေရတာတောင် အမိမခံရအောင် ရှောင်ဖို့ခက်ပြီး ဖြစ်နိုင်သမျှနည်းတွေသုံးပြီး ဂျော့ရဲ့ ဒီအစွမ်းကို ချေဖျက်ဖို့ကြိုးစားပေမယ့် နောက်ဆုံးမှာတော့

လက်မြှောက်လိုက်ရစမြဲပဲလို့ ဟာ့ဇ်ဖဲလ်ကဆိုပါတယ်။ ဒါဟာ ဂျော့အတွက် သဘာဝတရားက ပေးထားတဲ့ စွမ်းအားတစ်ခုလို့ပဲ အားလုံးက သတ်မှတ်ထား လိုက်ရပါတယ်။

ဂျော့မှာအရှိတရားကို ပုံဖျက်နိုင်တဲ့ညွတ်ကွင်းရှိတယ်လို့ ပြောကြတာဟာ ချီးကျူးတဲ့သဘောနဲ့ ပြောသူတွေရှိသလို တချို့အတွက်တော့ ဒါဟာ ဂျော့မှာ ကလိန် ဇာ့ဇွေစ်နှစ်ဆင်တတ်တဲ့ အကျင့်ရှိတယ်လို့ အလိမ္မာသုံးပြီး သွယ်ဝိုက်ပြောတဲ့သဘောပါပဲ။ ဘာပဲပြောပြော ဂျော့ရဲ့ဒီညွတ်ကွင်းဟာ ကိုယ်လိုရာကိုရအောင်ယူနိုင်ဖို့အတွက် အသုံးတည့်တဲ့နည်းပရိယာယ်တစ်ခုဆိုတာတော့ သေချာပါတယ်။ ဂျော့ရဲ့ဒီညှို့စက်ဝန်းထဲမှာ အမိခံရတဲ့ မက်ကင်းတော့ရှ် အဖွဲ့သားတွေဆိုရင် အိပ်မွေ့ချခံရတဲ့လူတွေလို ဖြစ်ကုန်ကြတဲ့ အထိပါပဲ။ “စတိပ်က ရှင့်မျက်လုံးတွေထဲကို မျက်တောင် တစ်ချက်မခတ်ဘဲ စိုက်ကြည့်နေမယ်ဆိုရင် သူကအဆိပ်တိုက်မယ်ဆိုရင်တောင် ကိစ္စမရှိတော့ဘူး။ ရှင်အဲဒါကို သောက်ပစ်လိုက်တော့မှာပဲ” လို့ ဒက်ဘီကိုမန်ဆိုတဲ့ မက်ကင်းတော့ရှ်အဖွဲ့ဝင် အမျိုးသမီးတစ်ဦးက ဂျော့ရဲ့ ညွတ်ကွင်းအကြောင်း ရှင်းပြပါတယ်။ “မဖြစ်နိုင်တာကိုလည်း ရှင်လုပ်ချင်ရင် လုပ်နိုင်သွားတော့တယ်။ ဘာလို့လဲဆိုတော့ ဒါဟာမဖြစ်နိုင်တဲ့ကိစ္စပါလား လို့တောင် ရှင့်အနေနဲ့ သဘောပေါက်နိုင်မှာ မဟုတ်တော့လို့ပါ” လို့ ဆိုပါတယ်။

ဒီလို လက်တွေ့အရှိတရားတစ်ခုကို ကိုယ်လိုချင်တဲ့ပုံစံအတိုင်း ရအောင် ပုံပြောင်းယူနိုင်ခြင်းရဲ့ အရင်းခံကတော့ စည်းကမ်းတွေဟာ သူနဲ့မသက်ဆိုင်ဘူးလို့ ယုံကြည်ထားတဲ့ ဂျော့ရဲ့ ခံယူချက်လို့ ဆိုနိုင်ပါတယ်။ ကလေးဘဝကတည်းက ဒီအချက်ဟာ သိသာနေပါတယ်။ ဆန္ဒပြင်းပြမှုနဲ့ တော်လှန်ပုန်ကန်လိုစိတ်ဟာ ဂျော့ရဲ့ကိုယ်ကျင့်တရားထဲမှာ အမြဲတမ်းကိန်းဝပ်နေခဲ့ပြီး ကိုယ့်ကိုယ်ကိုယ် သူများထက်ထူးခြားသူလို့ မြင်တဲ့အမြင်ကလည်း အမြစ်တွယ်ကပ်ပါနေခဲ့ပါတယ်။ နေ့စဥ်ကိစ္စလေးတွေမှာတောင်မှ ပုန်ကန်မှုနဲ့မကင်း ပါဘူး။ သူစီးတဲ့ကားကို နံပါတ်ပြားမတပ်တာတို့၊ မသန်မစွမ်းသူတွေ အတွက် ကန့်သတ်ထားတဲ့ သီးသန့်နေရာမှာကားရပ်တာတို့လုပ်တတ်တဲ့ ဂျော့အတွက်တော့ သူ့ပတ်ဝန်းကျင်မှာရှိတဲ့ တားမြစ်ကန့်သတ်ချက်တွေဟာ သူနဲ့လုံးဝမဆိုင်သလိုပါပဲ။ ဂျော့ရဲ့နောက်အကျင့်တစ်ခုကတော့ လူတွေကိုကြည့်မြင်တဲ့အခါမှာ ‘နတ်ဘုရား လောက်တော်တဲ့သူ’ လို့ မြင်ချင်မြင်၊ ဒါမှမဟုတ် ‘သောက်သုံးကိုတစ်စက်မှမကျတဲ့လူ’ လို့ ယတိပြတ်သတ်မှတ်တတ်တဲ့အကျင့်ပါပဲ။

ဂျော့ရဲ့ဒီလိုအစွန်းနှစ်ဖက်ပဲ ရှုမြင်တတ်ပုံနဲ့ပတ်သက်ပြီး ဘီလ်အတ်ကင်ဆန်က “လူတစ်ယောက်ကို နတ်ဘုရားလို့မြင်ချင်မြင်၊ မဟုတ်ရင် ‘သောက်ရူး’လို့ မြင်တတ်တဲ့ ဂျော့ရဲ့ လက်အောက်မှာ အလုပ်လုပ်ရတာမလွယ်ပါဘူး။ ခင်ဗျားကို နတ်ဘုရားစာရင်းထဲ ထည့်ထားလိုက်ပြီဆိုရင်တော့

ဘာတလွဲမှ လုပ်မယ့်လူမဟုတ်ဘူးလို့ သတ်မှတ်ပြီး ဖျာလိုလိပ်ထိပ်ပေါ်တင်ထားမှာပဲ။ ကျွန်တော်က လည်း သူ့ရဲ့နတ်ဘုရားစာရင်းထဲ ထည့်ထားခံရသူတွေထဲမှာ ပါတယ်ဆိုပေမယ့် ကျွန်တော်တို့လည်း တခြား အင်ဂျင်နီယာတွေလိုပဲ တလွဲတွေလုပ်ပြီး ဆုံးဖြတ်ချက်အမှားတွေ လုပ်မိနိုင်တာပဲဆိုတော့ ဘယ်အချိန်များ ဖျာလိပ်ခင်းပြီးချနင်းခံရတဲ့ ဘဝရောက်မလဲလို့ တထိတ်ထိတ်နဲ့ပေါ့။ တော်လည်း တော်ပြီး အလုပ်လည်း ဒီလောက်ကြိုးစားပါရက်နဲ့ 'သောက်ရူး' စာရင်း သွင်းခံထားရတဲ့ အင်ဂျင်နီယာတွေ ခများကျတော့လည်း သူတို့အရည်အချင်းကို အသိအမှတ်ပြုခံရပြီး လက်ရှိအဆင့် ထက်မြင့်လာစရာ အကြောင်းမရှိတော့ဘူးလို့ပဲ ခံစားခဲ့ကြရတာပေါ့" လို့ ပြန်ရှင်းပြပါတယ်။ ဒါပေမဲ့ ဂျော့ရဲ့ ဒီသတ်မှတ်ချက်က ဘယ်တော့မှမပြောင်း လဲဘဲ တစ်သက်လုံးမြဲနေတတ်တာတော့ မဟုတ်ပါဘူး။ ဒီနေ့မှာဒီလိုပြောလို့ နောက်နေ့မှာလည်း ဒီလိုပဲပြောလိမ့်မယ်လို့ ယူဆလို့မရပါဘူး။ အင်ဂျင်နီယာတစ်ယောက်က အိုင်ဒီ ယာအသစ်တစ်ခုကို လာတင်ပြတဲ့အခါမှာ အရမ်းတုံးတဲ့ အိုင်ဒီယာလို့ ပြောချင်ပြောလွှတ်လိုက်လိမ့်မယ်။ ဒါပေမဲ့ တစ်ပတ်လောက်မှာ ဒီအိုင်ဒီယာကို ပြန်တွေးရင်း ကြိုက်သွားပြီဆိုရင် သူကိုယ်တိုင်ပဲအကြံထုတ်လို့ရလာတာလိုလိုနဲ့ သူ့ကိုလာပြောပြတဲ့ အင်ဂျင်နီယာကိုပဲ ပြန်သွားပြီးရှင်းပြချင်ရှင်းပြနေတတ်တဲ့ လူတစ်မျိုးပါ။ သူငြင်းခုန်ပြီး ပြောဆိုစည်းရုံး နေတဲ့ စကားတစ်ခုမအောင်မြင်ဘူးဆိုရင်လည်း သူမဟုတ်သလိုဘဲ တခြားအကြောင်းအရာတစ်ခုကို စကားလမ်းကြောင်းပြောင်းပစ်တတ်ပါတယ်။

ဂျော့ရဲ့ ဒီအူကြောင်ကြောင်ကွက်နဲ့ ခဏခဏခံခဲ့ရတဲ့ ဘရုစ်ဟွန်းဆိုတဲ့ အင်ဂျင်နီယာ တစ်ယောက်ပြောတဲ့အတိုင်းဆိုရင် "တစ်ပတ်မှာ ကျွန်တော်က အိုင်ဒီယာတစ်ခု သူ့ကိုတင်ပြလိုက်ရင် သူကဒါဟာရူးနှမ်းတဲ့ အတွေးအခေါ်ပဲလို့ ပြော ကောင်းပြောမယ်။ နောက်တစ်ပတ်ကျတော့ သူကျွန်တော့်ဆီရောက်လာပြီး "ဟေး.. ငါ့မှာ အကြံဉာဏ်ကောင်းတစ်ခုရလာတယ်" ဆိုပြီး ကျွန်တော့်အကြံဉာဏ်ကိုပဲ ကျွန် တော့်ပြန်လာပြောချင် ပြောနေတတ်တယ်။ အဲဒီအခါ ကျွန်တော်က "စတိဗ် ဒီအကြံကို ခင်ဗျားကိုပြီးခဲ့တဲ့အပတ်က ကျွန်တော်ပြောခဲ့တာလေ" လို့ ပြောရင်လည်း "အင်း .. အင်း.. အင်း" လို့ ပြောပြီး ထပြန်သွားတော့တာပဲ" လို့ဆိုပါတယ်။ ဒါ့အပြင် ဂျော့ဟာ လူတစ်ယောက် ရဲ့ အားနည်းချက်ကို ကောင်းကောင်းမြင်နိုင်ပြီး ဘယ်အချက်က သူ့ကို သိမ်ငယ်သွားအောင် လုပ်နိုင်သလဲဆိုတာကိုလည်း ကောင်းကောင်းသိတဲ့ လူတစ်ယောက်လို့ ဆိုပါတယ်။

အန်းဘောင်ဝါဆိုတဲ့ အမျိုးသမီးကတော့ ဘုန်းကြီးတစ္ဆေဂျော့ကို ကိုင်တွယ်တဲ့နေရာမှာ အထူးကျွမ်းကျင်သူတစ်ယောက် ဖြစ်လာခဲ့တယ်လို့ ဆိုပါတယ်။ ဘောင်ဝါဟာ Intel မှာ လူသား အရင်းအမြစ်ဌာန ညွှန်ကြားရေးမှူးအဖြစ်လုပ်ခဲ့ပြီး Intel ရဲ့ ဦးဆောင်တည်ထောင်သူတွေထဲက

တစ်ယောက်ဖြစ်တဲ့ ဘော့နဲ့ဂိုက်စ်နဲ့ လက်ထပ်လိုက်ပြီးတဲ့ နောက်မှာ Intel က ထွက်လိုက်ပြီး Apple ကို ရောက်လာခဲ့ပါတယ်။ ဘောင် ဝါဟာ Apple မှာ ဂျော့တစ်ခါသောင်းကျန်းတိုင်း ဝင်ဝင်ပြီးထိန်းပေးရတဲ့ မိခင်တစ်ဦးလိုဖြစ်လာပါတယ်။ ဘောင်ဝါရဲ့ သိမ်မွေ့နူးညံ့တဲ့ ဖျောင်းဖျမှုနဲ့ တွေ့တိုင်း ဂျော့ဟာ တစ်ပတ်ဆယ်ရက်လောက် ငြိမ်သွားတတ်ပေမယ့် ပြီးရင်တော့သူ့ရဲ့ မဟာမျှော်လင့် ချက်တွေကို သူ့အောက်ကလူတွေ အမီမလိုက်နိုင်တာမျိုးတွေ့ ကြုံတဲ့အခါ ထပ်ပေါက်ကွဲတော့တာပါပဲ။ "စတိဗ်ဟာ သူ့ကိုယ်သူမထိန်းနိုင်ဘူးဖြစ်နေတာ။ သူဘာလို့ ဒီလိုပေါက် ကွဲရလဲဆိုတာ ကျွန်မနားလည်ပါတယ်။ ကိစ္စတော်တော်များများမှာလည်း သူ့ဘက်က မှန်တာချည်းပဲ။ ဒါပေမဲ့ သူ့လုပ်ပေါက်က တစ်ဖက်လူကိုနာကျင်စေပြီး အကြောက်တရား တွေပဲ မွေးထုတ်ပေးသလို ဖြစ်နေတယ်။ စတိဗ်ဟာ ကိုယ့်ကိုယ်ကိုယ် မြင်အောင်ကြည့် တတ်တဲ့သူဖြစ်ပေမယ့် ဒီအချက်က သူ့အမူအကျင့်တွေကို ပြင်မပေးနိုင်ခဲ့ဘူး" လို့ ဘောင်ဝါကဆိုပါတယ်။ နောက်ပိုင်းမှာ တော့ ဂျော့ဟာ ဘောင်ဝါတို့လင်မယားအိမ်ကို ဆိုင်းမဆင့်ပုံမဆင့်ပေါက်ချလာတတ်ပြီး ဘောင်ဝါဟာ စတိဗ်ရဲ့ အမေတစ်ယောက်လိုဖြစ်လာပြီး ဘောင်ဝါရဲ့အမျိုးသားဘော့နဲ့ဂိုက်စ်ဟာလည်း စတိဗ်အတွက် အမြဲတမ်းလိုအပ်ခဲ့တဲ့ ရင့်ကျက်တဲ့ဖခင်တစ်ယောက်လို ဖြစ်လာပါတယ်။

ဂျော့ရဲ့ နာကျင်ခံခက်စေတဲ့ အပြုအမူတွေကို သင့်တော်တဲ့နည်းနဲ့ ခံယူတုံ့ပြန်နိုင်ရင် အမြဲလိုလိုမဟုတ်တောင် အကြိမ်တော်တော်များများမှာ ပိုကောင်းတဲ့ ရလဒ်တွေ ထွက်လာ တတ်တာလည်း အမှန်ပါပဲ၊ ဒီအချက်ကို မက်ကင်းတော့ရှ်အဖွဲ့သားတွေလည်း သတိထားမိသွားတဲ့ အခါမှာ ၁၉၈၁ ကနေစပြီး နှစ်စဥ်ဂျော့ကို အကောင်းဆုံးတုံ့ပြန်နိုင်တဲ့ ဝန်ထမ်းတစ်ဦးကို ရွေးချယ်ဆုပေးတဲ့အစီအစဥ်ကို စခဲ့ကြပါတယ်။ ဒီလိုဆုပေးတဲ့အစီအစဥ်ဟာ အပျော်သဘော သက်သက်မဟုတ်ဘဲ တကယ့်ကို လေးလေးနက်နက် ရွေးချယ်ဆုပေးခဲ့ကြပြီး ဒီဆုအကြောင်းကို ဂျော့သိသွားတဲ့အခါမှာလည်း စိတ်မဆိုးပဲ သဘောတောင်ကျနေပါသေးတယ်။ ဒီဆုကို ပထမဆုံး ဆွတ်ခူး သွားသူကတော့ အရှေ့ဥရောပကလာတဲ့ ဒုက္ခသည်မိသားစုတစ်စုက ဂျွန်နာဟော့ဖ်မန်းဆိုတဲ့ အင်ဂျင်နီယာအမျိုးသမီးပါပဲ။ တကယ့်ကိုစိတ်ထက်ပြီး ခိုင်မာတဲ့အမျိုးသမီးပါ။ တစ်ရက်မှာ ဟော့ဖ်မန်းရဲ့အရောင်းမြှင့်တင်ရေးအစီအစဥ်တွေကို ဂျော့က သူပြောင်းချင်သလို လျှောက်ပြောင်း ပစ်လိုက်ပါတယ်။ ဒါကို ဟော့ဖ်မန်းသိသွားတဲ့အခါ အကြီး အကျယ်ဒေါသထွက်ပြီး ဂျော့နဲ့ ဝင်တွေ့ပါတယ်။ ဂျော့ရဲ့အခန်းကို အသွား လမ်းမှာ ဂျော့ရဲ့ လက်ထောက်တစ်ယောက်နဲ့တွေ့တော့ 'ဓါးသွားယူပြီး စတိဗ်ကိုထိုးမလို့ဟ' လို့ ဒေါသတကြီးနဲ့အော်တော့ ဝန်ထမ်းတွေက ဝိုင်းဆွဲမယ် လုပ်ပေမယ့် ဂျော့က သူမကိုပြောချင်တာတွေပြောခွင့်ပေးခဲ့ပြီး နောက်ဆုံးမှာလိုက်လျောပေးခဲ့ပါတယ်။ ၁၉၈၂ အတွက်ဆုကိုလည်း ဂျွန်နာဟော့ဖ်မန်းပဲ ထပ်မံဆွတ်ခူးသွားပါတယ်။

၁၉၈၃ အတွက်ဆုကိုတော့ ဘက်ဘီကိုးလ်မန်း ဆိုတဲ့အင်ဂျင်နီယာ တစ်ယောက်ရသွားပါတယ်။ ဂျွန်နာဟော့ပ်မန်းရဲ့သတ္တိကို အားကျနေတဲ့ကိုးလ်မန်းဟာ အစပိုင်းမှာ ဂျော့နဲ့ ထိပ်တိုက်တွေ့ရမှာ ကြောက်နေခဲ့ပေမယ့် နောက်တော့ ဂျော့ရဲ့ လေးစားတာကို ခံချင်ရင် ကိုယ်ယုံကြည်တဲ့အတိုင်း ရပ်တည်ရဲဖို့လိုတယ်ဆိုတာကို သဘောပေါက် သွားပါတယ်။ တစ်ရက်မှာ ဂျော့ဟာ အတ်ကင်ဆန်ရဲ့ အင်ဂျင်နီယာ တစ်ယောက်လုပ်ထားတဲ့ ကွန်ပျူတာအစိတ်အပိုင်းတစ်ခုကို ယူကြည့်ရင်း ထုံးစံအတိုင်းပဲ "သောက်သုံးမကျတဲ့ ဟာကြီးပဲ" လို့ ထောပနာပေးတာကိုကြားသွားတဲ့ ကိုးလ်မန်းက ကြားကနေဝင်ပြီး ဂျော့ကိုပြန်ငြင်းတော့တာပါပဲ။ "ဒီလိုတော့ မဟုတ်သေးဘူး။ ဒါဟာ အကောင်းဆုံးနည်းလမ်းတစ်ခုပဲ" ဆိုပြီး သူလုပ်ထားတဲ့ အင်ဂျင်နီယာနည်းပညာတွေကို ဂျော့ကို အကျေအလည် ရှင်းပြတော့တာပါပဲ။ ဂျော့က လက်ခံသွားတဲ့အတွက် ဒီနှစ်အတွက်ဆုရှင်အဖြစ် ကိုးလ်မန်းကို ရွေးချယ်လိုက်ကြပြီး နောက်အခါတွေမှာ ဂျော့က "သောက်သုံးမကျတဲ့ဟာကြီး" လို့ ပြောလာတိုင်း "ဒါဟာ ဘာလို့အကောင်းဆုံးနည်းလမ်း ဖြစ်ရတယ်ဆိုတာ ရှင်းပြစမ်းပါဗျာ" လို့ ဆိုလိုချင်တာဖြစ်ကြောင်း နားလည်ရမယ်ဆိုတဲ့ ဘာသာပြန်နည်းတစ်ခုကို အတ်ကင်ဆန်က သူ့ဝန်ထမ်းတွေကို သင်ကြားပေးနိုင်ခဲ့ပါတယ်။ ဒါတင်မကပါဘူး။ နောက်ဆုံးမှာ ဂျော့က ဒီလိုဝေဖန်ခဲ့လို့ပဲ ကိုးလ်မန်းဟာ ဒီပစ္စည်းကိုပိုကောင်းတဲ့နည်းနဲ့ လုပ်နိုင်အောင်နည်းလမ်း ရှာနိုင်ခဲ့တယ်လို့ ပြောနိုင်ပါတယ်။ အတ်ကင်ဆန်ပြောတဲ့အတိုင်းဆိုရင် "စတိဗ်က သူ့လက်ရာကို စိန်ခေါ်ခဲ့လို့ပဲ သူပိုကောင်းအောင်လုပ်နိုင်ခဲ့တာ။ ဒါကဘာကိုပြနေသလဲဆိုရင် ခင်ဗျား စတိဗ်ကို ခံငြင်းရင် ငြင်းနိုင်တယ်။ ဒါပေမဲ့ စတိဗ်ရဲ့စကားကိုလည်း နားထောင်သင့်တယ်။ ဘာလို့လဲဆိုရင် စတိဗ်ပြောတာက အမြဲလိုလိုမှန်လေ့ရှိတယ်" လို့ ဆိုပါတယ်။


သူတစ်ပါးကို ပက်ပက်စက်စက်ဝေဖန်ပြောဆိုတတ်တဲ့ ဂျော့ဟာ လိုအပ်လာရင် ကိုယ်ဆိုလိုချင်တဲ့အတိုင်း တစ်ဖက်လူမြင်လာအောင်လည်း ပုံဖော်ပြောဆို တတ်သူပါ။ တစ်ရက်မှာ ဂျော့ဟာ မက်ကင်းတော့ရှ်ကွန်ပျူတာရဲ့ အလုပ်လုပ်ပုံစနစ်ပိုင်းကိုတာဝန်ယူရတဲ့ အင်ဂျင်နီယာ လာရီကန်ညွန်ဆီကိုရောက်လာပြီး ကွန်ပျူတာကို စဖွင့်တဲ့အချိန်မှာ ဝင်းဒိုးတက်လာအောင် စောင့်ရတဲ့အချိန်ကကြာလွန်းတယ်ဆိုပြီး ဝေဖန်လာပါတယ်။ လာရီက ပြန်ရှင်းပြဖို့လုပ်ပေမယ့် ဂျော့က စကားစဖြတ်ချလိုက်ပြီး "ဒီ ဝင်းဒိုးတက်အောင် စောင့်ရလို့ကြာတဲ့အချိန်က လူတစ်ယောက်ရဲ့ အသက်နဲ့ သက်ဆိုင်မယ်လို့ပဲသဘောထားပြီး ဆယ်စက္ကန့်လောက်ပဲ ပိုမြန်သွားအောင်လုပ်ပေးစမ်းပါ" လို့ သူလိုချင်ရာကိုပဲ ဖိပြောပါတော့တယ်။ လာရီလည်းကြိုးစားပြီး လုပ်ကြည့်ပဲ့ မယ်လို့ သဘောတူလိုက်ရပါတယ်။ ဂျော့က ဘေးနားမှာရှိတဲ့ ဝှိုက်ဘုတ်ဆီထသွားပြီး အခုလိုရှင်းပြပါတယ်။ "မက်ကင်းတော့ရှ်ကွန်ပျူတာကို လူငါးသန်းလောက်က ဝယ်သုံးမယ်ဆိုပါစို့။ ကွန်ပျူတာဖွင့်ဖို့

ကြာတဲ့အချိန်ထဲက ၁၀ စက္ကန့်လောက်ရအောင် နုတ်ပေးနိုင်မယ်ဆိုရင် အသုံးပြုတဲ့လူတွေအတွက် တစ်နှစ်မှာနာရီပေါင်း သန်း ၃၀၀ ကျော်စာကို ချွေတာပေးတာနဲ့ အတူတူပဲမဟုတ်ဘူးလား” ဆိုပြီး ဝှိုက်ဘုတ်ပေါ်မှာ ကိန်းဂဏန်းတွေနဲ့ တွက်ချက်ရှင်းပြ လိုက်ပါတယ်။ ဂျော့ရဲ့ဒီအမြင်ကို လာရီဟာ အရမ်းသဘောကျသွား ပြီး ရက်အနည်းငယ်အတွင်းမှာပဲ ဝင်းဒိုးတက်အောင်စောင့်ရတဲ့ ကြာချိန်ကို ၂၈ စက္ကန့်စာ အထိလျှော့ချပေးနိုင် ခဲ့ပါတယ်။

“ဂျော့ဟာ သူ့ကိုယ်သူ အနုပညာရှင်တစ်ယောက်လို့ပဲ ခံယူထားပြီး ဒီဇိုင်းဆွဲရတဲ့ ကျွန်တော်တို့ အဖွဲ့ကိုလည်း ကိုယ့်ကိုယ်ကိုအနုပညာရှင်တွေ အဖြစ် တွေးကြဖို့မြှောက်ပေးခဲ့တယ်” လို့ ဟာ့ဇ်ဖဲလ်က ပြောပါတယ်။ အလုပ်ရဲ့ရည်မှန်းချက်ပန်းတိုင်ကပြိုင်ဘက်တွေကိုကျော်နိုင်ဖို့ မဟုတ် သလို ငွေတွေတစ်ပုံခေါင်းကြီးရလာအောင် ရှာဖို့လည်းမဟုတ်ဘဲ တတ်နိုင်သရွေ့အကြီးကျယ် အခမ်းနားဆုံး အရာတစ်ခုကို ထုတန်လုပ်နိုင်ဖို့ပဲလို့ ဆိုပါတယ်။ မက်ကင်းတော့ရှ်ကွန်ပျူတာဟာ အောင်မြင်မှုကြီး တစ်ခုဖြစ်ခဲ့တယ်ဆိုပေမယ့် သတ်မှတ်တဲ့ရက်ထက် နောက်ကျပြီးမှထွက်နိုင်သလို လျာထားတဲ့ ဘတ်ဂျက်ထက်လည်း ပိုကုန်ကျခဲ့ပါတယ်။ ဒါကတော့ တခြားကြောင့်မဟုတ်ပါဘူး။ ဝုန်းဒိုင်းကြဲပြီး ခပ်ရမ်းရမ်းအမူအကျင့်တွေရှိတဲ့ ဂျော့က ကြားဖြတ်ဝင်လာ တာကြောင့်ပါပဲ။ ဂျော့ကြောင့် မက်ကင်းတော့ရှ်အဖွဲ့သား အင်ဂျင်နီယာတွေစိတ်ဖိစီးပြီး ခြေကုန်လက်ပမ်း ကျကျန်နေခဲ့ကြရတာ ဟာလည်း မလိုလားအပ်တဲ့ ကုန်ကျစရိတ်တစ် မျိုးပါပဲ။ ဒါပေမဲ့ ဒီလိုစိတ်ပန်းလူပန်းခံပြီး သူနဲ့အတူတွဲလုပ်ရတာက အံ့မခန်းဖွယ်ရာ ကိစ္စတစ်ခုလည်းဖြစ်ပါတယ်။ ဂျော့နဲ့အတူတူ နှစ်အတော် ကြာကြာ လက်တွဲလုပ်ခဲ့ဖူးတဲ့ အင်ဂျင်နီယာတစ်ယောက်က ဘယ်လို ပြောလဲဆိုရင် “ခင်ဗျားတို့ အလကားလူတွေ။ ဘာတစ်ခုမှလည်း ဖြစ်ဖြစ်မြောက်မြောက် လုပ်နိုင်တာမရှိဘူး” လို့ အစည်းအဝေးလုပ်တိုင်း ဂျော့ကဆဲတတ်ပြီး ဒီလိုကိစ္စတွေက နာရီနဲ့အမျှ ဖြစ်နေတာပါပဲ။ ဒါပေမဲ့ စတိဗ်နဲ့ အတူတွဲအလုပ်လုပ်ခွင့်ရတဲ့အတွက် ကျွန်တော်ဟာကမ္ဘာမှာ ခွင်းချက်မရှိ ကံအကောင်းဆုံး လူလို့ ကိုယ့်ကိုယ်ကိုယ်ခံစားရပါသတဲ့။

## အခန်း (၁၀)

## မက်ကင်းတော့ရှ်အား ဖြတ်သန်းခြင်း



၁၉၈၁ ဩဂုတ်လမှာ IBM ရဲ့ တစ်ကိုယ်ရေသုံး ကွန်ပျူတာအသစ် ထွက်လာပါတယ်။ မကြာခင်မှာပဲ ပြိုင်ဘက်တွေအပေါ်မှာ ခပ်နောက်နောက်လုပ်တတ် တဲ့ Apple ရဲ့ ထုံးစံအတိုင်း 'ကြိုဆိုပါတယ် IBM၊ တကယ်ပါ' လို့ ရေးထားတဲ့ Apple ရဲ့ စာမျက်နှာပြည့် ကြော်ငြာတစ်ခု ဝေါလ်စထရိဂျာနယ်မှာ ပါလာပါတယ်။ သူ့ကိုယ်သူ ဂျေဒီစစ်သည်တော်လိုလို၊ ဗုဒ္ဓဘာသာဝင် ဂျပန်ဆာမူရိုင်းတစ်ယောက်လိုလို အထင်ရောက်နေတဲ့ ဂျော့အတွက်ကတော့ ဒီယှဉ်ပြိုင်မှုဟာ စီးပွားရေးအရပြိုင်ဆိုင်မှု သက်သက်မဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာအရပါ ရှန်းကန်တိုက်ခိုက်ရတဲ့ တိုက်ပွဲတစ်ခုလို့ ပြောရပါမယ်။ တကယ်လို့များ Apple ဘက်က အမှားကြီးကြီးတစ်ခုလောက် လုပ်မိပြီး IBM သာ အနိုင်ရသွားခဲ့ရင် Apple က လူတွေအဖို့ ကွန်ပျူတာအမှောင်ခေတ်ကြီးထဲ မှာ အနှစ် ၂၀ လောက် ဒူးထောက်နေရတော့မလို ဂျော့အနေနဲ့ခံစားခဲ့ရပြီး IBM သာ စျေးကွက်အသာစီးရသွားလို့ကတော့ သူတို့ကဘာတီထွင်မှုမှ ဆက်လုပ်ကြမှာမဟုတ် တော့ဘူးလို့ ဂျော့ကယူဆထားပါတယ်။ IBM နဲ့ ပတ်သက်တဲ့ ဂျော့ရဲ့မှတ်ချက်က တော့ "သူတို့က အသစ်တီထွင်ချင်တဲ့ အင်အားစုတွေမဟုတ်ဘူး။ သူတို့က မကောင်း ဆိုးဝါးအင်အားစုတွေ" ပါတဲ့။

IBM ပြီးရင် မက်ကင်းတော့ရှ်ကွန်ပျူတာအတွက် အဓိကပြိုင်ဘက် နောက်တစ်ခုအဖြစ် ဂျော့ သတ်မှတ်ထားတာကတော့ တခြားမဟုတ်ပါဘူး။ Apple ကုမ္ပဏီကထုတ်တဲ့ ကွန်ပျူတာပဲဖြစ်တဲ့

လီဆာကွန်ပျူတာပါ။ ဂျော့ဟာ လီဆာအဖွဲ့က ကန်ထုတ်ခံထားရတာမဟုတ်လား။ အဲဒီအတွက် ဂျော့ဟာ လီဆာစီမံကိန်းတစ်ခုလုံး ကို တိုက်ခိုက်ချင်နေတာပါပဲ။ ဒါ့အပြင် ဂျော့ဟာ မက်ကင်းတော့ရှ်မှာသုံးမယ့် ဆော့ဖ်ဝဲလ်တွေကို တခြားဘယ်ကွန်ပျူတာနဲ့မှ မတူတဲ့ဆော့ဖ်ဝဲလ်တွေ အဖြစ် တပ်ဆင်နိုင်ဖို့ လည်း ကြိုးပမ်းနေသူပါ။ မက်ကင်းတော့ရှ်ကွန်ပျူတာဟာ တွေ့ကရာ ဆော့ဖ်ဝဲလ် မှန်သမျှနဲ့ သုံးလို့ရမယ့်ကွန်ပျူတာမဟုတ်ဘဲ သူ့အတွက်သီးသန့်ထုတ်ထားတဲ့ ဆော့ဖ် ဝဲလ်နဲ့သာသုံးလို့ရမယ့် သီးသန့်ကွန်ပျူတာတစ်ခုအဖြစ် တီထွင်ဖို့လည်းသတ်မှတ်ထား ပါတယ်။ ဒါန်ဖာဘာပြောတဲ့အတိုင်းဆိုရင် ဂျော့ဟာ သူ့ရဲ့မက်ကင်းတော့ရှ်ကွန်ပျူတာမှာ တခြားကုမ္ပဏီတွေက ထုတ်တဲ့ ဆော့ဖ်ဝဲလ်တွေထည့်သုံးရမယ့်အဖြစ်မျိုးကို ပီကာဆိုရဲ့ပန်းချီကားကို လမ်းဘေးက လူတစ်ယောက်က စုတ်ချက်တစ်ချက်ဝင်ဆွဲ သလိုမျိုး၊ ဘော့ဒိုင်လန်ရဲ့သီချင်းစာသားကို နလပိန်းတုံး တစ်ယောက်က တစ်ကြောင်း လောက် ဝင်ပြင်လိုက်သလိုမျိုးနဲ့ အတူတူပဲလို့ တောင်ဆိုပါတယ်။

ဂျော့ရဲ့ ထိန်းချုပ်လွှမ်းမိုးလိုစိတ်က ဘယ်လောက်ထိ များသလဲဆိုရင် မက်ကင်းတော့ရှ်တွေမှာ လူတိုင်းအလွယ်တကူဖွင့်လို့ရမယ့် သာမန်ဝက်အူတွေကို မသုံးဘဲ ပုံမှန်ဝက်အူလှည့်တွေနဲ့ ဘယ်လိုမှ ဖွင့်လို့မရမယ့် အထူးဝက်အူတွေကိုပဲ သုံး ထားပါတယ်။ မက်ကင်းတော့ရှ်တစ်လုံးလောက် ပျက်သွားခဲ့ရင်တောင် တခြားနေရာ တွေမှာ ပြင်လို့မရဘဲ Apple က အင်ဂျင်နီယာတွေသာ အဖုံးကိုဖွင့်ပြီး ပြင်နိုင်မယ့်အနေ အထားပါ။ ဒါ့အပြင် ဂျော့ဟာ ကီးဘုတ်မှာ ကာဆာမှတ်ရွှေ့လို့ရတဲ့ ခလုတ်ကိုလည်း မထည့်ဘဲချန်ထားလိုက်ပါတယ်။ ဆိုလိုတာက သုံးစွဲသူက ကာဆာမြားလေးကို ဖန်သား ပြင်ပေါ်မှာ ရွှေ့ချင်တယ်ဆိုရင် ကီးဘုတ်ကခလုတ်ကို သုံးလို့မရတော့ဘဲ မောက်စ်တစ် ခုတည်းကိုပဲ မဖြစ်မနေအသုံးပြုရတော့မယ့် သဘောပါ။ အဲဒီအချိန်တုန်းက ကွန်ပျူတာ တွေပေါ်ဦးစမှာ လူတွေက မောက်စ်နဲ့သိပ်မရင်းနှီးသေးပါဘူး။ ကာဆာကိုလှုပ်ရှားနိုင်ဖို့ ကီးဘုတ်က ခလုတ်ကိုပဲ အဓိကအသုံးပြုနေတုန်းပဲဖြစ်ပြီး ကာဆာကိုလည်း ဘေးတိုက်နဲ့ အထက်အောက်ပဲ ရွှေ့နိုင်သေးတဲ့ ကာလမျိုးပါ။ မက်ကင်းတော့ရှ်ကို ဝယ် မိတဲ့လူတွေအဖို့တော့ အရင်စနစ်ဟောင်းနဲ့ ဘယ်လောက်ပဲအသားကျနေသည်ဖြစ်စေ မောက်စ်ကိုပဲ မဖြစ်မနေသုံးနိုင်ဖို့ ကြိုးစားရတော့မှာပါ။

ဂျော့ဟာ တခြားကုန်ပစ္စည်းထုတ်လုပ်သူ စီးပွားရေးသမားတွေနဲ့ ကွဲလွဲ စွာပဲ ဖောက်သည် ဆိုတိုင်းလည်း အမြဲမမှန်ဘူးလို့ တွေးတတ်တဲ့လူတစ်မျိုးပါ။ မက်ကင်း တော့ရှ်လိုကိစ္စမှာ မောက်စ်ကိုမှ မသုံးချင်ပါဘူးလို့ ငြင်းနေရင်တော့ ဖောက်သည်တွေရဲ့ အမှားပါပဲတဲ့။ ဂျော့ဟာ စားသုံးသူတွေ အကြိုက်ပဲ လိုက်ထုတ်သူတစ်ဦးမဟုတ်ဘဲ စားသုံးသူတွေ ဘာကြိုက်သင့်တယ်ဆိုတာကိုပါ ရွေးချယ် ဆုံးဖြတ်ပေးချင်တဲ့ လူစားမျိုး လို့ဆိုရပါမယ်။

## တစ်နှစ်တာအတွင်း အထင်ရှားဆုံးပုဂ္ဂိုလ်

၁၉၈၂ ကုန်ခါနီးရောက်တော့ ဂျော့ဟာ ဒီနှစ်အတွက်တိုင်းမ်မဂ္ဂဇင်းရဲ့ တစ်နှစ် တာအတွင်း အထင်ရှားဆုံးပုဂ္ဂိုလ် (Man of the Year) အဖြစ် သူ့ကိုပဲရွေးချယ်ကြလိမ့် မယ်လို့ ယုံကြည်နေပါတယ်။ တစ်ရက်မှာ ဂျော့ဟာ တက်စ်ဆာကိုတာဝါကို ရောက်လာ ပြီး သူ့အင်ဂျင်နီယာတွေကို တိုင်းမ်မဂ္ဂဇင်းရဲ့ ဆန်ဖရန်စစ္စကိုရုံးခွဲတာဝန်ခံတစ်ဦးဖြစ်တဲ့ မိုက်ကယ်မောရစ်နဲ့ တွေ့ဆုံအင်တာဗျူး လုပ်စေခဲ့ပါတယ်။ ဒါပေမဲ့ မဂ္ဂဇင်းထွက်လာတဲ့ အခါမှာတော့ မျက်နှာဖုံးမှာ ဂျော့ပုံမပါလာဘဲ သူ့ရဲ့မက်ကင်းတော့ရှ်ကွန်ပျူတာပုံကြီး သာပါလာပြီး ဂျော့ကို Man of the Year မပေးဘဲ မက်ကင်းတော့ရှ်ကိုသာ 'Machine of the Year' ဆိုပြီး တစ်နှစ်တာအတွင်း အကောင်းဆုံး စက်ပစ္စည်းအဖြစ် ရွေးချယ်ပြီး မျက်နှာဖုံးတင်လိုက်ပါတော့တယ်။

ဒါပေမဲ့ မျက်နှာဖုံးဆောင်းပါးအဖြစ် ဂျော့အကြောင်းကိုပဲ မောရစ်နဲ့လုပ်တဲ့ အင်တာဗျူးအပေါ်မှာ အခြေခံပြီး တိုင်းမ်မဂ္ဂဇင်းအယ်ဒီတာတစ်ဦးဖြစ်တဲ့ ဂျေးကွတ်က ရေးသားထားပါတယ်။ ဂျေးကွတ်ဟာ တိုင်းမ်မဂ္ဂဇင်းမှာ ရော့ခ်ဂီတနဲ့ပတ်သက်တဲ့ ကဏ္ဍတွေကိုတာဝန်ယူထားရတဲ့ အယ်ဒီတာ တစ်ဦးဖြစ်ပြီး သူ့ရဲ့ဆောင်းပါးထဲမှာ ဂျော့ကို ရှေးဦးခရစ်ယာန်ဘာသာဝင်သူရဲကောင်းတွေရဲ့ မျက်ကန်းယုံကြည်မှု မျိုးရှိသူလို့ ကင်ပွန်းတပ်ထားပြီး 'အရှိတရားကိုပုံဖျက်နိုင် တဲ့ ညွတ်ကွင်းရှိသူ' အဖြစ် ဝန်ဝမ်းတွေက သတ်မှတ်ကြကြောင်း၊ အစည်းအဝေးပွဲတွေမှာ မကြာခဏဆိုသလို မျက်ရည်လည်ရွဲနဲ့ ငိုချတတ်ကြောင်းတွေကိုပါ ထည့်ရေးထားပါတယ်။ ဒီလောက်နဲ့တင် တော်တော်စိတ် ပျက်ဖို့ကောင်းနေပြီဖြစ်တဲ့ ဂျော့ကို ပိုပြီးစိတ်ကုန်စေတာကတော့ ဆောင်းပါးထဲမှာ ဂျော့ဖခင်အဖြစ် အမည်မခံဘဲစွန့်ပစ်ထားတဲ့ လီဆာဆိုတဲ့သမီး တစ်ယောက်ရှိကြောင်း ဖွင့်ချ လိုက်တဲ့ကိစ္စပါပဲ။ ဒီကိစ္စကိုဖောက်သည်ချလိုက်သူကတော့ တခြားမဟုတ်ပါဘူး။ ဒီကိစ္စ တွေဖြစ်ပျက်ခဲ့တဲ့ တစ်လျှောက်လုံးမှာ ဂျော့နဲ့အတူတူ ရှိနေခဲ့တဲ့ ဒန်နီရယ်ကော့တ်ကီပါ ပဲ။ "ဟုတ်တယ်၊ ကျွန်တော်ပြောလိုက်တာပဲ။ သူငယ်ချင်းတစ်ယောက်က သူဟာ ကလေးအဖေမဟုတ်ပါဘူးဆိုပြီး ငြင်းပယ်နေတဲ့ကိစ္စကို စစ်မှန်တဲ့သူငယ်ချင်းတစ်ယောက်က ဘယ်လိုမှခွင့်ပြုမှာမဟုတ်ဘူး။ ကျွန်တော်စတိဗ်ကို ဒီလိုမျိုးခေါင်းရှောင် တတ်တဲ့ လူတစ်ယောက် အဖြစ်မခံနိုင်ဘူး။ နောက်ဆုံးတော့ သူဒေါသတွေအကြီးအကျယ် ထွက်ပြီး လူတွေအကုန်လုံးရှေ့မှာ ကျွန်တော်သူ့ကို သစ္စာဖောက်တယ် ဆိုပြီး အော်ဟစ်ခဲ့သေးတယ်" လို့ ကော့တ်ကီက ပြန်ပြောပြပါတယ်။

ဒါပေမဲ့ ဂျော့ကိုအမှန်တကယ်အဆိုးဝါးဆုံး မကျေမနပ်ဖြစ်စေတာကတော့ Man of the Year အဖြစ် အရွေးမခံရခြင်းပါပဲ။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဂျော့ကို မေးကြည့်တော့ -

"တိုင်းမ်မဂ္ဂဇင်းက ကျွန်တော့်ကို Man of the Year အဖြစ်ရွေးမယ်လို့ ဆုံးဖြတ်ထားကြတယ်ဗျာ။ ကျွန်တော့်အသက်ကလည်း ၂၇ ပဲရှိသေးတာဆိုတော့ ဒီလိုကိစ္စမျိုးကို တကယ်အလေးထားခဲ့တဲ့အရွယ်ဗျာ။ ဆောင်းပါးရေးဖို့ဆိုပြီး သူတို့ မိုက်မောရစ်ကို လွှတ်လိုက်ကြ တယ်။ ဒီလူနဲ့ ကျွန်တော်ကအသက်အရွယ်လည်း အတူတူလောက်ပဲရှိပြီး ကျွန်တော်က အရမ်းအောင်မြင်နေတဲ့ အခါကျတော့ သူ ကျွန်တော့်ကို မနာလိုဖြစ်ခဲ့မယ်လို့ ကျွန်တော်ပြောနိုင်တယ် ဗျာ။ ဒီတော့ သူက ကျွန်တော့အကြောင်း စိတ်ပျက်စရာ ကောင်းတဲ့ ဆောင်းပါးတစ်ပုဒ်လောက် ရေးတင်ပေးလိုက်တော့ နယူးယောက်က အယ်ဒီတာချုပ်ကလည်း "ဟာ … ဒီကောင့်ကိုတော့ Man of the Year မရွေးနိုင်ဘူး" ဆိုတာမျိုး ဖြစ်သွားမှာပေါ့။ ဒီအတွက် တော်တော်လေးခံစားလိုက်ရသလို မီဒီယာတွေနဲ့ပတ်သက်ပြီး သင်ခန်းစာလည်း ကောင်းကောင်းရခဲ့ပါတယ်။ တိုင်းမ်မဂ္ဂဇင်း ကျွန်တော့်ဆီရောက် လာတော့ ထုပ်ထားတဲ့ကြွပ်ကြွပ်အိတ်ကို ဖြည်းဖြည်းချင်းဖွင့်ရင်း ကျွန်တော့်ပုံကြီးနဲ့ မျက်နှာဖုံးကိုတွေ့ရဖို့ မျှော်လင့်နေပေမယ့် ထွက်လာတဲ့အခါကျတော့ ဒီကွန်ပျူတာပုံကြီးပဲ ပါတယ်ဗျာ။ ဒါနဲ့ အထဲကဆောင်းပါးကို ဖတ်ကြည့်လိုက်တဲ့ အခါကျတော့ ဆိုးရွားလွန်းလို့ဗျာ။ ကျွန်တော်အဟုတ်ကို ငိုချပစ်လိုက်တော့တာပဲ" လို့ ပြန်ရှင်းပြခဲ့ပါတယ်။

အမှန်တော့ မိုက်မောရစ်က ဂျော့ကိုမနာလိုဖြစ်ခဲ့တယ်ဆိုတဲ့ အပြောက ဘာမှ ယုတ္တိယုတ္တာတော့ မရှိပါဘူး။ ဆောင်းပါးရေးသူက သူ့ကိုမနာလိုလို့ အထက်ကိုမဟုတ် မဟပ်တွေ ရေးတင်ပေး လိုက်တယ်ဆိုတဲ့ စွပ်စွဲချက်ကလည်း ဘာမှအခြေအမြစ်မရှိလှပါ ဘူး။ "ဂျော့ကို Man of the Year အဖြစ်ရွေးဖို့ ဘယ်တုန်းကမှ မစဉ်းစားခဲ့ဖူးဘူး။ လူတစ်ယောက်မဟုတ်တဲ့ အကြောင်းအရာတစ်ခုကို မျက်နှာဖုံးတင်ခဲ့တာလည်း တိုင်းမ် မဂ္ဂဇင်းအတွက် ဒါဟာပထမဆုံးအကြိမ်ပါ။ ဘယ်သူ့ကိုများ မျက်နှာဖုံးတင်ရပါ့မလဲလို့ လိုက်ရှာနေတဲ့အလုပ်မျိုး ကျွန်တော်တို့မလုပ်ခဲ့ဖူးဘူး" လို့ အဲဒီအချိန်က တိုင်းမ်ရဲ့ အယ်ဒီတာဖြစ်တဲ့ ရေးကော့ဖ်ကဆိုပါတယ်။

ဒီကိစ္စတွေဖြစ်ပျက်ပြီး မကြာမီ ၁၉၈၃ ဇန်နဝါရီမှာ လီဆာကွန်ပျူတာကိုစပြီး ဈေးကွက်တင်နိုင်ခဲ့လို့ ဂျော့လောင်းထားတဲ့ကိစ္စက ရှုံးသွားပြီး ကော့ချ်ကို ဒေါ်လာ ၅၀၀၀ ပေးလိုက်ရပါတယ်။ လီဆာကွန်ပျူတာအတွက် နယူးယောက်မှာမိတ်ဆက်ပွဲ လုပ်တော့ ဂျော့က လီဆာဌာနရဲ့ ဦးဆောင်သူ မဟုတ်ပေမယ့် Apple ရဲ့ ဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ မိတ်ဆက်ပွဲကို တက်လာပါတယ်။ ဒီမိတ်ဆက်ပွဲအစီအစဉ်အရ လီဆာကွန်ပျူတာအကြောင်းပဲ အဓိကထားပြောပြီး မကြာမီမှာလာမယ့် မက်ကင်း တော့ရှ်အကြောင်း ဘာမှထည့်မပြော ဖို့ ဂျော့ကိုပိတ်ထားပေမယ့် ဂျော့ကတော့ မရပါ ဘူး။ မက်ကင်းတော့ရှ်အကြောင်းကို ကြော်ငြာလိုက်ရင် လီဆာကွန်ပျူတာ အပေါ်မှာ လူတွေစိတ်ဝင်စားမှု

နည်းသွားမယ်ဆိုတာ သိသိကြီးနဲ့ပဲ Time, Business Week, Wall Street Journal, Fortune စတဲ့ ဂျာနယ်တွေအားလုံးနဲ့ အင်တာဗျူးမှာ မက်ကင်း တော့ရှ်ကွန်ပျူတာ အကြောင်းကို ထည့်ပြောဖြစ် အောင် ပြောသွားခဲ့ပါတယ်။ နောက်နေ့ ထွက်တဲ့ ဂျာနယ်တွေထဲမှာ မက်ကင်းတော့ရှ် အကြောင်းတွေ ပလူပျံအောင်ပါလာတော့တာပါပဲ။

စ ဈေးကွက်ဖွင့်တဲ့နေ့မှာပဲ သေမင်းငင်ခဲ့ရတဲ့ လီဆာကွန်ပျူတာဟာ မကြာခင်ပဲကျဆုံးသွားပါ တော့တယ်။ ကောင်းကွက်တစ်ခုလို့ ရှာကြံပြောလို့ရတာ ကတော့ လီဆာကွန်ပျူတာဟာ မအောင်မမြင်နဲ့ အဆုံးသတ်သွားရတဲ့အတွက် Apple ရဲ့ ရှိသမျှ မျှော်လင့်ချက်တွေအကုန်လုံးဟာ မက်ကင်းတော့ရှ်စီမံကိန်းဆီပဲ ဦးတည်နှစ်မြှုပ်လိုက် ကြတဲ့အဖြစ်ပါပဲ။

အရှိန်မြင့်ရတော့မယ့် မက်ကင်းတော့ရှ်ပရောဂျက်မှာ အလုံးစုံကြိုးကိုင်ခွင့်ရ ထားတဲ့ ဂျော့ဟာ အင်ဂျင်နီယာကောင်းတွေနဲ့ ထပ်မံအားဖြည့်ဖို့စလုပ်ပါတယ်။ လူသစ် ရှာတဲ့နေရာမှာရွေးမယ့် စံချိန်စံညွှန်းကတော့ ဖန်တီးနိုင်စွမ်းရှိရမယ်။ သူပုန်ထလိုစိတ် ခပ်ပါးပါးရှိပြီး ရှုးသွပ်မှုနဲ့အတူ ထူးချွန်ရမယ်ဆိုတဲ့ အချက်တွေနဲ့ကိုက်ညီဖို့ပါပဲ။ အင်တာဗျူး လာဖြေတဲ့သူတွေကို တီဗီဂိမ်း ဆော့ခိုင်းပြီး သူ့ရဲ့ဂိမ်းကစားတဲ့နည်းဗျူဟာကို ဂျော့တို့အဖွဲ့ ဘေးကထိုင်ကြည့်ပြီး အကဲဖြတ် ကြပါတယ်။ ပြီးရင်တော့ ဂျော့ရဲ့ မဆီမဆိုင်မေးခွန်းတွေနဲ့ ညှားပါပြီ။ တစ်ရက်မှာတော့ ဂျော့ရယ်၊ ဟာ့ဇ်ဖဲလ်ရယ်၊ စမစ်ရယ် သုံးယောက်ပေါင်းအဖွဲ့က ဆော့ဖ်ဝဲမန်နေဂျာရာထူးအတွက် လာလျှောက်တဲ့ အူလည်လည်လူတစ်ယောက်ကို အင်တာဗျူးကြပါတယ်။ “ခင်ဗျား ပထမဆုံး လိင်ဆက်ဆံတော့ အသက်ကဘယ်လောက်ရှိပြီလဲ” ဆိုတဲ့ ဂျော့ရဲ့ ပထမဆုံးမေးခွန်းနဲ့ အတွေ့မှာ ဟိုလူလည်း နဝေတိမ်တောင်ဖြစ်သွားပြီး “ဘာပြောလိုက်တာလဲခင်ဗျာ” လို့ အူကြောင် ကြောင်နဲ့ ပြန်မေးတော့ ဂျော့က “ခင်ဗျားလူပျိုစစ်သေးလား” ဆိုတဲ့ မေးခွန်းနဲ့ထပ်နှိပ် စက်ပါတယ်။ ဖြေရမယ့်သူက ဘာပြန်ပြောရမှန်း မသိဖြစ်ပြီး ငူငူကြီးထိုင်နေတော့ ဂျော့က “ဆေးဘယ်နခါလောက် ချဖူးလဲ” ဆိုပြီး အကြောင်းအရာပြောင်းမေးလိုက် ပါတယ်။ ကံဆိုးသူ ထိုပုဂ္ဂိုလ်ကတော့ ဘာမှပြန်မပြောနိုင်ဘဲ မျက်နှာကြီးတစ်ခုလုံး နီတက်လာတော့ ကြားထဲကမနေနိုင်တဲ့ ဟာ့ဇ်ဖဲလ်က ဝင်ပြီး နည်းပညာနဲ့ဆိုင်တဲ့ မေးခွန်းတစ်ခုကို ဝင်မေးပေးလိုက်ပါတယ်။ အင်တာဗျူး လာဖြေတဲ့ ပုဂ္ဂိုလ်က ဟာ့ဇ်ဖဲလ် ရဲ့မေးခွန်းကို ဆွဲဆောင်မှုတစ်စက်မှမရှိတဲ့လေသံနဲ့ ဖြေဖို့ ကြိုးစားနေတုန်း ဂျော့က ကြက်ဆင်အော်တဲ့အသံမျိုးနဲ့ “ဂတ်၊ ဂတ် ဂတ် ဂတ်” ဆိုပြီး ထအော်တော့ ဟိုလူလည်း ဒီနေရာနဲ့ကျွန်တော် အဆင်မပြေလောက်ဘူးနဲ့တူတယ်လို့ပြောပြီး တစ်ချိုးတည်းလစ် ပြေးရတော့တာ ပါပဲ။ ဂျော့က အဲလိုလူစားမျိုးပါ။

ဒီလိုစိတ်ပျက်စရာ အမှုအကျင့်တွေရှိပေမယ့်လည်း ကောင်းတဲ့အမူအကျင့် လေးတွေကိုလည်း လုပ်တတ်တဲ့ဂျော့ပါ။ ဂျော့ဟာ သူ့အဖွဲ့သားတွေ ကို ခြောက်လတစ်ကြိမ် နှစ်ရက်ကြာတဲ့ အပန်းဖြေခရီးစဉ်တစ်ခု ဖန်တီးပေးထားလေ့ရှိပါတယ်။ ပါဂျာရို ဒန်းစ်ဆိုတဲ့ အပန်းဖြေစခန်းတစ်ခုမှာ သူ့အဖွဲ့သားတွေနဲ့အတူ အနားယူ ရင်း ဂျော့ပြော ခဲ့တဲ့အမှတ်တရစကားတစ်ခွန်းကတော့ "အလုပ်မဖြစ်တဲ့လက်ရာကြီး မြန်မြန်ပြီးသွားမှာ နဲ့စာရင် သတ်မှတ်ရက်ထက်နောက်ကျတာက ပိုကောင်းပါတယ်" ဆိုတဲ့ မှတ်ချက်ပါပဲ။ သိတဲ့အတိုင်းပဲ မက်ကင်းတော့ရှ်လည်း ဈေးကွက်တင်ဖို့ လျာထားတဲ့ရက်ထက် တစ်နှစ် နဲ့လေးလနောက်ကျပြီးမှ ထွက်နိုင်ခဲ့ပါတယ်။ တစ်ရက်မှာ အင်ဂျင်နီယာ တစ်ယောက်က စားသုံးသူတွေ ဘာလိုချင်လဲဆိုတာသိနိုင်ဖို့ ဈေးကွက်သုတေသနတို့ ဘာတို့ မလုပ်ဘူးလားလို့ ဂျော့ကိုမေးတဲ့အခါ ဂျော့ရဲ့အဖြေကတော့ "မလုပ်ဘူး။ ဘာလို့လဲဆိုတော့ စားသုံးသူတွေဆိုတာ ငါတို့တစ်ခုခုကို ချမပြမချင်း သူတို့ဘာလိုချင်တယ်ဆိုတာ သူတို့ကိုယ်သူတို့ သိကြတဲ့သူတွေမဟုတ်ဘူး" လို့ ဆိုပါတယ်။

နောက်ထပ် အပန်းဖြေခရီးစဉ်တစ်ခုမှာ ဂျော့ကိုင်စွဲလာတဲ့ ဆောင်ပုဒ်ကတော့ 'ရေတပ်ထဲ ဝင်ရမှာထက် စာရင် ပင်လယ်ဓားပြလုပ်ရတာ ပိုကောင်းတယ်' ဆိုတဲ့ ဆောင်ပုဒ်ပါပဲ။ ဂျော့ဟာ သူ့အဖွဲ့သားတွေကို တော်လှန်ပုန်ကန်ချင်တဲ့ စိတ်ဝိဉာဉ်တွေသွတ် သွင်းပေးထားချင်သူ တစ်ယောက်ပါ။ မကြာခင်မှာပဲ ဂျော့ရဲ့မွေးနေ့ရောက်လာတော့ သူ့ အင်ဂျင်နီယာအဖွဲ့သားတွေက Apple ရုံးချုပ်ကိုလာတဲ့ လမ်းမကြီးပေါ်က ကြော်ငြာဆိုင်းဘုတ် အကြီးကြီးတစ်ခုကိုငှားလိုက်ပြီး "ပျော်ရွှင်သော ၂၈ နှစ်မြောက်မွေးနေ့ပါ စတိဗ်။ ဘဝခရီးဆိုတာ ဆုလာဘ်ပါပဲ။ ပင်လယ်ဓားပြ အဖွဲ့သားများ" ဆိုတဲ့ မွေးနေ့ဆုတောင်းစာလုံးတွေကိုရေးပြီး ဂုဏ်ပြုခဲ့ကြပါတယ်။ ဂျော့ရဲ့ ဝိုင်းတော်သားတွေ ပီသတဲ့ မက်ကင်းတော့ရှ် အင်ဂျင်နီယာအဖွဲ့က ဒီလောက်နဲ့မရပ်ပါဘူး။ နောက်နေ့မှာ ပိတ်စအမည်းတစ်ခုပေါ်မှာ လူအရိုးနှစ်ခု ကြက်ခြေခတ်ထားတဲ့ပုံနောက်ခံမှာ မျက်စိတစ်ဖက်လပ်နဲ့ အရိုးခေါင်းပုံပင်လယ်ဓားပြ အမှတ်အသားကိုဆွဲပြီး သူတို့ဌာန အဆောက်အအုံ ထိပ်မှာ မက်ကင်းတော့ရှ်စီမံကိန်း မပြီးမချင်းတိုင်ထူပြီး အလံကိုလွှင့်ထားလိုက်ကြပါတယ်။ အရိုးခေါင်းရဲ့ မျက်စိတစ်ဖက်လပ်နေတဲ့နေရာမှာ ပန်းသီးပုံ Apple လိုဂိုနဲ့ အုပ်ပေးထားပါတယ်။ ဒီလိုအလံလွှင့်တာနဲ့ ပတ်သက်ပြီး အာသာရော့ခ် က "တော်တော်မိုက်မဲရူးနှမ်းတဲ့ အလုပ်ပါဗျာ" လို့ ဝေဖန်ရှုတ်ချပေမယ့် ဂျော့ကတော့ ဒီအလံကိုသဘောအကျကြီးကျလို့ပါ။ "ကျွန်တော်တို့က တောပုန်း၊ ဝရန်းပြေးတွေပဲ။ ဒါကိုလူတွေ သိစေချင်တယ်" လို့ ဆိုပါတယ်။

သူပုန်ထတတ်တဲ့ ဂျော့တို့အဖွဲ့အတွက် ခေါင်းစားစရာပြဿနာတစ်ခု ဝင်လာ ပါတယ်။

လီဆာကွန်ပျူတာမှာ Hard disk drive ပါပြီး မက်ကင်းတော့ရှ်မှာတော့ hard disk ထည့်မထားတဲ့ကိစ္စပါ။ မက်ကင်းတော့ရှ်မှာလည်း hard disk သုံးလို့ရမှ ဖြစ်မယ်လေ။ နောက်ဆုံးမှာ ဒီကိစ္စကို ဂျပန်ကကုမ္ပဏီတစ်ခုခုနဲ့ ချိတ်ဆက်ပြီးဖြေရှင်းဖို့ ဆုံးဖြတ် လိုက်ပြီး ဗယ်လီဗီးလ်၊ ရော့ဒ်ဟော့တ်တို့နဲ့အတူ ဂျော့ ဂျပန်ကိုလိုက်သွားပါတယ်။ ဂျပန်က Alps ကုမ္ပဏီနဲ့ hard disk လုပ်ဖို့ ညှိနှိုင်းခဲ့ပေမယ့် Alps မှာက အဆင်သင့် လုပ်ပြီးသားတစ်ခုမှ မရှိဘူးဖြစ်နေပါတယ်။ ဒါနဲ့ တခြားဂျပန်ကုမ္ပဏီတွေဆီ ထပ်သွားတွေ့ရတဲ့အခါ ဂျော့တစ်ယောက် ဗီဇပြလာပါတော့တယ်။ အနောက်တိုင်းဝတ်စုံအပြည့် ဝတ်ထားတဲ့ ဂျပန်အင်ဂျင်နီယာတွေနဲ့လုပ်တဲ့ အစည်းအဝေးကို ဂျင်းဘောင်းဘီနဲ့ အားကစားဖိနပ်စီးပြီး ရောက်လာတတ်သလို ဂျပန်မန်နေဂျာတွေက အစည်းအဝေး အပြီးမှာ ယဉ်ကျေးသမှုနဲ့ လက်ဆောင်ပစ္စည်းတစ်ခုခုပေးတာကို မယူဘဲချန်ထားချင် ချန်ထားခဲ့တဲ့ အပြင် သူ့ဘက်က ဘာအမှတ်တရလက်ဆောင် မှ ပြန်ပေးရကောင်း မှန်းလည်း မသိပါဘူး။ ဝတ်စုံအပြည့်နဲ့ ဂျပန်အင်ဂျင်နီယာတွေတန်းစီပြီး သူ့ကိုဦးညွှတ်နှုတ်ဆက်တာကိုလည်း လှောင်ပြုံး, ပြုံးနေတတ်ပါတယ်။ တစ်ရက်မှာ ဂျပန်အင်ဂျင်နီယာတွေက သူတို့ hard disk နမူနာကို လာပြတဲ့အခါ ဂျော့က “ဘာလို့ ဒီလိုပစ္စည်းကြီး လာပြနေတာလဲ။ အလကား အမှိုက်သရိုက် တစ်ခုလိုပဲ။ ဒီထက်ပိုကောင်းတဲ့တစ်ခုကို ဘယ်သူမဆိုလုပ်နိုင် တယ်” ဆိုပြီး တည့်တိုးကြီး ပြောချလိုက်တဲ့အခါ တချို့ဂျပန်မန်နေဂျာတွေက စိတ်ဆိုးကုန်ကြပေမယ့် တချို့ ဂျပန်ကြီးတွေ ကတော့ ဒါကိုပဲသဘောကျနေကြပါတယ်။ သူတို့ကြားဖူးနေတဲ့ ဂျော့ရဲ့ တမူထားတဲ့ စရိုက်တွေကို အခုလက်တွေ့ မြင်နေရပြီမဟုတ်လား။

Sony ကုမ္ပဏီကိုလည်း ရောက်ခဲ့ကြပေမယ့် နောက်ဆုံးမှာ ဂျော့က Alps နဲ့ပဲ အလုပ်လုပ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ လက်တွေ့မှာတော့ Alps ဟာ hard disk ကို အချိန်မီပြီးအောင် လုပ်မပေးနိုင်ခဲ့ပါဘူး။ ဒီလိုဖြစ်လာမှာကို ကြိုသိထားတဲ့ ဗယ်လီဗီးလ် က ဂျော့မသိအောင် ဆိုနီက ဂျပန်အင်ဂျင်နီယာတစ်ယောက်ကို မက်ကင်းတော့ရှ် ရုံးမှာ တိတ်တိတ်လေးခေါ်ထားပြီး လိုချင်တဲ့ hard disk ကို လျှို့ဝှက်လုပ်နေခဲ့ပါတယ်။ ဂျော့ ရောက်လာတာနဲ့ ဂျပန်အင်ဂျင်နီယာကို ဂျော့မမြင်အောင် တစ်နေရာမှာအမြန်ဝှက် ထားရတာပေါ့။ တစ်ရက်မှာ ဂျော့နဲ့ ဂျပန်အင်ဂျင်နီယာနဲ့ အပြင်မှာတွေ့ကြပေမယ့် ဂျော့ကတော့အမှတ်တမဲ့ပါပဲ။ တစ်ရက် ဂျော့ မက်ကင်းတော့ရှ်ရုံးကို ရုတ်တရက်ပေါက် ချလာတဲ့အခါ ရုံးခန်းထဲမှာ မိန့်မိန့်ကြီးထိုင်နေတဲ့ ဂျပန်အင်ဂျင်နီယာကို ဘေးကဗီရိုထဲ အမြန်ထည့်ဖွက်လိုက်ရပါတယ်။ ကိုရွှေဂျပန်လည်း ဘုမသိ၊ ဘမသိနဲ့ ဗီရိုထဲမှာ ၅ မိနစ် လောက် ပုန်းနေလိုက်ရပါတယ်။ နောက်ဆုံး Alps က hard disk ကို အချိန်မီ လုပ်မပေးနိုင်လို့ ဂျော့နဲ့ မက်ခ်ကူလာတို့နှစ်ယောက် စကားများနေတုန်း ဗယ်လီဗီးလ် ရောက်လာပြီး လိုချင်တဲ့ hard

disk ကို အချိန်မီပြီးဖို့ တခြားနည်းနဲ့ သူ စီမံထားကြောင်း ပြောလိုက်တဲ့အခါ ဂျော့တစ်ယောက် ခဏတွေဝေသွားပေမယ့် ချက်ချင်းပဲသဘော ပေါက်သွားပြီး "ခင်ဗျား ခွေးမသား" လို့ ထအော်တော့တာပါပဲ။ ဆိုနီက အတော်ဆုံး ဂျပန်အင်ဂျင်နီယာကို ဖျတ်ခနဲတွေ့လိုက်ရတဲ့အဖြစ်နဲ့ စပ်ဆက်တွေးမိသွားပြီလေ။ ဒါပေမဲ့ ဒီခွေးမသားဆိုတဲ့ စကားကတော့ ဂျော့ မျက်နှာကြီး ဖြီးပြီးမှပြောတဲ့ ခွေးမသားပါ။

ဂျော့ဟာ ဒီတစ်ခါတော့ သူ့မာနတွေခဝါချပြီး ဒီလို သူ့အမိန့်ကိုမနာခံဘဲနဲ့ လုပ်သင့်တာ တစ်ခုကို လုပ်ပေးခဲ့တဲ့ ဗယ်လီဗီးလ်ကိုကျေးဇူးတင်ကြောင်း ဝမ်းသာအားရ နဲ့ ပြောခဲ့ပါတယ်။ ဗယ်လီဗီးလ်နေရာမှာ ဂျော့ဆိုရင်လည်း ဒီလိုပဲလုပ်ခဲ့မှာပဲ မဟုတ်လား။ ဗယ်လီဗီးလ်ကတော့ ဆိုနီကဂျပန်အင်ဂျင်နီယာကို ဂျော့လာတိုင်းဗီရိုကြီး ထဲ ထည့်ထည့်ထားရတဲ့အတွက် တောင်းပန်လိုက် ရပါတယ်။ ဂျပန်ကြီးကလည်း ကိစ္စ မရှိပါဘူးဆိုပြီး ခွင့်လွှတ်ရှာပါတယ်။ ဒါပေမဲ့ "အမေရိကန်တွေရဲ့ စီးပွားရေးလုပ်တဲ့ အလေ့အထတွေဟာနော်။ သူတို့ဟာ အရမ်းထူးဆန်းတယ်။ အရမ်းကို ထူးဆန်းတယ်" လို့ ရေရွတ်ရင်း ဂျော့နဲ့သူ့လူတွေရဲ့ လုပ်ပုံကိုင်ပုံတွေကို နားမလည်နိုင်အောင် ဖြစ် သွားရှာပါတယ်။

# အခန်း (၁၁)

## ဥက္ကဋ္ဌအသစ်ရှာပုံတော်



လက်ရှိ Apple ရဲ့ ဥက္ကဋ္ဌရာထူးယူထားတဲ့ မိုက်မာကူလာဟာ မရှောင်လွှဲသာလို့သာ ဒီရာထူးကိုယူထားရပေမယ့် ပဋိပက္ခတွေ၊ အရှုပ်အထွေးတွေကြားမှာ ကြီးမားတဲ့ တာဝန်ကိုယူထားရတဲ့ အလုပ်မျိုးကို လုပ်ချင်သူမဟုတ်ဘဲ သူ့အိမ်အသစ်ကို ပုံစံအမျိုး မျိုးနဲ့ အလှဆင်ဖို့ရယ်၊ သူရထားတဲ့ Apple ရဲ့ ရှယ်ယာတွေကို သက်သောင့်သက်သာ နဲ့ ထိုင်ခံစားနေဖို့ရယ်သာ စိတ်ဝင်စားသူတစ်ဦးပါ။ ဒီရာထူးမှာ အကြာကြီးမနေပါဘူးလို့ လည်း သူ့မိန်းမကို ကတိပေးထားပါတယ်။ ဥက္ကဋ္ဌရာထူးနဲ့ ၂ နှစ်လောက်ကြာပြီး တစ်ရက်မှာတော့ လူစားထိုးဖို့ တစ်ယောက်ရှာတော့လို့ မာကူလာကို သူ့မိန်းမက ရာဇ သံပေးလိုက်ပါတယ်။ ဂျော့အနေနဲ့ ဥက္ကဋ္ဌရာထူးကိုစမ်းပြီး တာဝန်ယူကြည့်ချင်ပေမယ့် အဲဒီရာထူးအတွက် သူ့အနေနဲ့အဆင်သင့်မဖြစ်သေးဘူးဆိုတာ သဘောပေါက်ထားသလို ဒီအမြင်ကို မာကူလာကလည်း သဘောတူတဲ့အတွက် ဥက္ကဋ္ဌရာထူးအတွက် တခြားတစ်ယောက် ယောက်ကို ရှာပြီးခန့်ရမယ့်အခြေအနေ ဖြစ်လာပါတယ်။

ဥက္ကဋ္ဌအသစ်အတွက် ရှာပုံတော်ထွက်ကြတဲ့အခါ ဂျော့နဲ့ မာကူလာတို့မျက်စိ ကျခဲ့တဲ့လူကတော့ IBM က ဒွန်အက်စထရစ်ချ်ပါပဲ။ ဂျော့တို့က စာချုပ်စချုပ်ချုပ်ချင်း ဒေါ်လာတစ်သန်းနဲ့ လစာအဖြစ်လစဉ် ဒေါ်လာတစ်သန်းပေးပြီး ကမ်းလှမ်းခဲ့ပေမယ့် လစာလေးပိုပေးတာနဲ့ ပြိုင်ဘက် ကုမ္ပဏီကို ခုန်ကူးတတ်တဲ့လူစားမျိုးထဲမှာ မပါဘူးဆိုပြီး ဒွန်အက်စထရစ်ချ်ဘက်က ယတိပြတ်

ငြင်းလိုက်ပါတယ်။ ဒါနဲ့ နောက်ဆုံး မှာ ပက်ပ်စီကုမ္ပဏီက ပက်စီကိုလာဌာနရဲ့ ဥက္ကဋ္ဌဂျွန်စကူလေ (John Sculley) ကို ရအောင်ခေါ်ဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။ အဲဒီအချိန်က ပက်ပ်စီ မျိုးဆက်သစ်ဆိုတဲ့ ကြော်ငြာလှုပ်ရှားမှုကမ်ပိန်းကြောင့် ဂျွန်စကူလေနာမည်ကြီးနေတဲ့ အချိန်ပေါ့။ စကူလေ Apple ကို ရောက်လာဖို့ ဂျော့အနေနဲ့နည်းအမျိုးမျိုးသုံးပြီး စည်းရုံးသိမ်းသွင်းခဲ့ရပါ တယ်။ နောက်ဆုံးမှာ "ခင်ဗျား သကြားရည်စိမ်ထားတဲ့ ဒီအရည်တွေရောင်းပြီး လက်ကျန်ဘဝကို ကုန်ဆုံးသွားစေချင်လား။ ဒါမှမဟုတ် ကမ္ဘာကြီးကို ပြောင်းလဲပစ်နိုင်မယ့် အခွင့်အရေး တစ်ခုကို လိုချင်လား" ဆိုတဲ့ မေးခွန်းနဲ့ အရိုက်တည့်တည့်ထိအောင် ပစ်နိုင်ခဲ့ပြီး ကုန်ပစ္စည်း မိတ်ဆက်ဖြန့်ချိတဲ့ နေရာမှာသာ အထူးကျွမ်းကျင်သလောက် လျှပ်စစ်ပစ္စည်းတွေကို စိတ်မဝင်စား လှတဲ့ စကူလေတစ်ယောက် Apple ကို ရောက်လာ ပါတော့တယ်။

မကြာခင်မှာပဲ ဂျော့နဲ့ စကူလေတို့နှစ်ယောက်ဟာ Apple မှာ ပလဲန်ပအသင့်ဆုံး အတွဲတစ်တွဲ ဖြစ်လာပါတော့တယ်။ ဂျော့နဲ့အတူ သွားလာပြောဆိုကြရင်း ဂျော့ဟာ စကူလေအငယ်စားလေး တစ်ယောက်လို့တောင် စကူလေဘက်ကမြင်လာပါတယ်။ တူညီတဲ့ လှိုင်းအလျားတွေနဲ့ ဆက်သွယ်နိုင်ခဲ့တဲ့ လူနှစ်ယောက်လို့တောင် ဆိုနိုင်ပါ တယ်။ ဂျော့နဲ့ စကူလေတို့နှစ်ယောက်ဟာ ပြောချင်တာတစ်ခုခုရှိလာပြီဆိုရင် ည ၂ နာရီလောက်ကြီး ဖုန်းခေါ်တတ်တာတို့၊ တခြားဝန်ထမ်းတွေ လုပ်သမျှအပေါ် စိတ်မရှည် နိုင်ဘဲ အရာရာကိုကိုယ်တိုင်ဝင်လုပ်ချင်တဲ့အကျင့်တို့၊ ခေါင်းမာပြီး တစ်ယူသန်ဆန်တာ တို့၊ ကိုယ့်ဆန္ဒကို ဆန့်ကျင်လာတဲ့ ဘယ်လိုကိစ္စမျိုးကိုမဆို သည်းမခံနိုင်တာတို့ စတဲ့အကျင့်တွေဟာ တကယ့်ကိုတစ်ထေရာတည်းပါပဲ။ ဂျော့ဟာ သူလိုလူမျိုးတစ် ယောက် ရပြီဆိုပြီး စကူလေနဲ့လက်တွဲခွင့်ရတဲ့အတွက် တိမ်တွေကြားထဲရောက်နေ သလိုမျိုး ခံစားခဲ့ရသလို စကူလေ အနေနဲ့လည်း သူ လေးစားအထင်ကြီးလို့ရတဲ့ လူတစ် ယောက်နဲ့ လက်တွဲလုပ်ခွင့်ရတာ ဒါ ပထမဆုံးအကြိမ်ပါလို့ ဝန်ခံခဲ့ပါတယ်။ ဒါပေမဲ့ တူညီတဲ့အကျင့်စရိုက်တွေကြောင့် တစ်ယောက်ကို တစ်ယောက် ပိုချစ်ခင်တွယ်တာလာ ပြီး စိတ်တူကိုယ်တူငယ်သူငယ်ချင်းတွေလို ဖြစ်လာကြပေမယ့် ဒီလိုချွတ်စွပ်တူတဲ့ စရိုက်တွေကြောင့်ပဲ ပြဿနာတစ်ခုဖြစ်လာတဲ့အခါ ဆိုးဝါးပြင်းထန်တဲ့ ပေါက်ကွဲမှု တစ်ခု နဲ့အဆုံးသတ်သွားရတော့မယ်ဆိုတာကိုတော့ သူတို့နှစ်ဦးလုံး မရိပ်မိခဲ့ကြပါဘူး။

ဂျော့နဲ့ စကူလေကြားကပထမဆုံးကွဲလွဲမှုဟာ မက်ကင်းတော့ရှ်ကွန်ပျူတာ အတွက် ဈေးသတ်မှတ်ကြတဲ့ကိစ္စမှာ စပါတယ်။ ဂျော့က မက်ကင်းတော့ရှ်တစ်စုံကို ၁၉၉၅ ဒေါ်လာနဲ့ ရောင်းဖို့ဆုံးဖြတ်ထားပြီး စကူလေရောင်းချင်တဲ့ဈေးက ၂၄၉၅ ဒေါ်လာဖြစ်နေပါတယ်။ ဂျော့က "ဒီလိုဈေးနှုန်းနဲ့ဆို ကျွန်တော်တို့ရပ်တည်ချက်တွေ အားလုံးကို ဖျက်ဆီးသလိုဖြစ်သွားလိမ့်မယ်။

ကျွန်တော်လိုချင်တာက ဒီပစ္စည်းဟာ နည်းပညာအရ တော်လှန်ပြောင်းလဲမှုတစ်ခု ဖြစ်ဖို့ပဲ။ အမြတ်ငွေတွေ အများကြီး ညှစ် ထုတ်ယူဖို့ မဟုတ်ဘူး” လို့ဆိုပေမယ့် စကူလေကတော့ ဈေးကွက်မြှင့်တင်ရေးနဲ့ ကြော်ငြာစရိတ်တွေအတွက် ဒေါ်လာ ၅၀၀ မဖြစ်မနေထပ်မြှင့်ရမယ်လို့ တင်းခံနေပါ တယ်။ ဒီကိစ္စကို အင်ဂျင်နီယာတွေအကုန်လုံးကလည်း စိတ်ပျက်နေကြပါတယ်။ မက်ကင်းတော့ရှ်ကို သူတို့တီထွင်နေတာဟာ သူတို့လိုပဲ သူလိုငါလိုလူတွေအတွက်ပဲ ဖြစ်ပြီး ဒီလိုဈေးပိုတင်လိုက်ရင် မက်ကင်းတော့ရှ်အင်ဂျင်နီယာအဖွဲ့ဟာ ကိုယ့်ရပ်တည် ချက်ကို ပြန်သစ္စာဖောက်သလို ဖြစ်သွားမယ်လို့ ဟာဇ်ဖဲလ်ကဝင်ထောက်ပြပါတယ်။ ဂျော့က အဲဒီဈေးနှုန်း အတိုင်း မဖြစ်စေရဘူးလို့ သူ့အင်ဂျင်နီယာအဖွဲ့တွေကို ကတိပေး ထားပေမယ့် နောက်ဆုံးမှာ စကူလေဘက်က အနိုင်ရသွားပါတယ်။ ဒီဆုံးဖြတ်ချက် ကြောင့် ဂျော့ဟာ သူ့ကုမ္ပဏီနဲ့ ထုတ်ကုန်တွေအပေါ်မှာ ဘာချုပ်ကိုင်နိုင်စွမ်းမှ မရှိ တော့ဘူးလို့ခံစားလာခဲ့ရပြီး ဂျော့ကိုဒီလို ခံစားချက်မျိုးဝင်အောင်လုပ်တာဟာ ကျားတစ်ကောင်ကို ချောင်ပိတ်ပြီးထောင့်ညှပ်အောင် လုပ်တာနဲ့ အတူတူပါပဲ။

## ၁၉၈၄၊ ဇန်နဝါရီ ၂၄ ရက်

ဂျော့ဟာ သူကိုယ်တိုင်မရမကစည်းရုံးခေါ်လာတဲ့ Apple ရဲ့ ဥက္ကဋ္ဌအသစ်ကို သူနဲ့ တစ်သားတည်းကျနေအောင် စည်းရုံးသိမ်းသွင်းဖို့ကြိုးစားလိုက်၊ အင်ဂျင်နီယာအဖွဲ့တွေ အလုပ်လုပ် နေတဲ့နေရာသွားပြီး အော်လိုက်၊ ဟစ်လိုက်နဲ့ပဲ မက်ကင်းတော့ရှ် ကွန်ပျူတာကို ဈေးကွက် မိတ်ဆက်ပွဲလုပ်ရမယ့်နေ့က ရောက်လို့လာပါပြီ။ ဂျော့ဟာ ဒီနေ့မှာပြမယ့် ကြော်ငြာအတွက် ဒေါ်လာ ၇၅၀၀၀၀ အကုန်အကျခံပြီး ရစ်ဒလေစကော့ ဆိုတဲ့ ဒါရိုက်တာတစ်ဦးနဲ့အတူ ရိုက်ကူးခဲ့ပြီး မိတ်ဆက်ပွဲနေ့မတိုင်ခင် ဒီကြော်ငြာဗီဒီယိုကို Apple ကလူတွေကို အရင်ပြမယ်လို့ အသိပေးလိုက်တဲ့ အခါ အားလုံးစိတ်လှုပ်ရှား သွားကြပါတယ်။ အစမ်းပြတဲ့နေ့က ကြော်ငြာပြီးသွားလို့ မီးတွေပြန်လင်း လာတဲ့အခါ အစည်းအဝေး ခန်းမထဲမှာ ကြော်ငြာကိုထိုင်ကြည့်နေသူအားလုံးဟာ အသံတွေ တိတ်ကုန်ပါတယ်။ ဖိလစ်ဆိုတဲ့ အရာရှိတစ်ယောက်က ရှေ့ကစားပွဲပေါ်မှာ ခေါင်းငိုက်စိုက်ချပြီး မိုက်မာကူလာကတော့ ဘာစကားမှမပြောနိုင်ဘဲ ရှေ့ကိုပဲတွေတွေကြီး စိုက်ကြည့်နေပါတယ်။ ကြော်ငြာရဲ့စွမ်းအားကြောင့် မိန်းမောကုန်ကြတယ်လို့ ထင်ရပေမယ့် ခဏနေတော့ မာကူလာဆီက စကားသံထွက် လာပါတယ်။ “ကြော်ငြာအေဂျင်စီအသစ် တစ်ခုဘယ်သူရှာပေးမလဲဟေ့ ” ဆိုတဲ့ စကားပဲပြောနိုင်ပါတော့တယ်။ သူတို့ကြည့်ဖူးသမျှ ကြော်ငြာတွေထဲမှာ အဆိုးရွားဆုံး ကြော်ငြာတစ်ခု ပါ ပဲတဲ့။

ထုံးစံအတိုင်း တစ်ရွာလုံးနဲ့ ဂျော့တစ်ယောက်တည်းနဲ့ပေါ့။ ဒါပေမဲ့ နောက်နေ့မှာ ဝေါ့ဇ် ရောက်လာပြီး ကြော်ငြာကိုကြည့်ပြီးသွားတဲ့အခါ "ငါ ကြည့်ဖူးသမျှထဲမှာ အပြောင်မြောက်ဆုံး ကြော်ငြာပဲ" လို့ ချီးကျူးပြီး ကြော်ငြာစရိတ်အတွက်လိုအပ်ရင် သူ တစ်ဝက်စိုက်မယ်လို့ ဂျော့ကိုပြောသွားပါတယ်။ (ဒီကြော်ငြာကို အမှန်တကယ်လွှင့်တဲ့ နေ့မှာတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ ကေဘယ်ရုပ်သံလိုင်းတွေနဲ့ ချန်နယ်လ်တွေအကုန် လုံးမှာ ဒီကြော်ငြာဟာ Youtube မပေါ်ခင် ကာလတစ်ခုလုံးရဲ့ မကြုံဖူးအောင်ထူးကဲတဲ့ တင်ဆက်မှုတစ်ခုအဖြစ် သတင်းဇာတ်လမ်းတွေ ထုတ်လွှင့်နေကြပြီး TV Guide နဲ့ Advertising Age တို့ကနေပြီး သမိုင်းတစ်လျှောက် အကောင်းဆုံးကြော်ငြာတင်ဆက်မှု တစ်ခုအဖြစ်ရွေးချယ်ခဲ့ကြပါတယ်) ဂျော့ဟာ တစ်ဖက်လူတွေရဲ့ အမြင်ကို စော်ကား တိုက်ခိုက်တတ်သူလို့ ပြောကြသလို နောက်ဆုံးမှာဂျော့ရဲ့ အိုင်ဒီယာကပဲ မှန်နေတယ် ဆိုတာကိုလည်း ဘယ်သူမှမငြင်းနိုင်ကြပါဘူး။

ဒီလိုနဲ့ မက်ကင်းတော့ရှ်မိတ်ဆက်ပွဲနေ့ကို ရောက်လာပါပြီ။ မိတ်ဆက်ပွဲနေ့မှာ လုပ်မယ့်အထူး တင်ဆက်ပြသမှုတွေကို ဂျော့စိတ်တိုင်းမကျမချင်း တစ်ညလုံးပြင် ဆင်နေခဲ့ရလို့ ပွဲစမယ့်မနက်မှာ အားလုံးဟာနုံးချိနေကြပေမယ့် စိတ်လှုပ်ရှားမှုနဲ့အတူ တက်ကြွနေကြပါတယ်။ မနေ့ညကလုပ်ခဲ့တဲ့ အစမ်းတင်ဆက်မှုတွေကတော့ တစ်ခုမှ စင်းလုံးချော မဖြစ်ခဲ့ပါဘူး။ ၁၉၈၄ ဇန်နဝါရီ ၂၄ ရက်နေ့မနက်မှာ မိတ်ဆက်ပွဲလုပ်မယ့် ခန်းမထဲ လူ ၂၆၀၀ ကျော်ဟာ နေရာယူပြီးနေပါပြီ။ ဂျော့ဟာ ကွန်ပျူတာတင်ထားတဲ့ စတိတ်စင်ရဲ့နောက်မှာ အခမ်းအနားစဖို့အတွက် စကူလေနဲ့အတူ စောင့်နေပါတယ်။ "ဒါဟာ ကျွန်တော့်ဘဝမှာ အရေးအကြီးဆုံး အခိုက်အတန့်တစ်ခုပဲ။ ကျွန်တော် ဘယ် လောက်စိတ်လှုပ်ရှားနေတယ်ဆိုတာ ခင်ဗျားကအသိဆုံးပါပဲ" လို့ စကူလေကိုပြောပြီး ဂျော့ စင်မြင့်ပေါ်ကိုအရင်ဆုံးတက်လာပါတယ်။ ရှယ်ယာရှင်တွေနဲ့ ရှင်းလင်းပွဲအရင်လုပ် ပြီးတဲ့နောက် စကူလေတက်လာပြီး ကုမ္ပဏီရဲ့ အမြတ်ငွေ၊ ဝင်ငွေတွေနဲ့ပတ်သက်တဲ့ အစီရင်ခံစာကိုဖတ်ပြပါတယ်။ "Apple မှာ ရှိနေခဲ့တဲ့ ပြီးခဲ့တဲ့ ၉ လအတွင်း ကျွန်တော့် ဘဝအတွက် အရေးအပါဆုံး အဖြစ်အပျက်ကတော့ စတီဗ်ဂျော့နဲ့ခင်မင်ရင်းနှီးမှုကို တည်ဆောက်နိုင်ခဲ့တဲ့ကိစ္စပါပဲ" ဆိုတဲ့စကားနဲ့ အစီရင်ခံစာတင်ပြတဲ့ အစီအစဉ်ကို စကူလေကအဆုံးသတ်လိုက်တာနဲ့ တစ်ပြိုင်နက် မီးတွေမှိန်ကျ သွားပြီး ဂျော့တစ်ခါပြန်ပေါ်လာကာ စိတ်လှုပ်ရှားဖွယ်မိန့်ခွန်းတစ်ခုကို စပြောပါတော့ တယ်။

IBM ကို ခပ်ဆတ်ဆတ်ဝေဖန်ထားတဲ့ အကြောင်းအရာနဲ့ မိန့်ခွန်းကိုစဖွင့်လိုက်ပြီး နောက်ဆုံးမှာ အင်အားအပြည့်ပါတဲ့ စိတ်တက်ကြွဖွယ်စကားလုံးတွေ ကို နေရာတကျသုံးပြီး မိန့်ခွန်းကို လက်ခုပ်သံတွေ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ အဆုံးသတ်လိုက်ပါတယ်။ ဂျော့ရဲ့နောက်ဆုံးစကားသံအပြီးမှာပဲ

ခန်းမတစ်ခုလုံးမှောင်ကျသွားပြီး ပိတ်ကားပြင် ပေါ်မှာ ဂျော့စီစဥ်ထားတဲ့ကြော်ငြာကို စပြလိုက်ပါတယ်။ ကြော်ငြာအပြီးမှာ ခန်းမထဲက လူတွေ အကုန်လုံးမတ်တပ်ရပ်ပြီး ဩဘာပေးလို့ကောင်းတုန်း ဂျော့က အမှောင်ချထား တဲ့ စတီတ်စင်ဆီ ဟန်ပါပါလျှောက်သွားပြီး မက်ကင်းတော့ရှ်ကွန်ပျူတာကို ဖုံးထားတဲ့ အဝတ်စကိုဖယ်လိုက်ပါတယ်။ MACINTOSH လို့ရေးထားတဲ့ စကားလုံးတွေကို ကွန်ပျူတာ ဖန်သားပြင်မှာ လက်ရေးနဲ့ရေးသလို တစ်လုံးချင်းပေါ်လာတဲ့ တင်ဆက်မှုကို စပြလိုက်တဲ့ အခါ ဒီလိုတင်ဆက်မှုမျိုး တစ်ခါမှမမြင်ဖူးသေးတဲ့ ပရိသတ် ၂၆၀၀ ကျော်ဆီက အာမေဋိတ်သံတွေ လျှံထွက်လာပါတော့တယ်။ အဲဒီနောက်မှာတော့ ဘီလ် အတ်ကင်ဆန်ရဲ့လက်ရာတွေဖြစ်တဲ့ Quick Draw ပရိုဂရမ်ကို ပုံဆွဲနည်းနဲ့ စစ်တုရင် ကစားနည်းအပါအဝင် အစီအစဥ်အမျိုးမျိုးနဲ့ တင်ဆက် ပါတော့တယ်။

ဒီ အစီအစဥ်တွေပြီးတဲ့အခါမှာ ဂျော့က "လောလောဆယ် မက်ကင်းတော့ရှ်နဲ့ ပတ်သက်လို့ စကားတွေအများကြီး ပြောပြီးသွားပြီ။ အခု ပထမဆုံးအကြိမ်အနေနဲ့ မက်ကင်းတော့ရှ်ကိုယ်တိုင်က စကားပြောပါလိမ့်မယ်" ဆိုပြီး ကွန်ပျူတာခလုတ်တစ်ခုကို နှိပ်လိုက်တဲ့အခါမှာ မက်ကင်းတော့ရှ် ကွန်ပျူတာဆီကနေ အက်ရှတဲ့စကားပြောသံ ထွက်လာပါတယ်။ "ဟယ်လို၊ ကျွန်တော်က မက်ကင်းတော့ရှ်ပါ။ ဒီအိတ်ခွံကြီးထဲကနေ အပြင်ကိုထွက်လာရတာ တော်တော်ကောင်းပါတယ်။" ဆိုတဲ့ ကွန်ပျူတာကနေ စကား ပြောတဲ့အသံကို ပထမဆုံးစကြားလိုက်ရတဲ့ ပရိသတ်တွေဟာ အားပေးသံတွေနဲ့ ပွက်လောရိုက်ကုန်ကြပြီး ချီးကျူးအော်ဟစ်သံတွေ မဆုံးခင်မှာပဲ "လူရှေ့မှာ စကားပြောရတာကို အကျင့်မရသေးတဲ့ ကျွန်တော့်အနေနဲ့ IBM ကွန်ပျူတာတစ်လုံးနဲ့ ပထမဆုံးတွေ့ခဲ့တုန်းက ခေါင်းထဲဝင်လာတဲ့ မှတ်သားစရာတစ်ခုကို ပြန်ဝေမျှချင်ပါတယ်။ အဲဒါ ကတော့ 'မလို့မရလောက်အောင်လေးတဲ့ ကွန်ပျူတာတစ်လုံးကို ဘယ်တော့မှမယုံပါနဲ့' ဆိုတဲ့ စကားပါပဲ" လို့ မက်ကင်းတော့ရှ်က ဆက်ပြောလိုက်တဲ့အခါ ပရိသတ်ဆီက ဩဘာသံတွေ လျှံထွက်လာပြန်ပါတယ်။

အရမ်းသဘောကျသွားတဲ့ ပရိသတ်တွေဟာ ထိုင်လိုက်ထလိုက် ခုန်ပေါက်လိုက်နဲ့ လက်သီး လက်မောင်းတွေပါတန်းပြီး အားပေးနေကြတာ ငါးမိနစ်လောက်ထိ မရပ်ပါဘူး။ ဂျော့ဟာ ကျေနပ်မှု အပြည့်ပါတဲ့ အပြုံးမျိုးနဲ့အောက်ကိုပဲစိုက်ကြည့်ရင်း ပရိသတ်ရဲ့ဩဘာကိုခံယူနေခဲ့တဲ့ ဒီအခိုက်အတန့် ဟာ ဒီနေ့ပွဲရဲ့အောင်မြင်မှုကို ဖော်ပြပေးနေတာပါပဲ။ မက်ကင်းတော့ရှ်ကိုတော့ ဈေးကွက်ပင်လယ်ပြင် ကြီးထဲကို ပို့ပေးနိုင်ခဲ့ပါပြီ။

## စတိဗ်ဂျော့နဲ့ ဘီလ်ဂိတ်

ဘီလ်ဂိတ်နဲ့ စတိဗ်ဂျော့ဟာ ၁၉၅၅ ခုနှစ်မှာမွေးတာချင်းလည်းတူပြီး စီးပွားရေး နဲ့ နည်းပညာနယ်ပယ်မှာ အောင်မြင်ချင်ကြတဲ့ ဆန္ဒပြင်းပြပုံချင်းလည်း တူပေမယ့် စိတ်နေစရိုက်ချင်းကတော့ တကယ့်ကိုဆန့်ကျင်ဘက်ပါပဲ။ နှစ်ယောက်လုံးက တက္ကသိုလ်တစ်ဝက်တစ်ပျက်နဲ့ ထွက်လာခဲ့ကြတာချင်းလည်းတူပေမယ့် ဂျော့ကတော့ အိန္ဒိယမှာ ဂုရုတစ်ပါးကိုရှာဖို့ ကျောင်းထွက်ခဲ့တာဖြစ်ပြီး ဘီလ်ဂိတ်ကတော့ ကျောင်းက ထွက်ပြီး ပြီးချင်း ကိုယ်ပိုင်ကုမ္ပဏီတစ်ခု တန်းထောင်ခဲ့သူပါ။ ဂျော့က ကွန်ပျူတာပရိုဂရမ်နဲ့ ပတ်သက်လို့ သိပ်မကျွမ်းကျင်ပေမယ့် ဘီလ်ဂိတ်ကတော့ ကွန်ပျူတာပရိုဂရမ်စီတဲ့ နေရာမှာ ဆရာတစ်ဆူဖြစ်တဲ့အပြင် လက်တွေ့ပိုကျပြီး စည်းစနစ်ရှိတဲ့ စိတ်နေစိတ်ထားမျိုးရှိသူတစ်ဦး လည်း ဖြစ်ပြန်ပါတယ်။ ဂျော့ဟာ လူတွေရဲ့မျက်လုံးထဲကို စူးစူး နစ်နစ်စိုက်ကြည့်တတ်သူဖြစ်ပေမယ့် ဘီလ်ဂိတ်ကတော့ တစ်ခါတလေမှာ လူတစ်ယောက်နဲ့ မျက်လုံးချင်းဆုံကြည့်ဖို့တောင် ခက်ခဲနေတတ်သူပါ။

နှစ်ယောက်လုံးကလည်း ကိုယ်ကသူ့ထက်ပိုသာတယ်လို့ ထင်နေကြပြန်ပါတယ်။ ဘီလ်ဂိတ်ဟာတီထွင်ဖန်တီးမှုတစ်ခုလုပ်ရာမှာ စတိုင်နဲ့ အနုစ်သာရ အပိုင်းနဲ့ ပတ်သက်ပြီး သူ့လောက်မတော်ဘူးလို့ ဂျော့ကထင်နေသလို ဘီလ်ဂိတ်ကလည်း ဂျော့ကို ပရိုဂရမ်မရေးတတ်တဲ့ အင်ဂျင်နီယာတစ်ယောက်အဖြစ် အထင်သေးနေတတ်တယ် လို့ ဟာ့ဗ်ဖဲလ်ကဆိုပါတယ်။ ဘီလ်ဂိတ်ဟာ အစပိုင်းမှာတော့ ဂျော့ရဲ့လူတွေအပေါ် စေစားနိုင်တဲ့အစွမ်းကို နည်းနည်းအထင်ကြီးချင်သလိုရှိပေမယ့် ဂျော့ဟာအစွန်းရောက်အောင်ကြောင် ပြီး မတော်မနန်းချို့ယွင်းချက်တွေရှိတယ်ဆိုတာ သိလာရတဲ့အပြင် လူတစ်ယောက်ကို သူ့ဘက်ပါအောင် စည်းရုံးချင်စည်းရုံး၊ ဒါမှမဟုတ် အလကားလူလို့ ပြောတတ်တဲ့ဂျော့ရဲ့ ရိုင်းပြမှုတွေကို မြင်တွေ့လာရတဲ့အခါ ဘီလ်ဂိတ်တစ်ယောက် စိတ်လေသွားပါတယ်။ ဂျော့ကကျတော့ ဘီလ်ဂိတ်ကို အလွန်အမင်းကျဉ်းမြောင်းသူ တစ်ယောက်လို့ မြင်ပါတယ်။ “သူ ငယ်ငယ်တုန်းက ဆေးလေးဘာလေးချခဲ့ပြီး ဂန္ဓာရီစခန်းတစ်ခုလောက် ဝင်ခဲ့ဖူးရင်တော့ ဒီထက်ပိုပြည့်ဝတဲ့ လူတစ်ယောက်ဖြစ်သွားနိုင်ပါတယ်” လို့ ဂျော့က မှတ်ချက်ချခဲ့ပြီး ဒီလိုကွဲလွဲမှုတွေကပဲ သူတို့နှစ်ယောက်ကို ဒစ်ဂျစ်တယ်ခေတ်ကြီးတစ်ခုထဲမှာတင် စည်းတစ်ခု ခြားထားသလိုဖြစ်နေပါတယ်။

နောက် နှစ်ပေါင်း ၃၀ လောက် အကြာမှာတော့ ဘီလ်ဂိတ်က ဂျော့မှာလေးစားသင့်တဲ့ အရည်အချင်းတွေလည်းရှိကြောင်း အသိအမှတ်ပြုလာပါတယ်။ “စတိဗ်ဂျော့ ဟာ နည်းပညာပိုင်းမှာ ဒီလောက်မသိပေမယ့် ဘာကအလုပ်ဖြစ်မလဲဆိုတာ သိနိုင်တဲ့ အံ့ဩစရာမွေးရာပါ အရည်အချင်းတွေ

ရှိတယ်” လို့ ဘီလ်ဂိတ်က ထုတ်ဖော်ပြောခဲ့ပေ မယ့် ဂျော့ကတော့ ဘီလ်ဂိတ်ရဲ့အရည်အချင်းနဲ့ အားသာချက်တွေကို ဘယ်တုန်းကမှ အပြန်အလှန်အနေနဲ့ ထုတ်ဖော်ချီးကျူးခဲ့ခြင်းမရှိပါဘူး။ ဘီလ်ဂိတ်နဲ့ ပတ်သက်ပြီး ဂျော့ က “ ဘီလ်ဟာ အခြေခံအားဖြင့် ကွန့်မြူးနိုင်စွမ်းမရှိသလို ဘာတစ်ခုမှလည်း တီထွင်ဖန်တီးနိုင်ခဲ့တာ မဟုတ်ဘူး။ ဒါကြောင့်ပဲ အခုနောက်ပိုင်း နည်းပညာ ဘက်ကနေ ပရဟိတလုပ်ငန်းတွေ ဘက် ဦးလှည့်သွားတာလို့ ထင်တာပဲ” ဆိုပြီး တစ်ဖက်သတ် ကောက်ချက်ချခဲ့ပါတယ်။ ဘီလ်ဂိတ်ဟာ သူများအိုင်ဒီယာတွေကနေ အရှက်မရှိ အမြတ်ထုတ် ယူတတ်သူတစ်ဦးပါတဲ့။

အဲဒီကာလတွေတုန်းကတော့ ဂျော့ဟာဘုရင်တစ်ဆူဖြစ်နေပြီး ဘီလ်ဂိတ်ဟာ အိမ်ရှေ့စံ မင်းညီမင်းသားနေရာလောက်ပဲ ရှိပါသေးတယ်။ ဂျော့ရဲ့ Apple ကုမ္ပဏီက တစ်နှစ်ရောင်းအား တစ်ဘီလီယံဒေါ်လာလောက်ရနေချိန်မှာ ဘီလ်ဂိတ်ရဲ့ မိုက်ခရို ဆော့ဖ်ကုမ္ပဏီရဲ့ တစ်နှစ် ရောင်းအားက ဒေါ်လာ ၃၂ သန်းလောက်သာရှိသေးတဲ့ အချိန်ပေါ့။ ဘီလ်ဂိတ်ဟာ ဂျော့ရဲ့ Apple ကထုတ်တဲ့ မက်ကင်းတော့ရှ်ကွန်ပျူတာတွေ အတွက် Excel နဲ့ Word ဆော့ဖ်ဝဲတွေ ရေးပေးဖို့သဘောတူစာချုပ် ချုပ်လိုက်ပေမယ့် ဂျော့ရဲ့ စိတ်နေစိတ်ထားကိုတော့ ဘီလ်ဂိတ်က သိပ်ခံတွင်းမတွေ့ခဲ့ပါဘူး။ ဘီလ်ဂိတ်ဟာ Apple အတွက် သိပ်လိုအပ်လှတာမဟုတ်ဘဲ အခွင့်အရေးပေးတဲ့ အနေနဲ့သာ ခေါ်သုံးပေးနေတယ် ဆိုတဲ့ ပုံစံမျိုးနဲ့ ဂျော့ကဆက်ဆံခဲ့တာကြောင့်ပါ။ မက်ကင်းတော့ရှ်အဖွဲ့သားတွေကလည်း ဘီလ်ဂိတ်ကို သူများပြောတာကိုနားမထောင် တတ်တဲ့ ရှင်းပြရခက်တဲ့လူစားမျိုးအဖြစ် မြင်ကြပါ တယ်။ အဲဒီအချိန်မှာ ဂျော့က ဘီလ်ဂိတ်နဲ့ လျှို့ဝှက်သဘောတူညီမှုတစ်ခု လုပ်လိုက်ပါတယ်။ အဲဒါကတော့ ဘီလ်ဂိတ်က Excel ဆော့ဖ်ဝဲကို တခြားကွန်ပျူတာကုမ္ပဏီတွေဆီကို မရောင်းဘဲ၊ အထူးသဖြင့် IBM ကို လုံးဝအသုံးပြုခွင့်မပေးဘဲ Apple အတွက်ပဲ သီးသန့် ၂ နှစ်စာ အသုံးပြုခွင့်ပေးဖို့နဲ့ ဒါကိုသဘောတူတယ်ဆိုရင် စတီဗ်ဂျော့ကလည်း အပြန်အလှန် အားဖြင့် မက်ကင်းတော့ရှ်အတွက် BASIC ဆိုတဲ့ ပရိုဂရမ်ကို ကိုယ်တိုင်ဖန်တီးနေတာကို ရပ်ပေးပြီး ဘီလ်ဂိတ်ဆီက BASIC ပရိုဂရမ်ကို တရားဝင်လိုင်စင်နဲ့ ဝယ်ယူသုံးစွဲပေးမယ် ဆိုတဲ့ ကမ်းလှမ်းချက်ပါ။ ဒါကို ဘီလ်ဂိတ်ကလည်း ပါးနပ်စွာ သဘောတူလိုက် ပါတယ်။

မက်ကင်းတော့ရှ်အတွက် Excel ဆော့ဖ်ဝဲထုတ်လုပ်တဲ့ အထိမ်းအမှတ်အဖြစ် နယူးယောက်မှာ စာနယ်ဇင်းတွေကို ညစာစားပွဲပြုလုပ်ပြီးဧည့်ခံတော့ဂျော့ရော ဘီလ်ဂိတ်ပါ တက်ရောက်လာ ကြပါတယ်။ ညစာစားပွဲအပြီး စာနယ်ဇင်းတစ်ခုက ဘီလ်ဂိတ်ကို IBM အတွက်ပါ ဆော့ဖ်ဝဲတွေ

ရေးပေးဖို့အစီအစဉ် ရှိ မရှိမေးတဲ့အခါ ဘီလ်ဂိတ်က ဂျော့နဲ့ လျှို့ဝှက်လုပ်ထားတဲ့ အပေးအယူကိစ္စကို ထုတ်မပြောဘဲ "အချိန် တန်ရင်ဖြစ်လာမှာပေါ့" လို့ပဲ ရှောင်လွှဲဖြေနေတုန်း ဂျော့က ဘီလ်ဂိတ်လက်ထဲက မိုက်ကရိုဖုန်းကို လုယူလိုက်ပြီး "အချိန်တန်ရင် ကျုပ်တို့အားလုံးသေပြီ" လို့ သူ့ရဲ့ ဝသီအတိုင်း ဝင်အရွှန်းဖောက်ပါတယ်။

Interface လို့ခေါ်တဲ့ ကွန်ပျူတာစနစ်တစ်ခုနဲ့ တစ်ခုအကြားပေါင်းကူးပေးတဲ့ နည်းပညာဟာ အနာဂတ်မှာအရေးပါတဲ့ တက်ကနိုလိုဂျီတစ်ခု ဖြစ်လာမယ့်လို့ ဘီလ်ဂိတ်က သဘောပေါက်ထားပြီး Xerox သုတေသနစင်တာက အချက်အလက် တွေကို ဂျော့တို့ ဝင်အနုကြမ်းစီးသွားသလို သူတို့လည်း Xerox က နည်းပညာအချို့ကို ရအောင်ယူဖို့ အခွင့်အရေးရှိတယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ မက်ကင်းတော့ရှ်ထွက်ပြီး တစ်နှစ်အတွင်း မိုက်ခရိုဆော့ဖ်ရဲ့ ဆော့ဖ်ဝဲတွေကို ဘယ်ကိုမှမရောင်းဖို့ ဘီလ်ဂိတ်နဲ့ စတိဗ်ဂျော့နဲ့ သဘောတူထားကြပေမယ့် မက်ကင်းတော့ရှ်က သတ်မှတ်ထားတဲ့ရက် ထက် တစ်နှစ်နောက်ကျပြီးမှ ထွက်နိုင်တဲ့အတွက် ဘီလ်ဂိတ်က ၁၉၈၃ နိုဝင်ဘာမှာ IBM ကုမ္ပဏီအတွက် ဆော့ဖ်ဝဲတွေရေးပေးတော့မယ်လို့ ကြေညာလိုက်ပါတယ်။ ဒီသတင်းကို ကြားရတဲ့ဂျော့ဟာ အကြီးအကျယ်ပေါက်ကွဲတော့တာပါပဲ။ ချက်ချင်းပဲ ဘီလ်ဂိတ်ကို သူ့ကိုလာတွေ့ခိုင်းဖို့ ပြောလိုက်ပါတယ်။

ဂျော့ရဲ့အစည်းအဝေးခန်းမထဲကို ဘီလ်ဂိတ်ရောက်သွားတော့ ပွဲကြီးပွဲကောင်း တစ်ခုကို ကြည့်ရတော့မယ်ဆိုပြီး ထိုင်စောင့်နေတဲ့ အင်ဂျင်နီယာ ၁၀ ယောက်လောက်နဲ့ အတူ ဂျော့ကို တွေ့လိုက်ရပါတယ်။ "ငါတို့တွေ ဝင်းဒိုးစနစ်တစ်ခုလုပ်နေတယ်။ ဂရပ်ဖစ် နည်းပညာနဲ့ ပတ်သက်ပြီး ကြီးမားတဲ့စွန့်စားမှုတစ်ခု လုပ်ထားတယ်" လို့ ဘီလ်ဂိတ်က ပြောလိုက်တဲ့အခါ "မင်း ငါတို့ဆီကနေ သက်သက်အမြတ်ထုတ်နေတာပဲ" လို့ ဂျော့က ဒေါသတကြီး အော်ပါတော့တယ်။ ပွဲကြီးပွဲကောင်းတွေ့ရဖို့ စောင့်နေ တဲ့ ဂျော့ရဲ့အင်ဂျင် နီယာတွေ စောင့်ရကျိုးနပ်သွားပါတယ်။ "မင်းကို ငါယုံခဲ့တယ်။ အခုတော့ ငါတို့ဆီက ပြန်အလစ်သုတ်တယ်" လို့ ဂျော့ကအော်ဟစ်နေပေမယ့် ဘီလ်ဂိတ်ကတော့ အေးအေးလူလူထိုင်ပြီး ဂျော့ကိုပဲစိုက်ကြည့်နေပါတယ်။ ဂျော့ အော်ဟစ်လို့ အားရသွားပြီဆိုတော့မှ ဘီလ်ဂိတ်က သူ့ရဲ့အသံသေးလေးနဲ့ "ဟုတ်ပြီ စတိဗ်။ ဒီကိစ္စကို နောက်တစ်မျိုးလည်း ကြည့်လို့ရပါသေးတယ်ကွာ။ Xerox ဆိုတဲ့ အိမ်နီးချင်း လူချမ်းသာ တစ်ယောက်ရှိတယ်။ ငါက သူ့အိမ်ထဲက တီဗီတစ်လုံးလောက်ခိုးဖို့ ဝင်သွားတော့ မင်းကအဲဒီတီဗီကို ခိုးထားပြီးသား ဖြစ်နေတာကို တွေ့လိုက်ရသလိုမျိုးပေါ့" လို့ မှတ်သားဖွယ်ရာစကားနဲ့ ပြန်ချေပ ပါတယ်။

ဘီလ်ဂိတ်ရောက်လာတဲ့ နှစ်ရက်လုံးလုံး ဂျော့ဟာဒေါသထွက်လို့ မပြီးသေးပါ ဘူး။ အစည်းအဝေးခန်းမထဲမှာ အချေအတင်ပြောကြပြီးတဲ့နောက် ဘီလ်ဂိတ်က IBM အတွက် လုပ်ပေးနေတဲ့ ဝင်းဒိုးနမူနာတစ်ခုကို ဂျော့လက်ထဲတိတ်တိတ်လေး ထည့်ပေး လိုက်တဲ့အခါ ဂျော့တစ်ယောက် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားပါတယ်။ ဘီလ်ဂိတ် လုပ်တဲ့အကွက်ကို ဘယ်လိုတုံ့ပြန်ရမှန်းမသိဘဲ ဇဝေဇဝါဖြစ်နေပြီး တော်တော်ကြာမှာ "ဟာ... အလကား သောက်သုံးမကျတဲ့ဟာကြီးပဲ" ဆိုတဲ့ စကားသံထွက်လာပါတယ်။ ဘီလ်ဂိတ်ကတော့ တော်တော် ပျော်သွားတာပေ့ါ။ အခိုက်အတန့်တော့ ဂျော့ရဲ့ဒေါသ တွေကို အာရုံလွှဲပေးထားလိုက်နိုင်ပြီလေ။ နောက်ရက်မှာတော့ ဒီကိစ္စအတွက် အလေး အနက်ထား ဆွေးနွေးကြဖို့ ဘီလ်ဂိတ်ကပြောတဲ့အခါ ဂျော့က သူ့ရဲ့ထုံးစံအတိုင်းပဲ လမ်းလျှောက်အတူထွက်ရင်းပြောမယ်လို့ ဆိုပါတယ်။ ဒီအန်ဇာ ကောလိပ်ဘက်ကို လမ်းလျှောက်ထွက်ကြရင်း ဒေါသတွေပြေစပြုလာပြီဖြစ်တဲ့ ဂျော့က နောက်ဆုံးမှာ "ကောင်းပြီ၊ ကောင်းပြီ။ ဒါပေမဲ့ IBM အတွက် မင်းလုပ်ပေးနေတဲ့ ဆော့ဖ်ဝဲကို ငါတို့ လုပ်နေတဲ့ပုံစံနဲ့တော့သိပ်မတူစေနဲ့" လို့ အလျှော့ပေးလိုက်ပါတယ်။

ဒါပေမဲ့ ဂျော့ရဲ့ဒေါသကတော့ ပြေတယ်မထင်ပါနဲ့။ ဒီအကြောင်းတွေနဲ့ ပတ်သက်ပြီး နောက်နှစ် ၃၀ လောက်ကြာမှ ပြန်ပြောတဲ့အခါမှာတောင် " သူတို့က ကျွန်တော်တို့ဆီကနေ အပြည့်အဝ အမြတ်ထုတ်သွားတယ်။ ဘာလို့လဲဆိုတော့ ဘီလ်ဂိတ်က အရှက်မှမရှိတာ" လို့ ပြောလို့မပြီးပါဘူး။ အမှန်တော့ ဘီလ်ဂိတ်ဘက်က မမှားပါဘူး။ Xerox က နည်းပညာတွေကို Apple က ယူသုံးသလို ဘီလ်ဂိတ်ဘက်က လည်း သူ့နည်းသူ့ဟန်နဲ့ ယူသုံးခွင့်ရှိတာပါပဲ။ ဘာပဲပြောပြော နည်းပညာ တိုက်ပွဲအတွင်း က သူတို့နှစ်ယောက်ဟာ မိတ်ဖက်ကုမ္ပဏီတွေလို ပတ်သက်ခဲ့တဲ့ကြားကနေပဲ ပြိုင်ဆိုင်မှုက ပြင်းထန်ခဲ့ပါတယ်။

# အခန်း (၁၂)

## အလှည့်အပြောင်းတွေရဲ့ နွေဦးပုံပြင်



မက်ကင်းတော့ရှ်ကွန်ပျူတာကို ၁၉၈၄ ဇန်နဝါရီမှာ စတင် ဖြန့်ချီနိုင်ခဲ့ပြီးတဲ့ နောက်မှာတော့ စတီပ်ဂျော့ဟာ ပိုပြီးကျော်ကြားလာပါတယ်။ ဂျွန်လင်နွန်ရဲ့ဇနီး ယိုကိုအွန်နိုရဲ့ ပါတီပွဲကို ဂျော့ရောက်လာပြီး ယိုကိုတို့ရဲ့သားလေး ရှောင်ကင်နွန်အတွက် မက်ကင်းတော့ရှ်တစ်လုံး လက်ဆောင်ပေးလိုက်တဲ့အခါ ပါတီပွဲမှာရောက်နေတဲ့ နာမည်ကျော် အနုပညာရှင်တွေဖြစ်တဲ့ အင်ဒီဝါးဟိုးလ် (Andy Warhol) နဲ့ ကီသ်ဟာရင်း (Keith Haring) တို့ဟာ ဂျော့ရဲ့မက်ကင်းတော့ရှ်ကိုကြည့်ပြီး ဒီပစ္စည်းဟာ ခေတ်ပြိုင်အနုပညာလောက ကို တစ်ဆစ်ချိုးပြောင်းစေနိုင်လောက်တဲ့ ပစ္စည်းတစ်ခု အဖြစ် သဘောအကျကြီး ကျနေကြပါတယ်။

Apple မှာလည်း ဂျော့ရဲ့ ဩဇာအာဏာပိုကျယ်ပြန့်လာပါတယ်။ ဂျွန်စကူ လေဟာ ဂျော့ကို ထိန်းရမယ့်အစား လီဆာနဲ့ မက်ကင်းတော့ရှ်ဌာနတွေ ကို ဂျော့ရဲ့ လက်အောက်မှာပဲ တစ်ခုတည်း အဖြစ်ပေါင်းလိုက်ပြီး ဂျော့ကိုလုပ်ပိုင်ခွင့်တွေ ပိုတောင်ပေးလိုက်ပါသေးတယ်။ ဒီလို ဖြစ်လာလို့ ဂျော့ရဲ့ထိန်းချုပ်ချင်တဲ့အကျင့်နဲ့ အထက်စီးဆန် တဲ့ စရိုက်တွေကိုတော့ လျော့သွားစေမယ် လို့ မထင်လိုက်ပါနဲ့။ ဝန်ထမ်းတွေအားလုံးရဲ့ရှေ့မှာ လီဆာအဖွဲ့သားတွေကို 'အရှုံးသမား' တွေလို့ ကင်ပွန်းတပ်လိုက်ပြီး သူ့ရဲ့ မက်ကင်းတော့ရှ်အင်ဂျင်နီယာတွေကသာ A အဆင့်ရှိတဲ့ ဒိတ်ဒိတ်ကျဲ

အင်ဂျင်နီယာတွေလို့ တစ်ဖက်သတ်ထုတ်ဖော်ချီးကျူးခဲ့ပါတယ်။ ဂျော့ရဲ့အိုင်ဒီယာ ကတော့ A အဆင့် ကစားသမားတွေပဲ တင်ကျန်နေဖို့ဆိုရင် B အဆင့်လောက်ပဲရှိတဲ့ ကစားသမားတွေကို သက်ညှာမနေဘဲ ပြင်းပြင်းထန်ထန်နည်းတွေသုံးပြီး ခပ်ကြမ်းကြမ်းကိုင်တွယ် ရမယ်လို့ ဆိုပါတယ်။

အခုလောလောဆယ်မှာတော့ ဂျော့နဲ့ ဂျွန်စကူလေတို့နှစ်ယောက်ဟာ နေနဲ့လ ရွှေနဲ့မြလို့ ဆိုရလောက်အောင် အတွဲညီပြီး ပလဲနံပသင့်နေတုန်းပါပဲ။ ဂျော့ ကိုပျော် အောင်ထားပြီး အလျှော့ပေးရင်း ဂျော့နဲ့စိတ်တူကိုယ်တူလို ပုံစံမျိုးဖမ်းပြနေတာဟာ ဂျော့ကိုကိုင်တွယ်ဖို့ အကောင်းဆုံးနည်းဗျူဟာလို့ စကူလေကယူဆနေပုံရပါတယ်။ ဒါပေမဲ့ ဂျော့ဟာ ဘယ်တော့မှ ထိန်းချုပ်နိုင်စွမ်းပါဝါကို မျှဝေပေးမယ့် ပီဇမျိုးမရှိဘူး ဆိုတာ စကူလေတစ်ယောက်ရိပ်မိခဲ့ပုံ မပေါ်ပါဘူး။ မာကက်တင်းဝန်ထမ်းတွေကို စီမံခန့်ခွဲပုံကစပြီး ရုံးခန်းဆေးသုတ်တဲ့ကိစ္စမျိုးအထိ ဂျော့ဟာသူ့လက်သူ့ခြေနဲ့ ထင်တိုင်း ကြဲနေပေမယ့် စကူလေကတော့ ဂျော့နဲ့ထိပ်တိုက်မတွေ့ဖို့ကိုပဲ ရွေးချယ်ခဲ့ပါတယ်။

တစ်ရက်မှာ ဂျော့ရဲ့အဖေ ပေါလ်က စက်ရုံကိုလာကြည့်တဲ့အခါ ဂျော့ရဲ့ မက်ကင်းတော့ရှ်နဲ့ ပတ်သက်တဲ့စွမ်းဆောင်ရည်တွေကိုကြည့်ရင်း တအံ့တဩတွေဖြစ်ပြီး ဖုန်တစ်စက်မှမရှိဘဲ သန့်ရှင်း တောက်ပြောင်နေတဲ့ စက်ရုံကိုမြင်ရတဲ့အခါ သူ့သားရဲ့ အရည်အချင်းကို သဘောအကျကြီး ကျနေပါတော့တယ်။ ဒါပေမဲ့ ဆိုရှယ်လစ်ဘက် ယိမ်းတဲ့ ပြင်သစ်သမ္မတကြီးရဲ့ဇနီး ဒန်နီးလ်မစ်တာရန် (Danielle Mitterrand) လာလည်တဲ့အခါမှာတော့ အနေအထားကသိပ်မကောင်းလှပါဘူး။ ကျူးဘားလိုနိုင်ငံမျိုး ကို အားကျနေတဲ့ ပြင်သစ်သမ္မတကြီးရဲ့ဇနီးက စက်ရုံရဲ့အလုပ်ခွင်အခြေအနေ တွေနဲ့ ပတ်သက်ပြီး စကားပြန်ကနေတစ်ဆင့် ဂျော့ကိုမေးခွန်းတွေ တရစပ်မေးပါတော့တယ်။ ဂျော့ကတော့ နောက်ဆုံးပေါ်ရိုဘော့နဲ့ နည်းပညာတွေအကြောင်းပဲ ဖိပြောရင်း သူမမြေ တတ်တာတွေ ကို ရှောင်တော့တာပေါ့။ ဂျော့က အချိန်မီထုတ်လုပ်နိုင်ရေးအစီအမံတွေ ကို ရှင်းပြတဲ့အခါ သမ္မတကြီးရဲ့ဇနီးက အချိန်ပိုလုပ်ခ ဘယ်လောက်ပေးလဲလို့မေးပြီး ဂျော့က အလိုအလျောက် ရွှေ့လျားစက်စနစ်ကြောင့် သူ့မှာလုပ်အားခတွေ အများကြီး သက်သာသွားပါတယ်ဆိုတဲ့ မဆီမဆိုင် အဖြေကို ပြန်ပေးပါတယ်။ ဒီအဖြေကို သမ္မတကြီးရဲ့ဇနီးက ကျေနပ်မှာမဟုတ်တာ သေချာသလို ဒီလိုမေးခွန်းကိုလည်း ဂျော့က မကြိုက်တာလည်း အသေအချာပါပဲ။ “အလုပ်က ပင်ပန်းလား၊ ဝန်ထမ်းတွေအတွက် အပန်းဖြေအားလပ်ရက် ဘယ်လောက်ပေးလဲ” လို့ သမ္မတ ကတော်က မေးတဲ့အခါ ဂျော့ တစ်ယောက် ကိုယ့်ကိုယ်ကိုယ်မထိန်းနိုင်တော့ပါဘူး။ “ဝန်ထမ်းတွေရဲ့ အကျိုးစီးပွားအတွက် ဒီအမျိုးသမီး ဒီလောက်စိတ်ဝင်စားနေရင် ဒီစက်ရုံမှာ အချိန်မရွေး

အလုပ်ဝင်လုပ် လို့ရတယ်လို့ ပြောလိုက်” ဆိုပြီး စကားပြန်ကို ပြောလိုက်ပါတယ်။ စကားပြန်ရဲ့မျက်နှာ သွေးဆုတ်ဖြူရော်သွားပြီး ဘာပြောရမှန်းမသိဖြစ်သွားပါတယ်။ နောက်ဆုံးစကားပြန်ဆီ က ထွက်လာတဲ့စကားကတော့ “ဒီလို စိတ်ဝင်တစားနဲ့ လာရောက်လည်ပတ်တဲ့အတွက် မစ္စတာဂျော့က ကျေးဇူးတင်ပါတယ်” တဲ့။

## အလှည့်အပြောင်း

အဖွင့်မှာ ရင်သပ်ရှုမောစရာတွေနဲ့ မျက်နှာပန်းလှခဲ့တဲ့ မက်ကင်းတော့ရှ်ဟာ ၁၉၈၄ နှစ်လယ်ပိုင်းလောက်ရောက်တဲ့အချိန်မှာ ရောင်းအားတွေထိုးကျသွားပါ တယ်။ မမ်မိုရီ 128 Kb ပဲပါတာ။ ဟာ့ဒ်ဒစ်အပိုထည့်လို့ရတဲ့နေရာမပါတာနဲ့ အပူချိန်ကိုလျှော့ချပေးမယ့် ပန်ကာထည့်မထားတာ စတဲ့အချက်တွေက အဓိကပြဿနာပါ။ ၁၉၈၄ နှစ်ကုန်ပိုင်းရောက်တော့ လီဆာကွန်ပျူတာက လုံးဝရောင်းအားမရှိတော့ဘဲ မက်ကင်း တော့ရှ်ရဲ့ရောင်းအားကလည်း တစ်လကိုအလုံးရေ ၁၀၀၀၀ ကျော်နှုန်းနဲ့ ရောင်းအားတွေ ကျလာတဲ့အခြေအနေဖြစ်လာတဲ့အခါ ဂျော့တစ်ယောက် ဆောက်တည်ရာမရ ဖြစ်လာပါတော့တယ်။ တစ်ချိန်တည်းမှာပဲ ဂျော့ဟာ လူတစ်ယောက်ရဲ့ အတွေးအမြင်နဲ့ ခံစားမှုပုံစံတွေ တစ်ဆစ်ချိုးပြောင်းတတ်တဲ့ အသက် ၃၀ အရွယ်ကို ရောက်လာပါပြီ။

အားကိုးရတဲ့ အင်ဂျင်နီယာတွေနဲ့ ဝန်ထမ်းတချို့ဟာလည်း Apple ကနေ ထွက်ဖို့ဖြစ်လာပါတယ်။ မက်ကင်းတော့ရှ်အဖွဲ့က အင်ဂျင်နီယာဟာ့ဇ်ဖဲလ် ခရီးသွားနေတုန်း ဂျော့က မက်ကင်းတော့ရှ်အင်ဂျင်နီယာတွေအကုန်လုံးကို ဘောနပ်စ်အဖြစ် ဒေါ်လာ ၅၀၀၀၀ စီပေးပေမယ့် ဟာ့ဇ်ဖဲလ်ကိုချန်ထားပါတယ်။ ဟာ့ဇ်ဖဲလ်ပြန်ရောက်လို့ သူ့အတွက်ဘောနပ်စ်ကို တောင်းတဲ့အခါ သူ့ကိုဘောနပ်စ်မပေးဖို့ ကြီးကြပ်ရေးမှူးက ဆုံးဖြတ်တာလို့လွှဲချပေမယ့် ဒီကိစ္စဟာဂျော့ကိုယ်တိုင် ဆုံးဖြတ်တယ်ဆိုတာကို ဟာ့ဇ်ဖဲလ်သိသွားပါ တယ်။ ဂျော့နဲ့ ထိပ်တိုက်တွေ့ပြီး အလုပ်ထွက်တော့မယ်လို့ ပြောတဲ့ အခါ ဂျော့က “မက်ကင်းတော့ရှ်အင်ဂျင်နီယာတွေအကုန်လုံး ရင့်ကျက်ဖို့လိုနေပြီ။ ခင်ဗျားရောပဲ။ ခင်ဗျားကို ကျွန်တော်မထွက်စေချင်ပါဘူး။ ဒါပေမဲ့ မလုပ်ချင်တော့ဘူး ဆိုရင်လည်း ခင်ဗျားသဘောပဲ။ ဘာပဲပြောပြော ခင်ဗျားထင်ထားသလောက်လည်း ခင်ဗျားကအရေးပါတဲ့လူ မဟုတ်ပါဘူး” လို့ တုံ့ပြန်တော့တာပါပဲ။ ဟာ့ဇ်ဖဲလ်လည်း အလုပ်ထွက်သွားပါတယ်။

မကြာမီမှာပဲ ဘာရယ်စမစ်ဆိုတဲ့ အင်ဂျင်နီယာကလည်း အလုပ်ကထွက်ဖို့ ပြင်ဆင်နေပါတယ်။ သူဟာ ဂျော့ရဲ့စက်ကွင်းနဲ့အတွေ့မှာ စိတ်ပြန်လည် မသွားအောင် ဘယ်လိုတောင့်ခံရမလဲဆိုတဲ့ နည်းလမ်းကိုရှာရင်း တစ်ရက်မှာအကြံကောင်းတစ်ခု ရသွားပါတယ်။ “ဂျော့ရဲ့ ညှို့ဓါတ်နဲ့ ပြန်ချော့ရင်

မပျော့အောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ နည်းကို ရှာတွေ့ပြီ။ သူ့အခန်းထဲကို ဝင်သွားမယ်။ ပြီးရင် ဘောင်းဘီကိုဆွဲချလိုက်ပြီး သူ့အလုပ်စားပွဲကို သေးနဲ့ပန်းမယ်။ ဒါဆို သူ ဘာမှမတတ်နိုင်တော့ဘူး။ အလုပ်ဖြစ်မှာ သေချာ တယ်" လို့ ဟာ့ဇ်ဖဲလ်နဲ့ သွားတိုင်ပင်ပါတယ်။ နောက်နေ့မှာတော့ ဘာရယ်စမစ် ဂျော့ရဲ့ရုံးခန်းထဲကို ဝင်သွားတဲ့အခါ ဂျော့က "ခင်ဗျား တကယ်လုပ်တော့မလို့လား" လို့ စီးမေးလိုက်ပါတယ်။ ဂျော့က သူ့စားပွဲကို သေးနဲ့ပန်းမယ့် စမစ်ရဲ့အစီအစဥ်ကို ကြားထားပြီးသားကိုး။ "လုပ်ဖို့လိုရင်တော့ လုပ်ရမှာပဲ" လို့ စမစ်ကပြန်ပြောပေမယ့် နောက်ဆုံးတော့ အစီအစဥ်အတိုင်း လုပ်စရာ မလိုတော့ဘဲ အေးအေးဆေးဆေးနဲ့ပဲ အလုပ်ထွက်စာမှာ လက်မှတ်ထိုးပေးလိုက်နိုင်ပါတယ်။

နောက်တစ်ယောက်ကတော့ သိပ်တော်တဲ့ ဘရစ်ဟွန်းပါ။ ဘရစ်ဟွန်းက အလုပ်ထွက်တော့မယ် လို့ ဂျော့ကိုပြောတဲ့အခါ ဂျော့က "မက်ကင်းတော့ရှ်ရဲ့ ပြစ်ချက်မှန်သမျှဟာ ခင်ဗျားအမှားကြောင့်ပဲ" လို့ အပြစ်တင်ပါတယ်။ ဘရစ်က "ဒီမှာ စတီဗ်.. မက်ကင်းတော့ရှ်ရဲ့ ကောင်းကွက်မှန်သမျှကသာ ငါ့အမှားကြောင့်လို့ ဆိုရမှာ။ ဒီကောင်းကွက်တွေမှန်သမျှ မက်ကင်းတော့ရှ်မှာပါနေအောင် ငါက အရူးတစ်ယောက်လို တိုက်ခိုက်ခဲ့ရတာ" လို့ ပြန်ပြောတဲ့အခါမှာတော့ ဒီအချက်ကိုဂျော့က ဝန်ခံလိုက်တဲ့ အပြင် အလုပ်မထွက်ဘူးဆိုရင် ရှယ်ယာအစု ၁၅၀၀၀ ပေးမယ်လို့တောင် ကမ်းလှမ်း ပြန်ပါလေရော။ ဒါပေမဲ့ ဘရစ်ကတော့ လက်မခံတော့ပါဘူး။ "ကဲ .. ဒါဆိုလည်း ကျွန်တော့်ကိုဖက်ပြီး နှုတ်ဆက်သွားပါဦး" လို့ ဂျော့ကပြောပြီး နောက်ဆုံးအနေနဲ့ ပွေ့ဖက်နှုတ်ဆက်လိုက်ကြပါတော့တယ်။

ဒါပေမဲ့ ဒီတစ်လမှာ အရေးအကြီးဆုံးနုတ်ထွက်တဲ့သတင်းကတော့ မိတ်ဆွေ ကြီး ဝေါ့ဇ်နီယက်ခ် နုတ်ထွက်သွားတဲ့သတင်းပါ။ ကျောင်းသားဘဝကတည်းက အနီး ကပ်နေလာခဲ့ပြီး Apple ရယ်လို့ဖြစ်လာဖို့ ဂိုဒေါင်တစ်ခုထဲမှာ အတူတူဖြတ်သန်းခဲ့တဲ့ ကာလတွေမှာလည်း ဆိုးအတူ ကောင်းဖက်နေလာခဲ့တဲ့ ဝေါ့ဇ်နီယက်ခ်လည်း ဂျော့ကို စွန့်ခွာသွားပါပြီ။ Apple ကို စတည်ထောင်ခဲ့သူ တစ်ယောက်ဆိုပေမယ့် ဝေါ့ဇ်နီယက်ခ် ဟာ Apple မှာ မထင်မရှားအင်ဂျင်နီယာ တစ်ယောက် အနေနဲ့ပဲ တစ်လျှောက်လုံး နေလာခဲ့ပြီး စိတ်နေစိတ်ထားချင်းကလည်း အခြေခံအားဖြင့် ဂျော့နဲ့ မိုးနဲ့မြေလိုကွာခြား သူပါ။ ဂျော့က သူ့အပေါ်မှာ ဘယ်လိုပဲတစ်ဖက်စောင်းနင်း လုပ်ခဲ့လုပ်ခဲ့ အလုပ်ကနုတ်ထွက်ပြီးတဲ့နောက် မှာတောင် လခဒေါ်လာ ၂၀၀၀၀ ယူပြီး Apple ရဲ့ ကိုယ်စား ပြောရေးဆိုခွင့်ရှိသူတစ်ယောက်အဖြစ် ဆက်နေပေးဖို့ ဂျော့ကကမ်းလှမ်းတဲ့အခါမှာ လိုက်လျောပေးခဲ့ ပါတယ်။

## ကတ္တီပါလမ်းခွဲရဲ့ အစ

၁၉၈၅ လောက်အရောက်မှာ ဂျော့နဲ့ ဂျွန်စကူလေတို့နှစ်ယောက်ကြား အကွဲအပြဲဇာတ်လမ်းတွေဖြစ်လာဖို့ အကြောင်းတရားတွေ အများကြီးဖြစ်လာပါတယ်။ ဂျွန်စကူလေဟာ Apple ရဲ့ နည်းပညာထုတ်ကုန်တွေအပေါ်မှာ ဂျော့လိုတပ်မက်စိတ်မျိုးနဲ့ ချဉ်းကပ်နိုင်သူမဟုတ်ပါဘူး။ ကိုယ်ထုတ်လုပ်ဖန်တီးနေတဲ့ ပစ္စည်းရဲ့အရသာနဲ့ အရေးပါမှုကိုလည်း ဘယ်တုန်းကမှနားလည်တဲ့သူ မဟုတ်ဘူးလို့ ဂျော့ကမြင်ပါတယ်။ ဒါ့အပြင် ဂျော့ချစ်အောင်နေပြပြီး သူတို့နှစ်ယောက်ဟာ နှစ်ကိုယ့်တစ်စိတ်လိုလိုထင်ယောင်ထင်မှားဖြစ်လာအောင် ကြိုးစားနေတဲ့ စကူလေရဲ့လုပ်ရပ်တွေကိုလည်း ဂျော့ဘက်ကစိတ်ကုန်လာပါတယ်။ စကူလေဘက်ကလည်း ဂျော့ဟာ ကိုယ်လိုတာ တစ်ခုခုရှိတဲ့အချိန်မှာသာတစ်ဖက်လူဘဝင်ခိုက်အောင်ပြောတတ်ပြီး ကျန်တဲ့အချိန်တွေမှာတော့ ရိုင်းပြပြီးဗိုလ်ကျလွှမ်းမိုးချင်တဲ့စိတ်တွေရှိရုံသာမက တစ်ကိုယ်ကောင်းဆန်ပြီး လူတွေအပေါ်မှာလည်း ညစ်ကျယ်လုပ်တတ်တယ်လို့မြင်လာပါတယ်။

ဒီနှစ်ယောက်ကြားက ပဋိပက္ခကိုသတိထားမိတဲ့ ဘုတ်အဖွဲ့ဟာ ဂျော့နဲ့ စကူလေ နှစ်ယောက်လုံးကို ကြားဝင်သတိပေးရပါတော့တယ်။ ဘုတ်အဖွဲ့လူကြီးတွေကစကူလေကို ဂျော့နဲ့ ဖင်ပုတ်ခေါင်းပုတ်နေပြဖို့ ကြိုးစားတာမျိုးကိုလျှော့ပြီး သူ့မှာရှိတဲ့လုပ်ပိုင်ခွင့်တွေနဲ့ ကုမ္ပဏီကို ကြပ်ကြပ်မတ်မတ်ဦးဆောင်ဖို့ တိုက်တွန်းပြီး ဂျော့ကိုတော့ မက်ကင်းတော့ရှ်မှာဖြစ်နေတဲ့ အရှုပ်တွေ ကိုဖြေရှင်းဖို့နဲ့ တခြားဌာနတွေကို ဘာမှဝင်မစွက်ဖက်ဖို့ အကြံပေးခဲ့ကြပါတယ်။ မက်ကင်းတော့ရှ်ရဲ့ ရောင်းအားကတော့ စိတ်ပျက်စရာအခြေအနေမှာရှိနေပြီး ၁၉၈၅ရဲ့ မတ်လမှာ သတ်မှတ်ရောင်းအားရဲ့ ၁၀ ရာခိုင်နှုန်း ပဲရောင်းရတဲ့ အခြေအနေအထိ ကျဆင်းလာပါတယ်။ ဂျော့ရဲ့ပုံစံကလည်း ပိုဆိုးလာတဲ့အချိန်မှာ အလယ်အလတ်အဆင့် မန်နေဂျာတွေတောင် ဂျော့ကိုပြန်ခံပြောကြတဲ့ အခြေအနေဖြစ်နေပါပြီ။

ဒီလိုအနေအထားမှာပဲ ဂျော့ဟာ ဝုဒ်ဆိုဒ်ဒီဇိုင်းဆိုတဲ့ ကုမ္ပဏီကတီထွင်လိုက်တဲ့ လက်ချောင်းနဲ့ထောက်ပြီး လိုရာရွှေ့လို့ရတဲ့ တက်ချ်စခရင်နည်းပညာကို အာရုံကျသွားပြီး ဒီနည်းပညာကိုသုတေသနလုပ်လေ့လာဖို့ Apple မှာ သုတေသနစင်တာ အသစ်တစ်ခုကို ကိုယ်တိုင်ခေါင်းဆောင်ပြီးဖွင့်ဖို့စိတ်ကူးရသွားတဲ့အခါ ဂျော့ကို ရုံးချုပ်နဲ့ ဝေးရာ သုတေသနအခန်းထဲကို ပို့ထားနိုင်တော့မယ်ဆိုပြီး ဒီအစီအစဉ်ကို စကူလေတစ်ယောက် အကြိုက်တွေ့သွားပြီး ဂျော့ရဲ့နေရာမှာ မက်ကင်းတော့ရှ်အဖွဲ့မန်နေဂျာအဖြစ် အစားထိုးဖို့ ပြင်သစ်ရုံးခွဲက လူးဝစ်ဂတ်ဆေးဆိုတဲ့ မန်နေဂျာကိုလျာထားလိုက်ပါတယ်။ ဒါပေမဲ့ မကြာခင်မှာပဲ ဂျော့ကစိတ်ပြောင်းသွားပြီး သူ့နေရာကို ဂတ်ဆေးဆီလွှဲပေးဖို့

သဘောမတူတဲ့အတွက် အမြော်အမြင်ကြီးတဲ့ ဂတ်ဆေးလည်းကြားထဲက မြေဇာပင်အဖြစ်မခံဘဲ ပြင်သစ်ကိုပဲပြန်သွားပါတော့တယ်။

မတ်လကုန်လောက်အရောက်မှာ စကူလေကအရဲ့စွန့်ပြီး ဂျော့ကို မက်ကင်းတော့ရှ်ဌာနရဲ့ ခေါင်းဆောင်ရာထူးကို စွန့်လွှတ်ဖို့ပြောကြည့်ပါတယ်။ ဂျော့နဲ့ ထိပ်တိုက်ပြောဆိုရတဲ့အခါမှာ တရားဝင်ပိုဖြစ်အောင်ဆိုပြီး ဝန်ထမ်းရေးရာမန်နေဂျာ ဂျေးအိလိယော့တ်ကိုပါ ခေါ်လာပြီး ဂျော့ကို သွားတွေ့ပါတယ်။ "ဂျော့...မင်းရဲ့အရည် အချင်းနဲ့ ထက်မြက်တဲ့အမြင်တွေကို ငါ့ထက်ပိုပြီး လေးစားနိုင်တဲ့သူ ရှိမှာမဟုတ်ဘူး... ဒါပေမဲ့" လို့ စကူလေက စကားစလိုက်ပါတယ်။ ဟိမဝန္တာချီးမွမ်းခန်းနဲ့ စဖွင့်လိုက်ပေ မယ့် နောက်ကပါလာတဲ့ 'ဒါပေမဲ့' ကတော့ တော်တော်လေး ရက်စက်ရာကျမယ့် 'ဒါပေမဲ့' တစ်ခုပါ။ "ဒါပေမဲ့ ဒီပုံစံအတိုင်းနဲ့က ဘယ်လိုမှ အလုပ်မဖြစ်တော့ဘူး။ ငါတို့တွေ တစ်ယောက်နဲ့ တစ်ယောက်လည်း အရမ်းကိုခင်မင်ခဲ့ကြပါတယ်။ ဒါပေမဲ့ မက်ကင်း တော့ရှ်ကိုစီမံခန့်ခွဲနေတဲ့ မင်းရဲ့အရည်အချင်းတွေကိုတော့ ငါ မယုံကြည်တော့ဘူး" လို့ စကူလေက ပြောင်ပြောင်ပဲဖွင့်ပြောလိုက်ပါတယ်။ သူ့ကိုကွယ်ရာမှာ တော့်းတစ်ယောက်အဖြစ် အပုပ်ချနေတာနဲ့ ပတ်သက်လို့လည်း ဂျော့ကိုအပြစ်တင်လိုက်တဲ့အခါ ဂျော့က ကြောင်အ အဖြစ်သွား ပြီး "ခင်ဗျား ကျွန်တော်နဲ့ အချိန်ပိုကြာကြာနေဖို့ လိုနေပြီ" လို့ ပြောရင်း မကြာခင်မှာပဲ ငိုချလိုက်ပါတော့တယ်။ ဒီကိစ္စကို ဘုတ်အဖွဲ့ဆီတင်ပြီး ဆုံးဖြတ်ခိုင်းမယ်။ ဂျော့ကိုလည်း မက်ကင်းတော့ရှ်ဌာနက ဖယ်ရှားပေးဖို့ ဘုတ်အဖွဲ့ကို တိုက်တွန်းမယ်လို့ စကူလေကကြေညာ လိုက်တဲ့အခါ ဂျော့ကထိုင်နေရာက ခုန်ထလိုက်ပြီး စကူလေကိုတည့်တည့်ကြည့်ရင်း ခင်ဗျားဒီလို လုပ်မယ်လို့ ကျွန်တော်တော့မထင်ပါဘူးဗျာ။ ခင်ဗျား တကယ်အဲဒီလိုလုပ်ရင်တော့ ကုမ္ပဏီကို ဖျက်ဆီးရာ ရောက်လိမ့်မယ်" လို့ သတိပေးလိုက်ပါတယ်။

မေပြီ ၁၁ ရက်နေ့မှာလုပ်တဲ့ ဘုတ်အဖွဲ့အစည်းအဝေးမှာ စကူလေက သူပြောထားတဲ့အတိုင်း ဘုတ်အဖွဲ့ကိုတကယ်တင်ပြလိုက်တဲ့အခါ ဂျော့နဲ့စကူလေတို့ကို တစ်ယောက်ချင်းခွဲတွေ့ပြီး သုံးသပ် ကြည့်ဖို့ ဘုတ်အဖွဲ့က ဆုံးဖြတ်လိုက်တဲ့အတွက် ပထမ စကူလေက အခန်းအပြင်ထွက်ပြီး ရှောင်ပေးလိုက်ပါတယ်။ ဂျော့က ကုန်ပစ္စည်း အကြောင်းကို ဘာမှနားမလည်တဲ့ စကူလေကသာ ပြဿနာလို့သူ့အယူအဆကို တင်ပြပေမယ့် ဘုတ်အဖွဲ့ဝင်တစ်ယောက်ဖြစ်တဲ့ ရော့ခ်ကတော့ ဂျော့ကိုပဲအပြစ်တင်ပါ တယ်။ ဂျော့ရဲ့ အမာခံဘက်တော်သားဖြစ်တဲ့ ဖီးလ်စကီးလင်းကတောင် ဂျော့ကို မက် ကင်းတော့ရှ်ကနေ ဂုဏ်သိက္ခာရှိရှိဖယ်ပေးလိုက်ပြီး သုတေသနဌာနကိုပဲ ဦးဆောင်ဖို့ ပြောလာပါတယ်။

စကူလေအလှည့်ကို ရောက်တဲ့အခါမှာတော့ စကူလေက "ခင်ဗျားတို့ ကျွန်တော်ကိုထောက်ခံပေးနိုင်တယ်။ ဒါဆိုရင် ကျွန်တော်လည်း ကုမ္ပဏီကိုအပြည့်အဝ ဦးဆောင်ဖို့အတွက် တာဝန်ယူပေးမယ်။ ဒါမှမဟုတ်ရင်တော့ နောက်ထပ် CEO အသစ် သာ ကိုယ့်ဘာသာကိုယ်ရှာကြပေတော့" လို့ ရာဇသံပေးလာပါတယ်။ သူ့ကိုသာ အာဏာအပြည့်အဝ အပ်နှင်းလိုက်ရင် ကြမ်းကြမ်းတမ်းတမ်း မလုပ်ဘဲ ဂျော့ကို လအနည်းငယ်အတွင်းမှာ တခြားကဏ္ဍအသစ်တစ်ခုကိုပဲဦးဆောင်ဖို့ သူဖျောင်းဖျပေးမယ်လို့ စကူလေကဆိုပါတယ်။ ဘုတ်အဖွဲ့ကလည်း စကူလေဘက်ကပဲ တညီတညွတ်တည်း ထောက်ခံလိုက်ကြပြီး သူ့အနေနဲ့ အချိန်တန်ပြီလို့ယူဆတဲ့ ဘယ်အချိန်မှာမဆို စတိဗ်ဂျော့ကို မက်ကင်းတော့ရှ်ဌာနရဲ့ အကြီးအကဲအဖြစ်က ရပ်စဲနိုင်ခွင့်ပေးလိုက်တော့ တာပါပဲ။

ဒီဆုံးဖြတ်ချက်အပြီးမှာ ဂျော့ကသူ့ကိုတာဝန်ကနေ ချက်ချင်းမဖယ်ရှားပဲ အချိန်အနည်းငယ် စောင့်ဆိုင်းပေးဖို့ တောင်းဆိုတဲ့အခါ ကျေရာကျေကြောင်းဖြစ်ချင်တဲ့ စကူလေကလည်း သဘောတူပေးပါတယ်။ ဒါပေမဲ့ ဘယ်လိုဆန့်ကျင်ဘက် အဖြေမျိုးကိုမှ လက်ခံနိုင်စွမ်းမရှိတဲ့ ဂျော့ကတော့ မေလလောက်ရောက်တဲ့အခါ စကူလေဆီ သွားပြီး သူဟာ အော်ပရေးရှင်းမန်နေဂျာကောင်း တစ်ယောက်အဖြစ် သက်သေပြနိုင်ကြောင်း၊ အဲဒီအတွက် အချိန်ပိုပေးဖို့လိုကြောင်း စကူလေကို ပြောကြည့်ပြန်ပါတယ်။ စကူလေက လက်မခံတဲ့အခါ ဂျော့က စကူလေသာ အလုပ်ထွက်သင့်တဲ့ သူဖြစ်ကြောင်း တည့်တိုးပဲပြောချလိုက်ပြီး နောက်ဆုံးမှာစကားဝိုင်းက အပြန်အလှန်အော်ဟစ်အပြစ် တင်တဲ့အဆင့်ကို ရောက်သွားပြီး ဂျော့တစ်ယောက်ဝုန်းဒိုင်းကြဲပြီး ပြန်ထွက်သွားတဲ့ အခါ စကူလေ တစ်ယောက် မျက်ရည်တွေကျရင်း ကျန်နေခဲ့ပါတယ်။

ဒီလိုနဲ့ ဂျော့နဲ့စကူလေကြားက တိုက်ပွဲဟာ ပိုရှုပ်ထွေးပြီး ပြင်းထန်လာပါတယ်။ တစ်ဆုံးတစ်စ အဖြေပေါ်မှ ပြီးပြတ်မယ့်အခြေအနေမျိုးလို့ ဆိုရမှာပါ။ Apple ဟာ တရုတ်ပြည်ကို ကွန်ပျူတာတွေ ရောင်းချခွင့်ရလာတဲ့အတွက် မေ ၁၄ ရက် နေ့မှာ ပြပွဲလုပ်ဖို့ စကူလေရော ဂျော့ပါ တရုတ်ပြည်ကို သွားရဖို့ဖြစ်လာပါတယ်။ ဒါပေမဲ့ ဂျော့က လိုက်မသွားဘဲချန်နေခဲ့ပြီး စကူလေ တရုတ်ပြည်မှာ ရှိနေတဲ့အချိန် Apple က လူတွေကိုစည်းရုံးပြီး အာဏာသိမ်းဖို့ ကြံပါတယ်။ ဒီအစီအစဥ်ကို စကူလေ သိသွားတဲ့အခါ တရုတ်ကိုသွားမယ့် ခရီးစဥ်ကိုဖျက်လိုက်ပြီး Apple ရဲ့ ထိပ်ပိုင်းအစည်းအဝေးမှာ ဂျော့နဲ့ အပြတ်စာရင်းရှင်းဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။

## မေ ၂၄ ရက်၊ သောကြာနေ့

အစည်းအဝေးခန်းမထဲကို ဂျော့ဟာ နောက်ကျပြီးမှ ရောက်လာပါတယ်။ အစည်းအဝေး စားပွဲရဲ့ ထိပ်ဆုံး စကူလေရဲ့ ဘေးကပ်လျှက်က ဂျော့ထိုင်နေကျ ခုံကို ကြည့်လိုက်တော့ အစားထိုးထား ပြီးသား ဖြစ်နေပါပြီ။ ဂျော့က နောက်စွန်းက ခုံလွတ်တစ်ခုမှာ ဝင်ထိုင်လိုက်တော့ စကူလေက ဂျော့ကို တည့်တည့်ကြည့်ရင်း ဖျော့တော့တဲ့ မျက်နှာနဲ့ "ခင်ဗျားက ကျွန်တော့ကို ဒီကုမ္ပဏီကနေ ထွက်ခွာသွားစေချင်တယ်လို့ ကျွန်တော်သိထားတယ်။ အဲဒါ အမှန်ပဲလား"လို့ စမေးလိုက်ပါတယ်။ ဂျော့အနေနဲ့ ဒီလို တည့်တိုးကြီး အမေးခံရဖို့ မျှော်လင့်မထားပါဘူး။ ဒါပေမယ့် စိတ်ထဲရှိတဲ့အတိုင်း အမှန်အတိုင်း ရက်ရက်စက်စက် ပြောချလိုက်ဖို့ ဘယ်တော့မှ ဝန်မလေးတတ်တဲ့ ဂျော့က "ခင်ဗျားက Apple အတွက် မကောင်းတဲ့လူပဲ။ ပြီးတော့ ခင်းဗျားက ဒီကုမ္ပဏီကို ဦးဆောင်သင့်တဲ့ မှန်ကန်တဲ့လူတစ်ယောက် မဟုတ်ဘူးလို့ပဲ ကျွန်တော်ထင်တယ်" "ခင်ဗျား တကယ်ထွက်သွား သင့်တယ်။ ခင်ဗျား ဘယ်လိုဦးဆောင်မောင်းနှင်ရမယ် ဆိုတာလဲ ဘယ်တုန်းကမှ သိတဲ့လူမဟုတ်ဘူး။ ဒီမှာ ခင်ဗျားကို ဖြစ်စေချင်တာက ကျွန်တော့ကို ပိုအရည်အသွေး တက်လာအောင် ကူညီဖို့ပဲ။ ဒါပေမယ့် ခင်းဗျားဘာမှလည်း ထိထိရောက်ရောက် လုပ်မပေးနိုင်ခဲ့ဘူး" ဆိုပြီး တရစပ် ထိုးနက်ပါတော့တယ်။

တစ်ခန်းလုံးဟာ ငြိမ်ကျနေပါတယ်။ ဒါပေမယ့် သီးခံနိုင်တဲ့ အမှတ်ရဲ့အဆုံးကို ရောက်သွားတဲ့ စကူလေကတော့ အနှစ် ၂၀ ကျော်လောက် ပျောက်နေတဲ့ ငယ်စိတ်တွေ ပြန်ဝင်လာပြီး အဆုံးစွန် ပေါက်ကွဲတော့တာပါပဲ။ "မင်းကို ငါ မယုံတော့ဘူး။ ဒီလို ယုံကြည်လို့မရတဲ့ အခြေအနေကိုလည်း ဘယ်လိုမှ သီးမခံနိုင်တော့ဘူး" လို့ အော်ဟစ်ပြီး နောက်ဆုံး စိန်ခေါ်ချက်တစ်ခုကို တင်သွင်းလာ ပါတယ်။ ဂျော့ကိုရွေးမလား၊ သူ့ကိုရွေးမလား ဘုတ်အဖွဲ့က ဒီနေရာမှာတင် တစ်ထိုင်တည်း ဆုံးဖြတ်ဖို့ပါ။ ဒယ်လ်ယိုကမ် ဆိုတဲ့ ဘုတ်အဖွဲ့ဝင်တစ်ယောက်က ပထမဆုံး သူ့သဘောထားကို ထုတ်ပြောပါတယ်။ ဂျော့ကို သူချစ်ကြောင်း၊ Apple မှာလည်း တစ်ခန်းတစ်ကဏ္ဍ ဆက်ရှိနေစေ ချင်ကြောင်း၊ ဒါပေမယ့် စကူလေကိုတော့ လေးစားပြီး ကုမ္ပဏီကို ဆက်ဦးစီးဖို့ဆိုရင်တော့ စကူလေကိုပဲ ထောက်ခံကြောင်း နိဂုံးချုပ်လိုက်ပါတယ်။ နောက်ထပ် အိုင်စနိစတက်ကလည်း ထလာပြီး ဂျော့ကို တည့်တည့်မျက်နှားမူရင်း ဂျော့ကို သဘောကျပေမယ့် စကူလေကိုပဲ ထောက်ခံမယ်လို့ သဘောထားပေးပါတယ်။ မက်ကန်နာရဲ့ အလှည့်ရောက်တော့လည်း ဂျော့ဟာ Apple ကို ဦးစီးဖို့ အဆင်သင့်မဖြစ်သေးဘူးလို့ အရင်ကပြောခဲ့ဖူးတဲ့အတိုင်းပဲ တိုက်ရိုက်ပြောချ လိုက်ပါတယ်။

ကျန်တဲ့ ဘုတ်အဖွဲ့ဝင်တွေ အကုန်လုံးကလည်း စကူလေကိုပဲ ထောက်ခံခဲ့ကြပါတယ်။ ဘီလ်ချမ်ဘဲလ်အလှည့်ကို ရောက်တော့ သူ့ခမျာ ပြောရအတော်ကြပ်နေပါတယ်။ ဘီလ်ချမ်ဘဲလ်ဟာ ဂျော့ကို အတော်လေး သံယောဇဉ်ကြီးပြီး စကူလေကိုလည်း သိပ်ကြည့်မရသူပါ။ ဘီလ်က စကူလေကိုပဲ ရွေးရမှာဖြစ်ကြောင်း ဒါပေမယ့် ဂျော့ကိုတော့ ကုမ္ပဏီကနေ ထွက်ခွာခွင့်ပေးလို့ မဖြစ်ကြောင်း တုန်ယင်နေတဲ့ အသံနဲ့ ပြောလိုက်တဲ့အချိန်မှာ တစ်စစီ ပြိုကွဲသွားသလို ယူကျုံးမရဖြစ်သွားတဲ့ ဂျော့ဟာ ဒီလောက်ဆို သဘောပေါက်ပါပြီလို့ပဲ ပြောပြီး အခန်းထဲက ဝုန်းကနဲ ထထွက်သွားပေမယ့် ဂျော့နောက်က ပြေးလိုက်လာမယ့်သူ ဘယ်သူမှမရှိပဲ အားလုံးက မတုန်မလှုပ်ပါပဲ။ ဂျော့ဟာ သူ့ရုံးခန်းကို ပြန်ပြီး သူနဲ့ အချိန်အကြာကြီး သစ္စာရှိရှိ လက်တွဲခဲ့တဲ့ မက်ကင်းတော့ရှ် အဖွဲ့သားတွေကြားမှာ ငိုပါတော့တယ်။ Apple ကနေ သူထွက်ခွာရတော့မယ်လို့ ပြောပြီး အားလုံးကို တံခါးဝကနေ ကျောခိုင်းထွက်လာခဲ့ရပါတယ်။

စကူလေအနေနဲ့လည်း အနိုင်ရလိုက်တယ်ဆိုပေမယ့် တိုက်ပွဲမှာ ဒဏ်ရာအကြီးအကျယ်ရခဲ့တဲ့ ပွဲရစစ်သူကြီးတစ်ယောက်လို အကြီးအကျယ် ထိခိုက်ခံစားလိုက်ရပါတယ်။ အစည်းအဝေးပြီးပြီးချင်း မှာပဲ အိုင်ဆန်စတတ် ဆီ သွားပြီး “ဒါကို ငါ ကျော်ဖြတ်နိုင်ပဲ့မလား မသိဘူး။ ငါလဲ အလုပ်ထွက်မှ ဖြစ်မယ်နဲ့ တူတယ်” လို့ ရင်ဖွင့်ခဲ့ပါတယ်။ စကူလေ အိမ်ကို နေ့ခင်းကြီး ပြန်ရောက်လာပြီး ဒီအကြောင်းတွေအားလုံးကို သိသွားတဲ့အခါ ချက်ချင်း ကားပေါ်တက်ပြီး ဂျော့နဲ့ တွေ့ဖို့ ထွက်လာပါတယ်။ ဂွတ်အာ့သ် စားသောက်ဆိုင်ကို ရောက်နေတယ်ဆိုလို့ စားသောက်ဆိုင်ရှိရာကို လိုက်သွားပြီး မက်ကင်းတော့ရှ် အမာခံအဖွဲ့သားတွေနဲ့အတူ ဂျော့ကို စားသောက်ဆိုင်ရှေ့မှာ တွေ့တော့ စကူလေရဲ့ မိန်မဖြစ်သူက ဂျော့ကို ဂျွန်စကူလေလိုလူမျိုးနဲ့ သိကျွမ်းခင်မင်ခွင့် ရတာနဲ့တင်ကို ဘယ်လောက်ထူးခြားတဲ့ အခွင့်အရေးဆိုတာ နင် နည်းနည်းမှ မသိဘူးလားလို့ ပြောလိုက်တော့ ဂျော့က ဘာမှပြန်မပြောပဲ မျက်နှာလွှဲသွားပါတယ်။ ငါ စကားပြောတဲ့အခါ ငါ့မျက်နှာကို နင် ကြည့်လို့မရဘူးလားလို့ စကူလေမိန်းမက ထပ်ပြောပြန်ပါတယ်။ ဂျော့က အထူးလေ့ကျင့်ထားတဲ့ သူ့ရဲ့ မျက်တောင်မခတ်တမ်းအကြည့်နဲ့ စိုက်ကြည့်လိုက်တဲ့ အခါကျတော့လည်း ဂျော့ရဲ့ အကြည့်ကို မခံနိုင်ပါဘူး။ “ရပြီ။ ငါ့ကို မကြည့်နဲ့တော့။ လူတော်တော်များများရဲ့ မျက်လုံးတွေထဲကို ငါကြည့်တဲ့အခါတိုင်း စိတ်ဝိဉာဉ်တစ်ခုကို မြင်ရတယ်။ အခု မင်းမျကလုံးထဲမှာတော့ ဗလာကျင်းပြီး အဆုံးအစမရှိတဲ့ တွင်းနက်ကြီးတစ်ခုပဲ ငါ မြင်ရတယ်။ အကုန်ဆိတ်သုန်းနေတဲ့ နေရာတစ်ခုပဲ” လို့ ပြောပြီး စကူလေရဲ့ အမျိုးသမီး လက်မှိုင်ချ လှည့်ထွက်လာပါတော့တယ်။

နောက်နေ့မှာ ဂျော့က မိုက်မာရေးရဲ့ ဖျောင်းဖျမှုကြောင့် စကူလေနဲ့ ငြိမ်းချမ်းရေးယူဖို့ ဖုန်းလှမ်းဆက်ပြီး ချိန်းတဲ့အချိန်မှာ စကူလေက သူ အလုပ်ထွက်မယ်ဆိုတဲ့ စိတ်ကူးကို စွန့်လွှတ်လိုက်ပါပြီ။ ဂျော့ ချိန်းတာကို လာတွေ့ခဲ့ပေမယ့် ဂျော့က သူ CEO လုပ်ပြီး စကူလေက ဘုတ်အဖွဲ့ ဥက္ကဌပဲ လုပ်ဖို့ တိုက်တွန်းတာကိုတော့ လက်မခံပဲ ဒါဟာ လုံဝအဓိပ္ပါယ်မရှိတဲ့ကိစ္စပဲ ဆိုပြီး ယတိပြတ် ပယ်ချလိုက်ပါတယ်။ ဒါနဲ့ ဂျော့က တစ်မျိုးပြောင်းပြီး သူက ထုတ်ကုန်ပစ္စည်းပိုင်းကို တာဝန်ယူပြီး စကူလေက ငွေရေး ကြေးရေးနဲ့ ဈေးကွက်ကိစ္စကို ခွဲပြီး တာဝန်ယူတဲ့ ပုံစံနဲ့ ဆက်သွားကြဖို့ တောင်းဆိုတာကိုလည်း သဘောမတူပါဘူး။ ဘုတ်အဖွဲ့က စကူလေကို ရှေ့တန်းတင်ပေးထားရုံသာမကပဲ ဂျော့ကို ဦးကျိုးသွားအောင်အထိ လုပ်ဖို့ လမ်းညွှန်ထားပြီးသားပါ။ "ဒီကုမ္ပဏီကို ဦးဆောင်မယ့်သူက တစ်ယောက်တည်းပဲ ဖြစ်ရမယ်။ ငါက အားလုံးရဲ့ ထောက်ခံချက်ကို ရထားတယ်၊ မင်းက ဘာထောက်ခံချက်မှ မရှိဘူး" လို့ စကူလေက စကားစကို အဆုံးသတ်လိုက်ပါတယ်။

စကူလေဆီက အပြန်မှာ ဂျော့က သူ့ရဲ့ မက်ကင်းတော့ရှ်အဖွဲ့သားတွေကို စုပြီး မာကူလာဆီကို ဝင်တွေ့ပါတယ်။ ဂျော့ကို လုပ်ပိုင်ခွင့်ရှိတဲ့ အကြီးအကဲအဖြစ် ရာထူးပေးပြီး ဖွဲ့စည်းပုံဇယားကို ပြန်ပြင်ရေးဖို့အတွက် မာကူလာကို သွားစည်းရုံးကြတာပါ။ မာကူလာက ဂျော့ကို တစ်ခွန်းမှ ဝင်မပြောစေပဲ ကျန်တဲ့ အဖွဲ့သားတွေပြောတာကို နားထောင်ပြီး အသေးစိတ်အချက်အလက်တွေကို ပြန်မေးပါတယ်။ ဂျော့ရဲ့ လူတွေ တင်ပြချင်တာ တင်ပြလို့ပြီးသွားတဲ့အခါမှာတော့ မာကူလာက ဒီအစီအစဥ်ကို သူ မထောက်ခံနိုင်ဘူးလို့ ငြင်းဆိုလိုက်ပါတယ်။ "စကူလေကပဲ ခေါင်းဆောင်ဖြစ်ရမှာပါ။ ဒီလိုပြောလိုက်တော့ သူတို့တွေ ရှုံ့မဲ့ရှုံ့မဲ့တွေ ဖြစ်ကုန်ပြီး ဒေါသတကြီးနဲ့ ဆူပူကုန်ကြတာပေ့ါ။ ဒါပေမယ့် ဒီလိုမျိုး တုံ့ပြန်တဲ့ပုံက အလုပ်မှ မဟုတ်တာ" လို့ မာကူလာက ဆိုပါတယ်။

### မေလ ၂၈ ရက်၊ အင်္ဂါနေ့

ဂျော့တို့အဖွဲ့ မာကူလာဆီ ချဥ်းကပ်ခဲ့တဲ့အကြောင်းကို နောက်နေ့မှာ စကူလေ သိသွားတော့ ဒေါသအိုး ပေါက်ကွဲပြီး ဂျော့ရုံးခန်းကို ရောက်လာပါတယ်။ ဘုတ်အဖွဲ့ကို သူပြောပြီးပြီဖြစ်ကြောင်း၊ ဘုတ်အဖွဲ့ကလည်း သူ့ကို ထောက်ခံထားကြောင်း ဂျော့ကို ထပ်မံအသိပေးပြီး ဂျော့ကို ထွက်သွားစေချင်တယ်လို့ ထပ်ပြောလိုက်ပါသေးတယ်။ ပြီးတာနဲ့ စကူလေဟာ မာကူလာဆီကို သွားပြီး သူ ပြင်ဆင်ထားတဲ့ ကုမ္ပဏီဖွဲ့စည်းပုံ ဇယားအသစ်နဲ့ အစီအစဥ်တွေကို မာကူလာကို ရှင်းပြပါတယ်။ မာကူလာက အသေးစိတ်အချက်အလက်တွေ ပြန်မေးပြီး နောက်ဆုံးမှာ စကူလေကို

ကောင်းချီးပေးလိုက်ပါတော့တယ်။ စကူလေဟာ သူ့ ရုံးခန်းကို ပြန်ရောက်ရောက်ချင်း ကျန်တဲ့ ဘုတ်အဖွဲ့ဝင်တွေဆီကိုပါ ဖုန်းဆက်ပြီး သူတို့အားလုံးရဲ့ ထောက်ခံချက်ရကြောင်း သေချာအောင် လုပ်လိုက်ပါတယ်။ ဟုတ်ပါတယ်။ အားလုံးက စကူလေကို ထောက်ခံပါတယ်။

ပြင်သစ်က ဂတ်ဆေးက ဂျော့ရဲ့ မက်ကင်းတော့ရှ်ဌါနနဲ့ ဌါနကထုတ်သမျှ ထုတ်ကုန်တွေကို လွှဲပြောင်းတာဝန်ယူမှာဖြစ်ပြီး ဂျော့ အတွက်တော့ ဘာဌါနမှ ပေးစရာ မကျန်တော့ပါဘူး။ စကူလေက ဂျော့ကို ဘုတ်အဖွဲ့ ဥက္ကဋ္ဌအဖြစ် နာမည်ခံထားပြီး သုတေသနဌါနကို ကွပ်ကဲမယ်ဆိုရင် ကွပ်ကဲနိုင်ကြောင်း ကမ်းလှမ်းသေးပေမယ့် ဒီအချိန်မှာတော့ ဂျော့အတွက်က သုတေသနဌါနတွေ ဘာတွေလည်း စကားထဲ ထည့်ပြောနေဖို့ မလိုတော့ပါဘူး။ စကူလေက သူ့နောက်ကျောကို ဓားနဲ့ထိုးလိုက်ပြီလို့ ခံစားနေရတဲ့ ဂျော့ရဲ့ ခံစားချက်က ဖျက်မရအောင် ခိုင်ကျဥ်သွားခဲ့ပါပြီ။ လက်ရှိအခြေအနေကို သဘောပေါက်သွားပြီး အရှိတရားအတိုင်းပဲ လက်ခံလိုက်ရတော့မယ်လို့ နားလည်လာတဲ့ ဂျော့ဟာ မျက်ရည်တွေနဲ့ပဲ အဖော်လုပ်ရင်း ဘီလ်ကမ်းဘဲလ်၊ ဂျေးအီးလီယော့၊ မိုက်မာရေး စတဲ့ သူ အားကိုးရမယ်လို့ထင်ရတဲ့ သူတွေဆီကိုပဲ သွေးရူးသွေးတန်းနဲ့ ဖုန်းတွေ ဆက်ပါတော့တယ်။ မိုက်မာရေးဆီ အရေးကြီးဖုန်းဆိုပြီး ဖုန်းဝင်လာလို့ ကိုင်လိုက်တဲ့အချိန်မှာ ဂျော့က ဒီဘက်မှာ ရှိုက်ကြီးတငင် ငိုနေပါပြီ။ “အရာအားလုံး ပြီးသွားပြီဗျာ” လို့ တစ်ခွန်းပဲပြောပြီး ဖုန်းချသွားတဲ့အခါ မာရေးက ဂျော့ တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်ပြီး ဂျော့ဆီကို အပြေးထွက် လာပါတယ်။ ဂျော့နဲ့ တစ်ညလုံး အချိန်ဖြုန်းရင်း ဂျော့ကို အရှုံးအနိုင် ပေါ်သွားတဲ့ တိုက်ပွဲတစ်ခု အပေါ်မှာ ဆက်ပြီးတော့ ခွန်အားတွေ မဖြုန်းတီးပဲ ဝရမ်းပြေးစစ်ရှုံး ဗိုလ်ချုပ်တစ်ယောက်လို ရှောင်ပြေးနေမယ့်အစား သိက္ခာရှိတဲ့ စစ်သားကောင်း တစ်ယောက်လို မနက်ဖြန်မှာ လုပ်မယ့် ကုမ္ပဏီဖွဲ့စည်းပုံအသစ် ကြေညာတဲ့ အခမ်းအနားကို သွားတက်ဖို့ ဂျော့ကို တိုက်တွန်းနိုင်ခဲ့ပါတယ်။

### မေ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့

စကူလေ ရှင်းပြမယ့် ကုမ္ပဏီရဲ့ ဖွဲ့စည်းပုံအစီအစဥ်အသစ်ကို နားထောင်ဖို့ စောင့်နေတဲ့ ဝန်ထမ်းတွေရဲ့နောက်မှာ တိတ်တိတ်လေးဝင်လာပြီး ထိုင်နေလိုက်ပါတယ်။ ဂျော့ဝင်လာတာကို သိတော့ ခေါင်းတွေအများကြီး စောင်းငဲ့ကြည့်ကြပေမယ့် တချို့ကသာ ဂျော့ကို အသိအမှတ်ပြုတဲ့ အနေနဲ့ မေးဆတ်ပြကြပြီး ဘယ်သူကမှ တစ်ယောက်ချင်းလာပြီး ချစ်ချစ်ခင်ခင်နဲ့ ပွေ့ဖက် နှုတ်ဆက်တာမျိုး မလုပ်ကြပါဘူး။ ဂျော့ဟာ မျက်တောင်မခတ်စတမ်း စူးစူးနစ်နစ်န စိုက်ကြည့် နေပါတယ်။ စကူလေ ဘယ်တော့မှ မမေ့နိုင်မယ့် မုန်းတီးမှုတွေအပြည့်နဲ့ အကြည့်မျိုးနဲ့ပါ။ စကူလေက

စင်မြင့်ထက်ကနေ ဂျော့ကို မမြင်ချင်ယောင်ဆောင်ရင်း ကုမ္ပဏီဖွဲ့စည်းပုံ အစီအစဉ်အသစ်ကို စတင်ဖတ်ကြားပါတယ်။ ဖွဲ့စည်းပုံဟောင်း အသစ်အရ Apple II နဲ့ မက်ကင်းတော့ရှ်ဌာနတွေကို တစ်ခုတည်းအဖြစ် ပေါင်းလိုက်ပြီး ပြင်သစ်က ဂတ်ဆေးက ဦးဆောင်မယ်လို့ ကြေညာလိုက်ပါတယ်။ ယောထိပ်က ဥက္ကဋ္ဌဆိုတဲ့ အကွက်နေရာမှာတော့ ဘယ်သူ့နာမည်မှ ရေးမထားပဲ ဒီအတိုင်း ချန်ထားပါတယ်။ ဂျော့ကိုတော့ ထုတ်ကုန်အသစ်တွေအတွက် ကမ္ဘာလုံးချီ အတိုင်းအတာနဲ့ အမြင်တွေဖော်ဆောင်ပေးရမယ့် သုတေသန အကြီးအကဲအဖြစ် လွဲပြောင်းတာဝန်ပေးလိုက်ကြောင်း ကြေညာလိုက်ပေမယ့် ဂတ်ဆေးတုန်းကလို ပရိသတ်နဲ့ မိတ်ဆက်ပေးဖို့ စင်ပေါ်ကို မဖိတ်ခဲ့ပါဘူး။ ပရိသတ်တွေဆီက ကျိုးတို့ကျဲတဲ လက်ခုပ်သံတွေ ထွက်လာပါတယ်။

ဒီကနောက်မှာတော့ ဂျော့ဟာ ဘော့ဒိုင်လန်သီချင်းတွေပဲ နားထောင်ရင်း ဘယ်သူနဲ့မှ အတွေ့မခံပဲ အိမ်ထဲမှာပဲ အောင်းနေပါတော့တယ်။ ဟာ့ဇ်ဖဲလ်နဲ့ အတ်ကင်ဆန်တို့ ဦးဆောင်တဲ့ မက်ကင်းတော့ရှ် သစ္စာတော်ခံအဖွဲ့တွေက စစ်ရှုံးပိုလ်ချုပ်ဆီကို လာပြီး ဖြေသိမ့်ပေးဖို့ နည်းမျိုးစုံနဲ့ ကြိုးစားကြပေမယ့် သူတို့ရဲ့ ကြိုးပမ်းမှုက ဂျော့ရဲ့ ရိုက်ချိုးဖျက်ဆီးခံထားရတဲ့ နာကျင်ဝမ်းနည်းမှု ထုထည်ကို ဘယ်လိုမှ အရာထင်အောင် မလျော့ပါးစေခဲ့ပါဘူး။ ဂျော့ အခုလို အလွန်အကျွံ နာကျင်ခံစားနေရတာလည်း နားလည်မယ်ဆို နားလည်ပေးလို့ရပါတယ်။ ဂျွန်စကူလေ၊ မိုက်မာကူလာနဲ့ အာသာရော့ခ်တို့ သုံးယောက်လုံးက ဂျော့ကို စွန့်ပစ်သွားကြပါပြီ။ ဒါဟာ မွေးကင်းစကတည်းကလည်း မိဘအရင်းတွေရဲ့ စွန့်ပစ်ခြင်းကို ခံခဲ့ရတဲ့ ဂျော့အတွက် အရွယ်ရောက်လို့ လူလာမြောက်ပြီးကာမှ မိဘလို့ ထင်ထားသူတွေရဲ့ နောက်တစ်ကြိမ် စွန့်ပစ်ခံရတဲ့ နာကျင်မှုမျိုးကို တဖန် ထပ်ခံစားစေခဲ့တယ်လို့ ဆိုရပါမယ်။ ဒီနာကျင်မှုဟာ ထင်ထားတာထက် အများကြီး ပိုပြင်းထန်ဆိုးရွားပါတယ်။ “ကျွန်တော်ဟာ လေတွေ ဖောက်ထုတ်ခံလိုက်ရသလို ခံစားခဲ့ရတယ်။ လေတွေက ကျွန်တော့်ကိုယ်ထဲက ပန်းထွက်ကုန်ပြီး အသက်တောင် ရှူလို့မရတော့ဘူး” လို့ နောင်တစ်ချိန်မှာ ဂျော့က ပြန်ပြောပြပါတယ်။

အထူးသဖြင့် အာသာရော့ခ်ရဲ့ စွန့်ပယ်ခြင်းကို ခံလိုက်ရတာ ဂျော့အတွက် အတော်လေး ထိခိုက်ခံစားခဲ့ရရှာပါတယ်။ “ရော့ခ်ဟာ ကျွန်တော့အတွက် အဖေတစ်ယောက်လိုပဲ၊ သူ ကျွန်တော့်ကို အရာရာသင်ပြပေးခဲ့သူပါ။ ဒါပေမယ့် သူ ကျွန်တော့အစား စကူလေကိုပဲ ရွေးခဲ့တယ်။ ကျွန်တော် တစ်ကယ့်ကို မယုံနိုင်အောင် ဖြစ်ခဲ့ရပါတယ်။ ရော့ခ် ကျွန်တော့ကို ဘယ်တော့မှ စွန့်ပစ်ထားခဲ့လိမ့်မယ်လို့ မထင်ခဲ့ဘူး” လို့ နောင်နှစ်ပေါင်း အများကြီးကြာပြီးမှ ပြန်ပြောပြနေတဲ့ ဂျော့ရဲ့ မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေ စို့တက်လာပါတယ်။ ဂျော့ရဲ့ သိမ်ငယ်ဝမ်းနည်းစိတ်တွေ

တဖြည်းဖြည်းနဲ့ လွင့်ပါးသွားတဲ့ အချိန်မှာတောင် စကူလေအပေါ် ထွက်တဲ့ ဒေါသနဲ့ သစ္စာဖောက်ခံရတယ်ဆိုတဲ့ ခံစားမှုကတော့ လျော့မသွားပဲ ပိုပြီး နက်ရှိုင်းလို့သာ လာပါတယ်။

စကူလေက လေ့လာရေးအဖွဲ့တစ်ဖွဲ့ကို "လုပ်ငန်းဖော်ဆောင်ရေး ရှုထောင့်က ပြောရမယ်ဆိုရင် ဂျော့ရဲ့ အခန်းကဏ္ဍ ပြီးဆုံးသွားပါပြီ။ ဒီနေ့မှာလည်း မရှိတော့သလို အနာဂတ်အတွက်လည်း မရှိတော့ပါဘူး။ သူ ဘာဆက်လုပ်မလဲတော့ ကျွန်တော် မသိဘူး" လို့ ကြေညာလိုက်တဲ့အခါ ဂျော့ရဲ့ အမုန်းတရားတွေဟာ ဖျက်မရအောင် ခိုင်ကျည်သွားပါတော့တယ်။ နောက်ဆုံး ဂျော့ဟာ စိတ်ပြေလက်ပျောက်ဖြစ်အောင် ဥရောပတစ်ခွင် လှည့်လည်ခရီးထွက်ရင်း လအတော်ကြာကြာ အချိန်ဖြုန်းပစ်လိုက်ပါတယ်။ စကူလေကတော့ အမြင်ဖော်ဆောင်ချမှတ်သူ သုတေသနအရာရှိအဖြစ် ဂျော့ ပြန်ပေါ်လာဦးမယ်လို့ မျှော်လင့်နေဆဲ ဖြစ်ပေမယ့် ဂျော့ကတော့ ဒီပုံစံနဲ့ ပြန်လာစရာအကြောင်း လုံဝမရှိတော့ပါဘူး။ အမှန်တော့ ဂျော့ဟာ လုံးဝပုံစံမတူတဲ့ ရွှေ့ကွက်အသစ်တစ်ခုကို ရွှေ့ဖို့ ကျိတ်ပြီး ပြင်ဆင်နေခဲ့ပါတယ်။

# အခန်း (၁၃)

## Next

၁၉၈၅ ဩဂုတ်မှာ ဂျော့ဟာ ဥရောပက ပြန်လာပါတယ်။ ပြန်ရောက်တယ်ဆိုရင်ပဲ သူ့ခေါင်းထဲမှာ ရှိနေတဲ့ အစီအစဥ်တွေကို အကောင်အထည်ဖော်ဖို့ စလှုပ်ရှားတော့တာပါပဲ။ ဂျော့ရဲ့ အစီအစဥ်ကတော့ ကိုယ်ပိုင် ကုမ္ပဏီအသစ်တစ်ခုထောင်ပြီး ပိုစွမ်းအားမြင့်တဲ့ ကွန်ပျူတာအသစ်တွေ ထပ်ထုတ်ဖို့ပါ။ ဂျော့ မက်ကင်းတော့ရှ်ဌာနကို ဦးစီးနေတုန်းကတည်းက စလုပ်နေတဲ့ Big Mac ဆိုတဲ့ ပရောဂျက် အသစ်တစ်ခု ရှိပါတယ်။ ဂျော့ Apple က ထွက်သွားရပြီး လူးဝစ်ဂတ်ဆေးနဲ့ မက်ကင်းတော့ရှ်ဌာနကို အစားထိုးလိုက်တဲ့ အချိန်မှာ ဂတ်ဆေးက Big Mac ပရောဂျက်ကို ရပ်ပစ်လိုက်ပါတယ်။ Big Mac ကို မက်ကင်းတော့ရှ်ထက် လုပ်ဆောင်ချက်ပိုများပြီး စွမ်းအားပိုမြင့်တဲ့ အဆင့်မြင့် မျိုးဆက်ကွန်ပျူတာအဖြစ် ထုတ်လုပ်ဖို့ ရည်ရွယ်ထားတာပါ။ ဂျော့က တက္ကသိုလ် ဓာတ်ခွဲခန်းတွေမှာ သုတေသနလုပ်ငန်းတွေအတွက် သုံးဖို့လိုအပ်နေတဲ့ စွမ်းအားမြင့်ကွန်ပျူတာတွေ ထုတ်လုပ်ရောင်းချဖို့ အာရုံကျနေတဲ့အခါ သူ့ကိုယ်ပိုင် ကုမ္ပဏီအသစ်ကနေ Big Mac ပရောဂျက်ကို ပုံစံတစ်မျိုးနဲ့ အသက်ပြန်သွင်းဖို့ ဆုံးဖြတ်လိုက်ပြီး Apple က သူ့ အမာခံ အင်ဂျင်နီယာတွေနဲ့ တိုင်ပင်ကြည့်လိုက်ပါတယ်။

မက်ကင်းတော့ရှ်ဌာနက ထိပ်ပိုင်း အင်ဂျင်နီယာတွေဖြစ်တဲ့ ရစ်ချပ်ပေ့ဂ်ျ တို့၊ ဘတ်ထရစ်ဘယ် တို့ကလည်း ဂျော့ကို ကိုယ်ပိုင်ကုမ္ပဏီတစ်ခု ထောင်ပြီး သူတို့ကို လာခေါ်ထုတ်သွားဖို့ တိုက်တွန်းတောင်းဆိုနေတော့ ဂျော့အတွက်က ရေငတ်တုန်း ရေတွင်းထဲကျသလိုပါပဲ။ နောက်ထပ် မက်ကင်းတော့ရှ်က အမာခံအင်ဂျင်နီယာတွေဖြစ်တဲ့ ဂျော့ချ်ခရိုးနဲ့ စူဆန်ဘာနီးစ် တို့ကိုပါ ခေါ်ယူ အင်အားဖြည့်ပြီးတဲ့အချိန်မှာ ကွန်ပျူတာတွေကို တက္ကသိုလ်တွေဆီ လိုက်ဖြန့်ပေးမယ့် ဈေးကွက် ကျွမ်းကျင်သူတစ်ယောက် ခေါ်ဖို့လိုနေတဲ့အတွက် ဒီနေရာကို Apple က ဈေးကွက်ကျွမ်းကျင်သူ ဒန်နယ်လီဝင်း ကိုပဲ ရွေးချယ်လိုက်ကြပါတယ်။

ဂျော့ဟာ ဒီအချိန်ထိ Apple ဘုတ်အဖွဲ့ရဲ့ အမည်ခံ ဥက္ကဋ္ဌနေရာမှာ ရှိနေဆဲပါ။ ကုမ္ပဏီအသစ် ထောင်မယ်ဆိုရင်တော့ ဒီကိစ္စကို ပြီးပြတ်အောင် ရှင်းဖို့ လိုတဲ့အတွက် ဂျော့က Apple ရဲ့ ဘုတ်အဖွဲ့အစည်းကို တစ်ရက်သွားတက်ပြီး အစီရင်ခံစာတစ်ခု တင်လိုက်ပါတယ်။ စကူလေက သူတို့ကို ဝေဖန်တဲ့ အစီရင်ခံစာလို့ ထင်နေပေမယ့် အမှန်တော့ ဂျော့ ကုမ္ပဏီအသစ်တစ်ခု ထောင်မယ့် အကြောင်းနဲ့ ဘုတ်အဖွဲ့ရဲ့ ဥက္ကဋ္ဌရာထူးကနေ နုတ်ထွက်မယ်ဆိုတဲ့ အစီရင်ခံစာပါ။ သူ့ရဲ့ ကုမ္ပဏီအသစ်ဟာ Apple နဲ့ ပြိုင်ဘက် မဖြစ်စေရဘူးလို့ ဂျော့က ကတိပေးလိုက်တဲ့အပြင် တက္ကသိုလ်ဓာတ်ခွဲခန်းတွေအတွက် ကွန်ပျူတာတွေ ထုတ်ရောင်းမယ့် အစီအစဥ်ကိုလည်း ပြောပြခဲ့ပါ သေးတယ်။ ဒ့ါအပြင် ကုမ္ပဏီအသစ်အတွက် Apple က အောက်ခြေ ဝန်ထမ်းတစ်ချို့ကိုလည်း သူနဲ့အတူ ခေါ်သွားမှာဖြစ်ကြောင်း အသိပေးလိုက်တဲ့အခါ မာကူလာတို့ ဘုတ်အဖွဲ့ လူကြီးတွေ ဒီအချက်ကို စိုးရိမ်ကုန်ကြပါတယ်။ ဒါပေမယ့် ဂျော့က “ဘာမှ မပူပါနဲ့ဗျာ။ ကျွန်တော်ခေါ်သွားမယ့် လူတွေက ခင်ဗျားတို့အတွက် လွမ်းလောက်စရာမရှိတဲ့ သာမန် အောက်ခြေဝန်ထမ်းတွေပါ။ မဟုတ်လည်း သူတို့ ကိုယ်တိုင်က အလုပ်ထွက်ကြတော့မယ့် သူတွေပါ” လို့ နှစ်သိမ့်လိုက်ပါတယ်။

Apple က ဘုတ်အဖွဲ့လူကြီးတွေက ဂျော့ရဲ့ ကုမ္ပဏီအသစ် အောင်မြင်ပါစေလို့ ဆုတောင်းပေးလိုက်ပြီး ဂျော့ရဲ့ ကုမ္ပဏီအသစ်မှာ Apple က ၁၀ ရာခိုင်နှုန်း ဝင်ပါမယ်လို့တောင် ကမ်းလှမ်းခဲ့ပါတယ်။ ဂျော့နဲ့ ဂျော့လူတွေ ဒီကိစ္စကို ခေါင်းချင်းရိုက် တိုင်ပင်ကြတဲ့အခါမှာတော့ သူတို့ကို ဝင်ပါခွင့်ပေးတာဟာ ဘယ်လိုမှ အမြော်အမြင်ရှိရာမရောက်ကြောင်း သဘောတူလိုက် ကြတဲ့အပြင် ဂျော့ဆီလာမယ့် အင်ဂျင်နီယာတွေအားလုံးက Apple နဲ့ ကင်းကင်းပြတ်ပြတ်ဖြစ်ဖို့ ချက်ချင်းပဲ တစ်ပြိုင်နက် အလုပ်ထွက်လိုက်ကြမယ်လို့ ဆုံးဖြတ်လိုက်ကြပါတယ်။

ဂျော့ဆီပါသွားတဲ့ လူစာရင်းကို Apple ဘုတ်အဖွဲ့တွေ သိသွားတဲ့ အချိန်မှာ မခံမရပ်နိုင်အောင် ဖြစ်ကုန်ကြပါတယ်။ ဂျော့ပြောတဲ့အတိုင်း ဒီလူတွေဟာ အောက်ခြေအဆင့် ဝန်ထမ်းတွေ

မဟုတ်ဘူးလို့ Apple ဘုတ်အဖွဲ့က သတ်မှတ်ပါတယ်။ ဒီလူတွေဟာ အရမ်းကိုတော်ပြီး အားကိုးရတဲ့ အမာခံ အင်ဂျင်နီယာတွေဆိုတာ အမှန်ပါ။ ဒါပေမယ့် စကူလာရဲ့ ဖွဲ့စည်းပုံဇယားအသစ်မှာ သူတို့ကို ဘာရာထူးကြီးကြီးမားမားမှ ပေးမထားတဲ့အတွက် ဂျော့ပြောတဲ့အတိုင်း အောက်ခြေဝန်ထမ်းတွေဆိုတာလည်း အမှန်ပါပဲ။ ဂျော့ဟာ ဘုတ်အဖွဲ့ ဥက္ကဋ္ဌရာထူးကို အလွဲသုံးစားလုပ်ပြီး ကုမ္ပဏီကို ဆိုးဆိုးရွားရွား သစ္စာဖောက်သွားတယ်လို့ Apple က လူကြီးတွေဘက်က တွေးပါတယ်။ ဒေါသထွက်နေကြတဲ့ ဘုတ်အဖွဲ့ဝင် လူကြီးတွေထဲမှာ အာသာရော့ခ်ကတော့ အဆိုးဆုံးပါပဲ။ ဂျော့နဲ့ သားအဖတစ်မျှ ဆက်ဆံရေးရှိပါရက်နဲ့ ကုမ္ပဏီထောင်မယ့်အကြောင်း သူ့ကို ဘာမှ ကြိုအသိမပေးခဲ့တဲ့အတွက် အာသာရော့ခ်အနေနဲ့ သစ္စာဖောက်ခံလိုက်ရသလိုလည်း ခံစားနေရပါ တယ်။

ဒီကိစ္စကို ဘယ်လိုမှ ပြေလည်အောင် ဖြေရှင်းလို့မရတော့တဲ့အဆုံးမှာ စကူလေနဲ့ Apple ဘုတ်အဖွဲ့ဝင်တွေဟာ ယုံကြည်မှုကို အလွဲသုံးစားလုပ်တဲ့ စွဲချက်နဲ့ ဂျော့ကို တရားစွဲဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။ စွဲချက်ထဲမှာပါတဲ့ အဓိကအချက်တွေကတော့ (က) Apple နှင့် အတိုက်အခံဖြစ်မည့် ကုမ္ပဏီတစ်ခုအား မည်သူ့မျှ အသိမပေးပဲ ဖွဲ့စည်းခဲ့ခြင်း၊ (ခ) မျိုးဆက်သစ်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရန် ရည်ရွယ်ထားသည့် Apple မှ ထုတ်ကုန်ဒီဇိုင်းနှင့် နည်းပညာတို့အား လွဲမှားစွာ အခွင့်ကောင်းယူ၍ အသုံးပြုရန် လျှို့ဝှက်ကြံစည်မှုနှင့် (ဂ) Apple မှ အရေးပါသည့် ဝန်ထမ်းများအား လျှို့ဝှက်စွာ စည်းရုံးသိမ်းသွင်းခဲ့ခြင်း စတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

အဲဒီအချိန်မှာ ဂျော့ဟာ ဒေါ်လာသန်း ၁၀၀ လောက်တန်ကြေးရှိတဲ့ Apple ကုမ္ပဏီက သူပိုင်တဲ့အစုရှယ်ယာ ယူနစ်ပေါင်း ၆.၅ သန်း ယူနစ်ကို အားလုံးရောင်းပစ်လိုက်ပြီး လိုအပ်ရင် Apple ရဲ့ ဘုတ်အဖွဲ့အစည်းအဝေးကို လာတက်လို့ရအောင် ယူနစ်တစ်ခုကိုပဲ မရောင်းပဲ ချန်ထားလိုက်ပါ တယ်။ သူ့ရဲ့ လုပ်ရပ်တွေနဲ့ ပက်သက်ပြီး Apple ဘုတ်အဖွဲ့လူကြီးတွေက မီဒီယာစာမျက်နှာတွေပေါ်ကနေ ဖွင့်ချ တိုက်ခိုက်တဲ့ အပေါ်မှာ ဂျော့ဟာ အကြီးအကျယ် ပေါက်ကွဲသွားပြီး သူ့ဘက်က လိုအပ်တာတွေ တုံ့ပြန်ပြောဆိုနိုင်ဖို့ နယူးစ်ဝိခ်မဂ္ဂဇင်းနဲ့ ချိပ်ဆက်ပြီး ပြန်လည်ချေပပါတော့တယ်။ နောက်အပတ်မှာထွက်တဲ့ နယူးစ်ဝိခ်စာစောင်ထဲမှာ ဂျော့ရဲ့ ပြန်လည်ချေပမှုတွေ ပါလာပါတယ်။ နယူးစ်ဝိခ်ကနေ ဂျော့က "ကျွန်တော် အကျွမ်းကျင်ဆုံး အလုပ်ကတော့ ထက်မြက်တဲ့လူတွေ လိုက်စုပြီး သူတို့နဲ့ အတူတူ တစ်ခုခု ဖန်တီးတဲ့ အလုပ်ပဲ။ လူတစ်ယောက်က သူ ပထမဆုံးချစ်ခဲ့တဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်တော့မှ မမေ့နိုင်သလိုပဲ ကျွန်တော်လည်း Apple ကုမ္ပဏီကို အမြဲသတိရနေမှာပါ။ ဒါပေမယ့် တစ်ယောက်ယောက်က လူပုံအလည်မှာ ကိုယ့်ကို သူခိုးလို့ လာအော်ရင်တော့ ပြန်တုံ့ပြန်ဖို့တော့ လိုတယ်လေ။ ဒေါ်လာ ၂ ဘီလီယံလောက်တန်ပြီး

ဝန်ထမ်းပေါင်း ၄၃၀၀ ကျော်ရှိတဲ့ ကုမ္ပဏီတစ်ခုက ဂျင်းဘောင်းဘီ အပြာရောင်လေးနဲ့ လူလေး ခြောက်ယောက်လောက်ကို မယှဉ်ပြိုင်ဝံ့ဘူးဆိုတာတော့ တော်တော် နားလည်ရခက်တဲ့ ကိစ္စပါ" လို့ ဆိုပါတယ်။

Apple က ဂျော့ကို တရားစွဲဖို့လုပ်တဲ့ ကစ္စဟာ အလွန်ပြင်းထန်ရာကျပြီး ဝမ်းနည်းစရာလည်း ကောင်းတဲ့ ကိစ္စပါ။ Apple ဟာ မိမိကိုယ်ကိုယ် ယုံကြည်စိတ်ချပြီး သူပုန်စိတ်အပြည့်နဲ့ ရပ်တည်ခဲ့တဲ့ ကုမ္ပဏီတစ်ခု မဟုတ်တော့ဘူးဆိုတာ ဒီအချက်က သက်သေပြနေပါတယ်။ ဂျော့ဟာ ဒီပြဿနာတွေ ဖြစ်ပြီးချိန်ကစပြီး စကူလေနဲ့ လုံးဝ စကားမပြောတော့ပါဘူး။

## ကိုယ့်ခြေကိုယ့်လက်

ပစ္စည်းတစ်ခုရဲ့ အသေးစိတ်ဒီဇိုင်းနဲ့ အသွင်အပြင်ပေါ်မှာ အစွဲအလန်းကြီးပြီး ရိုးရှင်းသားနားမှုကို အထူးတပ်မက်တတ်တဲ့ ဂျော့ဟာ သူတည်ထောင်မယ့် ကုမ္ပဏီအသစ်ကို ရိုးရှင်းစွာပဲ NeXT လို့ ပေးလိုက်ပါတယ်။ နောက်လှမ်းမယ့် ခြေလှမ်းအသစ်တစ်ခုအတွက် 'နောက်ထပ်' လို့ အဓိပ္ပါယ်ရှိတဲ့ စကားလုံးတစ်ခုပါ။ ဘယ်သူမှ အရေးကြီးတယ်လို့ မသတ်မှတ်ကြတဲ့ အချက်တွေကို နံပါတ်တစ် ဦးစားပေးအဖြစ် သတ်မှတ်တတ်တဲ့ ဂျော့ဟာ NeXT အတွက် လိုဂိုဒီဇိုင်းအပ်တဲ့ ကိစ္စကို မဟာအရေးတော်ပုံကြီးတစ်ခုလို သဘောထားပြီး စိတ်နှစ် ကိုယ်နှစ် လုပ်ခဲ့ပါတယ်။ NeXT အတွက် လိုဂိုဆွဲပေးမယ့်သူအဖြစ် နာမည်ကျော် ဒီဇိုင်းဆရာ ပေါလ်ရန့်ဒ်ကို ရွေးချယ်ခဲ့ပြီး လေးထောင့်တုံးလေး ပေါ်မှာ NeXT လို့ ရေးထားတဲ့ လိုဂိုဒီဇိုင်းတစ်ခုရဖို့အတွက် ဒေါ်လာ ၁၀၀၀၀၀ ငွေသားနဲ့ လက်ငင်းပေးချေခဲ့ရပါတယ်။ အမှန်တော့ ပေါလ်ရန့်ဒ်ဟာ IBM အတွက် အလုပ်လုပ်ပေးနေတဲ့ ဒီဇိုင်နာဖြစ်တဲ့အတွက် NeXT ရဲ့ လိုဂိုကို ဆွဲပေးနိုင်ဖို့ IBM ရဲ့ ခွင့်ပြုချက် လိုပါတယ်။ အရှိတရားကို လိုချင်တဲ့အတိုင်းဖြစ်အောင် ပုံသွင်းယူလို့ရတယ်လို့ ယုံကြည်တတ်တဲ့ ဂျော့ကတော့ IBM ကို နားဝင်အောင် ဖျောင်းဖျနိုင်ခဲ့ပါတယ်။

လိုချင်တဲ့ ကုန်အမှတ်တံဆိပ် ဒီဇိုင်းကို ရပြီဆိုတဲ့အခါ ကုန်အမှတ်တံဆိပ်ရဲ့ အသွင်အပြင်နဲ့ ကိုက်ညီမယ့် ဒီဇိုင်းနဲ့ ကွန်ပျူတာတွေကို ပုံဖော်ပေးနိုင်မယ့် ယုံကြည်အားကိုးရတဲ့ စက်မှုဒီဇိုင်းပညာရှင် တစ်ယောက် လိုလာပါပြီ။ ဒီနေရာအတွက် ဂျော့ မျက်စိကျနေသူကတော့ ဟာ့မတ်အက်စ်လင်ဂျာ ဆိုတဲ့ Apple က အက်စ်လင်ဂျာကို ဂျော့ အတွက်ပါတွဲပြီး အလုပ်လုပ်ပေးဖို့ စည်းရုံးရတဲ့ကိစ္စကတော့ ထင်သလောက် မလွယ်ပါဘူး။ အက်စ်လင်ဂျာက ပြဿနာတွေကြားထဲ ညပ်ပါမှာကြောက်နေပါတယ်။ အက်စ်လင်ဂျာကို NeXT အတွက်ပါ တွဲလုပ်စေချင်တယ်ဆိုရင် အရင်ဆုံး Apple နဲ့

တရားရင်ဆိုင်နေရတဲ့ ကိစ္စကို ပြီးပြတ်အောင်လုပ်နိုင်မှ ဖြစ်မယ်လို့ သဘောပေါက်လာပါတယ်။ ကံကောင်းချင်တော့ စကူလေတို့ဘက်ကလည်း ဒီကိစ္စကို တရားရုံးပြင်ပမှာ ရှင်းတဲ့နည်းနဲ့ ပြီးအောင် ဖြေရှင်းပစ်ချင်နေတဲ့အတွက် တရားရုံးပြင်ပမှာပဲ နှစ်ဦး နှစ်ဖက် အလျှော့အတင်း၊ အပေးအယူလုပ်ပြီး ပြေလည်သွားကြပါတယ်။ ပြေလည်မှုရဖို့အတွက် NeXT ကုမ္ပဏီအနေနဲ့ တက္ကသိုလ်နဲ့ ကျောင်းတွေကိုသာ တိုက်ရိုက်ရောင်းချတဲ့ သီးသန့်အဆင့်မြင့် ကွန်ပျူတာတွေပဲ ထုတ်ဖို့နဲ့ ၁၉၈၇ မတိုင်မီ စတင်ရောင်းချခြင်း မပြုဖို့ သဘောတူခဲ့ရပြီး NeXT ကထုတ်မယ့် ကွန်ပျူတာတွေမှာ မက်ကင်းတော့ရှ်နဲ့ တူတဲ့ Operation System ကို မသုံးဖို့ဆိုတဲ့ တောင်းဆိုချက်ကိုလည်း လိုက်လျောခဲ့ရပါတယ်။

Apple နဲ့ ကိစ္စတွေကို အပြတ်ရှင်းပြီး လူစုံတက်စုံနဲ့ အဆင်သင့် ဖြစ်လာတဲ့အခါ ဂျော့နဲ့ ဒန်နီယယ်လီဝင်းတို့ ဟားဗတ်တက္ကသိုလ်အပါအဝင် ရှိသမျှ ကောလိပ်တွေ၊ တက္ကသိုလ်တွေကို သွားပြီး NeXT အတွက် မားကတ်တင်းဆင်းတဲ့ ခရီးစဉ်တွေကို စလုပ်ပါတယ်။ အောက်စဖို့ဒ် တက္ကသိုလ်ကနေ ရှိတ်စပီးယားရဲ့ စာပေတွေကို စာပြန်စီပြီး ကွန်ပျူတာနဲ့ သိမ်းဆည်းထားဖို့ လုပ်နေတာကို ဂျော့ သတင်းကြားသွားတဲ့အခါ သူထုတ်မယ့် NeXT ကွန်ပျူတာအသစ်တွေမှာ ရှိတ်စပီးယားရဲ့ စာပေတွေကိုပါ အဆင်သင့် ထည့်ပေးထားဖို့ အိုင်ဒီယာရသွားပြီး အောက်စဖို့ဒ်က ကွန်ပျူတာစာစီပြီးသား ဖိုင်တွေကို အသုံးပြုခွင့်အတွက် ကနဦး ဒေါ်လာ ၂၀၀ နဲ့ NeXT ကွန်ပျူတာတစ်လုံးရောင်းရတိုင်း ၇၅ ဆင့် ပေးချေတဲ့ပုံစံနဲ့ ဝယ်ယူလိုက်ပါတယ်။ NeXT ကို စဖြန့်တဲ့ အချိန်မှာ အဘိဓာန်ဆော့ဖ်ဝဲတစ်ခုနဲ့ အောက်စဖို့ဒ် ဆိုရိုးစကားပေါင်းချုပ် စတဲ့ ဆော့ဖ်ဝဲတွေ တစ်ခါတည်း တပ်ဆင်ထားပြီးသား ကွန်ပျူတာတစ်လုံးအနေနဲ့ ပေါ်ထွက်လာခဲ့ပါတယ်။

ထုံးစံအတိုင်း ဂျော့ရဲ့ အကောင်းဆုံးဝါဒနဲ့ ပြစ်မျိုးမဲ့မထင်ဖြစ်မှ ကြိုက်တတ်တဲ့ အကျင့်ကြောင့် NeXT ကွန်ပျူတာအတွက် ပရောဂျက်ဟာ ပြီးသင့်တဲ့အချိန်ထက် အတော်ကြီးနောက်ကျပြီးမှ ဈေးကွက်ထဲ ရောက်လာခဲ့ပါတယ်။ လျာထားတဲ့အချိန်ထက် ပိုကြာလာတဲ့အခါမှာ လုပ်ငန်းဆက်လက် လည်ပတ်ဖို့အတွက် ဘတ်ဂျက်ထပ်တိုးရမယ့် အခြေအနေ ဖြစ်လာပါတယ်။ ပစ္စည်းစရောင်းရပြီး အမြတ်မပေါ်ခင် အချိန်ထိ ဝင်ငွေလုံးဝမရှိပဲ အထွက်သက်သက်နဲ့ ဆက်လက်တောင့်မခံနိုင်ရင် ဘဏ္ဍာရေး အကျပ်အတည်းနဲ့ ကြုံပြီး လုပ်ငန်းလည်ပတ်မှုတွေ ရပ်လိုက်ရမယ့် အနေအထားကို ရောက်လာတဲ့အတွက် ရှယ်ယာရှင် တစ်ယောက်ယောက်ဆီက ငွေကြေးအကူညီယူဖို့ လိုအပ်လာ ပါတယ်။ ဂျော့ဟာ NeXT မှာ ဒေါ်လာသုံးသန်း ထည့်ဝင်ရင် ၁၀ ရာခိုင်နှုန်း အကျိုးအမြတ် ပိုင်ဆိုင်ခွင့်ပေးမယ်ဆိုတဲ့ အကြောင်းကြားစာကို ဖြစ်နိုင်ခြေ ရှိမယ့် ရင်းနှီးမြှုတ်နှံသူတွေဆီကို

ပို့လိုက်ပါတယ်။ ၁၀ ရာခိုင်နှုန်းအတွက် ဒေါ်လာ သန်း ၃၀ ဆိုတဲ့သဘောပါ။ အမှန်ကတော့ ဂျော့ဟာ NeXT အတွက် ဒေါ်လာ ၇ သန်းလျော့လျော့ပဲ သုံးစွဲရပါသေးတယ်။ ဘယ်သူမှ NeXT မှာ ရင်းနှီးမြှုတ်နှံဖို့ စိတ်မဝင်စားကြပါဘူး။

ဒါပေမယ့် ဒီလူတွေရဲ့ ကြားထဲမှာ ဂျော့ရဲ့ အကြောင်းကို ဖတ်မိသွားတဲ့ ရော့စ်ပီးရော့ ဆိုတဲ့ သန်းကြွယ်သူဌေး ရင်းနှီးမြှုတ်နှံသူ တစ်ယောက်ကတော့ NeXT ကို စိတ်ဝင်စားသွားပါတယ်။ ဂျော့နဲ့ ဂျော့ရဲ့ အင်ဂျင်နီယာတွေ အကြောင်းကို ရုပ်သံအစီစဉ်တစ်ခုကနေ ကြည့်မိပြီးတဲ့နောက်မှာ ပီးရော့ဟာ ရင်းနှီးမြှုတ်နှံမယ့်သူ လိုချင်ရင် သူ့ကို ဆက်သွယ်နိုင်တယ်လို့ ဂျော့ဆီကို ဖုန်းလှမ်းဆက်လိုက်ပါတယ်။ ရင်းနှီးမြှုတ်နှံပေးမယ့် လူတစ်ယောက်လောက် လိုချင်တာ တစ်ပိုင်းသေနေပေမယ့် ဂျော့ဟာ ပီရော့ဆီကို ချက်ချင်း ပြန်မဆက်သွယ်ပဲ တစ်ပတ်လောက် အချိန်ဆွဲထားလိုက်ပါသေးတယ်။ အထိုက်အသင့် အချိန်ဆွဲထားပြီးတဲ့နောက်မှ ဂျော့က NeXT မှာ ၁၆ ရာခိုင်နှုန်း ရှယ်ယာပိုင်ဆိုင်ခွင့်အတွက် ဒေါ်လာ သန်း ၂၀ ထည့်ဝင်ရမယ်လို့ တောင်းဆို လိုက်ပါတယ်။ ဒေါ်လာ ၇ သန်းတောင်ပြည့်အောင် မထည့်ဝင်ရသေးတဲ့ ကုမ္ပဏီတစ်ခုလုံးရဲ့ တန်ဖိုးကို ဒေါ်လာ ၁၂၆ သန်းလို့ သတ်မှတ် ဈေးခေါ်လိုက်တဲ့သဘောပါ။ ဒါပေမယ့် ငွေရေးကြေးရေးက သိပ်ပြဿနာ မဟုတ်တဲ့ ရော့စ်ပီးရော့ ကတော့ ဂျော့နဲ့ တစ်ကြိမ်တွေ့ဆုံဆွေးနွေးပြီးတဲ့နောက်မှာ လိုအပ်တဲ့ ငွေကြေးကို ထည့်ဝင်မယ်လို့ ခေါင်းညိတ်လိုက်ပါတယ်။ တစ်ချိန်က စကူလေ, ဂျော့နဲ့ စတွေ့ချိန်မှာ ပြောခဲ့တဲ့လေသံနဲ့ တစ်ထပ်တည်း ပီးရော့ကလည်း "ဂျော့က ကျွန်တော်နဲ့ တစ်ထေရာတည်းပဲဗျ" လို့ မှတ်ချက် ပေးလိုက်ပါသေးတယ်။



**မက်ကင်းတော့ရှ် အဖွဲ့သားများ**

## ဘီလ်ဂိတ်နဲ့ NeXT

ဘီလ်ဂိတ်နဲ့ ဂျော့နဲ့ကတော့ အသွေးအသားချင်းက တကယ့်ကို ဆန့်ကျင်ဘက်တွေပါ။ ဂျော့က မက်ကင်းတော့ရှ်မှာ သုံးမယ့် ဆော့ဖ်ဝဲတွေကို ဘီလ်ဂိတ်ကို တီထွင်ခိုင်းရာကနေ ဒီတီထွင်မှုတွေဟာ မထင်မှတ်ပဲ မိုက်ကရိုဆော့ဖ်အတွက် အကျိုးအမြတ် ကြီးကြီးမားမား ရရှိစေမယ့် ဆော့ဖ်ဝဲတွေ ဖြစ်လာပါတယ်။ ဘီလ်ဂိတ်က မက်ကင်းတော့ရှ် ကွန်ပျူတာကို သဘောကျပေမယ့် ဂျော့ရဲ့ NeXT ကိုတော့ သိပ်အထင်မကြီးခဲ့ပါဘူး။ NeXT ရုံးခန်းကို ဘီလ်ဂိတ် ရောက်လာပြီး NeXT ကွန်ပျူတာကို ပထမဆုံး တွေ့ပြီးတဲ့နောက် ဘီလ်ဂိတ်ရဲ့ မှတ်ချက်ကတော့ "အသုံးမကျတဲ့စက်ပဲ။ တကယ့်ကို့ယို့ကားယားပါလား" ဆိုတဲ့ မှတ်ချက်ပါပဲ။ InfoWorld နဲ့ အင်တာဗျူးတစ်ခုမှာလည်း ဘီလ်ဂိတ်က NeXT နဲ့ ပက်သက်ပြီး "NeXT ကို အဆင့်မြှင့်တင်ဖို့ ဟုတ်လား။ ကျွန်တော်ကတော့ သေးနဲ့ပဲ ပန်းချင်တယ်" လို့ ဝေဖန်ခဲ့ပါတယ်။ ဟုတ်ပါတယ်။ ဂျော့က NeXT အတွက် ဆော့ဖ်ဝဲတွေ ရေးပေးဖို့ ဘီလ်ဂိတ်ကို တောင်းဆိုပေမယ့် ဘီလ်ဂိတ်ကတော့ ငြင်းလိုက်ပါတယ်။

NeXT ဟာ ကွန်ပျူတာလောကရဲ့ မျိုးဆက်လှိုင်း အသစ်တစ်ခုလို့ ဂျော့က ဘယ်လိုပဲပြောပြော ဘီလ်ဂိတ်ကတော့ NeXT ကွန်ပျူတာတွေ တကယ် စျေးကွက်ခိုင်ခိုင်မာမာ ရလာပြီဆိုရင် စဥ်းစားပေးမယ်ဆိုပြီး ငြင်းမြဲ ငြင်းနေတဲ့အတွက် ဂျော့ဟာ အကြီးအကျယ် ဒေါသထွက်နေပါပြီ။ ပါလိုအယ်လ်တိုက NeXT ရုံးခန်းထဲမှာ လုပ်နေတဲ့ ဂျော့နဲ့ ဘီလ်ဂိတ်တို့ရဲ့ ဆွေးနွေးမှုက အော်ကြီးဟစ်ကျယ် ဖြစ်ပြီး ဝန်ထမ်းတွေအများကြီး ဝိုင်းကြည့်နေကြချိန်မှာ ဂျော့က ဒေါသပိုထွက်လာလေလေ၊ ဘီလ်ဂိတ်ကတော့ ပိုတည်ငြိမ်လာလေလေပါပဲ။ နောက်ဆုံးမှာ ဘီလ်ဂိတ်ဟာ ခေါင်းကို

ခါယမ်းရင်း ရုံးခန်းထဲကနေ ခပ်ဖြည်းဖြည်း လျှောက်ထွက်လာခဲ့ပါတော့တယ်။

ဘီလ်ဂိတ်နဲ့ ဆွေနွေးတဲ့ကိစ္စ အဆင်မပြေတဲ့အခါ ဂျော့ဟာ ကွန်ပျူတာ နည်းပညာလောကမှာ မဟာအင်အားကြီး ကုမ္ပဏီတစ်ခုတည်း ပေါ်ထွက်လာပြီး အားလုံးကို လွှမ်းမိုးသွားမယ့် အဖြစ်မျိုးက ရှောင်ရှားနိုင်ဖို့အတွက် သူ့သဘာဝနဲ့ ဆန့်ကျင်တဲ့ အလုပ်နှစ်ခုကို လုပ်ဖို့ လိုအပ်လာပါတယ်။ ဒါကတော့ သူတီထွင်ထားတဲ့ ဆော့ဖ်ဝဲတွေကို တခြားကွန်ပျူတာထုတ်လုပ်တဲ့ ကုမ္ပဏီတွေဆီကိုပါ ထုတ်လုပ်ခွင့် ရောင်းချပေးရတဲ့ အလုပ်ရယ်၊ IBM နဲ့ မချစ်သော်လည်း အောင့်ကာနမ်းပြီး လက်တွဲခဲ့ရတဲ့ အလုပ်နှစ်ခုပါပဲ။ ဂျော့ဟာ NeXT ကွန်ပျူတာမှာ အသုံးပြုထားတဲ့ NeXT STEP ဆိုတဲ့ ဆော့ဖ်ဝဲတစ်မျိုးအတွက် အသုံးပြုခွင့်လိုင်စင်ကို IBM ဆီ ရောင်းချပေးခဲ့ပြီး IBM အတွက် ဆော့ဖ်ဝဲတွေ ဒိုင်ခံရေးသားပေးနေတဲ့ ဘီလ်ဂိတ်ကို အရှိုက်ထိအောင် ထိုးလိုက်နိုင်ပါတယ်။ ပထမတော့ ဂျော့ဟာ ဘီလ်ဂိတ်တစ်ယောက် စားမဝင်၊ အိပ်မပျော်အောင် ကောင်းကောင်း လုပ်နိုင်ခဲ့ပြီလို့ ထင်နေပါတယ်။ IBM က ဂျော့ရဲ့ NeXT STEP ဆိုတဲ့ ဆော့ဖ်ဝဲအသုံးပြုခွင့်လိုင်စင် ဝယ်လိုက်တဲ့ သတင်းကို ကြားသွားတဲ့အခါ တခြားနာမည်ကြီး ကွန်ပျူတာ ထုတ်လုပ်သူတွေဖြစ်တဲ့ Dell, Compag စတဲ့ ကုမ္ပဏီတွေကပါ NeXT STEP ပရိုဂရမ်ကို ဝယ်ယူဖို့ ကမ်းလှမ်းလာကြရုံတင်မကပဲ NeXT အနေနဲ့ ဟာ့ဒ်ဝဲပစ္စည်းတွေ လုံးဝ မထုတ်လုပ်တော့ဘူးဆိုရင် NeXT STEP ကို အဆမန် ဈေးမြှင့်ပေးပြီးဝယ်ဖို့ ကမ်းလှမ်းကြသူတွေတောင် ရှိပါတယ်။

ဒါပေမယ့် လောလောဆယ် တွေးစရာတွေ အရမ်းများနေတဲ့ ဂျော့ဟာ ကမ်းလှမ်းမှုမှန်သမျှကို ငြင်းပစ်လိုက်ပြီး IBM နဲ့ သဘောတူထားတဲ့အတိုင်းပဲ ဆက်သွားဖို့ စိုင်းပြင်းနေခဲ့ပါတယ်။ ဒါပေမယ့် ဂျော့နဲ့ သဘောတူထားတဲ့ IBM က အရာရှိ အလုပ်ထွက်သွားပြီး သူ့နေရာမှာ ဂျင်မ်ကန်နာဗီနီ ဆိုတဲ့ တာဝန်ခံအသစ် ရောက်လာတဲ့ အခါမှာတော့ အခြေအနေက အားရစရာ မရှိတော့ပါဘူး။ IBM က ကွန်ပျူတာတွေမှာ NeXT STEP ဆော့ဖ်ဝဲကို အသုံးပြုဖို့ ဂျော့က တိုက်တွန်းခဲ့ပေမယ့် ကန်နာဗီနီကတော့ အေးတိအေးစက် လုပ်နေပါတယ်။ နောက်ပိုင်းမှာတော့ ဂျော့ဆီက ဖုန်းလာရင်တောင် မကိုင်တော့တဲ့ အခြေအနေဖြစ်လာပြီး နဂိုရထားတဲ့ သဘောတူညီမှုလည်း ပျက်ပြယ်သွားပါတော့တယ်။ ဒါပေမယ့် ဂျော့ကတော့ NeXT STEP အသုံးပြုခွင့် လိုင်စင်ကိုတော့ ရောင်းချထားပြီး ဖြစ်တဲ့အတွက် ငွေကြေး အကျိုးအမြတ်တော့ ရခဲ့ပါတယ်။

## NeXT အားမွေးဖွားခြင်း

၁၉၈၈ အောက်တိုဘာ ၁၂ ရက်နေ့၊ မီးရောင်စုံတွေ၊ ရုပ်ရှင်ပိတ်ကားတွေနဲ့ အထူးပြင်ဆင်ထားတဲ့ ခန်းမကြီးထဲမှာ လူ ၃၀၀၀ ကျော်လောက် ရောက်နေကြပါတယ်။ သူတို့ဟာ ဈေးကွက်ထဲကို ပထမဆုံး စတင်မွေးဖွား ရောက်ရှိလာမယ့် NeXT ကွန်ပျူတာအသစ် မိတ်ဆက်ပွဲ အခမ်းအနား မစခင် ၂ နာရီလောက် အလိုကတည်းက ကြိုရောက်နေကြပါတယ်။ ဂျော့ဟာ ဒီအခမ်းအနားအတွက် ဗွီဒီယိုပရောဂျက်တာ ကုမ္ပဏီတစ်ခုကို ဒေါ်လာ ၆၀၀၀၀ ပေးငှားခဲ့ပြီး စတိတ်စင် အပြင်အဆင်အတွက် ဂျော့ချ်ကုတ်စ် ဆိုတဲ့ ဇာတ်ရုံ ပရိုဂျူဆာ တစ်ဦးကိုလည်း ဈေးကြီးကြီးပေးပြီး ခေါ်ယူပြင်ဆင်စေခဲ့ပါတယ်။

"အခုလို ပြန်လာခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ အခု ခင်ဗျားတို့ဟာ ၁၀ နှစ်နေမှ တစ်ကြိမ်လောက် မြင်တွေ့ရမယ့် အခမ်းအနားတစ်ခုကို ကြည့်ရှုခွင့်ရတော့မှာ ဖြစ်ပါတယ်။ တစ်ပြည်လုံးမှာရှိတဲ့ တက္ကသိုလ်တွေနဲ့ တိုင်ပင်ဆွေးနွေးပြီးတဲ့နောက်မှာ ပိုအဆင့်မြင့်တဲ့ ပညာရေးစနစ်ဟာ တစ်ကိုယ်ရေသုံး ကွန်ပျူတာတွေကို ကောင်းကောင်းလိုအပ်နေတယ် ဆိုတာ ကျွန်တော်တို့ သဘောပေါက်လာပါတယ်" ဆိုတဲ့ စကားတွေနဲ့ ပရိသတ်တွေရဲ့ သြဘာကို အပြည့်အဝ ရရှိခဲ့တဲ့ ဂျော့ဟာ စတိတ်စင်ပေါ်မှာ ၃ နာရီကြာ အချိန်ဖြုန်းခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ ဂျော့ဟာ NeXT မှာပါတဲ့ အောက်စ်ဖို့ဒ်တက္ကသိုလ်က ပြုစုထားတဲ့ ရှိတ်စပီးယားရဲ့ စာအုပ်အကြောင်းကို မိတ်ဆက်ပေးခဲ့ပြီး ကွန်ပျူတာမှာပါတဲ့ အီလက်ထရောနစ် အဘိဓာန်အကြောင်းကို ရှင်းလင်းပြောကြားရာမှာတော့ မှတ်မှတ်သားသား ဖြစ်လောက်စရာနည်းနဲ့ ပရိသတ်ကို ပွဲကျစေခဲ့ပါတယ်။ "တစ်ခါတစ်လေမှာ ကျွန်တော့် အကျင့်ကို ဖော်ပြပေးနိုင်တဲ့ စကားလုံးတွေကတော့ 'mercurial' ဆိုတဲ့ စကားလုံးပါပဲ" လို့ ဂျော့က ပြောလိုက်တဲ့အခါ ဂျော့အကြောင်းကို ကောင်းကောင်း သိထားတဲ့ ပရိသတ်အချို့ဆီကနေ ရယ်သံတွေ ထွက်လာပါတယ်။ ဂျော့က ဒီစကားလုံးရဲ့ အဓိပ္ပါယ်ကို ကွန်ပျူတာရဲ့ အဘိဓာန်ထဲကနေ ဖတ်ပြပေးမယ်ဆိုပြီး ကွန်ပျူတာက အဘိဓာန်ကို ဖွင့်ပြီး အဓိပ္ပါယ်ဖွင့်ဆိုချက်တွေကို အသံထွက်ဖတ်ပြပါတယ်။ 'mercuriel' စကားလုံးရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်ကတော့ မာကျူရီဂြိုလ်နှင့် သက်ဆိုင်သော မာကျူရီဂြိုလ်အောက်တွင် မွေးဖွားသော ဆိုတဲ့ အဓိပ္ပါယ်တွေဖြစ်ပြီး နောက်ဆုံးဖွင့်ဆိုချက်ကတော့ "ကြိုတင်ခန့်မှန်းမရနိုင်သည့် ပြောင်းလွယ်ပြင်လွယ်သည့် စိတ်အခြေအနေ စရိုက်ရှိသော" လို့ ဖြစ်ပါတယ်။ ပရိသတ်တွေဆီက ရယ်သံတွေ ထပ်ထွက်လာတဲ့အခါ ဂျော့က "နောက်ထပ် ရွှေ့ပြီး ကြည့်သွားမယ်ဆိုရင် Saturnine ဆိုတဲ့ စကားလုံးတစ်လုံး

ထွက်လာတယ်။ ဒီစာလုံးပေါ်မှာ ဒဘာယ်ကလစ် နှိပ်လိုက်ရင်တော့ သူ့ရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက် ထွက်လာပါတယ်။ အဲဒါကတော့ "အေးစက်ပြီး တုံ့ဏှိဘာဝေဖြစ်သော၊ အပြောင်းအလဲအား တုံ့ပြန်ရာနှင့် လုပ်ကိုင်ဆောင်ရွက်ရာ၌ နှေးကွေးသော" ဆိုတဲ့ အဓိပ္ပါယ်ပါပဲ။ သုန်မှုန်ထိုင်းမှိုင်းသော လို့လည်း အဓိပ္ပါယ်ရပါတယ်။ ကဲ ဒီလိုဆိုတော့ Saturnine ထက်စာရင် Mercurial က မဆိုးဘူး မဟုတ်လားဗျာ" လို့ ပြောလိုက်တဲ့အခါ ပရိသတ်တွေဆီက ရယ်သံတွေ သောသောညံသွားပါတယ်။


လက်ခုပ်သံတွေ၊ ဩဘာသံတွေနဲ့ ရယ်သံတွေ ပြီးနောက်မှာတော့ သိပ်မကောင်းလှတဲ့ သတင်းတစ်ခုကို ထုတ်ပြောရမယ့်အလှည့် ရောက်လာပါတယ်။ အဲဒါကတော့ NeXT ကွန်ပျူတာရဲ့ ရောင်းဈေးပါ။ "အဆင့်မြင့်ပညာရေးလောကအတွက် ကျွန်တော်တို့ ရောင်းချမယ့် NeXT ကွန်ပျူတာ တစ်စုံရဲ့ ဈေးနှုန်းကတော့ ဒေါ်လာ ၆၅၀၀ ထဲပါ" လို့ ဂျော့က ကြေညာလိုက်တဲ့အခါမှာတော့ လက်ခုပ်သံတွေ ဟိုတစ်စ၊ ဒီတစ်စ ခပ်ကျဲကျဲပဲ ထွက်လာပါတယ်။ ဒ့ါအပြင် အခု ဗားရှင်းဟာ NeXT ရဲ့ 1.0 ဗားရှင်းအပြည့် မဟုတ်ပဲ 0.9 ဗားရှင်းကို နောက်နှစ် နှစ်ဦးပိုင်းလောက်မှာ ထပ်မံထွက်ရှိမယ်လို့ ကြေညာလိုက်တဲ့အခါ ပရိသတ်တွေ ပိုစိတ်ပျက်ကုန်ကြပါတယ်။ ဒါပေမယ့် ဂျော့ အထူးဖိတ်ခေါ်ထားတဲ့ ဘာခ်(Bech) ရဲ့ A Minor Violion Concert ဆိုတဲ့ တေးသွားကို NeXT ကွန်ပျူတာနှင့် အတူတူတွဲပြီး တီးခတ်ဖျော်ဖြေပြလိုက်တဲ့အခါမှာတော့ ဈေးနှုန်းမြင့်နေတာတွေ၊ ဗားရှင်းမပြည့်တဲ့ အကြောင်းတွေကို ပရိသတ်တွေ မေ့ကုန်ပြီး သဘောအကျကြီး ကျကုန်ပါတော့ တယ်။

ဒီမိတ်ဆက်ပွဲပြီးတဲ့နောက်မှာတော့ ဂျော့က ဒီအကြောင်းကို မျက်နှာဖုံးတင်ပေးမယ်ဆိုရင် တခြားမဂ္ဂဇင်းတွေနဲ့ အင်တာဗျူးမလုပ်ပဲ သီးသန့် အင်တာဗျူးဖြေပေးမယ်ဆိုပြီး Business Week မဂ္ဂဇင်းနဲ့ သီးသန့် အင်တာဗျူးခွင့် အစီအစဉ်ကို သဘောတူထားပါတယ်။ ဒါပေမယ့် Fortune နဲ့ Newsweek မဂ္ဂဇင်းတို့ကိုလည်း ဒီအတိုင်းပဲ သဘောတူထားပြန်ပါတယ်။ ခက်တာက Fortune ရဲ့ ထိပ်တန်းအယ်ဒီတာတစ်ဦးဖြစ်တဲ့ ဆူဆန်ဖရက်ကာနဲ့ Newsweek ရဲ့ အယ်ဒီတာ မေနာဒ့်ပက်ကာ တို့ဟာ လင်မယားတွေဆိုတာကို ဂျော့ မသိခဲ့တာက ပြဿနာပါ။ နောက်ဆုံးမှာတော့ Newsweek နဲ့ Business Week နှစ်ခုမှာပဲ ဒီသတင်းပါလာပါတယ်။

ဟိုးလေးတကျော်ကျော်ဖြစ်အောင် နည်းမျိုးစုံနဲ့ ဖွထားတဲ့ အရှိန်တွေ ကုန်သွားတဲ့အခါမှာတော့ NeXT ရောင်းအားလည်း ထိုးရပ်သွားပါတယ်။ NeXT ကွန်ပျူတာတွေ ဈေးကွက် အခိုင်အမာရှိလာပြီ ဆိုရင် ဆော့ဖ်ဝဲတွေ ရေးပေးမယ်လို့ ဆိုထားတဲ့ ဘီလ်ဂိတ်လည်း တော်တော်စိတ်ပျက်သွားပါတယ်။

# အခန်း (၁၄)

## ကံကြမ္မာရထားကြီးအတိုင်း မိုင်ပေါင်းများစွာ



Apple ကနေ ကန်ထုတ်ခံရပြီး တစ်နှစ်အကြာ ဂျော့ရဲ့ အသက် ၃၁ နှစ်အရွယ် ရောက်တဲ့အခါ ဂျော့ရဲ့ မွေးစားအမေ ကလာရာဟာ ဆေးလိပ်သောက်ခဲ့တဲ့ ဒဏ်တွေကြောင့် ကင်ဆာရောဂါ ပေါ်လာပြီး အိပ်ယာထဲ အပြင်းလဲပါတော့တယ်။ ဂျော့ဟာ ကလာရာရဲ့ ခုတင်ဘေးမှာ အချိန်တိုင်း လိုလို ရှိနေခဲ့ပြီး ကလာရာကို သူ အရင်က တစ်ခါမှမပြောဖူးတဲ့ ပုံစံနဲ့ စကားတွေပြောပြီး အရင်က မေးဖို့ ရှောင်လွှဲခဲ့တဲ့ မေးခွန်းမျိုးတွေ မေးလာပါတယ်။ အဖေနဲ့ လက်ထပ်တဲ့အချိန်မှာ အမေက အပျိုစစ်သေးလားဆိုတဲ့ မေးခွန်းမျိုးအပါအဝင်ပေါ့။ သေလုမြောပါး ဝေဒနာနဲ့ အိပ်ယာထဲလဲနေတဲ့ ကလာရာအဖို့တော့ ဂျော့ကို စကားပြန်ပြောဖို့ ပင်ပန်းတကြီး ကြိုးစားနေရတဲ့ကြားကပဲ အပြုံးတစ်ခုကို အားယူဖန်တီးရင်း သူမဟာ ပေါလ်ဂျော့နဲ့ လက်မထပ်ခင်က အိမ်ထောင် တစ်ခါကျခဲ့ဖူးကြောင်း၊ သူမရဲ့ ပထမအိမ်ထောင်က ယောက်ျားဟာ စစ်ထဲလိုက်သွားပြီး တိုက်ပွဲမှာပဲ ကျဆုံးခဲ့ကြောင်း၊ အဲဒီနောက် ပေါလ်ဂျော့နဲ့ လက်ထပ်လိုက်ပြီး ဂျော့ကို ဘယ်လိုမွေးစားခဲ့ကြောင်း စတာတွေကို အသေးစိတ် ပြန်ပြောပြရှာပါတယ်။

ဒီအကြောင်းတွေကို သိရပြီးမကြာမီမှာပဲ ဂျော့ဟာ သူ့ကို မွေးစားမယ့် လူတွေလက်ထဲ ထိုးထည့်ခဲ့တဲ့ သူ့ရဲ့ အမေအရင်းဟာ ဘယ်သူလဲဆိုတာကို အောင်အောင်မြင်မြင် စုံစမ်းဖော်ထုတ်နိုင် ခဲ့ပါတယ်။ အမှန်တော့ ဂျော့ဟာ သူ့အမေအရင်း အကြောင်းကို စုံစမ်းဖို့အတွက် ၁၉၈၀ အစောပိုင်း

နှစ်တွေကတည်းက အလွတ်စုံထောက်တစ်ယောက် ငှါးပြီး စုံစမ်းနေခဲ့တာပါ။ ဒါပေမယ့် ဘာသဲလွန်စမှ မရခဲ့ပါဘူး။ မကြာခင်မှာပဲ သူ့ မွေးစားစာရင်းပေါ်မှာ ပါတဲ့ ဆန်ဖရန်စစ္စကို က ဒေါက်တာ တစ်ယောက်ရဲ့ နာမည်ကို ဂျော့ တွေ့သွားတဲ့အခါ ဖုန်းစာအုပ်ထဲမှာ ဒီဒေါက်တာရဲ့ ဖုန်းနံပါတ်ကို လိုက်ရှာပြီး ရအောင် ဆက်သွယ်ခဲ့ပါတယ်။ ဒေါက်တာနဲ့ ဆက်သွယ်လို့ ရခဲ့ပေမယ့် သူ့မွေးစာရင်းမှတ်တမ်းတွေ အားလုံး မီးထဲပါသွားပြီ ဆိုတဲ့အတွက် လမ်းစပျောက်သွားပြန်ပါတယ်။ အမှန်တော့ ဂျော့နဲ့ ပက်သက်တဲ့ အချက်အလက်တွေ မီးထဲပါသွားပြီဆိုတာ မဟုတ်ပါဘူး။ ဂျော့နဲ့ ဖုန်းပြောပြီးပြီးချင်းမှာပဲ ဒေါက်တာဟာ စာတစ်စောင်ကို ချက်ချင်း ကောက်ရေးပြီး၊ စာအိပ်ထဲထည့်၊ ချိပ်ပိတ်ကာ "ကျွန်ုပ် ကွယ်လွန်သွားသည့်အခါမှ စတိဗ်ဂျော့ကို ပေးရန်" လို့ စာအိတ်ပေါ်မှာရေးပြီး သိမ်းထားလိုက်ပါတယ်။ မကြာခင်မှာပဲ ဒေါက်တာ ကွယ်လွန်သွားတဲ့အခါ ကျန်ရစ်တဲ့ သူ့ဇနီးက စာအိပ်ကို ဂျော့ဆီ ပို့ပေးခဲ့ပါတယ်။ ဒီစာထဲမှာ ဂျော့ရဲ့ အမေအရင်းဟာ ဝစ်ကွန်ဆင်က လာတဲ့ ဂျွန်နေစကီးဘဲလ် ဆိုတဲ့ တရားဝင်ယောက်ျားမရှိတဲ့ ဘွဲ့ရပညာတတ် အမျိုးသမီးတစ်ဦးဖြစ်ကြောင်း ထုတ်ဖော်ထားတဲ့အတွက် ဂျော့လည်း နောက်ထပ် အလွတ်စုံထောက် တစ်ယောက် ထပ်ငှါးပြီး စုံစမ်းရှာဖွေတဲ့ အလုပ်ကို ထပ်လုပ်ခဲ့ပါတယ်။

ရက်သတ္တပါတ် အနည်းငယ် ကြာပြီးတဲ့နောက်မှာတော့ ဂျော့ သိချင်နေတာတွေ အကုန်လုံး သိခွင့်ရသွားပါပြီ။ ဂျော့ရဲ့ အမေအရင်း ဂျွန်နေးဟာ ဂျော့ကို စွန့်ပစ်ထားခဲ့ပြီး မကြာမီမှာပဲ ဂျော့ရဲ့ အဖေအရင်းဖြစ်တဲ့ အဗ်ဒူဗတဂျွန်ဂျန်ဒါလီနဲ့ လက်ထပ်လိုက်ပြီး မိုနာဆိုတဲ့ နောက်ထပ် သမီးလေးတစ်ယောက် မွေးဖွားခဲ့ကြောင်း၊ နောက် ၅ နှစ်လောက်အကြာမှာ ဂျန်ဒါလီက သူတို့သားအမိ နှစ်ယောက်ကို စွန့်ပစ်သွားတဲ့အတွက် ဂျွန်နေးဟာ ဂျော့ဆင်ပသန် ဆိုသူတစ်ဦးနှင့် လက်ထပ်လိုက်ပေမယ့် ရေရှည်မတည်မြဲခဲ့ပဲ ၁၉၇၀ မှာ ဂျွန်နေနဲ့ သူမရဲ့သမီး မိုနာတို့ဟာ ကိုယ့်ခြေကိုယ့်လက်ပေါ် ရှန်းကန်ရပ်တည်ဖို့ လော့စ်အိန်ဂျလိစ်ကို ထွက်လာခဲ့ကြကြောင်း စတဲ့ ဇာတ်လမ်းရှည်ကြီးကို အလွတ် စုံထောက်ဆီကနေတစ်ဆင့် ဂျော့ သိခွင့်ရလိုက်ပါတယ်။

အမေအရင်း အကြောင်းကို သူခြေရာခံဖို့ သိပြီဆိုတဲ့ အကြောင်းကိုတော့ ဂျော့က သူ့ရဲ့မွေးစားမိဘတွေဖြစ်တဲ့ ပေါလ်နဲ့ ကလာရာကို ထုတ်မပြောခဲ့ပါဘူး။ ဂျော့ဟာ သူ့ရဲ့ မွေးစားမိဘတွေကို အရမ်းချစ်တဲ့အလျောက် သူ့အမေရင်းကို ပြန်ရှာနေတာ သူ့မွေးစားမိဘတွေ သိသွားရင် မလိုအပ်ပဲ အနောက်ယှက်ဖြစ်ပြီး စိတ်ထိခိုက် ခံစားရမှာကို စိုးရိမ်တဲ့အတွက် အတိတ်ကို ပြန်ရှာဖွေတဲ့ကိစ္စကို လျှို့ဝှက်ထားခဲ့ပါတယ်။ ၁၉၈၆ မှာ ကလာရာ ကွယ်လွန်သွားတဲ့ အချိန်အထိ ဂျော့ဟာ သူ့အမေအရင်း ဂျွန်နေးကို လုံးဝမဆက်သွယ်ခဲ့ပါဘူး။ "ကျွန်တော်က သူတို့ကို

မိဘအရင်းတွေအဖြစ် သဘောမထားဖူးလို့ သူတို့မြင်သွားမှာကို လုံးဝအဖြစ်မခံနိုင်ဘူး။ ကျွန်တော့်အတွက်တော့ သူတို့ဟာ တစ်ကယ့်မိဘအရင်းတွေပါပဲ” လို့ ဂျော့က ဆိုပါတယ်။ ဒါပေမယ့် ကလာရာ ဆုံးသွားပြီးတဲ့နောက်မှာတော့ ဂျော့ဟာ သူ့အမေအရင်းကို ရှာတွေ့ထားတဲ့အကြောင်း ပေါလ်ကို ထုတ်ပြောဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ပေါလ်ကလည်း ဒီကိစ္စအတွက် ဘာမှ စိတ်အနှောက်ယှက် မဖြစ်တဲ့အပြင် ဂျော့အနေနဲ့ သူ့အမေအရင်းနဲ့ ဆက်သွယ်ချင်ရင် ဆက်သွယ်နိုင်ကြောင်း ခွင့်ပြုပေးခဲ့ပါတယ်။

ဒါနဲ့ ဂျော့လည်း တစ်ရက်မှာ သူ့အမေအရင်း ဂျွန်နေးဆီကို ဖုန်းခေါ်ရင်း သူဘယ်သူဆိုတာ ပြောပြလိုက်ပြီး လောစ်အိန်းဂျလိစ်မှာ ရှိတဲ့ ဂျွန်နေနဲ့ သွားတွေ့လိုက်ပါတယ်။ နောက်ပိုင်းမှာ ဂျော့ ပြန်ပြောပြတာကတော့ ဒီလို တွေ့ဖို့ ဆုံးဖြတ်လိုက်တာဟာ စပ်စုလိုစိတ် တစ်ခုတည်းကြောင့်ပဲလို့ ဆိုပါတယ်။ “ကိုယ့်ရဲ့ အကျင့်စရိုက်တွေကို ပြဋ္ဌာန်းပေးတာက ဗီဇအရင်းအမြစ် ဆိုတာထက် ပတ်ဝန်းကျင်က ပိုအဓိက ကျတယ်လို့ပဲ ကျွန်တော် ယုံကြည်တယ်။ ဒါပေမယ့် ခင်ဗျားဟာ ကိုယ့်ရဲ့ ဇီဝရင်းမြစ်က ဘယ်ကလာတယ်ဆိုတာကိုတော့ နည်းနည်းလောက် စူးစမ်းဖို့လိုမယ် မဟုတ်လား။ လို့ ဂျော့က သူ့သဘောထားကို ရှင်းပြခဲ့ပါတယ်။ “ကျွန်တော့် အမေအရင်း အဆင်ပြေပြေရှိရဲ့လားဆိုတာ ကြည့်ဖို့နဲ့ သူ့ကို ကျေးဇူးတင်ကြောင်း ပြောဖို့ကသာ အဓိကပါ။ ဘာလို့လဲဆိုတော့ ကိုယ်ဝန်ဖျက်ချ ခံလိုက်ရတယ် ဆိုတဲ့ ဘဝနဲ့ အဆုံးမသတ်ပဲ ဒီလိုအရွယ်ထိ ဒီလိုဖြစ်နေတာ သူ ကျွန်တော့်ကို မွေးပေးခဲ့လို့လေ။ ကျွန်တော့်ကို ကိုယ်ဝန်လွယ်ထားရတဲ့ အချိန်က သူလဲ အသက် ၂၃ နှစ်ပဲရှိသေးပြီး ကိစ္စတော်တော်များများကို ရင်ဆိုင်ဖြတ်သန်းခဲ့ရမှာ သေချာပါတယ်” လို့ ဆိုပါတယ်။

ဂျော့ ရောက်သွားတဲ့အခါမှာ ဂျွန်နေးဟာ သူမရဲ့ ခံစားချက်ကို ထိန်းနိုင်တဲ့အခြေအနေ ဖြစ်နေပေမယ့် ရုတ်တရက် ခံစားချက်တွေပေါက်ထွက်ပြီး အတင်းအကျပ် ဖိအားပေးခံရလို့သာ ဂျော့ကို သားအဖြစ်က စွန့်လွှတ်ကြောင်း စာချုပ်မှာ လက်မှတ်ရေးထိုးခဲ့ရတဲ့ အကြောင်းတွေကို ရင်ဖွင့်လာပါတယ်။ သူမဟာ ဂျော့ကို အမြဲတမ်း လွမ်းဆွတ်နေခဲ့ပြီး သူမရဲ့ လုပ်ရပ်အတွက်လည်း ဖြေမဆည်နိုင်အောင် နောင်တရခဲ့ကြောင်း ပြောပြီး ဂျော့ကို ထပ်တလဲလဲ တောင်းပန်ပါတော့တယ်။ ဂျော့က ဒီအတွက် သူ့စိတ်ထဲမှာ ဘာမှမထားကြောင်း၊ သူမရဲ့ အခြေအနေကိုလည်း သူနားလည်ပေးနိုင်ပြီး သူ့အတွက်လည်း အစစ အရာရာ အဆင်ပြေခဲ့ကြောင်း အကြိမ်ကြိမ် ပြန်နှစ်သိမ့်ခဲ့ရပါတယ်။ သူ့ကိုယ်သူ ထိန်းသွားနိုင်တဲ့အချိန်မှာ ဂျွန်နေးဟာ ဂျော့မှာ မိုနာဆိုတဲ့ ညီမအရင်း တစ်ယောက်ရှိပြီး သူမဟာ မဟန်တန်မှာ စာရေးဆရာမတစ်ယောက် ဖြစ်နေကြောင်း ဂျော့ကို ထုတ်ပြောလိုက်ပါတယ်။ ဂျော့က ဒီအကြောင်းတွေကို သိတန်သလောက် သိပြီးသား

ဖြစ်ပေမယ့် မိုနာကတော့ သူ့မှာ အစ်ကိုအရင်း တစ်ယောက်ရှိထားကြောင်း လုံးဝ မသိရှာပါဘူး။ အဲဒီနေ့မှာပဲ ဂျွန်နေးဟာ ဒီလျို့ဝှက်ချက်ရဲ့ တစ်စွန်းတစ်စကို မိုနာ့ဆီ ဖုန်းဆက်ပြီး ဖွင့်ချလိုက်ပါတယ်။

ဘယ်သူရယ်၊ ဘယ်ဝါရယ်လို့ မပြောပဲ မိုနာ့မှာ အစ်ကိုအရင်း တစ်ယောက်ရှိတဲ့ အကြောင်း၊ သူဟာ အခု ချမ်းသာနေပြီး ကာလီဖိုးနီးယားမှ နေကြောင်း၊ အနက်ရောင် ဆံပင်ရှည်ရှည်နဲ့ ကြည့်ကောင်းတဲ့သူတစ်ဦး ဖြစ်ကြောင်းတို့ကိုသာ ပြောခဲ့တဲ့အတွက် သူ့အစ်ကို ဘယ်သူဖြစ်မယ်ဆိုတဲ့ ကိစ္စဟာ မိုနာ့အတွက် အထူးရင်ခုန် စိတ်လှုပ်ရှားစရာ ကိစ္စတစ်ခု ဖြစ်လာပါတယ်။ Anywhere But Here ဆိုတဲ့ စာအုပ်ကို လက်စသတ်ရေးသားရင်း ပဲရစ်ရီဗျူးစာစောင်မှာ အလုပ်ဝင်နေတဲ့ မိုနာနဲ့ သူမရဲ့ လုပ်ဖော်ကိုင်ဖက်တွေကြားမှာ သူမရဲ့ အစ်ကို ဘယ်သူဆိုတာကို ခန့်မှန်းရတဲ့ကိစ္စဟာ စိတ်ဝင်စားစရာ အကောင်းဆုံး ပဟေဠိ တစ်ခု ဖြစ်လာပါတယ်။ အများစု ခန့်မှန်းကြတာကတော့ 'ဂျွန်ထရာ ဗိုတာ' ပါတဲ့။ တခြားနာမည်ကြီး သရုပ်ဆောင်တွေလည်း ဖြစ်နိုင်ခြေများတဲ့ စာရင်းထဲ ပါခဲ့ကြပါတယ်။ တစ်ရက်မှာတော့ တစ်ယောက်က "Apple ကို စထောင်တဲ့ လူတွေထဲက ဟိုတစ်ယောက် ဖြစ်နိုင်တယ်" လို့ ခန့်မှန်းပေးခဲ့ပေမယ့် နာမည်ကိုတော့ ဘယ်သူမှ မမှတ်မိခဲ့ကြပါဘူး။

စတိဗ်ဂျော့နဲ့ စိန့်ရိဂျစ်ဟိုတယ်ရဲ့ ညှော်ခန်းထဲမှာ ပထမဆုံး စတွေ့ခဲ့ကြတော့ "သူဟာ တကယ့်ကို ဘွင်းဘွင်းရှင်းရှင်းနဲ့ ချစ်ဖို့ကောင်းပါတယ်။ တကယ့်ကို ခင်ဖို့ကောင်းတဲ့ သာမန်လူ တစ်ယောက်လိုပါ" လို့ မိုနာက သူ့အစ်ကို ဂျော့ကို အကဲဖြတ်ပါတယ်။ ညှော်ခန်းထဲမှာ ခဏတဖြုတ် စကားပြောပြီးတဲ့နောက် ဂျော့က မိုနာ့ကို လမ်းလျှောက်ခေါ်သွားပြီး စကားတွေပြောရင်း ဂျော့ဟာ သူ့မှာ စိတ်နေစရိုက်ချင်း အရမ်းနီးစပ်တဲ့ မွေးချင်းညီမတစ်ယောက်ရှိတာကို သိလိုက်ရတဲ့အတွက် ကျေနပ်လို့မဆုံး ဖြစ်နေပါတယ်။ ဂျော့နဲ့ မိုနာတို့ဟာ ပတ်ဝန်းကျင်ကို လေ့လာစူးစမ်းမှု အားကောင်းတာ၊ အနုပညာ ထက်သန်ပြင်းပြတဲ့စိတ် ရှိတာ၊ ခံစားထိခိုက်လွယ်သလောက် စိတ်ဓါတ်မာကျောတာ စတဲ့ စရိုက်တွေမှာ တထပ်တည်းပါပဲ။

၁၉၈၆ နှစ်ကုန်ပိုင်းလောက်မှာ မိုနာ့ရဲ့ Anywhere but Here ဆိုတဲ့ စာအုပ် မိတ်ဆက်ပွဲလုပ်တော့ ဂျော့ဟာ နယူးရော့ခ်ကိုလာပြီး မိုနာရဲ့ ဘေးမှာ နေပေးခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာတော့ သူတို့ နှစ်ယောက်ဟာ ပိုမိုရင်းနီးတွယ်တာလာကြပြီး မိုနာဟာလည်း သူ့အစ်ကို ဂျော့ပေါ်မှာထားတဲ့ နက်ရှိုင်းတဲ့ ချစ်ခြင်းမေတ္တာကို A Reagular Guy ဆိုတဲ့ စာအုပ်တစ်အုပ် ရေးပြီး ဖော်ထုတ်ပြခဲ့ပါတယ်။ "အစပိုင်းမှာတော့ ကျွန်တော် သူ့ဘဝထဲကို ဝင်လာမှာရယ်၊ ဂျွန်နေးက ကျွန်တော့်အပေါ် သည်းသည်းလှုပ် ဖြစ်လာမှာမျိုးကို မိုနာတစ်ယောက် သိပ်သဘောကျပုံမရပါဘူး။

ဒါပေမယ့် တစ်ယောက်နဲ့ တစ်ယောက် ပိုရင်းနှီးလာတဲ့အခါမှာတော့ တစ်ယောက်နဲ့တစ်ယောက် သူငယ်ချင်းကောင်းတွေလို ဖြစ်လာကြပါတယ်။ မိုနာဟာ ကျွန်တော့်ရဲ့ မိသားစုလေးပဲ။ မိုနာသာ မရှိခဲ့ရင် ဘယ်လိုတွေ ဖြစ်လာမယ်ဆိုတာ ကျွန်တော်တော့ မပြောတတ်ဘူး။ သူ့လောက်ကောင်းတဲ့ ညီမမျိုး စဉ်းစားကြည့်လို့တောင် မရပါဘူးဗျာ” လို့ ဂျော့က သူ့ညီမကို ချီးမွမ်းခန်းဖွင့်ပါတယ်။

မောင်နှမ နှစ်ယောက် အရမ်းအဆင်ပြေနေတဲ့ အချိန်မှာပဲ မိုနာဟာ သူမတို့ကို စွန့်ပစ်သွားတဲ့ အဖေအရင်း ဂျန်ဒါလီကို ရှာပုံတော်ဖွင့်ဖို့ ကြိုးစားပါတော့တယ်။ ကယ်လီဖိုးနီးယားက စုံထောက်တစ်ယောက် အကူအညီနဲ့ မော်တော်ယာဥ်ဌာနကနေ တစ်ဆင့် အဗ်ဒဲလ်ဖဒဂျွန်ဂျန်ဒါလီ ဆိုတဲ့ သူမတို့ရဲ့ ‘အဖေဆိုတဲ့ ပုဂ္ဂိုလ်’ ကို ရှာတွေ့သွားပါတယ်။ မိုနာက ဂျန်ဒါလီကို သွားတွေ့မယ်လုပ်တော့ ဂျော့ကတော့ ဂျန်ဒါလီကို တွေ့ဖို့ လုံးဝ စိတ်မဝင်စားပါဘူး။ “သူ ကျွန်တော့်အပေါ် မကောင်းခဲ့ဘူး၊ ဒါပေမယ့် ထားလိုက်ပါ၊ ဒါက ပြဿနာမရှိပါဘူး။ ဒါပေမယ့် ကျွန်တော် လုံးဝ မကျေနပ်တဲ့ အချက်ကတော့ သူ မိုနာ့ အပေါ်မှာလည်း မကောင်းခဲ့ဘူး” လို့ ဂျော့က အဖေအရင်း ဂျန်ဒါလီနဲ့ ပက်သက်ပြီး သူ့ခံစားချက်ကို ရင်ဖွင့်ပါတယ်။ ဒါနဲ့ ဂျန်ဒါလီရှိရာ ဆခရာမန်တိုကို မိုနာ တစ်ယောက်တည်း ထွက်လာခဲ့ပါတယ်။

ဆခရာမန်တိုကို မိုနာ ရောက်သွားတဲ့အခါမှာ ဂျန်ဒါလီဟာ စားသောက်ဆိုင် သေးသေးလေး တစ်ခုမှာ အလုပ်ဝင်နေတာကို တွေ့လိုက်ရပါတယ်။ ဂျန်ဒါလီဟာ မိုနာနဲ့ တွေ့ရတာကို ဝမ်းသာနေပေမယ့် လက်ရှိ အဖြစ်အပျက်တွေ အကုန်လုံးကိုတော့ အမြင်ကြည်ပုံ မရပါဘူး။ ဂျန်ဒါလီဟာ ပါမောက္ခတစ်ဦး ဖြစ်ပေမယ့် ဝစ်ကွန်ဆင်က ထွက်လာပြီးတဲ့နောက် စာသင်တဲ့အလုပ်ကို စွန့်လွှတ်လိုက်ပြီး စားသောက်ဆိုင်လောကဘက်ကို ဦးလှည့်ခဲ့တယ်လို့ ဆိုပါတယ်။ စကားတွေ ပြောကြရင်း မိုနာ မမွေးခင်မှာ ဂျန်ဒါလီနဲ့ ဂျွန်နေးတို့ သားဦးတစ်ယောက် မွေးခဲ့သေးကြောင်း ဂျန်ဒါလီက ထုတ်ပြောလာပေမယ့် ဂျော့က သူ့အကြောင်း လုံးဝ စကားမစပါနဲ့လို့ ပိတ်ထားတဲ့ အတွက် မိုနာက ဂျော့နဲ့ တွေ့ပြီးခဲ့တဲ့ အကြောင်းတွေကို ရေငုံနှုတ်ပိတ်နေလိုက်ပါတယ်။ “အဲဒီ ပထမကလေး ဘယ်ရောက်သွားလဲ” လို့ မိုနာက မေးတဲ့အခါ ဂျန်ဒါလီက “အဲဒီကလေးကို ငါတို့ ဘယ်တော့မှ ပြန်တွေ့ရတော့မှာ မဟုတ်ဘူး။ အဲဒီ ကိစ္စက ပြီးသွားပြီ” လို့ ဆိုတော့ မိုနာဟာ အကုန်ပြောပြလိုက်ချင်တဲ့ စိတ်ကို မနည်းမျိုသိပ်ခဲ့ရပါတယ်။

ရောက်တတ်ရာရာတွေ ပြောကြရင်း ဂျန်ဒါလီက သူအရင် မန်နေဂျာလုပ်ခဲ့ဖူးတဲ့ စားသောက်ဆိုင်ဟာဆိုရင် အခုဆိုင်ထက် အများကြီးသာနားကြောင်း ပြောကြရင်း အရမ်းတုန်လှုပ်စရာကောင်းတဲ့ တိုက်ဆိုင်မှု တစ်ခုမှာ သူ မန်နေဂျာလုပ်ခဲ့တုန်းက အခြေအနေကို

သူ့သမီး မြင်စေချင်လိုက်တာလို့ အဘိုးကြီး ဂျန်ဒါလီက လှိုက်လှိုက်လှဲလှဲ ပြန်ပြောပြနေပါတယ်။ "အဲဒီ ဆိုင်လေးဟာ တစ်ကယ့်ကို အံ့သြဖွယ်ရာ နေရာလေးတစ်ခုပေါ့။ နည်းပညာလောကမှာ အောင်မြင်နေတဲ့ လူတွေအကုန် ဒီဆိုင်ကို မကြာခဏလာကြတယ်။ စတိဗ်ဂျော့တောင်ပါသေးတယ်" လို့ ပြောလိုက်တဲ့အခါ မိုနာတစ်ယောက် အသက်ရှူမှားမတတ် ဖြစ်သွားပါတယ်။ "ဟုတ်တယ်၊ သူ အမြဲတမ်းလာတယ်၊ တစ်ကယ့်ကို သဘောကောင်းပြီး ဘောက်ဆူးအပေး ရက်ရောတဲ့ လူတစ်ယောက်ပေါ့ သမီးရယ်" လို့ ဂျန်ဒါလီက ထပ်ပြောတဲ့အခါ "အဲဒီ စတိဗ်ဂျော့ဆိုတာ အဖေ့ရဲ့သားပဲ" လို့ အသံကုန် အော်ချမပစ်မိအောင် မိုနာတစ်ယောက် အစွမ်းကုန် ချုပ်တည်းထားခဲ့ရ ရှာပါတယ်။

ဂျန်ဒါလီဆီက ပြန်လာလာချင်းပဲ မိုနာဟာ ဂျော့ကို ဘာကလေမှာ ဖုန်းဆက်ချိန်းပြီး ဒီအကြောင်းတွေကို ပြောပြလိုက်တဲ့အခါ ဆန်ဟိုဆေးနားက စားသောက်ဆိုင်ကို ကောင်းကောင်း မှတ်မိနေတဲ့ ဂျော့တစ်ယောက် မျက်လုံးအပြူးသား ဖြစ်သွားပါတယ်။ တစ်ခါတစ်ရံမှာ ကံတရားရဲ့ ဆန်းကြယ်မှုက တကယ့်ကို တုန်လှုပ်စရာပါ။ ဂျော့ဟာ ဂျန်ဒါလီကို လက်ဆွဲနှုတ်ဆက်ဖူးပါတယ်။ သူတို့ဟာ သားအဖအရင်းတွေ ဆိုတာကိုတော့ နှစ်ယောက်လုံးက မသိကြပါဘူး။ "အရမ်းဆန်းကြယ် တယ်ဗျာ၊ အဲဒီစားသောက်ဆိုင်ကို ခဏခဏရောက်ဖူးတယ်။ အဲဒီက မန်နေဂျာ အဘိုးကြီးနဲ့ တွေ့ဖူးတာကိုတောင် မှတ်မိသေးတယ်။ ကတုံးနဲ့ ဆီရီးယားအဘိုးကြီးဗျာ။ ကျွန်တော်တို့ လက်ဆွဲနှုတ်ဆက်ခဲ့ကြသေးတယ်" လို့ ဂျော့က ပြန်ပြောပြပါတယ်။ ဒါပေမယ့် ဂျော့ရဲ့ သဘောထားကတော့ ပြောင်းလဲမသွားပါဘူး။ ဂျန်ဒါလီနဲ့ တွေ့ဖို့က ငြင်းဒဆန်မြဲ ငြင်းဆန်သွာခဲ့ ပါတယ်။ မိုနာ့ ဆီမှာရှိတဲ့ ဂျန်ဒါလီရဲ့ ဓါတ်ပုံကိုတောင် အရေးလုပ်ပြီး ယူမကြည့်ခဲ့သလို သူ့ရဲ့ ဆီးရီးယားသွေး တစ်ဝက်ပါတဲ့ ကိစ္စကိုလည်း လစ်လျူရှုထားခဲ့သူပါ။ ၂၀၁၁ ရဲ့ အာရပ်နွေဦး အုံကြွမှုတွေထဲမှာ ဆီးရီးယားနိုင်ငံရဲ့ အခန်းကဏ္ဍ ပြန်လည် ပေါ်ထွက်လာခဲ့တဲ့ အချိန်မှာလည်း ဆီးရီးယားနိုင်ငံအရေးနဲ့ ပက်သက်ပြီး ဘာမှ စိတ်ဝင်စားပုံ မပြခဲ့တဲ့အပြင် "ဒီကိစ္စတွေမှာ ဝင်ပါရင်လည်း သောက်ပြဿနာတက်မှာပဲ၊ ဝင်မပါရင်လည်း သောက်ပြဿနာပဲ" ဆိုတဲ့ မှတ်ချက်ပဲ ပေးခဲ့ပါတယ်။

မိုနာကတော့ ဂျန်ဒါလီ ရှာပုံတော်ဖွင့်နေတဲ့ သူမရဲ့ ဇာတ်ကြောင်းကို အခြေတည်ပြီး The Lost Father ဆိုတဲ့ စာအုပ်ကို ၁၉၉၂ မှာ ရေးသားထုတ်ဝေခဲ့ပါတယ်။ ဂျော့က သူ့အဖေအရင်း ဂျန်ဒါလီအပေါ်မှာ သူစိမ်းပြင်ပြင် တုံ့ပြန်ခဲ့ပေမယ့် သူ့အမေအရင်း ဂျွန်နေးအပေါ်မှာတော့ လက်ကျန် သက်တမ်းတွေ တစ်လျှောက်လုံး ကောင်းကောင်းမွန်မွန် ဆက်ဆံခဲ့ပါတယ်။

## ပျံသန်းသွားသော အချစ်ရဲ့ တိမ်တိုက်များ

ဂျော့ရဲ့ ဇာတ်ကြောင်းကို ပြန်ပြောရင် သူ့ရဲ့ နှလုံးသားရေးရာ ကိစ္စလေးတွေ အကြောင်းလည်း တစေ့တစောင်းတော့ ထည့်ပြောသင့်တယ် ထင်ပါတယ်။ ကျောင်းတုန်းက ဖြစ်ခဲ့တဲ့ ခရစ်ဆန်ဘရန်နန်နဲ့ ဇာတ်လမ်းတွေဟာ သမီးလေး လီဆာဆိုတဲ့ သံယောဇဉ်တစ်ခုကလွဲရင် အရာရာ မှုန်ဝါးသွားခဲ့ပြီးတဲ့ နောက်မှာတော့ ဂျော့ဟာ အချိန်တော်တော်များများကို Apple ကို ပြုစုပျိုးထောင်ဖို့နဲ့ မက်ကင်းတော့ရှ်ကို ဖန်တီးအသက်သွင်းနိုင်ဖို့ နှစ်မြှုတ်ကြိုးစားရင်းနဲ့ပဲ ဖြတ်သန်းလာခဲ့ပြီးပါပြီ။ မက်ကင်းတော့ရှ်ကို အရှူးအမူး ဖန်တီးနေဆဲ ၁၉၈၂ အရောက်မှာတော့ ဂျော့ဟာ ဂျိုဟန်ဘော့စ် ဆိုတဲ့ ကန်းထရီးအဆိုတော် မိန်းကလေး တစ်ယောက်နဲ့ ဆုံဆည်းဖို့ အကြောင်းဖန်လာပါတယ်။ အသက် ၂၇ နှစ်ပဲရှိသေးတဲ့ ဂျော့နဲ့ စတွေ့တဲ့ အချိန်မှာ ဘော့စ်ဟာ ကလေးတစ်ယောက် ရထားပြီးသား အသက် ၄၁ နှစ်အရွယ် မုဆိုးမတစ်ယောက် ဖြစ်နေပေမယ့် ဘော့ဒိုင်လန်ကို ကြိုက်တာချင်းတူတဲ့ သူတို့နှစ်ယောက်ဟာ သာမန်မိတ်ဆွေအဆင့် ကနေ သမီးရည်းစားအဆင့်ကို ရောက်သွားကြတာဟာ ထူးပြီး မဆန်းပါဘူး။

ဂျော့ဟာ ဘော့စ်ကို မက်ကင်းတော့ရှ် ရုံခန်းထဲကို ခေါ်လာပြီး သူတို့ အလုပ်လုပ်နေတာ တွေကိုလည်း လိုက်ပြတတ်သလို ဘော့စ်အတွက် မက်ကင်းတော့ရှ် ကွန်ပျူတာတစ်လုံးနဲ့ ဘော့စ်ရဲ့ သားလေးအတွက် Apple II ကွန်ပျူတာ တစ်စုံကိုလည်း လက်ဆောင်ပေးခဲ့ပါသေးတယ်။ ကွန်ပျူတာ အသုံးပြုနည်းကိုလည်း ဘော့စ်ကို သူကိုယ်တိုင် သင်ပြပေးခဲ့ပါတယ်။ ဂျော့လို မချမ်းသာပေမယ့် အထိုက်အလျောက် ကျော်ကြားတဲ့ ကန်းထရီးအဆိုတော် ဘော့စ်ဟာ အချိန်တိုအတွင်း မီလီယံနာဖြစ်လာတဲ့ ဂျော့ရဲ့ တစ်ချို့ အူကြောင်ကြောင် အကွက်တွေကိုတော့ ဘယ်လိုမှ လိုက်မမီပါဘူး။ တစ်ရက်မှာ ညစာ စားကြရင်း ဂျော့က ပိုလိုဖက်ရှင်ဆိုင်ကို ရောက်ပြီးပြီလားလို့ ဘော့စ်ကို မေးပါတယ်။ ဘော့စ်က မရောက်ဖူးသေးဘူးလို့ ပြောတဲ့အခါ အဲဒီမှာ ဘော့စ်နဲ့ အရမ်းလိုက်မယ့် ဝတ်စုံအနီ လှလှလေးတစ်စုံ တွေ့ထားကြောင်း ပြောပြီး ပိုလိုဖက်ရှင်ဆိုင်ရှိတဲ့ စတန်းဖို့ဒ် ဈေးဝယ်စင်တာဆီ ဘော့စ်ကို ခေါ်သွားပါတယ်။ ကမ္ဘာပေါ်မှာ အချမ်းသာဆုံး စာရင်းဝင် လူတစ်ယောက်နဲ့ အတူရှိနေပြီး သူက ကိုယ့်ကို ဒီအနီရောင်ဝတ်စုံ လှလှလေး ဝယ်ပေးတော့မယ့် အဖြစ်ကို တွေးရင်း ဘော့စ်တစ်ယောက်ကတော့ ပီတိတွေဖြာလို့ပေါ့။ ဒါပေမယ့် ဆိုင်ထဲရောက်တဲ့အခါ ဂျော့က သူ့အတွက်ပဲ ရှပ်အင်္ကျီ တစ်ထည်နှစ်ထည် ဝယ်ပြီး အနီရောင်ဝတ်စုံရှေ့ကို ရောက်တော့ ဘော့စ်ကို လက်ညှိုးထိုးပြပြီး "ဒီအင်္ကျီကို ဝယ်သင့်တယ်" လို့ပဲ ပြောပါတယ်။ ဘော့စ်က ကျွန်မဘယ်လိုလုပ် ဝယ်နိုင်မလဲလို့ ပြောတဲ့အခါ ဂျော့က ဘာမှပြန်မပြောတော့ပဲ ဆိုင်ကနေ ပြန်ထွက်လာခဲ့ကြတယ်လို့ ဆိုပါတယ်။ "လူတစ်ယောက်က ရှင့်ကို

ဒီလိုစကားတွေ ပြောနေမှတော့ အဲဒီ အနီရောင်ဝတ်စုံကို ရှင့်အတွက် ဝယ်ပေးတော့မယ်လို့ပဲ ထင်မိမှာ မဟုတ်လား” လို့ ဘေ့စ်က နောင်နှစ်ပေါင်း ၃၀ လောက်ကြာတဲ့အထိ ဝေခွဲမရတဲ့ ပုံစံနဲ့ ဒီအနီရောင်ဝတ်စုံကိစ္စကို ပြန်ပြောလို့ မပြီးပါဘူး။

ဂျော့ဟာ သူ့ရည်းစားအတွက် နှင်းဆီပန်းတွေ မပျက်မကွက် ယူလာတတ်ဖို့ သတိရတတ်သူ တစ်ယောက်ဖြစ်သလို ဒီပန်းတွေက ရုံးမှာ ပွဲတစ်ခုခုလုပ်ရင်း ကျန်ခဲ့တဲ့ ပန်းတွေဆိုတာ ထည့်ပြောဖို့လည်း ဝန်မလေးသူ တစ်ဦးပါ။ ဂျော့က မိသားစု တစ်ခုကို တည်ထောင်ချင်ပြီး ကလေးတစ်ယောက် ရပြီးသား အသက် ၄၀ ကျော် ဘေ့စ်က ကလေးထပ်ယူဖို့ ဆန္ဒမရှိတော့တဲ့ အခြေအနေမျိုးမှာ သူတို့ နှစ်ယောက်ရဲ့ ဆက်ဆံရေးဟာလည်း အချိန်တွေရဲ့ ရွေ့လျားမှုနဲ့ အတူ ပျက်ပြယ်လို့ သွားပါတော့တယ်။

ဘေ့စ်နဲ့ ဇာတ်လမ်းမပြတ်ခင် ဆီလီကွန်တောင်ကြားမှာ လုပ်တဲ့ ညစာ စားပွဲလေးတစ်ခုကို ဘေ့စ်နဲ့ အတူတူအသွားမှာ ဂျော့ဟာ ပင်ဆယ်ဗေးနီးယား တက္ကသိုလ်ကျောင်းသူလေး ဂျနီဖာအီဂန် ဆိုသူနဲ့ ဘေးချင်းကပ်ရပ် ထိုင်ခဲ့ရပါတယ်။ ဘာဆက်ဖြစ်လာလဲ ဆိုတော့ အားလုံး မှန်းဆကြမိမယ့် အတိုင်းပါပဲ။ ဂျော့ဟာ ဂျနီဖာအီဂန် ဆိုတဲ့ ကောင်မလေးနဲ့ တစ်နှစ်လောက် အတွဲခုတ်ခဲ့ကြပါတယ်။ သူဟာ အချစ်မှာ အရူးအမူး ပျော်ဝင်နေပြီလို့ ဂျော့ဟာ လူသိရှင်ကြား ကြေညာခဲ့ပြီး သမီးရည်းစား နှစ်ယောက်ဟာ ညပေါင်းများစွာ တယ်လီဖုန်းတွေ အကြာကြီးပြောရင်း ကြည်နူးခဲ့ကြပါတယ်။ ဂျော့ဟာ သူ အသက်ရှည်ရှည် နေရမှာ မဟုတ်ဘူးလို့ ထင်တဲ့ အကြောင်းကိုလည်း အီဂန်ကို ထုတ်ပြောဖူးပါတယ်။ ၁၉၈၄ လောက်အရောက်မှာ သူတို့ နှစ်ယောက်ရဲ့ အချစ်ဇာတ်လမ်းလည်း တစ်ခန်းရပ်သွားပါတယ်။

အီဂန်နဲ့ တစ်စခန်းရပ်ပြီး မကြာမီမှာပဲ Apple ရုံးခန်း တစ်ခုထဲမှာ ထိုင်နေတဲ့ တီနာရီဒ်ဆေး ဆိုတဲ့ မိန်းကလေးတစ်ဦးကို ဂျော့ တွေ့သွားပြန်ပါတယ်။ “ကျွန်တော် မြင်ခဲ့ဖူးသမျှထဲမှာ တီနာဟာ အလှဆုံး မိန်းကလေး တစ်ဦးပါပဲ” လို့ ဂျော့က ဆိုပါတယ်။ ဂျော့ဟာ နောက်နေ့မှာ တီနာ့ဆီ ဖုန်းဆက်ပြီး ညစာအတူစားဖို့ ဖိတ်တဲ့အခါ တီနာက သူမမှာ အတူတူနေနေတဲ့ ရည်းစားတစ်ယောက် ရှိတဲ့အတွက် မဖြစ်နိုင်ဘူးလို့ ငြင်းလိုက်ပါတယ်။ နောက် ရက်အနည်းငယ်အကြာ ဂျော့က ထပ်တောင်းဆိုတဲ့ အခါမှာတော့ တီနာက သူမရဲ့ လက်ရှိ ရည်းစားကို နေခဲ့တော့လို့ ပြောပြီး ဂျော့နဲ့ အတူ ညစာစားဖို့ လက်ခံလိုက်ပါတယ်။ ညစာစားပွဲ အပြီးမှာတော့ သူမရဲ့ ဘဝက ကပြောင်းကပြန်တွေ ဖြစ်ကုန်တော့မယ် ထင်တယ်ဆိုပြီး တီနာတစ်ယောက် ငိုချခဲ့ပါတယ်။ တီနာ ထင်တဲ့အတိုင်းပဲ လက်တွေ့မှာ ဖြစ်လာခဲ့ပါတယ်။ “ကျွန်တော် အမှန်တစ်ကယ် ပထမဆုံး ချစ်မိတဲ့

မိန်းကလေးက တီနာပါ။ ကျွန်တော်တို့ နှစ်ယောက်မှာ ထူးခြားတဲ့ ဆက်သွယ်မှုတွေ ရှိခဲ့တယ်။ တီနာ့လောက် ကျွန်တော့်အပေါ် နားလည်ပေးနိုင်မယ့်သူ တစ်ယောက်မှ ရှိလိမ့်မယ် မထင်ဘူး” လို့ ဂျော့က ဘယ်လိုပဲပြောပြော အနိမ့်အမြင့် အတက်အကျတွေ များခဲ့တဲ့ သူတို့ နှစ်ယောက်ရဲ့ ဆက်ဆံရေးဟာလည်း နောက် ၅ နှစ်အကြာမှာ နိဂုံးချုပ်သွားပြန်ပါတယ်။

ကိုယ့်အတ္တကိုပဲ ဗဟိုပြုပြီးနေတဲ့ လူတစ်ယောက်ကို ချစ်မိတဲ့ အဖြစ်ဟာ တီနာ့အတွက် တကယ့်ကို နာကျင်စရာဖြစ်ခဲ့ပါတယ်။ သူများကို ဂရုစိုက်ဖို့ရာ မတတ်နိုင်တဲ့ လူတစ်ယောက်ကို နက်နက်ရှိုင်းရှိုင်းနဲ့ လိုက်ပြီး ကြင်နာဂရုစိုက်ရတဲ့ အဖြစ်ဟာ ငရဲခန်းတစ်ခုလိုပဲလို့ ဆိုပါတယ်။ တကယ်တော့ တီနာနဲ့ ဂျော့ဟာ တကယ့်ကို ဆန့်ကျင်ဘက် ကွားခြားသူ နှစ်ယောက်ပါ။ ဂျော့က အေးစက်၊ ရက်စက်တတ်သလောက် တီနာကတော့ ချစ်ခြင်း မေတ္တာတရားကို သိသိသာသာရော မသိမသာ နည်းလမ်းတွေနဲ့ပါ ပြတတ်သူတစ်ဦးပါ။ ဂျော့အနေနဲ့ လီဆာ့အတွက် အချိန်များများပေးပြီး ဂရုစိုက်ဖို့ကိုလည်း တီနာကပဲ အများဆုံး တိုက်တွန်းခဲ့သူပါ။

ဒါပေမယ့် ၁၉၈၉ မှာ ဂျော့က လက်ထပ်ခွင့် တောင်းတဲ့အခါမှာတော့ တီနာက ငြင်းပယ်လိုက်ပါတယ်။ ဂျော့နဲ့ ဇနီးမယား ဖြစ်ရမယ့်ဒဏ်ကို တီနာ မခံနိုင်ဘူးလို့ ဆိုပါတယ်။ တီနာဟာ မတည်ငြိမ်တဲ့ မိသားစုဘဝကနေ လာတာဖြစ်တဲ့အလျောက် ဂျော့နဲ့ သူမရဲ့ အိမ်ထောင်ရေးဟာလည်း သူမ မိသားစုလို မတည်ငြိမ်တဲ့ ဘဝမျိုးနဲ့ပဲ အဆုံးသတ်ရလိမ့်မယ်လို့ မြင်နေပါတယ်။ “ဂျော့ရဲ့ အကြင်နာတရား ကင်းမဲ့မှုကို ကျွန်မ မခံစားနိုင်ဘူး။ ဂျော့ကိုလည်း မနာကျင်စေချင်ပါဘူး၊ ဒါပေမယ့် သူ တစ်ခြားသူတွေကို နာကျင်အောင် လိုက်လုပ်နေတာကို ဒီအတိုင်း ရပ်ကြည့်နေရမယ့် အဖြစ်မျိုးလည်း မလိုချင်ဘူး” လို့ တီနာက သူမဘက်က ခံစားခဲ့ရတာကို ရှင်းပြပါတယ်။

တီနာဟာ နောက်ပိုင်းမှာ အခြားတစ်ယောက်နဲ့ လက်ထပ်ခဲ့ပြီး ကလေးနှစ်ယောက် ရခဲ့ပါတယ်။ ဒီအချိန်ထိလည်း ဂျော့က တီနာ့ကို ပြန်တမ်းတမြဲ တမ်းတနေတတ်ပါတယ်။ ဂျော့တစ်ယောက် ကင်ဆာရောဂါနဲ့ တိုက်ခိုက်နေရတဲ့ အချိန်မှာတော့ တီနာက ဂျော့ကို ပြန်ဆက်သွယ်ပြီး အားပေးထောက်ပံ့ခဲ့ပါတယ်။ ဂျော့နဲ့ ဘယ်လိုပဲ အဆင်မပြေမှုတွေ ဖြစ်ခဲ့ ဖြစ်ခဲ့ တီနာ့ရဲ့ ဂျော့အပေါ်ထားတဲ့ ဂရုစိုက်မှုနဲ့ ချစ်ခြင်းမေတ္တာဟာ မပျယ်သလို တီနာ့ အပေါ်မှာထားတဲ့ ဂျော့ရဲ့ စိတ်ခံစားမှု အဟုန်ကလည်း နောက်နှစ်ပေါင်း ၃၀ လောက်ကြာတဲ့အထိ လျော့မသွားပါဘူး။ တစ်ရက် ဂျော့ အိမ်မှာ တီနာ့ အကြောင်းကို ပြန်ပြောပြနေရင်း ဂျော့တစ်ယောက် မျက်ရည်တွေ ကျလာပါတယ်။ “ကျွန်တော် သိခဲ့သမျှထဲမှာ တီနာဟာ အသန့်စင်ဆုံး မိန်းကလေး တစ်ယောက်ပါ” လို့ ပြောရင်း ဂျော့ရဲ့ ပါးပြင်ပေါ်မှာ မျက်ရည်တွေ စီးကျလာပါတယ်။

## အခန်း (၁၅)

## ချစ်ခြင်းရဲ့ ရင်ခွင်တစ်စုံမှာ ခိုနားခြင်း



ဂျော့ရဲ့ စိတ်နေစရိုက်တွေနဲ့ သူရွေးချယ်ခဲ့တဲ့ မိန်းကလေးတွေကို ပြန်ကြည့်လိုက်ရင် ဂျော့နဲ့ အဆင်ပြေမယ့် လက်တွဲဖော်မိန်းကလေးဟာ ဘယ်လိုပုံစံမျိုးဖြစ်ဖို့ လိုမယ်ဆိုတာ ခန့်မှန်းကြည့်နိုင်ပါတယ်။ အရည်အချင်းရှိပြီး ဟန်မဆောင်တတ်သူ၊ ဂျော့ကို တုန့်ပြန် ရင်ဆိုင်နိုင်လောက်တဲ့အထိ စိတ်ဓါတ်မာကျောပြီး ဝရုံးသုံးကား အခြေအနေမျိုးကိုလည်း ဖောက်ထွက်နိုင်သူ၊ ပညာတတ်ပြီး အမှီအခိုကင်းတဲ့ စိတ်မျိုး ရှိပေမယ့် ဂျော့အတွက် မိသားစုတစ်စုနဲ့ သာယာတဲ့ ချမ်းမြေ့ဂေဟာလေး တစ်ခု ဖန်တီးပေးနိုင်သူ စတဲ့ အရည်အချင်းတွေရှိတဲ့ မိန်းကလေးဟာ ဂျော့အတွက် အမှန်တစ်ကယ် လိုအပ်နေတဲ့ လက်တွဲဖော်ပါပဲ။ သတ်သတ်လွတ် အစားအစာတွေ ကြိုက်တတ်ပြီး ရုပ်လည်း ချောတဲ့သူတော့ ဖြစ်ဖို့လိုတာပေါ့။ တီနာရိဒ်ဆေးနဲ့ လမ်းခွဲပြီး မကြာမီမှာပဲ ဒီအရည်အချင်းတွေနဲ့ ကွက်တိပြည့်စုံတဲ့ မိန်းကလေးတစ်ယောက် ဂျော့ဘဝထဲကို ဝင်ရောက်လာပါတယ်။

ဂျော့ဘဝထဲကို ဝင်ရောက်လာတယ် ဆိုတာထက် ဂျော့ရဲ့ စာသင်ခါန်းထဲကို ဝင်ရောက်လာတယ် လို့ ပြောရင် ပိုမှန်ပါလိမ့်မယ်။ ဂျော့က စတန်းဖို့ဒ်တက္ကသိုလ်မှာ “အပေါ်စီးကနေ ကြည့်မြင်ပါ” ဆိုတဲ့ ခေါင်းစဥ်နဲ့ လက်ချာတစ်ခု ပို့ချပေးဖို့ သဘောတူထားတဲ့အတွက် သတ်မှတ်ထားတဲ့ရက် ရောက်တဲ့အခါ ခန်းမရဲ့ ရှေ့ဆုံးစားပွဲမှာ ထိုင်ပြီး သူ့ကို ဖိတ်ခေါ်မယ့်အချိန်ကို စောင့်နေပါတယ်။ လော်ရင်းပါဝဲလ် (Laurene Powell) က စီးပွားရေးဘွဲ့ယူဖို့ တက်နေတဲ့ ကျောင်းသူတစ်ယောက်ပါ။ ဂျော့ရဲ့ လက်ချာသင်တန်းကို တက်သင့်တယ်လို့ အတန်းဖော် သူငယ်ချင်းတစ်ဦးက တိုက်တွန်းလို့ ဂျော့ရဲ့ စာသင်ခန်းထဲကို ရောက်နေတာပဲ ဖြစ်ပါတယ်။ ဟောပြောမယ့် ခန်းမထဲကို ရောက်သွားတော့

ခုံတွေက အားလုံးပြည့်နေပါပြီ။ ဒါနဲ့ ဟော်ရင်းနဲ့ သူ့သူငယ်ချင်းနှစ်ယောက်သား အလယ်လျှောက်လမ်းမှာ ဝင်ထိုင်နေလိုက်ပါတယ်။ မကြာခင်မှာပဲ ဧည့်ကြိုတစ်ယောက် ရောက်လာပြီး ဒီ လျှောက်လမ်းပေါ် ထိုင်လို့မရဘူး ဆိုလို့ ဟော်ရင်းပါဝဲလ်တို့ နှစ်ယောက် ရှေ့ဆုံးတန်း အထူးဧည့်သည်တွေ အတွက် ထားတဲ့အထဲက လွတ်နေတဲ့ ခုံနှစ်ခုကို ဝင်ထိုင်လိုက်ပြီး မကြာမီမှာပဲ ဂျော့ရောက်လာပြီး ပါဝဲလ် ဘေးမှာ ဝင်ထိုင်လိုက်ပါတယ်။ "ကျွန်တော့်ဘေးကို ကြည့်လိုက်တော့ ခပ်ချောချော ကောင်မလေးတစ်ယောက် ထိုင်နေတာကို တွေ့လိုက်ရတယ်။ ဒါနဲ့ ကျွန်တော် ဟောပြောရမယ့် အချိန်မရောက်ခင် ကောင်မလေးနဲ့ စကားလက်ဆုံ ကျသွားခဲ့ကြတာပေါ့" လို့ ဂျော့က ပါဝဲလ်နဲ့ ပထမဆုံး စတွေ့ခဲ့တဲ့နေ့က အကြောင်းကို ပြန်ပြောပြပါတယ်။

ဟောပြောပွဲပြီးတဲ့အခါ လူအုပ်ကြားထဲက တိုးထွက်သွားတဲ့ ပါဝဲလ်နောက်ကို အမီလိုက်ရင်း ညစာအတူသွားစားကြဖို့ ဂျော့က ချိန်းတော့ ပါဝဲလ်က ရယ်နေပါတယ်။ "စနေနေ့ညဆို အဆင်ပြေမလား" လို့ ဂျော့က ချိန်းလိုက်တော့ ပါဝဲလ်က သူ့ဖုန်းနံပါတ်ကို ရေးပေးလိုက်ပါတယ်။ ဒီနေ့ညတော့ မဖြစ်ဘူးလေ၊ NeXT က အင်ဂျင်နီယာတွေနဲ့ ညစာစားပွဲရှိနေတာဆိုတော့။ ဒါပေမယ့် ပါဝဲလ်က ကားပေါ်တက်ပြီး မောင်းထွက်မယ်အလုပ်မှာ ဂျော့ စိတ်ပြောင်းသွားပါတယ်။ "ဒီနေ့ညပဲ သွားလိုက်ရအောင်လား" လို့ ဂျော့က ပြန်ချိန်းလိုက်တာကို ပါဝဲလ်ကလည်း ခေါင်းညိတ်လိုက်ပြီးတဲ့ နောက်မှာတော့ သူတို့နှစ်ယောက် ပထမဆုံး ချိန်းတွေ့တဲ့ ညနေခင်းကို ပါလိုအယ်တိုက သတ်သတ်လွတ်စားသောက်ဆိုင် တစ်ခုမှာ လေးနာရီလောက်ကြာအောင် စကားတွေ ဖောင်ဖွဲ့ရင်း ကုန်ဆုံးစေခဲ့ပါတယ်။ အဲဒီညနေကစပြီး ဂျော့တို့ နှစ်ယောက်ဟာ တစ်ဘဝလုံး မခွဲတမ်း လက်တွဲခဲ့ကြပါတယ်။

တစ်ရက်မှာတော့ ဂျော့က ပါဝဲလ်ကို လက်ထပ်ချင်တယ်လို့ ထုတ်ပြောလာပါတယ်။ ပါဝဲလ်ရဲ့ အဖေက ကွယ်လွန်သွားပြီး အမေဖြစ်သူကလည်း ပါဝဲလ် အနီးနားမှာ မရှိတဲ့အတွက် ဂျော့က ပါဝဲလ်ရဲ့ သူငယ်ချင်းဖြစ်သူ ကက်စမစ်ကိုပဲ လူကြီးနေရာထားပြီး ပါဝဲလ်ကို သူ လက်ထပ်ချင်တဲ့ အကြောင်း ထုတ်ပြောခဲ့ပါတယ်။ ပါဝဲလ်ကလည်း လက်ခံလိုက်ပါတယ်။ ဒါပေမယ့် ဂျော့က လက်ထပ်ဖို့ သဘောတူညီမှု ရပြီးတဲ့နောက် ဒီကိစ္စကို နောက်ထပ် လပေါင်းအတော်ကြာ အထိ စကားမဟတော့တဲ့ အတွက် နောက်ဆုံးမှာ ကက်စမစ်က ဂျော့ကို ဝင်သတိပေးတဲ့အခါ သူ့ဘဝနဲ့ သူ့နေပုံထိုင်ပုံတွေကို ပါဝဲလ်တစ်ယောက် တကယ်အသားကျပါ့မလား သေချာအောင် စောင့်ကြည့်ချင်သေးတယ်လို့ ဆိုလာတဲ့အခါ စိတ်မရှည်နိုင်တော့တဲ့ ပါဝဲလ်တစ်ယောက် အိမ်ပေါ်က ဆင်းသွားပါတယ်။ ဒါနဲ့ တစ်လလောက်နေတော့ ဂျော့က စေ့စပ်လက်စွပ်အဖြစ် စိန်လက်စွပ်

တစ်ကွင်းနဲ့ ပြန်သွားချော့တော့ ပါဝဲလ်တစ်ယောက် ဂျော့နဲ့အတူ ပြန်ပါလာပါတယ်။ ဟာဝိုင်အီ ကျွန်းပေါ်က ကမ်းခြေရွာလေးတစ်ခုမှာ အပန်းဖြေခရီးထွက်ကြရင်း ပါဝဲလ်မှာ ကိုယ်ဝန်ရှိလာတာကို သိလိုက်ရတဲ့အခါ လက်ထပ်ဖို့ကိစ္စက ပိုပြီး မြန်မြန်ဆန်ဆန်နဲ့ လက်တွေ့ အကောင်အထည်ဖော်ဖို့ ဖြစ်လာပါတော့တယ်။

တရားဝင်လက်ထပ်ဖို့ ပြောဆိုပြီးကြပြီ ဆိုပေမယ့် ဂျော့ကတော့ အရင် အဆက်ဟောင်းဖြစ်တဲ့ တီနာ့ဆီ နှင်းဆီပန်းတွေ လှမ်းလှမ်းပို့ပြီး သူ့ဆီပြန်လာဖို့ သူနဲ့ လက်ထပ်ဖို့ ဆိုတာမျိုးတွေ တောင်းဆိုနေတတ်ပါသေးတယ်။ အထူးသဖြင့် ပါဝဲလ်က သူနဲ့ စိတ်ဆိုးပြီး သူ့အိမ်သူပြန်သွားတဲ့ အခါမျိုးတွေမှာပေါ့။ တီနာနဲ့ ပါဝဲလ်နဲ့ ဘယ်သူ ပိုလှလဲ။ သူ ဘယ်သူ့ကို လက်ထပ်သင့်လဲ ဆိုတာကို တွေ့သမျှလူတွေ အကုန်လိုက်မေးရတာလဲ အမောပါ။ ဒါပေမယ့် ဂျော့နဲ့ တီနာကြားမှာ စိတ်ပိုင်းဆိုင်ရာ ဆက်နွှယ်မှုတွေ ဘယ်လိုရှိတယ်ပဲ ပြောပြော ဂျော့ဟာ ပါဝဲလ်ကို မချစ်ပဲ၊ မကြိုက်ပဲ၊ မလေးစားပဲ မနေနိုင်သလို ပါဝဲလ်နဲ့ အတူနေရတဲ့ အချိန်တွေဟာ သူ့အတွက် သက်တောင့်သက်သာ ဖြစ်စေတယ် ဆိုတဲ့ အချက်ကိုလည်း မငြင်းနိုင်ပါဘူး။ သူ့ရဲ့ အိမ်ထောင်ရေးဟာ ပါဝဲလ်နဲ့မှ အဆင်ပြေပြီး ရေရှည်မြဲမယ် ဆိုတာကိုလည်း ဂျော့ တစ်ယောက် သဘောပေါက်ထားပါတယ်။

လက်ထပ်ကြဖို့ အစီအစဉ်တွေ စဆွဲပြီး ပြင်ဆင်ကြတဲ့အခါ ပါဝဲလ်ဟာ သူမအနေနဲ့ ဘယ်လို အခြေနေမျိုးကို ရောက်နေလဲဆိုတာ ကောင်းကောင်းကြီး သဘောပေါက်စ ပြုလာပါတယ်။ တစ်ရက်မှာ မင်္ဂလာပွဲအတွက် အစီအစဉ် အခမ်းအနားတွေကို ဝန်ဆောင် ပြင်ဆင်ထားတဲ့ အမျိုးသမီးတစ်ယောက်က ပါဝဲလ်ကို ဓါတ်ပုံတွေပြဖို့ ဂျော့ရဲ့ ဘာပရိဘောဂမှ မရှိတဲ့ အိမ်ကို ရောက်လာပါတယ်။အေးဂျင့် အမျိုးသမီးက ထိုင်စရာ ဆက်တီစားပွဲတောင် မရှိတဲ့အတွက် ကြမ်းပြင်ပေါ်မှာပဲ ထိုင်ရင်း ဓါတ်ပုံတွေ ပြနေတာကို ကြည့်နေရင်း ဂျော့က ဘာမပြော ညာမပြောနဲ့ ထထွက်သွားပါတယ်။ ဟိုအမျိုးသမီးက ဂျော့ ပြန်ထွက်လာမယ်ထင်ပြီး စောင့်နေပေမယ့် ဂျော့က ပြန်ထွက်မလာတော့ပါဘူး။ ပါဝဲလ်က ဂျော့ကို လိုက်ရှာတော့ ဂျော့က သူ့အိပ်ခန်းထဲမှာ မိန့်မိန့်ကြီးထိုင်ရင်း "ဒီမိန်းမကို ပြန်ခိုင်းလိုက်တော့၊ သူ့ဓါတ်ပုံတွေကို မကြည့်ချင်ဘူး၊ အလကားဟာ တွေ" လို့ ဆီးပြောပါတယ်။

ဒီလိုနဲ့ အသက် ၃၆ နှစ်အရွယ် စတိဗ်ဂျော့နဲ့ အသက် ၂၇ နှစ်အရွယ် လော်ရင်းပါဝဲလ်တို့ရဲ့ မင်္ဂလာပွဲကို ၁၉၉၁ မတ်လ ၁၈ ရက်နေ့မှာ ကျင်းပခဲ့ကြပါတယ်။ လူ ၅၀ လောက် တက်ရောက်ခဲ့တဲ့ ဒီမင်္ဂလာပွဲမှာ ဂျော့ရဲ့ ဇင်တရားပြဆရာ ကိုဘမ်ချိုနို က ဘိသိက်သွန်းပေးခဲ့ပြီး ဂျော့ရဲ့ ညီမ မိုနာဆင်ပဆွန်လည်း သူ့ရဲ့ ရှေ့နေ ရည်းစား ရစ်ချတ်အတ်ပဲလ်နဲ့ အတူ မင်္ဂလာပွဲကို

ရောက်လာပါတယ်။ လက်ထပ်ပြီးစ ဇနီးမောင်နှံနှစ်ယောက်ဟာ ပရိဘောဂပစ္စည်း တစ်ခုမှ မရှိပဲ အထီးတည်းဆန်တဲ့ ဝိုဒ်ဆိုဒ်က ဂျော့ရဲ့ အိမ်ကနေ ပါလိုအယ်တိုမြို့ဟောင်းမှာ ရှိတဲ့ နေချင့်စဖွယ် အိမ်အသစ်လေး တစ်လုံးဆီ ပြောင်းလိုက်ကြပြီး ကိုယ့်တာဝန် ကိုယ်ယူတဲ့အကျင့်ကို ယယ်ယယ်လေးကတည်းက ပျိုးထောင်ခဲ့တဲ့ ပါဝဲလ်ဟာ ဂျော့နဲ့ လက်ထပ်ပြီးလို့ မကြာမီမှာပဲ ကိုယ်ပိုင်လုပ်ငန်း တစ်ခုရှိဖို့ လိုအပ်လာပြီလို့ ယူဆပြီး တာရာဗီရာ ဆိုတဲ့ ရယ်ဒီမိတ် သဘာဝအသီးအနှံတွေ ရောင်းချတဲ့ ကိုယ်ပိုင် ကုမ္ပဏီတစ်ခုကို တည်ထောင်လိုက်ပါတယ်။

ဂျော့တို့ရဲ့ အိမ်လေးဟာ တစ်ကယ့်ကို တိတ်ဆိတ်သားနားတဲ့ ရပ်ကွက်ထဲမှာရှိပြီး အေးချမ်းသာယာလှပါတယ်။ Apple က ထွက်သွားတဲ့ ဘာရယ်စမစ် ဆိုတဲ့ အင်ဂျင်နီယာရဲ့ အနောက်ယှက် တစ်ခုက လွဲလို့ပေါ့။ ဘာရယ်စမစ်ဟာ Apple က ထွက်သွားပြီးတဲ့နောက် စိတ်ကစဉ့်ကလျားဖြစ်တဲ့ ရောဂါတစ်မျိုး ရလာပြီး ရောဂါဖောက်တဲ့ အချိန်တွေဆိုရင် လမ်းမပေါ်မှာ ကိုယ်တုံးလုံးနဲ့ လျှောက်သွားပြီး တွေ့ကရာ ကားတွေ၊ အိမ်တွေကို ခဲနဲ့ ထုခွဲပြီး ပေါက်တက်ကရ စာတွေနဲ့ ပြောက်အိုးတွေကို အိမ်ထဲပစ်ထည့်ပြီး သောင်းကျန်းနေတဲ့ အတွက် ရဲခေါ်လိုက်ရပါတယ်။ ဒီလို ဘာရယ်စမစ် သောင်းကျန်းတဲ့ ဒဏ်ကို ခံခဲ့ရတာက လွဲလို့ အားလုံး အေးအေးချမ်းချမ်း ရှိခဲ့တဲ့ နေရာလေးပါ။ အိမ်နီးချင်းတွေထဲမှာ ဆိုရင်လည်း ဂူဂယ်လ်တည်ထောင်သူ လာရီပေ့ဂျ်တို့၊ ဖေ့စ်ဘွခ်တည်ထောင်သူ မာ့ခ်ဇတ်ခါဘာ့ခ်လို ဖန်တီးမှု နယ်ပယ်ထဲက နာမည်ကျော်တွေ နေတဲ့ နေရာပါ။

## လီစာ့အတွက် နားခိုရာ

လီဆာ ရှစ်တန်းနှစ်လယ်လောက် အရောက်မှာ လီဆာ့ကျောင်းက ဆရာမတစ်ယောက်က ဂျော့ဆီ ဖုန်းခေါ်လာပါတယ်။ လီဆာ့မှာ ကြီးမားတဲ့ ပြဿနာတွေနဲ့ ရင်ဆိုင်နေရပြီး အမေဖြစ်သူနဲ့ ဆက်မနေပဲ ပြောင်းလိုက်မှ အကောင်းဆုံး ဖြစ်လိမ့်မယ်လို့ ဆိုလာပါတယ်။ ဂျော့က လီဆာ့ကို သူ့အိမ်မှာ ခေါ်ထားလိုက်ပါတယ်။ အသက် ၁၄ နှစ်အရွယ် လီဆာဟာ ရင့်ကျက်တဲ့ မိန်းကလေးတစ်ဦး ဖြစ်နေပါပြီ။ ဂျော့အိမ်က ဂျော့တို့ လင်မယားနဲ့ ဘေးချင်းကပ်ရပ် အခန်းကို လီဆာရွှေ့လာပြီး အထက်တန်းကျောင်း ပြီးသည့်တိုင်အောင် နောက်ထပ် လေးနှစ်တိတိ ဂျော့တို့နဲ့ အတူနေခဲ့ပါတယ်။ ဂျော့ဟာ လီဆာ့အပေါ်မှာ ဖခင်ကောင်း တစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့ပေမယ့် စိတ်မထင်ရင် မထင်သလို အေးတိအေးစက်နဲ့ ဟာသိဟာသာ နေတတ်တဲ့ အကျင့်ကိုတော့ မဖျောက်နိုင်ခဲ့ဘူးလို့ ဆိုရပါမယ်။ လီဆာ့အပေါ်မှာ ကြင်ကြင်နာနာနဲ့ ဂရုစိုက်တတ်တဲ့ ပါဝဲလ်ကသာ မိဘအနေနဲ့ လီဆာ့ ကျောင်းကိစ္စတွေကို ဒိုင်ခံဖြေရှင်းရသူ ဖြစ်လာပါတယ်။

ကောလိပ်ကျောင်း ရောက်တဲ့ အခါမှာတော့ လီဆာဟာ The Crimson ဆိုတဲ့ သတင်းစာနဲ့ The Advocate ဆိုတဲ့ စာစောင်တွေမှာ ဝင်လုပ်နေပြီး ဂျော့အိမ်ကို မကြာမကြာမှသာ ရောက်လာတတ်ပါတယ်။ ဂျော့အိမ်ကို လာလည်တဲ့ တစ်ချို့အခေါက်တွေမှာ အသေးအဖွဲ ကိစ္စလေးတွေနဲ့ သားအဖနှစ်ယောက် စကားများကြပြီဆိုတိုင်း နှစ်ယောက်လုံးက နှစ်ပတ်သုံးပတ်လောက် တစ်ယောက်ကို တစ်ယောက် စကားမပြောပဲ စိတ်ကောက်နေတတ်ကြ ပါတယ်။ တစ်ခါတော့ သားအဖနှစ်ယောက် စကားများကြရာက ဂျော့က တော်တော်စိတ်ဆိုးသွားပြီး လီဆာ့ကို ထောက်ပံ့ပေးနေတဲ့ ကောလိပ်ကျောင်းစရိတ်ကို မပေးတော့ပဲ ဖြတ်ပစ်လိုက်တာမျိုးအထိ လုပ်လာတတ်ပြီး အဲဒီလို အချိန်မျိုးဆို လီဆာ့အနေနဲ့ ဖြစ်နိုင်ချေရှိတဲ့ လူတွေထဲက ပိုက်ဆံ လိုက်ချေးပြီး ဖြေရှင်းခဲ့ရပါတယ်။ Apple က အင်ဂျင်နီယာ ဟာ့ဇ်ဖဲလ်လို လူမျိုး အပါအဝင်ပေါ့။ ၂၀၀၀ ခုနှစ်မှာ လီဆာ ဘွဲ့ရတော့ ဘွဲ့နှင်းသဘင် အခမ်းအနားကို ဂျော့ မတက်ခဲ့ပါဘူး။ ဂျော့ဟာ နောက်ပိုင်းမှာ လီဆာတို့ သားအမိနှစ်ဦး နေဖို့အတွက် ဒေါ်လာ ၇၀၀၀၀၀ တန် အိမ်တစ်လုံးကို လီဆာ့နာမည်နဲ့ ဝယ်ပေးခဲ့ပါသေးတယ်။ ဒါပေမယ့် လီဆာ့အမေ ခရစ်ဆန်ဘရန်နန်က လီဆာ့ကို နားဝင်အောင် ပြောဆိုပြီး အိမ်ကိုရောင်းပစ်ဖို့ စာချုပ်မှာ လက်မှတ် ထိုးခိုင်းလိုက်ပါတယ်။ နောက်တော့ အိမ်ရောင်းရတဲ့ ပိုက်ဆံတွေ အကုန်ယူပြီး တရားပြဆရာတစ်ဦးနဲ့အတူ ပဲရစ်ကို ထွက်သွားပါတယ်။ အိမ်ရောင်းလို့ ရတဲ့ ပိုက်ဆံတွေကို တရားပြဆရာနဲ့ အတူ ပဲရစ်မှာ သုံးဖြုန်းပြီးကုန်တော့ ဘရန်နန်ဟာ ဆန်ဖရန်စစ္စကို ကို ပန်းချီဆရာမတစ်ယောက်အဖြစ် ပြန်ရောက်လာပါတယ်။ နောက်ပိုင်း ဘရန်နန်ဟာ ငွေလိုလို့ တောင်းပေမယ့် ဂျော့က မပေးတော့ပါဘူး။ ဒီအတွက် ဂျော့နဲ့ သမီးဖြစ်သူ လီဆာ့အကြားမှာ ကတောက်ကဆတွေ ဆက်ဖြစ်နေခဲ့ပြီး ဒီအကြောင်းတွေကို မိုနာက ဂျော့အကြောင်းကို ဇာတ်အိမ်တည်ပြီး ရေးထားတဲ့ A Regular Guy စာအုပ်ထဲမှာ အသေးစိတ် ထည့်ရေးထားပါတယ်။ လုပ်ကြံဖန်တီးပြီး ဖြည့်စွက်ထားတဲ့ အခန်းတွေလည်း ပါပေမယ့် ပီပြင်တဲ့ ဇာတ်ကောင်စရိုက်တွေကို စကားလုံးအသုံးအနှုန်း ထိထိမိမိနဲ့ ရေးထားတဲ့ ဒီစာအုပ်ကို ဂျော့ကတော့ ဖတ်တောင် မကြည့်ပါဘူး။ "ဒီစာအုပ်က ကျွန်တော့်အကြောင်း ရေးထားတယ်လို့ ကျွန်တော် ကြားပါတယ်။ ကျွန်တော့်အကြောင်း ရေးထားတာသာ မှန်တယ်ဆိုရင်တော့ ကျွန်တော် ဒေါသထွက်မိမှာ အမှန်ပဲ။ ဒါပေမယ့် ကျွန်တော့် ညီမအပေါ်မှာ ကျွန်တော် ဒေါသမထွက်ချင်ဘူး။ အဲဒီအတွက် အဲဒီစာအုပ်ကိုလည်း မဖတ်ကြည့်တော့ဘူး" လို့ ဂျော့က ဆိုပါတယ်။

ဒါပေမယ့် ဂျော့ရဲ့ဇနီး ပါဝဲလ် ပြောတာကတော့ ဂျော့က အဲဒီစာအုပ်ကို အမှတ်တမဲ့ လှန်ကြည့်ဖူးပြီး သူမကို စာအုပ်ထဲက အကြောင်းတွေ ဖတ်ပြခိုင်းဖူးတယ်လို့ ဆိုပါတယ်။ မိုနာက

ဒီစာအုပ် ရေးပြီးတဲ့အချိန်မှာ လီဆာ့ဆီကို စာမူမိတ္တူတွေ ပို့ခဲ့သေးပေမယ့် လီဆာဟာ အစပိုင်းကိုပဲ ဖတ်ကြည့်ပြီး ထပ်မဖတ်တော့ပါဘူး။ ဒီစာအုပ်ဟာ လီဆာ့ကို အနောက်ယှက် ဖြစ်စေပြီး စိတ်အမာရွတ်တစ်ခု ရစေခဲ့ပါတယ်။ အမှန်တရားတွေကို ပြုပြင်ပြောင်းလဲထားတဲ့ ဇာတ်ကွက်တွေနဲ့ ပေါင်းစပ် ဖန်တီးထားတာမို့ မိုနာ့ရဲ့ ဒီစာအုပ်ဟာ လီဆာ့အတွက်တော့ မထင်မှတ်ပဲ နာကျင်စရာ အကြောင်းအရာတွေကို ယူဆောင်လာသလို ဖြစ်ခဲ့ပါတယ်။ "၆ နှစ်လုံးလုံး မိုနာက ကျွန်မဆီက အချက်အလက်တွေ စုနေတာ ကျွန်မ မသိခဲ့ဘူး။ ကျွန်မက ဘာမှ မသိတော့ သူ့ဆီသွားပြီး တိုင်ပင်လိုက်၊ အကြံဉာဏ်ယူလိုက်၊ ရင်ဖွင့်လိုက်နဲ့ပေါ့" လို့ လီဆာက ဆိုပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာတော့ သူတို့နှစ်ယောက် ပြန်အဆင်ပြေသွားကြပြီး ပြတ်တောင်းပြတ်တောင်း ဆက်ဆံရေးမျိုးကိုတော့ ထိန်းသိမ်းနိုင်ခဲ့ကြပါတယ်။ ဘာပဲပြောပြော မိုနာနဲ့ လီဆာရဲ့ ကြားက ဆက်ဆံရေးက လီဆာနဲ့ သူ့အဖေ ဂျော့ကြားက ဆက်ဆံရေးထက်တော့ တစ်နည်းအားဖြင့် ပိုရင်းနှီးပြီး အစေးကပ်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

၁၉၉၁ မှာ ဂျော့နဲ့ ပါဝဲလ်တို့ရဲ့ သားဦးလေး မွေးလာတော့ ရိဒ်ပေါလ်ဂျော့လို့ နာမည်ပေးလိုက်ကြပါတယ်။ နောက်ဆုံးစာလုံး 'ဂျော့' က သူ့အဖေရဲ့ နာမည်ကို ယူထားတာဖြစ်ပြီး အလယ်ကစာလုံး 'ပေါလ်' ကတော့ သူ့အဖိုး အမှတ်တရ အနေနဲ့ ထည့်ထားတာဖြစ်ပါတယ်။ ရှေ့ဆုံးက စာလုံး 'ရိဒ်' ကတော့ တခြား မဟုတ်ပါဘူး။ ဂျော့ တက်ခဲ့ဖူးတဲ့ 'ရိဒ်ကောလိပ်' ရဲ့ နာမည်ဖြစ်ပြီး ဒီလို မှည့်ရခြင်း အကြောင်းအရင်းကတော့ ရိဒ်ကောလိပ်နဲ့ ဘာမှမဆိုင်ပဲ ခေါ်လို့ကောင်းလို့သာ ပေးထားတာ ဖြစ်တယ်လို့ ဆိုပါတယ်။ ရိဒ်ပေါလ်ဂျော့ ဟာလည်း သူ့အဖေ ဂျော့လိုပဲ ထူးချွန်ထက်မြက်ပြီး မာကျောတဲ့ စိတ်ဓါတ်နဲ့ စူးရှတဲ့ အကြည့်ပိုင်ရှင် တစ်ဦးအဖြစ် ကြီးပြင်းလာခဲ့ပေမယ့် သဘော ကောင်းပြီး ခင်မင်တွယ်တာတတ်တဲ့ ရိဒ်မှာ ဂျော့လို တစ်ဖက်လူအပေါ် ရက်စက်တတ်တဲ့ အကျင့်ရယ်လို့ နှမ်းတစ်စေ့စာတောင် မပါခဲ့ဘူးလို့ ဆိုရပါမယ်။

အီရင်းဆီနာဂျော့ ဆိုတဲ့ သမီးလေးကိုတော့ ၁၉၉၅ မှာ မွေးဖွားခဲ့ကြပြီး အီရင်းဟာ သူ့အဖေရဲ့ ဂရုစိုက်မှုကို မရလို့ နာကျင်ခံစားနေရတဲ့ မိန်းကလေးတစ်ဦး ဖြစ်လာတဲ့အပြင် ပင်ကိုယ်အခံကိုက ဂျော့နဲ့ သိပ်မတူပဲ ငြိမ်ငြိမ်ကုပ်ကုပ် အေးအေးဆေးဆေး နေတတ်တဲ့ မိသားစုဝင်တစ်ဦး ဖြစ်လာပါတယ် ။၁၉၉၈ မှာ အငယ်ဆုံးသမီးလေး အိဗ် ကို ရလာပြီး စိတ်ဓါတ်ခိုင်ကြည်ပြီး ပျော်ပျော်နေတတ်တဲ့ အိဗ် ကတော့ ပျော့ညံ့အားနည်းတဲ့ အကျင့်စရိုက် တစ်စုံတစ်ရာ မရှိတဲ့ သူ့အဖေကို ဘယ်လိုကောင်းကောင်း ကိုင်တွယ်ရမလဲ ဆိုတာကို ကောင်းကောင်း နားလည်တဲ့ ကလေးတစ်ယောက်လို့ ဆိုရပါမယ်။ ဂျော့ကိုတောင် ဟာသလုပ်နေတတ်တဲ့ သမီးလေး အိဗ်ဟာ

အရှုယ်ရောက်လာတဲ့အခါ အမေရိကန်သမ္မတ ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ်ရင်တော့ Apple ကို ဦးဆောင်သူတစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ဂျော့က အရှုန်းဖောက်လေ့ရှိပါတယ်။

# အခန်း (၁၆)

## အိမ်မက်ဦးဆီသို့



၁၉၈၈ မှာ NeXT ကွန်ပျူတာကို ဂျော့ စမိတ်ဆက်ခဲ့တဲ့ အချိန်မှာ စိတ်လှုပ်ရှားဖွယ်ရာတွေနဲ့ ပြည့်နှက်နေခဲ့ပေမယ့် NeXT ကို တကယ် စဖြန့်တဲ့ အခါမှာတော့ စိတ်ပျက်စရာ အမှန်တရားတချို့ကို တွေ့လာရပါတယ်။ ကွန်ပျူတာ နည်းပညာလောကကြီး တစ်ခုလုံးက အမျိုးအစားမတူတဲ့ ကွန်ပျူတာတွေကြား အချင်းချင်း အပြန်အလှန် ချိပ်ဆက် အသုံးပြုနိုင်မယ့် စနစ်တစ်ခုဆီကို ဦးတည်သွားနေတဲ့ အချိန်မှာ NeXT ကွန်ပျူတာက အခြား ဆော့ဖ်ဝဲတွေနဲ့ သုံးလို့မရတဲ့ ကွန်ပျူတာတစ်လုံး ဖြစ်နေတဲ့အတွက် အသုံးပြုမယ့်သူတွေကို ထင်သလောက် မဆွဲဆောင်နိုင်ဘူး ဖြစ်နေပါတယ်။

တစ်ချိန်တည်းမှာပဲ ဂျွန်စကူလေ ဦးဆောင်နေတဲ့ Apple ရဲ့ ရောင်းအားကလည်း ကျလာပြီး မိုက်ခရိုဆော့ဖ်ကို နေရာဖယ်ပေးခဲ့ရပါတယ်။ Apple ရဲ့ ရှုံးနိမ့်မှုတွေနဲ့ ပက်သက်လို့ အဓိက တရားခံကတော့ Apple ကို စီမံခန့်ခွဲပြီး ပေါ်လစီချမှတ်ပေးနေတဲ့ စကူလေရဲ့ အမြင်ပုံဖော်မှု အလွဲတွေကြောင့်ပဲလို့ ဆိုရပါမယ်။ ငွေအတွက် အဓိက အလုပ်မလုပ်ပဲ လူအများသုံးနိုင်တဲ့ဈေးနဲ့ အဆင့်မြင့် ကွန်ပျူတာတွေ ဖန်တီးထုတ်လုပ်မယ်ဆိုတဲ့ အယူဝါဒကို ကိုင်စွဲတဲ့ ဂျော့ကို Apple ကနေ ဖယ်ရှားလိုက်ပြီးတဲ့ နောက်မှာတော့ ဂျွန်စကူလေဟာ ဒီနေ့ ပြန်တွေးကြည့်ရင် ရှက်စရာကောင်းတဲ့ ဝါဒတွေ ချမှတ်ခဲ့ပါတယ်။ စကူလေက Apple ကို ကြိုးကိုင်လာနိုင် ပြီးတဲ့နောက်မှာ "ဂျော့က Apple ကို အံ့ဩဖွယ်ရာ လူသုံးကုန်ပစ္စည်း ထုတ်ရောင်းတဲ့ ကုမ္ပဏီတစ်ခု ဖြစ်စေချင်ခဲ့တယ်။ ဒါဟာ

တော်တော်ရှုနမ်းတဲ့ အစီအစဥ် တစ်ခုပဲ။ Apple ဟာ လူသုံးကုန်ပစ္စည်း ထုတ်ရောင်းတဲ့ ကုမ္ပဏီတစ်ခု ဖြစ်လာစရာ အကြောင်း လုံဝမရှိဘူး။ အရှိတရားကို လွန်ဆန်ပြီး ကမ္ဘာကြီးကို ပြောင်းလဲပစ်မယ် ဆိုတဲ့ အိမ်မက်မျိုးကိုလည်း အလိုလိုက်နေလို့ မရဘူး။ အဆင့်မြင့် နည်းပညာဆိုတာ အခြေခံလူသုံးကုန်ပစ္စည်း တစ်ခုလို ဒီဇိုင်းထွင်ပြီး ထုတ်ရောင်းလို့ ရနိုင်တာမျိုးမှ မဟုတ်တာ” လို့ ရေးခဲ့ဖူးပါတယ်။ ဒီနေ့လို အချိန်မှာ ပြန်တွေးကြည့်ရင်တော့ တကယ့်ကို ရှက်စရာပါ။

ဒါတွေကို ဖတ်ရပြီး ၁၉၉၀ အစောပိုင်း နှစ်တွေမှာ စကူလေရဲ့ လက်ချက်ကြောင့် Apple ရဲ့ အစုရှယ်ယာ တန်ဖိုးတွေ ထိုးကျသွားတာကို မြင်ရတဲ့အခါ ဂျော့က အကြီးအကျယ် ပေါက်ကွဲပြီး “အတွင်းလိုက် ချစားနေတဲ့ လူတွေနဲ့ ပုတ်သိုးနေတဲ့ အယူဝါဒတွေကို ယူလာပြီး ဂျွန်စကူလေက Apple ကို ဖျက်ဆီးလိုက်ပြီ” လို့ မှတ်ချက်ချခဲ့ပါတယ်။ “သူတို့က ငွေရှာဖို့ပဲ စိတ်ဝင်စားကြတယ်။ ကြီးကျယ်ခမ်းနားတဲ့ လက်ရာတွေ ထုတ်လုပ်နိုင်ဖို့ကို ဂရုမစိုက်ကြပဲ သူတို့အတွက် ငွေရှာနိုင်ဖို့ပဲ အဓိက ထားခဲ့ကြတယ်” လို့ ဂျော့က စကူလေတို့ လူစုကို ဝေဖန်ပါတယ်။ မက်ကင်းတော့ရှ် ကွန်ပျူတာနဲ့ ပက်သက်လို့လည်း စကူလေက ပစ္စည်းရဲ့ အရည်အသွေးကို မြှင့်ပြီး လူအများဝယ်နိုင်တဲ့ ဈေးမျိုး သတ်မှတ်ပေးနိုင်ဖို့ထက် အမြတ်များနိုင်သမျှ များများကျန်အောင် ဘယ်လို ညှစ်ထုတ်ရမလဲ ဆိုတာကိုပဲ ချောင်းနေတဲ့အတွက် မိုက်ကရိုဆော့ဖ်ကို နေရာဖယ်ပေးလိုက်ရတာလို့ ဆိုပါတယ်။

မက်ကင်းတော့ရှ် ကွန်ပျူတာရဲ့ နည်းပညာတွေကို အမီလိုက်နိုင်ဖို့ မိုက်ကရိုဆော့ဖ် အနေနဲ့ နှစ်အနည်းငယ် အချိန်ယူခဲ့ရပေမယ့် မိုက်ခရိုဆော့ဖ်ဟာ ၁၉၉၀ အရောက်မှာတော့ Window 3.0 ဆိုတဲ့ စနစ်တစ်ခုကို တီထွင်ပြီး ကွန်ပျူတာလောက တစ်ခုလုံးကို ကြီးစိုးနိုင်တဲ့ အခြေအနေ ရောက်လာပါတယ်။ ၁၉၉၅ အရောက် Window 95 စနစ်ကို တီထွင်နိုင်ပြီးတဲ့ အချိန်မှာတော့ ဒီစနစ်ဟာ အအောင်မြင်ဆုံး ကွန်ပျူတာစနစ်တစ်ခု ဖြစ်လာခဲ့ပြီး မက်ကင်းတော့ရှ်ရဲ့ ရောင်းအား အားလုံးကို လုံးဝ ပြိုကျသွားစေခဲ့ပါတယ်။ ဒီရလာဒ်နဲ့ ပက်သက်ပြီး ဂျော့က “Apple က ဒါနဲ့ပဲ ထိုက်တန်ပါတယ်။ ကျွန်တော် ထွက်သွားပြီးနောက်ပိုင်း ဘာ အသစ်တီထွင်မှုမှ မရှိခဲ့တာ။ မက်ကင်းတော့ရှ်ကိုလည်း အဆင့် ထပ်မမြှင့်ခဲ့ကြဘူး။ မိုက်ခရိုဆော့ဖ် ပြုသမျှ နုကြရတော့တာပေါ့” လို့ မှတ်ချက်ချပါတယ်။

၁၉၉၅ ရဲ့ ခရစ်စ္စမတ်နေ့မှာ ဂျော့ဟာ သူငယ်ချင်းဖြစ်သူ Oracle ရဲ့ ဥက္ကဋ္ဌ လာရီအယ်လစ်ဆင်နဲ့ အတူ ဟာဝိုင်အီကျွန်းက ကိုနာ ဆိုတဲ့ ရွာလေးမှာ အတူရှိနေခဲ့ပါတယ်။ ဟာဝိုင်အီရဲ့ ကမ်းခြေတစ်နေရာမှာ လမ်းလျှောက်ရင်း အယ်လစ်ဆင်က ဂျော့ကို Apple ကို ပြန်သိမ်းပိုက်ဖို့ တိုက်တွန်းပါတယ်။ဂျော့သာ Apple ကို ပြန်သိမ်းပိုက်ပြီး ဦးဆောင်ဖို့ ဆန္ဒရှိမယ်ဆိုရင်

သူ့အနေနဲ့ ဒေါ်လာ ၃ ဘီလီယံသုံးပြီး Apple ကို ပြန်ဝယ်ပေးဖို့ အဆင်သင့်ရှိကြောင်းနဲ့ CEO အဖြစ် တာဝန်ယူမယ့် ဂျော့အတွက် ရှယ်ယာ ၂၅ ရာခိုင်နှုန်း ခွဲပေးမယ်ဆိုပြီး ကမ်းလှမ်းလာပါတယ်။ ဒါပေမယ့် ဂျော့ကတော့ Apple ကို မလိုမုန်းထားတဲ့ ပုံစံမျိုးနဲ့ ပြန်လည် သိမ်းပိုက်လိုက်ရတာမျိုးထက် သူတို့ဖက်က သူ့ကို ပြန်လာဖို့ ခေါ်လို့ သွားရတဲ့ အဖြစ်မျိုးကိုပဲ ပိုလိုချင်ကြောင်း၊ အဲဒီလိုဆိုရင် အခြေအနေတွေလည်း အများကြီး ပိုထူးခြားသွားမယ် ဆိုတဲ့အကြောင်း ရှင်းပြပြီး အယ်လ်ဆင်ရဲ့ ကမ်းလှမ်းမှုကို ငြင်းလိုက်ပါတယ်။

Apple ဟာ ၁၉၈၀ တစ်ဝိုက်တုန်းက ဈေးကွက်ဝေစု ၁၆ ရာခိုင်နှုန်း ပိုင်ဆိုင်ခဲ့တဲ့ အခြေအနေကနေ ၁၉၉၆ အရောက်မှာ ၄ ရာခိုင်နှုန်းအထိ ဈေးကွက်ဝေစုတွေ ထိုးကျသွားပါတယ်။ အဲဒီအခြေအနေမှာ စကူလေနေရာကို အစားဝင်လာတဲ့ ဂျာမန်နွယ်ဖွား မိုက်ကယ်စပင်ဒလာ ဆိုတဲ့ Apple ရဲ့ CEO အသစ်က Apple ကို Sun, IBM နဲ့ Hewlett Packard တို့ဆီ ထိုးရောင်းဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ပဲ မိုက်ကယ်စပင်ဒလာ လည်း CEO ရာထူးက ဆင်းပေးလိုက်ရပြီး သူ့နေရာမှာ ဂေးလ်အာမီလီယို ဆိုတဲ့ အင်ဂျင်နီယာတစ်ဦး ရောက်လာပါတယ်။ အာမီလီယို CEO အဖြစ် စတာဝန်ယူတဲ့ ပထမတစ်နှစ် အတွင်းမှာ တစ်ဘီလီယံလောက် အရှုံးပေါ်ခဲ့တဲ့အပြင် ၁၉၉၁ က ဒေါ်လာ ၇၀ နှုန်းပေါက်တဲ့ Apple ရဲ့ ရှယ်ယာဈေးနှုန်းဟာ တစ်ယူနစ် ၁၄ ဒေါ်လာနှုန်းအထိ ထိုးကျသွားပါတယ်။

အာမီလီယို CEO ဖြစ်ပြီးပြီးချင်းမှာပဲ ဂျော့က သူ့ဆီ ဖုန်းဆက်ပြီး တွေ့ဖို့ ချိန်းပါတယ်။ နောက်နေ့ အာမီလီယိုရဲ့ ရုံးခန်းထဲမှာ နှစ်ယောက်သား တွေ့ကြတော့ သိပ်အဆင်မပြေတဲ့ စကားဝိုင်းတစ်ခု အဖြစ် အဆုံးသတ်သွားပါတယ်။ တွေ့တွေ့ချင်း ပဋိသန္ဓာရစကားလေး ပြောပြီးတယ် ဆိုရင်ပဲ ဂျော့က သူအခုလို လာတွေ့ရတဲ့ အဓိက အကြောင်းအရင်းက သူ့ကို Apple က CEO အဖြစ် ပြန်ခေါ်ဖို့အတွက် ကူညီပေးဖို့ လာတိုက်တွန်းတာ ဖြစ်တယ်လို့ သူ့အကျင့်အတိုင်းပဲ တည့်တိုး ပြောချလိုက်ပါတယ်။ “Apple ရဲ့ တပ်သားတွေကို ပြန်စုဖွဲ့ပေးနိုင်မယ့်သူက တစ်ယောက်ပဲရှိပြီး Apple ကို ပြန်ထောင်မတ်ပေးနိုင်မယ့် သူကလည်း တစ်ယောက်ပဲရှိတယ်။ မက်ကင်းတော့ရှ်ရဲ့ ခေတ်ကလည်း ပြီးသွားပြီ။ အခု ဖန်တီးမှုပါတဲ့ လက်ရာအသစ် တစ်ခုကို တီထွင်ရမယ့် အချိန်ရောက်လာပြီ” လို့ အာပေါင်အာရင်း သန်သန်နဲ့ ပြောနေတဲ့ ဂျော့ကို အာမီလီယိုက မပြောမဆိုနဲ့ ပြန်နှင်လွှတ်လိုက်ပါတယ်။

၁၉၉၆ အရောက်မှာတော့ အာမီလီယို တစ်ယောက် ပြဿနာ အကြီးကြီးတစ်ခုနဲ့ ရင်ဆိုင်နေရပါပြီ။ Copland လို့ ခေါ်တဲ့ ကွန်ပျူတာ စနစ်အသစ်တစ်ခုကို တီထွင်ဖို့ ကြိုးစားနေတဲ့

အချိန်မှာ တည်ငြိမ်တဲ့ စနစ်တစ်ခုဖြစ်အောင် လုပ်နိုင်မယ့် အခြေအနေ မရှိဘူးဖြစ်နေပါတယ်။ ဒါနဲ့ တစ်ခြား နည်းလမ်းအသစ်တစ်ခု ရှာမယ်လို့ အာမီလီယိုက တရားဝင် ကြေညာလိုက်ရပါတယ်။ တစ်ကယ်တော့ သူ့မှာ ဘာနည်းလမ်းသစ်မှ မရှိပါဘူး။ Apple ဟာ တည်ငြိမ်တဲ့ စနစ်အသစ်တစ်ခုကို ဖန်တီးပေးနိုင်မယ့် တွဲဖက်ကုမ္ပဏီ တစ်ခုခုကို လိုက်ရှာဖို့ပဲ ရှိပါတော့တယ်။ Apple က လိုချင်တဲ့ ဆော့ဖ်ဝဲမျိုးကို ဖန်တီးထုတ်လုပ်ပေးနိုင်မယ့် ကုမ္ပဏီတစ်ခု ဆိုရင်လည်း တစ်ခြားမရှိပါဘူး။ NeXT ပဲ ရှိပါတယ်။

ဒါပေမယ့် လက်တွဲဖော် လိုက်ရှာနေတဲ့ Apple က စအာရုံရတဲ့ ကုမ္ပဏီက NeXT မဟုတ်ပါဘူး။ ဂျော့နေရာမှာ အစားထိုးအဖြစ် Apple ကိုရောက်လာတဲ့ လူးဝစ်ဂတ်ဆေး ဆိုတဲ့လူ ထောင်ထားတဲ့ Be ဆိုတဲ့ ကုမ္ပဏီနဲ့ အရင် လိုင်းပူးကြည့်ပါတယ်။ Apple က Be ကို ဒေါ်လာသန်း ၅၀ လောက် တန်ဖိုးရှိတဲ့ ကုမ္ပဏီအဖြစ် သတ်မှတ်ထားချိန်မှာ Be က ဒေါ်လာသန်း ၅၀၀ တန်ဖိုးရှိတဲ့ Apple ရဲ့ အစုရှယ်ယာ ၁၅ ရာခိုင်နှုန်းပေးဖို့ တောင်းဆိုတဲ့အပြင် Be က အယောက် ၅၀ ပါတဲ့ အင်ဂျင်နီယာအဖွဲ့ တစ်ဖွဲ့ကိုလည်း Apple မှာ နေရာပေးဖို့ တောင်းဆိုတဲ့ အတွက် Be နဲ့ လက်တွဲဖို့ ကိစ္စက နှောင့်နှေးနေပါတယ်။ နောက်ဆုံးတော့ ဂျော့ဆီကိုပဲ ဖုန်းဆက်ခိုင်းရမယ့် အနေအထား ရောက်လာပါတယ်။ Apple က ဝန်ထမ်းတွေနဲ့ NeXT က ဝန်ထမ်းတွေ ဒီကိစ္စအတွက် ညှိစရာရှိတာတွေ အထိုက်အသင့် ညှိနှိုင်းပြီးနောက် ၁၉၉၆ ကျေးဇူးတော်နေ့မှာ ဂျော့က အာမီလီယိုဆီ တိုက်ရိုက် ဖုန်းခေါ်ပြီး "ကျွန်တော် အခု ဂျပန်ကို သွားနေတယ်၊ နောက်တစ်ပတ်လောက်နေရင် ပြန်ရောက်မယ်။ ပြန်ရောက်ရောက်ချင်း ခင်ဗျားနဲ့ တွေ့မယ်။ ကျွန်တော် ပြန်မလာမချင်း ဘာမှ မဆုံးဖြတ်ပါနဲ့ဦး" လို့ ပြောလိုက်တဲ့အခါ အာမီလီယိုဘက်ကလည်း တခြားအဖွဲ့စည်းတွေနဲ့ ဘာသဘောတူညီမှုမှ ကြိုမလုပ်ထားပါဘူးလို့ ကတိပေးလိုက်ပါတယ်။ အထူးသဖြင့် Be နဲ့ လုံဝ စကားမကျွံဖို့ပါပဲ။

ဂတ်ဆေး ကီးဆောင်တဲ့ Be ကို ဂျော့အနေနဲ့ ထိပ်ဆုံးပြိုင်ဘက် အဖြစ် သတ်မှတ်ထားတာဟာ လုပ်ငန်းသဘောအရလည်း ပါသလို ပုဂ္ဂိုလ်ရေးနဲ့လည်း ဆိုင်နေပါတယ်။ NeXT အနေနဲ့ အောင်မြင်သင့်သလောက် မအောင်မြင်ပဲ ဖြစ်နေတဲ့ အခြေအနေမှာ Apple က ဝယ်မယ့် အလာအလာတွေ ပြနေတာဟာ အသက်တမျှ အရေးကြီးတဲ့ ကိစ္စဖြစ်သလို ဂျော့ဘဝရဲ့ အခါးသီး အမုန်းတီးဆုံး လူစာရင်းမှာလည်း ဂတ်ဆေးဟာ နံပါတ်တစ်နေရာက ပါနေပါတယ်။ "ကျွန်တော့ ဘဝရဲ့ အရွံ့ရှာဆုံး လူစာရင်းမှာ ဂတ်ဆေးက ထိပ်ကပါတယ်။ သူ ၁၉၈၅ တုန်းက ကျွန်တော့ကို နောက်ကျော ဓားနဲ့ထိုးခဲ့တယ်" လို့ ဂျော့က ဆိုပါတယ်။ စကူလေကိုတော့ ဒီလောက် မနိမ့်ချပဲ

မျက်နှာတည့်တည့်ကြည့်ပြီး ရှေ့ကနေ ဓားနဲ့ထိုးရဲလောက်အောင်အထိ လူကြီးလူကောင်းဆန်သူလို့ မှတ်ချက်ပေးထားပါတယ်။

လွန်ခဲ့တဲ့ ၁၁ နှစ်လောက်က Apple ရဲ့ ရုံးခန်းကနေ ကန်ထုတ် ခံလိုက်ရပြီးတဲ့ နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ၁၉၉၆၊ ဒီဇင်ဘာ ၂ ရက်နေ့မှာ Apple ရဲ့ ကူပါတီနို ရုံးခန်းထဲကို ဂျော့ ဝင်ရောက်လာပါတယ်။ အာမီလီယိုနဲ့ ဟန်းကော့တို့က ရုံးခန်းထဲမှာ ထိုင်နေပြီး ရှေ့မှာတော့ ဂျော့က ဝှိုက်ဘုတ်တစ်ခုနဲ့ ရှင်းပြနေပါတယ်။ သူ လေးစားလို့ မရတဲ့ လူနှစ်ယောက် ရှေ့ကို ရောက်နေတယ် ဆိုပေမယ့် ဂျော့ကတော့ စိတ်ပါလက်ပါနဲ့ ပြောဆိုနေပါတယ်။ ဂျော့က အိန္ဒြေရရနဲ့ပဲ "ခင်ဗျားတို့ ညှိချင်တဲ့ ဘယ်ပုံစံမဆို ဖြစ်အောင် ပုံဖော်ပေးမယ်။ ဆော့ဖ်ဝဲလ် အသုံးပြုခွင့် လိုင်စင်ပဲ ယူမလား၊ ကုမ္ပဏီတစ်ခုလုံးကို ဝယ်မလား၊ ဘာပဲဖြစ်ဖြစ်ပေါ့" လို့ ပြောနေပေမယ့် တစ်ကယ်တော့ အကုန်လုံးကို ရောင်းပစ်ချင်နေတာပါ။ ဂျော့က သူလိုချင်တဲ့ လမ်းကြောင်းဆီရောက်အောင် လေသံပစ်တဲ့အနေနဲ့ "ခင်ဗျားတို့ တကယ် အနီးကပ် လေ့လာကြည့်ပြီးသွားရင်တော့ ဆော့ဖ်ဝဲတွေတင် မကပဲ ဒီထက် ပိုလိုချင်လာကြလိမ့်မယ်။ NeXT ကလူတွေ အကုန်လုံးကို ပါရအောင်လို့ ကုမ္ပဏီတစ်ခုလုံးကို အပိုင်ဝယ်ချင်တဲ့စိတ် ပေါက်လာလိမ့်မယ်" ဆိုပြီး ဆက်စည်းရုံးနေပါတယ်။

ဒီဇင်ဘာ ၁၀ ရက်နေ့မှာတော့ ပါလိုအယ်တိုက ဂါးဒင်းကော့တ် ဟိုတယ် ခန်းမထဲမှာ NeXT နဲ့ Be အတွက် နောက်ဆုံး အဆုံးအဖြတ် ယှဉ်ပြိုင်ပွဲတစ်ခုကို အာမီလီယိုနဲ့ Apple က ထိပ်ပိုင်း အရာရှိတွေရဲ့ ရှေ့မှာ ပြုလုပ်စေခဲ့ပါတယ်။ နှစ်ဖက်လုံးက သူတို့ ကုမ္ပဏီတွေရဲ့ ဆော့ဖ်ဝဲတွေ အကြောင်း တစ်လှည့်စီ သရုပ်ပြရှင်းလင်းပွဲ လုပ်ရတဲ့ အစီအစဉ်မှာ ဂျော့က အရင်သရုပ်ပြ ရှင်းလင်းပါတယ်။ Be အတွက် ဂတ်ဆေးက သရုပ်ပြနေတဲ့အချိန် ရောက်တော့ ဂျော့က အပြင်ကို လမ်းလျှောက်ထွက်သွားပြီး Apple က အရာရှိတစ်ဦးနဲ့ လမ်းမှာ အတွေ့မှာ "ဒီပွဲမှာ ခင်ဗျားနိုင်လိမ့်မယ်" လို့ Apple အရာရှိက ပြောသွားပါတယ်။ အမှန်တော့ ဘယ်သူ့ကိုပဲ ရွေးတယ်ဖြစ်ဖြစ် အာမီလီယိုကတော့ CEO နေရာက ဖယ်ပေးရမယ့် အခြေအနေမျိုးပါ။ အာမီလီယို ကိုယ်တိုင်ကလည်း ဒါကို သဘောပေါက်ပေမယ့် ဂျော့ကိုပဲ ရွေးချယ်ဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။

NeXT ကိုဝယ်ဖို့ အခွင့်အာဏာအကုန် သူ့ကို လွှဲအပ်ပေးဖို့ အာမီလီယိုက Apple ဘုတ်အဖွဲ့ကို တင်ပြဆွေးနွေးတဲ့ အစည်းအဝေးပွဲမှာ ဂျော့ ကိုလည်း ဖိတ်ထားတဲ့အတွက် ဂျော့ ရောက်လာပါတယ်။ အစည်းအဝေးနေ့မှာ ဂျော့ ခန်းမထဲကို ဝင်လာပြီး မိုက်မာကူလာကို စတွေ့လိုက်ရတဲ့ အခိုက်ဟာ ခံစားမှုတွေ ပြန်ဂယက်ထစေတဲ့ အခိုက်အတန့် တစ်ခု ဖြစ်သွားပါတယ်။ ၁၉၈၅ တုန်းက စကူလေဘက်က မိုက်မာကူလာ ဝင်ရပ်လိုက်ပြီး ဂျော့ကို ငြင်းပယ်လိုက်ချိန် ကစပြီး ၁၁ နှစ်အတွင်း

သူတို့နှစ်ယောက်ရဲ့ ပထမဆုံး ပြန်ဆုံတွေ့မှုပဲ မဟုတ်လား။

ငွေးရေးကြေးရေးကိစ္စ ညှိနှိုင်းကြတဲ့အခါ ဂျော့က NeXT ရဲ့ အစုရှယ်ယာတစ်ခု တန်ဖိုး ၁၂ ဒေါ်လာနဲ့ တောင်းဆိုပေမယ့် ဂျော့ကို အာမီလီယိုက ၁၀ ဒေါ်လာနဲ့ ဈေးစစ်ပါတယ်။ အမှန်က NeXT ရဲ့ အစုရှယ်ယာတစ်ခု တန်ဖိုး ၁၂ ဒေါ်လာနဲ့ တွက်ရင် စုစုပေါင်း ဒေါ်လာ သန်း ၅၀၀ ဖိုးရှိပြီး ၁၀ ဒေါ်လာနဲ့ တွက်ရင် ဒေါ်လာသန်း ၄၀၀ လောက်ရှိပါတယ်။ အာမီလီယို စစ်တဲ့ဈေးကို ဂျော့က အံ့ဩတကြီးနဲ့ သဘောကျသွားပြီး ချက်ချင်းပဲ လက်ခံလိုက်ပါတယ်။ နည်းနည်းထပ်ညှိရတဲ့ ကိစ္စကတော့ ဂျော့ NeXT ကိုရောင်းရတဲ့ ပိုက်ဆံတွေကို ငွေသားအဖြစ် လက်ငင်း လိချင်ပြီး အာမီလီယိုကတော့ စတော့အဖြစ် တစ်နှစ်ထိန်းထားပြီးမှ ပေးချင်တဲ့ အချက်တစ်ခုပါပဲ။ နောက်ဆုံးမှာ ဒေါ်လာသန်း ၁၂၀ ကို လက်ငင်းငွေသားအဖြစ် ပေးပြီး ဒေါ်လာ ၃၇ သန်းကိုတော့ ၆ လ အထိ စတော့အဖြစ် ထိန်းထားဖို့ သဘောတူလိုက်ပါတယ်။

အာမီလီယိုအဖို့ Apple က NeXT ကိုပဲ ဝယ်ဖို့ ဆုံးဖြတ်လိုက်ပြီ ဆိုတဲ့ အကြောင်း ဂတ်ဆေးကို ပြောဖို့ ဘာမှ မခက်ပေမယ့် ဘီလ်ဂိတ်ကို အသိပေးဖို့ကတော့ ဝန်လေးနေပါတယ်။ ဒီအကြောင်းကို ဘီလ်ဂိတ်ကို လှမ်းပြောလိုက်တဲ့အခါ Apple ကို သိမ်းပိုက်ဖို့ ကြံနေတဲ့ ဘီလ်ဂိတ်က "စတီဗ်က ဘာများ လုပ်ပေးနိုင်မယ် ထင်လို့လဲ။ စတီဗ်က နည်းပညာအကြောင်း ဘာမှ နားမလည်ဘူးဆိုတာ ခင်ဗျား မသိဘူးလား။ သူက ဈေးရောင်း အင်မတန်တော်တဲ့ လူသပ်သပ်ပဲ။ ဒီလောက် ညံ့ဖျင်းတဲ့ ဆုံးဖြတ်ချက်မျိုး ခင်ဗျားချခဲ့တာ ယုံတောင် မယုံနိုင်ဘူး။ ဘာကြောင့်များ ဒီ အမှိုက်ထုတ်ကြီးကို ဝယ်လိုက်ရတာလဲ" လို့ အာမီလီယိုကို ထောပနာပြုပါတယ်။ နောက် နှစ်အတော်ကြာတဲ့ အထိလည်း ဒီလောက် ပြင်းပြင်းထန်ထန် မဟုတ်တော့ပေမယ့် ဘီလ်ဂိတ်ရဲ့ စိတ်ပျက်မှုက လျှော့မသွားပါဘူး။ "သူတို့ ဝယ်လိုက်တဲ့ လူဟာ CEO ကောင်းတစ်ယောက် ဖြစ်လာမှာ မဟုတ်ဘူးလို့ လူအများက ကြိုတင် ဟောကိန်းထုတ်ထားတဲ့လူပဲ။ စတီဗ်ဟာ ဒီဇိုင်းရယ် အင်ဂျင်နီယာ အမြင်ရယ်နဲ့ ပက်သက်လာရင် တကယ့်ကို အနှစ်သာရရှိရှိ ပုံဖော်နိုင်တဲ့ လူတော်တစ်ယောက်ဆိုတာ မှန်ပေမယ့် CEO အတွေ့အကြုံ ကောင်းကောင်း ရှိတဲ့လူ မဟုတ်ပါဘူး" လို့ ဆိုပါတယ်။

ဘီလ်ဂိတ်တို့က ဘယ်လိုပဲ မှတ်ချက်တွေ ပေးနေပေမယ့် ဂျော့ ကိုယ်တိုင်မှာတော့ Apple မှာ အရေးကြီးတဲ့ တာဝန်တွေကို ကိုင်တွယ်ရတဲ့ အခန်းကဏ္ဍကနေ ပါဝင်လိုမှု ရှိ မရှိ ဆိုတာ ဝေခွဲမရ ဖြစ်နေတုန်းပါပဲ။ အနည်းဆုံးတော့ အာမီလီယို ရှိနေသေးသရွေ့တော့ ဒီလိုနေရာမျိုးမှာ ဝင်မပါချင်တဲ့ သဘောပါ။ NeXT ကိုဝယ်ပြီး ရက်အနည်းငယ် အတွင်းမှာပဲ အာမီလီယိုက ဂျော့ကို Apple မှာ အချိန်ပြည့် ဝင်လုပ်ပြီး စီမံခန့်ခွဲမှုစနစ် တိုးတက်ရေးအပိုင်းကို တာဝန်ယူဖို့ တိုက်တွန်းပေမယ့်

ဂျော့ကတော့ ငြင်းမြဲ ငြင်းနေခဲ့ပါတယ်။ နောက်ဆုံး NeXT နဲ့ ပေါင်းစပ်မှုကို တရားဝင်ကြေညာရမယ့် နေ့အရောက်မှာတော့ အာမီလီယိုက ဂျော့ကို ဖုန်းဆက်ပြီး "စတိဗ် မင်းက ပိုက်ဆံတွေယူပြီး ဒီအတိုင်း ထွက်သွားတော့မှာလား။ မင်းလိုချင်တာက ဒါပဲဆိုရင်လဲ ရပါတယ်လေ" လို့ ပြောပေမယ့် ဂျော့ဘက်က ဘာမှ ပြန်မပြောပါဘူး။ အာမီလီယိုက "မင်း လခယူပြီး လုပ်မလား၊ အကြံပေးအရာရှိ ဖြစ်ဖြစ်ပေါ့" လို့ ဆက်ပြီး ကမ်းလှမ်းတော့လည်း ဂျော့က အသံတိတ်နေပါတယ်။ နောက်ဆုံး အာမီလီယိုက မရမက ပြောတဲ့အခါမှာ ဂျော့က "ကျွန်တော် တစ်ညလုံးအိပ်ရေးပျက်ထားလို့ အခု ဘာမှ မစဉ်းစားချင်ဘူး ဖြစ်နေတယ်။ ခင်ဗျား ဒီလူတွေကို တစ်ခုခု ကြေညာမှ ဖြစ်မယ်ဆိုရင်လည်း ဥက္ကဋ္ဌအတွက် အကြံပေးအရာရှိလို့သာ ကြေညာလိုက်ဗျာ" လို့ ပြောတော့ အာမီလီယိုကလည်း ဂျော့ ပြောတဲ့အတိုင်း ဂျော့ရဲ့ ရာထူးကို ဥက္ကဋ္ဌရဲ့ အကြံပေးအရာရှိ အဖြစ် ကြေညာလိုက်ပါတယ်။

စတိဗ်ဂျော့ ပြန်လာပြီ

"အနုပညာရှင် တစ်ယောက်က သူ အသက် ၃၀ နဲ့ ၄၀ ဝန်းကျင်လောက် ရောက်မှ အံ့သြဖွယ် ပြောင်းမြောက်တဲ့ လက်ရာတစ်ခုခုကို ဖန်တီးနိုင်တာမျိုးက တွေ့ရခဲတယ်" လို့ ဂျော့ အသက် ၃၀ ပြည့်တုန်းက ပြောဖူးခဲ့ပေမယ့် ဒီစကားဟာ ဂျော့ ကိုယ်တိုင်အတွက်တော့ အပြည့်အဝ မမှန်ဘူးလို့ ဆိုရပါမယ်။ ဂျော့ အသက် ၃၀ အရွယ်မှာ Apple က ကန်ထုတ်ခံရပြီး ဘာမှ ဖြစ်ဖြစ်မြောက်မြောက် ထပ်မလုပ်နိုင်ခဲ့တာ မှန်ပေမယ့် ၁၉၉၅ အရောက် အသက် ၄၀ ပြည့်ပြီးတဲ့ အချိန်မှာတော့ တကယ့် တီထွင်ဖန်တီးသူ တစ်ယောက် ဖြစ်နိုင်သေးတယ် ဆိုတာ Apple ကို ပြန်လာပြီး သက်သေပြခဲ့တယ် လို့ ဆိုရပါမယ်။

ဂျော့ဟာ Forbes မဂ္ဂဇင်းရဲ့ ဝင်ငွေအကောင်းဆုံး နာမည်ကျော် ပုဂ္ဂိုလ်စာရင်းမှာ ထိပ်ဆုံးနေရာက ပါရဖို့ ဆိုတာမျိုးကို စိတ်ဝင်စားတတ်သူ မဟုတ်ပဲ တီထွင်ဖန်တီးမှု အသစ် အသစ်တွေကို ထုတ်လုပ်ပြီး ရေရှည်တည်တံ့တဲ့ ကုမ္ပဏီတစ်ခု တည်ထောင်ဖို့ကိုသာ အာရုံစိုက်ခဲ့သူ ဖြစ်တဲ့အတွက် ဒီရည်ရွယ်ချက်တွေကို ဆက်လက် အကောင်အထည်ဖော်နိုင်ဖို့က Apple ကို ပြန်လာပြီး ကိုယ့်ရဲ့ နိုင်ငံတော်ဟောင်းကို ပြန်လည် သိမ်းပိုက်ခြင်းကသာ အကောင်းဆုံး နည်းလမ်းတစ်ခုပါပဲ။

ဂျော့ဟာ ၁၉၉၇ ဇန်နဝါရီမှာ Apple ကို အချိန်ပိုင်း အကြံပေးအရာရှိ တစ်ယောက် အနေနဲ့ တရားဝင် ပြန်လာပြီးချိန်က စပြီး NeXT က သူခေါ်လာတဲ့ အင်ဂျင်နီယာတွေ Apple ရဲ့ ထိပ်ပိုင်းရာထူးတွေမှာ နေရာရရေးအတွက် စတင် လုံးပမ်းပါတော့တယ်။ ဂျော့ဟာ အစပိုင်းမှာ ဘုတ်အဖွဲ့ဝင်တစ်ယောက် အဖြစ် ပါဝင်ဖို့ ဘယ်သူကမှ မကမ်းလှမ်းပဲ ကုန်ပစ္စည်းအသစ်

မိတ်ဆက်ပွဲတွေမှာသာ ရုပ်လုံးပြအဖြစ် ထုတ်သုံးခံနေရတဲ့ သူ့အနေအထားကြောင့် စိတ်အနှောက်အယှက် ဖြစ်ခဲ့ရပါသေးတယ်။ ဇန်နဝါရီလမှာပဲ ပြုလုပ်ခဲ့တဲ့ Macworld အခမ်းအနားမှာ ဂျော့ကို အစီအစဥ်တင်ဆက်သူ အဖြစ် ထုတ်သုံးခဲ့ကြပြီး အဲဒီနေ့က ၃ နာရီလောက် ကြာတဲ့ အာမီလီယိုရဲ့ ကိုယ့်ယို့ကားယား တင်ဆက်မှုတွေအပြီး ဂျော့ စင်ပေါ်တက်လာချိန်မှာ ထိုင်နေတဲ့ ပရိသတ်တွေဟာ မတ်တတ်ထရပ်ပြီး တစ်မိနစ်ကျော်ကြာအောင် လက်ခုပ်လက်ဝါးတီးပြီး ဩဘာပေးခဲ့ကြပါတယ်။ အဲဒီနေ့ ပွဲမှာ အမှတ်တရအဖြစ် အာမီလီယိုက ဝေါ့ဇ်နီးယက်ခ်ကိုလည်း စင်ပေါ် ဖိတ်ခေါ်ခဲ့ပြီး နောက်ဆုံး တင်ဆက်မှုအဖြစ် သုံးယောက်ပူးတွဲ တင်ဆက်မှုပုံစံ လုပ်ဖို့ စီစဥ်ထားပေမယ့် စိတ်ရှုပ်ထွေးတဲ့ ဂျော့ဟာ ဝေါ့ဇ်နီးယက်ခ် ရောက်လာပြီး မကြာမီမှာပဲ စင်ပေါ်က မသိမသာ ဆင်းသွားပါတယ်။

ဂျော့က သူ့ရဲ့ အမာခံဘက်တော်သားတွေ ဖြစ်တဲ့ အပိုင်းတီပန်နီယန် နဲ့ ဂျွန်ရူဘင်စတီန်း ဆိုတဲ့ အင်ဂျင်နီယာ နှစ်ယောက်ကို ခေါ်လာပြီ ဟာ့ဒ်ဝဲထုတ်လုပ်ရေး အပိုင်းမှာ တာဝန်ပေးလိုက်ပါတယ်။ ဂျော့က ရှုံပုံမှန်မတက်ပဲ အာမီလီယိုကို ဖုန်းနဲ့ အဆက်အသွယ်လုပ်ပြီး တီပန်နီယန်နဲ့ ရူဘင်စိမ်းတို့က ဂျော့အိမ်ကို နေ့စဥ်လိုလို လာပြီး Apple က အခြေအနေတွေကို မပြတ်သတင်းပို့နေပါတယ်။ မကြာမီမှာပဲ ဂျော့ဟာ အာမီလီယိုနဲ့ အာဏာနပန်းသတ်ပွဲ တစ်ခုကို တိတ်တဆိတ် ဆင်နွှဲနေတယ်ဆိုတာ ဆီလီကွန်တောင်ကြား တစ်ခုလုံး ရိပ်မိစပြုလာပါတော့တယ်။ အဲဒီအချိန်မှာပဲ အာမီလီယိုဟာ ပြီးခဲ့တဲ့နှစ်ကထက် ဒီနှစ်မှာ ရောင်းအား ၃၀ ရာခိုင်နှုန်း ကျသွားတဲ့ ကိစ္စအတွက် ရှယ်ယာရှင်တွေရဲ့ အစည်းအဝေးမှာ အလဲလဲအပြိုပြိုနဲ့ ဖြေရှင်းထုချေနေရပါတယ်။ ဒါပေမယ့် အာမီလီယိုကတော့ သူ့ကိုယ်သူ တကယ့် ပွဲကိုင်ရှင်ကြီးတစ်ယောက်လို့ ထင်ထားတဲ့ အတွေးကိုတော့ တပြားသားမှ မလျှော့သေးပါဘူး။ နည်းပညာဂျာနယ် သတင်းထောက် ဂီနာစမစ်နဲ့ လုပ်တဲ့ အင်တာဗျူးတစ်ခုမှာ Apple ရဲ့ အခြေအနေကို မေးတော့ အာမီလီယိုက “Apple က သင်္ဘောတစ်စင်းနဲ့ တူနေတယ်၊ ရတနာတွေ အပြည့်တင်ထားပေမယ့် အလယ်မှာ အပေါက်ကြီးတစ်ပေါက် ဖြစ်နေတဲ့ သင်္ဘောတစ်စင်းလိုပဲ။ အဲဒီမှာ ကျွန်တော့် တာဝန်က သင်္ဘောပေါ်မှာပါတဲ့ လူတွေအားလုံး လမ်းကြောင်း တစ်ခုတည်းကိုပဲ လှော်ခတ်ကြဖို့ ထိန်းကျောင်းပေးရတဲ့ တာဝန်ပဲ” လို့ ဆိုပါတယ်။ နောက်နေ့မှာ အဲဒီ အင်တာဗျူးအကြောင်းကို အယ်လစ်ဆင်က ပြန်ပြောပြတော့ ဆူရှီဆိုင်မှာ ဆူရှီစားနေတဲ့ ဂျော့ဟာ ခွက်ထိုးခွက်လန် ရယ်လိုက်တာ ခုံပေါ်ကနေတောင် ပြုတ်ကျတဲ့ အထိပါပဲ။ အာမီလီယိုရဲ့ ဒီအင်တာဗျူးဟာ ဂျော့တို့ လူတစ်သိုက်ကြားမှာ အရယ်ရဆုံး ဟာသတစ်ခု ဖြစ်လာပြီး အဲဒီအချိန်က စလို့ အာမီလီယိုကို ဒေါက်တာအာမီလီယိုလို့ နာမည်ပြောင် ပေးလိုက်ကြပါတယ်။

တစ်ချိန်တည်းမှာပဲ Business Week နဲ့ Wired မဂ္ဂဇင်းတွေက အာမီလီယိုကို ဝေဖန်တဲ့ ဆောင်းပါးတွေ ရေးလာပြီး Red Herring မဂ္ဂဇင်းရဲ့ အယ်ဒီတာ့အာဘော် ခေါင်းကြီးပိုင်မှာဆိုရင် "ဂေးလ်အာမီလီယို ကျေးဇူးပြုပြီး နုတ်ထွက်လိုက်ပါတော့" ဆိုတဲ့ ခေါင်းစဥ်နဲ့ အာမီလီယိုကို တိုက်ခိုက်တဲ့ ဆောင်းပါးတွေ ပလူပျံနေတဲ့အပြင် ဂျော့ရဲ့ သူငယ်ချင်းကြီးဖြစ်တဲ့ အယ်လစ်ဆင်ကလည်း "Apple ကို ကယ်တင်နိုင်မယ့်သူဟာ စတိဗ် တစ်ယောက်ပဲရှိပါတယ်။ သူ့ ပါးစပ်ကသာ တစ်ခွန်းဟလိုက်တာနဲ့ သူလိုချင်တာဖြစ်အောင် ကျွန်တော့်ဘက်က ကူညီဖို့ အသင့်ပါ။ Apple ရဲ့ အစုရှယ်ယာ အများစုကို ဝယ်ဖို့ ဒေါ်လာ တစ်ဘီလီယံလောက် တန်ဖိုးရှိတဲ့ မြှုတ်နှံမှု အစီအစဥ်တစ်ခုလုပ်ဖို့ ပြင်ဆင်နေပါတယ်။ ပြီးရင် စတိဗ်ကို CEO တင်မယ်" လို့ ဂျာနယ် မဂ္ဂဇင်းတွေကနေ ဖွင့်ချလိုက်ပါတယ်။ ဂျော့က အာမီလီယိုဆီ ဖုန်းဆက်ပြီး ဒီသတင်း မဟုတ်မှန်ပါဘူးလို့ ပြောပေမယ့် နောက်နေ့မှာပဲ Apple ရဲ့ စတော့ရှယ်ယာ ဈေးနှုန်းတွေက ၁၁ ရာခိုင်နှုန်း ထိုးတက်သွားပါတယ်။

အခြေနေတွေ ဘယ်လိုပဲ ဖြစ်နေပါစေ အာမီလီယိုကတော့ ဂျော့ဟာ သူ့ဘက်ကလူ ဖြစ်ပြီး သူနဲ့ ဂျော့ရဲ့ ကြားမှာ ကောင်းမွန်နီးကပ်တဲ့ ဆက်ဆံရေးမျိုး ရှိတယ်လို့ ယုံကြည်ရတာကိုပဲ သဘောကျနေပါတယ်။ ဂျော့ရဲ့ ချစ်ခင်မှုကို ရအောင် ယူနိုင်တယ်လို့ ယုံကြည်ထားပြီး ဒီလို ယုံကြည်းရတာကိုပဲ ကျေနပ်နေပါတယ်။ ဒါပေမယ့် မကြာခင်မှာပဲ သူထင်ထားတာတွေ တကယ်မဟုတ်မှန်း အာမီလီယို သဘောပေါက်စ ပြုလာပါတယ်။ NeXT အတွက် ငွေချေးတုန်းက ဂျော့ရမယ့် Apple က အစုရှယ်ယာတစ်ချို့ကို ခြောက်လအတွင်း ထုတ်မရောင်းဖို့ သဘောတူထားပေမယ့် ဂျော့က အာမီလီယိုကို မပြောပဲ ရှယ်ယာ ဒေါ်လာတစ်သန်းခွဲဖိုး ထုတ်ရောင်းလိုက်ပြီး အာမီလီယိုက မေးတော့လည်း သူ့ရှယ်ယာတွေ ရောင်းတာ မဟုတ်ဘူးလို့ပဲ ဂျော့က ငြင်းလိုက်ပါတယ်။ ဒါပေမယ့် ရှယ်ယာ အဝယ် အရောင်းစာရင်းတွေ ဖြည့်ရတဲ့အခါမှာတော့ ရောင်းလိုက်တဲ့ ဒေါ်လာတစ်သန်းခွဲဖိုးက ဂျော့ရဲ့ ရှယ်ယာတွေမှန်း ပေါ်သွားပါတယ်။ ဂျော့ရဲ့ ဖြေရှင်းချက် ကတော့ Apple ရဲ့ အခြေအနေတွေကြောင့် စိတ်ဓါတ်ကျပြီး ထုတ်ရောင်းလိုက်မိတာ ဖြစ်ပြီး သူ့လုပ်ရပ်ကို သူရှက်တဲ့အတွက် အသိမပေးခဲ့တာလို့ ဆိုပါတယ်။

အဲဒီအချိန်ကစပြီး အာမီလီယိုလည်း ဂျော့နဲ့ ပက်သက်လို့ အမြင်မှန်ရသွားပါတယ်။ "လူကိုတော့ သဘောကျပါရဲ့ ဒါပေမယ့် ယုံတော့ လုံးဝ မယုံတော့ဘူး" လို့ ဖြစ်သွားပါတယ်။ အာမီလီယိုက "ကျွန်တောကိုက စတိဗ် ကျွန်တော့်ဘက် ပါမယ်လို့ အတင်းယုံချင်နေခဲ့တယ် ဆိုတာကို သဘောပေါက်သွားတယ်။ ကျွန်တော့်ကို ဖြုတ်ချဖို့ ကြိုးကိုင်နေတဲ့ စတိဗ်ရဲ့ အစီအစဥ်တွေလည်း

ရုပ်လုံးက ပေါ်လာပြီ” လို့ ဆိုပါတယ်။ ဟန်နရီကစ်ဆင်းဂျားနဲ့ ပက်သက်ပြီး ဟဲလ်မတ် ပြောခဲ့ဘူးတဲ့ စကားတစ်ခွန်းရှိပါတယ် “သူ့အကျိုးအမြတ်ရမှာမို့ သူလိမ်တာ မဟုတ်ပါဘူး။ လိမ်ရတာကိုက သူ့သဘာဝဖြစ်နေလို့ သူလိမ်တာပါ” ဆိုတဲ့ စကားလိုပါပဲ။ ဂျော့ဟာလည်း တစ်ခါတစ်ရံမှာ ဟန်နရီကစ်င်းဂျားနဲ့က စရိုက်ချင်း ခပ်ဆင်ဆင်ပဲ မဟုတ်လား။

ဂျော့ဟာ ကွယ်ရာမှာလည်း အာမီလီယိုကို အပုတ်ချတဲ့စကားတွေ ပြောနေခဲ့ပါတယ်။ ဒီလို မပြောမိဖို့ကိုလည်း သူ့ကိုယ်သူ မထိန်းနိုင်ခဲ့ပါဘူး။ ဒါပေမယ့် ဘုတ်အဖွဲ့ ဒါရိုက်တာတွေ အာမီလီယိုအပေါ် ကြပ်လာအောင် တည်ပေးခဲ့တဲ့ အထဲမှာတော့ ဖရက်အန်ဒါဆန် ဆိုတဲ့ ဘဏ္ဍာရေးအရာရှိ တစ်ယောက်ရဲ့ လက်ချက်လည်း ပါပါတယ်။ Apple ရဲ့ ဆိုရွားနေတဲ့ ဘဏ္ဍာရေး အခြေအနေတွေနဲ့ အလားအလာကို ဘုတ်အဖွဲ့ဝင်တွေ သိအောင် အန်ဒါဆန်ကပဲ ပြောပြခဲ့တာပါ။ အာမီလီယို မပါတဲ့ ဘုတ်အဖွဲ့ ထိပ်ပိုင်းအစည်းအဝေးတစ်ခုမှာ ဘုတ်အဖွဲ့ဝင် အရာရှိ ဝူလာ့ဒ်က ကျန်တဲ့ ဘုတ်အဖွဲ့ ဒါရိုက်တာတွေနဲ့ ခေါင်းချင်းရိုက်နေပါတယ်။ ဝူးလာ့ဒ် တင်ပြနေတဲ့ အချက်ကတော့ ‘ဂေးလ်အာမီလီယို ကိုပဲ လက်ရှိအတိုင်း CEO အဖြစ် တာဝန်ပေးထားပြီး ဆက်သွားလို့ကတော့ ကုမ္ပဏီ ဒေဝါလီမခံရဖို့အတွက် မျှော်လင့်ချက် ၁၀% ပဲရှိမယ်။ အာမီလီယိုကို ဖြုတ်ချပြီး စတိဗ်ဂျာ့ကို CEO အဖြစ် ဦးဆောင်ခိုင်းမယ်ဆိုရင် ဒေဝါလီခံရဖို့အတွက် ရှောင်ရှားနိုင်မယ့် အခွင့်အရေး ၆၀% လောက်ရှိမယ်။ အာမီလီယိုကို ဖြုတ်ပြီး စတိဗ်ဂျော့ကို မခန့်ပဲ တစ်ခြား CEO အသစ်တစ်ယောက် ရှာမယ်ဆိုရင်တော့ ဖြစ်နိုင်ခြေက ၄၀% လောက်ရှိလိမ့်မယ်။ ဘာကို ရွေးမလဲ” ဆိုတာပါပဲ။ ဘုတ်အဖွဲ့က ဂျော့ ပြန်လာအောင် စည်းရုံးဖို့ အခွင့်အာဏာအကုန်ကို ဝူးလာ့ဒ်ဆီ လွှဲအပ်ပေးလိုက်ပါတယ်။

ဝူးလာ့ဒ် ဂျော့ဆီ ဖုန်းဆက်ပြီး အာမီလီယိုကို ဘုတ်အဖွဲ့က CEO အဖြစ်က ရပ်စဲလိုက်တော့မှာ ဖြစ်ပြီး အဲဒီနေရာမှာ ဂျော့ကို တာဝန်ယူစေချင်တယ်လို့ အကြောင်းကြားတော့ တစ်ကယ့်ကို အံ့ဩစရာပါပဲ၊ ဂျော့က ငြင်းလိုက်ပါတယ်။ ဝူးလာ့ဒ်က ထပ်တောင်းဆိုပေမယ့်လည်း ဂျော့က ဘုတ်အဖွဲ့ဝင် တစ်ယောက်အဖြစ် သတ်မှတ်ပေးမှာကိုသာ လက်ခံပြီး CEO အဖြစ် တာဝန်မယူနိုင်ဘူးလို့ ငြင်းမြဲ ငြင်းနေပြန်ပါတယ်။ ဒီနေရာဟာ ဂျော့ မောင်းထုတ်ခံလိုက်ရတဲ့ နေရာပါ။ အခုလိုမျိုး ကမ်းလှမ်းခံရဖို့အတွက် ဆယ်စုနှစ် တစ်ခုစာမက စောင့်ခဲ့ရတာပါ။ နှစ်ပေါင်းများစွာ စောင့်စားခဲ့ပြီး ဂျော့ ပြန်လိုချင်တဲ့ ဒီရာထူးအတွက် အခုကမ်းလှမ်းခံရပြီ ဆိုကာမှ ဂျော့က ငြင်းဆန်နေတယ်ဆိုတာ တကယ့်ကို နားမလည်နိုင်စရာပါပဲ။ အမှန်တော့ ဂျော့ဟာ ဒီကြီးမားတဲ့ တာဝန်ကြီးကို ယူပြီး Apple ကို ပြန်နလန်ထူလာဖို့ လုပ်ပေးနိုင်ပါ့မလားလို့ သံသယဖြစ်နေတာ

ကြောင့်ပါ။ ဂျော့ဟာ ရှုပ်ထွေးတဲ့ ကိစ္စတွေနဲ့ လုံးထွေးနေရမှာကိုလည်း နှစ်သက်တတ်သူ မဟုတ်ပါဘူး။စင်းလုံးချောဝါဒသမား ဖြစ်တဲ့အတိုင်း သူအကောင်းဆုံး လုပ်နိုင်မယ်လို့ မသေချာတဲ့ ကိစ္စတစ်ခုကို ကိုင်တွယ်ဖို့ တွန့်ဆုတ်နေတဲ့ သဘောလို့လည်း ဆိုနိုင်မယ် ထင်ပါတယ်။

အခုလို ငြင်းရတဲ့အတွက် ဂျော့ရဲ့ အကြောင်းပြချက်ကတော့ ဂျော့ဟာ Apple က ထွက်လာရပြီးတဲ့နောက်မှာ Pixar ဆိုတဲ့ အန်နီမေးရှင်း ကွန်ပျူတာ အထူးပြုလုပ်ချက်တွေ ဖန်တီးတဲ့ ကုမ္ပဏီတစ်ခုကို ဝယ်ထားပြီး လက်ရှိမှာလည်း Pixar မှာ CEO အဖြစ် တာဝန်ယူနေတာ ဖြစ်တဲ့အတွက် လူတစ်ယောက်ဟာ ကုမ္ပဏီနှစ်ခုလုံးရဲ့ CEO အဖြစ် တစ်ပြိုင်တည်း တာဝန်ယူတာ ထုံးစံမရှိဘူး ဆိုတဲ့ အကြောင်းပြချက်ရယ် သူဟာ လက်ရှိမှာ မိသားစုအတွက် အချိန်ပေးနေတာကိုပဲ ကျေနပ်နေတဲ့အတွက် တစ်ခြားကိစ္စတစ်ခုမှာ ထပ်ပြီး အချိန်မပေးနိုင်ဘူး ဆိုတဲ့ အကြောင်းပြချက်ပဲ ဖြစ်ပါတယ်။ မိသားစုအတွက် အချိန်ပေးနေရလို့ ဆိုတဲ့ အကြောင်းပြချက်ကတော့ သိပ်ယုတ္တိမရှိတာ အမှန်ပါ။ ပြောရမယ်ဆိုရင် ဂျော့ဟာ သူ့မှာ ဘယ်လောက်ပဲ အချိန်တွေ ပိုနေပါစေ "အတော်ဆုံး အဖေတစ်ယောက်" ဆိုတဲ့ ဆုမျိုးကို ဘယ်တုန်းကမှ ရအောင် အားထုတ်ခဲ့ဖူးတာ မဟုတ်ပါဘူး။ သူ့အတွက် အာရုံစိုက်စရာက အလုပ်ပါ။ နောက်ဆုံးမှာ သင့်တော်တဲ့ CEO တစ်ယောက် ရှာမတွေ့သေးခင်မှာ ယာယီအဖြစ် တာဝန်ယူပေးမယ်လို့ လက်ခံလိုက်ပါတယ်။ အန်ဒါဆန်ကတော့ "စတီဗ်က Apple ဟာ ကယ်တင်လို့ ရနိုင်ပါဦးမလား ဆိုတာ အရင် သေချာအောင် စစ်ဆေးကြည့်ချင်သေးတဲ့ သဘောပါ" လို့ ဆိုပါတယ်။

အာမီလီယိုက သူ့သားသမီး မြေးတစ်စုနဲ့အတူ အပန်းဖြေခရီးထွက်ဖို့ ပြင်ဆင်နေတုန်း ဝူးလာ့ဒ်ဆီက ဖုန်းလာလို့ ကိုင်လိုက်တော့ "ခင်ဗျားကို ကျွန်တော်တို့ ရာထူးက ဆင်းပေးစေချင်တယ် ဆိုတာ ပြောဖို့ပါ" ဆိုတဲ့ မထင်မှတ်တဲ့ တောင်းဆိုမှုနဲ့ ရင်ဆိုင်လိုက်ရပါတယ်။ ဒါဟာ ဘုတ်အဖွဲ့ ဒါရိုက်တာတွေ အားလုံးရဲ့ သဘောတူ ဆုံးဖြတ်ချက် ဖြစ်တဲ့အတွက် အာမီလီယိုလည်း ဘာမှ မတတ်နိုင်တော့ပါဘူး။ လောလောဆယ် Apple ကုမ္ပဏီရဲ့ အလွှတ်သဘော အတိုင်ပင်ခံ တစ်ယောက် အဖြစ် ဆောင်ရွက်ပေးနေတဲ့ ဝေါ့ဇ်နီယတ် တစ်ယောက်ကတော့ (မေ့လွယ်၊ ပျောက်လွယ်တဲ့ အကျင့်ရှိသူ ဖြစ်တဲ့အတိုင်း) အရင်က ဘယ်လို ကိစ္စတွေပဲ ဖြစ်ခဲ့ ဖြစ်ခဲ့၊ Apple ကို ဂျော့ CEO အဖြစ် ပြန်လာတော့မယ် ဆိုတော့ ဝမ်းသာနေပါတယ်။ "ကျွန်တော်တို့ လိုနေတာလေ ဒါပါပဲ။ စတီဗ်ကို ခင်ဗျားတို့ ဘယ်လိုပဲ သတ်မှတ် သတ်မှတ်၊ မှော်အစွမ်းတွေ ပြန်ရအောင် ဘယ်လိုလုပ်ရမလဲဆိုတာ ဂျော့ တစ်ယောက်ပဲ သိတယ်" လို့ ဝေါ့ဇ်က ဆိုပါတယ်။ အာမီလီယိုကို ဂျော့ အနိုင်ရသွားခဲ့တာလည်း ဝေါ့ဇ် အတွက်ကတော့ အထူးအဆန်းတစ်ခု မဟုတ်ပါဘူး။

အာမီလီယိုကို ဂျော့လို လူမျိုးနဲ့ ပေးတွေ့လိုက်မှတော့ ပွဲသိမ်းပြီပေါ့ လို့ Wired နဲ့ အင်တာဗျူး တစ်ခုမှာ ပြောခဲ့ပါတယ်။

တနင်္လာနေ့ မနက်မှာတော့ Apple က ထိပ်ပိုင်းအရာရှိတွေ အစုံအညီပါတဲ့ အစည်းအဝေးမှာ အာမီလီယို ရောက်လာပြီး "အခုလို Apple က အနားယူပြီး ရှေ့ဆက် လျှောက်လှမ်းရတော့မယ် ဆိုတာကို အသိပေးရတဲ့ အတွက် ဝမ်းနည်းမိပါတယ်" ဆိုတဲ့ နှုတ်ဆက်စကားကို တည်တည်ငြိမ်ငြိမ်၊ အေးအေးဆေးဆေးနဲ့ ပြောသွားပါတယ်။ အခုချိန်ကစပြီး တရာဝင် ထုတ်ဖော်ပြောသည်ဖြစ်စေ၊ မပြောသည်ဖြစ်စေ ဂျော့ဟာ အတိုင်ပင်ခံအရာရှိ သက်သက် မဟုတ်တော့ပဲ Apple မှာ အရာရာကို ထိန်းချုပ် မောင်းနှင်တော့မယ့် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာပြီဆိုတာ အားလုံး နားလည်လိုက်ကြပါတယ်။ ဂျင်းဘောင်းဘီနဲ့ လည်စည်းအကျုပ်ပါတဲ့ ရှပ်အင်္ကျီအနက်ရောင်ကို ဝတ်ထားတဲ့ ဂျော့ဟာ စင်ပေါ်တက်လာပြီးချင်းမှာပဲ "ကဲ....ဟုတ်ပြီ။ ဒီနေရာမှာ ဘာတွေ လွဲချော်နေတယ်ဆိုတာ ကျွန်တော့်ကို ပြောစမ်းပါ" လို့ ဆိုင်းမဆင့် ဗုံမဆင့် ပြောချလိုက်တဲ့အခါ အောက်က ဝန်ထမ်းတွေ ရှိုးရှိုးရွှရွှ ဖြစ်ကုန်ပါတယ်။ ဘယ်သူမှ ဘာမှ မပြောနိုင်ခင်မှာပဲ ဂျော့က ဆက်ပြီး "ဒီကုန်ပစ္စည်းတွေမှာကော ဘာတွေ မှားနေလဲ သိလား" လို့ ဆက်မေးပါတယ်။ ဘယ်သူမှ ဘာမှ ပြန်မပြောနိုင်ပါဘူး။ အဲဒီအခါ ဂျော့က "ပြဿနာကတော့ ဒီက ကုန်ပစ္စည်းတွေမှာ လိင်ဆွဲဆောင်မှု တစ်စက်မှ မရှိတော့တဲ့ ကိစ္စပဲ" လို့ ထအော်ပါတယ်။

ရောဂါဘယတွေနဲ့ ဖိစီးနှိပ်စက်နေတဲ့ Apple ကို ပြန်နလန်ထူလာအောင် ဂျော့ ပထမဆုံး စအကောင်အထည် ဖော်တာကတော့ ထိပ်ပိုင်း ဝန်ထမ်းတွေအတွက် ပေးတဲ့ အစုရှယ်ယာတန်ဖိုးကို မြှင့်ပေးဖို့ဆိုတော့ ဘုတ်အဖွဲ့ ဒါရိုက်တာတွေအတွက် ကိုယ့်ခေါင်းကိုယ် သေနတ်နဲ့ ပြန်တေ့ထားရ သလိုမျိုး ခံစားခဲ့ရပေမယ့် သူတောင်းဆိုတဲ့အတိုင်း မလုပ်ရင် နောက်တစ်ပတ် တနင်္လာနေ့ကစပြီး ရုံးမတက်တော့ဘူးလို့ ဂျော့က ခြိမ်းခြောက်တဲ့အတွက် နောက်ဆုံးမှာ မတိုးချင် တိုးချင်နဲ့ ရှယ်ယာတစ်ယူနစ် ၁၃.၂၅ ဒေါ်လာဈေးကို ပြန်တိုးပေးလိုက်ရပါတယ်။

ဘုတ်အဖွဲ့လူတွေကို ဒီလို လိုက်လျောပေးလိုက်လို့ ဂျော့က ကျေးဇူးတင်စကား ပြောမယ်လို့တော့ မထင်လိုက်ပါနဲ့။ ဒီကိစ္စ အောင်မြင်သွားပြီးတဲ့နောက် ပြုပြင်ပြောင်းလဲရေး နောက်တစ်ဆင့် အနေနဲ့ ဂျော့ ဆက်လုပ်တာကတော့ ဘုတ်အဖွဲ့ဝင် ဒါရိုက်တာအားလုံးကို နှုတ်ထွက်ခိုင်းတာပဲ ဖြစ်ပါတယ်။ ဝူးလာ့ဒ်မှ အပပေါ့။ ဂျော့က "ဒီကုမ္ပဏီက တစ်ကယ့် ဝက်သိုက် တစ်ခုလိုဖြစ်နေပြီ။ ဘုတ်အဖွဲ့တစ်ခုလုံးကို လိုက်ပြီး တစ်သွေးတစ်မွေး ဖြစ်လာအောင် ပြုစုနေဖို့ ကျွန်တော့်မှာ အချိန်သိပ်မရှိဘူး။ ဒီတော့ ခင်ဗျားတို့အားလုံး နှုတ်ထွက်ပေးကြပါ။ ဒါမှ မဟုတ်ရင်

ကျွန်တော် နုတ်ထွက်ရလိမ့်မယ်။ တနင်္လာနေ့ကစပြီး ကျွန်တော် ပြန်မလာတော့ဘူး” လို့ အကြပ်ကိုင်ပြီး ဂူးလာ့ဒ် တစ်ယောက်က လွဲရင် ကျန်တဲ့သူတွေအားလုံး နုတ်ထွက်ပေးကြပါလို့ တောင်းဆိုလိုက်ပါတယ်။ ဂူးလာ့ဒ် အပြင် ဂါရတ်ချန်းဆိုတဲ့ ဒါရိုက်တာ တစ်ယောက်ကိုပါ ဘုတ်အဖွဲ့မှာ ဆက်နေခွင့်ပြုဖို့ တစ်ခုထဲကိုပဲ တောင်းဆိုပြီး ကျန်ဘုတ်အဖွဲ့ဝင် ဒါရိုက်တာအားလုံး နုတ်ထွက်ပေးလိုက်ကြပါတယ်။

ဂျော့ နုတ်ထွက်ဖို့ တောင်းဆိုတဲ့ အထဲမှာ ဟိုးကားဂိုဒေါင်လေးထဲမှာ Apple ရဲ့ ဇာတ်လမ်း အစကတည်းက ဒေါ်လာ ၂၅၀၀၀၀ မတည် ပါဝင်ခဲ့ပြီး Apple ရဲ့ ရှယ်ယာ ၃ ပုံ ၁ ပုံ ပိုင်တဲ့ တည်ထောင်သူတစ်ဦး အဖြစ် ရပ်တည်ခဲ့တဲ့ မိုက်မာကူလာတစ်ယောက်လည်း ပါပါတယ်။ ဂျော့ ပြန်ရောက်လာပြီ ဆိုကတည်းက Apple မှာ သူ့ရဲ့ နေ့ရက်တွေ ကုန်ဆုံးတော့မယ် ဆိုတာကိုလည်း မာကူလာတစ်ယောက် သဘောပေါက်ပြီးသားပါ။ ဂျော့က မာကူလာကိုပါ ဘုတ်အဖွဲ့က ထွက်ခိုင်းပေမယ့် ဒီလို ထွက်ခိုင်းရတာဟာ သူ့အနေနဲ့ လူသစ် စိတ်သစ်နဲ့ ပြန်စတင်ချင်တဲ့ အတွက်သာ ထွက်ခိုင်းရတာဖြစ်ပြီး တခြား ဘယ်လိုသဘောမျိုးမှ မပါကြောင်း မာကူလာဆီကို သီးသန့် သွားတွေ့ပြီး ရှင်းပြခဲ့ပါတယ်။ တစ်ချိန်က Apple က လူတွေ ဂျော့ကို ကန်ထုတ်ကြချိန်မှာ မာကူလာကလည်း ဂျော့ဘက်က မရပ်တည်ခဲ့ပေမယ့် ဂျော့ ခွင့်လွှတ်ပေးလို့ ရတဲ့ လူလက်တစ်ဆုပ်စာ ထဲမှာ မာကူလာလည်း ပါခဲ့တယ်လို့ ဆိုရပါမယ်။

Apple နဲ့ ပက်သက်ပြီး ရှေ့ဆက် ဘာတွေကို အာရုံစိုက်ရမလဲဆိုတာ မာကူလာနဲ့ ဂျော့ ဆွေးနွေးတိုင်ပင်ကြတဲ့အခါ မာကူလာက ကုမ္ပဏီတစ်ခု အရှည်တည်တံ့ဖို့အတွက် ဖော်မြူလာကတော့ ကိုယ့်ကိုယ်ကို ဘယ်လို တီထွင်ဆန်းသစ်မလဲ ဆိုတာ သိတဲ့ ကုမ္ပဏီတစ်ခု ဖြစ်နေဖို့ အရေးကြီးတယ်လို့ ဂျော့ကို အကြံပေးပါတယ်။ Hewlett Packard ကုမ္ပဏီဆိုရင် တူရိယာပစ္စည်း ထုတ်လုပ်တဲ့ ကုမ္ပဏီအဖြစ် စတင်ခဲ့ပြီး၊ ဂဏန်းပေါင်းစက် ထုတ်လုပ်တဲ့ ကုမ္ပဏီတစ်ခုအဖြစ် အသွင်ပြောင်းကာ နောက်ဆုံးမှာ ကွန်ပျူတာ ကုမ္ပဏီတစ်ခုအဖြစ် ရပ်တည် အောင်မြင်ခဲ့တယ် ဆိုတာကို ဥပမာအဖြစ်ပေးပါတယ်။ တစ်ကိုယ်ရေသုံး ကွန်ပျူတာလောကမှာ Apple က မိုက်ခရိုဆော့ဖ်နဲ့ ပခုံးချင်းယှဥ်လာခဲ့တာလည်း ကြာပြီဖြစ်တဲ့ အတွက် ကွန်ပျူတာ မဟုတ်တဲ့ တစ်ခြားထုတ်ကုန်တွေကို ဖန်တီး ထုတ်လုပ်ဖို့ စဥ်းစားကြည့်သင့်ပြီ ဆိုတဲ့ အကြံကို ဂျော့ ကလည်း လက်ခံခဲ့ပါတယ်။

ဂျော့က နုတ်ထွက်သွားတဲ့ ဘုတ်အဖွဲ့ဝင်တွေ နေရာမှာ လာရီအယ်လစ်ဆန်၊ ဘီလ်ကမ့်ဘဲလ်၊ IBM က ဘဏ္ဍာရေး အကြီးအကဲ ဂျယ်ရီယော့ခ်၊ ဂူဂယ်လ်က အဲရစ်စကင်းမ်၊ အယ်လ်ဂိုး၊

အာ့တ်လီဗင်ဆန်၊ မစ်ကီဒရက်စလာ၊ အန်ဒရီဂျန်း စသူတွေနဲ့ အစားထိုးလိုက်ပါတယ်။ ဘီလ်ကမ့်ဘဲလ်က အရင်က စကူလေနဲ့ပေါင်းပြီး ဂျော့ကို ဖယ်ထုတ်ခဲ့တဲ့သူ ဖြစ်တဲ့အတွက် ဂျော့ မုန်းတီးတဲ့ လူစာရင်းမှာ ပါခဲ့ဖူးပါတယ်။ ဒါပေမယ့် ကမ့်ဘဲလ်ဟာ နောက်ပိုင်းမှာ စကူလေကို တူးတူးခါးခါး မုန်းတဲ့ လူတစ်ယောက် ဖြစ်လာတဲ့အတွက် ဂျော့က ပြန်ခွင့်လွှတ်ပေးလိုက်ပါတယ်။ အစည်းအဝေးတွေ တက်ရမှာကို မကြိုက်တဲ့ အဲရစ်ဆန်ကိုတော့ ဘုတ်အဖွဲ့ အစည်းအဝေးတွေ အားလုံးရဲ့ တစ်ဝက်လောက်ကိုပဲ တက်ပေးဖို့ သဘောတူပြီး ခေါ်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ အဲရစ်ဆန်က ဘုတ်အဖွဲ့ အစည်းအဝေးတွေရဲ့ သုံးပုံတစ်ပုံလောက်ကိုတောင် မှန်အောင် မတက်နိုင်တဲ့အခါ ဂျော့က Business Week မှာပါတဲ့ အဲရစ်ဆန်ရဲ့ ဓာတ်ပုံကို ပုံကြီးချဲ့ ဘုတ်ပြား အကြီးကြီးတစ်ခုပေါ်မှာ ပြန်ကပ်ပြီး အဲရစ်ဆန် ထိုင်ရမယ့် အစည်းအဝေး ထိုင်ခုံပေါ်မှာ တင်ပေးထားလိုက်ပါတယ်။

ဂျော့ ပြန်ရောက်လာပြီး နောက်ပိုင်းဆောင်ရွက်ခဲ့တဲ့ ကိစ္စတွေရဲ့ ရလာဒ်အဖြစ် Apple ရဲ့ အစုရှယ်ယာတန်ဖိုးဟာ တစ်ယူနစ် ၁၃ ဒေါ်လာသာ ရှိရာမှ ဂျူလိုင်လအရောက်မှာ တစ်ယူနစ် ဒေါ်လာ ၂၀ ဖြစ်လာပါတယ်။ ၁၉၉၇ ဩဂုတ်မှာ Macworld အခမ်းအနားကို ကျင်းပတော့လည်း ပရိသတ် အယောက် ၅၀၀၀ ကျော်လောက်က ဂျော့ကို သူရဲကောင်း တစ်ယောက်လို ကြိုဆိုခဲ့ကြပါတယ်။ ၁၉၈၄ လောက်က ရိုက်ထားတဲ့ ဓာတ်ပုံပိတ်ကားကြီးပေါ်မှာ စပေါ်လာတဲ့အခါ ပရိသတ်တွေ အားလုံးက 'စတိဗ်၊ စတိဗ်' လို့ သံပြိုင် အော်ဟစ်နေကြပါတယ်။ ရုပ်အင်္ကျီအဖြူ ဂျင်းဘောင်းဘီအပြာနဲ့ စတိဗ် စင်ပေါ်တက်လာတဲ့အခါ ပရိသတ်တွေဟာ ရော့ခ်စတား တစ်ဦးကို အားပေးကြသလို အော်ဟစ်သံတွေ၊ လက်ခုပ်သံတွေနဲ့ ဆူညံပွက်လော ညံကုန်ကြပါတယ်။ ကျေနပ်တဲ့ အပြုံးနဲ့ ပရိသတ်တွေကို နှုတ်ဆက်စကား ပြောပြီးတာနဲ့ ဂျော့ဟာ ပြီးခဲ့တဲ့ ၂ နှစ် အတွင်း Apple ရဲ့ အစုရှယ်ယာတွေ ဘာကြောင့် ၃၀% လောက် ကျဆင်းသွားရလဲ ဆိုတဲ့ အကြောင်းကို ဘာစာရွက်စာတမ်းမှ မသုံးပဲ သေချာကြိုတင်ပြင်ဆင်ထားတဲ့အတိုင်း လက်တန်း ရှင်းပြသွားပါတယ်။ အခမ်းအနားတင်ဆက်မှုရဲ့ အထွဋ်အထိပ်အဖြစ် ဂျော့ဟာ အားလုံးကို တုန်လှုပ်သွားစေမယ့် ကြေငြာချက်တစ်ခုနဲ့ အဆုံးသတ်လိုက်ပါတယ်။ "Apple ဟာ စီးပွားရေးစနစ် တစ်ခုထဲမှာ ရပ်တည်နေတာ ဖြစ်တဲ့အတွက် တခြားပါတနာတွေဆီက အကူညီယူဖို့ လိုအပ်ပါတယ်။ ဒီနည်းပညာ နယ်ပယ်ထဲမှာ တစ်ယောက်နဲ့ တစ်ယောက် အလကား ဖျက်လိုဖျက်စီး သဘောဆောင်တဲ့ ဆက်ဆံရေးမျိုးက ဘယ်သူ့အတွက်မှ အကျိုးရှိစေမှာ မဟုတ်ပါဘူး။ ဒီနေ့မှာ Apple ရဲ့ ပထမဆုံး လက်တွဲဖော်အဖြစ် လက်တွဲမယ့် ပါတနာအသစ် အကြောင်းကို ကြေညာချင်ပါတယ်။ တကယ့်ကို အဓိပ္ပါယ်လေးနက်တဲ့ လက်တွဲမှု တစ်ခုပါ။ အဲဒါကတော့ တစ်ခြား မဟုတ်ပါဘူး မိုက်ခရိုဆော့ဖ်ပါ" လို့

ဂျော့က ကြေညာလိုက်တဲ့ အချိန်မှာ ပရိသတ်တွေဆီက အားလျော့တဲ့ အာမေဋိတ်အသံတွေ ထွက်လာပါတယ်။

Apple နဲ့ မိုက်ခရိုဆော့ဖ်ဟာ နည်းပညာမူပိုင်ခွင့်ဆိုင်ရာ ကိစ္စတွေနဲ့ ပက်သက်ပြီး ဆယ်စုနှစ် တစ်ခုစာမက ပြိုင်ဘက်ကုမ္ပဏီတွေအဖြစ် ရပ်တည်လာခဲ့ကြရုံသာမက တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် တရားစွဲဆိုတဲ့ အဆင့်အထိ ဖြစ်ခဲ့ကြဖူးသူတွေပါ။ ၁၉၈၅ မှာ Apple ရဲ့ GUI ဆော့ဖ်ဝဲနည်းပညာနဲ့ ပက်သက်ပြီး မိုက်ခရိုဆော့ဖ်နဲ့ Apple တို့ အမှုဖြစ်ခဲ့ကြပြီး မိုက်ခရိုဆော့ဖ်က အမှုနိုင်သွားတဲ့အတွက် GUI နည်းပညာကို အသုံးပြုခွင့် ရခဲ့ပါတယ်။ ၁၉၈၈ မှာ မိုက်ခရိုဆော့ဖ်က Window 2.0 စနစ်ကို ထုတ်လုပ်ခဲ့တဲ့ အချိန်မှာ Apple က ထပ်မံ တရာစွဲခဲ့ပြီး ဒီတစ်ကြိမ်မှာလည်း မိုက်ခရိုဆော့ဖ်ပဲ အနိုင်ရခဲ့ပြန်ပါတယ်။ ဒါပေမယ့် Apple ကို ဂျော့ ပြန်ရောက်လာခဲ့ပြီးတဲ့ အချိန်မှာတော့ ဘီလ်ဂိတ်နဲ့ အပေးအယူ ညှိနှိုင်းနိုင်ခဲ့တဲ့ အတွက် အခုဆိုရင် မိုက်ခရိုဆော့ဖ်ဟာ မက်ကင်းတော့ရှ် ကွန်ပျူတာ အတွက် ဆော့ဖ်ဝဲတွေ ရေးပေးတော့မယ့်အပြင် Apple မှာ ရာခိုင်နှုန်းအချို့ ရင်းနှီးမြှုတ်နှံဖို့ကိုပါ သဘောတူထားပါတယ်။

ဂျော့ဟာ ဒီနေ့ အခမ်းအနားမှာ မိုက်ခရိုဆော့ဖ်နဲ့ လုပ်ထားတဲ့ သဘောတူညီမှု အကြောင်းကို အသေးစိတ် ရှင်းပြနေပါတယ်။ မိုက်ခရိုဆော့ဖ် နဲ့ လုပ်ခဲ့တဲ့ သဘောတူညီမှုအရ Apple က ထုတ်သမျှ မက်ကင်းတော့ရှ် ကွန်ပျူတာတိုင်းမှာ မိုက်ခရိုဆော့ဖ် ရဲ့ Internet Explorer ဆိုတဲ့ အင်တာနက်ရှာဖွေရေး ဘရောက်စာ (Browser) ကို ပင်တိုင်အဖြစ် ထည့်သွင်း အသုံးပြုပေးဖို့ သဘောတူထားတယ် ဆိုတဲ့ အကြောင်းအသိပေးလိုက်တဲ့အခါ ပရိသတ်တွေဆီက အလိုမကျတဲ့ အသံတွေ ထွက်လာခဲ့ပေမယ့် ဂျော့က “ဒါပေမယ့် ကျွန်တော်တို့ဟာ ရွေးချယ်ပိုင်ခွင့်ဆိုတာကို ယုံကြည်တဲ့အတိုင်းပဲ တခြားအင်တာနက် ရှာဖွေရေး ဘရောက်စာတွေကို လည်း တပါတည်း ဖြန့်ချီသွားမှာဖြစ်တဲ့ အတွက် အသုံးပြုမယ့်သူတွေ အတွက် တခြားနှစ်သက်ရာ ဘရောက်စာ (Browser) တွေကိုလည်း ပြောင်းလဲနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို ပြောင်းလဲဖို့လည်း လိုကို လိုလာပါလိမ့်မယ်” လို့ ဆက်ပြီး ကြေညာလိုက်တဲ့အခါမှာ လက်ခုပ်သံတွေ ပြန်ထွက်လာပါတယ်။

ဒါပေမယ့် ဒီအခမ်းအနားမှာ ဘီလ်ဂိတ်ကို မိတ်ဆက်ပေးတဲ့ အနေနဲ့ အင်တာနက်ကနေ တိုက်ရိုက် ချိပ်ဆက်ပြီး ပြောနေတဲ့ ဘီလ်ဂိတ်ရဲ့ မိန့်ခွန်း အစီအစဥ်ကို စတိတ်စင်ရဲ့ နောက်ခံပိတ်ကားကြီးပေါ်မှာ တိုက်ရိုက် ထုတ်လွှင့် ပြသပေးခဲ့တဲ့ အစီအစဥ်ကတော့ အားလုံးကို နောင်တရစေတဲ့ အစီအစဥ်တစ်ခု ဖြစ်သွားပါတယ်။ ဘီလ်ဂိတ်ရဲ့ ပုံက ရောမ ပိတ်ကားအကြီးကြီးမှာ ပေါ်လာပြီး အားလုံးကို လွှမ်းမိုးနေတဲ့ သဘောမျိုးဖြစ်သွားပါတယ်။ “ဒီနေ့ အဖြစ်ကတော့

စတီတ်စင်ပေါ် တက်ဖူးသမျှတွေထဲမှာ အညံ့ဖျင်းဆုံးနဲ့ အဆိုးရွားဆုံး တင်ဆက်မှုလို့ ပြောရပါမယ်။ ဘာလို့လဲဆိုတော့ ဘီလ်ဂိတ်ရဲ့ ပုံက အကြီးကြီးပေါ်လာတော့ ကျွန်တော့်ကို သေးကွေးသွားစေခဲ့တယ်။ Apple ကိုလည်း သေးငယ်သယောင် ဖြစ်သွားစေပြီး ဘီလ်ဂိတ်ရဲ့ လက်ထဲမှာ အရာရာရှိနေတဲ့ သဘော ဖြစ်သွားတယ်” လို့ ဂျော့က ပြန်ပြောပြပါတယ်။

အဲဒီနေ့ အခမ်းအနားမှာ ဂျော့ရဲ့ တင်ဆက်မှု အဆုံးသတ်အနေနဲ့ “ကျွန်တော်တို့ ရှေ့ကို ဆက်လျှောက်ပြီး Apple ကိုလည်း ရောဂါဘယ ကင်းကင်းရှင်းရှင်းနဲ့ ဖြစ်ချင်တယ် ဆိုရင်တော့ တစ်ချို့ အစိတ်အပိုင်း အနည်းငယ်ကို လက်လွှတ်ပေးလိုက်ဖို့ လိုပါတယ်။ နောက်ပြီးတော့ Apple နိုင်ဖို့အတွက် ဆိုရင် မိုက်ခရိုဆော့ဖ် ကျဆုံးမှ ဖြစ်မယ်ဆိုတဲ့ အမြင်မျိုးကိုလည်း စွန့်လွှတ်ဖို့ လိုပါလိမ့်မယ်” လို့လည်း ထည့်ပြောသွားပါတယ်။ ပြင်းပြတဲ့ ရမ္မက်ဆန္ဒတွေနဲ့ Apple အတွက် ဂျော့ ပြန်လာပြီဆိုတာကို သေချာအောင် ကြေညာနိုင်ခဲ့တဲ့ အဲဒီနေ့ အခမ်းအနား ပြီးဆုံးချိန်မှာပဲ Apple ရဲ့ အစုရှယ်ယာ တန်ဖိုးဟာ တစ်ယူနစ် ၁၉.၇၅ ဒေါ်လာကနေ ၂၆.၃၁ ဒေါ်လာအထိ ၃၀% တိတိ ခုန်တက်သွားပါတော့တယ်။ အဲဒီနေ့ တစ်နေ့တည်းမှာပဲ တက်သွားတဲ့ အစုရှယ်ယာ တန်ဖိုးဟာ ဒေါ်လာသန်း ၈၃၀ လောက်ရှိပြီး Apple ကို သေမင်းနှုတ်ခမ်းဝကနေ ဝေးရာကို ကယ်တင်နိုင်ခဲ့ပါတယ်။

# အခန်း (၁၇)

# ကမ္ဘာကြီးကို ပြောင်းလဲနိုင်မယ့်သူဆိုတာ




Apple မှာ အသားပြန်ကျလာပြီ ဖြစ်တဲ့နောက် ဂျော့ဟာ Chiat\Day ကုမ္ပဏီက ဖန်တီးမှုဒါရိုက်တာ လီးကလိုး(Lee Clow) ကို ပြန်ဆက်သွယ်ပြီး Apple ဟာ ရှင်သန်နေဆဲ ဆိုတာကို သက်သေပြနိုင်ဖို့ ကြော်ငြာအသစ် ဖန်တီးမယ့် အစီအစဉ်ကို စတင် အကောင်အထည် ဖော်တော့တာပါပဲ။ လီးကလိုးဟာ ၁၉၈၄ တုန်းက အကောင်းဆုံး ကုန်ပစ္စည်းကြော်ငြာဆုကို ရရှိခဲ့တဲ့ မက်ကင်းတော့ရှ် ကွန်ပျူတာ ကြော်ငြာကို ရိုက်ကူးပေးခဲ့တဲ့ သူပါပဲ။ ထုတ်ကုန် တစ်ခုထဲအတွက် သီးသန့် ကြော်ငြာတာ မဟုတ်ပဲ Apple ဆိုတဲ့ အမှတ်တံဆိပ် ပုံရိပ်ကို မြှင့်တင်ဖို့ ကြော်ငြာမယ့် ဒီအစီအစဉ်ရဲ့ နာမည်ကတော့ Think Different ပါ။ 'မတူအောင် တွေးပါ' လို့ အဓိပ္ပါယ်ရတဲ့ ဒီကြော်ငြာ အစီအစဉ်ဟာ ကွန်ပျူတာတစ်လုံးက ဘာတွေလုပ်နိုင်တယ် ဆိုတာထက်၊ ဖန်တီးနိုင်စွမ်း ရှိသူတွေဟာ ကွန်ပျူတာကိုသုံးပြီး ဘာတွေ လုပ်နိုင်တယ် ဆိုတာ လမ်းပြနိုင်ဖို့ ရည်စူးပါတယ်။

"ရူးသွပ်သူ၊ ကန့်လန့်တိုက်သူ၊ ပုန်ကန်သူ၊ ပြဿနာရှာသူတွေ အတွက်။ လေးထောင့်ပုံစံခွက်ထဲ ရောက်နေတဲ့ စက်ဝိုင်းတစ်ခုလို။ အများနဲ့ မတူကွဲပြားတဲ့ အမြင်ရှိသူတွေ အတွက်၊ သူတို့မှာ စည်းမျဉ်းတွေ အတွက် ဆာလောင်မှုမရှိ၊ သူတို့မှာ ရှိရင်းစွဲ အကြောင်းအရာတွေ အတွက် အလေးထားမှုမရှိ၊ သူတို့ကို ကြိုက်သလို ရိုးစွပ်နိုင်တယ်။ သူတို့နဲ့ သဘောကွဲလိုက ကွဲနိုင်တယ်၊

သူတို့ကို ဂုဏ်မြှောက်ချင်လည်း မြှောက်၊ ရှုတ်ချချင်သပ ဆိုလည်း ရတယ်။ ဒါပေမယ့် သူတို့ကို လစ်လျူရှုထားလို့တော့ မရနိုင်ဘူး။ ဘာလို့လည်းဆိုတော့ သူတို့ဟာ အပြောင်းအလဲတွေကို ဖန်တီးတတ်ပြီး လူသားမျိုးနွယ်တွေကို မောင်းနှင်နိုင်စွမ်းကြတယ်။ တစ်ချို့ကတော့ သူတို့တွေကို အရူးတွေလို့ မြင်တယ်။ ကျွန်တော်တို့ကတော့ သူတို့တွေကို ပါရမီရှင်တွေလို့ မြင်တယ်။ ဘာလို့လည်းဆိုတော့ ကမ္ဘာကြီးကို ပြောင်းလဲပစ်နိုင်တယ်လို့ တွေးရဲလောက်တဲ့ အထိ ရူးသွပ်သူတွေကသာ ကမ္ဘာကြီးကို တစ်ကယ် ပြောင်းပြစ်ခဲ့ကြတာ မဟုတ်လား" ... ဆိုတဲ့


ကဗျာဆန်ဆန် စာကြောင်းတွေကို စက္ကန့် ၆၀ ကြာတဲ့ Think Different ကြော်ငြာရဲ့ နောက်ခံစကားပြောအဖြစ် ထည့်ခဲ့ကြပါတယ်။ ဒီကြော်ငြာအတွက် နောက်ခံစကား ပြောပေးမယ့် သူအဖြစ် ရော်ဘင်ဝီလီယံကို ကမ်းလှမ်းဖို့ ကြိုးစားခဲ့ပေမယ့်ရော်ဘင်ဝီလီယံက ကြော်ငြာအတွက် အလုပ်မလုပ်ဘူးလို့ ငြင်းလိုက်တဲ့အခါ လီးကလိုးက နောက်ခံစကားပြောသူ အဖြစ် ဂျော့ ကိုယ်တိုင် လုပ်ဖို့ တိုက်တွန်းပါတယ်။ ဒါပေမယ့် ဂျော့က "နောက်ခံစကားပြောက ကျွန်တော်မှန်း သိသွားရင် လူတွေက ကျွန်တော့ကိုပဲ အာရုံပြုမိသွားကြလိမ့်မယ်။ ဒီကြော်ငြာက ကျွန်တော့် အကြောင်း မဟုတ်ဘူးလေ။ ဒါက Apple ရဲ့ အကြောင်းပဲ ဖြစ်ရမှာပေါ့" ဆိုပြီး ငြင်းလိုက်တဲ့အတွက် နောက်ဆုံး ရစ်ချတ်ဒရေးဖတ်စ်နဲ့ အလုပ်ဖြစ်သွားပါတယ်။

တီဗွီကြော်ငြာကို အားဖြည့်တဲ့အနေနဲ့ Apple လိုဂိုနဲ့ Think Different ဆိုတဲ့ စာတန်းနောက်ခံမှာ အထင်ကရ နာမည်ကျော် ပုဂ္ဂိုလ်ကြီးတွေဖြစ်တဲ့ အိုင်စတိုင်း၊ ဂန္ဓီ၊ ဂျွန်လင်နွန်၊ ဘော့ဒိုင်လန်၊ ပီကာဆို၊ အက်ဒီဆင်၊ ချာလီချက်ပလင်၊ မာတင်လူသာကင်း စတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ အဖြူအမည်း ဓာတ်ပုံတွေနဲ့ တွဲပြီးရိုက်နှိပ် ထုတ်ဝေခဲ့ပါတယ်။ ဒီပုဂ္ဂိုလ်တွေထဲက အများစုကတော့ ဂျော့ သူရဲကောင်းအဖြစ် ကိုးကွယ်တဲ့သူတွေပါပဲ။ ဂျွန်လင်နွန်ရဲ့ ဓာတ်ပုံကို ရွေးတဲ့အခါမှာ သူစိတ်တိုင်းကျရဖို့ အတွက် ဂျော့က ကွယ်လွန်သူ ဂျွန်လင်နွန်ရဲ့ဇနီး ယိုကိုအိုနိုဆီ ဖုန်းဆက်ပြီး လိုချင်တဲ့ ဓာတ်ပုံကို ရအောင်တောင်းခဲ့ပါတယ်။

Think Different ကြော်ငြာလှုပ်ရှားမှု ကမ်ပိန်းအတွက် လုပ်စရာတွေ အားလုံးပြီးတဲ့နောက် ၁၉၉၇၊ စက်တင်ဘာ၊ ၁၆ ရက်နေ့မှာ ဂျော့ဟာ Apple ရဲ့ CEO အဖြစ် တရားဝင် ခံယူတော့မယ်လို့ ကြေညာခဲ့ပါတယ်။ ဒါပေမယ့် CEO အဖြစ် တရားဝင် လွှဲပြောင်းယူလိုက်တဲ့ အတွက်ဆိုပြီး ဘာစာချုပ်မှ လက်မှတ်မထိုးသလို၊ လစာလည်း မယူပါဘူး။ ဂျော့ဟာ စာချုပ်စာတမ်းတွေသုံးပြီး အုပ်ချုပ်တတ်သူ မဟုတ်ဘူးလို့ ဆိုရပါမယ်။ ဂျော့ Apple ကို ပြန်ရောက်တာ ရက်သတ္တပတ် ၁၀ပတ် ပြည့်ခဲ့ပါပြီ၊ ဂျော့ဟာ Apple ရဲ့ CEO အဖြစ် တရားဝင် ခံယူခဲ့ပေမယ့် ဒါဟာ ယာယီသဘောပဲ

ရှိသေးတဲ့အတွက် ဂျော့နဲ့ ဘုတ်အဖွဲ့ဝင်တစ်ချို့ဟာ ရေရှည်ဦးဆောင်နိုင်မယ့် CEO အသစ်တစ်ယောက် ရဖို့အတွက် ၄ လကျော် အချိန်ထပ်ပေးပြီး ရှာခဲ့ပါသေးတယ်။ နောက်ဆုံးမှာ Apple နဲ့ ကိုက်ညီမယ့်သူ ရှာမရတာကြောင့် ဂျော့ပဲ ဆက်တာဝန်ယူဖို့ ဖြစ်လာပါတယ်။ ယာယီ CEO ကနေ အချိန်ကာလ အကန့်အသတ်မရှိ တည်မြဲမယ့် CEO ဖြစ်သွားပါပြီ။

Apple နဲ့ Pixar ကုမ္ပဏီနှစ်ခုလုံးရဲ့ CEO ဖြစ်လာတဲ့ ဂျော့အတွက် ကျန်းမာရေးက ပြဿနာတစ်ခု ဖြစ်လာပါတယ်။ "တကယ့်ကို ခက်ခဲ ခဲ့ပါတယ်၊ ဘဝမှာ အဆိုးဆုံး အချိန်တွေလို့ ပြောရမှာပဲ၊ ကျွန်တော့်မှာ ငယ်ရွယ်တဲ့ မိသားစုတစ်ခုရယ် Pixar ရယ်ကလည်း ရှိသေးတယ်။ မနက် ၇ နာရီထိုးတာနဲ့ အလုပ်သွားပြီး ည ၉ နာရီလောက်မှ အိမ်ပြန်ရောက်တော့ ကလေးတွေက အိပ်နေပြီ။ ကျွန်တော့်မှာလည်း ပင်ပန်းလွန်းလို့ စကားကို လုံးဝ မပြောနိုင်တော့ဘူး။ လောရင်းနဲ့လည်း စကားပြောချိန် မရှိခဲ့ဘူး။ ကျွန်တော် လုပ်နိုင်သမျှကတော့ တီဗွီ နာရီဝက်လောက် ကြည့်ပြီးတာနဲ့ ဘာမှမလုပ်ပဲ ငြိမ်ငြိမ်လေး နေနေရတော့တာပဲ။ Apple နဲ့ Pixar ရုံးနှစ်ခုအကြား ကူးချည် သန်းချည် လုပ်နေရတဲ့ ကျွန်တော့်မှာ နောက်ဆုံး ကျောက်ကပ် ကျောက်တည်တဲ့ ရောဂါ စရလာပြီး ဆေးရုံကိုလည်း မကြာခဏ ပြေးပြေးသွားနေခဲ့ရတယ်" လို့ ဂျော့က သူ့ရဲ့ ခက်ခဲကြမ်းတမ်းခဲ့တဲ့ ကာလတွေအကြောင်းကို ပြောပြပါတယ်။




ဂျော့ရဲ့အတွေးအခေါ်

Apple နဲ့ ပက်သက်လာတိုင်း အငြင်းပွားရတဲ့ ကိစ္စကတော့ Apple ရဲ့ ဆော့ဖ်ဝဲတွေကို တစ်ခြားကွန်ပျူတာ ကုမ္ပဏီတွေပါ ဆင့်ပွား အသုံးပြုလို့ရအောင် အသုံးပြုခွင့်လိုင်စင် ပေး မပေး ဆိုတဲ့ ကိစ္စပါပဲ။ အမှန်တော့ ဆော့ဖ်ဝဲသမားတွေဟာ ကဏ္ဍစုံစုံနဲ့ အပြန့်ကျယ်တဲ့ ထိတွေ့ခွင့်ကို လိုချင်ကြသူတွေချည်း ဖြစ်တဲ့အလျောက် ရေရှည်မှာ မိုက်ခရိုဆော့ဖ်တို့လို Windows စနစ်ကို တခြားကုမ္ပဏီတွေ အတွက်ပါ အသုံးပြုခွင့်ပေးနိုင်ဖို့ အရေးပါတဲ့ စိန်ခေါ်မှုကြီးတစ်ရပ် ဖြစ်လာဖို့ ရှိတဲ့အချိန်မှာ Apple မှာတော့ ဒီစိန်ခေါ်မှုကို တုန့်ပြန်မယ့် အရိပ်အယောင် မတွေ့ရသေးပါဘူး။

Windows စနစ်ကို အသုံးပြုခွင့်လိုင်စင် ရောင်းချပြီး ကျိကျိတက် ချမ်းသာလာတဲ့ ဘီလ်ဂိတ်ဟာ Apple ရဲ့ ဆော့ဖ်ဝဲစနစ်ကိုလည်း တခြားကုမ္ပဏီတွေကို ရောင်းချဖို့ ၁၉၈၅ လောက်ကတည်းက

မပြတ်တိုက်တွန်းလာခဲ့ပါတယ်။ မိုက်ခရိုဆော့ဖ်ရဲ့ ဈေးကွက်ဝေစု တစ်ချို့ကို Apple အတွက် ဖွဲ့ပေးလိုက်ရရင်တောင် မိုက်ခရိုဆော့ဖ်အနေနဲ့ Apple ရဲ့ မက်ကင်းတော့ရှ် ကွန်ပျူတာအတွက် Word တို့၊ Excel တို့လို ဆော့ဖ်ဝဲတွေ ထုတ်လုပ်ပေးပြီး ပိုက်ဆံရှာနိုင်သေးတယ်လို့ သဘောပေါက်ထားတဲ့ ဘီလ်ဂိတ်ဟာ Apple ရဲ့ CEO ဂျွန်စကူလေဆီကို စာတစ်စောင်ပို့ပြီး ဒီကိစ္စအတွက် တိုက်တွန်းခဲ့ပါတယ်။ ဘီလ်ဂိတ်ရဲ့ စာထဲမှာ "လက်ရှိ နည်းပညာလောကရဲ့ အခြေအနေအရ တခြားကုမ္ပဏီတွေရဲ့ အစွမ်းအစနဲ့ အထောက်အပံ့ကို လက်မခံပဲ Apple အနေနဲ့ ကိုယ်တီထွင်လိုက်တဲ့ နည်းပညာတွေကိုပဲ မူပိုင်စံနှုန်းအဖြစ် သတ်မှတ်ပြီး သီးခြားရပ်တည်လို့ မရနိုင်တော့တဲ့ အချိန်ကို ရောက်နေပါပြီ" လို့ တိုက်တွန်းခဲ့ပေမယ့် Apple ဘက်က ဘာမှ အကြောင်းမပြန်ခဲ့ပါဘူး။

ဒီကိစ္စနဲ့ ပက်သက်ပြီး လိုအပ်တဲ့ အကူအညီရှိရင်ပေးဖို့ အချိန်မရွေး အဆင်သင့်ရှိကြောင်း ဘီလ်ဂိတ်က ထပ်ကမ်းလှမ်းခဲ့ပေမယ့် Apple ကတော့ ၁၉၉၄ လောက် ရောက်တဲ့အချိန်အထိ မက်ကင်းတော့ရှ်ရဲ့ ဆော့ဖ်ဝဲစနစ်ကို လိုင်စင်ချပေးဖို့ ငြင်းမြဲငြင်းဆန်နေပါတယ်။ ၁၉၉၄ လောက်မှာ မိုက်ကယ်စမင်ဒလာ CEO ဖြစ်လာတဲ့အခါ မက်ကင်းတောရှ်စနစ်ကို Power Computing နဲ့ Radius ဆိုတဲ့ ကွန်ပျူတာ ကုမ္ပဏီအငယ်စား နှစ်ခုကို ဆင့်ပွား အသုံးပြုခွင့်ပေးခဲ့ပါတယ်။

ဟာ့ဒ်ဝဲနဲ့ ဆော့ဖ်ဝဲဆိုတာ လုံးဝ တစ်သားတည်းဖြစ်အောင် အပြန်အလှန် ချိပ်ဆက်နေရမယ်လို့ တင်းကျပ်စွာ ယုံကြည်ထားတဲ့ ဂျော့အတွက် ကိုယ့်ဆော့ဖ်ဝဲတွေကို သူများပေးမသုံးချင်တဲ့ ဆန္ဒက စီးပွားရေးသက်သက်ကြောင့် မဟုတ်ပါဘူး။ ဂျော့ဟာ ဒီလိုလုပ်ရမယ့်ကိစ္စကို ဘာကြောင့်မှန်းမသိ မုန်းတီးနေတာပါ။ ဒါကြောင့် Apple ကို ဂျော့ ပြန်ရောက်ရောက်ချင်း ဦးစားပေးလုပ်ဖို့ သတ်မှတ်ထားတဲ့ ကိစ္စတွေထဲမှာ မက်ကင်းတော့ရှ်ကို ဆင့်ပွား အသုံးပြုခွင့်ရထားတဲ့ ကုမ္ပဏီတွေကို လိုင်စင် ရုပ်သိမ်းမယ့် ကိစ္စလည်း ပါ ပါတယ်။ ၁၉၉၇ မှာ မက်ကင်းတော့ရှ် ဗားရှင်းအသစ် ထွက်တဲ့အချိန်မှာ လက်ရှိဆင့်ပွား အသုံးပြုခွင့်ရထားတဲ့ ကုမ္ပဏီတွေ အားလုံးကို လိုင်စင်အသစ် ထုတ်မပေးတော့ပဲ ရပ်စဲပစ်လိုက်ပါတယ်။ Power Computing ကုမ္ပဏီရဲ့ ဥက္ကဋ္ဌ စတီဖန်ကန်း က "နည်းပညာ ပလက်ဖောင်းတွေကို ပိတ်ပစ်လိုက်မှတော့ သွားပြီပေါ့၊ အလုံးစုံ ပျက်သုဥ်းခြင်း ဆိုက်တာပဲ။ ပိတ်ပင်ခြင်းဆိုတာ သေမင်းရဲ့ အနမ်းတစ်ပွင့်ပဲ" လို့ ဂျော့ရဲ့ အယူအဆကို ဝေဖန်ပေမယ့် ဂျော့ ကတော့ ဒီအမြင်ကို လုံးဝ လက်မခံခဲ့ပါဘူး။

ပိုပြီးချာတူးလန်တဲ့ ဟာဒ်ဝဲတွေထုတ်တဲ့ ကုမ္ပဏီတွေကို ကျွန်တော်တို့ရဲ့ ဆော့ဖ်ဝဲစနစ်ကို အသုံးပြုခွင့်ပေးပြီး ကျွန်တော်တို့ ရောင်းအားဝေစုထဲလာရှုပ်မယ့် အဖြစ်မျိုးကို လက်ခံတာလောက်

ညံ့ဖျင်းတဲ့ အတွေးအခေါ်မျိုး ဒီကမ္ဘာမှာ မရှိဘူးလို့ ဆိုတဲ့ ဂျော့ဟာ Power Computing ကုမ္ပဏီကို လျော်ကြေး ဒေါ်လာသန်း ၁၀၀ ပေးပြီး ပေးထားတဲ့လိုင်စင်ကို ပြန်ရုပ်သိမ်းလိုက်ပါတယ်။ ဘာကို မလုပ်မိဖို့လိုလဲလို့ ဆုံးဖြတ်ချက် ချနိုင်ဖို့ လိုအပ်သလိုပဲ ထပ်တူအရေးကြီးတယ်လို့ ဆိုပါတယ်။

## ဂျော့ရဲ့အကျင့်

ဂျော့ရဲ့ ထူးဆန်းတဲ့ အကျင့်တွေထဲက တစ်ခုကတော့ Power Points သုံးတာကို မကြိုက်တာပါပဲ။ ဂျော့ဟာ သူ့အင်ဂျင်နီယာအဖွဲ့တွေကို ဘုတ်အဖွဲ့ ရုံးခန်းထဲခေါ်ပြီး ထုတ်ကုန်ဝေဖန်သုံးသပ်ရေး ဆွေးနွေးပွဲတွေ လုပ်လေ့ရှိပြီး ဒီဆွေးနွေးပွဲတွေမှာ အင်ဂျင်နီယာတွေက သူတို့ တီထွင်ဆန်းသစ်ထားတဲ့ ဟာ့ဒ်ဝဲ၊ ဆော့ဖ်ဝဲလက်ရာတွေကို ဂျော့ရဲ့ ရှေ့မှာ ဝေဖန်သုံးသပ်ပြရပါတယ်။ ဒီလို ဆွေးနွေးသုံးသပ်တဲ့ အစီအစဥ်အတွက် ဂျော့ ပထမဆုံး လုပ်တာကတော့ Power Points အသုံးပြုပြီး တင်ဆက်ပြသမှုကို တားမြစ်တာပါပဲ။ အင်ဂျင်နီယာတွေက သူတို့ရဲ့ လက်ရာတွေကို Power Points နဲ့ သရုပ်ပြတိုင်း ဂျော့ ပြောလေ့ရှိတာကတော့ "တွေးတော စဥ်းစားပြီး မလုပ်ပဲ ဒီလို Slide Show နဲ့ ထိုးပြတဲ့နည်းက စိတ်ပျက်စရာပဲ" ဆိုတဲ့ စကားပါပဲ။ "လူတွေက သရုပ်ပြတင်ဆက်တဲ့နည်းနဲ့ ပြဿနာတွေကို ရင်ဆိုင်ချင်ကြတယ်။ ကျွန်တော်ကတော့ သူတို့ကို စားပွဲဝိုင်းပေါ်မှာပဲ စိတ်နှစ် ကိုယ်နှစ်ပြီး အာရုံထားစေချင်တယ်။ ကိုယ် ဘာပြောနေလည်း ဆိုတာ ကိုယ်တိုင် သေချာသိတဲ့ လူအတွက်က Power Points မလိုပါဘူး" လို့ ဆိုပါတယ်။

ဗျူရိုကရေစီဆန်တဲ့ အုပ်ချုပ်မှု ယန္တရားအောက်မှာ Apple က အင်ဂျင်နီယာတွေ အာရုံတွေ ပြန့်လွင့်ပြီး မက်ကင်းတော့ရှ် ကွန်ပျူတာ တစ်လုံးတည်းကိုပဲ 1400 ကနေ 5900 အထိ မော်ဒယ်နံပါတ် အမျိုးမျိုးသုံးပြီး ဗားရှင်း ၁၂ မျိုးလောက် ခွဲထုတ်နေကြတာကိုလည်း ဂျော့ စိတ်ကုန်လာပါတယ်။ Apple ကထုတ်နေတဲ့ ပစ္စည်းတွေရဲ့ မော်ဒယ်အမျိုးကွဲ ၇၀% ကျော်ကို ဂျော့က ရပ်ဆိုင်းပစ်လိုက်ပါတယ်။ ဒီကိစ္စနဲ့ ပက်သက်ပြီး ဂျော့နဲ့ ဘုတ်အဖွဲ့ ကြားမှာလည်း သဘောထားကွဲလာပါတယ်။ ဂျော့ရဲ့ နည်းပျူဟာ အသစ်က ရှုပ်ထွေးတဲ့ မော်ဒယ်တွေ အများကြီး လျှော့ထုတ်ပြီး အာရုံတွေ ပျံ့လွင့်နေမှာထက်စာရင် ထုတ်ကုန် အမျိုးကွဲတွေကို လျှော့ချပစ်ဖို့ ဖြစ်ပေမယ့် ဘုတ်အဖွဲ့က ဒါဟာ စွန့်စားရာကျတဲ့ ကိစ္စလို့ မြင်နေပါတယ်။ ဂျော့ရဲ့ နည်းပျူဟာ အသစ်ကို ဘယ်သူကမှ မထောက်ခံပေမယ့်လည်း လက်တွေ့တာဝန်ယူထားသူက ဂျော့ ပဲဆိုတော့ ဂျော့ အလိုကို လိုက်ခဲ့ရပါတယ်။

ဒီအတွက် အကျိုးရလဒ်ကတော့ Apple ရဲ့ အင်ဂျင်နီယာတွေနဲ့ မန်နေဂျာတွေဟာ ချက်ချင်းပဲ

အာရုံအပြည့်အဝ စူးစိုက်ပြီး အလုပ်လုပ်နိုင်တဲ့ အခြေအနေကို ရောက်လာတာပဲ ဖြစ်ပြီး သူတို့ အဓိက အာရုံစိုက်နှစ်မြှုတ်ရမယ့် ထုတ်ကုန်တွေ အနေနဲ့လည်း Power Macintosh 63, Power Book 63, iMac နဲ့ iBook ဆိုတဲ့ အမျိုးအစား ၄မျိုး ပဲရှိပါတော့တယ်။ ဆာဟာနဲ့ ပရင်တာတွေ ထုတ်ရောင်းနေတာကိုလည်း ရပ်လိုက်ပြီး မလိုအပ်တဲ့ အာရုံပျံ့လွင့်စရာ နယ်ပယ်တွေ မရှိတော့အောင် လျှော့ချပေးနိုင်ခဲ့ပါတယ်။

Apple ကို ၁၉၉၇ စက်တင်ဘာမှာ ယာယီ CEO အဖြစ် ဂျော့ ရောက်လာတဲ့နှစ်မှာ နှစ်ကုန်စာရင်းချုပ်တော့ Apple ဟာ ဒေါ်လာ ၁.၀၄ ဘီလီယံ အရှုံးပေါ်နေပါတယ်။ ဂျော့ဟာ သူ စတာဝန်ယူတဲ့ ပထမဆုံး တစ်နှစ်အတွင်းမှာ ဝန်ထမ်းအယောက် ၃၀၀၀ ကျော်ကို လက်တွဲဖြုတ်ခဲ့ပြီး ၁၉၈၈ Macworld အခမ်းအနားမှာ တစ်ခါမှ မပြောဖူးတဲ့ စကားတစ်ခွန်းနဲ့ အဆုံးသတ်ခဲ့ပါတယ်။ ဂျော့ ပြောခဲ့တဲ့ စကားကတော့ “Think Profit” “အမြတ်အစွန်းရအောင် တွေးတောပါ” ဆိုတဲ့ စကားဖြစ်ပြီး အရှုံးဒဏ်တွေကို နှစ်နှစ်လောက် ထပ်ပေးဆပ်ပြီးတဲ့ နောက်မှာတော့ Apple ဟာ ဒေါ်လာ ၄၅သန်း အမြတ်ပေါ်တဲ့ ပထမဆုံး ဘဏ္ဍာရေး နှစ်တစ်နှစ်ကို ပြန်လည် ပိုင်ဆိုင်နိုင်ခဲ့ပါတယ်။ ၁၉၉၈ မှာတော့ Apple ရဲ့ အမြတ်ငွေက ဒေါ်လာ ၃၀၉သန်း ထိရောက်လာအောင် စွမ်းဆောင်ပြနိုင်ခဲ့ပါတယ်။ စတိဗ်ဂျော့ ပြန်လာပြီ။ စတိဗ်ဂျော့ နဲ့အတူ Apple လည်း ပြန်လာပါပြီ။

## အခန်း (၁၈)

## မပြောင်းလဲတဲ့ တပ်မက်စိတ်များ



Apple ကို CEO အဖြစ် ပြန်ရောက်လာတဲ့ ပထမဆုံးနှစ်မှာပဲ ဂျော့ဟာ ဖန်တီးနိုင်စွမ်းရှိသူဖြစ်ပြီး Apple ရဲ့ မူဝါဒဖော်ဆောင်သူ ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်တယ်ဆိုတာကို Think Different ကို ဖန်တီးပြီး သက်သေပြနိုင်ပြီးတဲ့နောက် ဂျော့ဟာ 'အာရုံစိုက်ပါ' ဆိုတဲ့ ဆောင်ပုဒ်ကို သူ့ရဲ့ စီမံခန့်ခွဲမှု နည်းဗျူဟာတစ်ခုအဖြစ် ကျင့်သုံးခဲ့ပါတယ်။ 'အာရုံစူးစိုက်ပါ' ဆိုတဲ့ ဆောင်ပုဒ်အတိုင်းပဲ ဂျော့ဟာ ကုန်ပစ္စည်းတွေရဲ့ ဒီဇိုင်းနဲ့ ပက်သက်လို့ ဆားကစ်ပြားတွေ ဆင်တဲ့ အဆင့်ကနေစပြီး ပါကင်ထုတ်ပိုးတဲ့ အဆင့်အထိ အသေးစိတ် အချက်အလက်တွေကို အပြည့်အဝ အာရုံစိုက်ပြီး ကြီးကြပ်လာပါတယ်။

ဒီဇိုင်းနဲ့ ပက်သက်လာရင် သူမတူတဲ့ တပ်မက်စိတ်မျိုးနဲ့ အသေးစိတ် အာရုံစိုက်တတ်ပြီး ဇီဇာလည်းကြောင်တတ်တဲ့ ဂျော့အတွက် စိတ်တူ ကိုယ်တူ လက်တွဲဖော်တစ်ယောက် ရလာပါတယ်။ သူကတော့ Apple ဒီဇိုင်းဌာနရဲ့ အကြီးအကဲ ဂျွန်နီအိုင်ဗ် (Jony Ive) ပဲ ဖြစ်ပါတယ်။ ဂျွန်နီအိုင်ဗ်နဲ့ ဂျော့ဟာ ဒီဇိုင်းအမြင်နဲ့ ပက်သက်လာရင် ကြီးမားတဲ့ ကွဲလွဲချက်ရယ်လို့ မရှိခဲ့တဲ့ နှစ်ကိုယ့်တစ်စိတ်လို့ ပြောလို့ရလောက်အောင် အထိ ခံစားတတ်ပုံချင်း တူနေတဲ့အတွက် လုပ်ငန်းခွင်မှာ အမြဲ တစ်ပူးတွဲတွဲ တွေ့ရနေတဲ့ လုပ်ဖော်ကိုင်ဖက်ကောင်းတွေ ဖြစ်ခဲ့ကြရုံသာမက ဂျွန်နီအိုင်ဗ်ဟာ ဂျော့အိမ်ကို

ဝင်ထွက်သွားလာနေတဲ့ မိတ်ဆွေရင်းချာ တစ်ယောက်လည်း ဖြစ်လာပါတယ်။

ဂျော့ရဲ့ မှိုချိုး မျှစ်ချိုးပြောပြီး ဝေဖန်တတ်တဲ့ ဒဏ်ကို မခံခဲ့ရသူဆိုလို့ ဂျွန်နီအိဗ် တစ်ယောက် လောက်ပဲရှိပါတယ်။ တစ်ရက်မှာ ဂျော့နဲ့ တင်မ်ကွတ်စ်ဟာ မီးဖိုချောင်သုံး ပစ္စည်းပြပွဲတစ်ခုကို ရောက်သွားပါတယ်။ ပြပွဲမှာပြထားတဲ့ ဟင်းလျီးဓားတစ်လက်ရဲ့ ဒီဇိုင်းကို ဂျွန်နီအိဗ်က ကြိုက်သွားတဲ့အတွက် ကိုင်ကြည့်ပြီး ချက်ချင်းပဲ ပြန်ချထားလိုက်ပါတယ်။ ပြောင်လက်နေတဲ့ စတီးဓားသွားနဲ့ လှပတဲ့ လက်ကိုင်ရိုးကြားမှာ ကော်နည်းနည်း ပေနေတာကို နှစ်ယောက်လုံးက ချက်ချင်းတွေ့သွားတဲ့ အတွက်ပါ။ လှပဆန်းသစ်တဲ့ ဒီဇိုင်းတွေကို ကြိုက်တာချင်းတူသလို ဒီဇိုင်းနဲ့ ပက်သက်လာရင် ခြောက်ပစ်ကင်း သဲလဲစင် ဖြစ်ချင်တဲ့ ဆန္ဒချင်းလည်း ထပ်တူညီကြသူတွေပါ။

ဂျော့ဟာ ၁၉၉၇ ဂျူလိုင်မှာ Apple ကို ယာယီ CEO အဖြစ် စတင် တာဝန်ယူခဲ့ပေမယ့် စတော့ရှယ်ယာဝေစုလည်း လုံးဝရယူခဲ့ခြင်း မရှိသလို လုပ်ခအဖြစ်လည်း တစ်နှစ်လုံးစာအတွက် ၁ ဒေါ်လာပဲ ယူခဲ့ပါတယ်။ ဂျော့ ရောက်ခါစမှာ တစ်ယူနစ် ၁၄ ဒေါ်လာပဲရှိတဲ့ Apple ရဲ့ အစုရှယ်ယာ တန်ဖိုးဟာ ၂၀၀၀ ခုနှစ်အရောက်မှာ ၁၀၄ ဒေါ်လာအထိ တန်ဖိုးတက်ခဲ့ပြီး ကြားထဲမှာ ဘုတ်အဖွဲ့က ဂျော့ကို ကုမ္ပဏီရဲ့ အစုရှယ်ယာ အနည်းဆုံးနှုန်းလောက်ကိုတော့ စတိသဘောအဖြစ် ယူဖို့ ကမ်းလှမ်းခဲ့ပေမယ့် ဂျော့က လက်မခံခဲ့ပါဘူး။ ဂူးလာ့ဒ်က ကမ်းလှမ်းတဲ့ စတိသဘောဆိုတဲ့ ပမာဏဟာ တန်ဖိုးအားဖြင့် ဒေါ်လာသန်း ၄၀၀ လောက်ရှိပေမယ့် ဂျော့က “ကျွန်တော် Apple ကိုပြန်လာတာ ချမ်းသာချင်လို့ ပြန်လာတယ်လို့ ဒီက လုပ်ဖော်ကိုင်ဖက်တွေ မြင်မှာမျိုးကို မလိုလားဘူး” ဆိုပြီး ငြင်းခဲ့ပါတယ်။ ဂျော့ဟာ Apple မှာ နှစ်နှစ်ကျော် ကာလအတွင်း လုပ်အားခအဖြစ် စုစုပေါင်း ၂ ဒေါ်လာနဲ့ ဆင့် ၅၀ ပဲရရှိခဲ့ပါတယ်။ “မျက်နှာလာပြခအနေနဲ့ ဆင့် ၅၀ ရပြီး လုပ်အားခအဖြစ် ဆင့် ၅၀ ပေါ့ဗျာ” လို့ နောက်လေ့ရှိပါတယ်။

၂၀၀၀ ခုနှစ်အရောက်မှာတော့ ဂူးလာ့ဒ်က ကြီးမားတဲ့ အစုရှယ်ယာ ဝေစုတစ်ခု ခွဲပေးဖို့ ထပ်ကမ်းလှမ်းတဲ့အခါ ဂျော့က ရှယ်ယာခွဲပေးမယ့်အစား သူခရီးသွားရင် စီးဖို့ လေယာဉ်တစ်စင်း ဝယ်ပေးဖို့ တောင်းဆိုလိုက်ပါတယ်။ ဘုတ်အဖွဲ့ဝင်တွေကလည်း “ဂျော့ စိမ်းဆောင်ပေးခဲ့တာတွေနဲ့ ချိန်ကြည့်ရင် လေယာဉ်တစ်စင်းမကဘူး ၅ စင်း စာလောက်တောင် ဝယ်ပေးသင့်နေပြီ” ဆိုပြီး ဂျော့လိုချင်တဲ့ လေယာဉ်ကို ဝယ်ပေးခဲ့ပါတယ်။ ၂၀၀၀ ခုနှစ် ဇန်နဝါရီလမှာတော့ ဂျော့အတွက် ဝေစုအဖြစ် ကုမ္ပဏီရဲ့ ရှယ်ယာယူနစ် ၁၀ သန်းကို ကာလပေါက်ဈေးအတိုင်း ခံစားခွင့်ပေးခဲ့ပြီး ဂျော့ကလည်း သဘောတူ လက်ခံခဲ့ပါတယ်။ ဇန်နဝါရီမှာပဲ ကျင်းပခဲ့တဲ့ Macworld အခမ်းအနားမှာ အစီအစဉ်ရဲ့ အဆုံးသတ်အဖြစ် ဂျော့က “ဒီနေ့ကစပြီး ကျွန်တော့်ရဲ့ ရာထူးမှာ CEO ရဲ့ရှေ့က

'ယာယီ' ဆိုတဲ့ စကားလုံးကို ဖြုတ်လိုက်ပါပြီ" လို့ ကြေညာလိုက်တဲ့အခါ ပရိသတ်တွေ အားလုံးက မတ်တပ်ထရပ်ပြီး အော်ဟစ်အားပေးခဲ့ကြတာဟာ ဘီတဲလ်အဖွဲ့သားတွေ ပြန်ပေါင်းထုတ်လို့ အားပေးကြသလားလို့တောင် ထင်စရာပါပဲ။

## iMac

ဒီဇိုင်းကို ရှုးသွပ်ကြသူတွေဖြစ်တဲ့ ဂျော့နဲ့ ဂျွန်နီအိဗ်တို့ နှစ်ယောက် ပေါင်းစပ်မှုရဲ့ ပထမဆုံး အောင်မြင်မှုကတော့ iMac လို့ပဲ ပြောရမှာပါ။ ရေစက်တစ်စက်လို သဏ္ဍာန်မျိုးနဲ့ ထူးခြားတဲ့ ဒီဇိုင်းရှိတဲ့ iMac ကွန်ပျူတာကို အိမ်သုံးကွန်ပျူတာ ဈေးကွက်အတွက် အထူးရည်ရွယ် ထုတ်လုပ်ထားပြီး ၁၉၉၈ မေလမှာ စတင်ဖြန့်ချီခဲ့ပါတယ်။ အိဗ်နဲ့ သူ့လက်ထောက် အင်ဂျင်နီယာတွေ ဆွဲထားတဲ့ iMac ကွန်ပျူတာဒီဇိုင်း ၁၀ မျိုးမကကို ဂျော့က ပယ်ချခဲ့ပြီး နောက်ဆုံးမှာတော့ အဲဒီ ဒီဇိုင်းတွေထဲက တစ်ခုကို ဂျော့ သဘောကျသွားအောင် အိဗ်က ပါးပါးနပ်နပ်နဲ့ စည်းရုံးပြောဆိုနိုင်ခဲ့ပါတယ်။ နောက်ဆုံးမှာ အိဗ်တင်ပြတဲ့ ဒီဇိုင်းကို ဂျော့က သဘောကျသွားတဲ့ အခါမှာတော့ ဒီဇိုင်းနမူနာ ပုံစံကို Apple စက်ရုံဝင်းထဲမှာ သွားလေရာ ယူသွားပြီး တွေ့သမျှလူကို လိုက်ပြတော့တာပါပဲ။

iMac အတွက် ကွန်ပျူတာပုံးခွံအဖြစ် အတွင်းဖောက်မြင်ရတဲ့ ကြည်ပြာရောင် ပလပ်စတစ်တစ်မျိုးကို သုံးထားပြီး အတွင်းက ဆားကစ်ပြားတွေကို ဖောက်မြင်ရတဲ့ ဒါပထမဆုံး ဖြစ်တဲ့အတွက် ဂျော့ ဖန်တီးခဲ့တဲ့ Think Different ကြော်ငြာကမ်ပိန်းအတိုင်း လက်တွေ့ လုပ်ပြနိုင်ခဲ့ပြီလို့ ဆိုရပါမယ်။ ဒီလို ပလပ်စတစ်အကြည်သားကို အသုံးပြုတဲ့အတွက် ကွန်ပျူတာ တစ်လုံးချင်းစီအတွက် ကုန်ကျစရိတ်က တစ်ခြားကွန်ပျူတာတွေထက် ၃ ဆမြင့်တက်သွားပြီး တစ်လုံးကို ဒေါ်လာ ၆၀ ကျော်ကုန်ကျခဲ့ပြီး ဂျော့ဟာ ဒီအဆုံးအဖြတ်ကို ဘာဈေးကွက် တွက်ချက်လေ့လာမှုမှ မလုပ်ခဲ့ပဲ တစ်ထိုင်တည်း ချခဲ့ပါတယ်။

iMac ကွန်ပျူတာ ဈေးကွက်တင် မိတ်ဆက်ပွဲအတွက် ဂျော့ စိတ်တိုင်းကျတဲ့အထိ အကြိမ်ကြိမ် ပြင်ဆင်လေ့ကျင့်မှုတွေ လုပ်ပြီးတဲ့နောက် ၁၉၉၈ မေ ၆ ရက်နေ့မှာ iMac မိတ်ဆက်ပွဲ အခမ်းအနားကို တစ်ခမ်းတစ်နား ကျင်းပခဲ့ပါတယ်။ ဒီနေ့ပွဲမှာ ဂျော့ဟာ အထူးဧည့်သည်တော် ၃ ယောက်ကို ဖိတ်ခေါ်ပြီး ရှေ့ဆုံးတန်းမှာ နေရာပေးထားပါတယ်။ သူတို့ကတော့ တစ်ခြားမဟုတ်ပါဘူး ဝေါ့ဇ်နီယတ်၊ မာကူလာ နဲ့ မိုက်ဖကော့ တို့ပဲဖြစ်ပါတယ်။ ကွန်ပျူတာသစ် iMac ရဲ့ စွမ်းဆောင်ရည်တွေအကြောင်း Slide Show တွေနဲ့ ရှင်းပြပြီးတဲ့နောက်မှာ ဂျော့ဟာ သူ့ရဲ့ ကွန်ပျူတာအသစ် iMac ကို ပရိသတ်တွေဆီ ထုတ်ပြချင်နေပါပြီ။ ဂျော့က ဝါကျင့်ကျင့်အရောင်

ပုံးခွံပါတဲ့ ပုံစံခပ်တုံးတုံး သာမန်ကွန်ပျူတာ ဒီဇိုင်းတစ်ခုရဲ့ ပုံတွေကို ပိတ်ကားပေါ်မှာ အရင်ပြလိုက်ပြီး "ဒါကတော့ ဒီနေ့ခေတ် ကွန်ပျူတာတွေရဲ့ ပုံစံပါ။ အခုဆက်ပြီး ဒီနေ့ကစလို့ အနာဂတ်မှာ တွေ့ရမယ့် ကွန်ပျူတာကို ဂုဏ်ယူဝံ့ကြွားစွာနဲ့ ပြသလိုပါတယ်" ဆိုတဲ့ စကားနဲ့ တစ်ပြိုင်နက် စတိတ်စင်ရဲ့ အလယ်တည့်တည့်က စားပွဲပေါ်မှာ အဝတ်နဲ့ ဖုံးထားတဲ့ iMac ကွန်ပျူတာကို ပြလိုက်ပါတယ်။

iMac ကို ၁၉၉၈ ဩဂုတ်လမှာ တစ်စုံ ၁၂၉၉ ဒေါ်လာဈေးနဲ့ စတင်ဖြန့်ချိခဲ့ပြီး ပထမဆုံး တစ်လခွဲအတွင်း အလုံးရေ ၂၇၈၀၀၀ ရောင်းချခဲ့ရပြီး တစ်နှစ်ပြည့်ချိန်မှာ အလုံးရေ ၈၀၀၀၀၀ အထိ ရောင်းချခဲ့ရကာ Apple ရဲ့ ကာလတစ်လျှောက်လုံး အမြန်ဆုံးနဲ့ အရေအတွက် အများဆုံး ရောင်းထွက်တဲ့ စံချိန်ကို တင်နိုင်ခဲ့ပါတယ်။ iMac ကို ဝယ်ယူခဲ့ကြသူတွေရဲ့ ၃၂% က ကွန်ပျူတာကို အခုမှ စတင်အသုံးပြုကြမယ့် သူတွေဖြစ်ပြီး ၁၂% က Windows စနစ်ကွန်ပျူတာတွေကို အရင်က သုံးခဲ့ကြသူတွေပါ။

iMac ကို ထွင်းဖောက်မြင်ရတဲ့ အပြာရောင်အပြင် တခြားအရောင် ၄ မျိုးနဲ့ ထပ်မံထုတ်လုပ်ခဲ့ပါတယ်။ ကွန်ပျူတာအမျိုးအစား တစ်ခုတည်းကိုပဲ အရောင် ၅ မျိုးနဲ့ ထုတ်ဖို့ဆိုတာ ထုတ်လုပ်ရေး၊ စစ်တမ်းပြုစုရေးနဲ့ ဖြန့်ချိရေးကိစ္စတွေမှာ ကြီးမားတဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရနိုင်ပြီး ဒီလိုဆုံးဖြတ်ချက်မျိုး ချနိုင်ဖို့ဆိုတာ ဘယ်ကုမ္ပဏီမှာပဲဖြစ်ဖြစ် လေ့လာဆန်းစစ်မှုနဲ့ အစည်းအဝေး ပွဲပေါင်း များစွာလုပ်ပြီး ကုန်ကျစရိတ်နဲ့ အကျိုးအမြတ်ကို အချိန်ယူ တွက်ချက်ရပါတယ်။ ဒါပေမယ့် ဂျော့ကတော့ ကာလာအသစ်နဲ့ နမူနာထုတ်ထားတဲ့ ကွန်ပျူတာတွေကို မြင်လိုက်ရတာနဲ့ တခြားဌာနက ဦးစီးအရာရှိတွေကို ချက်ခြင်း ခေါ်ခိုင်းလိုက်ပြီး "ကျွန်တော်တို့ အရောင်မျိုးစုံသုံးပြီး ထုတ်တော့မယ်" ဆိုတဲ့ စကားတစ်ခွန်းကိုပဲ စိတ်လှုပ်ရှားမှု အပြည့်နဲ့ ပြောလိုက်ပါတယ်။ တခြားဌာနကလူတွေ ပြန်သွားကြတဲ့ အချိန်မှာတော့ ဒီဇိုင်းဌာနရဲ့ခေါင်းဆောင် ဂျွန်နီအိဗ် တစ်ယောက် မျက်လုံးအပြူးသားနဲ့ ကျန်နေခဲ့ပါတယ်။ တခြားကုမ္ပဏီတွေ အတွက် လနဲ့ချီ အချိန်ယူပြီးမှ ဆုံးဖြတ်ကြတဲ့ ဒီလိုကိစ္စမျိုးကို ဂျော့က နာရီဝက်အတွင်း အပြီးဆုံးဖြတ်ပြခဲ့တာ မဟုတ်လား။

## ဂျော့ရဲ့ ယူနီဖောင်း

၁၉၈၄ လောက်တုန်းက ဂျော့ ဂျပန်ကို ရောက်ခဲ့တဲ့အချိန်မှာ ဂျပန်က ဆိုနီကုမ္ပဏီရဲ့ ဥက္ကဋ္ဌ အာကီယိုမိုရိတ နဲ့ တွေ့တဲ့အခါ ဆိုနီက ဝန်ထမ်းတွေအားလုံး ဘာလို့ ယူနီဖောင်းတွေ ဆင်တူ ဝတ်ထားကြတာလဲလို့ မေးကြည့်ပါတယ်။ အဲဒီလို မေးလိုက်တော့ အာကီယိုတစ်ယောက်

တော်တော်ရှက်သွားပြီး ဒုတိယကမ္ဘာစစ် ပြီးတဲ့အချိန်မှာ ဘယ်ဝန်ထမ်းမှ ဝတ်စရာ အဝတ်အစားရယ်လို့ မရှိကြတော့တဲ့အတွက် ဝန်ထမ်းတွေအတွက် ဝတ်စရာ အဝတ်တွေကို ကုမ္ပဏီကနေ ရာကြံစီစဥ်ပေးခဲ့ရာက ဒီလို ယူနီဖောင်းဝတ်တဲ့ အစဥ်အလာ ဖြစ်လာခဲ့တာလို့ ပြောပြလိုက်တဲ့အခါ ဆိုနီရဲ့ ယူနီဖောင်းစနစ်ကို ဂျော့တစ်ယောက် သဘောကျသွားပါတယ်။

လက်ရှိအချိန်မှာ ဆိုနီဟာ နာမည်ကျော် ကုမ္ပဏီကြီးတစ်ခု ဖြစ်တာနဲ့အညီ ယူနီဖောင်းတွေကိုလည်း ရာထူး၊ ဌာနအလိုက် ပုံစံအမျိုးမျိုး ခွဲခြားသတ်မှတ်ထားပြီး အဝတ်အစား ဒီဇိုင်းကိုလည်း ဂျပန်က နာမည်ကြီးဒီဇိုင်နာ အစ်ဆေးမီယာကီ ဆီမှာပဲ အပ်နှံထားပါတယ်။ ဂျော့လည်း Apple က လူတွေအတွက် ယူနီဖောင်း ဒီဇိုင်းကို မီယာကီ ဆီမှာ အပ်နှံခဲ့ပြီး နမူနာဒီဇိုင်းကို Apple က လူတွေကို ပြကြည့်တော့ ယူနီဖောင်းဝတ်ရမယ့် အစီအစဥ်ကို အားလုံးက စိတ်ပျက်ကုန်ကြပါတယ်။ ဂျော့ကတော့ စိတ်မပျက်ပါဘူး။ ဒီဇိုင်းဆရာ မီယာကီနဲ့ပါ ခင်မင်သွားပြီး သူ့အတွက် လည်စီးအကျပ်ပါတဲ့ ဆင်တူအင်္ကျီတွေ ချုပ်ပေးဖို့ မီယာကီဆီ အပ်ခဲ့ပြီး ဒီဇိုင်းတစ်မျိုးတည်းကိုပဲ အထည်ရာကျော် မှာယူခဲ့ပြီး တစ်လျှောက်လုံး ဒါတွေပဲ ထည့်လဲဝတ်ခဲ့ပါတယ်။

## Apple အရောင်းဆိုင်များ

Apple ရဲ့ လက်လီအရောင်းဆိုင်တွေကို ဒီဇိုင်းဆွဲပေးမယ့် ရွန်ဂျွန်ဆင်ကို ဂျော့က လမ်းလျှောက်ထွက်ရင်း အင်တာဗျူးနေပါတယ်။ ၂၀၀၀ ခုနှစ် အစောပိုင်းလောက်က ရှော့ပင်းမောလ်ကြီးတွေမှာ ကွန်ပျူတာ အရောင်းဆိုင်ရယ်လို့ မရှိသေးပါဘူး။ ဘာကြောင့် မရှိလဲဆိုတော့ စားသုံးသူတွေက မကြာခဏ ဝယ်ယူစရာမလိုတဲ့ ကွန်ပျူတာလို တန်ဖိုးကြီးပစ္စည်းမျိုးကို ဝယ်ယူတဲ့အခါမှာ ရှော့ပင်းမောလ်ကြီးတွေမှာ မဝယ်ချင်ကြပဲ ဈေးပိုသက်သာနိုင်မယ့် အပြင်က သီးသန့်စတိုးဆိုင်တွေမှာသာ ဝယ်ထချင်ကြတယ် ဆိုတဲ့ ယထာဘူတ အတွေးအခေါ်ကြောင့် ရှော့ပင်းမောလ်တွေမှာ ကွန်ပျူတာအရောင်းပြခန်းတွေ မဖွင့်ကြတာလို့ ရွန်ဂျွန်ဆင်က ဂျော့ကို ရှင်းပြနေပါတယ်။ ဂျော့ကတော့ ဒီတွေးနည်းကို သဘောမတူပဲ ဈေးကြီးပါစေ Apple အတွက် အရောင်းပြခန်းတွေကို လူအသွားအလာ ရှုပ်ထွေးတဲ့နေရာတွေက ရှော့ပင်းမောလ်ကြီးတွေ ဆီမှာ ဖွင့်မယ်လို့ ဆိုပါတယ်။

"ကျွန်တော်တို့ ကွန်ပျူတာတွေကို ဝယ်ဖို့ စားသုံးသူတွေကို ၁၀ မိုင်လောက် ကားမောင်းပြီး လာကြည့်ခိုင်းတဲ့ အဖြစ်မျိုး အဖြစ်မခံနိုင်ဘူး၊ ၁၀ ပေလောက် လမ်းလျှောက်လိုက်ရင် ရောက်မယ့် နေရာမျိုးမှာပဲ ဖြစ်ရမယ်" လို့ ဂျော့က ယူဆပြီး အထူးသဖြင့် Windows ကွန်ပျူတာ အသုံးပြုသူတွေကိုလည်း ချုံခိုတိုက်ပွဲ ဆင်နွှဲရမယ်လို့လည်း ဂျော့က တွေးထားပါတယ်။ Windows စနစ်ကို သုံးတဲ့လူတွေ Apple အရောင်းဆိုင်ရှေ့က ဖြတ်သွားမယ်ဆိုရင် စပ်စုတဲ့ သဘောမျိုးနဲ့တော့

ဝင်ကြည့်ကြမှာပဲ။ ကိုယ့်ဆိုင်က အခင်းအကျင်းကိုသာ ဆွဲဆောင်မှု ကောင်းကောင်းနဲ့ လုပ်ထားနိုင်ခဲ့ရင် ကိုယ့်ကွန်ပျူတာက ဘာတွေလုပ်နိုင်တယ် ဆိုတာ သူတို့ကို ရှင်းပြခွင့်ရပြီ၊ ဒါဆို ကျွန်တော်တို့ နိုင်ပြီ" လို့ ဂျော့က ဆိုပါတယ်။

ဂျော့ရဲ့ ဒီအိုင်ဒီယာကို ဘုတ်အဖွဲ့ဆီ တင်ပြလိုက်တဲ့အခါမှာတော့ ဘုတ်အဖွဲ့က သဘောမတူပါဘူး။ Gateway ကွန်ပျူတာ ကုမ္ပဏီက ဒီနည်းကို စမ်းကြည့်ခဲ့ပြီး မအောင်မြင်လို့ ပြန်တပ်ဆုတ်လာခဲ့ရတဲ့အပြင် Dell လို ကုမ္ပဏီကလည်း ဘာအရောင်းပြခန်းမှ ဖွင့်မထားပဲ ဝယ်ယူမယ့်သူ လက်ထဲကို ပို့ဆောင်ရောင်းချတဲ့ စနစ်မျိုးကို ကျင့်သုံးပြနေတဲ့အတွက် အရောင်းပြခန်းတွေကို ရှော့ပင်းမောလ်ကြီးတွေမှာ ဖွင့်မယ့် ဂျော့ရဲ့ အိုင်ဒီယာကို ဘုတ်အဖွဲ့ဝင်တွေထဲက ဘယ်သူကမှ မထောက်ခံချင်ကြပါဘူး။ နောက်ဆုံးမှာ ဂျော့ဟာ သူနဲ့ အယူအဆမတူတဲ့ ဘုတ်အဖွဲ့ဝင်တွေကို ဖြုတ်ပစ်လိုက်ပြီး ဝူးလာ့ဒ်လည်း ဂျော့နဲ့ ငြင်းခုန်နေရတာကို စိတ်ကုန်ပြီး ဘုတ်အဖွဲ့ကနေ နှုတ်ထွက်သွားပါတယ်။ မေးလ်လာ့ဒ်ဒရက်စလာ (Millard Drexler) ဆိုတဲ့ ဘုတ်အဖွဲ့ဝင် တစ်ယောက်ပဲ ဂျော့ရဲ့ အိုင်ဒီယာကို ထောက်ခံပါတယ်။ နောက်ဆုံး ဘုတ်အဖွဲ့က ဂျော့ကို အရောင်းဆိုင် ၄ ဆိုင် အစမ်းဖွင့်ကြည့်ပေးဖို့ သဘောတူလိုက်ရပါတယ်။

ဂျော့က အရောင်းဆိုင်တွေ မဖွင့်ခင် Apple စက်ရုံနားလေးမှာပဲ နမူနာအရောင်းဆိုင် တစ်ဆိုင်ကို ဂျွန်ဆန်နဲ့အတူ တိတ်တဆိတ် ဆောက်လုပ်နေပြီး ၆ လကျော် အချိန်ယူ ပြင်ဆင်ခဲ့ပါတယ်။ ၆ လ ကာလအတွင်း ဂျော့ဟာ နမူနာအရောင်းဆိုင် ဆောက်လုပ်ရေး လုပ်ငန်းခွင်ကို အပတ်စဉ် ပုံမှန်သွားရောက်ပြီး သူ့စိတ်တိုင်းကျ နေရာအကျယ်အဝန်း၊ အခင်းအကျင်း၊ အဆောက်ဦးဒီဇိုင်းပုံစံ မရမချင်း အသေးစိပ် ကြီးကြပ်ကွပ်ကဲနေပါတယ်။ ၆ လ ကြာပြီးတဲ့နောက် အားလုံး စိတ်တိုင်းကျဖြစ်ပြီး လက်စသတ်နေတဲ့ တစ်နေ့မှာ ဂျော့ဆီ ဂျွန်ဆန် ရောက်လာပြီး အခြေခံကျတဲ့ အမှားကြီးတစ်ခုကို သတိမမူမိခဲ့တဲ့ အတွက် နမူနာ အဆောက်အဦးကို အစ အဆုံး အသစ်ပြန်လုပ်ဖို့ လိုလိမ့်မယ်လို့ ပြောလိုက်တဲ့အခါ ဂျော့ ဒေါသပုန်ထသွားပါတယ်။ "ကျွန်တော်က ဒီနမူနာ အဆောက်အဦး အတွက် ၆ လလုံးလုံး မအိပ်နိုင် မစားနိုင် လုပ်လာရတာ၊ အခု ခင်ဗျားက အားလုံးကို ပြန်ပြင်မယ်ဆိုတော့၊ ဒါဘယ်လောက် ကြီးမားတဲ့ ကိစ္စကြီးလဲဆိုတာ ခင်ဗျားနားလည်ရဲ့လား" လို့ ဂျော့က ဒေါသတကြီးနဲ့ အော်ပေမယ့် ဒီဇိုင်းဆရာ ဂျွန်ဆန်ကတော့ စိတ်မဆိုးပဲ သူတို့အားလုံး သတိမပြုမိတဲ့ အမှားအကြောင်း ဂျော့ကို ရှင်းပြပါတယ်။ အခုလက်ရှိ ဒီဇိုင်းက Power Mac, iMac, iBook, နဲ့ Power Book ဆိုတဲ့ ပစ္စည်းလေးမျိုးကို အကောင်းဆုံး ခင်းကျင်းပြသထားနိုင်ဖို့ အခြေခံရေးဆွဲထားပြီး Apple ရဲ့ ကွန်ပျူတာတစ်လုံးဟာ ကင်မရာထဲမှာပါတဲ့ ဗွီဒီယို၊ ဓာတ်ပုံအပြင်

သီချင်းခွေ၊ စာအုပ်၊ မဂ္ဂဇင်း စတာတွေ အားလုံးကိုပါ ဒစ်ဂျစ်တယ် နည်းပညာနဲ့ ကိုင်တွယ်အသုံးပြုနိုင်ရမယ် ဆိုတဲ့ ဂျော့ ချမှတ်ထားတဲ့ လမ်းညွှန်ချက် တစ်ခုကို မေ့လျော့ထားပါတယ်။

ဂွန်ဆန်ပြောတဲ့ ဒီအချက်ကို ဂျော့ကလည်း ဒေါ်သပြေသွားတဲ့ အချိန်မှာ မြင်လာပြီး နမူနာအရောင်းပြခန်းကို နောက်ထပ် ၄ လကျော် အချိန်ထပ်ယူပြီး အစအဆုံး ပြန်ပြင်ခဲ့ပါတယ်။ ၂၀၀၁ ဇန်နဝါရီမှာ အားလုံးစိတ်တိုင်းကျ ပြီးစီးသွားတဲ့ အခါမှာ ဂျော့က သူ့ရဲ့ နမူနာအရောင်းပြခန်း ဒီဇိုင်းကိုဘုတ်အဖွဲ့ကို ပထမဆုံးအကြိမ် ပေးပြလိုင်တော့လုပ်စရာရှိတာတွေကို ဆက်လုပ်ဖို့ အားလုံးက တစ်ညီတစ်ညွတ်တည်း သဘောတူခဲ့ကြပါတယ်။ ဒီ ဒီဇိုင်းက Apple က ကွန်ပျူတာတွေက Dell တို့ Compaq တို့က ကွန်ပျူတာတွေလို ကိန်းကြီး ခမ်းကြီးနိုင်တဲ့ အသုံးအဆောင်ပစ္စည်းတွေ မဟုတ်ဘူး ဆိုတာကို စားသုံးသူတွေသိအောင် သက်သေပြနိုင်မယ့် ဒီဇိုင်းလို့ အားလုံးက လက်ခံခဲ့ကြပါတယ်။

တခြားပြင်ပက ကျွမ်းကျင်သူ ဒီဇိုင်းပညာရှင်တွေကတော့ ဂျော့ရဲ့ အရောင်းပြခန်း လက်ရာနဲ့ပက်သက်ပြီး "ဂျော့လည်း သူလိုင်ါလို စတွေးတဲ့အချိန် ရောက်လာပြီ" လို့ ဝေဖန်ခဲ့ကြပြီး Business Week စာစောင်က "ဆောရီးပါ စတီဗ်ရေ၊ Apple စတိုးဆိုင်တွေ ဘာကြောင့် အလုပ်မဖြစ်မလဲဆိုတာ ဒီမှာဖတ်ကြည့်" ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါး ရေးသားခဲ့ပါတယ်။

## နောက်ဆုံးမှာ ဘယ်သူမှန်သလဲ

ပြောင်လက်နေတဲ့ ပါကေးကြမ်းခင်း၊ ဖိတ်ဖိတ်တောက်နေတဲ့ အဖြူရောင် ဧည့်ကြိုကောင်တာတွေနဲ့ ဂွန်လင်နိုနဲ့ ယိုကိုတို့ နှစ်ယောက်ပုံပါတဲ့ "Think Different" ဆိုတဲ့ ပိုစတာကြီးတစ်ခုနဲ့ ဒီဇိုင်းဆင်ထားတဲ့ Apple ရဲ့ ပထမဆုံး လက်လီအရောင်းပြခန်းကို ၂၀၀၁ မေ ၁၉ ရက်နေ့မှာ ဗာဂျီးနီးယားပြည်နယ်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဝေဖန်ခဲ့သူတွေ မှားသွားပါတယ်။ ၂၀၀၄ အရောက်မှာ Apple ရဲ့ အရောင်းပြခန်းတွေကို အပတ်စဉ် ဈေးဝယ်သူ ၅၄၀၀ ဦးဝင်ရောက်နေပြီး၊ ၂၀၀၄ တစ်နှစ်တည်းမှာပဲ လက်လီအရောင်းဆိုင်တွေကနေ အမြတ်ငွေ ၁.၂ ဘီလီယံ ရရှိခဲ့ပါတယ်။ လက်လီအရောင်းဆိုင် အားလုံးရဲ့ သမိုင်းတစ်လျှောက်မှာ အမြတ်ငွေ ဒေါ်လာ ဘီလီယံချီပြီး ရရှိခဲ့တဲ့ ပထမဆုံးအကြိမ် အဖြစ် မှတ်တမ်းတင်ခဲ့ပါတယ်။

လက်လီအရောင်းဆိုင်တွေ တွင်ကျယ်လာတာနဲ့အမျှ ဂျော့လည်း ကဏ္ဍမျိုးစုံကနေ ပါဝင်ပက်သက်လာခဲ့ပါတယ်။ လက်လီအရောင်းဆိုင် တစ်ခုရဲ့ အများသုံး သန့်စင်ခန်း ဆိုင်းဘုတ်မှာ

သုတ်မယ့် မီးခိုးရောင်ကို ဘယ်လောက်ရင့်ရင့် သုတ်မလဲဆိုတဲ့ ဆုံးဖြတ်ချက်ချဖို့အတွက် သက်ဆိုင်ရာ မန်နေဂျာတွေနဲ့ နာရီဝက်လောက် အချိန်ယူ ဆွေးနွေးပြီးမှ ဆုံးဖြတ်စေခဲ့တဲ့ အထိပါပဲ။ Apple လက်လီ အရောင်းဆိုင်တွေရဲ့ တစ်ခြားထူးခြားတဲ့ ဝန်ဆောင်မှုကတော့ Genius Bar လို့ခေါ်တဲ့ အရက်ဘားတွေ ထားပေးထားတာပါပဲ။ Genius Bar မှာ အရက်ရောင်းတဲ့သူအဖြစ် Mac ကွန်ပျူတာတွေအကြောင်း အထူးကျွမ်းကျင်တဲ့ ဝန်ထမ်းတွေကို ခန့်ပေးထားပြီး စျေးဝယ်သူတွေဟာ ဘားမှာ အရက်သောက်ရင်း Apple က ကွန်ပျူတာတွေနဲ့ ပက်သက်ပြီး သိလိုသမျှ မေးမြန်းစုံစမ်းလို့ရအောင် စီစဥ်ပေးထားပါတယ်။

Apple ရဲ့ ပထမဆုံး အရောင်းပြခန်း စတင်ဖွင့်လှစ်ပြီး ဆယ်နှစ်ခန့်အကြာ ၂၀၁၁ ခုနှစ်မှာတော့ Apple ဟာ ကမ္ဘာအရပ်ရပ်မှာ လက်လီအရောင်းဆိုင်ပေါင်း ၃၂၅ ဆိုင် ဖွင့်လှစ်ထားနိုင်တဲ့ အထိ အောင်မြင်လာခဲ့ပါတယ်။ လက်လီဆိုင် တစ်ဆိုင်ချင်းရဲ့ တစ်နှစ်ပျမ်းမျှ အမြတ်ငွေက ဒေါ်လာ ၃၄ သန်းရှိပြီး ၂၀၁၀ ခုနှစ်အတွက် တစ်နှစ်လုံး အသားတင် ရောင်းအားက ဒေါ်လာ ၉.၈ ဘီလီယံအထိ ရှိခဲ့ပါတယ်။ ဒါတောင်မှ ဒီလက်လီ အရောင်းဆိုင်တွေကရတဲ့ အမြတ်ငွေဟာ Apple ကုမ္ပဏီတစ်ခုလုံး နှစ်စဥ်ရတဲ့ အမြတ်ငွေပမာဏရဲ့ ၁၅ ရာခိုင်နှုန်းပဲ ရှိပါတယ်။

## အခန်း (၁၉)

## ဒစ်ဂျစ်တယ်နည်းပညာရဲ့ ဗဟိုချက်



### iTunes မှ iPod သို့

ဂျော့ဟာ နှစ်စဉ်နှစ်တိုင်း Apple ရဲ့ အတော်ဆုံး ဝန်ထမ်းလက်ရွေးစင် အယောက် ၁၀၀ နဲ့အတူ အပန်းဖြေခရီးထွက်တဲ့ အစီအစဉ်ကို စီစဉ်ပေးထားပါတယ်။ အတော်ဆုံးလူ အယောက် ၁၀၀ ကို ရွေးတဲ့နည်းကတော့ နောက်ကုမ္ပဏီတစ်ခု ထောင်ဖို့အတွက် မဖြစ်မနေ ကိုယ်ခေါ်သွားချင်တဲ့ အယောက် ၁၀၀ ဘယ်သူဖြစ်မလဲ ဆိုတဲ့ မူပေါ်ကို အခြေခံပြီး ရွေးပါတယ်။ အပန်းဖြေ ခရီးစဉ်တိုင်းမှာ ဂျော့ဟာ သူ့လူတွေကို "ရှေ့ဆက်ပြီး ငါတို့ လုပ်သင့်တဲ့ အရာ ၁၀ ခုက ဘာတွေဖြစ်မလဲ" ဆိုတဲ့ မေးခွန်းကို မေးလေ့ရှိပါတယ်။ အားလုံးက သူတို့ အိုင်ဒီယာတွေကို အလုအယက်ပြောသမျှကို ဂျော့က ဝှိုက်ဘုတ်တစ်ခုပေါ် ချရေးလိုက်ပြီး လုံးဝ အသုံးမကျဘူးလို့ သူထင်တဲ့ အိုင်ဒီယာတွေကို ခြစ်ပစ်လိုက်ပါတယ်။ အသည်းအသန် ငြင်းခုန်ကြပြီးတဲ့နောက်မှာတော့ အကောင်းဆုံးလို့ ယူဆရတဲ့ အိုင်ဒီယာ ၁၀ ခုပဲ ဝှိုက်ဘုတ်ပေါ်မှာ ကျန်နေပါတယ်။ အဲဒီအချိန်မှာ ဂျော့က အောက်ဆုံး ၇ ခုကို ဖျက်ပစ်လိုက်ပြီး "ငါတို့ လုပ်နိုင်တာက သုံးခုလောက်ပဲ ရှိတယ်" ဆိုတဲ့ စကားနဲ့ ဆွေးနွေးပွဲကို အဆုံးသတ်လိုက်ပါတယ်။

ပြင်ပ နည်းပညာကမ္ဘာကြီးမှာတော့ အပြောင်းအလဲတွေက စနေပါပြီ။ ကွန်ပျူတာ နည်းပညာလောကရဲ့ ဦးဆောင်ပုဂ္ဂိုလ် တော်တော်များများကလည်း တစ်ကိုယ်ရည်သုံး ကွန်ပျူတာတွေဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ် နှစ်ခုစာလောက်တုန်းကလို အရမ်းစိတ်လှုပ်ရှားဖို့ကောင်းတဲ့ ဒစ်ဂျစ်တယ်တော်လှန်ရေးရဲ့ ဗဟိုချက်မ နည်းပညာထုတ်ကုန်တွေ အဖြစ်ကနေ ရွေ့လျောပြီး ငြီးငွေ့ဖွယ်ကောင်းတဲ့ အရာတစ်ခုအဖြစ် ပြောင်းလဲလာပါတယ်။ ဒီအခိုက်အတန့်မှာပဲ ဂျော့ဟာ Apple ကို အသွင်ပြောင်းပစ်ပြီး နည်းပညာလောက တစ်ခုလုံးကို အပြောင်းအလဲ ဖြစ်စေမယ့် ဘယ်သူနဲ့မှ မတူတဲ့ နည်းဗျူဟာအသစ်တစ်ခုကို ချပြလာပါတယ်။ ဒီနည်းဗျူဟာကတော့ တစ်ကိုယ်ရည်သုံး ကွန်ပျူတာတွေကို ဘေးဖယ်ထုတ်ရမယ့် ပစ္စည်းမျိုး အဖြစ်မခံပဲ ဒစ်ဂျစ်တယ်နည်းပညာ အားလုံးတို့ ပေါင်းဆုံရ ဗဟိုချက်မအဖြစ် ဖန်တီး နည်းလမ်းအသစ်နဲ့ ဆက်လက် ရှင်သန်ဖို့ပဲ ဖြစ်ပါတယ်။ ဒစ်ဂျစ်တယ် နည်းပညာရဲ့ ဗဟိုချက်မ ဖြစ်ဖို့ဆိုတဲ့ အဓိပ္ပာယ်က အိမ်သုံးကွန်ပျူတာတိုင်းဟာ ကင်မရာထဲမှာပါတဲ့ ဓာတ်ပုံနဲ့ ဗွီဒီယိုဖိုင်တွေကို ကြိုက်သလို ကူးယူပြီး ကွန်ပျူတာနဲ့ စိတ်တိုင်းကျ ပြုပြင်တည်းဖြတ်လို့ ရရမယ့်အပြင် သီချင်း CD တွေကို ကွန်ပျူတာထဲကို ကော်ပီကူးယူလို့ ရသလို ကွန်ပျူတာကနေမှ တခြား CD အလွတ်တစ်ချပ်ထဲ ပြန်ဘန်းထည့်ပြီး CD ဖွင့်စက်နဲ့ ဖွင့်လို့ရတဲ့ သီချင်း CD မျိုးဖြစ်အောင် ဖန်တီးနိုင်ဖို့ စတဲ့ ဒစ်ဂျစ်တယ် ပစ္စည်းမှန်သမျှ တွဲဖက် အသုံးပြုနိုင်ဖို့ ဆိုတဲ့ အဓိပ္ပာယ်ပါ။

ဒီနည်းဗျူဟာကို အကောင်အထည် ဖော်နိုင်ဖို့အတွက် ပထမဆုံး စခဲ့တဲ့ ခြေလှမ်းကတော့ ၁၉၉၀ အစောပိုင်း ခုနှစ်တွေမှာ Apple က ဖန်တီးခဲ့တဲ့ FireWire ဆိုတဲ့ ဆော့ဖ်ဝဲပဲ ဖြစ်ပါတယ်။ ဗွီဒီယိုဖိုင်တွေကို စက်တစ်ခုကနေ အခြားတစ်ခုကို ရွှေ့နိုင် ပြုပြင်တည်းဖြတ်နိုင်တဲ့ ဆော့ဖ်ဝဲဖြစ်ပြီး ၁၉၉၉ အောက်တိုဘာမှာ ထွက်တဲ့ iMac ကွန်ပျူတာထဲမှာ ဒီစနစ်ကို ထည့်ထားပါတယ်။ ၁၉၉၉ ပြေိမှာ အနုပညာနဲ့ နည်းပညာကို ပေါင်းကူးပေးနိုင်မယ့် ကိုယ်ပိုင် ဆော့ဖ်ဝဲတွေကို တီထွင်ခဲ့ပြီး ဒီစနစ်တွေထဲမှာ FinalCutPro လို့ ခေါ်တဲ့ ဒစ်ဂျစ်တယ် ဗီဒီယိုဖိုင်တွေကို တည်းဖြတ်ပြုပြင်နိုင်တဲ့ ဆော့ဖ်ဝဲ၊ iMovie လို့ ခေါ်တဲ့ Video Player ၊ ဗီဒီယိုနဲ့ သီချင်းဖိုင်တွေကို VCD ချပ်ပေါ် ဘန်းလို့ရတဲ့ iDVD ဆိုတဲ့ ဆော့ဖ်ဝဲ၊ Adobe ကုမ္ပဏီကထုတ်တဲ့ Adobe Photoshop နဲ့ အလားသဏ္ဍာန်တူတဲ့ iPhoto ဆိုတဲ့ ဆော့ဖ်ဝဲ၊ Garage Band လို့ ခေါ်တဲ့ သီချင်းတွေ ဖန်တီးပြီး Mixing ဆွဲလို့ရတဲ့ ဆော့ဖ်ဝဲနဲ့ iTunes လို့ ခေါ်တဲ့ သီချင်းတည်းဖြတ်လို့ရတဲ့ ဆော့ဖ်ဝဲအပါအဝင် သီချင်းတွေ ဝယ်နိုင် ရောင်းနိုင်တဲ့ iTunes Store လို့ ခေါ်တဲ့ အွန်လိုင်း သီချင်းအရောင်းဆိုင်တွေကိုပါ ဖန်တီးခဲ့ပါတယ်။

ဂီတလောကဟာ ကြီးမားတဲ့ ဈေးကွက်ကြီးတစ်ခု ဖြစ်လာတော့မယ် ဆိုတာကိုလည်း ဂျော့က သဘောပေါက်ထားပါတယ်။ ၂၀၀၀ ခုနှစ်လောက် အရောက်မှာ အမေရိက က လူတွေက CD ထဲက သီချင်းတွေကို ကွန်ပျူတာထဲ ထည့်တာတို့၊ Napster လို ဝက်ဘ်ဆိုက်မျိုးကို သုံးပြီး သီချင်းတွေ download လုပ်တာတို့အပြင် CD အလွတ်ပေါ်မှာ ကွန်ပျူတာထဲက သီချင်းတွေ ပြန်ဘန်းထည့်တာမျိုးကို လုပ်နေကြပြီး လူဦးရေ ၂၈၁ သန်းပဲရှိသေးတဲ့ ၂၀၀၀ ပြည့်နှစ်က အမေရိကမှာ တစ်နှစ်အတွင်း CD ချပ်ရေ သန်း ၃၂၀ အထိ ရောင်းချခဲ့ရပါတယ်။ MP3 လို့ ခေါ်တဲ့ ဒစ်ဂျစ်တယ်သီချင်းတွေကို ဖွင့်လို့ရတဲ့ Rio ဆိုတဲ့ သွားလေရာ သယ်သွားလို့ရတဲ့ သီချင်းဖွင့်စက်တစ်မျိုး ပေါ်လာတဲ့အချိန်မှာ Apple ရဲ့ Mac ကွန်ပျူတာ အုပ်စုတွေမှာ Rio လိုစက်မျိုးနဲ့ တွဲသုံးလို့ရတဲ့စနစ် မပါသေးတဲ့အတွက် တစ်ခုခုတော့ ဖန်တီးဖို့ လိုလာပါတယ်။ ဒီတာဝန်ကို ယူခဲ့တဲ့သူကတော့ Apple ရဲ့ ဆော့ဖ်ဝဲ အင်ဂျင်နီယာဟောင်း တစ်ဦးဖြစ်တဲ့ ဘီလ်ကင်ကိတ် (Bill Kincaid) ပါပဲ။ ဘီလ်ကင်ကိတ်နဲ့ သူ့မိတ်ဆွေ အင်ဂျင်နီယာတစ်စုရဲ့ လက်ရာဖြစ်တဲ့ iTunes ဆိုတဲ့ ဂီတဆော့ဖ်ဝဲ တစ်ခုကို ၂၀၀၁ ဇန်နဝါရီမှာ လုပ်တဲ့ Macworld အခမ်းအနားမှာ စတင် မိတ်ဆက်ပေးနိုင်ခဲ့ပါတယ်။

Apple ရဲ့ နောက်ထပ် ခြေလှမ်းတစ်ခုကတော့ သွားလေရာ သယ်သွားလို့ရမယ့် သီချင်းဖွင့်စက်တစ်ခု တီထွင်ဖို့ပါပဲ။ သီချင်းကြိုက်တတ်တဲ့ ဂျော့ဟာ ဒီသီချင်းဖွင့်စက်တစ်ခု တီထွင်တဲ့ စီမံကိန်းကို ဘာနဲ့မှ မတူတဲ့ တပ်မက်စိတ်မျိုးနဲ့ ဦးဆောင်ခဲ့ပါတယ်။ Rio ဆိုတဲ့ သီချင်းဖွင့်စက်ကိုတော့ ဂျော့တို့ လူစုက "သီချင်း ၁၆ ပုဒ်လောက်ပဲ ထည့်လို့ရပြီး ဘယ်လိုဖွင့်ရမလဲ ဆိုတာတော့ တော်တော်ရှာယူရတယ်" လို့ ထောပနာပြုထားကြပါတယ်။ ဂျော့တို့ လိုချင်တဲ့ ပစ္စည်းမျိုးက ဂျပန်က ဆိုနီကုမ္ပဏီရဲ့ ဓာတ်ခွဲခန်းထဲမှာ ရှိနေပါတယ်။ နှစ်လက်မနီးပါး အရွယ်အစားပဲရှိပြီး သီချင်းအပုဒ် ၁၀၀၀ ကျော်လောက် ထည့်သိမ်းလို့ရတဲ့ မမ်မိုရီ (5GB) လောက်ပါတဲ့ ပစ္စည်းတစ်ခု (Hard drive အသေးစားတစ်ခု) ကို ဆိုနီကုမ္ပဏီက Apple က အင်ဂျင်နီယာ ရူဘင်စတိန်းကို ပြလိုက်တဲ့အခါ ရူဘင်စတိန်းက ချက်ချင်း လုမပြေးမိအောင် စိတ်ကိုထိန်းရင်း ဂျော့ဆီ သွားပြောပါတယ်။ ရူဘင်စတိန်းက "ဘယ်လိုလုပ်ရမလဲ ကျွန်တော်သိပြီ။ ဒေါ်လာ ၁၀ သန်းတန် ချက်လက်မှတ် တစ်စောင်ပဲလိုတယ်" လို့ ဂျော့ကို ပြောလိုက်တဲ့အခါ ဂျော့ကလည်း ချက်ချင်းပဲ သဘောတူလိုက်ပါတယ်။ ဂျော့ဆီက ခွင့်ပြုချက်ရပြီးနောက် ရူဘင်စတိန်းက ဆိုနီနဲ့ ညှိပြီး သူ့ကို ပြခဲ့တဲ့ drive ကို ထုတ်သမျှ အရေအတွက်အားလုံး Apple ကုမ္ပဏီကိုပဲ သီးသန့်ရောင်းချဖို့ သဘောတူစာချုပ် ချုပ်လိုက်ပါတယ်။

ရှုဘင်စတိန်းက တိုနီဖာဒဲလ် ဆိုတဲ့ အင်ဂျင်နီယာတစ်ယောက်ကို ခေါ်သွားပြီး သွားလေရာမှာ အိပ်ကပ်ထဲကို သီချင်းအပုဒ် ၁၀၀၀ လောက်ထည့်ထားပြီး နားထောင်လို့ရမယ့် ပစ္စည်းတစ်ခုကို တီထွင်ဖို့ စီမံကိန်းကို စအကောင်အထည်ဖော်ပါတယ်။ iPod လို့ ကျော်ကြားလာမယ့် သူတို့နှစ်ယောက်ရဲ့ လက်ရာနဲ့ အစီအစဥ်တွေကို ၂၀၀၁ ပြီမှာ ဂျော့ဆီကို ချပြနိုင်ခဲ့ပါတယ်။ သီချင်းရွေးတဲ့အခါ ခလုပ်တစ်ခုတည်းကိုပဲ အကြိမ်ရာချီနှိပ်ပြီး ရွေးနေရရင် ရေရှည်ခံမှာ မဟုတ်တဲ့အတွက် ဘီးလုံးလို ကရိယာလေးကို လှည့်ပြီး ရွေးလို့ရတဲ့စနစ် ထည့်နိုင်ရင် ကောင်းမယ်လို့ အကြံရပြီး အဲဒီအကြံအတိုင်း အကောင်အထည်ဖော်ခဲ့သူကတော့ ဖီးလ်စကီလာ ဆိုတဲ့ အင်ဂျင်နီယာပါ။ အိုင်ဒီယာ အသစ်တစ်ခုခု ရလာတိုင်း သူ့အင်ဂျင်နီယာတွေဆီ ညသန်းခေါင်ကြီး ထဖုန်းဆက်တတ်တဲ့ ဂျော့ရဲ့ ဒဏ်ကိုလည်း iPod အင်ဂျင်နီယာတွေ တော်တော်ခံလိုက်ရပါတယ်။ ဇင်ပုဒ္ဓဘာသာဝင်ဖြစ်တဲ့ ဂျော့ရဲ့ ရိုးရှင်းမှုကို တိမ်းညွတ်တဲ့စိတ်က ဘယ်လောက်အထိ ဖြစ်လာလဲဆိုရင် iPod မှာ ပါဝါဖွင့်တဲ့ ခလုတ်ကိုတောင် မထည့်တော့ပဲ ဖြုတ်ထားခဲ့ပါတယ်။ တတ်နိုင်သရွေ့ မျက်စိရှင်းပြီး သုံးရလွယ်ကူတဲ့ ပစ္စည်းတစ်ခု ဖြစ်ဖို့က ဂျော့ရဲ့ ပထမဦးစားပေး လို့တောင် ပြောလို့ရပါတယ်။ iPod မှာ ပါဝါအဖွင့် အပိတ် ခလုတ်မထည့်တော့ပဲ သီချင်းမဖွင့်တော့တာနဲ့ အလိုလို ပိတ်သွားပြီး ခလုတ်တစ်ခုခုကို ထိလိုက်တာနဲ့ အလိုလို ပြန်ပွင့်လာမယ့် စနစ်ကိုပဲ ထည့်ထားပါတယ်။

ဒီဇိုင်းဌာနရဲ့ ခေါင်းဆောင် ဂျွန်နီအိဗ်က အိမ်အပြန် ကားမောင်းရင်း နမူနာထုတ်ထားတဲ့ iPod ကိုဖွင့်ပြီး သီချင်းနားထောင်ရင်းက ဒီဇိုင်းနဲ့ ပက်သက်တဲ့ အိုင်ဒီယာတစ်ခု ရလာပါတယ်။ ဒီပစ္စည်းရဲ့ အရောင်ဟာ ဘက်ထရီကစပြီး တခုလုံး အဖြူဆွတ်ဆွတ်အရောင်ပဲ ဖြစ်ရမယ်လို့ ဆုံးဖြတ်လိုက် ပါတယ်။ iPod ကို ကိုယ်ထည်တင်မကပဲ သူနဲ့ သုံးမယ့် နားကြပ်နဲ့ ဝါယာကြိုးတွေပါ လုံးဝ အဖြူဆွတ်ဆွတ်တွေ ဖြစ်ရမယ်လို့ ဆုံးဖြတ်လိုက်တဲ့အခါ တချို့က နားကြပ်တွေနဲ့ နားကြပ်ကြိုး တွေက ထုံးစံအတိုင်း အမည်းရောင်ပဲ ဖြစ်သင့်တယ်လို့ ကန့်ကွက်ကြပေမယ့် ဂျော့ကတော့ ဒီဇိုင်းနဲ့ ပက်သက်လာရင် ချက်ဆို နားခွက်က မီးတောက်တဲ့သူ ဖြစ်တဲ့အတိုင်း အားလုံး အဖြူဆွတ်ဆွတ် ဖြစ်ဖို့ဆိုတဲ့ အိုင်ဒီယာကို ချက်ချင်းပဲ လက်ခံလိုက်ပါတယ်။

ကိုယ့်ကုမ္ပဏီက ထုတ်တဲ့ ဟာ့ဒ်ဝဲနဲ့ ဆော့ဖ်ဝဲတွေအကြားမှာ ခိုင်မာတဲ့ အပြန်အလှန် ချိပ်ဆက်အသုံးပြုလို့ရတဲ့ စနစ်တစ်ခုကို တည်ဆောက်ထားနိုင်ခြင်းရဲ့ အားသာချက်တွေကို ဂျော့ ပိုပိုသဘောပေါက်လာပါတယ်။ Apple မှာ ဒီစနစ်ကို တည်ဆောက်ထားတဲ့အတွက် iPod ရဲ့ ရောင်းအားဟာ သူနဲ့ ချိပ်ဆက်သုံးလို့ရတဲ့ iMac ကွန်ပျူတာရဲ့ ရောင်းအားကို တက်လာစေပါတယ်။

အဲဒီအတွက် iMac အတွက် သုံးမယ့် ကြော်ငြာစရိတ်တွေကို iPod အတွက် ပြောင်းလဲအသုံးပြုလို့ ရတဲ့အတွက် ကြော်ငြာစရိတ် နှစ်ခါမကုန်တော့ပဲ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဖြစ်သွားပါတယ်။ ဒါ့အပြင် Apple ဆိုတဲ့ အမှတ်တံဆိပ် တစ်ခုလုံးရဲ့ ပုံရိပ်ကိုလည်း ပိုမိုငယ်ရွယ် နုပျိုသွားစေပါတယ်။ iMac အတွက် ကြော်ငြာစရိတ်အဖြစ် လျာထားတဲ့ ဒေါ်လာ ၇၅ သန်းကို iPod အတွက် ပြောင်းလဲအသုံးပြုခဲ့ပါတယ်။

၂၀၀၁ အောက်တိုဘာ ၂၃ ရက်နေ့မှာ iPod ကို ဈေးကွက်ထဲမှာ စတင် မိတ်ဆက်နိုင်ခဲ့ပါတယ်။ iPod မိတ်ဆက်ပွဲ အခမ်းအနားနေ့မှာတော့ ဂျော့က အရင် Mac ကွန်ပျူတာတွေကို မိတ်ဆက်တုန်းကလို စင်မြင့်အလယ်ခေါင်က စားပွဲဆီ လျှောက်သွားပြီး အုပ်ထားတဲ့ အဝတ်စကို ဖယ်ပြတဲ့ အကွက်ကို မသုံးတော့ပဲ “ကျွန်တော့် အိတ်ကပ်ထဲက ပစ္စည်းလေးတစ်ခုကို ထုတ်ပြပါ့မယ်” လို့ ပြောပြီး သူ့ရဲ့ ဂျင်းဘောင်းဘီ အိတ်ကပ်ထဲက iPod ကို ထုတ်ပြလိုက်ပါတယ်။ တကယ့်ကို သားနားတဲ့ ဒီဇိုင်းနဲ့ အဖြူဆွတ်ဆွတ် iPod လေးတစ်ခုပါ။ iPod မိတ်ဆက်ပွဲ အခမ်းအနားဟာ လက်ခုပ်သံတွေနဲ့ အောင်အောင်မြင်မြင် ပြီးဆုံးသွားခဲ့ပေမယ့် ၃၉၉ ဒေါ်လာ ဆိုတဲ့ သူ့ရဲ့ ဈေးနှုန်းကိုတော့ နည်းပညာ ဝါသနာရှင် တစ်ချို့က ဝေဖန်ခဲ့ကြပြီး iPod, idiots price our devices လို့ သရော်ခဲ့ကြပေမယ့် ဈေးကြီးတယ်လို့ ဝေဖန်ကြသူတွေကို ဂျော့ တုံ့ပြန်လိုက်တဲ့ စကားကတော့ “ iPod ထက် ဈေးပိုပေးရတဲ့ ကင်းဘတ်ဖိနပ်တွေတောင် အများကြီးပါ” တဲ့။

ဘာပဲပြောပြော iPod ဟာ သပ်ရပ်လှပလွန်းလို့ ပါကင်ဗူးထဲကနေ ထုတ်လိုက်ပြီဆိုတာနဲ့ အရောင်တွေ တဖိတ်ဖိတ် ထွက်နေပြီး တခြားမြူးဇစ်ပလေယာ အားလုံးကို ဥဘောတ်ကစ္စတန်မှာ ဒီဇိုင်းဆင်ပြီး ထုတ်ထားသလားလို့ ထင်ရလောက်အောင်ကို အရောင်မှိန်သွားစေတယ်လို့ ဆိုကြပါတယ်။




## iTunes စတိုးဆိုင်များ

၂၀၀၂ အစပိုင်းလောက်မှာ Apple ဟာ စိန်ခေါ်မှု အသစ်တစ်ခုနဲ့ ရင်ဆိုင်နေရပါတယ်။ iPod တွေလည်း အများကြီး ရောင်းထွက်နေပြီး iPod ၊ iTunes ဆော့ဖ်ဝဲနဲ့ Mac ကွန်ပျူတာတွေကြားမှာ အပြန်အလှန် ချိပ်ဆက်အသုံးပြုလို့ရတဲ့ စနစ်ကလည်း အထူးအောင်မြင်နေပါတယ်။ ကွန်ပျူတာထဲက ရှိပြီးသား သီချင်းတွေကို iTunes ဆော့ဖ်ဝဲသုံးပြီး iPod ထဲကိုထည့်ပြီး နားထောင်ရတာလည်း အဆင်ပြေနေပါတယ်။ ပြဿနာကတော့ သီချင်းအသစ် လိုချင်လာပြီဆိုရင်တော့ စတိုးဆိုင် တစ်ဆိုင်ဆိုင်ကို သွားပြီး CD ချပ်တွေ ဝယ်မှ ရမှာဖြစ်နေပါတယ်။ ကွန်ပျူတာရှေ့မှာ ထိုင်ပြီး လိုချင်တဲ့ သီချင်းအသစ်တွေကို ရနိုင်မယ့် နည်းလမ်းတစ်ခုကိုတော့ ဖန်တီးပေးဖို့ လိုနေပါပြီ။ အင်တာနက်ကနေ လိုချင်တဲ့ သီချင်းတွေ download ယူလို့ရတဲ့နည်း ပေါ်နေပြီ ဆိုပေမယ့် ဒီနည်းက တရားမဝင် ဝေမျှထားတဲ့ သီချင်းဖိုင်တွေကို ခိုးကူးနေကြတဲ့ အဆင့်ပဲ ရှိပါသေးတယ်။ ဂျော့အတွက် စိန်ခေါ်မှုကတော့ သီချင်းတွေကို အင်တာနက်ကနေ လုံခြုံ ရိုးရှင်းတဲ့နည်းနဲ့ တရားဝင် download လုပ်ယူနိုင်တဲ့ စနစ်တစ်ခု ဖန်တီးပေးနိုင်ဖို့ပါပဲ။

အင်တာနက်မှာ သီချင်းတွေကို တရားမဝင် ဖြန့်ချီပေးနေတဲ့ Napster, Grokster, Guntella,

Kaza စတဲ့ ခိုးကူးဝဘ်ဆိုက်တွေ ပေါ်လာတဲ့အတွက် ဂီတလောက တစ်ခုလုံးလည်း မျက်ဖြူဆိုက်မယ့် ကိန်းနဲ့ တွေ့နေတဲ့အချိန်မှာ ဝါနာမြူးဇစ်တို့၊ AOL တို့လို မြူးဇစ်ကုမ္ပဏီကြီးတွေက ဆိုနီလို နည်းပညာကုမ္ပဏီမျိုးရဲ့ အကူအညီကိုယူပြီး ကော်ပီကူးလို့မရတဲ့ သီချင်းဖိုင်တွေအဖြစ် အင်တာနက်မှာ တင်လို့ရမယ့် နည်းပညာမျိုးကို ဖန်တီးစေပြီး ခိုးကူးအန္တရာယ်ကို ကာကွယ်ဖို့ ကြိုးစားနေကြပါတယ်။ ၂၀၀၂ ဇန်နဝါရီမှာတော့ မြူးဇစ်ကုမ္ပဏီတွေက အကြီးအကဲတွေ ဂျော့ဆီ ရောက်လာပါတယ်။ ဝါနာမြူးဇစ် ထုတ်လုပ်ရေးရဲ့ အကြီးအကဲ ပေါလ်ဗီးဒစ်ချ်တို့ ရောက်လာပြီး သူတို့ မဖြေရှင်းနိုင်တဲ့ ဂီတလောကရဲ့ အကျပ်အတည်းကို ဖြေရှင်းပေးဖို့ ဂျော့ကို အကူအညီလာတောင်းတော့ ဂျော့တစ်ယောက် နည်းနည်းအံ့အားသင့်သွားပါတယ်။

မကြာခင်မှာပဲ ယူနီဗာဆယ် တေးထုတ်လုပ်ရေးက ဆိုနီကုမ္ပဏီနဲ့ ပေါင်းသွားပြီး AOL Time Warner, Bertelsmann နဲ့ EMI တေးထုတ်လုပ်ရေး ကုမ္ပဏီတွေက Real Networks ဆိုတဲ့ ကုမ္ပဏီနဲ့ပေါင်းပြီး သူတို့နည်း သူတို့ဟန်နဲ့ အင်တာနက်က ခိုးကူးကိစ္စကို ဖြေရှင်းဖို့ ကြိုးစားနေကြပါတယ်။ ဂျော့ကတော့ ခိုးကူးကိစ္စကို တားဆီးနိုင်ဖို့ဆိုတာ ဂီတကုမ္ပဏီတွေ အခုလုပ်နေတဲ့ နည်းလမ်းမျိုးထက်သာတဲ့ ဆွဲဆောင်မှုမျိုးရှိတဲ့ အစီအစဉ်သစ်တွေ ရှိဖို့လိုတယ်လို့ သဘောပေါက်ထားပါတယ်။ “လောလောဆယ် သီချင်းတွေကို အွန်လိုင်းကနေ တရားမဝင် ခိုးကူးနေကြသူတွေရဲ့ ၈၀% လောက်က ဒီလို ခိုးကူးရတဲ့အလုပ်ကို လုပ်ချင်ကြသူတွေ မဟုတ်ဘူးလို့ပဲ ကျွန်တော်တော့ ယုံတယ်။ ကူးယူစရာ တရားဝင်နည်းလမ်း မရှိလို့သာ ဒီလိုလုပ်နေကြတာပဲ” လို့ ဂျော့က ဆိုပါတယ်။ “ဒီတော့ ဒီကိစ္စအတွက် တရားဝင် သီချင်းရောင်းတဲ့ ဝက်ဘ်ဆိုက် ဖွင့်ပေးလိုက်ရအောင်။ ဒါဆို အားလုံးနိုင်မယ့် ကစားပွဲဖြစ်သွားမယ်။ ဂီတကုမ္ပဏီတွေလည်း နိုင်မယ်၊ အနုပညာရှင်တွေလဲ နိုင်မယ်၊ Apple လည်း နိုင်ရုံတင်မကဘူး အသုံးပြုသူတွေဘက်ကလည်း နိုင်ပါလိမ့်မယ်။ ဘာလို့လဲဆိုတော့ သုံးတဲ့သူအတွက် ပိုကောင်းတဲ့ တရားဝင် ဝန်ဆောင်မှုကို ရနိုင်ပြီး သူခိုးဖြစ်စရာလည်း မလိုတော့ဘူးလေ” လို့ ဂျော့က သူ့အမြင်ကို ဝေမျှပါတယ်။

အဲဒီအတွက် အင်တာနက်မှာ iTunes အွန်လိုင်းစတိုးတွေ ဖွင့်ခွင့်အတွက် သီချင်းတွေ ရောင်းချပေးဖို့ ဂျော့က မြူးဇစ်ကုမ္ပဏီကြီး ၅ ခုကို လိုက်စည်းရုံးပါတယ်။ သီချင်းတစ်ပုဒ်ကို တစ်ကြိမ် download လုပ်ဖို့အတွက် ၉၉ ဆင့်နဲ့ ရောင်းချပေးမှာဖြစ်ပြီး မြူးဇစ်ကုမ္ပဏီဘက်က ဆင့် ၇၀ ကို အကျိုးအားခွင့်ရမယ့် အစီအစဉ်တစ်ခုကို ဂျော့က လိုက်ကမ်းလှမ်းခဲ့ပါတယ်။ ဒ့ါအပြင် အယ်လ်ဘမ် တစ်ချပ်လုံး မဟုတ်ပဲ သီချင်းတစ်ပုဒ်ချင်းစီ ခွဲရောင်းတဲ့ အစီအစဉ်ကိုပါ ထည့်ဖို့ ဂျော့က ကမ်းလှမ်းခဲ့ပြီး ဒီအကြံဉာဏ်ကို မြူးဇစ်ကုမ္ပဏီတွေသာမက ဂီတသမားတွေ ဘက်ကပါ

အကြီးအကျယ် ကန့်ကွက်ခဲ့ကြပါတယ်။ အယ်လ်ဘမ် တစ်ချပ်စာမှာ သီချင်းကောင်း နှစ်ပုဒ် သုံးပုဒ်လောက်နဲ့ ကျန်တဲ့ တော်ရီရော်ရီ သီချင်းတွေ ပေါင်းထည့်ပြီး ပရိသတ်တွေက ကိုယ်ကြိုက်တဲ့ သီချင်းတစ်ပုဒ်ကို ရဖို့အတွက် တစ်ခွေလုံးဝယ်မှ ဖြစ်မယ့်စနစ်နဲ့ ငွေရှာလို့ ကောင်းနေတဲ့ မြူးဇစ်ကုမ္ပဏီတွေ အဖို့ကတော့ ဂျော့ရဲ့ သီချင်းတစ်ပုဒ်ချင်းစီ ခွဲရောင်းမယ့်စနစ်က တော်တော်နားခါး စေတဲ့ အကြံတစ်ခု ဖြစ်နေပါတယ်။ အမှန်တော့ သီချင်းတွေကို တစ်ပုဒ်ချင်း ခွဲမရောင်းနိုင်ရင် ခိုးကူးစနစ်ကို ဘယ်လိုမှ မယှဉ်နိုင်မယ့် အခြေအနေကို ရောက်နေပါပြီ။

ဂျော့ နမူနာလုပ်ထားတဲ့ အွန်လိုင်း iTunes စတိုး ဝက်ဘ်ဆိုက် နမူနာကို ဝါနာတေး ထုတ်လုပ်ရေးရဲ့ အကြီးအကဲ ရော်ဂျာအေမီကို ပြလိုက်တဲ့အခါမှာတော့ ဂျော့ရဲ့ လက်ရာကို သဘောအကျကြီး ကျပြီး iTunes စတိုး အစီအစဉ်မှာ ဝါနာတေးထုတ်လုပ်ရေးက ပါဝင်ဖို့အတွက် လက်မှတ်ထိုးမယ်လို့ ကတိပေးလိုက်ပြီး တခြားတေးထုတ်လုပ်ရေး ကုမ္ပဏီတွေပါ ပါဝင်လာဖို့ အေမီကိုယ်တိုင် လိုက်စည်းရုံးပေးမယ်လို့ ဂျော့ကို ကတိပေးလိုက်ပါတယ်။ မကြာမီမှာပဲ U2 ၊ အမ်မီနမ် ၊ မာရိုင်းကာရေး စတဲ့ ဒိတ်ဒိတ်ကျဲ အဆိုတော်တွေကို အပိုင်စာချုပ်ထားတဲ့ ယူနီဗာဆယ် တေးထုတ်လုပ်ရေး ကုမ္ပဏီရဲ့ ဥက္ကဋ္ဌ ဒေါ့မောရစ်ကို iTunes စတိုး အစီအစဉ်မှာ ပါလာဖို့ စည်းရုံးနိုင်ခဲ့ပါတယ်။

ခိုးကူးကိစ္စ ဖြေရှင်းဖို့ ဆိုနီနဲ့ ၂ နှစ်ကြာ လက်တွဲပြီး ဘယ်မှ ခရီးမရောက်ဖြစ်နေတဲ့ ယူနီဗာဆယ် တေးထုတ်လုပ်ရေးနဲ့ Interscape Geffen - A & M တေးထုတ်လုပ်ရေး ကုမ္ပဏီနှစ်ခုက ဆိုနီနဲ့ စာချုပ်ကို ဖျက်သိမ်းလိုက်ပြီး Apple နဲ့ လက်တွဲလိုက်ပါတယ်။ ဆိုနီဟာ နည်းပညာကုမ္ပဏီတစ်ခု ဆိုပေမယ့် ဆိုနီတေးထုတ်လုပ်ရေး လုပ်ငန်းကိုလည်း ပိုင်ဆိုင်ထားတဲ့အတွက် ဂျော့ရဲ့ အသည်းစွဲ ဘော့ဒိုင်လန်ကို စာချုပ်ချုပ်ပြီး Apple ကို တိုက်ခိုက်ဖို့ ကြိုးစားပေမယ့် မိခင်ကုမ္ပဏီ တစ်ခုတည်းဖြစ်တဲ့ နည်းပညာဆိုနီနှင့် တေးထုတ်လုပ်ရေး ဆိုနီတို့က အချင်းချင်းကို မတည့်ကြတဲ့ အတွက် ဂျော့ကို ထိထိရောက်ရောက် ပညာမပေးနိုင်ခဲ့ပါဘူး။

ဆိုနီတေးထုတ်လုပ်ရေး ကုမ္ပဏီရဲ့ ခေါင်းဆောင်ဖြစ်တဲ့ အန်ဒီလတ်ခ် (Andy Lack) လည်း နောက်ဆုံးမှာ ဂျော့ရဲ့ iTunes စတိုးမှာ ဆိုနီကထုတ်တဲ့ သီချင်းတွေကို ရောင်းချခွင့် ပေး မပေးဆိုတဲ့ ကိစ္စကို အရေးတကြီး ညှိနှိုင်းဆွေးနွေးလာရပါတယ်။ ရုပ်သံ စာနယ်ဇင်းလုပ်ငန်းမှာ ကျင်လည်ခဲ့ပြီး CBS ရဲ့ ပရိုဂျူဆာနဲ့ NBC ရဲ့ ဥက္ကဋ္ဌ အဖြစ်လည်း တာဝန်ယူဖူးတဲ့ အန်ဒီလက်ခ်ဟာလည်း ခေသူမဟုတ်တဲ့ အတွက် ဆိုနီက သီချင်းတွေကို iTunes မှာ ယူသုံးချင်ရင် iPod ရောင်းရတဲ့ ရောင်းအားပေါ်မှာ ဆိုနီကို ရာခိုင်နှုန်း ပြန်ခွဲပေးရမယ်လို့ တောင်းဆိုလိုက်ပါတယ်။ ဒါပေမယ့်

ဂီတနယ်ပယ်ရဲ့ အထင်ကရ ကုမ္ပဏီကြီးတွေက ခေါင်းဆောင်တွေအားလုံး အန်ဒီလက်ခ်ဘက်က မထောက်ခံမချင်း သူတောင်းဆိုထားတာတွေကို ဂျော့က တကယ်လိုက်လျောမှာ မဟုတ်ဘူးဆိုတာ လည်း အစကတည်းက အန်ဒီလက်ခ်တစ်ယောက် သဘောပေါက်ပြီးသားပါ။ နောက်ဆုံးမှာ ဂျော့ဘက်က အလေးသာနေတဲ့ အတွက် iTunes အွန်လိုင်းစတိုး အစီအစဉ်မှာ ဆိုနီ တေးထုတ်လုပ်ရေးရဲ့ သီချင်းတွေကိုပါ ရောင်းချခွင့် ပေးခဲ့ရပေမယ့် သူတောင်းဆိုတာကိုတော့ ဘယ်တော့မှ ရမသွားပါဘူး။

တေးထုတ်လုပ်ရေး ကုမ္ပဏီကြီးတွေကို စည်းရုံးနိုင်ခဲ့ပြီ ဆိုတာနဲ့ iTunes စတိုးတွေမှာ ဂျော့ ရောင်းချင်တဲ့ သီချင်းတွကို သဘောတူထားတဲ့အတိုင်း လွပ်လွပ်လပ်လပ် ရောင်းချခွင့် ရသွားပြီလို့ မထင်ပါနဲ့။ ဂီတသမားတွေရဲ့ ခွင့်ပြုချက်ရဖို့အတွက် ခက်ခက်ခဲခဲ လိုက်ညှိနှိုင်းရပါသေးတယ်။ မြူးဇစ်ကုမ္ပဏီတွေက ဂီတသမားတွေနဲ့ စာချုပ် ချုပ်တဲ့အခါမှာ အွန်လိုင်းမှာ သီချင်းဖြန့်ချီတဲ့ ကိစ္စကို ဂီတသမား အဆိုတော်တွေ ကိုယ်တိုင်မှ အပ တခြားဘယ်သူ့ကိုမှ ခွင့်မပြုဖို့ စာချုပ်ချုပ် ထားတဲ့အတွက် ဒီကိစ္စမှာ ဂီတသမားတွေဘက်က ဘသောတူညီမှုမရပဲ ဘာမှ လုပ်လို့မရပါဘူး။ အဲဒီအတွက် ခွင့်ပြုချက်ရဖို့ ဂျော့ဟာ ဘိုနို၊ မစ်ဂျက်ကာ၊ ရှယ်ရယ်ခရိုးလ် စတဲ့ အဆိုတော်တွေအပါအဝင် နာမည်ကြီးအတိုတော် တော်တော်များများကို ကိုယ်တိုင် လိုက်တွေ့ပြီး စည်းရုံးခဲ့ရပါတယ်။ မက်ဒေါနားတို့၊ လက်ဒ်ဇက်ပလင် တို့ကိုပါ ဂျော့က ရအောင် စည်းရုံးနိုင်ခဲ့ပေမယ့် ဟစ်ဟော့သမားတွေနဲ့ တွေ့ပြီး စည်းရုံးဖို့ကတော့ ဂျော့အတွက် တော်တော် ခွကျနေပါတယ်။

ဘီတဲလ်စ်တို့ ဘော့ဒိုင်လန် တို့ကို ကြိုက်သလောက် ဟစ်ပ်ဟော့ဂီတနဲ့တော့ ရေစက်မပါလှတဲ့ ဂျော့အဖို့ ဟစ်ပ်ဟော့ လောကရဲ့ ဗိုလ်ချုပ်လို့ ပြောလို့ရတဲ့ Dr.Dre နဲ့တွေ့ပြီး ဆွေးနွေးရတဲ့ အဖြစ်ကတော့ တော်တော်ကို ကို့ရို့ကားယားနိုင်ပါတယ်။ အမ်မီနမ်နဲ့ တခြားရက်ပါတွေရဲ့ သီချင်းတွေကို iTunes စတိုးမှာ ထည့်ဖို့ လိုနေတဲ့အလျောက် အမ်မီနမ် အပါအဝင် ရက်ပါတော်တော်များများရဲ့ ခေါင်းကိုင်အဖလို ဖြစ်နေတဲ့ Dr.Dre နဲ့ နွေးထွေးပြနေရပါပြီ။ Dr.Dre နဲ့လည်း လက်ဝါးချင်း ရိုက်နိုင်ခဲ့ပါတယ်။ တရက်မှာတော့ ဂျော့က ထရမ်းပက်မှုတ်တဲ့ ဂျက်ဇ်ဂီတသမားတစ်ဦးဖြစ်တဲ့ Wynton Marsalis ကို သူ့အိမ်လိုက်ခဲ့ဖို့ ခေါ်ပြီး အိမ်ရောက်တာနဲ့ သူ့ရဲ့ iTunes အွန်လိုင်းစတိုးကို ကြွားပါတော့တယ်။ Mosalis ပြန်ပြောတဲ့ အတိုင်းဆိုရင် “စတိဗ်က iTunes ကိုဖွင့်ပြီး ဘာရှာခဲ့ချင်လည်း ဆိုတော့ ကျွန်တော်လဲ ဗီသိုဗင် ရှာဗျာကို့ ပြောလိုက်တယ်။ ဂျော့က ဘာလုပ်လို့ ရလဲဆိုတာ ကျွန်တော် ပြသမယ်ဆိုပြီး သူ့ ကွန်ပျူတာအကြောင်းတွေ ကြွားလို့ မပြီးတောဘူး။ ကျွန်တော်က အာရုံသိပ်ရတာ မဟုတ်ဘူး။ ကွန်ပျူတာတွ နည်းပညာတွေ ကျွန်တော်

စိတ်မဝင်စားပါဘူးလို့ ပြေနေတဲ့ ကြားကကို နောက်ထပ် နှစ်နာရီလောက် ကြာတဲ့အထိ သူ့ iTunes အကြောင်းကို ရှင်းပြလို့ မပြီးဘူး။ တော်တော်ကြာလာတော့ ကျွန်တော်လည်း ကွန်ပျူတာကို မကြည့်တော့ပဲ သူ့ကိုပဲ ကြည့်နေမိတော့တယ်။ ဘာလို့လည်းဆိုတော့ တကယ့်ကို ပြင်းပျတဲ့ တပ်မက်စိတ်နဲ့ ပြည့်နေတဲ့ သူ့ကို ကြည့်ရတာက ပိုစိတ်ဝင်စားဖို့ ကောင်းနေတယ်" လို့ Marsalis က ဆိုပါတယ်။

၂၀၀၃ ဧပြီ ၂၈ ရက်နေ့မှာ iTunes အွန်လိုင်းစတိုးများ စတင် ဖွင့်လှစ်ခြင်း အခမ်းအနားကို ဆန်ဖရန်စစ္စကိုက Moscone ခန်းမမှာ ကျင်းပခဲ့ပါတယ်။ ထုံစံအတိုင်းပဲ ဂျော့က ဘာကြောင့် iTunes စတိုးတွေ ရှိဖို့ လိုအပ်ရသလဲ ဆိုတာကို အင်အားအပြည့်ပါတဲ့ စကားလုံးတွေသုံးပြီး iTunes စတိုးကို သီချင်းပုဒ်ရေ ၂၀၀၀၀၀ နဲ့ စတင်ဖွင့်လှစ်မှာဖြစ်ကြောင်း၊ သီချင်းတစ်ပုဒ်ကို ၉၉ ဆင့်ပဲ ကျမှာဖြစ်ပြီး ကိုယ်ကြိုက်ရာသီချင်း တစ်ပုဒ်ချင်းခွဲပြီး ကူးချင်လည်း ကူးလို့ရကြောင်း စတဲ့ အကြောင်းအရာတွေ ပါတဲ့ မိန့်ခွန်းကို "iTunes နဲ့ ဆိုရင် သူများသီချင်းတွေ ခိုးယူတဲ့သဘောလည်း မဟုတ်တော့ဘူးဆိုတော့ စင်ကြယ်တဲ့ အလုပ်ဖြစ်သွားတာပေါ့" ဆိုတဲ့ စကားနဲ့ အဆုံးသတ်လိုက်တဲ့ အခါ လက်ခုပ်သံတွေ အကျယ်ဆုံး ကြားရတာကတော့ ရှေ့ဆုံးတန်းမှာ ထိုင်နေတဲ့ တေးထုတ်လုပ်ရေး အဖွဲ့တွေဆီကပါပဲ။

Apple ရဲ့ iTunes စတိုးကို တာဝန်ခံအဖြစ် ဆောင်ရွက်မယ့် အက်ဒီကျူးက Apple ဟာ ခြောက်လအတွင်း သီချင်းပုဒ်ရေ တစ်သန်းလောက်ရောင်းရနိုင်တယ်လို့ ကြိုတင်ဟောကိန်း ထုတ်ခဲ့ပေမယ့် အဲဒီဟောကိန်း မှားသွားပါတယ်။ Apple ရဲ့ iTunes စတိုးကနေ ခြောက်ရက်အတွင်း သီချင်းပုဒ်ရေ တစ်သန်းကျော် ရောင်းချခဲ့ရပါတယ်။ iTunes စတိုးဟာ ဂီတလောကအတွက် အလှည့်အပြောင်းကြီး တစ်ခုအဖြစ် သမိုင်းတွင်သွားပါလိမ့်မယ်လို့ ကြေညာခဲ့တဲ့ ဂျော့ရဲ့ ဟောကိန်းလည်း မှန်သွားပါတယ်။

ဂျော့ရဲ့ iTunes အွန်လိုင်းစတိုးကို ပထမဆုံး မြင်လိုက်ရတဲ့အခါ ဘီလ်ဂိတ်နဲ့ မိုက်ခရိုဆော့ဖ်က လူတွေ မျက်လုံးပြူးကုန်ကြပါတယ်။ ဘီလ်ဂိတ်က သူ့အရာရှိတွေကို ပို့တဲ့ အီးမေးလ်ထဲမှာ "လာပြန်ပြီ Apple က စတိဗ်ဂျော့။ သူ ဘယ်လိုလုပ်ပြီး ဂီတလောက တစ်ခုလုံးက လူတွေကို စည်းရုံးနိုင်ခဲ့တာလဲ" လို့ ရေးပြီး Apple ရဲ့ ခြေလှမ်းတွေကို အမီလိုက်နိုင်ဖို့ မိုက်ခရိုဆော့ဖ်က လူတွေအားလုံး အမြန်ဆုံး စပိဒ်တင်ရတော့မယ်လို့ သဘောပေါက်လာကြပါတယ်။ ဒါပေမယ့် ဂျော့က နောက်ဆုံးမှာ iTunes ဆော့ဖ်ဝဲနဲ့ iTunes စတိုးတို့ကို မိုက်ခရိုဆော့ဖ်ရဲ့ Windows စနစ်မှာလည်း အသုံးပြုခွင့် ပေးခဲ့သည့်တိုင်အောင် မိုက်ခရိုဆော့ဖ်ရော ဆိုနီကုမ္ပဏီတို့ပါ Apple ရဲ့ ခြေရာကို မနင်းနိုင်ခဲ့ပါဘူး။

ဂျော့က iTunes စနစ်တစ်ခုလုံးကို ဝင်းဒိုးကွန်ပျူတာ စနစ်မှာပါ သုံးခွင့်ပေးလိုက်ပြီး မကြာမီမှာပဲ iPod ကို အမီလိုက်ဖို့အတွက် မိုက်ခရိုဆော့ဖ်က Zune လို့ခေါ်တဲ့ iPod ပုံစံတူ ပစ္စည်းတစ်ခုကို ထုတ်လုပ်ခဲ့ပေမယ့် နောက် ၂ နှစ် ကျော်ကျော်လောက်အထိ စျေးကွက်ဝေစု ၅% တောင် ပြည့်အောင် မရခဲ့ပဲ ရေစုန်မျောသွားပါတော့တယ်။ ဆိုနီကုမ္ပဏီကလည်း iPod နဲ့ အလားသဏ္ဍာန်တူတဲ့ သီချင်းဖွင့်စက်တစ်မျိုး ထုတ်ရောင်းဖို့ စဉ်းစားခဲ့ပေမယ့် ဆိုနီတေးထုတ်လုပ်ရေး ဌာနခွဲရဲ့ ဝင်ငွေကို ထိခိုက်မှာစိုးတဲ့အတွက် ဒီအစီအစဉ်ကို ပယ်ဖျက်ပြီး iTunes စတိုးနဲ့ အလားသဏ္ဍာန်တူတဲ့ Sonny Connect ဆိုတဲ့ အွန်လိုင်း သီချင်းရောင်းဝယ်တဲ့ ဝကဘ်ဆိုက် လုပ်ငန်းတစ်ခုကို ၂၀၀၄ မေ မှာ ထူထောင်ခဲ့ပေမယ့် နောက်သုံးနှစ်အကြာမှာ ရပ်ပစ်လိုက်ရပါတယ်။

ဒီကာလတွေ တစ်ဝိုက်မှာတော့ ဂျော့နဲ့ သူ့အင်ဂျင်နီယာအဖွဲ့တွေဟာ iPod ဗားရှင်းအသစ်တွေ ဆက်လက်ထုတ်ပြီး သွားလေရာ သယ်သွားလို့ရတဲ့ သီချင်းဖွင့်စက် (Portable Music Player) စျေးကွက်မှာ Apple ရဲ့ ဦးဆောင်မှုကို ဆက်လက် ခိုင်မာစေခဲ့ပါတယ်။ ၂၀၀၄ ဇန်နဝါရီမှာ စတင် မိတ်ဆက်ခဲ့တဲ့ iPod Mini လို့ခေါ်တဲ့ iPod မျိုးဆက်သစ်ဟာ အထူးအောင်မြင်ခဲ့ပြီး စဖြန့်ချိတဲ့ ၁၈ လအတွင်းမှာ Apple ရဲ့ စျေးကွက်ဝေစု ၃၁ ရာခိုင်နှုန်းကို ၇၄ ရာခိုင်နှုန်းအထိ အုံမခန်းမြင့်တက်စေခဲ့ပါတယ်။ ၂၀၀၅ ဇန်နဝါရီမှာ ထွက်လာတဲ့ iPod Shuffle ဆိုတဲ့ ဗားရှင်းနာမည်နဲ့ နံပါတ်တွေကို ဖော်ပြပေးတဲ့ ဖန်သားပြင်မပါတော့ပဲ။ ထည့်ထားတဲ့ သီချင်းတွေကို တစ်ပုဒ်ချင်း အလှည့်ကျ ဖွင့်ပေးတဲ့ စနစ်ကို ပြောင်းလဲလိုက်ပါတယ်။ ကိုယ်မကြိုက်တဲ့ သီချင်းဆို ကျော်လို့ရမယ့် ခလုတ် တစ်ခုပဲ ထည့်ပေးထားပါတယ်။

ပြိုင်ဘက် ကုမ္ပဏီတွေ တစ်ခုပြီးတစ်ခု ခြေချော်နေခဲ့တဲ့အတွက် Apple ဟာ ဦးဆောင် တီထွင်သူနေရာမှာ ဆက်လက်ရပ်တည်နေပြီး ဂီတဟာလည်း Apple ရဲ့ စီပွားရေးလုပ်ငန်းတွေထဲမှာ ကြီးမားတဲ့ အခန်းကဏ္ဍကနေ ပါဝင်ပက်သက်လာပါတယ်။ ၂၀၀၇ ဇန်နဝါရီမှာ iPod ရောင်းအားက ရတဲ့ အမြတ်ငွေဟာ Apple ကုမ္ပဏီတစ်ခုလုံး အမြတ်ငွေရဲ့ ထက်ဝက်လောက်ဖြစ်လာပြီး iTunes စတိုးဟာလည်း ပထမဆုံး တစ်နှစ်ထဲမှာတင် သီချင်းပုဒ်ရေ သန်းပေါင်း ၇၀ ကျော် ရောင်းချခဲ့ရတဲ့အထိ အောင်မြင်လာခဲ့ပါတယ်။ ၂၀၀၆ ဖေဖော်ဝါရီမှာ မစ်ချီဂန်ပြည်နယ်က အဲလက်စ်အော်ထရိုစကီ ဆိုတဲ့ လူငယ်လေးတစ်ယောက်က iTunes စတိုးမှာ Cold Play အဖွဲ့ရဲ့ Speed of Sound ဆိုတဲ့ သီချင်းကို ဝယ်ယူလိုက်တဲ့ အချိန်မှာတော့ ဒီသီချင်းဟာ iTunes စတိုးရဲ့ အပုဒ်ရေ သန်း ၁၀၀၀ မြောက် ရောင်းလိုက်ရတဲ့ သီချင်းဖြစ်လာပြီး သန်း ၁၀၀၀ မြောက် ဝယ်ယူသူဖြစ်တဲ့ အဲလက်စ်အော်ထရိုစကီ ကိုလည်း ဂျော့က iPod ၁၀ လုံး၊ iMac ကွန်ပျူတာ ၁

လုံးနဲ့ ငွေသား ဒေါ်လာ ၁၀၀၀၀ တန်တဲ့ သီချင်း ဝယ်ယူခွင့်တွေကို ဂုဏ်ပြု အမှတ်တရ လက်ဆောင်အဖြစ် ပေးခဲ့ပါတယ်။

# အခန်း(၂၀)

## စတိဗ်ဂျော့၊ iPod နှင့် အနုပညာရှင်များ




နားကြပ်အဖြူလေး တပ်ထားတဲ့ လူအချင်းချင်း တွေ့တဲ့အခါတိုင်း "ခင်ဗျား iPod ထဲမှာ ဘာတွေပါလဲ" ဆိုတဲ့ မေးခွန်းတစ်ခုက မိတ်ဆက်စကားတစ်ခုလို ဖြစ်နေပါပြီ။ အမေရိကန်သမ္မတ ဂျော့ဘုရှ်ရဲ့ iPod ထဲမှာတော့ Van Morrison ၊ John Fogerty တို့ရဲ့ ကန်းထရီးသီချင်းတွေနဲ့ ပြည့်နေပါတယ်။ ဒီအကြောင်းကို ဆောင်းပါးရှင် အဲလီဇဘတ် ဘူမီလာက နယူးရော့ခ်တိုင်းမ်စ် မဂ္ဂဇင်းထဲမှာ ထည့်ရေးလိုက်တဲ့အခါ iPod ရဲ့ ယဥ်ကျေးမှုက ပိုကျယ်ပြန့်လို့လာပါတယ်။ ဆောင်းပါးထဲမှာ အဲလီဇဘတ် ဘူမီလာက "စိတ်ဝင်စားစရာ ကောင်းတာက သမ္မတကြီးကြိုက်တဲ့ အဆိုတော်တွေက သူ့ကို မကြိုက်တဲ့ လူတွေချည်းပဲ" ဆိုတဲ့ မှတ်ချက်နဲ့ အဆုံးသတ်ထားပါတယ်။

စတီဗင်လီဗီး ကလည်း သူ့စာထဲမှာ "ပထမဆုံး ချိန်းတွေ့တဲ့ လူတစ်ယောက်၊ ဒါမှမဟုတ် ခရီးသွားရင်း ကိုယ့်ဘေးမှာ ထိုင်နေတဲ့ လူတစ်ယောက်ကို ကိုယ့် iPod လေး ပေးကြည့်လိုက်တာနဲ့ ကိုယ်ဘယ်လိုလူလဲ ဆိုတာကို စာအုပ်တစ်အုပ် ဖတ်လိုက်ရသလို ချက်ချင်းသိသွားလိမ့်မယ်" လို့ ရေးထားပြီး iPod ထဲမှာ ကိုယ်ထည့်ထားတဲ့ သီချင်းစာရင်းတွေကို ပေးကြည့်လိုက်တာနဲ့ ကိုယ့်အကြောင်းကို ဘာမှ ဖုံးကွယ်ထားလို့ ရတော့မှာ မဟုတ်ဘူးလို့ ဆိုပါတယ်။ ကိုယ့်အကြိုက်ဆုံး သီချင်းတွေက ကိုယ်ဘယ်လိုလူလဲ ဆိုတာကိုပါ ကောင်းကောင်းကြီး ဖော်ကောင်လုပ်နိုင်ပါသတဲ့။

ဂျော့ရဲ့ iPod ထဲမှာတော့ ၁၉၇၅ နောက်ပိုင်းက ထွက်ခဲ့တဲ့ ဘော့ဒိုင်လန်ရဲ့ သီချင်းတွေနဲ့

ပြည့်နေပါတယ်။ ဘီတဲလ်စ်အဖွဲ့ ထွက်ခဲ့သမျှ အယ်လ်ဘမ် ၇ ချပ်လုံးက သီချင်းတွေလည်း အကုန်ရှိပြီး ဘောဒိုင်လန်နဲ့ ဘီတဲလ်စ် ပြီးတဲ့နောက်မှာတော့ ဂျော့ အကြိုက်ဆုံးက ရိုးလင်းစတုန်းပါ။ ရိုလင်းစတုန်းရဲ့ အယ်လ်ဘမ် ၆ ချပ်လုံးကိုလည်း ထည့်ထားပါတယ်။ ဒီ သုံးဖွဲ့ပြီးရင် ထပ်တွေ့ရမှာကတော့ အရီသာ၊ ဘီဘီကင်း၊ ဘတ်ဒီဟိုလီ၊ ဘတ်ဖလိုစပရင်းဖီးလ်၊ ဒွန်မတ်ကလင်း၊ ဒိုနိုဗန်၊ သည်ဒွေါ်စ်၊ ဂျင်မီဟန်းဒရစ်၊ ဂျွန်နီစကတ်ရှ် စတဲ့ ၇၀ ဝန်းကျင်က အဆိုတော်တွေပါပဲ။ ဒီဘက်ခေတ် အဆိုတော်တွေထဲကတော့ အယ်လီကာကီးစ်၊ ဘလက်အိုင်းပီစ်၊ ကိုလ်ဒ်ပလေး၊ ဒီဒို၊ ဂရင်းဒေး၊ ဂျွန်မေယာ၊ ယူတူး၊ ဆီရဲလ် နဲ့ တ်တ်ကင်းဟာ့ဒ် တို့ကို ထည်းထားပါတယ်။ ဘာ့ခ်ရဲ့ ကလပ်စစ်ကယ် သီချင်း တစ်ချို့လည်း တွေ့ရပါတယ်။

၂၀၀၃ လောက်ရောက်တော့ ဟစ်ပ်ဟော့ကို သိပ်အယုံအကြည် မရှိလှတဲ့ ဂျော့ဟာ အမ်မီနမ်ကို ကြိုက်စပြုလာပြီး အမ်မီနမ်ရဲ့ သီချင်းတစ်ချို့ကို download လုပ်ပြီး နားထောင်ခဲ့ဘူးတယ်လို့ ဝန်ခံလာပါတယ်။ ဂျိမ်းဗင်းဆင့် နဲ့အတူ အမ်မီနမ်ရဲ့ ရှိုးပွဲတစ်ခုကို လိုက်ကြည့်ပြီးတဲ့ အချိန်မှာတော့ ဂျော့ စိတ်လေပြီး iPod ထဲ အမ်မီနမ် သီချင်းတွေ ထည့်မယ့် အစီအစဥ် ပျက်သွားပါတယ်။ ရှိုးပွဲအပြီးမှာ ဂျော့က "အမ်မီနမ်ကို အနုပညာရှင်တစ်ယောက် အနေနဲ့ လေးစားပါတယ်၊ ဒါပေမယ့် သူ့ ဂီတကိုတော့ ငါနားမထောင်ချင်ဘူး။ ပြီးတော့ ဘောဒိုင်လန်ရဲ့ တန်ဖိုးတွေနဲ့ ငါ ချိတ်ဆက်နိုင်ခဲ့ သလိုမျိုး အမ်မီနမ်နဲ့တော့ ချိတ်ဆက်လို့ ရမယ် မထင်ဘူး" လို့ ဗင်းဆင့်ကို ထုတ်ပြောခဲ့ပါတယ်။

အခုချိန်အထိ ကြိုက်လို့ရတဲ့ ကလေးဘဝက သီချင်းတွေ ဘာတွေရှိလဲလို့ ဂျော့ကို မေးကြည့်တဲ့အခါ ဂျော့က သူ့ရဲ့ iPod ထဲက Grateful Dead အဖွဲ့ရဲ့ ၁၉၆၉ လောက်တုန်းက သီချင်းတစ်ပုဒ်ဖြစ်တဲ့ Uncle John's Band ဆိုတဲ့ သီချင်းကို ဖွင့်ပြခဲ့ပြီး သီချင်းထဲက "ဘဝဟာ လွယ်ကူချောမွေ့လွန်းတဲ့အခါ အန္တရာယ်တစ်ခုက တံခါးဝမှာ ရောက်လို့နေ.." ဆိုတဲ့ စာသားတွေနဲ့ အတူ ကျွန်တော်တို့ နှစ်ယောက်လုံး အတိတ်ရဲ့ အမှတ်တရနေ့တွေဆီ ပြန်လွင့်မျောသွားပါတယ်။ နောက် Joni Mitchell ရဲ့ Little Green ဆိုတဲ့ သီချင်းတစ်ပုဒ်ကို ဖွင့်ပြပြီး "Joni Mitchell က ကလေးတစ်ယောက်ကို မွေးစားဖူးတယ်၊ ဒီသီချင်းက သူ့မွေးစားသမီးလေးအကြောင်း ရေးထာတာ" လို့ ရှင်းပြရင်း "ဒီလိုနဲ့ မိသားစုနာမည်ပါတဲ့ မွေးစားစာချုပ်မှာ လက်မှတ်ထိုးရင်း မင်းဟာ ဝမ်းနည်းကြေကွဲခဲ့ရ... ဒါပေမယ့် မင်းမှာ ရှက်ကြောက်မှုတွေ မရှိခဲ့ဘူး" ဆိုတဲ့ စာသားတွေကို ပြန်ခံစားခဲ့ကြပါတယ်။ သီချင်းပြီးသွားတဲ့အခါ မွေးစားခံရတဲ့ အကြောင်းတွေကို ခဏခဏ ပြန်တွေးမိသေးလားလို့ ဂျော့ကို မေးကြည့်တဲ့အခါ "မတွေးတော့ဘူး။ ခဏခဏတော့ ပြန်မတွေးပါဘူး" လို့ ဆိုပါတယ်။

ဒီနောက်ပိုင်းမှာတော့ မေးဖွားခဲ့တုန်းက အကြောင်းတွေထက် အိုမင်းလာမယ့် အကြောင်းတွေကိုပဲ ပိုတွေးမိနေတယ်လို့ ဆိုရင်း ဂျော့က Joni Mitchell ရဲ့ ‘Both Side Now’ ဆိုတဲ့ သီချင်း တစ်ပုဒ်ကို ထပ်ဖွင့်ပြပါတယ်။ “အခုတော့ ဘဝကို နှစ်ဖက်လုံးက မြင်နိုင်ပြီ။ ကျရှုံးခြင်းနဲ့ အောင်မြင်ခြင်းဆိုတဲ့ ကမ်းပါးနှစ်ခုမှာ ဘာပဲဖြစ်ဖြစ် ဘဝဟာ အာရုံမှောက်မှားခြင်းသာ ငါဟာ ဘဝဆိုတာကို လုံးဝနားမလည်သေးပါ” ဆိုတဲ့ စာသားတွေကို ခံစားရင်း ဂျော့က “လူတွေ အိုမင်းသွားကြပုံဟာ စိတ်ဝင်စားစရာပဲ” လို့ ဆိုပါတယ်။ ဂျော့ဟာ ဂစ်တာသမားတွေထဲမှာ ဂျွန်မေယာကို အသည်းစွဲဖြစ်ပြီး ပါလိုအယ်တိုက သူ့အိမ်ကို မကြာမကြာဖိတ်ပြီး ဂျွန်မေယာကို ညစာကျွေးလေ့ရှိပါတယ်။ ဂျွန်မေယာဟာ တစ်ကယ့်ကို သဘောကောင်းတဲ့ ကလေးတစ်ယောက်လို စိတ်မျိုးရှိပေမယ့် အထိန်အကွပ်မဲ့နေတဲ့ လူတစ်ယောက်ပဲလို့ ဆိုပါတယ်။

သီချင်းတွေ နားထောင်လို့ ပြီးသွားတဲ့အခါ ဘီတဲလ်နဲ့ ရိုးလင်းစတုန်း နှစ်ခုထဲက တစ်ဖွဲ့ကိုပဲ ရွေးရမယ်ဆိုရင် ဘယ်သူ့ကိုရွေးမလဲလို့ ဂျော့ကို ခေါင်းစားကြည့်လိုက်တော့ ဂျော့က “အိမ်မီးလောင်နေလို့ ခွေတစ်ခွေပဲ သယ်လို့ရမယ့် အခြေနေမျိုး ဖြစ်လာပြီဆိုရင် ဘီတဲလ်အခွေကိုပဲ ပါအောင်ယူမယ်” လို့ ပြန်ဖြေပါတယ်။ ဒါပေမယ့် ဘီတဲလ်နဲ့ ဒိုင်လန် နှစ်ခုထဲက ရွေးခိုင်းပြီဆိုရင်တော့ တော်တော်ရွေးရခက်လိမ့်မယ်။ ရိုးလင်းစတုန်း နေရာမှာ တစ်ယောက်ယောက်နဲ့ အစားထိုးလို့ ရနိုင်ပါတယ်။ ဒါပေမယ့် ဘီတဲလ်အဖွဲ့နဲ့ ဘော့ဒိုင်လန်တို့ နေရာမှာတော့ ဘယ်သူနဲ့မှ အစားထိုးလို့ မရနိုင်ဘူး” လို့ ဆိုပါတယ်။

၂၀၀၄ အောက်တိုဘာလောက်မှာ ကင်ဆာရောဂါကြောင့် ခွဲစိပ်မှုခံယူပြီး ဂျော့တစ်ယောက် နာလန်ပြန်ထစမှာ ဘော့ဒိုင်လန်က ပါလိုအယ်တိုမြို့နားမှာ လာဖျော်ဖြေပါတယ်။ ဂျော့ကို အာစေးမိအောင် လုပ်နိုင်သူဆိုလို့ ဘော့ဒိုင်လန်တစ်ယောက်ပဲ ရှိတာပါ။ ဘော့ဒိုင်လန်ဟာ ဘယ်တော့မှ ဂျော့နဲ့ အကျွမ်းတဝင် ဖြစ်တဲ့ အဆင့်ကို ရောက်မလာခဲ့ပေမယ့် ရှိုးပွဲမစခင် သူ့ကို ဟိုတယ်မှာ လာတွေ့နိုင်တယ်လို့ ဂျော့ကို ဖိတ်ခေါ်ခဲ့ပါတယ်။ ဂျော့က ဟိုတယ်ကို ရောက်သွားပြီး သူ့အရမ်းကြိုက်တဲ့ ဂီတသူရဲကောင်းကြီးရှေ့ကို ရောက်နေရတဲ့အခါ ကြောက်နေပြီး ဘော့ဒိုင်လန်ဟာ လူချင်းတွေ့ရတဲ့အခါ သူ ထင်ထားတာသလောက် မတော်တဲ့လူတစ်ယောက် ဖြစ်နေမှာကိုလည်း တွေးပူနေပါတယ်။ ဒါပေမယ့် ဘော့ဟာ ဂျော့ထင်ထားတဲ့အတိုင်း ကွက်တိပါပဲ။ သူ့ဘဝနဲ့ သူရေးခဲ့တဲ့ သီချင်းတွေအကြောင်း ပြောပြနေတဲ့ ဘောဒိုင်လန်ဟာ တယ်ကယ့်ကို ပွင့်လင်းရိုးသားသူတစ်ယောက် ဖြစ်နေတာကို ဂျော့ တွေ့လိုက်ရပြီး သူတို့နှစ်ယောက်ဟာ ၂ နာရီကျော်လောက် ကြာအောင် စကားလက်ဆုံကျခဲ့ကြပါတယ်။

မကြာခင်မှာပဲ ဂျော့ဟာ iTunes စတိုးမှာ ဘော့ဒိုင်လန်ရဲ့ သီချင်းတွေအားလုံး အပုဒ် ၇၀၀ ကျော်ကို အတွဲလိုက်အဖြစ် ၁၉၉ ဒေါ်လာနဲ့ ရောင်းချပေးဖို့ အကြံတစ်ခု ရလာပါတယ်။ ဒါပေမယ့် သီချင်းအားလုံး ၇၇၃ ပုဒ်တိတိပါတဲ့ ဘော့ဒိုင်လန်ရဲ့ သီချင်းပေါင်းချုပ်ကို ဒေါ်လာ ၁၉၉ လောက်နဲ့ ရောင်းဖို့ဆိုတာ ဘော့ဒိုင်လန်ကို သက်သက် စျေးချတာပဲဆိုပြီး ဒိုင်လန်ရဲ့ ထုတ်လုပ်ရေး ကုမ္ပဏီဖြစ်တဲ့ Sony BMG က အန်ဒီလက်ခ်က သဘောမတူပါဘူး။ "ဘော့ဒိုင်လန် ဆိုတာ နိုင်ငံတော်ရဲ့ ရတနာပါ။ ဒါကို ဂျော့က iTunes မှာ ပေါလောပဲလဲစျေးနဲ့ ရောင်းချင်တာက အဓိပ္ပါယ်မရှိပါဘူး" လို့ အန်ဒီလက်ခ်က ဆိုပါတယ်။ ဒါပေမယ့် ၂၀၀၆ မှာတော့ အန်ဒီလက်ခ် Sony BMG ရဲ့ CEO နေရာက ဆင်းပေးလိုက်ရတဲ့အခါ ဂျော့က သူ့အကြံကို ပြန်အကောင်အထည် ဖော်နိုင်ခဲ့ပြီး ဘော့ဒိုင်လန် သီချင်းအားလုံး ၇၇၃ ပုဒ်ပါတဲ့ စုစည်းမှုကို ၁၉၉ ဒေါ်လာနဲ့ iTunes မှာ ရောင်းချခွင့် ရတဲ့အပြင် iPod ရုပ်သံကြော်ငြာမှာ ဘော့ဒိုင်လန်က အခမဲ့ ဝင်သရုပ်ဆောင်ပေးခဲ့ပါ သေးတယ်။

တခြားသူတွေထက် နာမည်ကြီး အနုပညာရှင်တစ်ယောက်ကို ကြော်ငြာရိုက်ဖို့ငှားရင် ဒေါ်လာ သန်းချီပေးရပေမယ့် iPod အတွက်တော့ အနုပညာရှင် တော်တော်များများက အခမဲ့ ကြော်ငြာပေးခဲ့ ကြပါတယ်။ ဒီလို ကြော်ငြာပေးခြင်းအားဖြင့် iPod တင်မကပဲ သူတို့ခွေရောင်းအားပါ တက်လာအောင် ကြော်ငြာလို့ရတာကိုး။ iPod ကိုကြော်ငြာပေးရင် ဘော့ဒိုင်လန်အတွက် လူငယ်ပိုင်း ပရိသတ် အသစ်တွေ အများကြီး ထပ်ရခဲ့တဲ့အပြင် ၁၉၇၉ မှာ Desire ဆိုတဲ့ခွေနဲ့ နံပါတ်တစ်ချိပ်ပြီး နောက်ပိုင်း နှစ်ပေါင်း ၃၀ အတွင်း Billboard ရဲ့ နံပါတ်တစ်နေရာကို ပြန်မရောက်တော့တဲ့ ဘော့ဒိုင်လန်ဟာ iPod ကြော်ငြာထွက်ပြီး တစ်ပတ်အတွင်းမှာ သူ့ရဲ့ နောက်ဆုံးထွက်ထားတဲ့ အယ်လ်ဘမ် Modern Times နဲ့ ဒီဘက်ခေတ် နာမည်ကြီးအဆိုတော်တွေ အားလုံးကို ကျော်ဖြတ်ပြီး Billboard မှာ နံပါတ်တစ် ပြန်ချိပ်နိုင်ခဲ့ပါတယ်။ နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် Billboard ရဲ့ နံပါတ်တစ်နေရာမှာ ပြန်ရောက်လာခြင်းပါ။

**စတိဗ်ဂျော့နဲ့ U2**

U2 အဖွဲ့ရဲ့ အဆိုတော် ဘိုနိုဟာ Apple ရဲ့ မားကတ်တင်းအဖွဲ့ကို သဘောကျခဲ့သူ တစ်ယောက်ဖြစ်ပြီး ဒက်ဘလင်အခြေစိုက် သူ့ရဲ့ U2 ရော့ခ်အဖွဲ့ဟာလည်း ကမ္ဘာကျော်ဂီတအဖွဲ့ တစ်ဖွဲ့အဖြစ် ရပ်တည်နေဆဲလို့ ယုံကြည်ထားသူပါ။ ဒါပေမယ့် ၂၀၀၄ မှာ U2 အဖွဲ့ရဲ့ အယ်လ်ဘမ်အသစ်ကို စီစဥ်နေတဲ့အချိန်မှာတော့ အဖွဲ့ရဲ့ ပုံရိပ်ကို ပြန်ခိုင်မာလာအောင် ကြိုးစားဖို့

လိုလာပြီလို့ သဘောပေါက်လာတဲ့ ဘိုနိုဟာ ဂျော့ဆီကို ဖုန်းလှမ်းဆက်လိုက်ပါတယ်။ ဘိုနိုဟာ ပါလိုအယ်တိုက ဂျော့ရဲ့အိမ်ကို သွားလည်ရင်း တစ်ခါမှ မလုပ်ခဲ့ဖူးတဲ့ ကိစ္စတစ်ခုကို ဂျော့ဆီ ကမ်းလှမ်းလာပါတယ်။ အဲဒါကတော့ ဒေါ်လာ ၂၃ သန်းလောက်ပေးပြီး ငှားတာတောင် ကြော်ငြာရိုက်ဖို့ လက်မခံခဲ့တဲ့ U2 အဖွဲ့က ဂျော့ရဲ့ iPod ကြော်ငြာမှာ အခမဲ့ သရုပ်ဆောင်ပေးမယ်လို့ ကမ်းလှမ်းလိုက်တာပါ။ အယ်လ်ဘမ်အသစ်အတွက် ရေဒီယိုကနေ ကြော်ငြာရတဲ့ ခေတ်ကလည်း ကုန်သွားပြီ မဟုတ်လား။

ဘယ်ကုမ္ပဏီရဲ့ CEO ပဲဖြစ်ဖြစ် U2 အဖွဲ့နဲ့ ကြော်ငြာခွင့်ရမယ်ဆိုရင် အူလျားဖားလျား ထခုန်ကြမှာ ဖြစ်ပေမယ့် ဂျော့ကတော့ သိပ်ထင်ရှားတဲ့ လူတွေကို iPod ကြော်ငြာမှာ မထည့်ချင်ဘူးဆိုပြီး အင်တင်တင်လုပ်နေပါသေးတယ်။ ဒါပေမယ့် နောက်တော့ တစ်ခါမှ စီးပွားရေးကြော်ငြာတွေ ရိုက်ဖို့ လက်မခံခဲ့ဖူးတဲ့ U2 အဖွဲ့ရဲ့ အိုင်ဒီယာကို ဂျော့ လက်ခံလိုက်ပါတယ်။ အကြိမ်ကြိမ် ညှိနှိုင်းကြပြီးတဲ့နောက်မှာ U2 က iPod အတွက် ကြော်ငြာပေးမယ်။ ဂျော့က U2 အဖွဲ့ရဲ့ အယ်လ်ဘမ်အသစ်ကို Billboard အပါအဝင် iTunes စတိုး ဝက်ဘ်ဆိုက်မှာ ပုံစံမျိုးစုံနဲ့ ကြော်ငြာပေးပြီး U2 အဖွဲ့က ကြော်ငြာအဖြစ် သပ်သပ်မယူပဲ U2 သီချင်းတွေနဲ့ တွဲရောင်းမယ့် iPod ရောင်းအားကနေပဲ အမြတ်ခွဲယူဖို့ဆိုတဲ့ အစီအစဉ်ကို ဂျော့က တင်ပြလာပါတယ်။

ဒါပေမယ့် U2 အဖွဲ့ကတော့ ရောင်းရသမျှ iPod အားလုံးရဲ့ အမြတ်ဝေစုကို အနုပညာရှင်ဘက်က ရသင့်တယ်လို့ ယူဆထားပါတယ်။ သူတို့က ကြော်ငြာခလည်း ယူမထားဘူး မဟုတ်လား။ ဒ့ါအပြင် U2 အယ်လ်ဘမ် အတွက် သီးသန့်ရောင်းမယ့် အဖြူရောင်မသုံးပဲ အနက်ရောင်အဖြစ် သီသန့်ထုတ်ပေးဖို့ U2 အဖွဲ့က တောင်းဆိုထားပါတယ်။ ဂျော့ကတော့ ဒီအကြံကို သိပ်မကြိုက်ပေမယ့် နောက်ဆုံးမှာ မဝံ့မရဲနဲ့ သဘောတူပေးခဲ့ပြီး Pod အားလုံးရဲ့ ရောင်းအားကနေ အနုပညာကြေးအဖြစ် ခွဲဝေပေးဖို့ကိုလည်း သဘောတူပေးခဲ့ပါတယ်။ ဒါပေမယ့် ဒီလို သဘောတူညီမှုတွေ မရခင်မှာ ငွေရဖို့အတွက် ဂီတမဟုတ်တဲ့ ဗရုတ်ဗရက်အလုပ်တွေ လုံးဝမလုပ်ဘူးလို့ ချာတိတ်တွေဘဝကတည်းက ခံယူထားကြတဲ့ U2 အဖွဲ့သားတွေဘက်က အစီအစဉ်ကို ပြန်ပယ်ဖျက်ဖို့ စဉ်းစားခဲ့ကြသလို ဂျော့ဘက်ကလည်း iPod ရောင်းအားက အမြတ်ကို U2 ကို ခွဲပေးလိုက်ရင် အကျင့်ဖြစ်သွားပြီး တခြားအနုပညာရှင်တွေကပါ ဒီလို လိုက်တောင်းဆိုနေမှာ စိုးတဲ့အတွက် အစီအစဉ်ကို ရပ်ပစ်ဖို့ ကြံခဲ့ပါသေးတယ်။

ဒါပေမယ့် ကြားထဲက ဂျွန်နီအိုင်ဗ်နဲ့ ဂျိမ်းပင်းဆင့်တို့ ဝင်ညှိနှိုင်းပေးခဲ့တဲ့အတွက် အားလုံး အဆင်ပြေသွားပါတယ်။ ဂျော့က ဆန်ဟိုဆေးက ခန်းမတစ်ခုကို ငှားပြီး U2 အဖွဲ့ရဲ့ အမည်ရောင်း

iPod ကြော်ငြာနဲ့ စထွက်တဲ့ အပတ်မှာပဲ ချပ်ရေ ၈၄၀၀၀၀ ကျော် ရောင်းခဲ့ရပြီး Billboard နံပါတ်တစ် ချိပ်ခဲ့ပါတယ်။ ရော့ခ်အဖွဲ့တွေ အနေနဲ့ ကွန်ပျူတာကုမ္ပဏီတွေနဲ့ လက်တွဲပေါင်းစပ် လိုက်ရင် လူငယ်ပရိသတ်တွေကြားမှာ ဒီဘက်ခေတ်ရဲ့ ဆန်းသစ်တဲ့ ပုံရိပ်မျိုး တည်ဆောက် လာနိုင်မယ် ဆိုတာကိုလည်း မှတ်မှတ်ထင်ထင် ဖြစ်စေခဲ့ပါတယ်။ နောက်ပိုင်းမှာ ဘိုနိုက "စီးပွားရေးအဖွဲ့အစည်းတွေနဲ့ ပက်သက်ရတဲ့ ကိစ္စတိုင်းက ညစ်ပတ်တဲ့ အလုပ်တွေ မဟုတ်ဘူးဆိုတာ သိလာတယ်။ ကြည့်လေဗျာ မကောင်းဘူးလို့ သတ်မှတ်ထားတဲ့ ဒီစီးပွားရေးနယ့်ယ်က လူတွေက ရော့ခ်အဖွဲ့ကကောင်တွေထက်တောင် ဖန်တီးမှုအားကောင်းတဲ့ လူတွေဖြစ်နေသေးတယ်။ ခေါင်းဆောင် အဆိုတော်ကတော့ စတိဗ်ဂျော့ပေါ့။ လျှပ်စစ်ဂစ်တာ ပေါ်ပြီးတဲ့နောက် ဂီတလောကမှာ အလှပဆုံး ပစ္စည်းတစ်ခုကို သူတို့ တီထွင်ခဲ့ကြတယ်။ အဲဒါက iPod ပါပဲ။ စတိဗ်ဂျော့ရဲ့ အနုပညာဟာ အရုပ်ဆိုး အကျည်းတန်မှုကို မောင်းထုတ်ပေးနိုင်တဲ့ အရာတစ်ခုပါပဲ" လို့ ထုတ်ပြောခဲ့ပါတယ်။

၂၀၀၆ မှာ ဘိုနိုက အာဖရိကမှာ AIDS တိုက်ဖျက်ရေး ရန်ပုံငွေအတွက် လုပ်တဲ့ Product Red 'အနီရောင်ထုတ်ကုန်' ဆိုတဲ့ အစီအစဥ်တစ်ခုမှာ ဂျော့ကို ဆွဲခေါ်သွင်းပြန်ပါတယ်။ ဂျော့ဟာ ပရဟိတလုပ်ဖို့ သိပ်စိတ်ဝင်စားလှသူ မဟုတ်ပေမယ့် ဘိုနိုရဲ့ ရန်ပုံငွေအစီအစဥ်အတွက် အထူးအနေနဲ့ အနီရောင် iPod တွေ ထုတ်လုပ်ပေးဖို့ သဘောတူခဲ့ပါတယ်။ ဒါပေမယ့် ရှောရှောရှူရှူနဲ့ သဘောတူခဲ့တာတော့ မဟုတ်ပါဘူး။ အစီအစဥ်အတွက် ညှိနှိုင်းကြရင်း တစ်ယောက်နဲ့တစ်ယောက် ဆဲဆိုတဲ့ အထိတွေ ဖြစ်ပြီးမှ ဂျော့ဘက်က အလျှော့ပေးသွားတာပါ။ "ဂျော့က လွယ်တဲ့လူ မဟုတ်ဘူး။ ဒါပေမယ့် ဒီလို အခိုက်အတန့်မျိုးကပဲ ကျွန်တော်တို့ နှစ်ယောက်ကို ပိုရင်းနှီးသွားစေခဲ့တယ်။ ဒီလို ဆဲမနာ ဆိုမနာ ဆွေးနွေးလို့ရမယ့်လူမျိုး ဘဝမှာ ဘယ်နှစ်ယောက်များ ရှိနိုင်မှာမလို့လဲ" လို့ ဘိုနိုက မှတ်ချက်ချပါတယ်။

## iMac ရဲ့ မျိုးဆက်များ


၁၉၉၈ မှာ iMac ကွန်ပျူတာကို ထုတ်လုပ်ပြီးတဲ့နောက် ၂၀၀၀ ခုနှစ်မှာ ထွက်ခဲ့တဲ့ Power Mac G4 Cube အမျိုးအစားက အခမ်းနား အလှပဆုံး လက်ရာတစ်ခု ဖြစ်ပြီး ထူးခြားတဲ့ သူ့ရဲ့ ဒီဇိုင်းကြောင့် နယူးယောက် ပြတိုက်မှာ ခေတ်ပေါ်အနုပညာ လက်ရာကောင်း တစ်ခုအဖြစ် ရွေးချယ်ပြသခြင်း ခံခဲ့ရပါတယ်။ ရှစ်လက်မအရွယ် မျက်နှာပြင်မှာ ဘာခလုတ်တစ်ခုမှ တပ်မထားတဲ့ ဒီကွန်ပျူတာရဲ့ ဆန်းသစ်ရုပ်ထွေးတဲ့ ဒီဇိုင်းဟာ အနည်းဆုံးဝါဒအပေါ်မှာ အခြေခံတည်ဆောက် ထားပြီး CD ချပ် အထုတ်၊ အထည့်လုပ်တဲ့ အံဆွဲလည်းထည့်မထားပါဘူး။ ဒါပေမယ့်

ဒီဇိုင်းလှပသလောက် စွမ်းအားကလည်း ကောင်းလှပေမယ့် G4 Cube ကွန်ပျူတာဟာ မအောင်မြင်ခဲ့ပါဘူး။ ဂျော့က လူအများစုကြီးအတွက် ရည်ရွယ်ခဲ့ပေမယ့် တစ်ကယ်ထွက်လာတော့ G4 Cube ဟာ အဆင့်မြင့် နည်းပညာသုံး ကွန်ပျူတာတစ်လုံးလို ဖြစ်နေပါတယ်။ တကယ့်ကွန်ပျူတာသမား စစ်စစ်တွေကလည်း သိပ်လှပြီး တန်ဖိုးကြီးတဲ့ G4 Cube ကို စိတ်မဝင်စားခဲ့ကြသလို သာမန်သုံးစွဲသူတွေ အနေနဲ့လည်း ဘာလုပ်ရမှန်း သေချာမသိတဲ့ ပစ္စည်းကြီးကို ပုံမှန်ထက် ဈေးနှစ်ဆပေးပြီး ဘယ်သူမှ မဝယ်ချင်ခဲ့ကြပါဘူး။

G4 Cube ရဲ့ ထင်မထားလောက်အောင် နည်းတဲ့ရောင်းအားနဲ့ ၂၀၀၀ ပြည့်နှစ် စက်တင်ဘာလ လောက်မှာ ဒေါ်လာ ၆၀ အထက်မှာရှိတဲ့ Apple ရဲ့ အစုရှယ်ယာ တန်ဖိုးဟာ ၅၀ ရာခိုင်နှုန်းတိတိ ထိုးကျသွားပြီး ဒီဇင်ဘာလ အရောက်မှာတော့ တစ်ယူနစ် ၁၅ ဒေါ်လာ အောက်ပဲ တန်ကြေးရှိပါတော့တယ်။ ဒီလို အနတ်လက္ခဏာပြတဲ့ ကာလတစ်ချို့ကို ဖြတ်သန်းခဲ့ရပေမယ့်လည်း ဂျော့ကတော့ အိုင်ဒီယာအသစ်တွေနဲ့ ဒီဇိုင်းအဆန်းတွေ ထွင်လို့ ကောင်းတုန်းပါပဲ။ မကြာမီမှာပဲ အင်ဂျင်နီယာတွေရဲ့ အကူအညီနဲ့ ဖလတ်မော်နီတာပါတဲ့ ကွန်ပျူတာတွေကို တီထွင်ပြီး နည်းပညာမူပိုင်ခွင့် အမျိုးပေါင်း များစွာကို မှတ်ပုံတင်နိုင်ခဲ့ပါတယ်။

# အခန်း(၂၁)

## ပုံဖျက်လို့မရတော့တဲ့အရှိတရား



အလုပ်ပင်ပန်းခြင်းနဲ့ ကိုယ်ခံအားစနစ် အားနည်းခြင်းကြောင့် ကင်ဆာဖြစ်စေနိုင်လား ဆိုတာတော့ ဘယ်သူမှ သက်သေမပြနိုင်သေးပါဘူး။ ဒါပေမယ့် ၁၉၉၇ လောက်က စပြီး Apple နဲ့ Pixar ကုမ္ပဏီနှစ်ခုကြားမှာ လူးလာခေါက်တုန့် ပြေးလွှားရင်း မအိပ်မနေ အလုပ်လုပ်ခဲ့တဲ့ ဒဏ်တွေက ဂျော့ရဲ့ ကင်ဆာရောဂါကို တစ်နည်းနည်းနဲ့ အစပျိုးပေးခဲ့တယ်လို့ ယူဆနိုင်ပါတယ်။ မနက် ၇ နာရီကနေ ည ၁၀ နာရီလောက်အထိ အလုပ်ထဲမှာပဲ နေ့စဉ် နှစ်မြုပ်ဖြတ်သန်းရင်း တစ်နေ့မှာ ဂျော့ဟာ ဆီးလမ်းကြောင်း ဆရာဝန်ဆီ သွားပြီး စစ်ဆေးကြည့်ဖို့ ဖြစ်လာတဲ့အခါ ဆီးလမ်းကြောင်း အထူးကုဆရာဝန်က ဂျော့ကို CAT စကန်ရိုက်ပြီး ကျောက်ကပ်နဲ့ ဆီးအိတ်ကို စစ်ဆေးကြည့်ဖို့ ညွှန်ကြားလိုက်ပါတယ်။ CAT ဓါတ်မှန်အဖြေ ရလာတော့ ဂျော့ရဲ့ ကျောက်ကပ်မှာ ဘာမှမဖြစ်ပေမယ့် ပန်ကရိယမှာတော့ အကွက်တစ်ခု တွေ့လာတဲ့အတွက် ပန်ကရိယ စစ်ဆေးမှု ထပ်လုပ်ခိုင်းတော့

ဂျော့က သူ့အကျင့်အတိုင်း စိတ်မဝင်စားသလို လုပ်နေပါတယ်။

ဆရာဝန်က မရမနေ စစ်ခိုင်းလို့ သွားစစ်လိုက်တော့ ပန်ကရိယကင်ဆာ ဖြစ်နေပြီး ဆေးစစ်ပေးတဲ့ ဆရာဝန်တစ်ယောက်ကဆို ဂျော့ကို လပိုင်းပဲ ခံတော့မယ်လို့ သွယ်ဝိုက်အသိပေးခဲ့ပါတယ်။ ဒီသတင်းဆိုးကြီးက အမှန်ပဲ ဆိုပေမယ့် ဂျော့ရဲ့ ကင်ဆာက ပုံမှန်ကင်ဆာတွေလို မဟုတ်ပဲ ကင်ဆာဆဲလ် ပြန့်နှံမှုနှုန်း နှေးကွေးတဲ့ ကင်ဆာအမျိုးအစားဖြစ်ပြီး စနစ်တကျ ကုသပေးရင် အောင်မြင်အောင် ကုသနိုင်ခြေရှိတယ် ဆိုတဲ့အတွက် အနည်းနဲ့အများ အားလုံးကို စိတ်သက်သာရာ ရစေပါတယ်။ ဒီလို စောစောစီးစီး ကြိုသိလိုက်ရတဲ့ အတွက်လည်း ဂျော့ ကံကောင်းတယ်လို့ ဆိုရမှာပါ။

ကင်ဆာဆဲလ်တွေကို တိုက်ဖျက်နိုင်တဲ့ ဇီဝဆေးဝါးတစ်မျိုး ထုတ်လုပ်တဲ့ ကုမ္ပဏီတစ်ခုကိုလည်း ပိုင်ဆိုင်တဲ့ Apple ရဲ့ ဘုတ်အဖွဲ့ဝင် တစ်ဦးဖြစ်တဲ့ အာ့တ်လီဗင်ဆန်နဲ့ Intel ကုမ္ပဏီက အန်ဒီဂရို့ပ်တို့ဟာ ဂျော့ရဲ့ ကင်ဆာရောဂါအတွက် အကြံပေးပုဂ္ဂိုလ်တွေ ဖြစ်လာပါတယ်။ ကင်ဆာရောဂါနဲ့ ပက်သက်ပြီး ဗဟုသုတရှိတဲ့ မိတ်ဆွေအပေါင်းအသင်းတွေရဲ့ အကူအညီကိုလည်း ရတဲ့အပြင် ရောဂါကို စောစောစီးစီး ရှာဖွေသိခဲ့ရတဲ့အတွက် ကင်ဆာတွေ မပြန့်ပွားခင် ခွဲစိတ်ကုသလို့ ရနိုင်သေးတဲ့အတွက် ကံကောင်းတယ်လို့ ပြောလို့ ရနိုင်ပေမယ့် ဂျော့ကတော့ ခွဲစိတ်ကုသမှု ခံယူဖို့ကို ငြင်းဆိုလိုက်ပြီး အားလုံးကို စိတ်ပျက်စေခဲ့ပါတယ်။ ခေတ်မီနည်းနဲ့ ခွဲစိတ်ကုသမှု ခံယူရမယ့်အစား ဂျော့ကတော့ ရိုးရာနည်းတွေ၊ သူ့ဘာသာ အင်တာနက်က ရှာလို့ရတဲ့ နည်းလမ်းတွေ၊ သဘာဝကုထုံးတွေနဲ့ပဲ ကုသနေသလို သက်သက်လွတ်လည်း အစားမပျက်ပါဘူး။

ဂျော့ရဲ့ဇနီး ပါဝဲလ်က ခန္ဓာကိုယ်ဆိုတာ စိတ်ဝိညာဉ်ကို သယ်ဆောင် ထမ်းပိုးဖို့ ရှိနေတဲ့ အရာတစ်ခုပဲဆိုတာ ဂျော့ကို နားလည်အောင် ပြောပြီး ခွဲစိတ်ဖို့ နားချတာကိုလည်း လက်မခံသလို ဂရို့ပ်က ဘာမှန်းမသိတဲ့ ပေါက်ကရဆေးမြီးတိုတွေ၊ ဆေးမြစ်တွေစားပြီး ကိုယ့်ကိုယ်ကို ပြန်ကုဖို့ လုပ်နေတာဟာ ရူးနှမ်းတဲ့ ကိစ္စပဲလို့ တည့်တိုးဝေဖန်ခဲ့ပေမယ့် မရပါဘူး။ ဂရို့ပ်က ဂျော့ကို ဖျောင်းဖျဖို့ နေ့တိုင်းကြိုးစားရင်း အဆင်မပြေတဲ့အတွက် စိတ်ပျက်လာပြီး ဂျော့နဲ့ အတိုက်အခံလုပ် အငြင်းပွားရင်းက အခင်အမင်ပျက်လုနီးပါးထိ ဖြစ်ခဲ့ပါတယ်။ ဂျော့ရဲ့ အဟာရအကြံပေး ဒေါက်တာကလည်း ဂျော့ လုပ်နေတဲ့ နည်းလမ်းတွေက မမှန်ကန်ကြောင်း ရှင်းပြပြီး ခွဲစိတ်ကုသမှု ခံယူဖို့ ဂျော့ကို တိုက်တွန်းခဲ့ပါတယ်။

စိတ်စေစားရာအတိုင်း အမှန်တရားကို ပုံသွင်းလို့ရတယ်ဆိုတဲ့ ခံယူချက်နဲ့ ဘယ်လောက်ပဲ ဆုတံဆိပ်တွေ ရခဲ့ ရခဲ့ ကင်ဆာဆိုတဲ့ ရောဂါဆိုးကတော့ ဒီနည်းနဲ့ အလုပ်မဖြစ်ပါဘူး။ ၂၀၀၄

ဇူလိုင်မှာ CAT ဓါတ်မှန် ထပ်ရိုက်ပြီးတဲ့အချိန်မှာတော့ ကင်ဆာဆဲလ်တွေဟာ ကြီးထွားလာနေပြီး ပြန့်နှံ့နေပြီဆိုတဲ့ အဖြေ ထွက်လာတဲ့အခါမှာတော့ ဂျော့ဟာ အရှိတရားကို လက်ခံ ရင်ဆိုင်လိုက်ရပါတော့တယ်။ ၂၀၀၄ ဇူလိုင် ၃၁ ရက်နေ့မှာ ပထမဆုံးအကြိမ် ခွဲစိတ်ကုသမှု ခံယူခဲ့ပြီး ပန်ကရိယ တစ်ခြမ်းကို ဖယ်ထုတ်လိုက်ရပါတယ်။ ဂျော့ ဆေးရုံတက်နေစဉ်အတွင်း အဆင်ပြေကြောင်း၊ စက်တင်ဘာလောက်မှာ ရုံးပြန်တက်နိုင်ဖို့ မျှော်လင့်ထားကြောင်း အီးမေးလ် လှမ်းပို့ခဲ့ပါတယ်။

ခွဲစိတ်ကုသမှု ပြီးတဲ့နောက်မှာလည်း ဂျော့ဟာ သက်သက်လွတ်စားတာတို့ အစာလုံးဝမစားပဲ ဥပုသ်စောင့်တာတို့ အလုပ်မပျက်တဲ့အတွက် ခွဲစိတ်မှုရဲ့ သာမန်ဘေးထွက်ဆိုးကျိုးလေး ဖြစ်ရမယ့် ကိစ္စက ဂျော့အတွက် ပြဿနာအကြီးကြီးတစ်ခု ဖြစ်လာပါတယ်။ လူ့ရဲ့ ခန္ဓာကိုယ်မှာ ပန်ကရိယဟာ အစာအိမ်ထဲမှာ အစာချေပြီး အဟာရဓာတ်တွေ စုပ်ယူပေးတဲ့ အန်ဇိုင်းလို့ခေါ်တဲ့ အရည်တစ်မျိုးကို ထုတ်လုပ်ပေးပါတယ်။ ပန်ကရိယရဲ့ တစ်ဝက်လောက်ကို ခွဲထုတ်ပစ်လိုက်တဲ့ အခါမှာတော့ ပရိုတင်းဓာတ်တွေ စုပ်ယူနိုင်မှု နည်းသွားတဲ့အတွက် ပန်ကရိယ ခွဲစိတ်ပြီးသား လူနာတွေဆိုရင် နွားနို့၊ အသား၊ ငါး စတဲ့ ပရိုတင်းဓာတ်ပါတဲ့ အစားအစာမျိုးတွေကို များများစားပေးဖို့ လိုအပ်သလောက် ဂျော့ကတော့ ဒီလို အစားအသောက်မျိုးကို လှည့်တောင် မကြည့်ခဲ့ပါဘူး။

ဩဂုတ်လလောက် အတွင်းမှာ ဂျော့ ပြန်ကျန်းမာလာပြီးတဲ့နောက် ၂၀၀၅ ဇွန်လမှာ စတန်းဖို့ဒ်တက္ကသိုလ်မှာ မိန့်ခွန်းတစ်ခု ပြောပေးဖို့ လက်ခံခဲ့ပါတယ်။ ဂျော့ဟာ သူပြောမယ့် မိန့်ခွန်းကို ကိုယ်တိုင်ရေးပြီး မိန့်ခွန်းတစ်ခုမှာ သုံးဖို့ အကောင်းဆုံး အဖွင့်စကားကတော့ “ခင်ဗျားတို့ကို ကျွန်တော် ဇာတ်လမ်းတစ်ပုဒ် ပြောပြချင်တယ်ဗျာ” ဆိုတဲ့ စကားဖြစ်တယ်လို့ လက်ခံထားတဲ့ ဂျော့ဟာ ဒီအဖွင့်စကားနဲ့အတူ သူ့ဘဝရဲ့ ဇာတ်လမ်း သုံးပုဒ်ကို ထည့်ပြောသွားပါတယ်။ ရိဒ်ကောလိပ်ကနေ ထွက်ခဲ့တဲ့အကြောင်း၊ Apple က အထုတ်ခံလိုက်ရတဲ့ အဖြစ်က သူ့အတွက် ပိုကောင်းဖို့ အကြောင်းဖန်လာတယ် ဆိုတဲ့ အကြောင်းနဲ့ ကင်ဆာရောဂါက ပေးတဲ့အသိတရား အကြောင်း ဆိုတဲ့ ပုံပြင် သုံးပုဒ်ပါ။ ကင်ဆာရောဂါအကြောင်း ပြောပြတဲ့အချိန်မှာ ဂျော့က

“ဘဝမှာ ကြီးမားတဲ့ ရွေးချယ်မှုတွေ လုပ်နိုင်ဖို့ ကူညီပေးနိုင်တဲ့ အရေးအပါဆုံး လက်နက်တစ်ခုကို ပထမဆုံး ရလိုက်တဲ့ အချိန်ကတော့ မကြာမီ ငါ သေရတော့မှာပါလားလို့ သတိရသွားတဲ့ အချိန်ပဲ။ ဘာလို့လဲဆိုတော့ သေခြင်းတရာနဲ့ ရင်ဆိုင်လိုက်ရတဲ့ အချိန်မှာ အပေါ်ယံဆန်တဲ့ လိုလားတောင့်တမှုတွေ၊ မာနတွေနဲ့ ရှုံးနိမ့်မှာနဲ့ အရှက်တကွဲဖြစ်မှာကို ကြောက်တဲ့စိတ်တွေ အကုန်လုံး ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ပြီး အမှန်တစ်ကယ်

အရေးကြီးတဲ့ အရာတွေပဲ စိတ်ထဲမှာ ကျန်ပါတော့တယ်။ ကိုယ့်မှာ တစ်စုံတစ်ခု ဆုံးရှုံးစရာ ရှိတယ်လို့ ထင်တတ်တဲ့ အတွေးထောင်ချောက်ကို ရှောင်ရှားနိုင်စေမယ့် အကောင်းဆုံး နည်းလမ်းကတော့ ကိုယ် မကြာခင် သေရမှာပဲ ဆိုတာကို သတိတရနဲ့ ဆင်ခြင်မိတဲ့ နည်းလမ်းပဲ။ ကျွန်တော်တို့ တစ်တွေဟာ နဂိုထဲက ဗလာနတ္ထိပါ။ ဒီတော့ ကိုယ့်နှလုံးသားစေရာနောက်ကို မလိုက်စရာအကြောင်း မရှိပါဘူး” ဆိုတဲ့ မှတ်သားဖွယ်ရာ အကြောင်းတွေကို ပြောပြီး အားလုံးကို အံ့အားသင့်စေခဲ့ပါတယ်။ အနည်းဆုံးဝါဒကို အခြေခံပြီး အနုပညာဆန်ပြသွားတဲ့ အဲဒီနေ့က ဂျော့ရဲ့ မိန့်ခွန်းဟာ ရိုးရှင်းမှု၊ သန့်စင်မှုနဲ့ နှစ်လိုဖွယ်ဖြစ်မှုတွေ အကုန်ပါတဲ့အတွက် ဘယ်နေရာမှာရှာရှာ၊ သူ့ထက်ကောင်းတဲ့ မိန့်ခွန်းမျိုး မရှိနိုင်တော့ဘူးလို့ပဲ ဆိုချင်ပါတယ်။ သူ့ထက် ပိုအရေးပါတဲ့ မိန့်ခွန်းတွေ ရှိကောင်း ရှိနိုင်ပါတယ်။ ဒါပေမယ့် ဒီမိန့်ခွန်းထက် ပိုပြီး လှပကြွယ်ဝတဲ့ မိန့်ခွန်းမျိုးတော့ ရှိနိုင်တော့မယ် မထင်ပါဘူး။

## အသက် ၅၀

အကွေ့အကောက်တွေ၊ အနိမ့်အမြင့်၊ အတက်အကျတွေနဲ့ ပုံပြင်ဆန်တဲ့ ဇာတ်လမ်းမျိုးစုံတွေကို ဖြတ်သန်းပြီး အသက် ၅၀ ဆိုတဲ့ အရွယ်ကို ရောက်လာတဲ့ ဂျော့အတွက် ၅၀ ပြည့်နှစ် မွေးနေ့ကို ဂျော့ရဲ့ဇနီး ပါဝဲလ်က ဂျော့အခင်ဆုံး သူငယ်ချင်းတွေပဲ သီးသန့်ဖိတ်ပြီး အံ့အားသင့်ဖွယ် ပါတီလေးတစ်ခုနဲ့ လှပစေခဲ့ပါတယ်။ တင်မ်ကွတ်ခ်၊ လတ်ဆတ်စတာ၊ စကီလာ၊ ခလိုး၊ ရှုဘင်စတိန်း စတဲ့ လုပ်ဖော်ကိုင်ဖက် အရင်းအချာတွေချည်း တက်ရောက်ခဲ့ပါတယ်။ တင်မ်ကွတ်ခ်ဟာ ဂျော့ ကျန်းမာရေး ဖောက်နေတဲ့ ကာလတွေမှာ Apple ကို အကောင်းဆုံး ထိန်းကျောင်းနိုင်ခဲ့ပြီး ဆုံးဖြတ်၊ စီမံခန့်ခွဲရမယ့် အချိန်မှာ တည်ငြိမ်ပြတ်သားသလောက် စင်ပေါ်တက် နာမည်ကောင်းယူရမယ့် ကိစ္စမျိုးမှာ အမြဲတမ်း လက်ရှောင်ခဲ့တဲ့ တင်မ်ကွတ်ခ်ဟာ ဂျော့ အငြိုငြင်ခံရမယ့်ဘေးက လွတ်ခဲ့ပါတယ်။ ဂျော့ဟာ သူ့လက်အောက်က လူတွေ ညံ့တာကိုလည်း မကြိုက်သလို၊ သိပ်တော်ပြီး စင်ပေါ်တက် မျက်နှာယူနေမှာမျိုးကိုလည်း သိပ်ကြိုက်ပုံမရဘူးမလား။ ဒီအချက်ကို အားလုံးက သိပ်မနှစ်မြို့ကြပေမယ့် တင်မ်ကွတ်ခ်ကတော့ ဂျာနယ်စာမျက်နှာတွေပေါ် အပါခံချင်တဲ့သူ မဟုတ်တဲ့အလျောက် ဒီကိစ္စက သူ့အတွက် ပြဿနာသိပ်မရှိပါဘူး။

တင်မ်ကွတ်ခ်က ဂျော့ရဲ့ သဘာဝကို အခြားသူတွေထက် ပို လိုင်းညှိနိုင်ခဲ့တယ်လို့ ဆိုရပါမယ်။ “စတိပ်အကြောင်း ကျွန်တော် သဘောပေါက်လာတာကတော့ သူ့ရဲ့ နင်ပဲငဆ ပြောတတ် မှတ်ချက်ချတတ်တဲ့ အကျင့်ကို ရိုင်းပြစော်ကားပြီး ရှုတ်ချတဲ့ သဘောလို့ လူတွေမြင်ကြတာ

မှားနေတယ်ဆိုတာပဲ။ ဒါဟာ ဂျော့ရဲ့ စိတ်အားပြင်းပြမှုကို ဖော်ပြတဲ့ နည်းတစ်နည်းလို့ပဲ ကျွန်တော်တော့ သဘောပေါက်တယ်။ ပြီးတော့ ဒီကိစ္စတွေကို ပုဂ္ဂိုလ်ရေးဆန်ဆန်လည်း ကျွန်တော် မမှတ်ယူဘူး” လို့ တင်မ်ကွတ်ခ်က ပြောဘူးပါတယ်။ ဂျော့က တင်မ်ကွတ်ခ်ကို အော်ပရေးတင်းအရာရှိ အကြီးအကဲ (COO) အဖြစ် ခန့်အပ်လိုက်ပြီး မကြာမီမှာပဲ ၁၉၉၇ ကတည်းက ဂျော့နဲ့ လက်တွဲခဲ့ပြီး Apple ရဲ့ ဟာ့ဒ်ဝဲနဲ့ ဆော့ဖ်ဝဲ ပိုလ်ချုပ်တွေဖြစ်တဲ့ ဂျွန်ရူဘင်စတိန်းနဲ့ အေဗီတီမာနီယန်တို့ အလုပ်ထွက်သွားကြတဲ့အခါ Apple အတွက် ကြီးမားတဲ့ ဆုံးရှုံးမှုကြီး ဖြစ်စေပါတယ်။

ရှေးခေတ်ရောမက ဒဏ္ဍာရီတစ်ပုဒ်ရှိပါတယ်။ စစ်ပွဲတိုင်းအောင်နိုင်တဲ့ ရောမစစ်သူကြီးတစ်ဦးဟာ သူ့တပ်သားတွေနဲ့ ရောမမြို့ထဲက လမ်းတွေမှာ လှည့်လည်သွားလာတိုင်း အစေခံတစ်ယောက် သူ့နောက်က လိုက်ပြီး “တစ်နေ့သေမှာ သတိရပါ” လို့ မကြာမကြာ သတိပေးခိုင်းဖို့ တာဝန်ပေး ထားတတ်ပါသတဲ့။ သေမယ့်အကြောင်း သတိပေးနေမှသာ သူရဲကောင်း စစ်သူကြီးအနေနဲ့ မဖွယ်မရာတွေ မလုပ်မိပဲ နှိမ့်ချစရာရှိရင် နှိမ့်ချတတ်အောင်လို့ ဆိုပါတယ်။ ဂျော့ကို ဒီလို သတိပေးနေတာကတော့ သူ့ရဲ့ ဒေါက်တာပါ။ ဒါပေမယ့် ဂျော့ကတော့ ဒီလို သတိပေးနေလို့ မာန်စွယ်ကျိုးမယ်လို့တော့ မထင်ပါနဲ့။ မကြာခင်မှာ သေရတော့မယ် ဆိုတဲ့ အသိက ဂျော့ကို မသေခင် လုပ်စရာရှိတာတွေကို အားကုန်သွန်လုပ်ခဲ့မှ ဖြစ်မယ်ဆိုတဲ့ အတွေးမျိုးပဲ ဝင်စေပြီး ရောဂါက ပြန်သက်သာလာတိုင်း အရင်ကထက် ပိုပြင်းထန်တဲ့ စိတ်ဇောရမ္မက်မျိုးနဲ့ အလုပ်ကို ပြန်ရောက် ရောက်လာတတ်ပါတယ်။

## အခန်း(၂၂)

## iPhone တစ်ခုရဲ့ ရာဇဝင်



၂၀၀၅ အရောက်မှာတော့ iPod ရောင်းအားက မနှစ်ကရောင်းအားထက် လေးဆကျော်အထိ အံ့အားသင့်ဖွယ်ရာ ခုန်တက်ပြီး အလုံးရေ သန်း ၂၀ ကျော် ရောင်းချခဲ့ရပါတယ်။ iPod ဟာ ကုမ္ပဏီရဲ့ အရေးအကြီးဆုံး ထုတ်ကုန်တစ်ခု ဖြစ်လာပြီး ကုမ္ပဏီတစ်ခုလုံး အမြတ်ငွေရဲ့ ၄၅ ရာခိုင်နှုန်းလောက် ရှာဖွေပေးနိုင်တဲ့ ထုတ်ကုန်တစ်ခု ဖြစ်လာတာနဲ့အမျှ Mac ကွန်ပျူတာတုန်းက ရခဲ့တဲ့ နပုံျမှုတွေကို သေးသိမ်သွားစေတဲ့အထိ ဖြစ်လာပါတယ်။ iPod ရဲ့ အံ့မခန်း အောင်မြင်မှုဟာ အမှတ်တမဲ့ကြည့်ရင်တော့ ပျော်စရာလို့ ထင်ရပေမယ့် ကုမ္ပဏီရဲ့ အမြတ်ငွေ တစ်ဝက်လောက် နီးပါးက iPod တစ်ခုထဲမှာပဲ မှီနေရတဲ့ အခြေအနေကို ဂျော့ စိုးရိမ်စပြုလာပါတယ်။ iPod ရောင်းအား တန့်သွားမယ့် အချိန်မှာ အစားထိုးစရာ ထုတ်ကုန် အသစ် တစ်ခုကိုတော့ ဖန်တီးနိုင်ဖို့ စဉ်းစားရတဲ့ အခြေအနေမျိုး ဖြစ်လာတဲ့အခါ ဂျော့က တယ်လီဖုန်းတွေဟာ iPod နေရာမှာ အစားထိုးလာဖွယ်ရာ ရှိတယ်လို့ တွေးမိပါတယ်။ အခုဆိုရင် ဟန်းဖုန်းတွေမှာ ကင်မရာတွေပါ ထည့်လာနိုင်တဲ့အတွက် ကင်မရာဈေးကွက် ပျက်လောက်နီးပါး ဖြစ်သွားပါပြီ။ ဒီသာဓကလည်း ရှိထားတဲ့အတွက်

တယ်လီဖုန်းတွေမှာ iPod လို သီချင်းဖွင့်နိုင်တဲ့ ပစ္စည်းတစ်ခုကိုပါ တွဲထည့်လာကြရင် iPod တွေလည်း ဈေးကွက် ပျောက်သွားနိုင်မယ့် အခြေအနေမှာ ရှိပါတယ်။ ဒီအန္တရာယ်ကို ကြိုကာကွယ်ဖို့ အတွက် သူ့အသွေးအသားထဲမှာ မပါဘူးလို့ ဘီလ်ဂိတ်ရှေ့မှာ ပြောခဲ့ဖူးတဲ့ အလုပ်တစ်ခုကို ဂျော့ မဖြစ်မနေ လုပ်ရပါတော့တယ်။ Motorola ဖုန်းကုမ္ပဏီနဲ့ ချိပ်ဆက် လက်တွဲပြီး ဂျော့လိုချင်တဲ့ iPod နဲ့ ဟန်းဖုန်း နှစ်ခုပေါင်းထားတဲ့ ပစ္စည်းမျိုး အတူတွဲထုတ်ကြဖို့ပါ။ Motorala က ROKR ဆိုတဲ့ iPod ပါတဲ့ ဟန်းဖုန်းမော်ဒယ် တစ်မျိုးကို ဖန်တီးပေးခဲ့ပေမယ့် ကြည့်ရဆိုးသလောက် သုံးရခက်တဲ့ ဒီပစ္စည်းကို Wired မဂ္ဂဇင်းက “ဒါကြီးလား အနာဂတ်အတွက် ဟန်းဖုန်းဆိုတာ” ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးရေးပြီး ဝေဖန်လိုက်ပြီးတဲ့နောက် ဂျော့လည်း တော်တော်စိတ်ပျက်သွားပါတယ်။

Motorola ကုမ္ပဏီကို စိတ်ကုန်လာတဲ့အတွက် ပါတနာစာချုပ်ကို ပြန်လည် ဖျက်သိမ်းပြီး ကိုယ်လုပ်ချင်တဲ့ ဖုန်းကို ကိုယ်တိုင်ပဲ အစအဆုံး တီထွင်ဖို့ ဖြစ်လာပါတယ်။ ၂၀၀၅ ခုနှစ်ရဲ့ ဟန်းဖုန်း အရောင်းအားက အလုံးရေ ၈၂၅ သန်း အထိ ရှိခဲ့တဲ့အတွက် ဂျော့တို့ စိတ်ကူးထားတဲ့ ဟန်းဖုန်းမျိုးသာ အောင်အောင်မြင်မြင်နဲ့ ထုတ်နိုင်ခဲ့မယ်ဆိုရင် ရမယ့် ဆုလာဘ်ကလည်း ကြီးမားမယ့် အနေအထားပါ။ ပထမတော့ iPod မှာ ပါတဲ့အတိုင်း ဘီးလုံးလေး တစ်ခုနဲ့ ကိုယ်ခေါ်ချင်တဲ့ ဖုန်းနံပါတ်ကို ရှာပြီး ခေါ်နိုင်တဲ့ဖုန်းမျိုး စိတ်ကူးထားကြပေမယ့် လက်တွေ့မှာ နံပါတ်တွေကို ဘီးလုံးနဲ့လှည့်ပြီး နှိပ်ဖို့ဆိုတာ တော်တော်သဘာဝမကျတဲ့ ကိစ္စပါ။ နောက်ဆုံးမှာတော့ ကီးဘုတ်တွေမပါပဲ ဖန်သားပြင်ပေါ်မှာ လက်နဲ့ထိပြီး လိုရာခိုင်းလို့ရမယ့် တယ်လီဖုန်းကို ကြိုးစားလုပ်ကြည့်ဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။

iPhone အတွက် တက်ချ်စခရင်ကို ဖန်တီးနေတဲ့ ဂျွန်နီအိုဗ်ဟာ သူလုပ်ထားပြီးသား လက်ရာအကြမ်းကို ဂျော့ဆီ ချက်ချင်းမပြရဲပါဘူး။ အထူးသဖြင့် လူစည်စည် ရှိနေတဲ့ အချိန်မျိုးမှာ လုံးဝမပြဖို့ ဆုံးဖြတ်ထားပါတယ်။ မထင်ရင် မထင်သလို ပြောတတ်တဲ့ ဂျော့ရဲ့ အကြောင်းကို နောကြေနေပြီမလား။ ဂျော့နဲ့ နှစ်ယောက်တည်း ရှိတဲ့အချိန်ရောက်မှ သူ့လက်ရာကို ထုတ်ပြလိုက်တဲ့အခါ ဂျော့က “ဒါဟာ ဒို့အနာဂတ်ပဲ” လို့ ထအော်လိုက်တော့မှ ဂျွန်နီအိုဗ်လည်း သက်ပြင်းချနိုင်ပါတော့တယ်။ iPhone ကို Touch screen နဲ့ ထုတ်ဖို့ ဆုံးဖြတ်လိုက်ရတာဟာ Apple အတွက်တော့ ကုမ္ပဏီတစ်ခုလုံးကို လောင်းကြေးထပ်ပြီးမှ စွန့်စားရတဲ့ အလုပ်ဖြစ်သလို အောင်မြင်ခဲ့ရင်လည်း ကြီးမားတဲ့ ဆုလာဘ်ကြီးတွေ စောင့်ကြိုနေတယ်လို့ ဂျော့က ယူဆထားပါတယ်။ တချို့ ဝန်ထမ်းတွေက iPhone မှာ နံပါတ်ခလုတ်တွေပါ တွဲထည့်ဖို့ တင်ပြကြပေမယ့် ဂျော့က ဗီတိုအာဏာနဲ့ ပယ်ချလိုက်ပါတယ်။

## ဂေါ်ဇီလာမှန်

iPhone အတွက် ဆော့ဖ်ဝဲတွေ စိတ်တိုင်းကျ ပြင်ဆင်ပြီးတဲ့အခါ Touch screen နေရာမှာ ဘာနဲ့သုံးမလဲဆိုတာ စဥ်းစားရပါတယ်။ ပထမတော့ ပလပ်စတစ် စခရင်အဖြစ် လုပ်ဖို့ စဥ်းစားထားကြပေမယ့် နောက်တော့ ဂျော့က မှန်နဲ့ပြောင်းလုပ်ရင် ပိုလှပြီး ပိုခိုင်ခန့်မယ်လို့ ယူဆတဲ့အတွက် မှန်နဲ့ပဲ လုပ်ဖို့ ဆုံးဖြတ်လိုက်ကြပြီး ခိုင်မာပြီး ခြစ်ရာ၊ အစင်းရာတွေကို ခံနိုင်ရည်ရှိမယ့် မှန်အမျိုးအစားကို တွေ့ဖို့ ရှာပုံတော်ဖွင့်ရပါတော့တယ်။ အာရှတိုက်ဟာ မှန်နဲ့ ပက်သက်လာရင် အားကိုးရမယ့် နေရာတစ်ခု ဖြစ်ပေမယ့် သူငယ်ချင်းတစ်ယောက်က မိတ်ဆက်ပေးတဲ့အတွက် နယူးယောက်က မှန်ကုမ္ပဏီတစ်ခုနဲ့ပဲ တွေ့ဖို့ဖြစ်လာပါတယ်။ Corning Glass ဆိုတဲ့ မှန်ကုမ္ပဏီရဲ့ CEO ကတော့ တက်ကြွတဲ့ ဝန်ဒယ်ဝိခ် ဆိုတဲ့ လူငယ်တစ်ဦးပဲ ဖြစ်ပြီး ဂျော့က သူ့ကို Apple ရုံးခန်းမှာ လာတွေ့ဖို့ ဖိတ်ခေါ်လိုက်ပါတယ်။ Corning ကုမ္ပဏီက ၁၉၆၀ ဝန်းကျင်တုန်းက ဓာတုဗေဒပြောင်းလဲမှု ဖြစ်စဥ်တစ်ခုကို စမ်းသပ်ရင်း ဂေါ်ဇီလာမှန်လို့ နာမည်ပေးထားတဲ့ မှန်အမျိုးအစားတွေ ထုတ်နိုင်ဖို့ လမ်းစပွင့်သွားပါတယ်။

ဂေါ်ဇီလာမှန်ဟာ အင်မတန်ခိုင်ခံ့တဲ့ မှန်တစ်မျိုးဖြစ်ပေမယ့် ဈေးကွက်မှာ ဘယ်သူကမှ တောင်းဆိုမှု မရှိတဲ့အတွက် ထပ်မထုတ်တော့ပဲ ရပ်ထားခဲ့ရပါတယ်။ ဒီမှန်အမျိုးအစားက iPhone မှာ သုံးဖို့ သင့်တော်လိမ့်မယ်လို့ ဝန်ဒယ်ဝိခ်က အကြံပေးပေမယ့် ဂျော့က လက်မခံပဲ မှန်ကုမ္ပဏီက CEO ကို သွားပြီး မှန်ဘယ်လို လုပ်ရတယ်ဆိုတာ ပြန်ရှင်းပြနေပါတယ်။ ဝိခ်ကတော့ စိတ်မဆိုးပဲ ဂျော့ကို ကြည့်ပြီး သဘောတောင် ကျနေပါသေးတယ်။ ဝိခ်က "ခင်ဗျားပါးစပ် ခဏပိတ်ပေးပါလား။ ကျွန်တော် ခင်ဗျား မသိတာလေးတွေ သင်ပေးမယ်" လို့ ပြောပြီး ဝှိုက်ဘုတ်ပေါ်မှာ ဓာတုဗေဒသိပ္ပံနဲ့ ပက်သက်တာတွေကို ရှင်းပြလိုက်တော့ ဝိခ်ရဲ့ အပြုအမူကို ဂျော့တစ်ယောက် အံ့အားသင့်သွားပြီး ခြောက်လအတွင်း ဝိခ်လုပ်နိုင်သမျှ ဂေါ်ဇီလာမှန်တွေ အားလုံး ယူမယ်လို့ ပြောလိုက်တဲ့အခါ ဝိခ် ပြန်အံ့သြသွားခဲ့ရပါတယ်။ လောလောဆယ် လုပ်ပြီးသား မှန်တွေမရှိသလို Corning စက်ရုံတွေ အားလုံးမှာလည်း ဒီမှန်အမျိုးအစားတွေ မထုတ်တော့ဘူးလို့ ဝိခ်က ပြောတဲ့အခါ ဂျော့က မပူပါနဲ့ ခင်ဗျားလုပ်နိုင်ပါတယ်လို့ ဆိုပါတယ်။

ဂျော့လိုချင်တဲ့ ပမာဏကို ခြောက်လအတွင်း လုပ်ပေးဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ သဘာဝမကျပဲ မှားယွင်းတဲ့ ယုံကြည်မှုမျိုး ရှိရုံနဲ့ အင်ဂျင်နီယာကဏ္ဍရဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားသွားနိုင်မှာ မဟုတ်တဲ့အကြောင်း ဝိခ်က ဂျော့ကို ရှင်းပြနေပေမယ့် ဂျော့ကတော့ ဝိခ်မျက်နှာ တည့်တည့်ကိုပဲ စိုက်ကြည့်နေပြီး "ရတယ်။ ခင်ဗျားလုပ်နိုင်တယ်။ ခင်ဗျားစိတ်ကိုသာ ဒီထဲ

နှစ်မြှုတ်ထားစမ်းပါ။ ခင်ဗျား လုပ်နိုင်ပါတယ်” လို့ပဲ မမိုတ်မသုန်တဲ့ ယုံကြည်မှုမျိုးနဲ့ ဆက်ပြောနေပါတယ်။ ဝိခ်ဟာ ဂျော့ လိုချင်တဲ့ မှန်ပမာဏကို ခြောက်လအတွင်း တစ်ကယ့်ကို လုပ်နိုင်ခဲ့ပါတယ်။ ဂျော့ရဲ့ စက်ကွင်းထဲကို မိသွားမှတော့ သူကိုယ်တိုင် လုပ်နိုင်မယ်လို့ မထင်ထားတာ တွေကိုလည်း လက်တွေ့ဖြစ်အောင် လုပ်နိုင်သွားပါတယ်။ ဒီလို အချိန်မီ ပြီးအောင်လို့လည်း ဝိခ်ဟာ အကောင်းဆုံး အင်ဂျင်နီယာတွေ၊ သိပ္ပံပညာရှင်တွေကို ခေါ်ပြီး Corning ရဲ့ စက်ရုံတွေ အားလုံးကို ဂေါ်ဇီလာမှန်တွေ ထုတ်ဖို့အတွက် နေ့ဆိုင်း၊ ညဆိုင်း နှစ်ဆိုင်းခွဲပြီး ၂၄ နာရီ မရပ်မနား မောင်းနှင်ခဲ့ရပါတယ်။ iPhone စဖြန့်တဲ့နေ့မှာတော့ ဂျော့ဆီက “ခင်ဗျားသာမပါရင် ကျွန်တော်တို့ ဘာမှ လုပ်နိုင်ခဲ့မှာ မဟုတ်ဘူး” ဆိုတဲ့ မက်ဆေ့ချ်တစ်စောင် ရောက်လာပါတယ်။

iPhone ကို ၂၀၀၇ ဇန်နဝါရီမှာ ဈေးကွက်နဲ့ မိတ်ဆက်ပွဲလုပ်ပေးခဲ့ပြီး ၂၀၀၇ ဇွန်လမှာ ပထမဆုံး စတင်ဖြန့်ချိနိုင်ခဲ့ပါတယ်။ iPhone ရဲ့ ရောင်းဈေးကတော့ ဒေါ်လာ ၅၀၀ ပါ။ ဒီနှုန်းဟာ ဈေးကြီးလွန်းတဲ့ အတွက် အောင်မြင်မှာ မဟုတ်ဘူးလို့ Apple ရဲ့ ပြိုင်ဘက်ကုမ္ပဏီတွေက ဟောကိန်းထုတ်ခဲ့ကြပြီး မိုက်ခရိုဆော့ဖ် ကုမ္ပဏီက စတီဗ်ဘောလ်မာ ကလည်း “iPhone အလုံးရေပေါင်း သန်း ၉၀ ကျော် ရောင်းချထားနိုင်ခဲ့ပြီး ကမ္ဘာ့ဟန်းဆက် လောကတစ်ခုလုံးမှာ ရနေတဲ့ အမြတ်ငွေအားလုံးရဲ့ တစ်ဝက်ကျော်ဟာ Apple ရဲ့ အမြတ်ငွေတွေ ဖြစ်ခဲ့ပါတယ်။

## ကင်ဆာရဲ့ ဒုတိယအကြိမ် ထိုးနှက်မှု

၂၀၀၈ လောက်မှာတော့ ဂျော့ရဲ့ ကင်ဆာရောဂါဟာ ပြန့်နှံ့နေပြီ ဆိုတာ ဂျော့ရဲ့ ဆရာဝန်တွေသာမက ဂျော့ ကိုယ်တိုင်လည်း လက်ခံလာရပါတယ်။ ဂျော့ဟာ အစားအစာလည်း မစားတော့သလောက် ဖြစ်လာတဲ့ အတွက် မယုံနိုင်လောက်အောင် ကိုယ်အလေးချိန်တွေ လျော့ကျသွားတဲ့အပြင် အသားအရေတွေပါ ကွဲအက်၊ ခြောက်ခန်းလာပါတယ်။ ဂျော့ဟာ သူ့ရောဂါရဲ့ အခြေအနေအမှန်ကို အပြင်လူတွေကို ပေးမသိစေပဲ လျှို့ဝှက်ထားပေမယ့် ကိုယ်အလေးချိန် သိသိသာသာ လျော့ကျလာတာကို အားလုံးက သတိထားမိတဲ့အတွက် Apple ရဲ့ ရှယ်ယာ ဈေးနှုန်းတွေဟာ ၁၈၈ ဒေါ်လာကနေ တဖြည်းဖြည်း လျော့ကျလာပြီး ၂၀၀၈ ဇွန်လ အရောက်မှာ ၁၅၆ ဒေါ်လာ ဖြစ်သွားပါတယ်။ ဂျော့ဟာ သူ့ရဲ့ အခြေအနေအမှန်ကို အများပြည်သူရှေ့မှာ ဘယ်လိုပဲ ဖုံးကွယ်ဖို့ ကြိုးစား ကြိုးစား ပိန်ချုံးလာတဲ့ ဂျော့ရဲ့ ခန္ဓာကိုယ်က အဖြေမှန်ကို ဖော်ပြပေးနေတဲ့ အတွက် ၂၀၀၈ အောက်တိုဘာမှာ Apple ရဲ့ ရှယ်ယာဈေးနှုန်းက ၉၇ ဒေါ်လာပဲ ရှိပါတော့တယ်။

ဂျော့ဟာ နောက်ထပ် ဆေးကုသမှု တစ်ကြိမ် ခံယူထားပေမယ့် မသက်သာတဲ့အတွက်

ဆွစ်ဇာလန်မှာ သွားပြီး ရေဒီယိုကုထုံးနဲ့ စမ်းသပ် ကုကြည့်ခဲ့ပါတယ်။ ဒါပေမယ့် ဘာမှ မထူးခြားလာတဲ့အတွက် ရှေ့နေတွေနဲ့ တိုင်ပင်ပြီး Apple ကနေ လရှည် ဆေးခွင့်ယူလိုက်ရပါတယ်။ ဆေးခွင့်ယူမယ့် အကြောင်းကို ၂၀၀၉ ဇန်နဝါရီ ၁၄ ရက်နေ့မှာ ကြေညာခဲ့ပြီး ဂျော့ရဲ့ တာဝန်တွေကို တင်မ်ကွတ်ခ်က ဒုတိယအကြိမ် လွှဲပြောင်းယူလိုက်ပါတယ်။ ဂျော့ကတော့ CEO အဖြစ် အဓိက ဆုံးဖြတ်ချက်တွေ ချတဲ့နေရာမှာ ဆက်ရှိနေမှာ ဖြစ်ပြီး ဇွန်လလောက်မှာ Apple ကို ပြန်လာနိုင်မယ်လို့ မှန်းထားပါတယ်။

တစ်ချိန်တည်းမှာပဲ ဂျော့ဟာ အသည်းအစားထိုး ကုသရမယ့် အခြေအနေ ဖြစ်လာပါတယ်။ ဒီလို အလုပ်မျိုးက ဂျော့ မနှစ်မြို့တတ်တဲ့ အလုပ်ထဲမှာ ပါပေမယ့် စတန်းဖို့ဒ်တက္ကသိုလ်ရဲ့ သုတေသနအကြီးအကဲ ဂျော့ချ်ဖစ်ရှာရဲ့ ထက်သန်တဲ့ တိုက်တွန်းမှုတွေကြောင့် နောက်ဆုံးမှာ ဂျော့က အသည်းအစားထိုး ကုသဖို့ လက်ခံလိုက်ပါတယ်။ ဒါပေမယ့် အသည်းအစားထိုး ကုသဖို့ဆိုတာ လွယ်တဲ့ကိစ္စတော့ မဟုတ်ပါဘူး။ ဂျော့နဲ့ သွေးအမျိုးအစားတူတဲ့ အသည်းအလှူရှင်တစ်ယောက် ရဖို့ ဆိုတာကလည်း မလွယ်လှသလို အမေရိကရဲ့ ကိုယ်တွင်းအင်္ဂါ အစားထိုးကုသရေးဆိုင်ရာ ဌာနမှာလည်း နာမည်ကြီး လူချမ်းသာတွေကို ဦးစားပေးတဲ့ ပေါ်လစီ မရှိတဲ့အတွက် ဂျော့လည်း သူများတွေလို တန်းစီစောင့်ရဖို့ပဲ ရှိပါတယ်။ အသည်းအစားထိုး ကုသမှုခံယူဖို့ ဂျော့ စောင့်နေရတဲ့ ကာလတွေမှာ ဇနီးဖြစ်သူ ပါဝဲလ်က အသည်းအစားထိုး အလှူရှင် ဝက်ဘ်ဆိုက်တွေကို ညတိုင်း မွှေနှောက် ရှာဖွေပြီး ဂျော့အတွက် အလားအလာရှိတဲ့ အလှူရှင်စာရင်းကို ရှာဖွေခဲ့ပြီး ၂၀၀၉ ဇွန်လ မတိုင်မီ အကောင်အထည်ဖော်နိုင်မယ့် အလားအလာ မတွေ့ရပါဘူး။ ဂျော့ရဲ့ အသည်းဟာ ဧပြီလလောက်အထိပဲ မပျက်စီးအောင် ထိန်းထားလို့ ရနိုင်မယ်လို့ အဖြေထုတ်ထားတဲ့ အတွက် ဧပြီမတိုင်မီ ခွဲစိတ်နိုင်မှသာ ဂျော့ အသက်ဆက်ရှင်နိုင်မယ့် အခြေအနေပါ။

၂၀၀၉ မတ်လ ၂၁ ရက်နေ့မှာ အသက် ၂၀ ကျော်အရွယ် လူငယ်တစ်ယောက် ကားတိုက်ပြီး ဆုံးသွားပါတယ်။ သူ့ရဲ့ ကျောက်ကပ်နဲ့ အသည်းကတော့ မပျက်စီးပဲ ကျန်ခဲ့တဲ့အတွက် ဂျော့လိုအပ်နေတဲ့ အသည်းကို သတ်မှတ်ကာလထက် စောပြီး အစားထိုးကုသခွင့် ရသွားပါတယ်။ နောက်နေ့မနက်မှာပဲ လိုအပ်တဲ့ စာရွက်စာတမ်းတွေ ဖြည့်ပြီး အောင်မြင်တဲ့ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို လုပ်နိုင်ခဲ့ပါတယ်။ ဒီခွဲစိတ်ကုသမှုက အောင်မြင်ခဲ့တယ် ဆိုပေမယ့် ခွဲစိတ်ထုတ်ထားတဲ့ ဂျော့ရဲ့ အသည်းမှာ အစက်အပြောက် အချို့ကို တွေ့ခဲ့ရတဲ့အတွက် ကင်ဆာဟာ အသည်းကနေ တခြားနေရာကိုပါ ကူးစက်သွားပြီဆိုတဲ့ လက္ခဏာကို တွေ့ခဲ့ရတဲ့အတွက် ရာနှုန်းပြည့်တော့ စိတ်မချရသေးပါဘူး။

ဒီအတွက် ရက်အနည်းငယ် အတွင်းမှာပဲ နောက်တစ်ကြိမ် ခွဲစိတ်ကုသမှု ခံယူခဲ့ရပြီး ဒီတစ်ကြိမ်မှာတော့ ဂျော့ သေမလို ဖြစ်သွားပါတယ်။ အားလုံးကလည်း ဂျော့ကို သေလူလို့ တွက်လိုက်ကြပြီး ဂျော့ သားသမီးတွေ အကုန်လုံးကို သီးသန့်လေယာဉ် လွှတ်ပြီး ခေါ်ခိုင်းလိုက် ပေမယ့် ဂျော့ကတော့ သေဘေးကနေ ရုန်းထွက်နိုင်ခဲ့ပါတယ်။ သေလုမျောပါးဖြစ်ပြီး သတိ မရတစ်ချက်၊ ရတစ်ချက် ဖြစ်နေတဲ့ အခြေအနေမျိုးမှာတောင် ဂျော့ရဲ့ စရိုက်တွေက ပြောင်းလဲ မသွားပါဘူး။ တစ်ရက်မှာ ဂျော့ကို စိတ်ငြိမ်ဆေး ပေးထားပြီး အောက်ဆီဂျင် မျက်နှာဖုံးတပ် ပေးဖို့ ဆရာဝန်တွေက လုပ်တာကို လက်မခံပဲ မျက်နှာဖုံးဒီဇိုင်းက စိတ်ပျက်စရာကြီး ဆိုပြီး အတပ်မခံပါဘူး။ စကားတောင် ကောင်းကောင်း မပြောနိုင်ပေမယ့် ဂျော့က ဆရာဝန်တွေကို မျက်နှာဖုံးဒီဇိုင်း ငါးမျိုး ယူလာခဲ့ဖို့နဲ့ အဲဒီအထဲကမှ သူကြိုက်တဲ့တစ်ခု ရွေးပြီးတပ်မယ်လို့ ပြောလိုက်တော့ ဆရာဝန်တွေ ကလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အူကြောင်ကြောင် ဖြစ်ကုန်ပါတယ်။

ဒ့ါအပြင် လက်ချောင်းထိပ်မှာ ညှပ်ရတဲ့ အောက်ဆီဂျင် မော်နီတာလေးကိုလည်း ကြည့်ရဆိုး သလောက် သုံးရခက်တဲ့ ပစ္စည်းတစ်ခုလို့ မြည်တွန်တောက်တီး နေတတ်ပြီး ဒီထက်ပိုရိုးရှင်းတဲ့ ဒီဇိုင်းကို ဘယ်လိုလုပ်ရမလဲ ဆိုတာကို အကြံပေးချင် ပေးနေတတ်ပါတယ်။ သေဘေးက လွတ်မြောက်ပြီး ပြန်ကျန်းမာလာတဲ့ အခါမှာတော့ အရင်ကထက် ပိုပျော့ပြောင်း ကြင်နာတဲ့ စိတ်မျိုးနဲ့များ အလုပ်ခွင်ကို ပြန်ရောက်လာမလားလို့ အားလုံးက မျှော်လင့်ထားကြပေမယ့် ဂျော့ရဲ့ စရိုက်ကတော့ နည်းနည်းမှ ပြောင်းမသွားပါဘူး။ ဂျော့ ဆေးခွင့်ယူဖို့ ကြေငြာတဲ့နေ့က တစ်ယူနစ် ၈၂ ဒေါ်လာအထိ ကျသွားတဲ့ Apple ရဲ့ ရှယ်ယာတန်ဖိုးက ဂျော့ ပြန်ရောက်လာတဲ့နေ့မှာ တစ်ယူနစ် ၁၄၀ ဒေါ်လာ ဖြစ်သွားပါတယ်။

## iPad အား မွေးဖွားခြင်း

၂၀၀၂ လောက်ကတည်းက မိုက်ခရိုဆော့ဖ်က အင်ဂျင်နီယာတစ်ယောက်က သူတို့ဟာ တက်ဘလက် ကွန်ပျူတာလို့ခေါ်တဲ့ တုတ်ချောင်းလို အတံမျိုးနဲ့ ထိပြီး သုံးလို့ရတဲ့ အလွန်ပါးလွှာတဲ့ ကွန်ပျူတာမျိုးဆက်သစ် တစ်မျိုးကို ဖန်တီးနေပြီး ဒီကွန်ပျူတာသာ ထွက်လာလို့ကတော့ ကမ္ဘာကြီးတစ်ခုလုံးကို ကိုင်လှုပ်ပစ်လိမ့်မယ် ဆိုပြီး ကြွားနေတာကို ဂျော့က အတော်မြင်ပြင်းကပ် နေပါတယ်။ မကြာခင်မှာပဲ တက်ဘလက် နည်းပညာသုံးထားတဲ့ ကွန်ပျူတာတွေ ပေါ်ထွက်လာ ခဲ့ပေမယ့် ကမ္ဘာကြီးကိုတော့ ကိုင်မလှုပ်နိုင်ခဲ့ပါဘူး။ တက်ဘလက် ကွန်ပျူတာကို ဘယ်လိုလုပ်ရလဲ ဆိုတာ သိသွားအောင် အစွမ်းပြချင်နေပေမယ့် ဂျော့က iPhone ဘက်မှာပဲ အရင်အာရုံစိုက်ထားခဲ့ပြီး တက်ဘလက် နည်းပညာဘက်ကို ဦးမလှည့်သေးပဲ ချန်ထားခဲ့ပါတယ်။

၂၀၀၃ မေလ အရောက်မှာ ဂျော့က သူ့ရဲ့ လက်ရွေးစင် ဝန်ထမ်းတွေနဲ့ လုပ်တဲ့ အစည်းအဝေး တိုင်းမှာ တက်ဘလက် ကွန်ပျူတာကို အနာဂတ်အတွက် ထုတ်ကုန်ပစ္စည်းတစ်ခုအဖြစ် ဆွေးနွေးနေခဲ့ပြီဖြစ်ပေမယ့် မီဒီယာတွေမှာတော့ တက်ဘလက်ကွန်ပျူတာတွေ ထုတ်ဖို့ အစီအစဥ်မရှိဘူးလို့ ငြင်းမြဲ ငြင်းနေခဲ့ပါတယ်။ တက်ဘလက် ကွန်ပျူတာ ဆိုတာ တခြားကွန်ပျူတာ တွေ အမျိုးမျိုးရှိထားပြီး သူဌေးတွေပဲ ဝယ်သုံးတဲ့ ဇိမ်ခံပစ္စည်းတစ်ခုလို့ ပြောခဲ့ဖူးတဲ့ ဂျော့ဟာ ၂၀၀၇ လောက် အရောက်မှာ ဈေးပေါပေါနဲ့ လူတိုင်းဝယ်နိုင်မယ့် တက်ဘလက် ကွန်ပျူတာတွေ ထုတ်လုပ်ဖို့ စီမံကိန်းကို စတင်ခဲ့ပါတယ်။ အင်ဂျင်နီယာ ဂျွန်နီအိဗ်က ဆိုဒ်စုံ အမျိုး ၂၀ လောက်ရှိတဲ့ တက်ဘလက်တွေကို ယူလာပြပြီး ဂျော့က နေ့ခင်းဘက် အားတဲ့အချိန်ရောက်တိုင်း တက်ဘလက် အရွယ်အစားမျိုးစုံကို စမ်းသုံးကြည့်ပါတယ်။

ထုံးစံအတိုင်း iPad နဲ့ ပက်သက်ပြီး ဂျော့ အဓိက တွန်းအားပေးတဲ့ အချက်ကတော့ ဒီဇိုင်း၊ အသွင်အပြင်နဲ့ လုပ်ဆောင်နိုင်မှုတွေအားလုံးဟာ တတ်နိုင်သမျှ ရိုးရှင်းလွယ်ကူပြီး ရင်းနှီးဖွယ်ရာ အသွင်အပြင် ပေါက်ဖို့ပါပဲ။ ၂၀၁၀ ဇန်နဝါရီ ၂၇ မှာ iPad ကို ဈေးကွက် မိတ်ဆက်ပွဲလုပ်တော့ စိတ်လှုပ်ရှားဖွယ်ရာတွေ၊ ချီးမွမ်းသံတွေနဲ့ ပြည့်နှက်နေပြီး ဂျော့ပုံကို မျက်နှာဖုံးတင်ထားတဲ့ အီကော်နောမစ်စာစောင်မှာ iPad ကို "ဘုရားသခင်ရဲ့ တက်ဘလက်" လို့ တင်စားထားပါတယ်။ ဒီလို သမိုင်းတွင်မယ့် အခမ်းအနားမှာ ဂျော့က သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်ဟောင်း တော်တော်များများကို သီးသန့် ဖိတ်ကြားခဲ့ပါတယ်။ iPad ဟာ လက်ပ်တော့ပ် တစ်လုံးထက် များစွာ ပိုရင်းနှီးတဲ့ ပစ္စည်းတစ်ခုဆိုတာ အမှန်ပါ။

ဒါပေမယ့် iPad အတွက် ကနဦး တုံ့ပြန်မှုတွေကတော့ ထင်သလောက် အားရစရာ မဖြစ်ခဲ့ပါဘူး။ လောလောဆယ် iPad ကို ဝယ်လို့မရသေးတဲ့အပြင် (ဧပြီလ ရောက်မှ တစ်ကယ် စရောင်းပါတယ်)။ ဂျော့ရဲ့ သရုပ်ပြရှင်းလင်းပွဲကို ကြည့်ခဲ့ရသူ တော်တော်များများကလည်း iPad ဟာ ဘယ်လို ပစ္စည်းမျိုးလည်းဆိုတာ ကောင်းကောင်း မသိသေးပါဘူး။ နောက်နေ့ညမှာတော့ ဂျော့ဟာ သူ့မီဖိုခန်းထဲမှာ ထိုင်ပြီး iPhone နဲ့ အင်တာနက်ကြည့်ရင်း အီးမေးလ်စစ်နေပါတယ်။ ဂျော့ဆီကို အီးမေးလ် အစောင် ၈၀၀ လောက် တစ်ညတည်းနဲ့ ရောက်လာပြီး အားလုံးကလည်း iPad ကို ဝေဖန်တဲ့ စာတွေဖြစ်နေပါတယ်။ iPad မှာ USB ထိုးလို့ရတဲ့ အပေါက်မပါတာ၊ ကင်မရာမပါတာ၊ ဖလက်ရှ်မပါတာ စုံနေတာပါပဲ။ ဝေဖန်စာတစ်စောင်ထဲမှာ ဆိုရင် "ချီးပဲ။ ဘယ်လိုများ ဒါကြီးကို ထွင်လိုက်လဲ မသိဘူး" လို့ ရေးထားပါတယ်။ ဂျော့က ဝေဖန်တဲ့ အီးမေးလ်တွေကို အကြောင်းပြန်လေ့ မရှိပေမယ့် ဒီအီးမေးလ်ကိုတော့ "မင်း အမေက မင်းပုံစံကိုကြည့်ပြီး တော်တော်ဂုဏ်ယူနေမှာပဲ" လို့

ပြန်ရေးပေးလိုက်ပါတယ်။ ဘာပဲပြောပြော အဲဒီနေ့ တစ်ညလုံးမှာ ဂျော့ တော်တော် စိတ်ဓာတ်ကျ သွားပါတယ်။

ပြေီမှာ iPad ကို စရောင်းတဲ့ အခါမှာတော့ လူတွေရဲ့ ပူညံ့ပူညံ အသံတွေပျောက်သွားပြီး အားလုံးရဲ့ လက်ထဲမှာ iPad ရောက်လို့နေပါတယ်။ တိုင်းမ်နဲ့ နယူးစ်ဝိခ် မဂ္ဂဇင်း နှစ်ခုလုံးကလည်း iPad အကြောင်းကို မျက်နှာဖုံးတင်ပြီး ဆောင်းပါးတွေ ရေးသားခဲ့ကြပါတယ်။ နယူးစ်ဝိခ်ရဲ့ ဆောင်းပါးရှင် ဒန်နီယယ် လိုင်ယွန်က "ဂျော့က ကျွန်တော်တို့ လိုအပ်တယ်လို့ သိမထားတဲ့ အရာတွေကို အကောင်းဆုံး ပြင်ဆင်ဖန်တီးပေးနိုင်တဲ့ အစွမ်းရှိပြီး သူ အဲလို ဖန်တီးပြီးတဲ့နောက်မှာတော့ အဲဒါ မရှိပဲ ကျွန်တော်တို့ မနေတတ်တော့ဘူး" လို့ ရေးထားပါတယ်။ iPad စရောင်းတဲ့ ဧပြီ ၅ ရက်နေ့ရဲ့ နေ့လည်ခင်းမှာ ဂျော့ဟာ ငယ်ငယ်တုန်းက ဆေးအတူတူချခဲ့ပြီး Apple စထောင်တဲ့ ကာလတွေမှာ အတူတူရှိခဲ့တဲ့ သူငယ်ချင်းဖြစ်သူ ဒန်နီယယ်ကော့တ်ကီ နဲ့အတူ ပါလိုအယ်တိုက Apple အရောင်းပြခန်းကို သွားကြည့်ခဲ့ကြပါတယ်။ ဒန်နီယယ်ကော့တ်ကီက Apple တည်ထောင်သူ တစ်ယောက်ထဲမှာ ပါတဲ့အတွက် ရှယ်ယာဝေစုပေးဖို့ တောင်းတဲ့ ကိစ္စနဲ့ပက်သက်ပြီး ဂျော့နဲ့ ကတောက်ကဆဖြစ်ပြီး လမ်းခွဲခဲ့ရပေမယ့် ၁၅ နှစ်ကျော် ကြာပြီးတဲ့ အခုအချိန်မှာတော့ ဒီကိစ္စတွေကို မေ့ပျောက်ပစ်လိုက်ပါပြီ။ ဂျော့ရဲ့ သူငယ်ချင်း ဝေါ့ဇ်နီယက်ခ် တစ်ယောက်လည်း Apple စတိုးဆိုင်ရဲ့ ရှေ့မှာ တစ်ညလုံး သွားတန်းစီစောင့်ပြီး iPad စရောင်းမယ့် အချိန်ကို စောင့်နေခဲ့ပါတယ်။

Forbes.com ဝက်ဘ်ဆိုက်မှာ ရေးထားတဲ့ မိုက်ကယ်နိုရာရဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ဂျော့ တော်တော်သဘောကျသွားပါတယ်။ မိုက်ကယ်နိုရာက မက္ကစီကို ကျေးလက်က နွားခြံတစ်ခုထဲမှာ ထိုင်နေရင်း iPad ကိုသုံးပြီး သိပ္ပံဝတ္ထုဇာတ်လမ်း တစ်ပုဒ်ကို ဖတ်နေတဲ့အချိန်မှာ နွားတင်းကုပ် သန့်ရှင်းရေးလုပ်တဲ့ ခြောက်နှစ်အရွယ် ချာတိတ်တစ်ယောက် ရောက်လာပြီး iPad ကို စိတ်ဝင်တစားနဲ့ ကြည့်နေပါတယ်။ ဒါနဲ့ နိုရာက iPad ကို ကောင်လေးလက်ထဲ ထည့်ပေးလိုက်တော့ ကွန်ပျူတာတောင် တစ်ခါမှ မမြင်ဘူးသေးတဲ့ ချာတိတ်က သင်ပေးစရာမလိုပဲနဲ့ iPad ကို သူ့ဘာသာ စသုံးပါတော့တယ်။ စခရင်ကို ပြောင်းပြီး Application အသစ်တွေထဲဝင်ပြီး ပင်ဘောလ်ဂိမ်းကို ကစားနေတာကို တွေ့လိုက်ရတော့ နိုရာက အံ့ဩသွားပြီး "စတိဗ်ဂျော့က ခြောက်နှစ်အရွယ် ကလေးတစ်ယောက်တောင် သင်ပေးစရာမလိုပဲ သုံးနိုင်တဲ့ စွမ်းအားကောင်းတဲ့ ကွန်ပျူတာတစ်မျိုးကို တီထွင်ထားပါတယ်။ ဒါကိုမှ မှော်ဆန်တဲ့ ကိစ္စလို့ မခေါ်ဘူးဆိုရင် ဘယ်လိုပြောရမလဲ ကျွန်တော်လည်း မသိတော့ဘူး" လို့ ရေးထားပါတယ်။

တစ်လမပြည့်ခင် အတွင်းမှာ iPad အခုရေ တစ်သန်းပြည့်အောင် ရောင်းချနိုင်ခဲ့ပြီး ၉ လကျော်ကြာတဲ့ ၂၀၁၁ မတ်လ အရောက်မှာတော့ iPad အချပ်ရေ ၁၅ သန်းကျော်ထိ စံချိန်တင် ရောင်းချခဲ့ရတာ ကုန်ပစ္စည်းအားလုံးရဲ့ သမိုင်းတလျှောက်လုံးမှာ အအောင်မြင်ဆုံး ထုတ်ကုန်တစ်ခု ဖြစ်လာပါတယ်။ iPad အတွက် ဆော့ဖ်ဝဲတွေကို ပြင်ပကုမ္ပဏီတွေကိုလည်း ရေးဆွဲခွင့်ပြုခဲ့ပြီး ၅ လအတွင်းမှာ အပြင်ကုမ္ပဏီတွေက ရေးဆွဲခဲ့တဲ့ ဆော့ဖ်ဝဲပေါင်း ၂၅၀၀၀ ကျော် ရှိလာပါတယ်။ ဒါပေမယ့် iPad အတွက် ဆော့ဖ်ဝဲရေးမယ့် အပြင်ကုမ္ပဏီတွေအနေနဲ့ ဆော့ဖ်ဝဲကို ဈေးကွက်မတင်ခင် Apple ရဲ့ စစ်ဆေးမှု အရင်ခံယူဖို့လိုပြီး iTunes စတိုးမှာပဲ ရောင်းချခွင့်ရမှာ ဖြစ်ပါတယ်။ ၂၀၁၁ ဇူလိုင် အရောက်မှာတော့ iPad နဲ့ iPhone နှစ်ခုလုံးမှာ သုံးလို့ရတဲ့ ဆော့ဖ်ဝဲပေါင်း ၅၀၀၀၀၀ ကျော်ရှိပြီး iTunes စတိုးမှာ အကြိမ် ၁၅ ဘီလီယံကျော် Download ဆွဲ ဝယ်ယူခဲ့ကြပါတယ်။

Apple ရဲ့ အွန်လိုင်းစတိုးတွေက တစ်ညတည်းနဲ့ နည်းပညာလောကတစ်ခုကို တည်ထောင်ခဲ့တယ်လို့ ဆိုရပါမယ်။ မီဒီယာကုမ္ပဏီကြီးတွေ အပါအဝင် စွန့်ဦးတီထွင်သူ နည်းပညာသမားများစွာက ရုံးခန်း၊ ကားဂိုဒေါင် စတဲ့ နေရာမျိုးစုံက iPad အတွက် Application မျိုးစုံကို တီထွင်ခဲ့ကြပါတယ်။ ပက်ဘလစ်ရှာ များစွာကလည်း iPad တစ်ခုထဲ အကြောင်းကိုပဲရေးတဲ့ စာအုပ်တွေ၊ သုံးစွဲနည်းလမ်းညွှန်တွေနဲ့ မဂ္ဂဇင်းတွေတောင် ထုတ်ခဲ့ကြပြီး၊ iPad ဟာ ဒစ်ဂျစ်တယ်လောကရဲ့ အခြေခံအုတ်မြစ်ကို အပြောင်းအလဲ ဖြစ်စေခဲ့တယ်ဆိုတာ သက်သေပြခဲ့ပါတယ်။ iPod ထုတ်တုန်းက ဂီတလောက တစ်ခုလုံးကို ပြောင်းလဲစေခဲ့ပြီး iPad နဲ့ Apple အွန်လိုင်းစတိုးတွေက ဂျာနယ်၊ မဂ္ဂဇင်းအပါအဝင် ရုပ်မြင်သံကြား စတဲ့ ပတ်ပလစ်ရှင်း မီဒီယာလောက တစ်ခုလုံးကို ပြောင်းလဲစေခဲ့ပါတယ်။

ကွန်ပျူတာဖားရှင်း လုပ်ထားတဲ့ စာအုပ်တွေ ရောင်းချဖို့ Apple က iBook Store တွေ ဖွင့်ခဲ့ပြီး Apple က ၃၀% အမြတ်ယူပြီး စာအုပ်တိုက်တွေက စာအုပ်မျိုးစုံကို ရောင်းချစေခဲ့ပါတယ်။ ဝေါလ်စထရိဂျာနယ်၊ နယူးယောက်ပို့စ်သတင်းစာ၊ ဖောက်စ်စတူဒီယို၊ ဖောက်စ်သတင်းရုပ်သံလိုင်း အပါအဝင် ကမ္ဘာပေါ်က သတင်းစာလုပ်ငန်း တော်တော်များများ ပိုင်ဆိုင်တဲ့ ရူးပွတ်မားဒေါ့က iPad တစ်ခုတည်းအတွက် ရည်ရွယ်ပြီး အွန်လိုင်းသီးသန့် ဂျာနယ်တစ်စောင်ဖြစ်တဲ့ The Daily ဂျာနယ်ကို စီစဉ်ခဲ့သေးပေမယ့် ထင်သလောက် မအောင်မြင်ခဲ့ပါဘူး။ ဒါပေမယ့် မားဒေါ့နဲ့ ဂျော့ကြားမှာ ခိုင်မာတဲ့ ဆက်ဆံရေး တစ်ခုတော့ အမြတ်တင်ကျန်ရစ်ခဲ့ပါတယ်။

## iPad ရဲ့ ပြိုင်ဘက်

Apple က အင်တာနက်ရှာဖွေရေး အင်ဂျင်လုပ်ငန်းမှာ ဝင်မစွတ်ဖက်ပေမယ့် နာမည်ကြီး အင်တာနက်ရှာဖွေရေး အင်ဂျင်တစ်ခုဖြစ်တဲ့ ဂူဂဲလ်က Android ဆိုတဲ့ ဖုန်းတစ်မျိုးကို ထုတ်လုပ်ပြီး Apple ရဲ့ iPhone ကို အပြုတ်ဖြိုချဖို့ ကြိုးစားလာတဲ့အတွက် ဂျော့တစ်ယောက် ဒေါသူပုန်ထနေပါတယ်။ Android ဟာ iPhone ရဲ့ Operating System ကိုပဲ အသုံးပြုထားတဲ့အပြင် iPhone ရဲ့ ရုပ်ထွက်နဲ့ စွမ်းဆောင်ရည်တွေကိုပါ တုပထားတယ်လို့ ဂျော့က စွပ်စွဲပါတယ်။ ဒ့ါအပြင် ဂူဂယ်လ်ရဲ့ CEO ဖြစ်တဲ့ အဲရစ်စကင့်မ်ဒ်ဟာ Apple ရဲ့ ဘုတ်အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့ပြီး ဂူဂယ်လ်ရဲ့ တည်ထောင်သူ လာရီပေ့ဂျ်နဲ့ ဆာဂျီဘရင်းတို့ရဲ့ အတိုင်ပင်ခံ တစ်ဦးလိုလည်း ဖြစ်တဲ့အတွက် ဂျော့ဟာ နောက်ကျောဓားနဲ့ ထိုးသလိုလည်း ခံစားနေရပါတယ်။ ဂျော့က Android ဖုန်း စီမံကိန်းကို ဆက်မလုပ်ရင် ဂူဂယ်လ်ကို iPhone မှာ ထည့်သုံးပေးမယ်လို့ စည်းရုံးပြီး ဂူဂယ်လ်ရဲ့ တယ်လီဖုန်းထုတ်မယ့် အစီအစဉ်ကို တားမြစ်ဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ပဲ ဂူဂယ်လ်က ၂၀၁၀ ဇန်နဝါရီမှာ iPhone နဲ့ ပုံစံတူ Android ဆိုတဲ့ ဖုန်းကို စတင်ဖြန့်ချိတဲ့အတွက် ဂျော့က မူပိုင်ခွင့် အမျိုး ၂၀ ကို ချိုးဖောက်မှုနဲ့ ဂူဂယ်လ်ကို တရားစွဲလိုက်ပါတော့တယ်။

နောက်ရက်အနည်းငယ်အကြာမှာ ဂျော့ဆီကို Apple ဘုတ်အဖွဲ့ဝင် အဖြစ်ကနေ နှုတ်ထွက်သွားပြီဖြစ်တဲ့ ဂူဂယ်လ်ရဲ့ CEO အဲရစ်စကင့်မ်ဆီက ဖုန်းဝင်လာပြီး ကော်ဖီသောက်ရင်း စကားပြောကြဖို့ ချိန်းလိုက်ပါတယ်။ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ချို့ကို ပြောဆိုကြပြီးတဲ့နောက် ဂျော့ရဲ့ စကားလမ်းကြောင်းက Apple ရဲ့ iPhone ကို Google က ခိုးချတဲ့အကြောင်း ရောက်သွားတဲ့အခါ စကင့်မ်အတွက် စကားပြောချိန် မပေးတော့ပဲ ဂျော့ကပဲ သူပြောချင်တာတွေ ပိတ်ပြောပါတော့တယ်။ "ခင်ဗျားတို့ ခိုးချတာကို လက်ပူးလက်ကြပ် မိထားပြီးပြီ၊ အမှုကျေအေးဖို့ ဆိုတာ လာမပြောနဲ့။ ခင်ဗျားတို့ဆီက ပိုက်ဆံကိုလည်း မလိုချင်ဘူး။ ခင်ဗျားတို့က ဒေါ်လာ ၅ ဘီလီယံလောက် ပေးမယ်ဆိုရင်တောင် ကျုပ်က စိတ်မဝင်စားဘူး။ ကျုပ်မှာ ပိုက်ဆံတော်တော်များနေပြီ။ ကျုပ်လိုချင်တာ Android မှာ ကျုပ်တို့ အိုင်ဒီယာတွေကို ယူသုံးနေတာ ရပ်ပေးဖို့ပဲ" လို့ ဂျော့က ဆိုပါတယ်။ အဲဒီနေ့ စကားဝိုင်းမှာ ဘာမှ ညှိလို့မရခဲ့ပါဘူး။

အမှန်ကတော့ iPhone မှာသုံးနေတဲ့ Operating System ကို တစ်ခြားကုမ္ပဏီတွေပါ သုံးလို့ရအောင် လိုင်စင်ချပေးလိုက်ရင် ပြဿနာက အေးပါတယ်။ ဒါပေမယ့် အရာရာကို ကိုယ့်စိတ်တိုင်းကျ ခြယ်လှယ်ချင်တဲ့ ဂျော့ရဲ့ အကျင့်ကလည်း ဒီလို လုပ်ဖို့ကို တော်တော်ဝန်လေးနေပါတယ်။ ဂျော့ဟာ သူဖန်တီးထားသမျှ အရာအားလုံးမှာ သူ့အတွက် ခြယ်လှယ်ပိုင်ခွင့် ၁၀၀%

အပြည့်ရနေမှသာ ကျေနပ်တတ်သူပါ။ ဒါကြောင့်လည်း ဂျော့ ဖန်တီးခဲ့တဲ့ iPhone,iPod,iPad စတဲ့ လက်ရာအားလုံးဟာ သုံးစွဲသူတွေအတွက် အစစအရာရာ အဆင်ပြေတဲ့ ပစ္စည်းတွေအဖြစ် ထွက်ပေါ်လာနိုင်ခဲ့တာလို့တော့ ပြောလို့ရပါတယ်။ ဒါပေမယ့် တစ်ချို့ကိစ္စတွေမှာတော့ အလုံးစုံ ချုပ်ကိုင်ချင်တဲ့ ဆန္ဒဟာ ဂျော့ ကြွေးကြော်ခဲ့တဲ့ ဟစ်ပီယဥ်ကျေးမှုနဲ့ လွပ်လပ်မှုဆိုတာတွေရဲ့ ဆန်ကျင်ဘက်လို ဖြစ်နေတတ်ပါတယ်။ အလုံးစုံချုပ်ကိုင်ချင်တဲ့ ဂျော့ရဲ့ အကျင့်ဟာ ဂျော့ကို ဂျင်းဘောင်းဘီဝတ်တဲ့ ဟစ်ပီယဥ်ကျေးမှုနဲ့ နည်းပညာကဝေတစ်ယောက် ဆိုတဲ့ ပုံစံကနေ ဝတ်စုံအပြည့်၊ နက်ကတိုင်နဲ့ ရုံးခန်းထဲမှာ မိန့်မိန့်ကြီးထိုင်ပြီး အားလုံးကို ချုပ်ကိုင်တတ်တဲ့ ဘူဇွာ CEO တစ်ယောက်လို အများက မြင်လာစေမယ့် ချောက်နက်ထဲကို တွန်းပို့နေပါတယ်။

iPhone နဲ့ iPad တွေမှာ လိင်မှုနဲ့ဆိုင်တဲ့ ဝက်ဘ်ဆိုက်တွေ ကြည့်လို့မရအောင် တားမြစ်ထားတာကလည်း ပြဿနာတက်စေပါတယ်။ iPhone သုံးစွဲသူ တစ်ယောက်ဆီကို ပြန်ပို့တဲ့ အီးမေးလ်ထဲမှာ ဂျော့က "iPhone ကို ညစ်ညမ်း ဝက်ဘ်ဆိုက်တွေနဲ့ ကင်းရာမှာထားဖို့ ကျွန်တော်တို့မှာ အကျင့်သိက္ခာပိုင်းဆိုင်ရာ တာဝန်တစ်ခုရှိတယ်လို့ ယုံကြည်ပါတယ်။ ညစ်ညမ်း ဇာတ်လမ်းတွေ ကြည့်ချင်တဲ့သူတွေ အနေနဲ့တော့ Android ကို ဝယ်သုံးနိုင်ပါတယ်" လို့ ထည့်ရေးဖူးပါတယ်။ တစ်ရက်မှာ ဂျော့က ညစ်ညမ်းဝက်ဘ်ဆိုက်တွေကို တားမြစ်ထားတာနဲ့ ပက်သက်ပြီး ရိုင်ယန်တိတ်ဆိုသူက ဂျော့ဆီကို "ဒီနေ့အချိန်မှာ ဘော့ဒိုင်လန်သာ အသက် ၂၀ အရွယ်လောက်ဆို ခင်ဗျားတို့ကို ဘာပြောမလဲ မသိဘူးနော်။ iPad ဟာ တော်လှန်ရေးဆိုတဲ့ ကိစ္စနဲ့ဆိုင်တယ်လို့ကော သူထင်ပါ့မလား။ တော်လှန်ရေးဆိုတာ လွပ်လပ်မှုနဲ့ ဆိုင်တဲ့ ကိစ္စဗျ" လို့ ရေးထားတဲ့ အီးမေးလ်တစ်စောင် လှမ်းပို့တော့ ဂျော့က "ဟုတ်တယ်။ ကိုယ့်ဆီက အချက်အလက် တွေကို ခိုးယူမယ့် ဝက်ဘ်ဆိုက်တွေကနေ လွတ်မြောက်မှု၊ ကိုယ့်စက်ရဲ့ ဘက်ထရီကို ပြုန်းတီးအောင်လုပ်မယ့် ပရိုဂရမ်တွေနဲ့ ဝေးရာကို လွတ်မြောက်မှု၊ ညစ်ညမ်းဝက်ဘ်ဆိုက်တွေကနေ လွတ်မြောက်မှုပဲ။ ဒါဟာ လွပ်လပ်မှုပဲ" လို့ ပြန်ရေးပေးလိုက်ပါတယ်။

ရိုင်ယန်တိတ်က "ခင်ဗျားသိရဲ့လား။ ညစ်ညမ်းဝက်ဘ်ဆိုက်တွေ လွတ်မြောက်မှုဆိုတာကို ကျွန်တော် မလိုချင်ဘူး။ ဒီဝက်ဘ်ဆိုက်တွေက ကောင်းပါတယ်ဗျ။ ကျွန်တော့် မိန်းမကလည်း ဒါတွေကြည့်လို့ စိတ်မဆိုးပါဘူး" လို့ အီးမေးလ် ပြန်ပို့တော့ ဂျော့က "ခင်ဗျားမှာ ကလေးတွေရှိလာရင် ဒီညစ်ညမ်း ဝက်ဘ်ဆိုက်တွေကို ပိုတောင် ဂရုစိုက်ရဦးမယ်၊ ဒါလွပ်လပ်ခွင့်နဲ့ မဆိုင်တော့ဘူး။ ဒါကတော့ အသုံးပြုသူအတွက် မှန်ကန်မယ့် ကိစ္စတစ်ခုကို Apple ကလုပ်ဖို့ ကြိုးစားနေတဲ့ ကိစ္စပဲ။ ဒါနဲ့ စကားမစပ်... ခင်ဗျား ဘာများ သိပ်ခမ်းနားကြီးကျယ်တဲ့ ကိစ္စတွေ လုပ်ခဲ့ဖူးလဲ။ ဘာတွေများ

ခင်ဗျား ဖန်တီးခဲ့ဖူးလဲ။ ဒါမှမဟုတ် ခင်ဗျား လုပ်တတ်တာက သူများလုပ်တာကို ဝေဖန်ပြီး စိတ်အားစိုက်မှု လျော့သွားအောင် လုပ်ရုံသက်သက်ပဲလား” လို့ ပြန်တွယ်ပေမယ့် ရိုင်ယန်တိတ် ကတော့ စိတ်မဆိုးပဲ CEO တစ်ယောက်က ဒီလို အသေးအဖွဲ ကိစ္စလေးတွေမှာတောင် အရေးတယူလုပ်ပြီး စာပြန်တဲ့အတွက် သဘောတောင်ကျသွားပါသေးတယ်။

ဒါပေမယ့် ဒီကိစ္စနဲ့ ပက်သက်ပြီးတော့ ဂျော့ကို တောင်းဆိုကြသူတွေက လျော့မသွားပါဘူး။ eSarcasm.com ဆိုတဲ့ ဝက်ဘ်ဆိုက်မှာ “စတိဗ်ရေ… ကျွန်တော်လည်း ညစ်ညမ်းခွေတွေ ကြည့်ချင်တယ်” ဆိုတဲ့ ခေါင်းစဥ်နဲ့ အွန်လိုင်း ဆန္ဒပြပွဲတစ်ခု လုပ်လာပါတယ်။ အဲဒီဝက်ဘ်ဆိုက်မှာပဲ “ကျွန်တော်တို့ဟာ ညစ်ညမ်းတယ်၊ ညစ်ညမ်းဝက်ဘ်ဆိုက်တွေကိုလည်း ၂၄ နာရီ အချိန်မရွေး ဝင်ကြည့်ခွင့်ရချင်တဲ့ လိင်ကိစ္စကို ငြီးတွယ်သူတွေပဲ။ ဒီလိုအခွင့်အရေးမျိုး ရချင်ပါတယ်။ ဒါမှမဟုတ်လည်း ဆင်ဆာဖြတ်ခြင်းမရှိတဲ့၊ နည်းပညာအာဏာရှင် တစ်ယောက်ကလာပြီး ဘာကိုပဲကြည့်ရမယ်၊ ဘာကိုတော့ မကြည့်ရဘူးဆိုပြီး လာဆုံးဖြတ် ပြဌာန်းပေးခြင်းမရှိတဲ့ ပွင့်လင်းတဲ့ လူ့အဖွဲ့ စည်းတစ်ခုရဲ့ အိုင်ဒီယာတွေကိုပဲ ခံစားချင်ပါတယ်” လို့ ရေးထားပါတယ်။

မကြာခင်မှာပဲ ဒီကိစ္စကို Apple ဘုတ်အဖွဲ့ အစည်းအဝေးမှာ ထည့်သုံးသပ်ရတဲ့ အခြေအနေဖြစ်လာပါတယ်။ ဘုတ်အဖွဲ့ဝင်တစ်ယောက်ဖြစ်တဲ့ အာ့တ်လီဗင်ဆန် ကတော့ ဒါဟာ ထောင်လွှားမောက်မာမှုကြောင့် ဖြစ်ရတာလို့ ဆိုပါတယ်။ ဟုတ်ပါတယ်။ ဒီလို ထောင်လွှားဝင့်ဝါမှု မျိုးက မအောင်မြင်သေးခင် ကားဂိုဒေါင်ထဲမှာ ရုန်းကန်နေရတဲ့ နိမ့်ကျတဲ့ ဘဝတုန်းက ရှိခဲ့တာတော့ ကောင်းပါတယ်။ ဒါပေမယ့် အခုအခြေအနေမှာက Apple က နည်းပညာလောကမှာ အားလုံးရဲ့ အထက်မှာ ရောက်နေပြီဆိုတော့ မာန်ကိုမချသေးရင် ကြည့်ရဆိုးမှာ သေချာပါတယ်။ လူတွေက Apple ကို ထောင်လွှားမောက်မာနေတဲ့ ကုမ္ပဏီကြီး တစ်ခုအဖြစ် မြင်လာမယ့် အရေးကို အယ်လ်ဂိုး ဆိုတဲ့ ဘုတ်အဖွဲ့ဝင် တစ်ဦးကလည်း ထောက်ပြပါတယ်။

## iPhone ရဲ့ပြဿနာ

နည်းပညာကုမ္ပဏီ တော်တော်များများကတော့ ဘယ်လိုပစ္စည်းပဲဖြစ်ဖြစ် ဒီဇိုင်းလုပ်ဖို့နဲ့ ထုတ်လုပ်ရတာ အဆင်ပြေဖို့ဆိုတာ ယှဥ်လာရင် ထုတ်လုပ်မှုအပိုင်းမှာ အဆင်ပြေဖို့ကိုပဲ ဦးစားပေးလေ့ရှိပါတယ်။ Apple မှာတော့ ပြောင်းပြန်ပါ။ ဒီဇိုင်နာတွေရဲ့ အိုင်ဒီယာကိုပဲ အလိုလိုက်ပြီး အင်ဂျင်နီယာတွေက ဒီဇိုင်းအတိုင်း အဆင်ပြေအောင် လိုက်လုပ်ပေးရပါတယ်။ ဒီ ဒီဇိုင်းအတိုင်း ထုတ်ဖို့ မဖြစ်နိုင်ဘူးလို့ အင်ဂျင်နီယာတွေဘက်က ပယ်ချခွင့်မရှိပဲ ဒီဇိုင်းက တောင်းဆိုလာတဲ့အတိုင်း


အင်ဂျင်နီယာပညာကို ပြုပြင်ပြောင်းလဲသွားဖို့ပဲ ရှိပါတယ်။ iPhone ရဲ့ ပြဿနာကတော့ ဘေးက အလူမီနီယမ်ဘောင် အခွေပေါ်မှာ လက်နဲ့ ဆုပ်ကိုင်လိုက်တိုင်း လိုင်းမမိတဲ့ ပြဿနာပါ။ အလူမီနီယမ်ဘောင်က လိုင်းဆွဲပေးတဲ့ အင်တာနာအဖြစ်လည်း ဆောင်ရွက်တဲ့အတွက် ဘောင်ရဲ့ အောက်ခြေတွေမှာ နည်းနည်းဟပေးထားတဲ့ အပေါက်လေးတွေရှိပါတယ်။ အဲဒီနေရာကို လက်နဲ့ အုပ်ကိုင်မိလိုက်ရင် ပြောနေရင်း လိုင်းပြုတ်ကျတဲ့ ပြဿနာရှိလာပါတယ်။

အမြဲတမ်း မဟုတ်ပေမယ့် အကြိမ် ၁၀၀ မှာ ၁ ကြိမ်ဖြစ်တတ်ပါတယ်။ တစ်ခြားကုမ္ပဏီတွေက ထုတ်တဲ့ ဖုန်းတွေဆိုရင် ဒီလောက် ပြဿနာလေးနဲ့ ဘာမှရေးကြီးခွင်ကျယ် မဖြစ်လောက်ပေမယ့် Apple ရဲ့ iPhone ဖြစ်နေတဲ့အတွက် သတင်းထူးတစ်ခုလို ဖြစ်လာပါတယ်။ Consumer Report စာစောင်မှာ ဒီချို့ယွင်းချက်ကြောင့် iPhone 4 ကို စားသုံးသူတွေအတွက် ညွှန်းပေးမထားတာပါလို့ ပါလာတော့ ဂျော့လည်း ငြိမ်နေလို့မရတော့ပဲ ရီဂျစ်မက်ကန်နာနဲ့ လီးကလိုး တို့ရဲ့ အကူအညီကိုယူပြီး ဒီကိစ္စကို ပြီးပြတ်အောင် ဖြေရှင်းဖို့ ကြိုးစားရတော့တာပါပဲ။ ဒီကိစ္စအတွက် အစည်းအဝေးမှာ ဂျော့က သားဖြစ်သူ ရိဒ်ကိုလည်း ခေါ်သွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။ “ဒီအစည်းအဝေး နှစ်ရက်အတွင်းမှာ ရမယ့် အတွေ့အကြုံက စီးပွားရေးတက္ကသိုလ်တစ်ခုမှာ ၂ နှစ်လောက် သွားတက်တာထက် ပိုတဲ့ ပညာတွေရလိမ့်မယ်” ဆိုပြီး ရိဒ်ကိုပါ အစည်းအဝေးခန်းမထဲ ခေါ်ထားပါတယ်။

“အချက်အလက်တွေကို အမှန်အတိုင်းသာ ပြောလိုက်၊ ရင့်သီးတဲ့ပုံတော့ မပေါက်စေနဲ့ပေါ့။ ခိုင်မာယုံကြည်မှုရှိတဲ့ ပုံစံနဲ့ပြောပါ။ သတင်းစာရှင်းလင်းပွဲကိုလည်း အမြီးလေးကုပ်ပြီး သွားစရာ မလိုဘူး။ ဟန်းဖုန်းတိုင်က အပြစ်မကင်းသလို ကျွန်တော်တို့လည်း ခြောက်ပစ်ကင်းသဲလဲစင် မဟုတ်ဘူး။ ကျွန်တော်တို့က လူသားတွေဖြစ်သလို အကောင်းဆုံးဖြစ်အောင်လည်း ကြိုးစားနေ ပါတယ်” လို့ပဲ ပြောပြီး ပြန်လာခဲ့လို့ မက်ကန်နာက ဂျော့ကို အကြံပေးပြီး ဂျော့ကလည်း မက်ကန်နာ ပေးတဲ့အကြံအတိုင်းပဲ ဖြေရှင်းလိုက်ပြီး iPhone ရဲ့ ပြဿနာလဲ ဒီမှာတင် ပြေလည်သွားပါတယ်။

# အခန်း(၂၃)

## အလင်းနဲ့ အမှောင်ကြား



iPad 2 ကို ၂၀၁၁ မတ်လ ၂ ရက်နေ့မှာ စတင်မိတ်ဆက်ခဲ့ပါတယ်။ iPad 2 မှာတော့ ခေါက်သိမ်းလို့ရပြီး စတန်းအဖြစ်လည်း သုံးလို့ရတဲ့ အဖုံးလေး ပါလာပါတယ်။ ဒါ့အပြင် အရင် iPad မှာတုန်းက မပါခဲ့တဲ့ လုပ်ဆောင်ချက် တော်တော်များများကို ထပ်ထည့်ထားပြီး ကင်မရာလဲ ရိုက်လို့ရတဲ့အပြင် အရင် iPad ထက်လည်း ပိုပြီး ပါးလွှာပါတယ်။ ဆေးခွင့်ရက်ရှည် ယူထားရတဲ့ ဂျော့အနေနဲ့ iPad 2 မိတ်ဆက်ပွဲကို ရောက်မလာနိုင်လောက်ဘူးလို့ ထင်ထားပေမယ့် ကြောက်စရာကောင်းလောက်အောင် ပိန်ချုံနေတဲ့ ဂျော့ဟာ မြူးကြွတဲ့ အပြုံးနဲ့အတူ စင်ပေါ်တက်လာပြီး iPad 2 ကို ကိုယ်တိုင် မိတ်ဆက်နိုင်ခဲ့ပါတယ်။ ဂျော့ရဲ့ iPad 2 ထဲမှာတော့ download လုပ်ထားတဲ့ ဗီဒီယိုကား သုံးကားရယ်အပြင် အံ့ဩစရာကောင်းတာက The Autobiography of a Yogi ဆိုတဲ့ စာအုပ်ကိုပါ တွေ့ခဲ့ရပါတယ်။ ဒီစာအုပ်ကတော့ အားလုံးသိကြတဲ့အတိုင်း ဂျော့ ဆယ်ကျော်သက်အရွယ်က ပထမဆုံးဖတ်ခဲ့ရတဲ့ တရားဓမ္မနဲ့ နာမ်ပိုင်းဆိုင်ရာ လမ်းညွှန်စာအုပ် တစ်အုပ်ဖြစ်ပြီး ဂျော့ဟာ ဒီစာအုပ်ကို တစ်နှစ်တစ်ကြိမ် မပျက်မကွက် ပြန်ဖတ်လေ့ရှိပါတယ်။

iPad 2 အခမ်းအနားပြီးတဲ့ နောက်နေ့မနက်မှာတော့ ဂျော့က တစ်ခုခုစားချင်တယ် ဆိုတဲ့အတွက် သူစားနေကျ ဆိုင်တစ်ဆိုင်ကို ကားမောင်းပြီး လိုက်ပို့ခဲ့ရပါတယ်။ ဂျော့က ကိုယ်တိုင် ကားမမောင်းနိုင်လောက်အောင်ကို အားနည်းနေပါပြီ။ ဆိုင်က ပိတ်နေပြီ ဖြစ်ပေမယ့် ဆိုင်ပိတ်ပြီးမှ တံခါးလာခေါက်တတ်တဲ့ ဂျော့ကို ရင်းနှီးနေပြီဖြစ်တဲ့ ဆိုင်ရှင်က ပြုံးပြုံးရွှင်ရွှင်နဲ့ပဲ တံခါးဖွင့်ပေး လိုက်ပါတယ်။ ပရိုတိန်းဓာတ် ရဖို့အတွက် ကြက်ဥ မဖြစ်မနေစားပေးရမယ်လို့ ဆရာဝန်တွေက မှာထားတဲ့အတွက် ဂျော့က ကြက်ဥမွှေကြော်တစ်ပွဲမှာရင်း "ဒီလို ဝေဒနာမျိုး၊ ဒီလို ရောဂါမျိုးနဲ့ နေရတာက ကိုယ်ဟာ သေမျိုးပါလားဆိုတာ မပြတ်သတိပေးနေတယ်။ ပြီးတော့ သတိကပ်မထားဘူးဆိုရင် ဒီအသိက ဦးနှောက်ကိုလည်း ထူးထူးဆန်းဆန်း ရိုက်ခတ်တတ်တယ်။ သေရတော့မယ်လို့ တွေးပြီး တစ်နှစ်ထက် ပိုကြာမယ့် စီမံကိန်းတွေ မချတော့ဘူး။ ဒါတော်တော်ဆိုးတယ်။ အမှန်က နှစ်ပေါင်းများစွာ ဆက်နေရဦးမယ့်အတိုင်းပဲ သဘောထားပြီး စီမံကိန်းတွေချနိုင်ဖို့ ကိုယ့်ကိုယ်ကို တွန်းအားပေးဖို့ လိုတယ်" လို့ ဆိုပါတယ်။

ဒီလို အံ့သြဖွယ်ရာ အတွေးမျိုးအတွက် ဥပမာကတော့ ဂျော့ရဲ့ ဇိမ်ခံရွက်လှေတစ်စင်း တည်ဆောက်တဲ့ စီမံကိန်းပါပဲ။ အသည်းအစားထိုး ခွဲစိတ်မှု မလုပ်ခင်လေးမှာပဲ ဂျော့က ဇိမ်ခံရွက်လှေတစ်စင်း ဝယ်ပြီး သူ့မိသားစုနဲ့အတူ မက္ကစီကို၊ အီတလီ၊ တူရကီ စတဲ့ နေရာအစုံကို ပျော်ပွဲစားခရီး ထွက်လေ့ရှိပါတယ်။ ခရီးကပြန်ရောက်ပြီး မကြာမီမှာပဲ ဂျော့က ရွက်လှေဒီဇိုင်းကို မကြိုက်တဲ့အတွက် သူ့စိတ်ကြိုက် ဒီဇိုင်းရအောင် ပြန်ပြင်ဆောက်ပါတယ်။ ရွက်လှေပြင်ပြီးတဲ့အထိ သူ အသက်ရှင် နေနိုင်ပါ့မလားဆိုတာ မသေချာပေမယ့် ဂျော့ကတော့ သူ့စိတ်ကြိုက် မဖြစ်မချင်း လက်မလျှော့ပါဘူး။ ကြက်ဥမွှေကြော် စားပြီးတဲ့နောက် ဂျော့နဲ့အတူ သူ့အိမ်ကို ပြန်လာပြီး သူ့ရွက်လှေ ဒီဇိုင်းနဲ့ ပက်သက်တဲ့ ဓာတ်ပုံတွေ ပြန်ကြည့်ဖြစ်ခဲ့ကြပါတယ်။

နောက်မကြာခင်ရက်ပိုင်းမှာ ဂျော့နဲ့ လော်ရင်းတို့ရဲ့မင်္ဂလာသက်တမ်း နှစ်၂၀ ပြည့်အထိမ်းအမှတ် နေ့ကို ရောက်လာတော့မှာပါ။ ဂျော့ဟာ လော်ရင်းအပေါ်မှာ ထိုက်တန်တဲ့ အကောင်းဆုံး ဂရုစိုက်မှုမျိုး ပြန်မပေးနိုင်ခဲ့ဘူးဆိုတာ ဝန်ခံလာပါတယ်။ "ကျွန်တော် အရမ်းကံကောင်းခဲ့ပါတယ်။ လော်ရင်းဟာ ထူးချွန်ထက်မြက်ပြီး လှပတဲ့မိန်းကလေးတစ်ယောက် ဖြစ်ရုံသာမကပဲ တစ်ကယ့်ကို သဘောကောင်း သူ တစ်ယောက်ပါ" လို့ ပြောရင်း ဂျော့ မျက်ရည်တွေကျလာပါတယ်။ ဂျော့ဟာ သိပ်အတ္တကြီး ခဲ့တယ်လို့ ဆိုပါတယ်။ ဂျော့ဟာ အတ္တကြီးသလောက် အထိမ်းအမှတ်နေ့တွေကိုလည်း မှတ်မိတတ်သူ မဟုတ်ပါဘူး။ ဒါပေမယ့် နှစ် ၂၀ ပြည့် အထိမ်းအမှတ်နေ့မှာတော့ ဂျော့က မမေ့တော့ပဲ လော်ရင်းကို အံ့သြစေမယ့် အစီအစဥ်တွေ လုပ်ခဲ့ပါတယ်။ သူတို့ လက်ထပ်ခဲ့တဲ့ Ahwahnee ဟိုတယ်မှာ နှစ် ၂၀

ပြည့် အထိမ်းအမှတ်ပွဲလုပ်ဖို့ ရက်လုမ်းတောင်းတော့ ရက်က ပြည့်နေတဲ့အတွက် ဂျော့က တစ်ဖက်က မင်္ဂလာဆောင်မယ့် စုံတွဲကို နောက်တစ်ပတ်ရွှေ့ပေးရင် ခန်းမကြေးကို သူပေးမယ်လို့ ကမ်းလှမ်းလိုက်ပါတယ်။ တစ်ဖက်က စုံတွဲကလည်း "နှစ် ၂၀ ပြည့် အခမ်းအနား ဟုတ်လား။ ဒါဆိုရင်တော့ ခင်ဗျားတို့ကိုပဲ ဦးစားပေးရမှာပေါ့ဗျာ" ဆိုပြီး ရက်ရွှေ့ပေးလိုက်ပါတယ်။

အခမ်းအနားနေ့မှာတော့ ဂျော့က iPhone ထဲမှာ သူရေးထားတဲ့ စာကြောင်းတွေကို ကြည့်ရင်း အထိမ်းအမှတ်စကား ပြောခဲ့ပါတယ်။ "လွန်ခဲ့တဲ့ နှစ် ၂၀ တုန်းကတော့ တို့တွေ တစ်ယောက်အကြောင်း တစ်ယောက် ဘာမှ သိပ်မသိခဲ့ကြပါဘူး။ မသိစိတ်ရဲ့ လမ်းညွှန်မှုအတိုင်းပဲ လိုက်နာခဲ့ကြပြီး မင်းကြောင့် ကိုယ့် ခြေထောက်နဲ့မြေကြီး လွတ်အောင်ကို ပျော်ခဲ့ရပါတယ်။ ဒီဟော်တယ်မှာ တို့တွေ လက်ထပ်ခဲ့တဲ့ အချိန်တုန်းက နှင်းတွေ တဖွဲဖွဲကျနေခဲ့တယ်။ နောက်တော့ နှစ်တွေကုန်ဆုံးသွားပြီး ကလေးတွေ ရလာတယ်။ အဆင်ပြေတဲ့ အချိန်တွေ ရှိခဲ့သလို ခက်ခဲကြမ်းတမ်းတဲ့ အချိန်တွေလည်း ရှိခဲ့ပေမယ့် ဆိုးဝါးတဲ့အချိန်ရယ်လို့တော့ တစ်ခါမှ မရှိခဲ့ပါဘူး။ တို့ရဲ့ အချစ်နဲ့ အလေးအမြတ်ထားမှုတွေက ရင့်မှည့်ကြီးထွားခဲ့ပါပြီ။ အများကြီးကို အတူတကွ ဖြတ်သန်းခဲ့ပြီး အခုဆိုရင် အနှစ် ၂၀ က နေရာလေးကို အသက်ပိုကြီးပြီး အသိဉာဏ်ရင့်ကျက်တဲ့ လူတွေအဖြစ် ပြန်ရောက်လာခဲ့ကြပါပြီ။ မျက်နှာမှာရော နှလုံးသားမှာပါ အရေးအကြောင်းတွေနဲ့ပေါ့။ ဘဝရဲ့ ဒုက္ခတွေ၊ သုခတွေ၊ လျှို့ဝှက်ချက်တွေနဲ့ အံ့ဘနန်းဖွယ်ရာတွေ များစွာကို တွေ့ကြုံပြီး အခုချိန်ထိ ဒီနေရာမှာ အတူတကွ ရှိနေကြဆဲပါ။ ကိုယ့်ရဲ့ ခြေထောက်တွေလည်း မြေကြီးပေါ် ပြန်မကျနိုင်တော့ပါဘူး" ဆိုတဲ့ အထိမ်းအမှတ်စကား ပြောပြီးတဲ့အချိန်မှာ ဂျော့ဟာ သည်းထန်စွာ ငိုချလိုက်ပါတယ်။

## မိသားစုရဲ့ သံယောဇဉ်

ဂျော့ဟာ ၂၀၁၀ ဇွန်မှာလုပ်မယ့် သူ့သား ရိဒ်ရဲ့ အထက်တန်းကျောင်းဆင်းပွဲအထိ ဆက်လက်အသက်ရှင်နိုင်ဖို့ အရမ်းဆန္ဒပြင်းပြခဲ့ပါတယ်။ "ကျွန်တော် ကင်ဆာဖြစ်နေပြီဆိုတာ သိလိုက်ရတော့ ကျွန်တော့်ရဲ့ ဘုရားသခင်လို့ပြောရမလား၊ ဘယ်လိုပြောရမလဲ မသိဘူးဗျာ။ အဲဒီတစ်ယောက်ဆီမှာ တိုင်တည်လိုက်တယ်၊ ရိဒ် ကျောင်းဆင်းပွဲကိုတော့ မြင်သွားပါရစေလို့။ အဲဒီစိတ်နဲ့ပဲ ၂၀၀၉ တစ်နှစ်လုံး တောင့်ခံလာနိုင်ခဲ့တာပဲ" လို့ ဆိုပါတယ်။ အထက်တန်း ကျောင်းသားကြီး ဖြစ်နေပြီဖြစ်တဲ့ ရိဒ်ဟာ သူ့အသက် ၁၈ နှစ်အရွယ်မှာ သူ့အဖေနဲ့ ကြောက်စရာ ကောင်းလောက်အောင် တူပါတယ်။ မထီတရီနဲ့ ပုန်ကန်လိုတဲ့ အပြုံး၊ စူးရှပြင်းတန်တဲ့ မျက်လုံးနဲ့ နက်မှောင်နေတဲ့ ဆံပင်တွေဟာ သူ့အဖေ ဂျော့နဲ့ တစ်ထေရာတည်းပါပဲ။ ဒါပေမယ့် ရိဒ်ဟာ သူ့အဖေ

ဂျော့မှာ မရှိတဲ့ သဘောကောင်းတဲ့ ဗီဇနဲ့ ကိုယ်ချင်းစာတဲ့စိတ်ကို သူ့အမေဆီက အမွေရထားပါတယ်။

ရိဒ်ဟာ သူ့အဖေကိုလည်း လေးစားချစ်ခင်သူပါ။ ဂျော့အကြောင်း ဒီစာအုပ်ကို စရေးလို့ မကြာခင်မှာပဲ ရိဒ်ဟာ အိမ်ကိုပေါက်ချလာတတ်ပြီး လမ်းလျှောက်ထွက်ဖို့ ခေါ်လေ့ရှိပါတယ်။ လမ်းလျှောက်ကြပြီဆိုရင် ရိဒ်ဟာ အရမ်းကို တည်ကြည်လေးနက်တဲ့ ပုံစံမျိုးနဲ့ သူ့အဖေဟာ သွေးအေးပြီး အမြတ်ရဖို့ပဲ ကြည့်တတ်တဲ့ စီးပွားရေးသမား တစ်ယောက်မဟုတ်ပဲ သူ့အလုပ်အပေါ်မှာ ချစ်တဲ့စိတ်နဲ့ သူ့ထုတ်ကုန်တွေအပေါ်မှာ ဂုဏ်ယူတဲ့ စိတ်မျိုးနဲ့ပဲ အသက်ရှင်နေထိုင်သူဖြစ်တယ် ဆိုတဲ့ အကြောင်းတွေကို အားတက်သရော လာပြောလေ့ရှိပါတယ်။ ဂျော့ ကင်ဆာဖြစ်ပြီး မကြာမီမှာပဲ ရိဒ်က ကင်ဆာရောဂါနဲ့ ပက်သက်တဲ့ လေ့လာစရာတွေကို စစိတ်ဝင်စားလာပါတယ်။ ဒီလို ကင်ဆာဖြစ်လိုက်ရတာရဲ့ အမြတ်တစ်ခုက ရိဒ်အနေနဲ့ အရမ်းထက်တဲ့ ဒေါက်တာတွေနဲ့ တွဲပြီး ကင်ဆာရောဂါ သုတေသန လုပ်ရတာကို စိတ်ဝင်စားသွားစေခဲ့တဲ့ အချက်တစ်ချက်ပဲလို့ ဂျော့က ပြောလေ့ရှိပါတယ်။ ရိဒ် ကင်ဆာရောဂါ သုတေသနအလုပ်ပေါ်မှာ စိတ်ဝင်စားလာပုံက ဂျော့ ငယ်ငယ်တုန်းက ကွန်ပျူတာတွေကို လေ့လာဖို့ စိတ်အားထက်သန်ခဲ့တဲ့ ပုံမျိုးနဲ့ တစ်ပုံစံတည်းလို့ ဆိုပါတယ်။

၂၀၀၉ တစ်နှစ်တည်းနဲ့တင်ပဲ ရိဒ်အတွက် ရင့်ကျက်လာဖို့ လုံလောက်ခဲ့တယ်လို့ ဆိုရပါတယ်။ ဂျော့ကို ကြည့်ရတာလည်း ကြာကြာမခံတော့မယ့် အနေအထားမှာ ရိဒ်ဟာ အကာအကွယ် ကောင်းကောင်းပေးတတ်တဲ့ ဖခင်တစ်ဦးလို သူ့ညီမလေး နှစ်ယောက်ကို စောင့်ရှောက်တတ်လာပါတယ်။ ရိဒ်ရဲ့ အနာဂါတ်အိမ်မက် ကတော့ ကင်ဆာသုတေသနပညာရှင် တစ်ဦးဖြစ်လာဖို့လို့ ဆိုပါတယ်။ တစ်နေ့မှာ သမီးလတ် အီရင်းကို လော်ရင်းက ဂျော့ရဲ့ကားမှာ ကားနံပါတ်ပြား မတပ်တာ ဘာကြောင့်လို့ ထင်လဲလို့ မေးတော့ အီရင်းက “သူပုန်ထချင်လို့ပေါ့” လို့ ဖြေလာတတ်ပါတယ်။ ဒီမေးခွန်းကိုပဲ ဂျော့ကို မေးကြည့်တဲ့အခါ ဂျော့က “လူတွေက တစ်ခါတစ်လေ ကျွန်တော့်နောက်ကို လိုက်လာတတ်တယ်၊ နံပါတ်ပြားတပ်ထားရင် အိမ်နေရာကို စုံစမ်းလို့ ရသွားမှာစိုးလို့” ပါတဲ့။ ပြီးတော့မှ “ဒါပေမယ့် အခုတော့ Google Maps တွေလည်း ပေါ်လာပြီဆိုတော့ သိပ်တော့ မထူးတော့ပါဘူး။ ဒီတော့ ဘာကြောင့် နံပါတ်ပြား မတပ်သေးလဲ ဆိုရင်တော့ မတပ်ချင်လို့ လို့ပဲ ပြောရမှာပေါ့” လို့ ဖြေပါတယ်။

ရိဒ်ရဲ့ ကျောင်းဆင်းပွဲနေ့မှာတော့ သူ့အဖေက အီးမေးလ်တစ်စောင် iPhone ကနေ လှမ်းပို့လာပါတယ်။ အီးမေးလ်ထဲမှာ “ဒီနေ့က ကျွန်တော့်ရဲ့ အပျော်ဆုံးနေ့ပါပဲ။ ရိဒ်က အခုလောလောဆယ်ကိုပဲ အထက်တန်းကျောင်း ဆင်းရတော့မယ်။ တစ်မူထူးခြားတာကတော့ ကျွန်တော်လည်း ရိဒ်နဲ့ အတူရှိနေတယ်” လို့ ရေးထားပါတယ်။ အဲဒီနေ့ ညမှာပဲ ဂျော့ရဲ့အိမ်မှာ

ရိဒ်အတွက် ပါတီပွဲတစ်ခု လုပ်ပေးပြီး ဂျော့က သူ့ရဲ့ မစီးဖြစ်တော့တဲ့ စက်ဘီးနှစ်စီးထဲက တစ်စီးကို ရိဒ်အတွက် လက်ဆောင်အဖြစ် ပေးခဲ့ပါတယ်။ ရိဒ်ကြိုက်တဲ့ စက်ဘီးတစ်စီးကို ရွေးပြီး ယူခိုင်းလိုက်တော့ ရိဒ်က "ဒီလိုဆို ကျွန်တော် အဖေ့အပေါ် အကြွေးတင်သွားပြီပေါ့" လို့ ဆိုပါတယ်။ ဂျော့ရဲ့ အဖြေကတော့ "မင်း အကြွေးတင်စရာ မလိုပါဘူးကွာ၊ မင်းမှာ ငါ့ DNA တွေ ရှိပြီးသားပါ" တဲ့။

သမီးအငယ် နှစ်ယောက်နဲ့ ဂျော့ရဲ့ ဆက်ဆံရေးကတော့ နည်းနည်းခပ်တန်းတန်းပဲလို့ ပြောရပါမယ်။ အီရင်း အပေါ်မှာ ပိုပြီး ဘာသိဘာသာ နေတတ်ပါတယ်။ အီရင်းက ဂျော့ကို ဘယ်လို အညှာကိုင်ရမလဲဆိုတာလည်း နားမလည်ပဲ အေးဆေးတိတ်ဆိတ်သူ တစ်ယောက် ဆိုပေမယ့် ဣန္ဒြေရရနဲ့ စွဲဆောင်မှု အားကောင်းတဲ့ မိန်းကလေးတစ်ယောက် ဖြစ်ပြီး သူ့အဖေထက် ပိုရင့်ကျက်တဲ့ ကိုယ်ရည်ကိုယ်သွေးမျိုးကိုတောင် ပိုင်ဆိုင်ထားသူပါ။ အီရင်းဟာ ဒီဇိုင်းပညာကိုလည်း စိတ်ဝင်စားသူ တစ်ယောက် ဖြစ်ပေမယ့် ဂျော့ကတော့ ဒီကိစ္စကို သတိပြုမိပုံမရပါဘူး။ ရုပ်ရှင်ကိုလည်း ကြိုက်တတ်တဲ့ အီရင်းဟာ သူ့အဖေရဲ့ ကိုယ်ပိုင်လေယာဉ်ကြီးနဲ့ အတူ ခရီးထွက်ရတာကို ကြိုက်ပြီး အော်စကာဆုပေးပွဲမျိုးကို သွားကြည့်ချင်သူ ဖြစ်ပေမယ့် ဂျော့ကတော့ အီရင်းကို ဒီလိုနေရာတွေ ခေါ်သွားလေ့မရှိပါဘူး။

ဒီစာအုပ်ကိုရေးလို့ ပြီးလုပြီးခင် တစ်ရက်မှာ လော်ရင်းက ကျွန်တော့်ဆီ ဖုန်းဆက်ပြီး အီရင်းကလည်း သူ့အဖေနဲ့ ပက်သက်တဲ့ အင်တာဗျူးဖြေချင်တယ်လို့ ဆိုလာပါတယ်။ ဂျော့နဲ့ ပက်သက်ပြီး လူအများကြီးကို အင်တာဗျူးခဲ့ပေမယ့် အသက် ၁၆ နှစ်ထဲတောင် ရောက်နေတဲ့ အီရင်းကိုတော့ မဗျူးရသေးဘူး မဟုတ်လား။ အီရင်းနဲ့ အင်တာဗျူးတဲ့ အခါမှာ သူမ အဓိကပြောချင်တဲ့ အချက်ကတော့ ဂျော့အနေနဲ့ ဘာကြောင့် ဂရုစိုက်ပုံမပြလဲဆိုတဲ့ အကြောင်းကို သူမ နားလည်ပြီး အဲဒါကို လက်ခံပေးလို့လည်းရတယ် ဆိုတဲ့ အကြောင်းလေးပါ။ "အဖေတစ်ယောက် ဖြစ်ဖို့ရော Apple ရဲ့ CEO ကောင်းတစ်ယောက် ဖြစ်ဖို့ကိုပါ သူ အတတ်နိုင်ဆုံး ကြိုးစားခဲ့ပါတယ်။ ဒီနှစ်ခုလုံးကိုလည်း သူ ကောင်းကောင်း ကိုင်တွယ်နိုင်ခဲ့ပါတယ်။ တစ်ခါတစ်လေမှာတော့ ကျွန်မအပေါ်မှာ ဒီထက် ပိုဂရုစိုက်စေချင်တာပေါ့။ ဒါပေမယ့် အဖေလုပ်နေတဲ့ အလုပ်တွေက အရမ်းကြီးပြီး အရမ်းကောင်းတဲ့ အလုပ်တွေဆိုတာကို ကျွန်မ နားလည်တဲ့အတွက် ကျွန်မ ခွင့်လွှတ်နိုင်ပါတယ်။ ဒီထက်ပိုပြီး ဂရုစိုက်မခံရလဲ ပြဿနာတော့ မရှိတော့ပါဘူး" လို့ အီရင်းက ရင်ဖွင့်ပါတယ်။

အငယ်ဆုံးအသမီးလေး အီဗ်ကတော့ တစ်မျိုးတစ်ဘာသာပါ။ ဇွဲကောင်းပြီး ကိုယ့်ကိုယ်ကို သေချာမှုအပြည့်အဝရှိတဲ့ အီဗ်ဟာ ဂျော့ ဖက်လှဲတကင်း လုပ်ဖို့လဲ မလွယ်တဲ့ တစ်ယောက်ပါ။ အီဗ်ရဲ့ ဝါသနာကတော့ မြင်းစီးအားကစားဖြစ်ပြီး အိုလံပစ်ပြိုင်ပွဲအထိ ဝင်ပြိုင်မယ်လို့လည်း ရည်မှန်းထားပါတယ်။

ဂျော့နဲ့ လော်ရင်းပါဝဲလ် တို့ရဲ့ အိမ်ထောင်သည် ဆက်ဆံရေးကတော့ အဖုအထစ်လေးတွေ ရှိပေမယ့် သစ္စာခိုင်ကျည်တဲ့ ဆက်ဆံရေးမျိုးပါ။ စီးပွားရေးဖက်မှာ သိပ်ဝင်မပါပဲ မိသားစုအရေးနဲ့ ပက်သက်လာရင်တော့ အလေးအနက်ထား ဂရုစိုက်တတ်တဲ့ ပါဝဲလ်ဟာ ဂျော့ရဲ့ ကျန်းမာရေးနဲ့ ပက်သက်လာရင်တော့ ကြောက်စရာကောင်းလောက်အောင် ဂရုစိုက်တတ်ပါတယ်။ ပါဝဲလ်ဟာ ချို့တဲ့တဲ့ ကလေးတွေအတွက် အထက်တန်းကျောင်း ပြီးမြောက်ပြီး ကောလိပ်ဆက်နိုင်စေဖို့ ထောက်ပံ့ကူညီပေးတဲ့ College Track ဆိုတဲ့ အထောက်အပံ့ အဖွဲ့အစည်း တစ်ခုကိုလည်း ဦးဆောင်တည်ထောင်ခဲ့ပြီး ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုတွေမှာ ထင်ရှားသူ တစ်ယောက် ဖြစ်လာခဲ့ပေမယ့်လည်း ဂျော့ကတော့ ပရဟိတ လုပ်ငန်းတွေကို စိတ်မဝင်စားသူပီပီ ပါဝဲလ်ရဲ့ College Track ဆိုတဲ့ အဖွဲ့အစည်းကို လှည့်တောင် မကြည့်ခဲ့ပါဘူး။ ပါဝဲလ်ဟာ ဂျော့ရဲ့ အတ္တုပ္ပတ္တိစာအုပ်မှာ ဂျော့ရဲ့ ကောင်းတဲ့အချက်တွေရော မကောင်းတဲ့ အချက်တွေကိုပါ ထည့်ရေးစေချင်သူပါ။



## ဂျော့နဲ့ အိုဘားမား

၂၀၁၀ အစောပိုင်းလောက်မှာ ပါဝဲလ်က ဝါရှင်တန်ကို ခရီးထွက်ရင်း သမ္မတအိမ်ဖြူတော်မှာ အလုပ်လုပ်တဲ့ သူငယ်ချင်းတစ်ယောက်နဲ့ တွေ့တော့ အောက်တိုဘာလလောက်မှာ အိုဘားမားက ဆီလီကွန်တောင်ကြားကို လာလည်မယ်လို့ သိလိုက်ရပါတယ်။ ဒါဆိုရင် သမ္မတကြီးအနေနဲ့ သူ့ယောက်ျား စတိဗ်ဂျော့နဲ့များ တွေ့ချင်မလားမသိဘူးလို့ ပါဝဲလ်က စကားစလိုက်တော့ ပါဝဲလ်ရဲ့ သူငယ်ချင်းဖြစ်သူကလည်း ဒီကမ်းလှမ်းချက်ကို သဘောကျသွားပါတယ်။ ဒ့ါအပြင် စီးပွားရေး အရင်းရှင် တစ်ဦးဖြစ်တဲ့ ဂျွန်ဒိုရာကလည်း သမ္မတကြီးရဲ့ စီးပွားရေးပြန်လည် ထူမတ်ရေး အကြံပေးဘုတ်အဖွဲ့အစည်းအဝေးမှာ သမ္မတကြီးအနေနဲ့ စတိဗ်ဂျော့ကို တွေ့သင့်ကြောင်း အကြံပေး ခဲ့တဲ့အတွက် သမ္မတအိုဘားမားရဲ့ စီလီကွန်ခရီးမှာ ဂျော့နဲ့ နာရီဝက်ကြာ တွေ့ဆုံဆွေးနွေးမယ့် အစီစဥ်သစ်တစ်ရပ် ထပ်တိုးလာပါတယ်။

ဒါပေမယ့် ပါဝဲလ်က သူ သမ္မတအိုဘားမားကို ဖိတ်ခဲ့ကြောင်း ဂျော့ကို ပြောလိုက်တဲ့အခါမှာတော့ မိုးမီးလောင်တော့တာပါပဲ။ ဂျော့က သမ္မတနဲ့ မတွေ့ချင်ဘူးလို့ ငြင်းလိုက်တဲ့အပြင် သူ့နောက်ကွယ်မှာ ကိုယ့်သဘောနဲ့ကိုယ် ချိန်းလာတဲ့အတွက် ပါဝဲလ်ကိုလည်း စိတ်ဆိုးသွားပါတယ်။ "CEO တစ်ယောက်နဲ့ တွေ့ခဲ့ကြောင်း သူမှတ်တမ်းထည့်ရေးနိုင်ဖို့ ငါက တန်းစီစောင့်ပြီး သွားတွေ့ရမယ့် စာရင်းထဲ အပါမခံနိုင်ဘူး" လို့ ဂျော့က ဆိုပါတယ်။ သမ္မတအိုဘားမားက ဂျော့ကို တွေ့ချင်နေတာ တစ်ပိုင်းကို သေနေတာပဲလို့ ပါဝဲလ်က ပိုပိုသာသာ ပြောကြည့်လည်း မရပါဘူး။ သူ့ကို အဲဒီလောက်သာ တကယ်တွေ့ချင်နေရိုး မှန်ရင် ကိုယ်တိုင်ဖုန်းဆက်ပြီး လှမ်းဖိတ်သင့်တာပေါ့လို့ ဂျော့က ပြန်ကပ်ပြောနေတဲ့အတွက် စတန်းဖို့ဒ်တက္ကသိုလ်မှာ တက်နေတဲ့ ရိဒ်ကိုပါ လှမ်းခေါ်ပြီး စစ်ကူတောင်းရပါတယ်။ နောက်ဆုံးတော့ ဂျော့က အိုဘားမားနဲ့ တွေ့ဖို့ သဘောတူလိုက်ပါတယ်။

ဂျော့နဲ့ အိုဘားမားရဲ့ ဆွေးနွေးပွဲက ၄၅ မိနစ်အထိ ကြာခဲ့ပြီး ဂျော့ကတော့ သူ့စကားကို သူထိန်းသိမ်းတတ်သူ မဟုတ်ကြောင်း သက်သေပြခဲ့ပါတယ်။ "ခင်ဗျားကတော့ သက်တမ်း တစ်ကြိမ်နဲ့တင် ပြုတ်မယ့် လမ်းကြောင်းကို ဦးတည်သွားနေပြီ... သမ္မတကြီးရေ။ ဒီလိုမဖြစ်ချင်ရင် တော့ စီမံအုပ်ချုပ်သူတွေကို စီးပွားရေးနဲ့ ဒီထက်ပိုပြီး လက်ပွန်းတတီး နားလည်နေအောင် လုပ်ပေးမှရမယ်" လို့ တွေ့တွေ့ချင်းမှာပဲ ဂျော့က မဆင်မခြင် ပြောချလိုက်ပါ တယ်။ ဂျော့က အခုခေတ် တရုပ်ပြည်မှာ စက်ရုံတစ်ရုံ တည်ထောင်ဖို့ အလွန်လွယ်သလောက် အမေရိကမှာတော့ မလိုလားအပ်တဲ့ ကုန်ကျစရိတ်တွေနဲ့ စည်းမျဥ်းတွေကြောင့် ဒီလိုလုပ်နိုင်ဖို့ ခက်ခဲသွားစေကြောင်း ထောက်ပြပါတယ်။ ဂျော့က အမေရိကန်ရဲ့ ပညာရေးစနစ်ကိုလည်း ဝေဖန်ထိုးနှက်ပြခဲ့ပြီး

ပညာရေးစနစ်ဟာ မျှော်လင့်စရာ မရှိတော့လောက်အောင်ကို ရေးကျနေပြီး ပြည်ထောင်စု လုပ်ထုံး၊ လုပ်နည်းတွေကြောင့် ဒရွတ်ဆွဲတဲ့ဘဝ ရောက်နေပြီလို့ ဆိုပါတယ်။ ဆရာများသမဂ္ဂ မပြိုမကွဲမချင်း ပညာရေးပြုပြင်ပြောင်းလဲမှု ဖြစ်လာဖို့ မျှော်လင့်ချက်လည်း မရှိသလောက်ပါပဲတဲ့။

ဆရာ၊ ဆရာမတွေကို စက်ရုံတွေမှာ မတ်တပ်ရပ်ပြီး ပစ္စည်းတပ်ဆင်ရတဲ့ အလုပ်သမားတွေလို့ မမြင်သင့်ပဲ တာကယ့်ပရော်ဖက်ရှယ်တွေလို ဆက်ဆံဖို့လိုပြီး ကျောင်းအုပ်တွေ အနေနဲ့လည်း ဆရာ၊ ဆရာမတွေကို အရည်အချင်းအလိုက် စိတ်ကြိုက်အလုပ်ခန့်ထားခွင့်နဲ့ အလုပ်ဖြုတ်ပိုင်ခွင့် ရှိသင့်ကြောင်း၊ ကျောင်းတွေအနေနဲ့ ညနေ ၆ နာရီလောက်ထိ ဖွင့်ထားသင့်ပြီး တစ်နှစ်မှာ ကျောင်းဖွင့်ရက် ၁၁ လအထိ ရှိသင့်ကြောင်း ဂျော့က သူ့ရဲ့အိုင်ဒီယာတွေကို ကရားရေလွှတ် ပြောနေပါတယ်။ ဂျော့ကဆက်ပြီး အမေရိကန်ကျောင်းတွေမှာ အခုအချိန်ထိ ဆရာ၊ ဆရာမတွေက ဝှိုက်ဘုတ်ရှေ့မှာ သင်ရိုးညွှန်းတမ်းစာအုပ်ကြီးကို သုံးပြီး ရှင်းပြနေသေးတာဟာ ရယ်စရာကောင်း ကြောင်း၊ သင်ကြားရေး အထောက်အကူပြု ပစ္စည်းမှန်သမျှ ဒစ်ဂျစ်တယ်ဟားရှင်းနဲ့ အသုံးပြုသင့်နေပြီ ဖြစ်ကြောင်း ဂျော့က ဆက်အကြံပြုခဲ့ပါတယ်။ သမ္မတအိုဘားမားနဲ့ ဆွေးနွေးပွဲဟာ စိတ်ဝင်စားစရာ အတိနဲ့ ပြီးဆုံးသွားခဲ့ပါတယ်။

၂၀၁၁ ဖေဖော်ဝါရီမှာ ဂျွန်ဒိုရာက သမ္မတအိုဘားမားကို ညစာဖိတ်ကျွေးတဲ့ပွဲမှာ ဂျော့နဲ့ ဂျော့ရဲ့ဇနီး ပါဝဲလ်ကိုလည်း ဖိတ်ကြားထားတဲ့အတွက် ဂျော့နဲ့ သမ္မတအိုဘားမားနဲ့ နောက်တစ်ကြိမ် ထပ်တွေ့ဆုံဖို့ဖြစ်လာပါတယ်။ ပါလိုအယ်တိုက ဂရိစားသောက်ဆိုင်လေး တစ်ခုမှာ လုပ်တဲ့ ထိတ်တန်းညစာစားပွဲကို Google ရဲ့ CEO အဲရစ်စကင့်မ်ဒ်၊ Yahoo က ကားရိုးလ်ဘာ့တ်ဇ်၊ Facebook တည်ထောင်သူ မာ့ခ်ဇူကာဘာ့ခ်၊ Cisco က ဂျွန်ချိန်းဘား၊ Oracle က လာရီအဲလစ်ဆင်၊ Genentech က အာ့တ်လီဗင်ဆင်နဲ့ Netflix က ရိဒ်ဟတ်စတင်းစ် တို့ပါ တက်ရောက်ခဲ့ကြပါတယ်။ အိုဘားမားဘေးမှာ ကပ်ထိုင်နေတဲ့ ဂျော့က “ကျွန်တော်တို့မှာ နိုင်ငံရေးခံယူချက် အသီးသီးရှိကြမှာပါ။ ဒါပေမယ့် ကျွန်တော် သမ္မတကြီးကို သိစေချင်တာကတော့ ကျွန်တော်တို့ အားလုံးဟာ တိုင်းပြည်အတွက် အထောက်အပံ့ ဖြစ်ဖို့ဆိုရင် ဘာပဲခိုင်းခိုင်း လုပ်ပေးဖို့ ဒီမှာ ရောက်နေကြတယ်ဆိုတာကိုပါ” ဆိုတဲ့ စကားနဲ့ ညစာစားပွဲကို စဖွင့်လိုက်ပါတယ်။

တစ်ကယ်တမ်း စဆွေးနွေးကြပြီဆိုတော့ တချို့က နိုင်ငံအတွက် အကျိုးရှိမယ့် ကိစ္စမျိုးကို မဆွေးနွေးပဲ ကိုယ့်အတွက် အကျိုးရှိနိုင်မယ့် ခေါင်းစဉ်တွေကိုသာ ဖိပြောနေကြတဲ့အတွက် သမ္မတကြီးလည်း စိတ်ပျက်စပြုလာတာကို သတိထားမိတဲ့ ဒိုရာက တစ်ယောက်ချင်းဆီကို ကိုယ်တွေးထားတဲ့ အိုင်ဒီယာတွေကို အလှည့်ကျ ပြောစေတဲ့ စနစ်ကို ပြောင်းပေးလိုက်ပါတယ်။

ဂျော့အလှည့်မှာ ဂျော့တင်ပြတဲ့ အိုင်ဒီယာတွေထဲက တစ်ခုကတော့ အမေရိကမှာ စနစ်တကျ လေ့ကျင့်ထားတဲ့ အင်ဂျင်နီယာတွေ နည်းနေတဲ့အတွက် နိုင်ငံခြားကနေ အမေရိကန်ကို လာပြီး အင်ဂျင်နီယာဘွဲ့လာယူသူမှန်သမျှကို နေထိုင်ခွင့် ပါမစ် ထုတ်ပေးသင့်တယ်ဆိုတဲ့ Action Plan ပဲဖြစ်ပြီး သမ္မတအိုဘားမားက ဒီအကြံကို 'အိမ်မက်စိတ်ကူး' (Dream Act) ဆိုပြီး ပယ်ချလိုက်ပါတယ်။ သူ့အိုင်ဒီယာကို ပယ်ချခံလိုက်ရတဲ့အတွက် ဂျော့ရဲ့ မှတ်ချက်စကားကတော့ "သမ္မတကြီးက တော်ပါတယ်၊ ဒါပေမယ့် သူက ဘာကြောင့်မဖြစ်နိုင်လဲဆိုတဲ့ အကြောင်းပြချက်တွေကိုပဲ ကျွန်တော့်ကို လာရှင်းပြနေတယ်။ တော်တော် ဒေါသထွက်ဖို့ကောင်းပါသတဲ့"

ဂျော့က နောက်ထပ် သူ့အိုင်ဒီယာတစ်ခုကို ထပ်တင်ပြပါတယ်။ Apple ဟာ တရုပ်နိုင်ငံမှာ ခန့်ထားတဲ့ စက်ရုံအလုပ်သမားပေါင်း ၇၀၀,၀၀၀ အထိရှိပြီး သူတို့ကို ကြီးကြပ်ကွပ်ကဲဖို့အတွက် အင်ဂျင်နီယာအယောက် ၃၀,၀၀၀ လောက် ခန့်ထားရတယ်လို့ ဆိုပါတယ်။ အမေရိကမှာတော့ ဒီလောက်များတဲ့ အင်ဂျင်နီယာတွေ ရှာတွေ့ဖို့ မလွယ်ပါဘူး။ ဒီအင်ဂျင်နီယာတွေဟာ Ph.D ဘွဲ့ရတွေ ဖြစ်စရာမလိုပဲ အခြေခံကုန်ထုတ်လုပ်ရေးပညာပဲ တတ်ဖို့လိုတာကြောင့် ပြည်တွင်းက နည်းပညာကျောင်းတွေကနေ ဒီလို အင်ဂျင်နီယာမျိုးတွေ ကောင်းကောင်း မွေးထုတ်ပေးနိုင်ပါတယ်။ ဒီလိုသာ သူတို့ကို မွေးထုတ်ပေးနိုင်မယ်ဆိုရင် စက်ရုံတော်တော်များများကို အမေရိကမှာ ပြောင်းဖွင့်လို့ရတယ်လို့ ဂျော့က သုံးသပ်ပြတဲ့အခါ သမ္မတကြီးလည်း ဂျော့ရဲ့ တင်ပြချက်ကို တော်တော်သဘောကျသွားပါတယ်။ ဒီအစည်းအဝေးပြီးတဲ့နောက်မှာ ဂျော့နဲ့ အိုဘားမားတို့ တယ်လီဖုန်း မကြာမကြာဆက်ပြီး ဆွေးနွေးဖြစ်ကြပါသေးတယ်။

## တတိယအကြိမ် ဆေးခွင့်ယူရခြင်း

၂၀၁၁ မှာ ဂျော့ရဲ့ ရောဂါအခြေအနေက ကောင်းမလိုနဲ့ ပိုဆိုးလာပါတယ်။ အစားစားချင်စိတ်လည်း လုံးဝမရှိတော့ပဲ တစ်ကိုယ်လုံးအနှံ့မှာလည်း နာကျင်ကိုက်ခဲတဲ့ ဝေဒနာကို ဆိုးဆိုးရွားရွား ခံစားနေရတဲ့ ဂျော့ဟာ သူ့ရဲ့ ကင်ဆာရောဂါဟာ ပျံ့နှံ့နေပြီဆိုတာ သဘောပေါက်ပါတယ်။ ကင်ဆာက နောက်တစ်ဆင့်တက်လိုက် ဒီထက်ပိုပြင်းတဲ့ ဆေးတွေ ထပ်ပြောင်းသောက်လိုက်နဲ့ ဆေးဝါးနဲ့ပဲ အသက်ဆက်နေရပါတယ်။ ၂၀၁၀ နိုဝင်ဘာလောက်မှာကတည်းက ဂျော့က အစာလုံးဝ မစားတော့တဲ့အတွက် ဂျော့ အစာစားဖို့ကို သီးသန့် နာ့စ်မတစ်ယောက်ငှားပြီး စောင့်ကြှေးနေရတဲ့ အခြေအနေပါ။ ဂျော့ဟာ တဖြည်းဖြည်းနဲ့ ပိုပြီးခံစားထိခိုက် လွယ်လာသလို၊ သုန်သုန်မှုန်မှုန် ပိုဖြစ်ဖြစ်လာပါတယ်။ ဂျော့ဟာ သူကြာကြာမနေရတော့ဘူးဆိုတာ သိလာပါတယ်။ ကလေးတွေနဲ့

စကားပြောတဲ့အခါ မင်းတို့တွေရဲ့ မွေးနေ့ပွဲတွေကိုလည်း ငါနောက်ထပ် ကျင်းပပေးနိုင်မှာ မဟုတ်တော့ဘူးလို့ပြောရင်း ဂျော့ဟာ ဆို့နစ်နေတတ်ပါတယ်။

မိုနာဆင်ပဆွန်တို့ လာလည်တဲ့ အခိုက်အတန့်မှာတော့ ဂျော့ဟာ နည်းနည်း ထူထူထောင်ထောင် ပြန်ဖြစ်လာပြီး ပါဝဲလ်နဲ့အတူ အပြင်ထွက်ပြီး ညစာစားနိုင်တဲ့ အခြေအနေတောင် ပြန်ရောက်လာပါတယ်။ ၂၀၁၁ နှစ်အစပိုင်း အရောက်မှာတော့ ဂျော့ရဲ့ ကင်ဆာဟာ ပိုပြန့်လာပြီး ဒီအခြေအနေကြောင့် အစာစားချင်စိတ်ကို ပိုလျော့နည်းစေတယ်ဆိုတာ ဆရာဝန်တွေကိုယ်တိုင် သဘောပေါက်လာပါတယ်။ တစ်ကိုယ်လုံးမှာ ရစရာမရှိအောင် အရိုက်ခံထားရသလို နာနေတယ်လို့ ပြောတတ်တဲ့ ဂျော့ဟာ တစ်ချိန်လုံး ဝေဒနာကြောင့် ညည်းတွားအော်ဟစ်နေရပါတယ်။ အဆိုးပေါ် အဆိုးထပ်နေတဲ့ အခြေအနေလို့ ဆိုရမှာပါ။ ပထမ ကင်ဆာ စဖြစ်လာတော့ တစ်ကိုယ်လုံး နာကျင်လာမယ်၊ နာကျင်တဲ့အတွက် မော်ဖင်းတွေ၊ အနာလျော့ဆေးတွေပေးတော့ ဒီဆေးတွေက အစာစားချင်စိတ်ကို လျော့နည်းစေပါတယ်။ ဂျော့ရဲ့ ပန်ကရိယက တစ်ခြမ်းဖဲ့ထုတ်ထားရပြီး အသည်းကိုလည်း အစားထိုးခွဲစိတ်ထားရတဲ့ အတွက် အစာခြေစနစ်တွေလည်း ကမောက်ကမဖြစ်ပြီး အဟာရဓာတ်တွေကိုလည်း ကောင်းကောင်း မစုပ်ယူနိုင်တော့ပါဘူး။ ကိုယ်အလေးချိန် ကျလာတဲ့ အတွက်လည်း ဆေးပြင်းပြင်းတွေရဲ့ ဒဏ်ကို မခံနိုင်ဖြစ်လာပါတယ်။ ဒီလိုအခြေနေကြောင့် စိတ်တွေလည်း ထိခိုက်လာပြီး ဒေါသထွက်ခြင်းနဲ့ စိတ်ဓါတ်ကျခြင်းရဲ့ ဒဏ်ကြောင့်လည်း အခြေအနေတွေကို ပိုဆိုးစေပါတယ်။

ပိန်ချုံးချိန့်နေတဲ့ ဂျော့ရဲ့ ဓာတ်ပုံတွေ၊ ဗီဒီယိုတွေ အင်တာနက်ပေါ် ရောက်သွားတဲ့အခါ ဂျော့ရဲ့ ရောဂါအခြေအနေနဲ့ ပက်သက်တဲ့ ကောလဟာလတွေလည်း အပြင်မှာ ပြန့်နေပါတယ်။ ပြဿနာကတော့ ဒါတွေဟာ ကောလဟာလ မဟုတ်ဘူးဆိုတာပါပဲ။ ပါဝဲလ်လည်း ဒီအချက်ကို သဘောပေါက်လာတဲ့အတွက် ဂျော့ကို ဆေးခွင့်ထပ်ယူဖို့ တိုက်တွန်းတော့ သိတဲ့အတိုင်းပါပဲ။ ဂျော့က လက်မခံပါဘူး။ ဒီကုမ္ပဏီကို ဒီလိုအခြေအနေမှာ စွန့်ခွာထားခဲ့ဖို့ဆိုတာ ကိုယ့်အမိမြေကို စွန့်ခွာရသလိုဖြစ်ပြီး ပြန်လာခွင့် ရဖို့ဆိုတာလည်း မရေရာတော့တာ အမှန်ပါပဲ။ နောက်ဆုံးမှာတော့ မရှောင်လွှဲသာတဲ့ အခြေအနေမှန်ကို ဂျော့လည်း ငြင်းကွယ်လို့ မရတော့တဲ့အတွက် ၂၀၁၁ ဇန်နဝါရီမှာ တတိယအကြိမ် ဆေးခွင့်ထပ်ယူခဲ့ရပါတယ်။

အလုပ်ကနေ ဂျော့ ဆေးခွင့်ယူလိုက်ရပြီး မကြာခင်မှာပဲ ဂျော့နဲ့ နှစ်အတော်ကြာ အဆက်အသွယ်ပြတ်တောက်နေတဲ့ သမီးဖြစ်သူ လီဆာဘရန်နန် ဂျော့ဆီရောက်လာပါတယ်။ လီဆာဟာ အစွန့်ပစ်ခံသမီးတစ်ယောက်ပါ။ ၁၀ နှစ်သမီး အရွယ်လောက်ထိ ဂျော့က စွန့်ပစ်ထားခဲ့

တာကြောင့် စိတ်ဒဏ်ရာတွေ မကျက်သေးပေမယ့် ဂျော့ရဲ့ အရေးကြီးတဲ့ အခြေအနေကြောင့် နယူးယောက်ကနေ ရောက်လာခဲ့ပါတယ်။ အဖေကို မကျေနပ်တဲ့ စိတ်နဲ့ တစ်သက်လုံး နေသွားမယ့်အစား အရာအားလုံးကို ခွင့်လွှတ်ဖြေဖျောက်လိုက်တော့မယ် ဆိုတဲ့စိတ်နဲ့ လီဆာ ရောက်လာခဲ့တာပါ။ လီဆာ ရောက်လာတဲ့အတွက် ဂျော့ နည်းနည်း ပြန်ကျန်းမာလာသလို ဖြစ်လာပါတယ်။ သမီးဖြစ်သူရဲ့ ခွင့်လွှတ်မှုကိုရပြီး ဆက်ဆံရေး ပြန်ပြေလည်သွားတဲ့အတွက် ဂျော့က လီဆာကို သူနဲ့အတူနေရဖို့ ပါလိုအယ်တိုကို ရွှေ့ခဲ့ဖို့ခေါ်ပါတယ်။ "ဒီလောကကြီးမှာ ဘယ်လောက် ကြာကြာ ဆက်နေရမလဲဆိုတာ အဖေ မသိတော့ဘူး။ ဆရာဝန်တွေလည်း ဘာမှ သေချာ မပြောနိုင်ဘူး။ သမီး အဖေနဲ့ ကြာကြာဆက်ရှိနေချင်သေးတယ် ဆိုရင် ဒီကိုပြောင်းလာနေမှ ရမယ်။ ဒီအတွက် စဥ်းစားကြည့်ပါဦး" လို့ ဂျော့က ပြောပေမယ့် ဂျော့ဆီကို ပြောင်းလာဖို့ လီဆာ့အတွက် အခြေအနေမပေးပါဘူး။ ဂျော့ဆီကို ပြောင်းလာဖို့ အဆင်မပြေပေမယ့် သားအဖနှစ်ယောက်ကြားက အဖုအထစ်တစ်ခုကို ချေဖျက်ပေးနိုင်ခဲ့တဲ့ အတွက် ဂျော့အတွက် အတော်လေး စိတ်သက်သာရာ ရသွားစေပါတယ်။

ဂျော့ဆီကို လာလည်တဲ့ နောက်တစ်ယောက်ကတော့ ဂူဂယ်လ် တည်ထောင်သူ လာရီပေ့ချ်ပါ။ လာရီပေ့ချ်က ဂျော့ဆီကို လာတွေ့ပြီး CEO ကောင်းတစ်ယောက်ဖြစ်ဖို့ လိုအပ်တဲ့ လျှို့ဝှက်ချက်လေးတွေကို သူတို့ဆီ လာဟောပြောပေးပါဦးလို့ ဂျော့ကို စိတ်အားတက်လာအောင် စကားခေါ်လိုက်ပါတယ်။ ဒါပေမယ့် ဂျော့က ဂူဂယ်လ်ကို ဒေါသမပြေသေးပါဘူး။ "ပထမတော့ 'ချီးပဲ' လို့ ဆဲလွှတ်မလို့ပဲ၊ ဒါပေမယ့် ကိုယ်ငယ်ငယ်တုန်းကလည်း ကိုယ့်ကို လူတွေအများကြီး ကူညီခဲ့ကြတာပါလားလို့ တွေးမိလိုက်တယ်။ HP မှာလုပ်တဲ့ အိမ်ဘေးက အင်ဂျင်နီယာကစလို့ ဘီလ်ဟျူးလတ်တို့ အဆုံးပေါ့။ အားလုံးက ကူညီခဲ့ကြတယ်။ ဒါကိုတွေးမိသွားတာနဲ့ လာရီပေ့ချ် ကမ်းလှမ်းတာကို လုပ်ပေးပ့ါမယ်လို့ သဘောတူလိုက်တာ" လို့ ဂျော့က ပြောပါတယ်။ လာရီပေ့ချ်ဟာ ဂျော့ရဲ့ ခုတင်ဘေးမှာ ထိုင်ပြီး အောင်မြင်တဲ့ ထုတ်ကုန်တွေနဲ့ ရေရှည်တည်တံ့တဲ့ ကုမ္ပဏီတစ်ခုကို တည်ဆောက်ချင်တယ် ဆိုရင် အာရုံစူးစိုက်မှုပြတ်သားဖို့ အရေးကြီးပြီး လူရွေးတာ မှန်ဖို့လိုကြောင်း၊ ထိပ်သီးလက်ရွေးစင် A အဆင့် ပလေယာအဖွဲ့ တစ်ဖွဲ့ကို ဘယ်လိုတည်ဆောက်ထားဖို့ လိုကြောင်း စတဲ့ ဂျော့ရဲ့ ဩဝါဒတွေကို အချိန်အကြာကြီး နားထောင်သွားပါတယ်။

ဂျော့ဆီကို လူမမာလာမေးတဲ့ အထဲမှာ အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်လည်းပါပြီး အရှေ့အလယ်ပိုင်း ပြဿနာတွေနဲ့ အမေရိကန်နိုင်ငံရေး အကြောင်းတွေ တစ်သီတစ်တန်းကြီး ပြောသွားပါတယ်။ ဒီအထဲမှာ အထူးခြားဆုံးနဲ့ စိတ်အထိခိုက်ရဆုံး တွေ့ဆုံမှုကို ဖြစ်စေတာကတော့

နည်းပညာလောကထဲမှာ နှစ် ၃၀ လုံးလုံး ဂျော့ရဲ့ မဟာပြိုင်ဖက်ကြီး ဖြစ်ခဲ့တဲ့ ဘီလ်ဂိတ်ပါပဲ။ နှစ်ယောက်စလုံးနဲ့ ခင်နေတဲ့ ပိုက်စလီတ် ကနေမှတစ်ဆင့် အစီအစဥ်လုပ်ပြီး ဘီလ်ဂိတ်ဟာ မေလလောက်မှာ ဂျော့ကို လာတွေ့ခဲ့ပါတယ်။ ဘီလ်ဂိတ်ဟာ ဂျော့နဲ့ ၃ နာရီလောက်ကြာအောင် နှစ်ယောက်တည်း ထိုင်စကားပြောခဲ့ပြီး ဘီလ်ဂိတ်ဟာ အရမ်းကို ပျော်ရွှင်ကျန်းမာနေတဲ့ ပုံပါပဲ။ ပိန်ချုံးချည့်နဲ့နေပေမယ့် သူထင်ထားတာထက် ပိုပြီး ခွန်အားတွေရှိနေပုံပေါက်တဲ့ ဂျော့ကို တွေ့လိုက်ရတဲ့ အတွက် ဘီလ်ဂိတ် အံ့သြသွားပါတယ်။ ဂျော့က သူ့ရဲ့ကျန်းမာရေး အခြေအနေကို ပွင့်ပွင့်လင်းလင်းပဲ ပြောခဲ့ပြီး ပညာရေးစနစ် အကြောင်းတွေလည်း အကြာကြီး ဆွေးနွေးခဲ့ကြတဲ့ အပြင် မှန်ကန်တဲ့ အိမ်ထောင်ဖက်နဲ့ တွေ့ပြီး လိမ္မာတဲ့ သားသမီးတွေနဲ့ တည်ဆောက်ထားတဲ့ မိသားစုဘဝဟာ ဘယ်လောက် ပျော်စရာကောင်းလဲဆိုတဲ့ အကြောင်းတွေကိုလည်း တခုတ်တရ ပြောဖြစ်ခဲ့ကြပါတယ်။ သူတို့ရဲ့ သားသမီးတွေဖြစ်ရတာ ဘယ်လောက် စိန်ခေါ်မှု ကြီးမားတယ် ဆိုတဲ့အကြောင်း၊ အဲဒါကို သူတို့အနေနဲ့ ဘယ်လို ထိန်းကျောင်းပဲ့ကိုင်ရတယ် ဆိုတဲ့အကြောင်းတွေ အထိ ပဂ္ဂိုလ်ရေးဆန်ဆန်ကိစ္စတွေကိုလည်း တရင်းတနှီး ပြောဖြစ်ခဲ့ကြတယ်လို့ ဘီလ်ဂိတ်က ပြန်ပြောပြပါတယ်။

## နောက်ဆုံးနေ့ရက်များ

ဂျော့ဟာ ကင်ဆာရောဂါဆိုးကြောင့် ဝေဒနာနဲ့ အိပ်ယာထဲလဲနေရတဲ့ အခြေအနေရောက်နေပေမယ့် ကျောင်းသုံးစာအုပ်တွေ နေရာမှာ ဒစ်ဂျစ်တယ်စာအုပ်တွေနဲ့ အစားထိုးပြီး သင်ရိုးညွှန်းတမ်းတွေကို ဒစ်ဂျစ်တယ်နည်းပညာ အထောက်အကူနဲ့ iPad မှာ သုံးလို့ရအောင် တော်လှန်ပြောင်းလဲပစ်ချင်တဲ့ အိုင်ဒီယာအသစ်တွေက ခေါင်းထဲမှာ ရှိဆဲပါပဲ။ အဆင့်မြင့်နည်းပညာ ပါတဲ့ တယ်လီဗီးရှင်းစက်တွေ ထုတ်လုပ်ဖို့နဲ့ iPhone ရဲ့ ကင်မရာစနစ်ကို အဆင့်မြှင့်ဖို့ စတဲ့ စိတ်ကူးစိတ်သန်းများစွာလည်း ရှိနေခဲ့ပါတယ်။ ဒါပေမယ့် ဘယ်လိုပဲ အိုင်ဒီယာကောင်းတွေရှိရှိ ဂျော့ရဲ့ ရောဂါအခြေအနေကတော့ မလိုချင်တဲ့ အခြေနေဆီကိုပဲ အတင်းတွန်းပို့နေပါတယ်။

၂၀၁၁ ဇူလိုင်လ အရောက်မှာ ဂျော့ရဲ့ ကင်ဆာရောဂါက အရိုးတွေထိ ကူးဆက်ပြီး ခန္ဓာကိုယ်ရဲ့ တစ်ခြားအစိတ်အပိုင်းတွေဆီကိုပါ ပျံ့နှံ့လာပြီဖြစ်တဲ့အတွက် ဆရာဝန်တွေကလည်း ဒီအခြေအနေတွေကို ရပ်တန့်တားဆီးနိုင်မယ့် ကုသနည်းအသစ်တွေကို မရှာနိုင်တော့တဲ့ အခြေအနေရောက်သွားပါပြီ။ ဂျော့ဟာ ခန္ဓာကိုယ်တစ်ခုလုံး နာကျင်နေပြီး ကောင်းကောင်းလည်း အိပ်လို့မရတော့သလို အစားလည်း လုံးဝမစားတော့သလောက် ဖြစ်နေတဲ့အတွက် အင်အားတွေပါ အလွန်အမင်း

ဆုတ်ယုတ်လာပါတယ်။ ဩဂုတ်လလောက်မှာတော့ သူ့ဆီကို လာတွေ့ဖို့ မက်ဆေ့ချ်လှမ်းပို့တဲ့အတွက် ဂျော့ဆီကို သွားတွေ့ခဲ့ပါတယ်။ ကာကီရောင် ဘောင်းဘီတိုနဲ့ အဖြူရောင်လည်ကျပ်အင်္ကျီဝတ်ထားတဲ့ ဂျော့ဟာ အိပ်ယာထဲမှာ လှဲနေပါတယ်။ ခြေသလုံးလေးတွေဟာ တကယ့်ကို ဝါးခြမ်းပြားလို ပိန်ကပ်နေပြီး ကျွန်တော်ဝင်လာတာကို မြင်တဲ့အခါ ခပ်ယဲ့ယဲ့အပြုံးနဲ့ "လုပ်စရာရှိတာ မြန်မြန်လုပ်ရအောင်။ ကျွန်တော့်မှာ အင်အားရယ်လို့ ယဲ့ယဲ့ပဲ ကျန်တော့တယ်" လို့ ပြောပြီး အံဆွဲတစ်ခုထဲက သူ့ဓာတ်ပုံအယ်လ်ဘမ်ကို ယူခိုင်းပါတယ်။

ဂျော့ရဲ့ ခုတင်ဘေးမှာထိုင်ပြီး အယ်လ်ဘမ်ထဲက သူ့ဓာတ်ပုံဟောင်းတွေကို တစ်ခုခြင်းထုတ်ပြတော့ ဂျော့က ဒီစာအုပ်မှာသုံးလို့အဆင်ပြေမယ်ထင်တဲ့ပုံတွေ ရွေးပေးပါတယ်။ ဓာတ်ပုံဟောင်းတွေကို ပြန်ကြည့်နေတဲ့ အခိုက်အတန့်မှာတော့ ဂျော့ဟာ အင်အားပြန်ပြည့်လာသလို ထင်ရပါတယ်။ ဓာတ်ပုံထဲမှာပါတဲ့ အတိတ်အကြောင်းတွေကို ပြန်ပြောကြရင်း စကားလမ်းကြောင်းက လက်ရှိစီးပွားရေးနဲ့ နိုင်ငံရေးအခြေအနေ အကြောင်းကို ရောက်သွားတော့ ဂျော့က ဒီနေ့ခေတ် တစ်ကမ္ဘာလုံးမှာ ခေါင်းဆောင်ကောင်းတွေ ရှားပါးနေပြီလို့ မှတ်ချက်ချပါတယ်။ "ကျွန်တော် အိုဘားမားကို တော်တော်စိတ်ပျက်နေပြီ။ သူက လူတွေကို ဆဲစရာရှိတာ ဆဲပြီး၊ နာအောင်ပြောဖို့ လိုရင်ပြောဖို့ တွန့်နေတဲ့အတွက် ခေါင်းဆောင်ရတာ အခက်အခဲဖြစ်နေတာ" လို့ ဆိုပါတယ်။ ကျွန်တော် ဘာတွေးနေလဲ ဆိုတာကိုလည်း သိတဲ့အတွက် ဂျော့က ခပ်ပြုံးပြုံး မျက်နှာပေးနဲ့ "ဟုတ်တယ်၊ ကျွန်တော်ကတော့ ဒီလိုပြောဖို့ ဘယ်တော့မှ တွန့်ဆုတ်တတ်တာ မဟုတ်ဘူး" လို့ တစ်ဆက်တည်း ဖြည့်ပြောလိုက်ပါတယ်။

၂ နာရီလောက်ကြာအောင် စကားတွေပြောပြီးတဲ့ နောက်မှာတော့ ဂျော့ တစ်ယောက် ငြိမ်ကျသွားတဲ့အတွက် ကျွန်တော်က ပြန်မယ်အလုပ်မှာ ဂျော့က နေဦးလို့ လှမ်းပြောပြီး ပြန်ထိုင်ဖို့ အချက်ပြပါတယ်။ ဂျော့ဟာ မောနေတဲ့အတွက် ချက်ခြင်းစကားမပြောနိုင်ပါဘူး၊ ၂ မိနစ်လောက်ကြာအောင် အားယူပြီးမှ ဂျော့က "ဒီပရောဂျက် အတွက် ကျွန်တော်ပူပန်မိတာ တစ်ခုရှိတယ်။ ကျွန်တော် တကယ့်ကို စိုးရိမ်မိတယ်" လို့ ဆိုပါတယ်။ ဒီစာအုပ်နဲ့ ပက်သက်တဲ့ ကိစ္စကို ပြောတာပါ။ "ကျွန်တော့်ကလေးတွေ ကျွန်တော့်ကို နားလည်စေချင်တယ်။ ကျွန်တော် သေသွားပြီးရင် တခြားလူတွေလည်း ကျွန်တော့်အကြောင်း ရေးကြမှာပဲ။ ဒါပေမယ့် သူတို့က ဘာမှသိမှာ မဟုတ်တဲ့အတွက် ရေးသမျှ အကုန်လုံးမှားမှာပဲ။ ဒါကြောင့်... ကျွန်တော် မပြေမဖြစ် ပြောရမယ့် စကားတွေကို တချို့လူတွေ ကြားသွားခဲ့တယ် ဆိုတာ သေချာစေချင်တယ်" လို့ ဂျော့က နောက်ဆုံးမှာ ထုတ်ပြောလာပါတယ်။

ကျွန်တော် ဂျော့အကြောင်းစာအုပ် စရေးလာတာ ၂ နှစ်ကျော် ကြာခဲ့ပေမယ့် သူ့အကြောင်း ကျွန်တော် ဘာတွေရေးပြီး ဘာတွေ ဝေဖန်မလဲဆိုတာ တစ်ခါမှ မမေးကြည့်ခဲ့ဖူးပါဘူး။ အခုမှ ဂျော့ စပြောပါပြီ။ ဂျော့က ကျွန်တော့်ကို ကြည့်ရင်း "ခင်ဗျားစာအုပ်ထဲမှာ ကျွန်တော် မကြိုက်တဲ့ အချက်တွေ အများကြီးပါမှာ ကျွန်တော်သိပါတယ်" လို့ ပြောလာတော့ ကျွန်တော်ကလည်း ခေါင်းညိတ်ထောက်ခံလိုက်ပြီး ဒီအကြောင်းတွေဟာ အမှန်အတိုင်းဖြစ်ဖို့တော့ အာမခံပါတယ်လို့ ပြန်ပြောလိုက်ပါတယ်။ ဒီတော့ ဂျော့က "ဒါကောင်းပါတယ်။ ကိုယ့်အိမ်ထဲတင် ကိုယ်ကျိတ်ပြီး ရေးထားတဲ့ စာအုပ်တစ်အုပ် မဖြစ်တော့ဘူးပေါ့။ ခင်ဗျားစာအုပ် ပြီးသွားလည်း လောလောဆယ်တော့ စိတ်မတိုချင်သေးတဲ့ အတွက် ကျွန်တော် မဖတ်သေးပါဘူး။ မသေသေးဘူးဆိုရင်တော့ နောက်တစ်နှစ်လောက် နေမှပဲ ဖတ်ဖြစ်ပါလိမ့်မယ်" လို့ ပြောရင်း အားကုန်သွားတဲ့အတွက် မျက်လုံးတွေ မှိတ်ပြီး မှိန်းသွားတော့ ကျွန်တော်လည်း အသာလေး ထပြန်လာလိုက်ပါတယ်။

ဂျော့ဟာ ကျန်းမာရေးအခြေနေ ဆိုးရွားလာပြီးတဲ့နောက်မှာတော့ ရှောင်လွှဲမရတဲ့ အခြေအနေ တွေကို ကိုယ်တိုင် လက်ခံလာရပါတယ်။ Apple ကို CEO အဖြစ်နဲ့လည်း ပြန်လာနိုင်မှာ မဟုတ်တော့တဲ့ အတွက် သူ့အတွက် နုတ်ထွက်ရမယ့်အချိန်ကို ရောက်လာပြီဆိုတာ သဘောပေါက် ပါတယ်။ နုတ်ထွက်ဖို့ ဆိုတဲ့ ဆုံးဖြတ်ချက်ကို ချနိုင်ဖို့ ရက်အတော်ကြာကြာ လွန်ဆွဲနေပြီးတဲ့နောက် ဂျော့ဟာ ဇနီးဖြစ်သူ ပါဝဲလ် အပါအဝင် ဘီလ်ကမ့်ဘဲလ်၊ ဂျွန်နီအိုဗ်၊ ဂျော့ချ်ရိုင်လီ တို့နဲ့ တိုင်ပင်ပြီး Apple က နုတ်ထွက်ဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။ ဂျော့ရဲ့ ဆန္ဒကတော့ သူနုတ်ထွက်တဲ့အခါမှာ ပါဝါအလွှဲအပြောင်းတစ်ခုကို ဘယ်လို မှန်မှန်ကန်ကန်၊ ချောချောမွေ့မွေ့နဲ့ လွှဲပြောင်းပေးရလဲ ဆိုတဲ့ ဥပမာကောင်း တစ်ခု Apple အတွက် ချန်ထားပေးခဲ့ဖို့ပါ။ ဟိုးလွန်ခဲ့တဲ့ ၃၅ နှစ်လောက်တုန်းက Apple ရဲ့ ပါဝါကို ဘယ်လိုကမောက်ကမနဲ့ သူလက်လွှတ်ခဲ့ရလဲ ဆိုတာကိုလည်း ရယ်စရာလုပ်ပြီး ပြန်ပြောနေပါသေးတယ်။

ဩဂုတ် ၂၄ ရက်နေ့မှာ လုပ်မယ့် Apple ရဲ့ ပုံမှန် ဘုတ်အဖွဲ့အစည်းအဝေးနေ့မှာ အလွှဲအပြောင်းကိစ္စကို လုပ်ဖို့ အကောင်းဆုံးဖြစ်မယ်လို့ ဂျော့က ဆုံးဖြတ်လိုက်ပါတယ်။ CEO အဖြစ် အာဏာလွှဲပြောင်းပေးအပ်မယ့် ကိစ္စကို ဂျော့က ဖုန်းဆက်ပြောတာတို့၊ စာတစ်စောင်လောက်ရေးပြီး ပြီးသွားတာတို့ မလုပ်ချင်ပဲ လူကိုယ်တိုင်သွားပြီး ကိုယ်တိုင်ကိုယ်ကျ လွှဲအပ်ပေးရမှ ကျေနပ်မှာပါ။ အဲဒီနေ့မှာ အားပြန်ပြည့်နေဖို့အတွက် ဂျော့ဟာ သူ့ကိုယ်သူ အတင်းမောင်းပြီး အစားပြန်စားလာပါ တယ်။ အစည်းအဝေး မတိုင်ခင် တစ်ရက်မှာ ဂျော့ကာသူ့ကိုယ်သူ အားပြည့် နေပြီလို့ ထင်ပေမယ့် တကယ်တမ်း အစည်းအဝေးနေ့မှာတော့ ဝှီးချဲလ်နဲ့ တင်ခေါ်သွားခဲ့ရတာပါ။ အဲဒီနေ့ရဲ့

အစီအစဥ်ကတော့ ဂျော့ကို Apple ရုံးချုပ်ရှိရာ ကားမောင်းပို့ပြီး အစည်းအဝေးခန်းထဲကို ဝှီးချဲလ်နဲ့ တတ်နိုင်သမျှ ဘယ်သူမှမမြင်အောင် လျှို့ဝှက် ခေါ်သွားဖို့ပါပဲ။

အစည်းအဝေးခန်းမထဲကို နေ့လည် ၁၁ နာရီလောက်မှာ ဝှီးချဲလ်ကြီးနဲ့ ဂျော့ ဝင်လာတော့ ဘာတွေဆက်ဖြစ်မယ် ဆိုတာကို ဘုတ်အဖွဲ့ဝင် တော်တော်များများလည်း သိနေပါပြီ။ ဂျော့က တင်မ်ကွတ် အပါအဝင် ကျန်တဲ့ ထိပ်တန်းမန်နေဂျာတွေအားလုံး ခဏအပြင်ထွက် ရှောင်ပေးဖို့ တောင်းဆိုလိုက်ပြီး ပြင်ပဘုတ်အဖွဲ့ဝင် ၆ ယောက်ပဲ ကျန်နေချိန်မှာ သူ ကြိုတင်ရေးသားလာတဲ့ စာကိုကြည့်ပြီး ဖတ်ပြလိုက်ပါတယ်။ “Apple ရဲ့ CEO အဖြစ် ကျွန်တော် ထမ်းဆောင်ရမယ့် တာဝန်တွေနဲ့ မျှော်မှန်းချက်တွေကို ပြည့်မီအောင် မစွမ်းဆောင်နိုင်တော့တဲ့ တစ်နေ့ကို ရောက်လာခဲ့မယ်ဆိုရင် အဲဒီအကြောင်းကို ပထမဆုံး အသိပေးမယ့်သူက ကျွန်တော်ပဲ ဖြစ်စေရမယ် လို့ အမြဲပြောခဲ့ပါတယ်။ ကံဆိုးစွာပဲ အဲဒီနေ့က ရောက်လာခဲ့ပါပြီ” ဆိုတဲ့ အကြောင်းနဲ့ စထားတဲ့ ဂျော့ရဲ့ နုတ်ထွက်စာဟာ သွယ်ဝိုက်တဲ့ သဘောမပါပဲ ရိုးရှင်းပြီး စာကြောင်းရေ ၈ ကြောင်းပဲ ပါပါတယ်။ စာထဲမှာ တင်မ်ကွတ်ကို CEO အဖြစ် လွှဲပြောင်း ခန့်အပ်ဖို့ အကြံပြုထားပါတယ်။

ဂျော့ရဲ့စာကို ဖတ်ပြီးသွားတဲ့အချိန်မှာ တစ်ခန်းလုံး ဘာသံမှ မကြားရအောင် အချိန်အကြာကြီး တိတ်ဆိတ်သွားပါတယ်။ အယ်လ်ဂိုးက ဂျော့ကို ချီးကျူးစကား စပြောပြီး တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက် ပါတယ်။ နောက်တော့ မစ်ကီဒရက်စလာက ချီးကျူးစကား ထပ်ပြောပြီး အာ့တ်လီဗင်ဆန် က ဂျော့ရဲ့ ပညာသားပါပြီး ချောမွေ့တဲ့ တာဝန်လွှဲပြောင်းမှုကို ထောပနာပြုပါတယ်။ အီလ်ကမ့်ဘဲလ် ကတော့ ဘာမှ မပြောတော့ပါဘူး။ သူ့ရဲ့ မျက်လုံးထဲမှာ မျက်ရည်တွေနဲ့ ပြည့်နေ ပါတယ်။

ရာထူးလွှဲပြောင်းတဲ့ အခမ်းအနား အောင်အောင်မြင်မြင်နဲ့ ပြီးဆုံးသွားပြီးတဲ့ နောက်မှာတော့ အင်ဂျင်နီယာတစ်ချို့က ရှေ့ဆက်ထုတ်မယ့် Apple ရဲ့ ပစ္စည်းတစ်ချို့ကို ဂျော့ကို ထုတ်ပြကြပြီး ဂျော့ကလည်း အပြန်အလှန် မေးခွန်းတွေမေးရင်း အကြောင်းအရာက တက်ဘလက် ကွန်ပျူတာတွေ အကြောင်းကို ရောက်သွားပါတယ်။ ဝန်ထမ်းတစ်ယောက်က HP ဟာ iPad နဲ့ မယှဥ်နိုင်တဲ့အတွက် တက်ဘလက်နည်းပညာလောက က လက်မြှောက်အရှုံးပေး ထွက်သွားရတဲ့အကြောင်း ဝမ်းသာ အားရနဲ့ ပြောလိုက်တဲ့အခါ ဂျော့ မျက်နှာညှိုးသွားပြီး ဒါဟာ ဝမ်းသာစရာ မဟုတ်ပဲ ဝမ်းနည်းစရာ အကောင်းဆုံးကိစ္စ ပဲလို့ ဆိုပါတယ်။ “ဟျူးလတ်နဲ့ ပက်ခါ့တ် တို့ တည်ထောင်ခဲ့တဲ့ HP ကုမ္ပဏီဟာ တကယ့်ကြီးကျယ်တဲ့ ကုမ္ပဏီတစ်ခုဖြစ်ပြီး ဒီနယ်ပယ်မှာ အားကိုးရတဲ့ Apple ရှိလာပြီလို့ ယူဆပြီး သူတို့ဟာ ထွက်ခွာသွားခဲ့တာသာဖြစ်တယ်။ အခု ဒီကုမ္ပဏီဟာ တစ်စစီဖြစ်ပြီး ဖျက်စီးခံလိုက်ရပြီ။ ဒါဟာ ကြေကွဲဖို့ကောင်းပါတယ်။ Apple မှာတော့ ဒီလိုအဖြစ်မျိုးနဲ့ မကြုံရစေဖို့အတွက် ငါ့အနေနဲ့

ဒီထက် ပိုခိုင်မာတဲ့ သမိုင်းကြောင်းမျိုး ချန်ထားခဲ့နိုင်းမယ်လို့ပဲ မျှော်လင့်ပါတယ်” လို့ ပြောရင်း ဂျော့ပြန်ဖို့လုပ်တဲ့အခါ ဘုတ်အဖွဲ့ဝင်တွေ အားလုံးက ဂျော့ကို ပွေ့ဖက် နှုတ်ဆက်ကြပါတယ်။

# အခန်း(၂၄)

# နှုတ်ဆက်ထွက်ခွာချိန်



ငယ်စဉ်ကတည်းက ဆီလီကွန်တောင်ကြားမှာ ကြီးပြီး နည်းပညာ မော်ဂုံတောကြီးရဲ့ ဖမ်းစားမှု အောက်မှာ ဖြတ်သန်းခဲ့တဲ့ ဂျော့ဟာ ဆယ်ကျော်သက်အရွယ်မှာ ‘ဇင်’ ဗုဒ္ဓဘာသာရဲ့ ညှို့ငင်မှုအောက်မှာ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ ပုစ္ဆာတွေရဲ့ အဖြေကိုရှာရင်း စတိုင်ဂျော့ရယ်လို့ ရုပ်လုံးပေါ်လာစေမယ့် ကိုယ်ရည်ကိုယ်သွေးကို တည်ဆောက်နေခဲ့ပါတယ်။ စွန့်ပစ်ခံဘဝ၊ ဆီလီကွန်တောင်ကြား၊ ကွန်ပျူတာနည်းပညာ၊ ဇင်ဗုဒ္ဓဘာသာ စတဲ့ အကြောင်းအရာတွေဟာ ဂျော့ရဲ့ ကိုယ်ရည်ကိုယ်သွေး၊ အတွေးအခေါ်နဲ့ အကျင့်စရိုက်တွေကို အနည်ကျစေခဲ့တဲ့ အခြေခံတွေလို့ ဆိုရပါမယ်။ သူ့ရဲ့ ကိုယ်ကျင့်စရိုက်နဲ့ အတွေးအခေါ်ဟာ သူဖန်တီးခဲ့တဲ့ ကုန်ပစ္စည်းတွေမှာ ထင်ဟပ်နေတာ တွေ့ရပါတယ်။ Apple ကုမ္ပဏီတစ်ခုလုံးရဲ့ ခံယူချက်နဲ့ မူဝါဒကစပြီး၊ မက်ကင်းတော့ရှ် ကွန်ပျူတာအပါအဝင် နောက်ပိုင်း iPad မျိုးဆက်သစ်တွေ အထိ ဂျော့ရဲ့ ဗီဇနဲ့ အတွေးအခေါ်က အသက်ဝိညာဉ်လို ပူးတွဲပါဝင်နေပါတယ်။ ဆော့ဖ်ဝဲနဲ့ ဟာ့ဒ်ဝဲ တစ်သားတည်းဖြစ်ရေး ဆိုတဲ့ မူဝါဒကို တစ်လျှောက်လုံး စွဲကိုင်လာခဲ့သူ ဂျော့ပါ။

တစ်ဖက်လူရဲ့ မျက်လုံးထဲကို မျက်တောင်မခတ်စတမ်း စူးစိုက်ကြည့်တတ်တဲ့ အကျင့်ကို အထူးလေ့ကျင့်ထားတဲ့ ဂျော့ဟာ လိုအပ်လာရင် မယုံနိုင်စရာ ကောင်းလောက်အောင်လည်း

ချစ်စရာကောင်းတဲ့ ဆွဲဆောင်မှုမျိုးကို ဖန်တီးနိုင်သူပါ။ သူ့မျက်စိရှေ့မှာတော့ အရာရာဟာ အံ့မခန်းလက်ရာ ဖြစ်ရင်ဖြစ်၊ ဒါမှမဟုတ်လို့ကတော့ တစ်စက်မှ သုံးစားမရတဲ့ ဖွတ်လချီးပစ္စည်းလို့ပဲ သတ်မှတ်ခံရပါလိမ့်မယ်။ ဂျော့အတွက်တော့ သိပ်ကောင်းတဲ့ အဆင့်နဲ့ သိပ်ညံ့တဲ့အဆင့် ကြားက အလယ်အလတ်အဆင့် ဆိုတာကို နားလည်သလိုရှိတယ်လို့လည်း မထင်ပါဘူး။ ဒါကြောင့်လည်း သာမန်တော်ရုံနဲ့ ဂျော့နားမှာ ကြာကြာမခံနိုင်ပဲ A အဆင့် ကစားသမား အရည်အသွေးမျိုးရှိတဲ့ ဒေါင်ဒေါင်မြည် ပုဂ္ဂိုလ်တွေသာ ဂျော့နဲ့ ရေရှည်လက်တွဲလို့ရတာ ဖြစ်ပါတယ်။ တစ်ဖက်လူအပေါ်မှာ အစာအနာမရှိ ဝေဖန်ထိုးနှက်တတ်သလို လူတစ်ဖက်သားကို နာအောင်ပြောချလိုက်ဖို့လည်း ဘယ်တုန်းကမှ ဝန်မလေးခဲ့တဲ့ ဂျော့ဟာ Apple ကထုတ်တဲ့ Application တွေကို တစ်ခြားကုမ္ပဏီတွေ လုံးဝအထိမခံပဲ Apple က ဟာ့ဒ်ဝဲတွေနဲ့သာ တစ်သားတည်းကျ ပေါင်းစပ်နိုင်အောင် စီမံခန့်ခွဲခဲ့တာကြောင့်လည်း Apple က ထုတ်သမျှ လက်ရာတိုင်းမှာ သားနားပြီး ရိုးရှင်းတဲ့ အရသာပါအောင် အမြဲဖန်တီးနိုင်ခဲ့တာ ဖြစ်ပါတယ်။

အာရုံစူးစိုက်ခြင်းရယ် ရိုးရှင်းမှုကို မြတ်နိုးတတ်တဲ့ အကျင့်ရယ်ဟာ ဇင်ဗုဒ္ဓဘာသာကနေ ပေါက်ဖွားလာတဲ့ အသီးအပွင့်တွေလို့ ဆိုနိုင်ပါတယ်။ လူသားရဲ့ အလိုလိုအာရုံခံစား သိနိုင်တဲ့စိတ်ရဲ့ ခေါ်ဆောင်ရာကို မျက်စိမှိတ်လိုက်ပြီး မလိုအပ်တဲ့ အနှောက်အယှက်နဲ့ အာရုံများစရာကိစ္စတွေကို ရှင်းထုတ်ပစ်ရဲတဲ့ သတ္တိမျိုးကို ရလာစေတာကလည်း ဂျော့ရဲ့ ဇင်အယူဝါဒတွေကပဲ ဖြစ်ပါတယ်။ ဂျော့ရဲ့ ထူးခြားတဲ့ နောက်အကျင့် တစ်ခုကတော့ အနည်းဆုံးနဲ့ အကောင်းဆုံးဖြစ်အောင်လုပ် ဆိုတဲ့ ဝါဒကို ထာဝစဥ် စွဲကိုင်လာခဲ့တာပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ဝမ်းနည်းစရာကောင်းတာက ဂျော့ရဲ့ ဇင်ကျင့်စဥ်တွေက ဂျော့ဆီမှာ ဇင်ဗုဒ္ဓဘာသာရဲ့ အမှတ်လက္ခဏာဖြစ်တဲ့ စိတ်ပိုင်းဆိုင်ရာ တည်ငြိမ် အေးမြမှုတွေ ပေါက်ဖွားလာအောင်တော့ မကူညီနိုင်ခဲ့ပါဘူး။ ဂျော့ဟာ ဘယ်တော့မှ စိတ်ရှည် သီးခံနိုင်တဲ့ လူတစ်ယောက်မဟုတ်သလို ရိုးသားတိုင်း သိပ်မကောင်းတဲ့ နေရာတွေမှာလည်း မညှာမတာ ရိုးသားပြတတ်ပါတယ်။ "ကျွန်တော့်အလုပ်က တစ်ခုခုသောက်သုံးမကျဘူးဆို၊ သောက်သုံးမကျဘူးလို့ ထုတ်ပြောဖို့ပဲ။ အပေါ်ယံသကာဖုံးပြီး ချိုသာပြနေဖို့ မဟုတ်ဘူး" လို့လည်း ဂျော့ကိုယ်တိုင် ထုတ်ပြောဖူးပါတယ်။

ဒီလိုသဘောမကောင်းတဲ့ ပုံစံနဲ့ လူတွေအပေါ်ဆက်ဆံတတ်တဲ့ အကျင့်ဟာ သိပ်လိုအပ်လှတာ တော့ မဟုတ်ပါဘူး။ ဒီလိုလုပ်ခဲ့လို့ ဂျော့ကို အဆင်ပြေစေတယ် ဆိုတာထက် ပိုပြီး အနှောက်ယှက်ပဲ ဖြစ်စေပါတယ်။ ဒါပေမယ့် ယဥ်ကျေးပြီး သိမ်မွေ့တတ်တဲ့၊ လူတစ်ဖက်သားကို နာကျင်အောင် မပြောဆိုတတ်တဲ့ ခေါင်းဆောင်တွေကို ကြည့်မယ်ဆိုရင်လည်း ယေဘုယျအားဖြင့် သူတို့ဟာ

အပြောင်းအလဲကို အင်တိုက်အားတိုက်နဲ့ ဖော်ဆောင်နိုင်သူတွေတော့ မဟုတ်ပါဘူး။ ဂျော့ ဆဲဆိုကြိမ်းမောင်းတာကို အကြိမ်ကြိမ်ခံခဲ့ရတဲ့ လုပ်ဖော်ကိုင်ဖက်တွေ အတော်များများကို လိုက်ကြည့် လိုက်မယ်ဆိုရင်တော့ သူတို့ဟာ ဘယ်တော့မှ လုပ်နိုင်မယ်လို့ ထင်မထားတဲ့ ကိစ္စတွေကို ဂျော့ရဲ့ တွန်းအားပေးမှုကြောင့်သာ လုပ်နိုင်ခဲ့တာဖြစ်ပြီး ရင့်သီးတဲ့ ဂျော့ရဲ့ စကားလုံးတွေဟာ အောင်မြင်တဲ့ ရလာဒ်တွေဆီ တွန်းပို့ပေးနိုင်တယ်လို့ အားလုံးက ဝန်ခံထားတာကို တွေ့ရပါလိမ့်မယ်။

ဂျော့က ဘာတွေကို တီထွင်ခဲ့လည်း ဆိုရင်တော့ သူကိုယ်တိုင် တီထွင်ခဲ့တာ တစ်ခုမှမရှိဘူးလို့ ပြောရပါမယ်။ ဒါပေမယ့် အိုင်ဒီယာနဲ့ အနုပညာကို နည်းပညာနဲ့ ပေါင်းစပ်ပြီး အနာဂတ်ကို ဖန်တီးနိုင်စွမ်းတဲ့ နေရာမှာတော့ ဂျော့ဟာ ပါရဂူတစ်ပါးဆိုတာကို ငြင်းလို့မရပါဘူး။ Xerox က နည်းပညာကို အခြေခံပြီး မက်ကင်းတော့ရှ် ဆိုတဲ့ ကွန်ပျူတာကို ဖန်တီခဲ့သလို ရောမတေး ထုတ်လုပ်ရေး ကုမ္ပဏီကြီးတွေ မလုပ်နိုင်တဲ့ နည်းလမ်းနဲ့ iPod ကို ဖန်တီးခဲ့ပြီး လူတွေရဲ့ အိပ်ကပ်ထဲ သီချင်းပုဒ်ရေ ထောင်ကျော်ထည့်နိုင်အောင် လုပ်ပေးခဲ့သူပါ။ တစ်ချို့ တီထွင်ဖန်တီးသူတွေက အသေးစိတ်အချက်အလက်တွေကို အာရုံစိုက်တတ်ပြီး တစ်ချို့ကတော့ ပန်းချီကား တစ်ချပ်လုံးကို ခြုံငုံကြည့်တတ်တဲ့ အမြင်မျိုးနဲ့ ဖန်တီးခဲ့ကြပါတယ်။ ဂျော့ကတော့ နှစ်ခုလုံးကို အာရုံစိုက်တတ်သူပါ။ အကျိုးဆက် အနေနဲ့ကတော့ ပြီးခဲ့တဲ့ နှစ်ပေါင်း ၃၀ လောက်အတွင်းမှာ နည်းပညာလောက တစ်ခုလုံးကို အသွင်ပြောင်းပစ်နိုင်ခဲ့တဲ့ ထုတ်ကုန်များစွာကို ဖန်တီးနိုင်ခဲ့ပါတယ်။

ဂျော့ရဲ့ ဖန်တီးမှုလက်ရာတွေကို ပြန်ကြည့်မယ် ဆိုရင်

- သာမန်လူတွေပါ အသုံးပြုနိုင်မယ့် ကွန်ပျူတာတွေ ဖြစ်လာအောင် ဝေါ့ဇ်နီယံခ်ရဲ့ ဆားကစ် ဘုတ်တွေကို အခြေခံပြီး ဖန်တီးခဲ့တဲ့ Apple II ကွန်ပျူတာ၊
- အိမ်တွင်းသုံး ကွန်ပျူတာလောက တစ်ခုလုံးကို ရှေ့ဆောင်ရှေ့ရွက်ပြုပြီး တော်လှန်ပြောင်းလဲ ပစ်ခဲ့တဲ့ မက်ကင်းတော့ရှ် ကွန်ပျူတာ၊
- ဒစ်ဂျစ်တယ် စိတ်သန်းတွေကို မှော်ထအောင် အစပြုဖန်တီးပေးခဲ့တဲ့ Toy Story ဇာတ်ကား အပါအဝင် Pixar မှာ ဖန်တီးခဲ့တဲ့ အခြား Animation ဇာတ်ကားများ၊
- ကုန်အမှတ်တံဆိပ် တစ်ခုကို အဓိပ္ပါယ်ဖွင့်ပေးနိုင်မယ့် နည်းလမ်းအသစ်တွေကို ချပြပေးနိုင် ခဲ့တဲ့ Apple အရောင်းပြခန်းများ၊

- လူတွေ ဂီတကို ခံစားနားဆင်တဲ့ နည်းလမ်းတွေကို ပြောင်းလဲပစ်နိုင်ခဲ့တဲ့ iPod၊ ဂီတလောက တစ်ခုလုံးကို ခိုးကူး အန္တရာယ်က ကယ်တင်ပေးခဲ့တဲ့ iTunes Online Store၊
- ဟန်းဖုန်းကို ဂီတ၊ ဓာတ်ပုံကင်မရာ၊ ဗီဒီယို၊ အီးမေးလ်နဲ့ ဝက်ဘ်ဆိုက်တွေပါ သုံးလို့ရတဲ့ ပစ္စည်းတစ်ခုအဖြစ် အသွင်ပြောင်းပေးခဲ့တဲ့ iPhone ဒစ်ဂျစ်တယ် သတင်းစာ၊
- မဂ္ဂဇင်းနဲ့ စာအုပ်တွေအတွက် ပလပ်ဖောင်းတစ်ခု ဖန်တီးပြီး တက်ဘလက်ကွန်ပျူတာ နည်းပညာကို အစပျိုးပေးခဲ့တဲ့ iPad၊
- ကွန်ပျူတာတွေရဲ့ ပင်မအခန်းကဏ္ဍကို အချက်အလက် သိုမှီးရာအဖြစ်မှ ပြောင်းလဲပေး နိုင်ခဲ့တဲ့ iCloud ဝန်ဆောင်မှု၊
- ဂျော့ရဲ့ အခမ်းနားဆုံး ဖန်တီးမှုတွေနဲ့ စိတ်ကူးစိတ်သန်းများ မွေးဖွားရာ၊ အစပြုအသက်ဝင်ရာ နေရာတစ်ခုဖြစ်ပြီး ကမ္ဘာ့တန်ဖိုးအကြီးဆုံး ကုမ္ပဏီကြီး တစ်ခုအဖြစ် ရပ်တည်နိုင်အောင် ဖန်တီးနိုင်ခဲ့တဲ့ Apple ကုမ္ပဏီ.... တို့ပဲဖြစ်ပါတယ်။

ဂျော့ဟာ သိပ်တော်တဲ့ လူတစ်ယောက်လားလို့ မေးရင် သူများထက် ထူးထူးခြားခြား ဘာမှပိုမတော်ဘူးလို့ပဲ ပြောရပါလိမ့်မယ်။ ဒါပေမယ့် ပြောရမယ်ဆိုရင်တော့ ဂျော့ဟာ ပါရမီရှင်ပါ။ ဂျော့ရဲ့ အလိုလိုသိစိတ်ရဲ့ စွမ်းအားဟာ သူ့ရဲ့ သန္ဓေပါဉာဏ်အပေါ်မှာ အခြေခံထားပြီး ဘာမှကြိုတင် ခန့်မှန်းကြည့်လို့ မရနိုင်သလို တစ်ခါတစ်ရံမှာ မှော်ဆန်တဲ့ အစွမ်းမျိုးတွေ ပေးတတ်ပါတယ်။ ဒါကြောင့်မို့လည်း ဂျော့ကို ကျွန်တော်တို့ခေတ်ရဲ့ အကြီးမြတ်ဆုံး စီပွားရေးခေါင်းဆောင် တစ်ယောက် အဖြစ် သတ်မှတ်ထားကြတာပဲ ဖြစ်ပါတယ်။ နောင် နှစ်ပေါင်းတစ်ရာကျော်လောက်အထိ ကဗျည်းတင် ကျန်ခဲ့ဖို့ သေချာနေတဲ့ သူတစ်ယောက်ပါ။

## နောက်ဆုံးအနေနဲ့

ဂျော့ဟာ ကျွန်တော်အခုရေးနေတဲ့ သူ့ရဲ့ အတ္ထုပ္ပတ္တိစာအုပ်နဲ့ ပက်သက်ပြီး ဘာမှဝင်မစွက်ဖက်ဘူးလို့ ပြောထားပေမယ့် သူ့အကြောင်းကို သူကိုယ်တိုင်ဖော်ပြတဲ့ အခန်းကဏ္ဍကို မထည့်ပဲ၊ ဂျော့ရဲ့ နောက်ဆုံးစကားတွေမပါတဲ့ သူ့အကြောင်းကို သမိုင်းဇာတ်ခုံပေါ် ဒီအတိုင်း တင်ပေးလိုက်မယ်ဆိုရင် သူ့ရဲ့ ပုံရိပ်အစစ်အမှန်ကို အကောင်းဆုံး၊ အမှန်ကန်ဆုံး ဖော်ပြနိုင်မှာ မဟုတ်ဘူးလို့ပဲ ယူဆပါတယ်။

"ကျွန်တော့်ရဲ့ ကြီးမားတဲ့ စိတ်ဆန္ဒကတော့ ခမ်းနားတဲ့ တီထွင်ဖန်တီးမှုတွေကို အားတက်သရော လုပ်နေကြတဲ့ လူတွေပါတဲ့ ကုမ္ပဏီတစ်ခုကို အရှည်တည်တံ့အောင် တည်ဆောက်ထားခဲ့ဖို့ပဲ။ ကျန်တာတွေက အရေးမကြီးပါဘူး။ အမြတ်အစွန်းရအောင် ရှာနိုင်တာလည်း ကောင်းပါတယ်။ အမြတ်အစွန်းရမှလည်း တီထွင်မှုတွေ ထပ်လုပ်ဖြစ်မှာကိုး။ ဒါပေမယ့် အမြတ်အစွန်းကို ခေါင်းထဲက ဖယ်ထားပြီး ထုတ်ကုန်အပေါ်မှာပဲ မြှုတ်နှံထားရမယ်။ စကူလေဆိုတဲ့ လူကတော့ ဒီအဓိကကျတဲ့ အချက်ကို တလွဲလုပ်ပစ်ပြီး ငွေရဖို့ပဲ ဦးတည်ချက် ချခဲ့တယ်။ သိပ်မကွာပါဘူးလို့ ထင်ရပေမယ့် နောက်ဆုံးမှာတော့ မိုးနဲ့မြေလို ကွာခြားတဲ့ ရလာဒ်တွေ ထွက်စေပါတယ်" လို့

ဂျော့က ပြောလေ့ရှိပါတယ်။

"ဝယ်သူလိုချင်တဲ့ ပစ္စည်းကို ရအောင်လုပ်ပေးပါ" လို့ တစ်ချို့က ပြောလေ့ရှိပေမယ့် ဂျော့ရဲ့ ချည်းကပ်ပုံကတော့ ဒီလိုမဟုတ်ဘူးလို့ ဆိုပါတယ်။ "ကျွန်တော်တို့ တာဝန်ကတော့ ဝယ်မယ့်သူတွေ သူတို့ကိုယ်သူတို့ ဘာလိုချင်မှန်းမသိခင် သူတို့ကြိုက်လောက်မယ့် အရာကို ကျွန်တော်တို့ ကြိုတင်ဖန်တီးထားဖို့ပါ။ သူတို့ကို ခင်ဗျားက တစ်ခုခုမပြမချင်း လူတွေက ကိုယ်ဘာလိုချင်တယ်ဆိုတာကို သိတဲ့ အမျိုးမဟုတ်ဘူး။ ဒီတော့ ကျွန်တော်တို့ အလုပ်က စာရွက်ပေါ်မှာ မရေးရသေးတာတွေကို ကြိုဖတ်နိုင်ဖို့ပဲ" လို့ ပြောလေ့ရှိပါတယ်။ ဂျော့ ပြောခဲ့တဲ့ စကားတွေကို သူပြောခဲ့တဲ့ အတိုင်းပဲ ပြန်ရေးပြချင်ပါတယ်။ ဂျော့က အောက်ပါအတိုင်း ပြောခဲ့ပါတယ်။

"လူသားဆန်မှုနဲ့ သိပ္ပံပညာရဲ့ကြားမှာ မော်ဆန်တဲ့ ပေါင်းကူးမှုတစ်ခု အမြဲရှိတယ်။ အသစ်ဖန်တီးနေတဲ့ လူတွေကတော့ အများကြီးရှိတာပဲ။ အသစ်ဖန်တီးနိုင်တိုင် ဂုဏ်ထူးထွက်တယ်လို့ ကျွန်တော်တို့ကတော့ မသတ်မှတ်ဘူး။ ကျွန်တော်တို့ရဲ့ ဖန်တီးမှုတွေထဲမှာ လူသားတန်ဖိုးတွေ ပါနေဖို့ကသာ အဓိကပါ။ အင်ဂျင်နီယာကောင်း တစ်ယောက်နဲ့ အနုပညာရှင်ကောင်း တစ်ယောက်ဟာလည်း ကိုယ့်ကိုယ်ကို ဖော်ပြချင်တဲ့ ဆန္ဒရှိပုံချင်းမှာတော့ အတူတူပဲလို့ထင်တယ်။ မူလမက်ကင်းတော့ရှ် ကွန်ပျူတာကို ဖန်တီးခဲ့တဲ့ အဖွဲ့သားတွေထဲမှာဆိုရင် ကဗျာဆရာနဲ့ ဂီတသမား အင်ဂျင်နီယာတွေပါ ပါခဲ့တယ်။ အပြောင်မြောက်ဆုံး လက်ရာတွေကို ဖန်တီးချင်တဲ့ အပြင်းထန်ဆုံး

တပ်မက်စိတ်သာ ကိုယ့်ဆီမှာ ရှိလို့ကတော့ အရာရာကို တစ်လုံးတစ်စည်းထဲ ပေါင်းစပ်ချင်လာအောင် အဲဒီ တပ်မက်စိတ်က လှုံ့ဆော်ပါလိမ့်မယ်။ ကိုယ့်ဟာ့ဒ်ဝဲထဲမှာ သူများ ဆော့ဖ်ဝဲ လာပေါင်းတာကို ကြိုက်မှာ မဟုတ်သလို ကိုယ့်ဆော့ဖ်ဝဲကို သူများ ဟာ့ဒ်ဝဲနဲ့ ပေးစားမယ့် အဖြစ်မျိုးကိုလည်း လက်ခံနိုင်တော့မှာ မဟုတ်ပဲ အရာရာကို ထိန်းချုပ်ချင်လာပါလိမ့်မယ်။"

အတိတ်ကာလတွေမှာ ဆီလီကွန်တောင်ကြားကို ကိုယ်စားပြုတဲ့ ကုမ္ပဏီတွေ ပေါ်ခဲ့ဘူးပါတယ်။ ဟျူးလတ်ပက်ခ်တို့၊ ဖဲချိုင်းတို့၊ အင်တဲလ် တို့လို ကုမ္ပဏီတွေဟာ ဆီလီကွန်တောင်ကြားရဲ့ ဂုဏ်ကို ဆောင်ခဲ့ကြသူတွေပေါ့။ အခုအချိန်မှာတော့ Apple နဲ့ Google တို့ဟာ ဆီလီကွန်တောင်ကြားရဲ့ ဂုဏ်ကို မြှင့်တင်ပေးတဲ့ ကုမ္ပဏီတွေအဖြစ် အမွေဆက်ခံလိုက်ပါပြီ။ Apple ဟာ အချိန်ကာလရဲ့ စစ်ကြောမှုကို ကျော်ဖြတ်နိုင်ခဲ့ပါပြီ။ မိုက်ခရိုဆော့ဖ်ကို တိုက်ခိုက်ဖို့က သိပ်လွယ်ပါတယ်။ သူတို့ဟာ လက်ဝါးကြီးအုပ်ထားနိုင်တဲ့ အခြေအနေကနေ လျှောကျသွားပြီဆိုတာ အရှင်းကြီးပါ။ ဒါပေမယ့် သူတို့ လုပ်ခဲ့တဲ့ အလုပ်တွေကို ကျွန်တော် အသိအမှတ်ပြုပါတယ်။ သိပ်ခက်ခဲတဲ့ ကိစ္စတွေကို သူတို့လုပ်ခဲ့တယ် ဆိုတာကိုလည်း နားလည်ပါတယ်။ သူတို့ဟာ စီးပွားရေးဆန်တဲ့ ကိစ္စတွေမှာ တော်သလောက် ရည်မှန်းချက်ရှိရှိနဲ့ ထုတ်ကုန်အပေါ် နှစ်မြှုပ်လုပ်ကိုင်ရတဲ့ ကိစ္စမှာတော့ အမြင် ကျယ်သင့်သလောက် မကျယ်ခဲ့ဘူးလို့ ဆိုရပါမယ်။

ဘီလ်ဂိတ်ဟာ သူ့ကိုယ်သူ ထုတ်ကုန်အသားပေးတဲ့ လူတစ်ယောက်အဖြစ် ပုံဖော်ချင်ခဲ့ပေမယ့် တကယ်တော့ သူဟာ စီးပွားရေးသမား သက်သက်ပါ။ သူဟာ အချမ်းသာဆုံး ပုဂ္ဂိုလ်တစ်ယောက် တော့ ဖြစ်လာပါတယ်။ ဒါဟာ သူ့ရည်မှန်းချက်ဆိုရင်တော့ သူ အောင်မြင်တယ်လို့ ပြောရမှာပါ။ ဒါပေမယ့် ဒါဟာ ကျွန်တော့်ရဲ့ ရည်မှန်းချက်တော့ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ပါဘူး။ ဘီလ်ဂိတ် အနေနဲ့ အထင်ကြီးစရာကောင်းတဲ့ ကုမ္ပဏီကြီးတစ်ခု တည်ထောင်ပြခဲ့တဲ့ အပေါ်မှာ ကျွန်တော် လေးစားသလို သူနဲ့တွဲလုပ်ရတာလည်း ကျေနပ်စရာပါ။ သူဟာ ဉာဏ်ကောင်းသလို ဟာသဉာဏ် လည်း ရှိတဲ့သူပါ။ ဒါပေမယ့် လူသားဆန်မှုနဲ့ လွပ်လပ်မှုဆိုတာ ကတော့ မိုက်ခရိုဆော့ဖ် ကုမ္ပဏီရဲ့ ဗီဇထဲမှာ လုံးဝမပါလာခဲ့ပါဘူး။ မက်ကင်းတော့ရှ် ကွန်ပျူတာကို တွေ့ပြီးတဲ့ နောက်မှာတောင်မှ ဒါကို ကောင်းကောင်း ခိုးမချနိုင်ခဲ့ပါဘူး။

မိုက်ခရိုဆော့ဖ့်တို့ အင်တဲလ် တို့လို ကုမ္ပဏီတွေ ဘာကြောင့် အကျဘက် ရောက်လာကြသလဲ ဆိုတဲ့ ကိစ္စအတွက် ကျွန်တော့်မှာ ကိုယ်ပိုင် သီအိုရီရှိပါတယ်။ သူတို့ဟာ သိပ်ခမ်းနားတဲ့ ကိစ္စတွေကို ဖန်တီးပြီးတဲ့နောက် လက်ဝါးကြီးအုပ်သူတွေ ဖြစ်လာတဲ့ အခါမှာတော့ သူတို့ ထုတ်ကုန်တွေရဲ့ အရေးပါမှုက လျော့ကျသွားပါတယ်။ အဲဒီအခါမှာ ဒီကုမ္ပဏီကြီးတွေဟာ ထုတ်ကုန်တွေကို

ဖန်တီးပေးတဲ့ အင်ဂျင်နီယာတွေနဲ့ ဒီဇိုင်နာတွေကို အလေးမထားတော့ပဲ ပိုက်ဆံဝင်အောင် ရှာပေးနိုင်တဲ့ ထူးချွန်တဲ့ အရောင်းသမားတွေကိုပဲ တန်ဖိုးထားစ ပြုလာပါတယ်။ အဲဒီတော့ အရောင်း သမားတွေကပဲ ကုမ္ပဏီကို အုပ်ချုပ်တဲ့ အခြေအနေနဲ့ အဆုံးသတ်သွားပါတော့တယ်။

တစ်ခုခုကို အစပြုလိုက်ပြီး လူကြားထဲရောက်အောင် ရောင်းချတဲ့ အလုပ်မျိုးလောက်လုပ်ပြီး သူတို့ကိုယ်သူတို့ "စွန့်ဦးတီထွင် လုပ်ငန်းရှင်တွေ" လို့ နာမည်ကောင်း ယူနေကြတဲ့ သူတွေကို ကျွန်တော် တော်တော်မုန်းပါတယ်။ စီးပွားရေးလုပ်ရာမှာ အခက်ဆုံးဖြစ်တဲ့ တကယ့် စစ်မှန်တဲ့ ကုမ္ပဏီတစ်ခုကို တည်ဆောက်ဖို့ကိုတော့ ဒီလူတွေ စိတ်ပါကြတာမဟုတ်ပါဘူး။ အရင်က စွမ်းဆောင်ပြခဲ့တဲ့ ဂန္ထဝင်ပုဂ္ဂိုလ်ကြီးတွေစာရင်းမှာ ကိုယ့်နာမည် ထပ်ပေါင်းဖြည့်နိုင်ဖို့ဆိုတာ နောင်မျိုးဆက် တစ်ခုစာထက် မကအောင် ဆက်လက်ရပ်တည်နိုင်မယ့် ကုမ္ပဏီမျိုး ခင်ဗျား ထူထောင်ပြနိုင်ဖို့ပဲ ဖြစ်စေချင်ပါတယ်။

လူတွေအပေါ် ရင့်ရင့်သီးသီး ပြောဆိုမိမှာမျိုးကို ကျွန်တော်လည်း မကြိုက်ပါဘူး၊ ဒါပေမယ့် တစ်ခုခု အသုံးမကျခဲ့ရင်တော့ သူ့မျက်နှာ စေ့စေ့ကြည့်ပြီး ပြောသင့်တာ ပြောရပါတယ်။ ကျွန်တော့် အလုပ်ကိုက ရိုးရိုးသားသား ပြောဆိုဖို့ပါ။ ကိုယ်ပြောနေတဲ့ စကားကို ကိုယ်နားလည်သလို များသောအားဖြင့်လည်း ကျွန်တော်ပြောတာ မှန်ခဲ့တာချည်းပါပဲ။ ကျွန်တော်တို့ဟာ တစ်ယောက် အပေါ် တစ်ယောက် ကြောက်စရာကောင်းလောက်အောင်ကို ရိုးသားခဲ့ကြပါတယ်။ ခင်ဗျားက ချီးထုတ်ကြီးလို့ တစ်ယောက်ယောက်က ကျွန်တော့်ကို လာပြောလို့ရသလို ကျွန်တော်ကလည်း သူတို့ကို အဲဒီလို ပြောချင်ပြောမှာပါပဲ။ တစ်ယောက်နဲ့ တစ်ယောက် နင်ပဲငဆ အော်ဟစ်ငြင်းခုန် ခဲ့ကြတဲ့ အချိန်တွေ ရှိခဲ့ပြီး အဲဒီအချိန်တွေက ကျွန်တော့်ဘဝအတွက် အကောင်းဆုံး ကာလတွေပါပဲ။ လူတွေအားလုံး ရှေ့မှာပဲ "ခင်ဗျား လုပ်ထားတဲ့ဟာက သုံးစားလို့ မရပါဘူး" လို့ အဲဒီလူကို ရှေ့ထားပြီး ပြောဖို့အတွက်လည်း ပေါ့ပေါ့ ပါးပါး ပါပဲ။ ဒီလိုအထာတွေရှိတဲ့ အခန်းထဲမှာ ခင်ဗျားရှိနေဖို့အတွက် တင်ရတဲ့ လောင်းကြေးကတော့ ကမ်းကုန်အောင် ရိုးသားခြင်းဆိုတဲ့ လောင်းကြေးပါ။ ဒီထက်ပိုကောင်း တဲ့ ပြောဆိုနည်းတွေလည်း ရှိပါလိမ့်မယ်။ နက်ကတိုင်ကြီးတွေ ဝတ်ပြီး ကတ္တီပါစလို နူးညံ့တဲ့ အရေခြုံထားတဲ့ စကားလုံး ခန့်ခန့်ထည်ထည်တွေ ပြောရတဲ့ လူကြီးလူကောင်းတွေရဲ့ ကလပ်တွေမှာ ဆိုရင်ပေါ့။ ဒါပေမယ့် အဲဒီအထာတွေ ကျွန်တော် နားမလည်ဘူး။ ကျွန်တော်က ကယ်လီဖိုးနီးယားက လာတဲ့ လူလတ်တန်းစား တစ်ယောက်ပါ။

လိုအပ်တာထက် ပိုပြီး လူတွေအပေါ်မှာ ရင့်သီးခဲ့မိတဲ့ အခါတွေလည်း ရှိခဲ့ပါလိမ့်မယ်။ လူတစ်ယောက်ကို အလုပ်မထုတ်ချင်ပဲ ထုတ်လိုက်ရတာမျိုးတွေပေါ့။ ကျွန်တော်တို့ ကုမ္ပဏီက

လူတွေဟာ အကောင်းဆုံး အသင်းတစ်သင်းဆိုတာ သေချာအောင် လုပ်ဖို့က ကျွန်တော့် တာဝန်ပဲလို့ ယူဆမိပါတယ်။ ဒီအလုပ်ကို ကျွန်တော်မှ မလုပ်ရင်လည်း ဘယ်သူမှ လုပ်မှာမဟုတ်ဘူး။ တီထွင်ဖန်တီးဖို့ အတွက် အမြဲတမ်းတွန်းအားပေးနေရပါတယ်။ ဘော့ဒိုင်လန် အနေနဲ့ သပိတ်မှောက်တဲ့အကြောင်း သီချင်းတွေဆိုပြီး တစ်သက်လုံး ပိုက်ဆံထိုင်ရှာနေလို့ ရပေမယ့် သူအဲဒီလို မလုပ်ခဲ့ပါဘူး။ ဒီလိုမလုပ်ပဲ လျှပ်စစ်ဂစ်တာနဲ့ ၁၉၆၅ မှာ ရှေ့ဆက်လျှောက်ခဲ့ပြီး လူတော်တော်များများကို အံ့အားသင့်စေခဲ့ပါတယ်။ ဟော်လို ဂစ်တာလေးပဲ ဆက်တီးနေရင် ပရိသတ်တွေက ချစ်ကြမှာပါ။ ဒါပေမယ့် လျှပ်စစ်ဂစ်တာကို ပွေ့ဖက်ခဲ့တဲ့အတွက် ပရိသတ်တွေရဲ့ လှောင်ပြောင်သံ တစ်ချို့နဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဘီတဲလ် အဖွဲ့သားတွေလည်း ဒီလိုပါပဲ။ သူတို့ဟာ ရှေ့ဆက်သွားခဲ့ကြတယ်။ သူတို့ရဲ့ အနုပညာကို ပြန်လည်ဆန်းသစ်ပြီး ဆင့်ကဲတိုးတက်ပြောင်းလဲလာခဲ့ကြသူတွေပါ။ ဒီလိုရှေ့ဆက် တိုးနိုင်ဖို့အတွက် ကျွန်တော် အမြဲကြိုးစားခဲ့ပါတယ်။ ဒါမှမဟုတ်ရင်တော့ ဘော့ဒိုင်လန် ပြောဖူးသလိုပါပဲ "အသစ်ထပ်မံ မွေးဖွားဖို့ အလုပ်ရှုပ်မနေဘူးဆိုရင်တော့ သေဆုံးခြင်းနဲ့ပဲ မအားနိုင်အောင် ဖြစ်နေပါလိမ့်မယ်"

တီထွင်ဖန်တီးတဲ့ သူ တော်တော်များများက ကိုယ့်ရှေ့က အရင်ဖန်တီးသွားကြသူတွေရဲ့ လုပ်ရပ်အပေါ်မှာ ကျေးဇူးတင်ပြီး အသိမှတ်ပြုလေးစားကြောင်း ထုတ်ဖော်ပြသ လိုကြတယ်လို့ ယူဆပါတယ်။ ကျွန်တော်ဟာ အခုပြောနေတဲ့ ဘာသာစကားရဲ့ တီထွင်သူ မဟုတ်သလို ကျွန်တော်တို့ သုံးနေတဲ့ သင်္ချာပညာရပ်တွေကို တီထွင်ခဲ့သူလည်း မဟုတ်ပါဘူး။ ကိုယ့်အစားအစာကို ဘာမှ ဟုတ်တိပတ်တိ မလုပ်တတ်သလို ကိုယ်ဝတ်ဖို့ အဝတ်ကိုတောင် ဖြစ်အောင် မလုပ်တတ်ပါဘူး။ ကျွန်တော်လုပ်သမျှ အရာအားလုံးက ကိုယ့်ရှေ့က ကိုယ့်ကို ပခုံးနဲ့ ထမ်းပိုးသယ်ဆောင်ခဲ့ကြသူတွေရဲ့ လုပ်ရပ်တွေ အပေါ်မှာပဲ လုံးဝ မှီခိုနေပါတယ်။ ကျွန်တော်တို့ တစ်တွေကလည်း ကိုယ့်မျိုးဆက်အတွက် တစ်ခုခုပြန်ပေးဆပ်ပြီး စီးဆင်းနေတဲ့ လူ့သမိုင်းရဲ့ အရှိန်ကို တစ်စုံတစ်ရာအားဖြည့် ပေးလိုကြသူတွေပါ။ ဒါကို ကိုယ်သိထားတဲ့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ပဲ လုပ်ရပါလိမ့်မယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ဟာ ဘော့ဒိုင်လန်ရေးသလို သီချင်းတွေ လိုက်ရေးနိုင်မှာ မဟုတ်သလို တွမ်စတော့ပတ်ရဲ့ ပြဇာတ်မျိုးတွေလည်း ထပ်ဖန်တီးနိုင်မှာ မဟုတ်တော့ပါဘူး။ ကိုယ့်ရင်ထဲက နက်ရှိုင်းတဲ့ ခံစားမှုတွေကို ဖော်ပြဖို့၊ ကိုယ့်ရှေ့က လူတွေရဲ့ ပေးဆပ်မှုတွေအပေါ် အသိမှတ်ပြုကြောင်း ဖော်ပြဖို့နဲ့ အဲဒီအရှိန်ပေါ်မှာ တစ်ခုခု ထပ်ဖြည့်စွက်ပေးနိုင်ဖို့ အတွက် ကျွန်တော်တို့မှာ သေချာရှိတဲ့ အရည်အသွေးတွေကို အသုံးချနိုင်ဖို့ ကြိုးစားကြပါတယ်။"

ဒါတွေအားလုံးဟာ ဂျော့ပါးစပ်က ကိုယ်တိုင်ထုတ်ပြောခဲ့တဲ့ စကားတွေပါ။

နေသာတဲ့ နွေလယ်ခင်းတစ်ခုမှာ ဂျော့ဟာ သိပ်နေမကောင်းတဲ့ အတွက် အိမ်နောက်က ဥယျာဉ်ထဲမှာ ထွက်ထိုင်ရင်း သေခြင်းတရားအကြောင်း တွေးနေမိပါတယ်။ ဂျော့ဟာ သူငယ်စဥ် အိန္ဒိယမှာ နေခဲ့တုန်းက အကြောင်းတွေ၊ ဗုဒ္ဓဘာသာကို စလေ့လာဖြစ်သွားတဲ့ အကြောင်းတွေ၊ စိတ်ပိုင်းဆိုင်ရာ နယ်ပယ်ရဲ့ ဆန်းကြယ်မှုနဲ့ နောက်ဘဝဆိုတဲ့ အယူအဆ အပေါ်မှာထားတဲ့ သူ့အယူအဆတွေကို ပြောပြနေပါတယ်။

"ဘုရားကို ယုံလားဆိုတော့၊ မယုံတစ်ဝက် ယုံတစ်ဝက်ပဲဗျ။ ကျွန်တော့်ဘဝရဲ့ အချိန်တော်တော် များများမှာ ကျွန်တော် ခံစားမိတာကတော့ ကျွန်တော်တို့ရဲ့ ဖြစ်တည်မှုမှာ အရင်က ဆန်းပြားတယ်လို့ ကိုယ်ထင်ထားတာထက် ပိုတဲ့ တစ်စုံတစ်ရာရှိနေတယ် ဆိုတာပါပဲ" လို့ ဆိုပါတယ်။ သေခြင်းတရားနဲ့ ရင်ဆိုင်လာရပြီးတဲ့နောက်မှာ နောက်ဘဝရှိတယ်လို့ ယုံကြည်ချင်တဲ့ ဆန္ဒတွေ ပိုဖြစ်လာတယ်လို့ ဂျော့က ဆိုပါတယ်။ "ကိုယ်သေပြီးတဲ့နောက်မှာ တစ်စုံတစ်ခု ဆက်ရှင်သန်ကျန်နေဦးမယ်လို့ တွေးချင်လာတယ်။ ဒီဘဝ အတွေ့အကြုံတွေနဲ့ ဉာဏ်ပညာ နည်းနည်းပါးပါး ပါကောင်းပါမှာပေါ့။ ဒါတွေကို အကုန်စုပုံထားခဲ့ပြီး ပျောက်ကွယ်သွားလိမ့်မယ်လို့ တွေးရတာက ထူးဆန်းနေတယ်။ တစ်ခုခုကျန်နေခဲ့လိမ့်ဦးမယ် လို့ပဲ ကျွန်တော်တော့ ယူဆချင်တယ်။ ကိုယ့်ရဲ့ အသိစိတ်ပဲ ဖြစ်ဖြစ်ပေါ့" လို့ စကားအရှည်ကြီး ပြောပြီးတဲ့ နောက်မှာတော့ ဂျော့တစ်ယောက် အချိန်အကြာကြီး တိတ်ဆိတ်သွားပါတယ်။

တော်တော်ကြာအောင် ငြိမ်ကျသွားပြီးမှ ဂျော့က "ဒါပေမယ့် တစ်ဖက်က ကြည့်မယ်ဆိုရင်တော့ သေဆုံးခြင်းဆိုတာ ပါဝါအဖွင့်အပိတ် တစ်ခုလိုလည်း ဖြစ်ရင် ဖြစ်နေနိုင်တာပါပဲ။ ထပ်ကနဲ ပိတ်လိုက်တာနဲ့ ကိုယ်လည်း မရှိတော့ဘူး ဆိုတာမျိုးပေါ့" လို့ ဆက်ပြောပါတယ်။ အချိန်တော်တော် ကြာ ဘာမှထပ်မပြောပဲ ငြိမ်နေပြီးမှ ဂျော့က ခပ်ယဲ့ယဲ့ပြုံးလိုက်ရင်း "ဒါကြောင့်မိုးလည်း Apple က ထုတ်မယ့် ပစ္စည်းတွေမှာ ပါဝါ အဖွင့် အပိတ် ခလုတ်တွေ ကျွန်တော် မထည့်ချင်တာနေမှာ" ဆိုတဲ့ မှတ်ချက်နဲ့ အဆုံးသတ်လိုက်ပါတယ်။

(၂၀၁၁၊ အောက်တိုဘာ၊ ၅ ရက်နေ့မှာတော့ Apple ရဲ့ တည်ထောင်သူ စတီဗ်ဂျော့ ကွယ်လွန်သွားပြီဖြစ်ကြောင်း Apple ကုမ္ပဏီက ထုတ်ပြန် ကြေညာခဲ့ပါတယ်။ ။)

နိုင်ရဲကျော်

(၇ - ၀၂ - ၂၀၁၂)

**Steve Jobs (1955 - 2011)**

**"လူသားဆန်မှုနဲ့ သိပ္ပံပညာရဲ့ကြားမှာ မှော်ဆန်တဲ့ ပေါင်းကူးမှုတစ်ခု အမြဲရှိတယ်။**

**အသစ်ဖန်တီးနေတဲ့ လူတွေကတော့ အများကြီးရှိတာပဲ။**

**အသစ်ဖန်တီးနိုင်တိုင်း ဂုဏ်ထူးထွက်တယ်လို့ ကျွန်တော်တို့ကတော့ မသတ်မှတ်ဘူး။**

**ကျွန်တော်တို့ရဲ့ ဖန်တီးမှုတွေထဲမှာ လူသားတန်ဖိုးတွေ ပါနေဖို့ကသာ အဓိကပါ။"**

pdf creator - Wanna Soe